www.burmeseclassic.com

တံခွန်တိုင်
စာ အုပ် တိုက်

BURMESE CLASSIC

# လက်ညှိုးရွေး

## ကြိုး

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်ဇင်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂၊
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၃၀၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
မတ်လ၊ ၂၀၁၃-ပထမအကြိမ်


- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ...
 များအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်း...

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုး...
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်...
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း အက်စုံဖွံ့ဖြိုး တိုးတက်... တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုး... လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်...
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



# တံခွန်တိုင် စာအုပ်တိုက်

အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂ / ၀၉၄၂၀၁၀၉၆၇၈

www.burmeseclassic.com

www.burmeseclassic.com



လင်းညို့သွေး

# ကြိုး

www.burmeseclassic.com

www.burmeseclassic.com

ဖတ်ဝင်ခန်းများအတွက် ဒီမိုကရက်တစ်မြန်မာ့ရုပ်သံဌာနမှ
Reporter (Burma Web Team) and Sign Language Interpreter,
Interpress ကိုလှူငယ်၏ သရုပ်ဖော် တင်ဆက်ပြသမှု။

www.burmeseclassic.com

www.burmeseclassic.com





ပုံ-၁



ပုံ-၂







ပုံ-၃



ပုံ-၄



www.burmeseclassic.com

www.burmeseclassic.com





ပုံ-၅(က)




ပုံ-၅(ခ)







ပုံ-၆



ပုံ-၇(က)




www.burmeseclassic.com

www.burmeseclassic.com





ပုံ-၇(ခ)



ပုံ-၈(က)







ပုံ-၈(ခ)



ပုံ-၉



www.burmeseclassic.com

www.burmeseclassic.com





ပုံ-၁၀(က)



ပုံ-၁၀(ခ)



ကြိုး လင်းညို့သွေး



ပုံ-၁၁



ပုံ-၁၂



www.burmeseclassic.com

www.burmeseclassic.com



ပုံ-၁။ ချစ်တယ်

ပုံ-၂။ အရမ်းချစ်တယ် (မှတ်ချက်-မျက်နှာမှာ ခံစားမှု အားပြင်းရမည်)

ပုံ-၃။ လွမ်းတယ်

ပုံ-၄။ အရမ်းလွမ်းတယ် (မှတ်ချက်-မျက်နှာမှာ ခံစားမှု အားပြင်းရမည်)

ပုံ-၅ (က) + ၅(ခ)။ ကျေးဇူးတင်ပါတယ် (ပုံ-၅ (က)ကဲ့သို့ ပြုလုပ်ပြီး နောက် ပုံ-၅(ခ) လှုပ်ရှားမှုအတိုင်း လက်နှစ်ချောင်းပူးပြီး ခေါင်းကနေ ရှေ့ကိုတိုးလိုက်ရမည်)

ပုံ-၆။ အောင်မြင်တယ် (လက်မထောင်ထားသောလက်ကို အောက်မှ အထက်သို့ တက်လိုက်ရမည်)

ပုံ-၇(က) + ၇(ခ)။ ပျော်တယ် (ပုံ-၇(က) ကဲ့သို့ ပြုလုပ်ပြီးနောက် ပုံ-၇(ခ) လှုပ်ရှားမှုအတိုင်း လက်ကို ကွေးသိမ်းလိုက်ရမည်)

ပုံ-၈(က) + ၈(ခ)။ ကယ်ပါ လာကယ်ပါ (ပုံ-၈(က)ကဲ့သို့ ပြုလုပ်ပြီး နောက် ပုံ-၈(ခ)လှုပ်ရှားမှုအတိုင်း လက်ကိုရှည်ရှည်ထားပြီး ကွေးသိမ်း လိုက်ရမည်)

ပုံ-၉။ အခု (လက်ညှိုးကို အောက်ကို ဖြည်းဖြည်းချရမည်)

ပုံ-၁၀(က) + ၁၀(ခ)။ ည (ပုံ-၁၀(က)ကဲ့သို့ ပြုလုပ်ပြီးနောက် ပုံ-၁၀(ခ) လှုပ်ရှားမှုအတိုင်း လက်ကို နောက်သို့ ဆုတ်လိုက်ရမည်)


ပုံ-၁၁။ ကြောက်တယ်

ပုံ-၁၂။ အရမ်းကြောက်တယ်





help



- သင် ပျော်ရွှင်နေချိန်တွင် ပူဆွေးငိုကြွေးနေသူတွေရှိကြောင်း သတိရပါလေ။

- သင် စားသောက်နေချိန်တွင် ဆာလောင်ငတ်မွတ်နေသူတွေရှိကြောင်း သတိရပါလေ။

- သင် သစ်လွင်လှပသော အဝတ်တန်ဆာများ ဝတ်ဆင်ထားချိန်တွင် ဟောင်းနွမ်းသော အဝတ်အထည်ကိုပင် လုံခြုံစွာ မဝတ်ဆင်နိုင်သော ခန္ဓာကိုယ်များရှိကြောင်း သတိရပါလေ။

- သင် အမိုးအကာအောက်မှာ နွေးထွေးလုံခြုံဘေးကင်းစွာ နေထိုင်ချိန်တွင် ခိုလှုံစရာမရှိ၍ သဘာဝတရားကြီး၏ ချမ်းပူအေးစက် နှိပ်စက်မှုတို့ကို ခံစားနေရသူတွေရှိကြောင်း သတိရပါလေ။



www.burmeseclassic.com

www.burmeseclassic.com



- သင် ရောဂါဘယ ကင်းရှင်းစွာ ပျိုမျစ်နုနယ်စွာ ကိုယ်လက်အင်္ဂါ စုံလင်စွာ မြင်နိုင်ကြားနိုင် ပြောဆိုလှုပ်ရှားသွားလာနေနိုင်ချိန် တွင် ရောဂါဝေဒနာ ဖိစီးခံစားနေရသူတွေ၊ ကိုယ်လက်အင်္ဂါ မစုံ လင် မသန်စွမ်းသူတွေ၊ မြင်ခြင်းကြားခြင်း ချို့တဲ့သူ၊ နှုတ်ထွက် စကား မပြောဆိုနိုင်သူ၊ လှုပ်ရှားသွားလာခြင်း မပြုနိုင်သူတွေနှင့် အိုမင်းမစွမ်း သက်ကြီးရွယ်အိုများ မိဘမဲ့ကလေးငယ်များ ရှိကြောင်း သတိရပါလေ။

- သင် စာပေများ ဖတ်မှတ်နေချိန်၊ ခေတ်မီနည်းပညာများ အသုံး ပြုနေချိန်တွင် အက္ခရာ ဂဏန်းသင်္ချာတို့ကို နကန်းတစ်လုံးမျှ မသိရှိသူတွေရှိကြောင်း သတိရပါလေ။





# (နိဒါန်း)

ကြိုး. . . ကြိုးတွေ. . .။

သွေးသောက်နွယ်ရှင်တွေလို ကြိုးမျှင်တွေက သူမခန္ဓာကိုယ်ကို ရစ်ပတ်ထိုးဖောက်လာသည်။ ဘာလဲ မိဘမေတ္တာတရား. . .။ ဘယ်မှာလဲ အကြင်နာဆိုတာ. . .။ မိဘဆိုတာ တစ်ချိန်တုန်းက သားသမီးပဲ မဟုတ်လား. . .။ ဘာလို့ စာနာမှု မပေးနိုင်ရတာလဲ. . .။

"ဒိဋ္ဌမ"

ဖြန်းခနဲ. . .။ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် သူမပါးစောင်အတွင်းသားတို့ ကွဲအက်သွားသည်။ လုပ်လေ . . .။ ရိုက်လေ . . .။ ခင်ဗျားတို့ဟာ စိတ်သတ်သမားတွေ။ စိတ်တွေကို အမဲဖျက်တာ ခင်ဗျားတို့ပဲ။ လူတစ်ယောက်ရဲ့ ဘဝဆိုတာ အလွယ်တကူ ဈေးမှာ မီးရှို့ပစ်လို့ရတဲ့ စက္ကူရုပ် မဟုတ်ဘူး။ အဲ့ဒါ ခင်ဗျားတို့ ငွေပင်ဖောက် ဦးနှောက်ကြီးတွေ တွေးမိရဲ့လား။

"မိဘဆိုတာ တစ်ချိန်က သားသမီးဖြစ်ခဲ့လို့ပဲ ကိုယ်မိဘပြန်ဖြစ် ချိန်မှာ ကိုယ့်သားသမီးတွေကို မဖြစ်သင့်တာ မဖြစ်စေဖို့ ဆုံးမ တာ"



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ဆုံးမတာ။ ဟား ဟား . . .။ ငါတို့တုန်းက လုပ်ချင်တာ လုပ်ခဲ့တယ်။ နင်တို့ မလုပ်နဲ့။ အဲဒါ မကောင်းဘူး။ ဒါပဲမို့လား။ ကိုယ်လုပ်ချင်တာ လုပ်လို့ဝတော့ ဒါမျိုးပြောမှာပေါ့။ ရိုးနေပြီ။ ကောင်းတယ် မကောင်းဘူး၊ ဖြစ်သင့်တယ် မဖြစ်သင့်ဘူးဆိုတာ ဘာနဲ့ ခွဲခြားသတ်မှတ်တာလဲ. . .။ ပြောစမ်းပါဦး။

သားသမီးဆိုတာ လိုချင်လို့ မွေးဖွားလာတာကော ဟုတ်ရဲ့လား။ သွေးသားသောင်းကျန်းမှုရဲ့ ရလဒ်ကော မဖြစ်နိုင်ဘူးလား။ တိုးတက်ကောင်းမွန်စေဖို့ဆိုတဲ့ စကားလုံးလှလှလေးတွေနဲ့ တံဆိပ်ကပ်၊ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်စေဖို့၊ လိုရာပုံသွင်းယူဖို့ တယုတယ ပြုစုခဲ့တာလား။ တိုးတက်ကောင်းမွန်မှုဆိုတာကကော ဘာလဲ။ ဘယ်ပေတံနဲ့ တိုင်းတာတာလဲ။ ကိုယ်ပိုင်ဆန္ဒတွေ ကွယ်ပျောက်ပြီး စက်ရုပ်တစ်ရုပ်လို သံပတ်နဲ့ လည်ပတ်နေရတာ မိဘမေတ္တာတရားလား. . .။

"မိဘကိုတောင် ပြန်စော်ကားတဲ့ ဒီဒိဋ္ဌိမကို ကြိုးတွေနဲ့ အထပ်ထပ်တုပ်စမ်း၊ ပြီးရင် သူနဲ့ထိုက်တန်တဲ့နေရာပို့မယ်"

ကြိုးတွေ. . . ရစ်ပတ်မှု ပိုမိုတင်းကြပ်လာတဲ့ကြိုးတွေ။ အသက်ရှူပင် ခက်ခဲစွာ ရပ်စဲချင်လာ၏။ ခွေးသေကောင်ပုပ်လို တရွတ်တိုက် ဆွဲခေါ်မှုတွေ. . .။ သက်ညှာမှု ကင်းမဲ့လိုက်တာ. . .။

"တောက်. . . "

ငါဟာ သိပ်တန်ဖိုးမဲ့နေပြီလား. . .။ တန်ဖိုးဆိုတာကကော ဘာကြီးလဲ. . .။

"နင် ဘုရားတရားသာ တပေတော့"

ဘာလို့ တရမှာလဲ. . .။ ရှိနေလို့ တရမှာလား။ ဘာလဲ ဘာသာတရား။ ဘာသာတရားဆိုတာ နည်းစနစ်ကျင့်ဝတ်တစ်ခုပဲ။ လိုက်နာရင် လိုက်နာမယ်. . . မလိုက်နာချင်ရင် မလိုက်နာဘူးပေါ့။

အတင်းကြီးတွေ စွတ်မခိုင်းစေပါနဲ့. . .။ စိတ်မပါရင် လိပ်ပြာဆိုတာ မစင်ကြယ်ဘူးရှင့်. . .။ စိတ်ပါတိုင်းလည်း စင်ကြယ်ချင်မှ စင်ကြယ်တာပါကွာ။ ဒါနဲ့ လိပ်ပြာဆိုတာ ဘာလဲဟင်။





"ဝုန်း" ခနဲ. . .။

သူမခန္ဓာကိုယ် တစ်စုံတစ်ရာပေါ် ခပ်ကြမ်းကြမ်း တွန်းဆောင့်ပစ်တင်ခံလိုက်ရသည်။ သူမမျက်ဝန်းမှာ သောကမျက်ရည်စက်တွေ။ သွားစွယ်ဖြူချွန်ချွန်လေးတွေ ကိုက်ဖောက်မှုနှင့် ရိုက်ချက်တို့ကြောင့် နှုတ်ခမ်းသား ပြည့်ပြည့်ဖူးဖူးလေးမှာ စိုစိုရဲရဲ သွေးစတို့ ယိုစိမ့်လျက်။

သူမ ခေါင်းကို ဘယ်ညာရမ်းခါနေသည်။ နက်မှောင်သော ကပိုကယို ဆံနွယ်ရှည်မျှင်တွေက သူမမျက်နှာပြင်နှင့် ကိုယ်ခန္ဓာ အထက်ပိုင်းတလျှောက် ကျယ်ပြန့်စွာ အုပ်လွှမ်းရှုပ်ထွေးနေချေ၏။

"ကိုကိုရေ. . . "

မီးခိုးငွေ့တွေ တလူလူ. . .။ ဓမ္မတေးသံတွေ နားထဲမှာ ကြားနေရသည်။ ကြောက်လန့်တကြား မျက်ဝန်းကို မှိတ်ပစ်လိုက်လေတော့ မျက်နှာတည့်တည့်ဆီ ပြေးဝင်လာတာ ဆေးထိုးအပ်တစ်ချောင်း. . .။

လက်ယာလက်မှာ ဆုပ်ကိုင်ထားသော ဆေးထိုးအပ်သည် လက်ဝဲလက်ဖျံ သွေးကြောတလျှောက် စူးနစ်ဝင်ရောက်သွားသည်။ အရသာရှိလိုက်တာ။

ဟင်. . . ထိုလက်ဖျံမှာ မွေးညင်းစိမ်းစိမ်းလေးတွေပါလား. . .။

"အား:::::::"

အခေါင်ကိုခြစ်၍ ဝမ်းခေါင်းသံဖြင့် သူမ အော်ဟစ်ပစ်လိုက်၏။ အပ်တစ်စင်းက သူမ အသားတစ်နေရာမှာ စိုက်ဝင်နေချေပြီ။ ရုန်းသည်မရ. . .။ လူးသော်လည်း လွတ်မြောက်မှုသည် ဖြစ်မလာ။ ချုပ်နှောင်မှုတွေက ဆိုးရွားလိုက်တာ။

အိပ်ချင်လာပြီ. . .။ အိပ်တော့မယ်. . .။ နာကျင်မောပန်းနေခဲ့ပြီပဲ။ ဘယ်မှာ အိပ်ရမှာလဲ. . .။

အိပ်မက်ထဲမှာ သူမဆံပင်ရှည်တွေကို ကြွက်တွေကိုက်နေ၏။ ဒါ အိပ်မက်လား တကယ်လား. . .။ အိပ်ပျော်နေတာလား. . . နိုးထနေတာလား။ နေရထိုင်ရတာ အေးစက်စက်နှင့်။ ငါ ကြွက်တွင်းတစ်ခုထဲ ရောက်နေတာများလား. . .။

တိမ်တွေပေါ်မှာ တစ်ယောက်တည်း လမ်းလျှောက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖော်မပါ။ သူ သူ ဘယ်မှာလဲ။ ရှာသည်။ လိုက်ရှာသည်။ မတွေ့။ ရှာဖွေရင်း မောလာသည်။ ညောင်းလာသည်။ ရေငတ်လာ၏။ ရေ. . . ရေပေးပါ။

ဟင်. . . ဟိုရှေ့မှာ. . . သူ. . .။ ကိုကိုရေ. . .။ အော်ခေါ်သည်။ မကြား . . .။ နီးနီးလေး ကပ်ခေါ်နေတာ ဘာလို့ မကြားတာလဲ။ ပြေးသွားဖို့ ကြိုးစားလိုက်သည်။

ရုတ်တရက် ကြားမှာ ချောက်ကမ်းပါးကြီးတစ်ခု ဖြစ်ပေါ်လာ၏။

"ဒိဋ္ဌိမ"

နောက်မှ ဆူညံသော အသံတွေ။ ဓားကြီးတွေ တဝင့်ဝင့်နှင့် ပြေးလာနေကြသည်။ ငါ့ကို အမဲလိုဖျက်တော့မယ်။ ပြေး. . . ပြေးစမ်း။ ငါ့သွေးဟာ နင်တို့ ယစ်ပူဇော်ဖို့ မဟုတ်ဘူး. . .။

ပြေးသည်. . .။ အားသွန်ခွန်စိုက် ပြေးသည်။ ပြေးနေရင်းမှ ဝဲဝယက်ထပြီး တိမ်တွေ ပြိုပျက်သွားသည်။ သွက်လက်စွာ လှုပ်ရှားနေသော ခြေထောက်အစုံသည် အပေါက်ကျဲကြီးက တိမ်တွေပေါ်မှ အောက်သို့ တရှိန်ထိုး ပြုတ်ကျသွားလေသည်။

အေးခနဲ. . .။ အိုး ဟိုး. . . မိုးရွာတာလား. . .။

ဟင် . . .။

ဒါ ဒါ ဘယ်နေရာလဲ။ ရောက်ရှိနေတာက ကမ္ဘာသစ် တစ်ခုဆီ။ ငါ အသက်ဆက်ရှင်နေသေးတာလား။ ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ်က ဘာလဲ။ ငါ ဘာဆက်လုပ်ရမှာလဲ။

ငါဆိုတာ သူ့အချစ်နဲ့ သံပတ်ပေးမှ အလုပ်လုပ်တဲ့ စက်ရုပ်။ အခုတော့. . . အခုတော့. . .။

ကိုကိုရေ. . . ဒိဋ္ဌိမလေးအတွက် ကိုးကွယ်ရာ ပျောက်ဆုံးခဲ့ပြီပဲလေ။





အမှောင်ထဲက လက်တစ်စုံဟာ အတောက်ပဆုံး
မီးအိမ်လေးတွေ
ထွန်းညှိပေးချင်ခဲ့တယ်။
ဒါဟာ မီးအိမ်လေးတွေ လင်းလက်လာစေလိုတာလား။
အမှောင်ထုကို ချုပ်ငြိမ်းကွယ်ပျောက်သွားစေလိုတာလား။
သူ့ရဲ့ အာသီသဆန္ဒကို ဖြေဖျောက်လိုခြင်းပေပဲလား။




www.burmeseclassic.com

www.burmeseclassic.com



# play



## (ပုံပြင် - က)

ဗီယက်နမ်နဲ့ စစ်ပွဲပြီးတော့ အမေရိကန်စစ်သားတစ်ဦးဟာ ဆန်ဖရန်စစ္စကိုကနေ မိဘအိမ်ကို ဖုန်းဆက်ပါတယ်။

"ဖေဖေနဲ့မေမေ သားပြန်လာပြီ၊ သားနဲ့အတူ သူငယ်ချင်းတစ်ယောက်လည်း ပါခဲ့တယ်၊ သူ့ကိုလည်း အိမ်ခေါ်ခဲ့မယ်နော်" လို့ ပြောတော့ မိဘတွေက ခေါ်ခဲ့ဖို့ သဘောတူလိုက်တယ်။ အဲဒီမှာ စစ်သားက ဆက်ပြီးပြောပါတယ်။

"ဒါပေမယ့် သားသူငယ်ချင်းအကြောင်း ကြိုပြောထားချင်တယ်။ စစ်ပွဲမှာ သူ အကြီးအကျယ် ဒဏ်ရာရခဲ့တယ်။ လက်မောင်းတစ်ဖက်နဲ့ ခြေတစ်ဖက် ဖြတ်လိုက်ရတယ်။ သူ့မှာ သွားစရာ၊ နေရာ မရှိလို့ သားနဲ့အတူ လိုက်နေမှာပါ"

"ဝမ်းနည်းပါတယ် သား၊ သူ့အတွက် တခြားနေရာမှာနေဖို့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ စီစဉ်ပေးလို့ရတယ်လေ"

"မဟုတ်ဘူး ဖေဖေ၊ သူ့ကို သားနဲ့ပဲ အတူနေစေချင်တာပါ"

"သား ဘာတွေပြောနေသလဲဆိုတာ သားကိုယ်သား သိလားနားလည်ရဲ့လား၊ ဒီလို ဒုက္ခိတတစ်ယောက်က ဖေဖေတို့နဲ့ အတူနေရင် ဖေဖေတို့ကို တာဝန်ပိုစေတယ်ကွ၊ ဖေဖေတို့လည်း စားဝတ်နေရေးအတွက် ရှုန်းကန်ရဦးမယ်၊ သူ့ကြောင့် ဝန်ပိုတွေ မဖြစ်စေချင်ဘူး၊ သားအရင်ပြန်လာခဲ့၊ နောက်ပြီး သူ့ကိုမေ့လိုက်၊ သူလမ်းသူသွားလိမ့်မယ်"

ဖခင်ဖြစ်သူစကားကြားတော့ စစ်သားလေးဟာ စိတ်မကောင်းဖြစ်ပြီး ဖုန်းချလိုက်တယ်။ အဲဒီနောက်မှာ သူ့ရဲ့သတင်း အစ၊ အနကို မရတော့ပါဘူး။

ရက်အနည်းငယ်ကြာတော့ ဆန်ဖရန်စစ္စကို ရဲစခန်းကနေ မိဘဖြစ်သူတွေထံ ဖုန်းဆက်တယ်။ သတင်းက သူတို့သားလေး တိုက်ပေါ်ကနေ ခုန်ချပြီး အဆုံးစီရင်သွားတဲ့အကြောင်းပါ။ လူသတ်မှု မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတယ်လို့ ရဲတွေက ကောက်ချက်ချပါတယ်။

မိဘတွေဟာ ကြေကွဲဝမ်းနည်းစွာ ဆန်ဖရန်စစ္စကိုကို လိုက်သွားခဲ့တယ်။ သားဖြစ်သူရဲ့ ရုပ်အလောင်းကို တွေ့တဲ့အခါမှာတော့ လက်မောင်းတစ်ဖက်နဲ့ ခြေတစ်ဖက် မရှိတာကို သူတို့ ယုံကြုံးမရစွာ တွေ့သိလိုက်ရပါတော့တယ်။





# အခန်း (၁)

"အရမ်းချစ်ဖို့ကောင်းတဲ့ ကလေးလေးတွေ ရှိကြတယ်တဲ့"

ဟေးခနဲ အော်သံသာသာလေးတွေ ကျေနပ်နှစ်သက်ဟန်ဖြင့် ထွက်ပေါ်လာကြသည်။ ကြိုးရင်မှာ ပီတိတွေ လှိုက်ခနဲ ဝေဖြာစွာ။

"တစ်နေ့မှာ အဲဒီကလေးလေးတွေရှိရာကို တန်ခိုးရှိတဲ့အဖွဲ့တစ်ဖွဲ့ရောက်လာပြီး အဲဒီအဖွဲ့ထဲက တန်ခိုးရှင်တစ်ယောက်က ကလေးလေးတွေကို ပုံပြင်လေးတစ်ပုဒ်ပြောဆိုရင်း တန်ခိုးတွေ ပေးခဲ့တယ်တဲ့။ ပုံပြင်လေးရဲ့ အမည်က "အကြွေစေ့နှစ်စေ့ပုံပြင်" ပါတဲ့ခင်ဗျာ"

ယနေ့ ကျောင်းသူကျောင်းသားတွေကို စာမသင်ဘူးဟု ဆရာတော်မှ မိန့်ကြားသဖြင့် စာသင်ဆောင်ထဲရှိ ကလေးငယ်တွေထံ ကြိုး ရောက်လာပြီး ယခုလို ပုံပြင်ပြောပြနေတာဖြစ်ပါသည်။

"အဲဒီပုံပြင်လေးကို အပြုံးဖြင့် နားထောင်သူတွေဟာ လူချစ်လူခင်များခြင်းဆိုတဲ့ တန်ခိုးကို ရရှိမှာဖြစ်ပြီး အလေးအနက် အာရုံစူးစိုက်နားထောင်သူတွေကတော့ မှတ်ဉာဏ်စွမ်းရည် ထူးချွန်ခြင်းဆိုတဲ့ တန်ခိုးကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်"

တချို့က မျက်နှာကလေးတွေ ပြုံးရွှင်ထားကြပြီး၊ တချို့က မျက်မှောင်ကလေးတွေကြုတ်ကာ အာရုံစူးစိုက်ထားကြတာ တွေ့ရ၏။ စာသင်ဆောင်နောက်ဘက်ခြမ်းထောင့်တစ်နေရာတွင်တော့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ငယ်တစ်စု စုရုံးစုရုံး ဖြစ်နေကြဆဲ။ ခဏအကြာမှာ သူတို့လေးတွေလည်း ငြိမ်သွားကြပါသည်။

"၁၉၅၅ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့မှာ ဘရာဇီးနိုင်ငံ Pernambuco ပြည်နယ်က ရွာကလေးတစ်ရွာမှာရှိတဲ့ လယ်သမားမိသားစုတစ်စုကနေ ကောင်လေးတစ်ယောက် မွေးဖွားလာခဲ့တယ်၊ အဲဒီမိသားစုဟာ ဆင်းရဲလွန်းတာကြောင့် ကောင်လေးဟာ ၄-နှစ်သားအရွယ်ကတည်းက လမ်းပေါ်မှာ မြေပဲဆံလိုက်ရောင်းခဲ့ရတယ်၊ ဒါတောင် အစားနပ်မှန်မှန် သူ မစားခဲ့ရသလို အဝတ်အထည်လုံလုံလောက်လောက်လည်း မဝတ်ဆင်ခဲ့ရဘူး"

ခစ်ခနဲ ရယ်သံဖွဖွကို ကြိုးနားစည်ဝမှ ကြားသိလိုက်ရသလိုလို။ စိတ်ကို သတိဖြင့်လွှဲ၍ အသိကို ပြောလက်စ,စကားပေါ် ပြန်မျှောတင်လိုက်ပါသည်။

"ကျောင်းစတက်တဲ့အရွယ်မှာ ကောင်လေးဟာ ကျောင်းအားလပ်ချိန်တိုင်း အဖော်သူငယ်ချင်းနှစ်ယောက်နဲ့ ဖိနပ်လိုက်တိုက်ခဲ့တယ်။ တကယ်လို့ ဖိနပ်တိုက်သူမရှိရင် သူတို့ ဗိုက်ငတ်ရပါတယ်။

ကောင်လေး ၁၂နှစ်အရွယ် တစ်ညမှာ ပင်မင်းဆိုင်သူဌေး တစ်ဦး ဖိနပ်လာတိုက်တယ်။ ကောင်လေးနဲ့အဖော်နှစ်ယောက်ဟာ သူထက်ငါ ဖိနပ်တိုက်ရဖို့အတွက် သူဌေးဆီ ဝိုင်းအုံသွားခဲ့ကြတယ်။ ကောင်လေးသုံးယောက်ရဲ့ တောင့်တနေတဲ့ မျက်ဝန်းအစုံကိုကြည့်ပြီး သူဌေးဆုံးဖြတ်ရခက်သွားတယ်။ နောက်ဆုံး သူဌေးက အကြွေစေ့နှစ်စေ့ထုတ်ပြီး "ဖိနပ်တိုက်ခ ၂-ကျပ်ပေးမယ်။ ဘယ်သူ ငါ့ဖိနပ်တိုက်ပေးမလဲ။ ဘယ်သူပိုက်ဆံပိုလိုချင်သလဲ" လို့ မေးပါတယ်။

အဲဒီတုန်းက ဖိနပ်တစ်ခါတိုက်မှ ပြား ၂၀ ရတာပါ။ ယခု ၁၀ဆလောက်ရမယ့်ပိုက်ဆံဟာ မိုးပေါ်ကကျလာတဲ့ မုန့်တွေလိုပဲ ကောင်လေးသုံးယောက်ရဲ့ မျက်ဝန်းတွေကို အရောင်လက်သွားစေခဲ့ပါတယ်။

အဖော်ကောင်လေးတစ်ယောက်ကတော့. . .





"ကျွန်တော် မနက်တည်းက အစာမစားရသေးပါဘူး၊ စားဖို့ပိုက်ဆံသာ ထပ်မရခဲ့ရင် ကျွန်တော် ဆာပြီးသေသွားပါလိမ့်မယ်"

လို့ ပြောတယ်။

နောက်အဖော်ကောင်လေးတစ်ယောက်ကတော့. . .

"ကျွန်တော်တို့အိမ်မှာ အစာပြတ်နေတာ ၃-ရက်ရှိသွားပါပြီ၊ အမေကလည်း နေမကောင်းဘူး၊ အိမ်အတွက် ကျွန်တော် စားစရာဝယ်ပြန်ပေးရမယ်၊ ဒီလိုမှမဟုတ်ရင် ညအိမ်ပြန်ရောက်ရင် ကျွန်တော် အရိုက်ခံရတော့မယ်"

လို့ ငိုမဲ့မဲ့မျက်နှာနဲ့ဆိုပါတယ်။

နောက်ဆုံးကျန်နေတဲ့ကောင်လေးကတော့ သူဌေးလက်ထဲက ပိုက်ဆံနှစ်ကျပ်ကိုကြည့်ပြီး ခဏလောက်စဉ်းစားတယ်။ ပြီးမှ. . .

"တကယ်လို့ ဒီပိုက်ဆံနှစ်ကျပ်ကို ကျွန်တော်ရခဲ့မယ်ဆိုရင် သူတို့နှစ်ယောက်ကို တစ်ယောက်တစ်ကျပ်စီ ပေးလိုက်မယ်"

လို့ ပြောတယ်။ ကောင်လေးရဲ့အပြောကိုကြားတော့ သူဌေးကြီးနဲ့ ကျန်အဖော်နှစ်ယောက်ပါ အံ့အားသင့်သွားကြတာပေါ့။

"သူတို့က ကျွန်တော့်ရဲ့ အကောင်းဆုံးသူငယ်ချင်းတွေပါ။ သူတို့ တကယ် ဆာနေကြတာပါ၊ ကျွန်တော်ကတော့ နေ့လည်တုန်းက မြေပဲဆံလေး နည်းနည်းစားထားရတော့ ဖိနပ်တိုက်ဖို့ အားရှိနေပါသေးတယ်၊ သူဌေးရဲ့ဖိနပ်ကို ကျွန်တော်တိုက်ပါရစေ၊ သူဌေး ကျေနပ်စေရပါမယ်"

လို့ ကောင်လေးက ဆက်ပြောပါတယ်။

ကောင်လေးစကားကြောင့် သူဌေးခံစားသွားရတယ်။ ကောင်လေးကို သူ ဖိနပ်တိုက်စေခဲ့ပြီး ငွေနှစ်ကျပ်ကို ပေးလိုက်တယ်။ ကောင်လေးက ဘာမှမပြောဘဲ ငွေနှစ်ကျပ်ကိုယူပြီး သူ့အဖော်နှစ်ယောက်ကို ချက်ချင်းခွဲဝေပေးလိုက်ပါတယ်"

အခြေအနေကို အကဲခတ်ရင်းမှ ကြိုး စကားဆက်သည်။

"ရက်အနည်းငယ်ကြာတော့ သူဌေးက ကောင်လေးကိုရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအားလပ်ချိန်တိုင်း သူ့ပင်မင်းဆိုင်မှာ အလုပ်လုပ်စေခဲ့တယ်။ ညစာထမင်းပါ ကျွေးခဲ့တယ်။ လုပ်အားခနည်းပေမယ့် ဖိနပ်လိုက်တိုက်တာနဲ့ စာရင်တော့ ပိုအဆင်ပြေခဲ့ပါတယ်။

ဒါဟာ ကိုယ့်ထက်ပိုနွမ်းပါးကြပ်တည်းသူတွေကို ကူညီခဲ့လို့ ရလာတဲ့အခွင့်အရေးဆိုတာကို ကောင်လေးသိတယ်။ ဒါကြောင့် နောက်နောင်တွေမှာ အခက်အခဲရှိသူတွေကို တွေ့တိုင်း သူ တတ်စွမ်းသလောက် ကူညီခဲ့ပါတယ်။

နောက်တော့ ကောင်လေးဟာ ကျောင်းရပ်နားပြီး အလုပ်ရုံမှာ အလုပ်သမားဝင်လုပ်ခဲ့တယ်။ အလုပ်သမားတွေ အလုပ်သမား အခွင့်အရေးရဖို့ သူတောင်းဆိုခဲ့တယ်။ အသက် ၂၁ မှာ အလုပ်သမားအသင်းထဲ သူ ဝင်ခဲ့တယ်။ အသက် ၄၅နှစ်မှာ အလုပ်သမားပါတီကို သူ တည်ထောင်ခဲ့တယ်။

၂၀၀၂ ခုနှစ်အောက်တိုဘာလမှာ "ဒီနိုင်ငံမှာရှိတဲ့ လူတွေအားလုံး တစ်နေ့ကို ထမင်းသုံးနပ်မှန်မှန်စားစေရမယ်" ဆိုပြီး သူ ရွေးကောက်ပွဲဝင်ခဲ့တယ်။ ပြည်သူအများရဲ့ အားပေးထောက်ခံမှုကို သူ ရရှိခဲ့ပြီး ဘရားဇီးနိုင်ငံရဲ့ ၃၅ ဦးမြောက်သမ္မတဖြစ်လာခဲ့တယ်။ သူဟာ ဘရာဇီးသမိုင်းမှာ ပထမဦးဆုံး အလုပ်သမားကနေ သမ္မတဖြစ်လာသူပါ။ ၂၀၀၆ ခုနှစ်မှာလည်း ဒုတိယအကြိမ် သမ္မတအဖြစ် သူ ဆက်လက် အရွေးခံခဲ့ရပြန်ပါတယ်။

သူ သမ္မတဖြစ်တဲ့ ၈နှစ်အတွင်းမှာ သူပြောခဲ့တဲ့ကတိအတိုင်း လက်တွေ့အကောင်အထည်ဖော်ခဲ့တယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ၉၃ ရာခိုင်နှုန်းသောကလေးငယ်တွေနဲ့ ၈၃ ရာခိုင်နှုန်းသော အရွယ်ရောက်သူတွေကို တစ်နေ့သုံးနပ်မှန်စေခဲ့တယ်။

သူ့ရဲ့ ဦးဆောင်မှုအောက်မှာ ဘရာဇီးနိုင်ငံကို 'မြက်စားတဲ့ ဒိုင်နိုဆော'ဘဝကနေ 'အမေရိကားတိုက်ရဲ့ ခြသေ့်'အဖြစ် တစ်ကမ္ဘာလုံးရဲ့ (၁၀)နိုင်ငံမြောက် စီးပွားရေးနိုင်ငံကြီး ဖြစ်စေခဲ့တယ်။

သူကတော့ တခြားလူမဟုတ်ပါဘူး။ ၂၀၁၀ နှစ်ကုန်ပိုင်းမှာ





သမ္မတအဖြစ်က တာဝန်ရပ်နားခဲ့တဲ့ ဘရာဇီးသမ္မတဟောင်း Luiz Inacio Lula da Silva ပဲ ဖြစ်ပါတယ်"

အခြေအနေသည် ငြိမ်သက်နေဆဲ။ ကလေးငယ်တွေ၏ မျက်ဝန်းလေးတွေက ကြိုးထံမှာသာ။ အာရုံတို့လည်း ပုံပြင်ထံမှာပဲ နစ်မျောနေပုံရပါ၏။ စိတ်ဝင်စားမှုအရှိန်အဟုန်မကျဆင်းခင် ရပ်နားပေးရမှာက ပုံပြင်ပြောသူတို့၏ ပညာတစ်ရပ်ဖြစ်၏။

"ဒါကြောင့် ဘယ်လိုဘဝ ဘယ်အခြေအနေမျိုးမှာပဲ ဖြစ်နေပါစေ . . . ကိုယ့်ကိုယ်ကို ဘယ်တော့မှ စိတ်မလျှော့နဲ့။ အဲဒီလိုပဲ သူတစ်ပါးကိုလည်း ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့။ လူတိုင်းမှာ အောင်မြင်မှုပန်းတိုင်ဆိုတာ ရှိနေပြီးသားပါ။ အဲဒီပန်းတိုင်ကို အရောက်သွားဖို့ ကြိုးစားရမှာကသာ မိမိတာဝန်ဖြစ်ပါတယ်။"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လွယ်သော ကောင်လေး ငိုချင်နေသည်။

မလတ်ဆတ်တော့သော အဝတ်အထည်နွမ်းနွမ်းကလေးတွေကို ဝတ်ဆင်ထားရသော ကလေးငယ်တွေကို ကြည့်ရှုရင်း ဝဲပြိုကျချင်နေသည့် မျက်ရည်စတွေကို ကြိုးစားထိန်းချုပ်ထားလိုက်ရပါ၏။ ကျောင်းသူကျောင်းသား ကလေးငယ်တွေကို မြင်ပြန်တော့ သူ့ငယ်ဘဝကို သတိရမိကာ ကြိုးရင်မှာ နင့်ခနဲ ဖြစ်ရပြန်ပါသည်။ သူ ငယ်စဉ်က အိမ်တွင်းစီးပွားရေး မပြေလည်မှုကြောင့် အတန်းတစ်ပိုင်းတစ်စနှင့်ရပ်၍ ကျောင်းထွက်အလုပ်လုပ်ခဲ့ရသည်။ ပညာရှင် ပညာတတ်ကြီး ဖြစ်ချင်စိတ်ဖြင့် စွမ်းစွမ်းတမံ ကြိုးစားခဲ့သမျှ အခြေအနေမပေးလို့ အထက်တန်းကျောင်းသားဘဝမှာတင် ရပ်နားကာ ဝမ်းရေးအတွက် စွန့်လွှတ်စတေးခဲ့ရသည်။

ထိုဖြစ်ရပ်က သူ့အတွက် ရင်ကွဲမတတ်ပေ့။

ထို့ကြောင့် ယခုအချိန်မှာ ပရဟိတတွေလုပ်တော့ ချို့တဲ့နွမ်းပါးသော ကလေးငယ်တွေ ပညာရေးအတွက် အဓိကမဏ္ဍိုင်အဖြစ် သူ သတ်မှတ်ခဲ့ခြင်းဖြစ်ပါ၏။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၊ တစ်တိုင်းတစ်ပြည်၊ လူတို့နေရာ ဒီကမ္ဘာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆုတ်ယုတ်ကျဆင်းမှုတွေကို ပြုပြင်ဖာထေး တားဆီးနိုင်ဖို့အတွက်က ပညာသာလျှင် အဓိကအုတ်မြစ်ဖြစ်ပါသည်။ အများအကျိုးသယ်ပိုးရွက်ဆောင်နိုင်သည့် ပညာရှင် ပညာတတ်ကြီး မဖြစ်လျှင်တောင် လူသားတစ်ယောက်အဖို့ လူ့ဘဝတွင် ကျင်လည်နေထိုင်မည်ဆိုပါလျှင် ပေါင်း နှုတ် မြှောက် စား နားလည်ဖို့နှင့် သေစာရှင်စာ ဖတ်တတ်ဖို့လောက်တော့ အလွန်ပဲ အရေးကြီးလိုအပ်သည် မဟုတ်လား။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ကြိုး အားမရ။ လက်တွေ့ အားနည်းနေသလို ခံစားရသည်။ ကာယလေ့ကျင့်မှုကိုလည်း သိပ်အလေးမထား။ ကိုယ်ကာယလေ့ကျင့်ခြင်းက ကိုယ်ခန္ဓာသန်စွမ်းကြံ့ခိုင်ရေး





အတွက်သာမဟုတ်ဘဲ ဦးနှောက်ဖွံ့ဖြိုးလန်းဆန်း၍ စိတ်ဓာတ်ခိုင်မာမှုကိုပါ အထောက်အကူပြုသည်။ အခြေခံပညာကျောင်းတွေမှာ ပိုလို့သာ လိုအပ်သေးသည်။ အင်မတန်နည်းလွန်းသည့် ကာယချိန်ဆိုတာတွင်လည်း ဖိဖိစီးစီးမရှိ။ မြန်မာတွေ တစ်နေ့ထက်တစ်နေ့ သေးညှက်လာတာ ထိုအချက်နှင့် အများကြီးသက်ဆိုင်၏။

အရည်အချင်းပြည့်ဝ ဉာဏ်ရည်ထက်မြက်ပြီး ကြံ့ခိုင်မှုနည်းလျက် အသက်တိုနေရင်ကော ကောင်းမလား။

ကျောင်းသားကျောင်းသူတွေ စည်းကမ်းလိုက်နာ အချိန်မှန်ကန်တိကျဖို့ လိုသလို ဆရာ ဆရာမတွေလည်း လိုတာပဲ။ ကျောင်းသားကျောင်းသူတွေကို ဆရာ ဆရာမတွေက ဝေဖန်သလို ဆရာ ဆရာမတွေကလည်း ကျောင်းသားကျောင်းသူတွေ၏ အဝေဖန် အဆန်းစစ်ခံနိုင်ရမည်။ ဆရာ ဆရာမဆိုတာ အနိမ့်ဆုံးအဆင့် ကျောင်းဝင်းအတွင်း၊ စာသင်ခန်းအတွင်းမှာတော့ ကလေးငယ်တွေအတွက် စံပြဖြစ်နေစေဖို့ ဝရုစိုက်သင့်သည်။ ကလေးငယ်တွေကို လက်သည်းနီ၊ နှုတ်ခမ်းနီ မဆိုးဖို့ တားမြစ်ပြီး ကိုယ်တိုင်က လက်သည်းဆေးဆိုး၍ နှုတ်ခမ်းမှာ ပြောင်ပြောင်ရဲရဲဆေးသုတ်ကာ ကျောင်းလာသော ဆရာမတွေ၊ ကလေးငယ်တွေကို ဆေးလိပ်မသောက် ကွမ်းမစား အရက်မသောက်ဖို့ သွန်သင်ပြီး ကျောင်းဝင်းအတွင်းမှာ ဆေးလိပ်သောက် ကွမ်းစား အရက်နံ့သင်းနေသော ဆရာတွေ ကြိုး မြင်ဖူးသည်။

အတုမြင်အတတ်သင်ဆိုသော စကားသည် အကြောင်းမဲ့ဖြစ်ပေါ်လာတာ မဟုတ်။

ကျောင်းမပျော်သူ ကလေးတွေ၊ စာသင်ရမှာကြောက်သော ကလေးတွေ ကြိုး မြင်ဖူးသည်။ ဒါ မိဘ၊ ဆရာတွေနှင့် အများကြီး သက်ဆိုင်၏။ မိဘတွေက ကျောင်းသွားချင်အောင် သွန်သင်တတ်ဖို့ လိုသလို ဆရာတွေကလည်း ကျောင်းမှာ ဆွဲဆောင်တတ်ဖို့ လိုသည်။ ကလေးငယ်တွေ၏ အခြေခံစိတ်ဓာတ်နှင့် ဘဝအား နားလည်သိရှိဖို့ တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်သင့်သည်။ ကျောင်းသွားဆိုပြီး အတင်းတွန်းလွှတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးပဲ မဖြစ်သင့်သလို ကျောင်းရောက်တာနှင့် စာတန်းသင်ဖို့လောက်သာ ဦးတည်ချက်ထားနေလို့ မရ။

ဆွေးနွေးစည်းရုံးမှုသည် အရေးကြီး၏။

သင်ခန်းစာတွေက ပုံသေကျလွန်း၏။ ပြဋ္ဌာန်းချက်စာအုပ်တွေ၏ သင်ရိုးညွှန်းတမ်းများကိုသာ အရကျက်မှတ်ရသော ဓလေ့ထုံးစံ ဖြစ်နေသည်။ ဆရာ ဆရာမတွေကလည်း သင်ရိုးညွှန်းတမ်းကုန်အောင် သင်ကြားဖို့သာ ဦးတည်ချက်ထားကြ၏။ 'သည်' '၏' တစ်လုံးမကျန်မှန်ကန်မှ အမှတ်ပေးတာမျိုးတွေရှိသည်။ ဘာသာရပ်တိုင်း ထိုသို့ မလို။ တိကျဖို့လိုအပ်သည့် အချက်အလက်မှအပ ကျန်တာက သဘောတရားနားလည်ဖို့ ပိုအရေးကြီးသည် ထင်မိ၏။ စာတွေကို အလွတ်အာဂုံဆောင်နိုင်ပေမယ့် သဘောတရား အနှစ်သာရ နားမလည်လျှင် အလကားပဲ မဟုတ်လား။

အစဉ်အလာနှင့် ပတ်သက်လျှင် အဟောင်းကိုစွန့်ပစ်၍ အသစ်ကို ကြိုဆိုလက်ခံဖို့ လူအများ တွန့်ဆုတ်ဝန်လေးတတ်ကြ၏။

တပည့်မကောင်း ဆရာ့ခေါင်းတဲ့။

ဆရာမကောင်းလည်း တပည့်ခေါင်း ထိတာပါပဲ။





ပုံပြင်ကလေးတွေကို ကြိုး ချစ်သည်။ ပုံပြင်ကလေးတွေကပေးသော အတွေးအခေါ်၊ သင်ခန်းစာတွေနှင့် ကြိုးဘဝကို ကြိုး ပြုပြင်ထောင်မတ်ခဲ့၏။ ယခုလို အသက်နှစ်ဆယ်ကျော်စအရွယ်မှာ ကြိုးတစ်ယောက် စာပေတိုက်တစ်ခုထူထောင်ကာ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ ပြုလုပ်နေနိုင်သည်မှာ မိဘတွေ ကျေးဇူးပါဝင်သလို ပုံပြင်လေးတွေကပေးသော တန်ခိုးများကြောင့်လည်း ဖြစ်၏။ စီးပွားရေးအတွက် အလုပ်လုပ်နေချိန်မှာ အားလပ်ချိန်တိုင်း စာဖတ်မပျက်ခဲ့သလို မိသားစုစီးပွားရေး အထိုက်အလျောက် ပြေလည်လာတော့ ကြိုးသည် သင်တန်းတွေတက်၍ ပညာဆက်ရှာခဲ့သည်။ စာအုပ်ထုတ်ဝေရေးတွေလုပ်ရင်း ဝါသနာအရ ကိုယ်တိုင်လည်း စာရေး၏။ ကြိုးကို စာအုပ်ထုတ်ဝေသူတစ်ယောက်ဆိုတာထက် စာရေးဆရာတစ်ယောက်အနေနှင့် ပိုမိုလူသိများပါသည်။

ယနေ့ မှော်ဘီမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တွဲလက်မိသားစုမှ စာသင်ကျောင်းဆောင်တစ်ခု ဆောက်လုပ်လှူဒါန်းမှုအား ရေစက်ချ တရားနာယူမည်။ ပြီးလျှင် ကျောင်းသားကျောင်းသူကလေးငယ်တွေကို ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပြီး အာဟာရကျွေးမွေးမည်။ မကြာမီ တွဲလက်မိသားစုဝင်များ ရောက်လာကြပေတော့မည်။ တစ်ဦးတစ်ယောက်တည်း နေထိုင်ရင်း ရန်ကုန်မှာ အခြေကျစပြုနေပြီဖြစ်သော ကြိုးသည် နယ်ရှိ မိဘရပ်ထံ ခဏသွားရာမှ ပြန်အလာ လမ်းသင့်သဖြင့် မနက်စောစောကတည်းက ဤကျောင်းကို တစ်ဦးတည်း ကြိုတင်ရောက်နှင့်နေခဲ့တာပေါ့။

အိမ်အကြောင်း စိတ်လည်ပြန်တော့လည်း ကြိုးရင်မှာ နင့်ခနဲ၊ ထားလိုက်။ ခုလိုအချိန်မှာ ဒါတွေ ခဏမေ့ထားလိုက်။ လူတွေအမြင်မှာ ကြိုးမျက်နှာကလေးက ပြုံးရွှင်နေပါသည်။

အဲဒါပဲ. . . ကြိုးဆိုတာ. . . အဲ့လို. . .။ တွဲလက်မိသားစုဝင် တစ်ဦးဖြစ်သော အသဲကွဲမိုးက ကြိုးကို ကဗျာတစ်ပုဒ်ရေး၍ လက်ဆောင်ပေးဖူးသည်။ ကဗျာလေးခေါင်းစဉ်က "JOKER" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## "JOKER"

မျက်ဝန်းညိုပြာလေးနဲ့
စူးစူးစိုက်စိုက်ကြည့်တတ်
ရင်ကိုခွင်းသောစကား သူပိုင်ဆိုင်လို့
အချိုသာဆုံး ပြုံးတတ်တယ်
မအား မနား ကြား ပရဟိတ အပြေးကူလို့
နိမ့်ပါးသူကိုဖေးကူတတ်ဲ
မနှေးတဲ့လက် တွဲလက်တွေထဲ မြဲမြဲတတ်တယ်

ဘဝကို အချိန်နဲ့ဆုံး ခွန်အားတွေနဲ့ ရုန်းကန်
အရှုံးဆိုတာ ဂျိုနဲ့လားကွယ့်
မမြင်ယောင်ဆောင်
လက်မမြှောက် ဒူးမထောက်
မဖြစ်ဖြစ်အောင် လက်မ ထောင်ထားတတ်တယ်

အပြင်မှာတောက်တဲ့မီး အတွက်
သူ့ရင်တွင်းက မီးကိုဝှက်လို့
အသာယာဆုံး ငြိမ်းသတ်ပေး
အသွားအပြန်တွေလည်း မလိုချင်တတ်ခဲ့သူ
အမှားအမှန်အတွက်ဆို
ညလုံးပေါက်လည်း ငြင်းခုံရဲတယ်

သူဟာ ဘယ်သူလဲ ဘယ်ဝါလဲ
မပြောပဲလည်း သိနိုင်ခဲ့
မတည်မြဲခြင်းတရားလက်ကိုင်ထားလို့





အများအတွက်ဆို အပြုံးပန်းတွေသာ ပန်ဆင်ထားတတ်သူ
နှိမ့်ချခြင်းတွေနဲ့ လှမ်းလျှောက်နေခဲ့တယ်
တစ်နေ့ ထက် တစ်နေ့ ဆိုတဲ့. . . ပန်းတိုင်တစ်ခုဆီသို့. . .။

ကဗျာလေးကိုဖတ်ပြီး မိုးကို ကြိုး ကျေးဇူးတင်စကားပြောသည်။ သိုရင်သုံး၊ မလိုရင် စွန့်ပယ်ခံ ဂျိုကာဖဲချပ်ကလေးတွေဘဝကို သူ စာနာမြတ်နိုးကြောင်း ဖွင့်ဟ၏။ သို့သော် ကဗျာထဲက ဂျိုကာလေးက သူ့ထက်ပိုချစ်ဖို့ကောင်းနေကြောင်းနှင့် "အရာအားလုံး ခြွင်းချက်မရှိ ကောင်းနေရအောင် ငါဟာ သဘာဝကို လွန်ဆန်ပြီး စင်းလုံးချောပြုလုပ်ဖန်တီးထားတဲ့ ပုံပြင်ဖတ်စာအုပ်ထဲက ဇာတ်ကောင်မှမဟုတ်တာ"ဟူ၍ အပြုံးအပြင့် စောဒကတက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ကောင်းတယ် ကောင်းတယ်၊ ပုံပြင်လေး သိပ်ကောင်းတယ်"

ထိခတ်မှုမြန်သော လက်ခုပ်သံနှင့် အသံသာသာကလေးက တိတ်ဆိတ်မှုအား ဖြိုခွင်းပစ်လိုက်လေသည်။ အဲဒီလက်ခုပ်သံလေးနဲ့ နင်ငါ့ဘဝထဲ စတင်ဝင်ရောက်ခဲ့တာပေါ့။

"ဟဲ့ ကလေးတွေ. . . လက်ခုပ်တီးကြလေ၊ သိပ်ကောင်းတယ်လို့လည်း ပြောပြီး အားပေးလိုက်ကြလေ၊ မဟုတ်ရင် ပုံပြင်ပြောသူ ဆရာကြီး စိတ်အားငယ်သွားမှာပေါ့ဟဲ့"

ကတိုက်ကရိုက်လက်ခုပ်သံလေးတွေ ထွက်ပေါ်လာကြ၏။ သိပ်ကောင်းတယ် သိပ်ကောင်းတယ်ဆိုသော အသံစာစာကလေးများလည်း စီစီညံလျက်။ ကြိုး အနည်းငယ်တော့ အောင့်သက်သက်ဖြစ်သွားရသည်။

အသံသာ ကြားနေရသည်။ လူလုံးက မမြင်ရသေး။ ကြိုး မျက်ဝန်းတွေ ဆော့ကစားပစ်လိုက်လေသည်။

ဟော တွေ့ပြီ။ သစ်သားခုံတန်းလေး၏ဘောင်ကို အောက်မှနေ၍ ဆုပ်ကိုင်လိုက်သည့် လက်တစ်ဖက်။ ရှည်ချွန်သော ထိပ်ခေါင်ဖျားကတာမှာ လိမ္မော်ရောင်တွေ သုတ်လိမ်းခြယ်သထားသော ဆင်စွယ်နှစ်သားနှင့် ကုံကော်ဝတ်ဆံ ရောစပ်ပေါင်းနယ်မွှေထားသကဲ့သို့ အရောင်အဆင်းရှိသည့် လက်ချောင်းဖောင်းဖောင်းလေးတွေ။ နောက် အမွေးစုတ်ဖွား မဟော်ဂနီရောင် အလုံးတစ်လုံး။ သြော် ဦးခေါင်း။ နောက် ဆံနွယ်မျှင်အချို့ ပါးပါးလျလျ ဝေ့ဝဲကျနေသော နဖူးပြင်ဝင်းဝင်းကလေး။ ပြီးသေးသွယ်ထင်ရှားသော မျက်ခုံးတန်းနက်နက်ကလေး။ တစ်ခုချင်းစီ ဖြည်းညှင်းစွာ ပေါ်လွင်မြင့်တက်လာသည်။

အဲသည်နောက် ပေါ်ထွက်လာသော ညိုညိုမှိုင်းမှိုင်း မျက်ဝန်းဝိုင်း





ဝိုင်းကလေးတစ်စုံက ကြိုးကို အချိန်အတော်ကြာ ပြူးပြူးလေး စိုက်ကြည့်လျက်။ ထို့နောက်. . . သနပ်ခါး ပါးကွက်ကြားလေး. . .။ ပြီးသော် ညင်သာစွာလှုပ်ရှားမှုနှင့် ခုံအောက်မှ တိုးထွက်လာသော အချိုးအဆစ် ပြေပြစ်လှပစွာသော ပုံရိပ်ကလေးတစ်ခု။ နွဲ့နှောင်းကျော့ရှင်းစွာ. . .။ အဲဒီမှာ ငါ စငြိတာပဲ။

အို လောက . . . ငါ့နှလုံးသားအား တည်ငြိမ်မှုပေးပါ. . .။

ခရမ်းရောင်။ ကြိုး ယုံကြည်လေးမြတ်သည့် ခရမ်းရောင်။ ခရမ်းရောင် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသော မိန်းမပျိုသည် ကြိုးထံသို့ သွယ်နွဲ့အေးဆေးစွာ လျှောက်လှမ်းလာလေသည်။ ထိုခဏ ကြိုး တံတွေးမျိုချဖြစ်သွား၏။

သူမက ကြိုးရှေ့တွင်ရပ်သည်။ နောက်. . . လက်ကလေးတစ်ဖက် မြောက်တက်လာပြီး လက်ညှိုးနှင့်လက်ခလယ် လက်ချောင်းကလေးနှစ်ချောင်းပူး၍ အလေးပြုသလိုပုံစံ လုပ်ပြသည်။ သူမ လက်ဆစ်ကလေးတွေဟာ ပျိုမြစ်နုနယ်စွာ သိပ်လှပါလား။

ငေးနေမိသည်။

"ရှင် ပုံပြင်ပြောလို့ ပြီးသွားပြီလားဟင်"

"ဟုတ်၊ ပြီးပါပြီခင်ဗျ"

"ဒါဆို ကျွန်မတို့ ပြန်ကစားတော့မယ်နော်၊ ရတယ်မလားဟင်"

"ဟုတ်. . . ရပါတယ်ခင်ဗျ၊ ကစားလေ"

နှုတ်ခမ်းလေး မြင်ရတာ အူယားစရာလေး. . .။

စိုရဲရဲနှုတ်ခမ်းသားပြည့်ပြည့်ဖူးဖူးလေးမှာ အပြုံးတစ်ချက် လင်းလက်စွာ သရုပ်ဖော်ပြသပြီး ကလေးငယ်တွေရှိရာ သူမ ပြန်လှည့်ထွက်သွားပါသည်။ ပန်းပေါင်းအဆီတစ်ခု ဆွတ်ဖျန်းထားပုံရသော သူမကိုယ်သင်းရနံ့က ကြိုးအနီးတဝိုက်ရှိ လေပြည်ထဲမှာ ဝေ့ဝဲစွန်းပေကျန်ရစ်ခဲ့၏။ ကြိုး နည်းနည်းတော့ အနေခက်သွားသည်။ ဒီစာသင်ဆောင်ထဲမှာ ကလေးငယ်တွေသာရှိသည်ဟု ထင်မှတ်ခဲ့တာလေ။

လက်ကလေးတွေနှင့် သူမ အလုပ်ရှုပ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ကားထားသော သူမ လက်ယာလက်ခုံးမောက်မောက်ကလေးမှာ ခါးသိမ်သိမ်ရွှေတော်ထံပါးတွင် ဘယ်ညာယိမ်းနွဲ့လျက် . . .။ ထို့နောက် သူမ၏ လက်ဝဲလက်ယာနှစ်ဖက် ဆန့်ထွက်လာပြီး လက်မနှင့်လက်သန်းသာ ထောင်၍ အလယ်သုံးချောင်းကို လှဲသိပ်လျက်။ အထက်အောက် လှုပ်ခါစွာ. . .။ ထူးဆန်းသော သူမ၏ လက်အမူအရာတွေမှာ ကြိုး အာရုံမျှောနေမိပါသည်။

"မမ တန်ခိုးပြမယ်၊ ဒီမှာ ကြည့်"

ကလေးငယ်တွေကြားထဲ တရင်းတနှီး ဝင်ရောက်ရောနှောထိုင်နေသော သူမအပြုအမူက ဆွတ်ပျံ့ကြည်နူးဖွယ်။ ဖြစ်နိုင်လျှင် ထိုအနေအထားလေးကို ဘောင်ကွပ်သိမ်းထားချင်မိပါ၏။ တကယ်ပါပဲလေ။ ကြိုးလည်း စိတ်ဝင်တစားဖြင့် သူမအပါး ရစ်သီရစ်သီ ဖြစ်သွားရတာပေါ့။

"ဒီဘက်မှာ အနီနော်၊ ဒီဘက်မှာက အဝါ။ သေချာကြည့်ထားနော်၊ ဟော ဟပ်ချလောင်း"

အရောင်မတူသော သားရေကွင်းနှစ်ကွင်းကို လက်ဝဲလက်ယာ တစ်ကွင်းစီစွပ်လျက် ဟိုဘက်ဒီဘက် ချိန်းပြနေတာ။ သူမ လက်ချောင်းတလေးတွေ လှုပ်ရှားမှုဟာ သိပ်လှပပါရဲ့. . .။

ထိုကစားနည်း ပြီးသောအခါ အိမ်ပုံစံ ကြယ်ပုံစံတွေ ထပ်လုပ်ပြသည်။ တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်၊ တစ်ထပ်ကြယ်၊ နှစ်ထပ်ကြယ်ဟူ၍လည်း နှုတ်မှ တစာစာ ပြောနေသေး၏။ သားကိုလည်း သင်ပေး၊ သမီးကိုလည်း သင်ပေးဟု ကလေးငယ်တွေက တီတီတာတာ ဝိုင်းဝန်းတောင်းဆိုပါသည်။ ထိုအခါ သူမက ပါကင်ထုပ်လိုက်ဝယ်ယူလာပုံရသော သားရေပင်တွေ ပေါပေါသီသီ ပေးဝေပြီး စိတ်ရှည်လက်ရှည် သင်ပြပေးနေ၏။ ချစ်စရာလေးရယ်. . .။

သူမပါးပြင်မှ ပျက်ပြယ်စ သနပ်ခါးပါးကွက်ကြားလေးကို ကြိုး ခိုးငေးနေတာလေ။ အဲသည်အခိုက် သူမလှည့်အကြည့်နှင့် ဆုံရာ ရှက်ကိုးရှက်ကန်းနှင့် ကြိုး ထူပူဖိန်းရှိန်းသွား၏။ အနေခက်လိုက်တာ။ ဒါပေမယ့် အရသာရှိသော အနေခက်မှုမျိုးပါ။ ဖီလင်က စွဲမက်ဖွယ် . . .။





တစိမ့်စိမ့်နှင့် သိမ့်သိမ့်ငြိမ့်ငြိမ့်လေး။

"ရှင်က ဘာရပ်ကြည့်နေတာလဲ၊ ဘာလဲ ကျွန်မတို့ ကစားနည်းထဲ ပါချင်လို့လား"

မျက်ဆံနက်ကလေး ထောင့်ကပ်၍ ခေါင်းကလေး ငဲ့စောင်းကာ သူမမေးတော့ ကြိုး အပြုံးဖြင့် ခေါင်းညိတ်ပြလိုက်တာပေါ့။ သူမ လက်ယပ်ခေါ်ပါ၏။ ဖုံးဖုံးဖိဖိပဲ ကြိုး ပျော်သွားတာ. . .။ ထို့နောက် ကြိုးလည်း သူမနှင့်အတူ ကလေးငယ်တွေကြားထဲမှာ သားရေပင်လေးများနှင့် ရောနှောပျော်ဝင်သွားခဲ့ပါသည်။ ကဲကွယ် . . . ဘယ်လောက်မြတ်နိုးစုံမက်ဖို့ ကောင်းလိုက်တဲ့ ဆုံစည်းမှုဖြစ်ပါသလဲ။

"ခုနက ခုံအောက်ဝင်ပြီး ဘာလုပ်နေတာလဲ"

ကြိုးမေးခွန်းကြောင့် သူမ ပြုံးတာ ရှက်ဝဲဝဲလေး။

"ကျွန်မတို့ တူတူပုန်းတမ်း ကစားကြမလို့လေ၊ အဲ့အချိန် ရှင်ရောက်လာတော့ ကျွန်မက ဘာများလဲလို့ လန့်ပြီး အကောခံရမှာစိုးလို့ ပုန်းနေတာ၊ ရှင်က ဒီကျောင်းက လုပ်အားပေး ဆရာအသစ်လား"

"မဟုတ်ပါဘူး. . .၊ ကျွန်တော်တို့ ပရဟိတအဖွဲ့ ဒီနေ့ ကျောင်းမှာ အလှူတစ်ခု လာလုပ်တာပါ၊ အဲဒါ အခြားသူတွေ မရောက်သေးလို့ စောင့်နေရင်း ဒီဘက်ရောက်လာတာပါ"

ကျောင်းဝင်းနယ်မြေက ကျယ်သည်။ သစ်ရိပ်ဝါးရိပ်လည်း သန့်ရှင်းစင်ကြယ်စွာ ထူထပ်သဖြင့် နေရထိုင်ရတာ စိမ်းလန်း၍အေးချမ်းနေတာပဲ။ စာသင်ဆောင်တွေနှင့် သံဃာတော်တွေနေထိုင်ရာအဆောင်တွေက အတန်ငယ် ကွာလှမ်းသည်။

သားရေပင်လေးများနှင့် ဆော့ကစားပြီးတော့ သူမက အရောင်စုံသလို ဒီဇိုင်းလည်းစုံလင်သော ပူဖောင်းကလေးတွေ ထုတ်ယူ၍ ကလေးငယ်တွေကို ပေးဝေပြန်သည်။ ကလေးငယ်တချို့က ချက်ချင်းပဲ ကိုယ့်ဘာသာ လေမှုတ်၍ ဆော့ကစားကြ၏။ လေမှုတ်မသွင်းတတ်သော ကလေးငယ်တွေက မှုတ်ပေး မှုတ်ပေးနှင့် တဆာဆာ တောင်းဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို ကူမှုတ်ခိုင်းသလို သူမကိုယ်တိုင်လည်း ပန်းသွေးရောင် ပါးပြင်ကလေးနှစ်ဖက် ဖူးဖောင်းနေအောင်ပဲ မှုတ်သည်။ သူမနှုတ်ခမ်းစူစူလေး ထိပ်က ပူစီပေါင်းလေးတွေ တဖြည်းဖြည်း ပြည့်ဖောင်းလာတာကို ငေးကြည့်ရတာလည်း အရသာရှိတာပဲ။

"ဒီက ကိုကိုနဲ့မမ နှစ်ယောက်လုံးက ချစ်ဖို့ကောင်းတယ်နော်"

ဦးခေါင်းရှိ အနက်ရောင်ဆံသားတွေကို ကျစ်ဆံမြီးလေးနှစ်ဖက် အဖြစ် စည်းနှောင်ထားသော ကျောင်းသူကလေးတစ်ဦးစကားကြောင့် ကြိုး ထခုန်ချင်စိတ်ပင်ပေါက်သွားရသည်။ သူမနှင့် တူယှဉ်တွဲ အပြောခံရတာ သူ့အတွက်တော့ ဆုတော်လာဘ်တော်တစ်ခု ပိုင်ဆိုင်ရရှိလိုက်သလိုပါပဲ။ ထို့အတူ ပါးကွက်ကြားလေးနှင့် သူမကို ကျစ်ဆံမြီးလေးနှစ်ဖက် စည်းနှောင်ပေးလိုစိတ်က ကြိုးရင်မှာ အလိုလို ယိုဖိတ်လျှံကျလာသည်။

ကလေးငယ်တွေကြားထဲမှာ သူကော သူမပါ ရောင်စုံပူဖောင်းတလေးတွေနှင့် ပုတ်လွှားဆော့ကစားဖြစ်ကြတာ စွဲလမ်းသိမ်းဆည်းဖွယ် အမှတ်တရပါပဲလေ။

"နာမည် ဘယ်လိုခေါ်ရမလဲ"

"အမရာ"

သူမ သူ့ကို စူးစူးလေး ငေးသည်။

"ရှင့်နာမည်ကကော"

"ကြိုး"

"ဘယ်လို၊ ကြိုး. . . ဟုတ်လား၊ တစ်လုံးတည်းလား"

"ဟုတ်၊ နာမည်က ကြိုး တစ်လုံးတည်းပါပဲဗျ၊ ဘာလို့လဲ"

"ကျွန်မ. . . ကျွန်မ. . . ကြိုးဆိုရင် ကြောက်တယ်"

"ဟင်. . ."

ကြိုးရင်မှာ ကျဉ်ခနဲ ဖြစ်သွားသည်။ သူမ အမူအရာက ကြိုးအပေါ် ရုတ်တရက် စိမ်းကားသွားသလိုပဲ။ နှစ်ဦးသားကြား စကားလုံးတို့ ပျောက်ရှသွား၏။ ခံစားရတာ မအီမလည်ကြီး။

လေပြည်က မလတ်ဆတ်တော့သလို စိတ်သည် ကျဉ်းကြပ်သွား





၏။ ဝေဒနာသည် ခေါင်းစဉ်မတပ်ရသေးခင်မှာပင် ရင်သို့ ရောက်နှင့်နေခဲ့ပြီ။ ထို့နှင့်ပင် နေရထိုင်ရခက်ခဲနေရာ ခဏအကြာ ကြိုး၏ဖုန်းက မြည်လာပါသည်။ ထူးအောင်နံပါတ်။ ကိုင်လိုက်တော့ သူတို့တွေ ကျောင်းကို ရောက်ခါနီးပြီဖြစ်ကြောင်း ဖုန်းလှမ်းဆက်တာဖြစ်၏။ သူမကို နှုတ်ဆက်စကားပြောပြီး ပရဟိတအဖွဲ့ကို ကြိုရန်အတွက် ကျောင်းရှေ့သို့ ကြိုး ထွက်လာခဲ့ပါသည်။

ဆတ်ခနဲသာ ခေါင်းညိတ်ပြသည့် သူမ တုံ့ပြန်မှုက မျက်လွှာတစ်ချက်မျှ ပင့်မကြည့်ခဲ့။

အဲဒီလို အသေးအမွှားလေးတွေကအစ နင်နဲ့ပတ်သက်ရင် တလေးတစား ခံစားတတ်တဲ့ လူရည်ချွန် မိုက်ရူးရဲ ငနဲပေါ့. . .။ ဒါ့ကြောင့်လည်း ခေါက်သိမ်းရိုက်မှုတ်မှုတွေမှာ အောက်ခြေမမြဲဘဲ အခါခါ ကျကွဲခဲ့တာလေ. . .။



www.burmeseclassic.com

www.burmeseclassic.com



စည်လုံးညီညာ အောင်ကြောင်းဖြာဆိုတာ ဒါပဲ။

ပြုမှုလုပ်ဆောင်စရာရှိသည်တို့ကို တွဲလက်မိသားစုဝင်အားလုံး ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ဆောင်ရွက်ပြုလုပ်ကြလေသည်။ ဒီလို စိတ်ရှိလို့သာ ပရဟိတမိသားစုဝင်တွေ ဖြစ်နေကြသည်ပဲလေ။ ကြည်နူး ပီတိ ရင်သို့ထိ၏။

ဆရာတော်ထံမှ ကျောင်းရေစက်ချ တရားနာယူပြီး ကျောင်းသူ ကျောင်းသား ကလေးငယ်တွေကို ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းကာ အာဟာရမုန့်တို့ ကျွေးမွေးသည်။ ကျွစ်ဆံမြီးနှစ်ဖက်နှင့် ကျောင်းသူကလေးကို မြင်သောအခါ မနေနိုင်မထိုင်နိုင် ကြိုး သွားစပ်စုမိလေ၏။

"ချစ်ဖို့ကောင်းတဲ့ ခုန မမလှလှ ဘယ်ရောက်သွားလဲဟင် အဟဲ"

မကြီးမငယ်နှင့် ကလေးသွားမေးရတာမို့ နည်းနည်းတော့ ရှက်တာပေါ့။ အများကြီးတော့လည်း မရှက်ပါဘူး။

"ခွိုင်းလေးလာခေါ်လို့ သမီးတို့က ထွက်လာတာ၊ အဲဒီမမက အဲ့နေရာမှာပဲ ကျန်ခဲ့တယ်၊ သမီးခေါ်တာ မမက မလိုက်ဘူး"

အာဟာရကျွေးတာက ဆွမ်းစားကျောင်းဆောင်ထဲမှာ။ စာသင်ဆောင်ထဲမှာ သူမ ပုန်းနေမလားဟူသော အတွေးစိတ်ကလေးက ကြိုးကို သရိုးသရီ ဖြစ်နေစေ၏။ ဒါကြောင့် ဧည့်သည်တစ်ယောက် သွားခေါ်ဦးမယ်ဟု အိပ်မက်ကိုးအား တိုးတိုးလေး ကပ်ပြောပြီး သူမနှင့် စတင်ဆုံစည်းရာ စာသင်ဆောင်သို့ ကြိုး ထွက်လာခဲ့ပါသည်။

ရင်မှာ ဟာခနဲ...။ မျက်စိဖွင့်အကြည့် အလင်းကွယ်ပျောက်နေသလိုမျိုး။

စာသင်ဆောင်ထဲမှာ မည်သူတစ်ဦးတစ်ယောက်မျှ မရှိချေ။





စာသင်ခုံတစ်ခုပေါ်တွင်တော့ အသည်းပုံ ခရမ်းရောင်ပူဖောင်းကလေး တစ်လုံး...။ အထီးကျန်သင်္ကေတလေးကို အသာယာပဲ ကြိုး ကောက်ယူ သိမ်းဆည်းလိုက်ပါသည်။ ကျောင်းဝင်းအတွင်း လှည့်ပတ်ရှာဖွေသော်လည်း သူမကို မတွေ့ပါ။ ကြိုးအနေနှင့် အချိန်အကြာကြီး အများမြင်ကွင်းက ပျောက်ကွယ်နေဖို့ မသင့်သဖြင့် အာဟာရကျွေးရာနေရာ ပြန်လာခဲ့ရသည်။ ရင်ထဲတော့ မကောင်းဘူး။

သိလိုစိတ်အား မတားဆီးနိုင်သဖြင့် ကလေးငယ်တွေကို အာဟာရကျွေးမွေးပြီးတော့ ဆရာတော်ထံ လျှောက်ကာ အကျိုးအကြောင်း မေးမြန်းကြည့်လိုက်သေးသည်။

ဆရာတော်က သိသလောက် ဖြေပေး၏။

"အဲဒီဒကာမလေးက ထူးဆန်းတယ်ကွ၊ တစ်ခါတလေ ဒီလိုပဲ သူ ရောက်ရောက်လာတတ်တယ်၊ ပြီးရင် နှုတ်မဆက်ပဲ ပြန်သွားတတ်တယ်၊ လာရင်လည်း မုန့်တွေ ကစားစရာတွေ အဝတ်အထည်တွေ စာအုပ်တွေ ယူလာပြီး ကလေးတွေကို ပေးဝေတယ်၊ ကလေးတွေနဲ့ သူ ကစားတယ်၊ ဒါပေမယ့် တစ်ခါမှ ဘုရားဝတ်မပြုသလို ငါ့ကိုလည်း ဦးမချဘူးကွ"

အဲဒီကတည်းက စိတ်ဝင်စားမှုတွေဟာ နဂိုထက် အားစိုက်ပိုတာ။

ကာရံညီ ကြိုးကလေးတစ်ချောင်း ဖြစ်လေမလား... ထင်တွေးမိသေး၏။ သို့သော် သူမက 'ကြိုး'ကို ကြောက်သည်လေ။ ကိုယ့်အမည်က 'ကြိုး'ဖြစ်နေတာပဲ ခါးရမလိုလို...။

ပြန်သာသွားရသည်။ စိတ်အစဉ်မှာ ကျောင်းတော်ဆီက ပုံရိပ်တွေပဲ မြင်နေ၏။ ခံစားမှုအသစ်တစ်ခု ရင်မှာ 'နင်'နေသည်။ ခိုးလိုးခုလုနှင့် နေရထိုင်ရတာ မလတ်ဆတ်ဘူး။

ထိုနေ့က အိမ်ခန်းပြန်ရောက်သည်အထိ ကြိုးထံမှာ လေလျှော့ထားသော ခရမ်းရောင်ပူဖောင်းလေးတစ်လုံး ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# wait



## (ပုံပြင် - ၈)

တစ်ခါက ရေထမ်းသမားလေးတစ်ဦးမှာ ရေအိုးလေးနှစ်လုံးရှိတယ်။

တစ်အိုးက အနာအဆာမရှိပေမယ့် တစ်အိုးကတော့ အလယ်လောက်မှာ ကွဲအက်ရာလေး ရှိနေတယ်။ ရေထမ်းသမားလေးဟာ ဆိုင်းထမ်းပြုလုပ်ပြီး အဲဒီအိုးနှစ်လုံးနဲ့ ရွာအပြင်ဘက် စမ်းချောင်းလေးဆီကနေ ရေတွေ သယ်ပိုးပါတယ်။ အဲဒီအခါ အနာအဆာမရှိတဲ့အိုးက မဖိတ်မစင်ဘဲနဲ့ ရေအပြည့် သယ်ယူပေးနိုင်ပေမယ့် အလယ်လောက်မှာ ကွဲအက်ရာလေးရှိနေတဲ့ အိုးကတော့ လမ်းတလျှောက်မှာ ရေတွေ ဖိတ်စင်ပြီး တစ်ဝက်သာ သယ်ယူပေးနိုင်ခဲ့တယ်။

ဒီအတွက်ကြောင့် အနာအဆာကင်းတဲ့ အိုးဟာ ဂုဏ်ယူဝင့်ကြွားနေပါတယ်။ ကွဲအက်ရာလေးရှိတဲ့ အိုးကတော့ ရှက်ရွံ့အားငယ်မှုတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်မာတ်တွေကျဆင်းနေတာပေါ့။

တစ်နေ့တော့ တမှိုင်မှိုင်တတွေတွေဖြစ်နေတဲ့ ကွဲအက်ရာပါရှိတဲ့ အိုးလေးကို ရေထမ်းသမားလေးက ဘာဖြစ်နေတာလဲလို့ မေးတယ်။ ကွဲအက်ရာရှိနေတဲ့ အိုးလေးက သူ့ရဲ့ အားနည်းချက်ကြောင့် ရှက်ကြောင်း၊ စိတ်မကောင်းဖြစ်ရ ဝမ်းနည်းရကြောင်း ပြောပြီး သူ ရေအပြည့်သယ်ယူမပေးနိုင်တဲ့အတွက်လည်း ရေထမ်းသမားလေးကို တောင်းပန်စကားဆိုပါတယ်။

အဲဒီအခါ ရေထမ်းသမားလေးဟာ ရေအိုးကလေးကိုခေါ်ပြီး ညနေခင်း အပြင်ထွက်လာခဲ့တယ်။

ရွာထဲကနေ စမ်းချောင်းလေးဆီ သွားတဲ့ လမ်းတလျှောက်မှာ အရောင်စုံ ပန်းမျိုးစုံဟာ ဝေဝေဆာဆာ ဖူးပွင့်နေကြတယ်။ ညနေခင်း ဆည်းဆာအလှနဲ့ ပန်းရောင်စုံတွေကြားမှာ ပျော်ရွှင်နေကြတဲ့ ကလေးငယ်တွေနဲ့ ရွာသူရွာသားတွေကိုလည်း တွေ့မြင်ရပါတယ်။

"ရေအိုးလေးရေ . . . ရွာလယ်လမ်းပေါ်မှာ ပန်းမျိုးစုံတွေကြား ပျော်ရွှင်နေကြတဲ့ ရွာသူရွာသားတွေကို အသင် တွေ့တယ်မဟုတ်လား၊ ရွာသူရွာသားတွေဟာ ပန်းအလှတွေကြောင့် စိတ်ချမ်းမြေ့ကြတယ်၊ အိမ်မှာ၊ ရွာဦးစေတီတော်မှာ ပန်းပူဇော်ရင်း ကုသိုလ်ယူကြတယ်၊ ရွာသားလုလင်ငယ်တွေက ရွာသူလုံမပျိုတွေကို ကေသာထက်မှာ ပန်ဆင်ဖို့ ပန်းလက်ဆောင်ပေးကြတယ်၊ ကျောင်းသူကျောင်းသားတွေက ကျောင်းမှာ အလှဆင်ဖို့၊ ဆရာဆရာမတွေကို လက်ဆောင်ပေးဖို့နဲ့ စာသင်ခန်းတွင်း စားပွဲခုံပေါ် ပန်းအိုးထိုးစိုက်ဖို့ ပန်းတွေခူးယူကြတယ်။ အဲဒါ အသင့်ကျေးဇူးတော်တွေပေါ့"

ရေထမ်းသမားလေးပြောစကားကို ရေအိုးလေး နားမလည်နိုင်ဖြစ်နေပါတယ်။

"အသင့်မှာ အက်ရာရှိနေတာ အစကတည်းက သိခဲ့ပါတယ်၊ အဲဒီအတွက် စိတ်ကူးရပြီး ရေထမ်းသယ်ရာလမ်းတလျှောက်မှာ ပန်း





မျိုးစေ့လေးတွေ ကြဲပက်ထားခဲ့တယ်၊ ဒီတော့ ရေသယ်ယူလာတဲ့ လမ်းတလျှောက် အသင်က ပန်းမျိုးစေ့လေးတွေကို ရေလောင်းပေးခဲ့တာပေါ့။ အသင့်မှာ အက်ရာလေးပါခဲ့လို့သာ အခုလို ပန်းပင်လေးတွေ ရှင်သန်လာပြီး ပန်းလှလှလေးတွေ ဖူးပွင့်ဝေဆာနေတာလေ၊ တကယ်လို့ ရေအိုးလေးသာ ပုံမှန်အတိုင်း ရေအပြည့်သယ်ယူနိုင်ခဲ့မယ်ဆိုရင် အခုလို ရွာကို အလှဆင်ဖို့ ဘယ်လွယ်လိမ့်မလဲ၊ အခုလို ရွာလမ်းလေးဟာ လှပပြီး ရွာသူရွာသားတွေ ပျော်ရွှင်နေရတာ အသင့်ရဲ့ကျေးဇူးကြောင့်ပါ ရေအိုးလေး"

ရေထမ်းသမားလေးရဲ့ စကားအဆုံးသတ်တော့ ရေအိုးလေးဟာ ပျော်ရွှင်ကျေနပ်သွားပါတယ်။ ဉာဏ်ပညာကြီးမားတဲ့ ရေထမ်းသမားလေးကိုလည်း ကျေးဇူးတင်ကြောင်း တဖွဖွပြောတယ်။ ရွာလမ်းပေါ်မှာ လျှောက်လှမ်းရင်း ပတ်ဝန်းကျင်ကို ငေးမော အရသာခံရင်း ပီတိတွေ တပြုံးပြုံးနဲ့ပေါ့။ ရှက်ရွံ့သိမ်ငယ်မှုတွေ စိတ်မာတ်ကျဆင်းမှုတွေ ကင်းစင်ဝေးသွားပါတယ်။

ခရီးလမ်းဆုံးအထိ ရေအပြည့်မသယ်ပေးနိုင်ပေမယ့် သူ့မှာလည်း ဂုဏ်ယူစရာ ရှိနေပြီမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ခရမ်းရောင်ကောင်မလေးနှင့် နောက်တစ်ကြိမ် ပြန်ဆုံတွေ့မှုသည် ကိုယ့်တံတောင်ဆစ်ကိုယ် လျှာနှင့်ပြန်လျှက်ရသလိုပါပဲ။

ထိုနေ့က ထူးအောင်၊ ကိုး၊ ကြိုးတို့ သုံးယောက် တွဲလက် Logo အမှတ်တံဆိပ်ပါ စတေကာ၊ ရင်ထိုးနှင့် အကျီများ သွားရောက်ပြုလုပ် အပ်နှံဖြစ်ကြသည်။ ထူးအောင်နှင့်ကိုးသည် တွဲလက်ပရဟိတ၏ အားအထားရဆုံး Admin နှစ်ဦးဖြစ်သည်။ ထူးအောင်သည် ဥပဒေနှင့် ကျောင်းပြီးထားပြီး ကိုးကတော့ နည်းပညာဖြင့် ကျောင်းပြီးထား၏။ ကိုး၏ facebook အမည်က အိပ်မက်ကိုး။

အိပ်မက်ကိုးဟု ဘာလို့ပေးတာလဲ မေးတော့ သူမသည် ကိုးဂဏန်းသမားဖြစ်ပြီး သူမအိပ်မက်တွေက မှန်တတ်လို့ဟု ဖြေသည်။

"ညဥ့်ယံရဲ့ ပထမယံနဲ့ မဇ္ဈိမယံတွေမှာ မြင်မက်တဲ့ အိပ်မက်တွေက ကောင်းကျိုး ဆိုးကျိုးမပေးဘူး၊ လင်းအားကြီး အရုဏ်တက်စဥ်ကာလမှာ မြင်မက်တဲ့ အိပ်မက်မျိုးကသာ အကျိုးအပြစ် ဝေဖန်ခြင်း ပြုအပ်တယ်၊ နိမိတ်ကောက်ယူအပ်တယ်လို့ စာပေကျမ်းဂန်တွေမှာတော့ တွေ့ဖူးတယ်"

"လင်းအားကြီး အရုဏ်တက်ခါနီးက ဘယ်အချိန်တွေဖြစ်မလဲ"

"မနက် သုံးနာရီခွဲကျော်ကနေ ငါးနာရီဝန်းကျင်လို့တော့ ပြောကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြိုး၊ ကိုး၊ ထူးအောင်. . . ဒီသုံးယောက် ပရဟိတတွေလုပ်မှ တော်တော်တွဲဖြစ်ကြသည်။ ကိုးနှင့်ကြိုးက အသက်အတူတူဖြစ်ပြီး ထူးအောင်က ကြိုးတို့ထက် တစ်နှစ်ငယ်သည်။ သူတို့ရဲ့ ခင်မင်မှုဟာ Facebook စာမျက်နှာမှ စတင်ခဲ့တာပေါ့။ ထူးအောင်က စာဖတ်ပရိသတ်အနေနှင့် မိတ်ဆက်ရာမှ ကြိုးနှင့်ခင်တာဖြစ်ပြီး ကိုးကတော့ ပရဟိတ ကိစ္စအတွက် ကြိုး Post တစ်ခုတင်ရာမှ ဆွေးနွေးစကားပြောဆိုရင်း ပတ်သက်မိခဲ့ခြင်းဖြစ်၏။

လူသားသန်း (၇)ထောင်ကျော်ရှိပြီဖြစ်သော ကမ္ဘာကြီးတွင် တူရာလူစုလျှင် လူသားလေးမျိုးသာ ရှိပါ၏။

- ကိုယ့်အကျိုးအတွက်လည်း မဆောင်ရွက်၊ အများအကျိုးအတွက်လည်း မဆောင်ရွက်သူ။
- ကိုယ့်အကျိုးအတွက်တော့ ဆောင်ရွက်ပြီး အများအကျိုးအတွက် မဆောင်ရွက်သူ။
- အများအကျိုးအတွက်တော့ ဆောင်ရွက်ပြီး ကိုယ့်အကျိုးအတွက် မဆောင်ရွက်သူ၊
- ကိုယ့်အကျိုးအတွက်လည်းဆောင်ရွက်၊ အများအကျိုးအတွက်လည်း ဆောင်ရွက်သူဟူ၍ရှိရာ ထိုအထဲတွင် 'ကိုယ့်အကျိုးအတွက်လည်း ဆောင်ရွက်၊ အများအကျိုးအတွက်လည်း ဆောင်ရွက်သူ'သည် အမြတ်ဆုံးဟု ဂေါတမဗုဒ္ဓက သတ်မှတ်တော်မူခဲ့ပါသည်။

တစ်ဦးကို တစ်ကျပ်ပဲ တတ်နိုင်ပါစေ၊ (၁၀)ဦးဆိုလျှင် (၁၀)ကျပ်ဖြစ်မည်။ တစ်ယောက်ကို တစ်ပေါင်ပဲ သယ်ပိုးနိုင်ပါစေ (၁၀)ယောက်ဆိုလျှင် (၁၀)ပေါင် သယ်ပိုးနိုင်မည်။ ထိုစိတ်ကူးဖြင့် ပရဟိတအဖွဲ့ကလေးကို ဖွဲ့စည်းဖြစ်ခြင်းပေါ့။

တစ်ဦးတစ်ယောက်တည်း၏ဆန္ဒနှင့်လည်း စိတ်ကူးသည် လက်တွေ့အကောင်အထည် ဖြစ်ပေါ်မလာနိုင်ပါ။ ထိုဆန္ဒစိတ်ကူးတွေကို မိမိ





တို့ တတ်နိုင်စွမ်းသည့်ဘက်မှ တတ်နိုင်စွမ်းသလောက် လုပ်အားငွေအား အကြံဉာဏ်အားတို့ဖြင့် ပံ့ပိုးကူညီအကောင်အထည်ဖော်ဆောင်ပေးသော စိတ်ဓာတ်တူသူ ဝါသနာတူသူတွေကြောင့်သာ တွဲလက်ပရဟိတ လူမှုကူညီရေးမိသားစုကလေး ရှင်သန်နေနိုင်ခြင်းဖြစ်ပါ၏။ တွဲလက်မိသားစုကလေးသည် မကြီးကျယ် မထည်ဝါပေမယ့် မိမိတို့ တတ်နိုင်စွမ်းသလောက် လူထုကောင်းကျိုးကို သယ်ပိုးပေးလျက်ရှိပါ၏။

တွဲလက်မိသားစုသည် facebook လူမှုကွန်ရက် စာမျက်နှာအား အခြေပြုဖွဲ့စည်းထားခြင်းဖြစ်သည်။ အနေဝေးသူများအဖို့လည်း Online ဖြင့်ဖြစ်စေ၊ ဖုန်းနှင့် ဆက်သွယ်၍ဖြစ်စေ ပါဝင်နိုင်၏။

ပရဟိတ (Philanthropy)ဆိုသော ဝေါဟာရသည် လူထုကိုချစ်သောဟု တိုက်ရိုက်အနက်ရပြီး အခြေခံပြဿနာများကို အဓိကကျသည့် ဖြေရှင်းမှုအတွက် ရင်းနှီးမြှုပ်နှံမှုဟု ပြန်ဆိုလေသည်။ အများပြည်သူအတွက် အချိန်၊ ငွေကြေးနှင့် အကူအညီပေးခြင်းဖြစ်သည်။ ပရဟိတ ဝေါဟာရသည် နှစ်ဆယ့်တစ်ရာစုတွင် ပို၍ ခေတ်စားလာသည်။

Duke တက္ကသိုလ်ဆရာကြီး Greg Dees က. . .

"ကျွန်ုပ်တို့အားလုံး နေထိုင်ကြတဲ့ ကမ္ဘာကြီး တိုးတက်ကောင်းမွန်ရေးအတွက် ငွေကြေး၊ အချိန်၊ လူမှုရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်သူများကို ရွှေ့ပြောင်းနေရာချထားခြင်း"

ဟု. . . အနက်ပြန်ထားပေးသည်။

ကြိုးကတော့ ပရဟိတစိတ်ဆိုတာ ကိုယ်ချင်းစာတရားဟု ရိုးရိုးကလေးသာ အဓိပ္ပာယ် ဖွင့်ဆိုချင်မိတာပဲ။

ကျောင်းသုံးဗလာစာအုပ်များတွင် ကပ်ရန် စတေကာဒီဇိုင်းပြုလုပ်အပ်နှံပြီးတော့ အထက်ပန်းဆိုးတန်းလမ်းမတန်းရှိ မြေစိုက်လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်မှာ ကြိုးတို့သုံးဦး လက်ဖက်ရည် ထိုင်သောက်ဖြစ်ကြသည်။ ခရမ်းရောင် သင်္ကေတပါရှိသော တွဲလက် Logo အကြောင်းပြောရင်း ကြိုး၏ ခရမ်းရောင်ဖီလင်ကို ထူးအောင်က မေးခွန်းထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးက ခရမ်းရောင်ကို တော်တော်ခရေဇီဖြစ်တာ သတိထားမိတယ်၊ တွဲလက်လိုဂိုလုပ်တော့လည်း ခရမ်းရောင်က မပါမဖြစ်ပဲ၊ ဘာလို့ ခရမ်းရောင်ကို အဲ့လောက်ကြိုက်ရတာလဲ"

"အဲဒီခံစားမှုက ပြောရခက်တယ်၊ အကြောင်းပြချက် ရေရေရာရာ မရှိတဲ့ စိတ်ရဲ့ အစွဲအလမ်းတစ်ခုပေါ့၊ ခရမ်းရောင်ကိုမြင်တာနဲ့ စိတ်ထဲ မြတ်နိုးသလို ခံစားရတယ်၊ တိုက်ဆိုင်မှုတွေရှိတာလည်း ပါတယ်၊ ငါ့ရဲ့ ဖြစ်တည်မှုတွေဟာ ခရမ်းရောင်နဲ့ စတင်လေ့ရှိတယ်၊ ဥပမာ ပထမဆုံး မဂ္ဂဇင်းမှာပါတဲ့ ဝတ္ထုအမည်မှာဆို ခရမ်းရောင်ပါတယ်၊ အဲ့လိုပေါ့၊ ပြီးတော့ ခရမ်းရောင်ကို သစ္စာတရားရဲ့ နိမိတ်ပုံအဖြစ် ခံစားရလို့"

"ဒါဆို အချစ်ကို စတွေ့ရင်လည်း အဲဒီနေ့မှာ ကောင်မလေးက ခရမ်းရောင်ဝတ်စုံ ဝတ်ထားလိမ့်မယ်ထင်တယ်နော်"

ကိုးက ကြိုးကိုစိုက်ကြည့်ပြီး ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးပဲ ပြောလိုက်တာဖြစ်ပေမယ့် ကြိုးအတွက်တော့ မျိုးစေ့ကလေးကို ရေလောင်းပေးလိုက်သလိုပါပဲ။ ဆက်လက်ရှင်သန်စေမှာလား မသေချာသော သစ်ပင်တစ်ပင်ကို မယုယချင်ပါ။ ပြန်ဆွဲနှုတ်သည့်အခါ ကိုယ်ယုယလို့ ကြီးထွားသလောက် ခံစားရမည်။ ဒါမှမဟုတ် နောင်ဖြစ်လာမည့် အရာတွေအတွက် ကြိုမတွေးဘဲ ဖြစ်တည်မှုအား လွတ်လပ်ခွင့်ပေးလိုက်ရမည်လား။ မည်သို့ပင်ဖြစ်စေ ရှင်သန်မိမှတော့ နာကျင်ရမည်ပဲလေ။

"ကြိုး ခရမ်းရောင်အင်္ကျီ ဝတ်တာတော့ တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်တယ်၊ အင်္ကျီ အဝတ်အထည်ဆိုရင်တော့ ကိုယ်တိုင် ခရမ်းရောင်သုံးရတာ မကြိုက်ဘူး၊ သူများဝတ်ထားရင်တော့ လိုက်ဖက်မှုရှိရင် သဘောကျတယ်၊ အခြားအသုံးအဆောင်ပစ္စည်း လိုဂိုသင်္ကေတ အမှတ်တံဆိပ်တွေလိုမျိုးမှပဲ ခရမ်းရောင်ကို နှစ်သက်တာ"





ခရမ်းရောင်ဝတ်စုံနှင့် လိုက်ဖက်တင့်တယ်သော သူမရုပ်လွှာက အာရုံမှာ ပေါ်လာပြန်သည်။ ခက်သားနော်။ ရိုးရိုးလေးပါပဲကွယ်။ ဒါပေမယ့် ခိုးခိုးဆွေးရတာ မောတယ်။

"ခရမ်းသီးကော မကြိုက်ဘူးလား"

"ကြိုက်တာပေါ့၊ ဒါပေမယ့် အမေ့လက်ရာ ခရမ်းသီးနှပ်ပဲ ကြိုက်တာ"

အောင်က စနောက်သလိုပြောတော့ ကြိုး ခပ်ဖွဖွပြုံး၍ တုံ့ပြန် ရင်း အမေ့လက်ရာ ခရမ်းသီးနှပ်ကလေးကို တကယ်ပဲ လွမ်းသွားမိ သည်။ အဖေ၊ မေမေ၊ ညီမလေးတို့ အဆင်ပြေကြရဲ့လား။ အိမ်လွမ်း စိတ်သည် အသိတစ်ခုကြောင့် နာကျင်မှုတို့ ရောယှက်နေချေ၏။ ရင်ထဲ က ခံစားချက်တို့ကို မျက်နှာပြင်မှာ ဖော်ထုတ်ပြသလေ့ သိပ်မရှိတာ ကြိုး အကျင့်စရိုက်တစ်ခုပါပဲ။

ကြိုး ပြုံးသည်။ သိပ်ပြုံးသည်။ သို့သော် ရယ်ခဲ၏။

"အရောင်တွေမှာ အဓိပ္ပာယ်တွေ လျှို့ဝှက်ချက်တွေရှိတာ ကြားဖူးကြမှာပေါ့"

စိတ်ပြောင်းစိတ်လွှဲအနေနှင့် အရောင်တွေအကြောင်း ပြောဖြစ် သည်။ အရောင်တွေကို ကြိုး စိတ်ဝင်စားသည်။ အရောင်တွေ၏ အနက် အဓိပ္ပာယ်နှင့် လျှို့ဝှက်မှုတို့ကို သိလိုစိတ် ပြင်းပြသည်။ စူးစမ်းလေ့လာ၏။

ခရမ်းရောင်သည် အပြာရောင်ရဲ့ တည်ငြိမ်မှုနှင့် အနီရောင်ရဲ့ စွမ်းအင်တို့ ပေါင်းစပ်ထားခြင်း။ မင်းမျိုးမင်းနွယ်နှင့်သက်ဆိုင်ပြီး စွမ်းအား၊ မြင့်မြတ်မှု၊ စည်းစိမ်၊ ပြင်းပြတဲ့ဆန္ဒတို့ကို ဖော်ပြသော သင်္ကေတ။ နှမ်းသာကြွယ်ဝမှု၊ လက်ဖွဲ့မှု၊ ဉာဏ်အမြော်အမြင်၊ ဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ ဖန်တီးနိုင်စွမ်း၊ လျှို့ဝှက်မှု၊ မှော်ပညာတို့နှင့် သက်ဆိုင်သည်။ ခရမ်းနုသည် ချစ်ကြည်နူးဖွယ်ရာနှင့် အတိတ်ကိုလွမ်းဆွတ်သော ခံစားမှုကို ရစေပြီး ခရမ်းရင့်သည် စိတ်အားငယ်ခြင်း၊ ဝမ်းနည်းမှု၊ ခံစားမှု၊ အားမလိုအားမရဖြစ်စေမှုတို့ကို ခံစားရစေသည်ဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းရောင်ကို နှစ်သက်သော ကြိုးဘဝတလျှောက် ခရမ်းရောင်နိုပ်တွေက ချယ်လှယ်လွှမ်းမိုးနေမှာပဲလား . . .။





"ဟင် . . . ရှင် . . . ကြိုး"

မျှော်လင့်ချက်မဲ့အိမ် တောက်ပမှုသည် ဒေါက်ဖိနပ်စီး၍ ဂျင်းဘောင်းဘီ အပြာရောင်နှင့် တီရှပ်အနက်ဝတ်ဆင်ကာ ရောက်ရှိလာသည်။ ဆိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဒီကနေ့မှ ကြိုးလည်း ဂျင်းဘောင်းဘီ အပြာရောင်နှင့် တီရှပ်အနက် ဝတ်ဆင်လာဖြစ်သည်။

ထူးအောင်တို့နှင့် လမ်းခွဲပြီးနောက် ပန်းဆိုးတန်း စာအုပ်အဟောင်းတန်းရှိ ဆိုင်တစ်ဆိုင်မှာ ထိုင်၍ စာအုပ်ဝင်မွှေရှာနေခိုက် ကြိုးနံဘေးသို့ သူမရောက်ရှိလာတာဖြစ်၏။

"သြော် . . . အမရာ"

ဒီလောက်ပါပဲ။ အကြည့်ချင်းတစ်ချက်ဆုံပြီးနောက် နှစ်ဦးသား ဆိတ်ဆိတ်သွားသည်။ ကြိုး နှလုံးခုန်သံကတော့ သာမန်ထက် လျှင်မြန်နေတာပေါ့။ သူမက စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ကောက်ကိုင်ကာ လှန်လှောကြည့်ရှုလိုက်၊ ပြန်နေရာချထားလိုက်နှင့်။ သူမမျက်နှာကလေးတို့ ခိုးငေးမိတော့ ဖြူဖျော့ကာ နွမ်းနယ်ဟန်ပေါ်လွင်နေပါသည်။ မီးတွက်ကြားကလေး ပါမလာတော့ပါလား . . .။ မျက်ဝန်းကလေးတွေက တိမ်မည်းတွေ အုံ့သည်းနေသော ကောင်းကင်ပြင်သဖွယ် . . . ညှိုးမှိုင်းလျက်။

ဖတ်ချင်စိတ်ဖြစ်သွားစေသော စာအုပ်တစ်အုပ်ကိုယူ၍ ကျသင့်ငွေပေးချေပြီးတော့ ကြိုး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။ ထထွက်သွားရမှာလား . . .။ အခွင့်အရေးဆိုတာ ရတုန်းအသုံးချမှုဟုတော့ ပြောကြတာပဲလေ။ သူမအနားမှာ ဆက်ရှိနေချင်သေးသည်။ ဟိုလိုလိုဒီလိုလိုနှင့် စာအုပ်တွေ ဆက်မွှေချင်ယောင်ဆောင်နေရင်ကော . . .။ ဒါလည်း ခဏပဲ ရမည်။ သူမထထွက်မှ သူမနောက်က တကောက်ကောက်လိုက်ရမှာလည်း ရှက်သည်။ သူမကို ပြန်ဆုံတွေ့မှုအထိမ်းအမှတ်အဖြစ် ကော်



www.burmeseclassic.com

www.burmeseclassic.com



ဖိတိုက်ပါရစေပြောပြီး အတင်းဝင်ရောရင်ကော. . .။ ဘယ်လိုလုပ်ရင်ကောင်းမလဲ။

ညနေတစောင်း ကြိုး ချွေးပျံနေသည်။ လူအများနှင့် ဆက်ဆံဖူးသားနှင့် သူမနဲ့ကျမှ ဘာလို့ ဒီလိုဖြစ်နေရတာလဲ. . .။

မနေတတ်မထိုင်တတ်နှင့် ကြိုး မတ်တပ်ရပ်မိတော့ သူမ ဆတ်ခနဲမော့ကြည့်ပါသည်။ သူမ၏ လက်ဝဲလက်ယာ လက်ချောင်းကလေးတွေလှုပ်ရမ်းသွားပြီး ဝေ့တ်(Wait)ဟု သူမနှုတ်ဖျားမှ ရွတ်ဆိုသံထွက်လာသည်။ ကြိုး ပျော်သွားတာ တရကြမ်း. . .။

ခဏကလေးပါပဲ။ ဘာစာအုပ်မှ မယူဘဲ ထိုင်ရာမှထ၍ သွားရအောင်ဟု သူမပြောသည်။ ကြိုးအတွက် လောကဟာ ရုတ်တရက် သာယာလာလိုက်တာ. . .။ ဖနောင့်သံစူးထားသလိုလည်း လူက မြောက်ကြွမြောက်ကြွ။ ကတုန်ကယင်နှင့် ပေါ့ပါးစွာ လေဟုန်စီးနေရသလိုပဲ။

ယနေ့ ရာသီဥတု အေးငြိမ်၏။ သူမနှင့် ယခုလို တူယှဉ်တွဲလမ်းလျှောက်နေရတာ ဂုဏ်ဒြပ်တစ်ခုလို ကြိုး ခံစားနေရလေသည်။ ရှေ့မှာမှန်တစ်ချပ်ထောင်၍ပင် ကြည့်ချင်လာမိ၏။ လိုက်ဖက်မှုပါဟုသောအတွေးဖြင့် ကိုယ့်ဘာသာ တစ်ယောက်တည်း ပီတိဖြာကျေနပ်နေပြန်လေသည်။ အကျႌ၊ ဘောင်းဘီ အရောင်ဆင်တူလေးတွေနှင့်မို့လား။ လူတွေမြင်ရင် ဘယ်လို ထင်ကြမလဲ။ ကြိုးတော့ တွေးလေတွေးလေ ကြည်နူးလေ ဖြစ်နေတော့တာပါပဲ။

“စာအုပ်ဝယ်ပြီးရင် ရှင် ဘယ်သွားမယ်လို့ စိတ်ကူးထားလဲ”

“အစကတော့ ဆူးလေလမ်းမှာ မုန့်တီရနိုင်သုတ် သွားစားမလို့ပါပဲ၊ ခုတော့ ခင်ဗျား အနှောင့်အယှက် မဖြစ်ချိန်ထိ ခင်ဗျားနားမှာ နေရရင်ပဲ ကျေနပ်ပါပြီ”

ဖျတ်ခနဲ. . . မျက်ဆံနက်ကလေးတွေ ညာထောင့်စုကပ်၍ ကြိုးကို သူမကြည့်သည်။ သူမမျက်ဝန်းကလေးတွေ အရောင်တောက်ပသွားတာ သတိပြုမိလိုက်၏။ ပြီးတော့ ခပ်ဖွဖွ ပြုံးသည်။ ရယ်ခြင်းသည်လွတ်လပ်ပေါ့ပါးပွင့်လင်းမှုကို ခံစားရစေပြီး အပြုံးကတော့ လျှို့ဝှက်နက်နဲဖုံးကွယ်မှုကို ခံစားရစေသည်ဟု ကြိုး ထင်သည်။ အထင်ဆိုတာ သေချာ





မှုတစ်ခုတော့ မဟုတ်ဘူးပေါ့လေ။

“ကျွန်မတို့ မုန့်တီဆိုင်ပဲ သွားရအောင်”

ဆူးလေလမ်းမဆီ ခြေလှမ်းညီစွာ ဦးတည်ဖြစ်ကြ၏။ ကြိုးလက်ထဲမှ စာအုပ်ကို သူမ ခွင့်တောင်း၍ ယူကြည့်သည်။ ‘စနစ်တကျစုစည်းထားသော စိတ်၏စွမ်းအားများ’ဆိုသော စာအုပ်ဖြစ်ပါ၏။

“ရှင်က စိတ်စွမ်းအားတွေ စိတ်တန်ခိုးတွေနဲ့ ပတ်သက်လို့ တော်တော်စိတ်ဝင်စားတယ်ထင်တယ်နော်”

“ဟုတ်”

“ရှင့်ကို သတိထားမိတယ်၊ စကားပြောရင် တဟုတ်ဟုတ်နဲ့နော်”

ကြိုး အသာယာပဲ ပြုံးနေလိုက်ပါသည်။ သူမက စာအုပ်ကို ကြိုးထံပြန်ကမ်းပေးရင်း. . .

“စွမ်းအားတွေ တန်ခိုးတွေကို စိတ်ဝင်စားရင် မှော်ပညာသင်ပါလား၊ ကျွန်မတောင် မှော်ပညာသိပ်တတ်ချင်တာ၊ မှော်ပညာတတ်ရင် အစာမစား ရေမသောက်ပဲနဲ့လည်း နေနိုင်တယ်၊ တစ္ဆေသရဲတွေကိုလည်း အမိန့်ပေး စေခိုင်းနိုင်တယ်၊ မှော်ပညာနဲ့ ရောဂါတွေ ပျောက်ကင်းအောင် ကုသလို့ ရသလို သေပြီးသူတွေကိုလည်းပြန်ရှင်စေနိုင်တယ်၊ မိုင်တစ်ထောင်အကွာအဝေးမှာရှိတဲ့အရာတွေကိုလည်း မြင်နိုင်တယ်၊ ကိုဟန်ကျမ်းအဆိုအရ အဲဒီလို မှော်ပညာကိုစွမ်းဆောင်ဖို့ ပါရမီမလိုအပ်ဘူး၊ ဆရာနဲ့ ကြပ်မတ်သင်ကြားပြီး အပြင်းအထန် လေ့ကျင့်ယူရင်ရတယ်”

သူမပြောတာက အေးဆေးပါသည်။ စာအုပ်ကို ပြန်ယူအပြီး ကြိုးလက်ထဲမှာပဲ တရိုတသေ ကိုင်တွယ်ထား၏။

အနက်ရောင်သည် စွမ်းအင်၊ ခွန်အား၊ အာဏာ၊ ဂုဏ်သိက္ခာကျော့ရှင်းရည်မွန်မှု၊ ကြီးကျယ်ခမ်းနားမှု၊ သေခြင်းတရား၊ မကောင်းမှုနှင့် လျှို့ဝှက်နက်ရှိုင်းမှုတို့၏ အရောင်အဖြစ် သတ်မှတ်ခြင်းခံရသည်။ Heraldry (မျိုးရိုးစဉ်ဆက်ကို လေ့လာသည့်ပညာ)မှာတော့ ပူဆွေးမှုသောကရဲ့ သင်္ကေတတဲ့။ အနက်ရောင်သည် ကြောက်ရွံ့မှုနှင့် မသိခြင်းနားလည်ရခက်ခြင်းတို့ ဒွန်တွဲနေ၏။ အာကာသတွင်းနက်-black hole



www.burmeseclassic.com

www.burmeseclassic.com



ဝယက်အနက်ရှိ နာမည်ပျက်စာရင်း-blacklist၊ ကြောက်စရာကောင်းသော အရာတို့ကို ဟာသအဖြစ် ပြောခြင်း-black humor၊ ၁၄ရာစုက ဥရောပတွင် ကျရောက်ခဲ့သော အသေအပျောက်များခဲ့သည့် ပုလိပ်ကပ်ရောဂါဆိုးကြီး-The Black Death၊ ထိုအရာတွေအမည်မှာ Black ပါသည်။

ယခု Black Colour အင်္ကျီ ဝတ်ဆင်ထားသော ကောင်မလေးက ကော. . .။ သူမမျက်ဝန်းလေးတွေဆီ အကဲခတ်ကြည့်တော့ နှင်းငွေ့တွေ ခဲအုံနေသလိုပါပဲ။

"မှော်အစွမ်းတွေကို အိန္ဒိယမှာရှိတဲ့ ယောဂီတွေက လက်တွေ့ပြသနိုင်ခဲ့တယ်၊ ဂျေမီဆိုတဲ့ သူတော်စင်တစ်ဦးဟာ အိန္ဒိယနိုင်ငံ အာမတ်အဘာအတီမြို့တော်ရဲ့ အနောက်ပိုင်းဆေးရုံမှာ ရက်ပေါင်း (၇၀)တိတိ အစာမစားရေမသောက်ပဲ အသက်ရှင်နေနိုင်ခဲ့တယ်၊ ၁၈၁၇ခုနှစ်က ဟာရီဒတ်ဆိုတဲ့ ယောဂီတစ်ဦးဟာ လာဟိုမြို့မှာ မဟာရာဂျန်ရန်ဂျစ်ရှင်နဲ့ ဗြိတိသျှအရာရှိတွေရှေ့မှောက်မှာ အရှင်လတ်လတ် မြေမြှုပ်ခံပြီး ပညာစိမ်းကိုပြသခဲ့တယ်၊ အဲဒီလို ပြသတာကို ပန်ချာပီစစ်သားတွေက စောင့်ကြည့်နေပြီးနောက် တူးဖော်ကြည့်တာ ယောဂီဟာ အသက်ရှင်လျက်ပဲရှိတာကို ထူးဆန်းအံ့သြဖွယ် တွေ့ခဲ့ရတယ်တဲ့"

သူမ စကားပြောမပျက် လူကူးမျဉ်းကြားကို ကူးဖြတ်ဖို့ ပြင်သည်။ ကြိုး ဖျတ်ခနဲ သူမလက်ကို ဆွဲထားလိုက်၏။ ပိုင်စိုးပိုင်နင်းနော် . . .။ သူမက ထိယုက်သွားသော လက်နှစ်ဖက်ကို တစ်ချက်ငုံ့ကြည့်ပြီးနောက် ကြိုးမျက်နှာကို မျက်လွှာပင့်ကာ ကြည့်သည်။ သင်္ကေတနာန်းများ တဖျတ်ဖျတ် ပြောင်းလဲနေပါသော လမ်းညွှန်မီးပွိုင့်ဆီ ကြိုး မျက်စပစ်ပြလိုက်၏။ အနီရောင်။

ကားတန်းရှည်ကြီး ဝေါခနဲ သူမရှေ့မှ ပွတ်ကာသီကာ ကူးဖြတ်သွားလေသည်။

"၁၉၁၈ခုနှစ်မှာလည်း ပြင်သစ်ကိုလိုနီနယ်ဖြစ်တဲ့ အယ်ဂျီရီးယားပြည် အိန်ဆေးဖရားမှာ ထူးခြားအံ့သြဖွယ်ကောင်းတဲ့ ယောဂီတစ်ဦးရှိခဲ့တယ်၊ အဲဒီယောဂီဟာ အသက်နှစ်ဆယ်ကျော်လေးပဲ ရှိသေးတာတဲ့၊ ပြင်သစ်အစိုးရက အဲဒီတန်ခိုးရှင်ကို အကြောင်းပြုပြီး နယ်မြေအတွင်းမှာ ဆူပူလှုံ့ဆော်မှုတွေ ဖြစ်လာမှာစိုးရိမ်တာကြောင့် အဲဒီအပြုအမူတွေကို အားမပေးခဲ့ဘူး၊ ဒါကြောင့် ပြင်သစ် အရှေ့ပိုင် ချယ်ဒီအဲနတ်က ပြင်သစ်ခရစ်ယာန်ဘုန်းတော်ကြီး(၄)ဦးနဲ့အတူ အုပ်ချုပ်ရေးအရာရှိနှစ်ဦး အပါအဝင် မြစ်ကမ်းနဖူးပေါ်မှာနေတဲ့ ယောဂီလေးဆီသွားပြီး ပညာစမ်းကြတယ်"

စကားပြောမပျက်ပါဘူး။ အာဂပဲ. . .။ သူမ နှုတ်ထွက်ရေရွတ်သံအို ပီသသပ်ရပ်မှုအတွက်တော့ ကြိုး တိတ်တဆိတ် ချီးကျူး အတုယူမိခဲ့၏။

အနီရောင်သည် ဝါပြီး၍ စိမ်းမှ ကြိုး စတင်ခြေလှမ်းသည်။ ကြိုးနံဘေးမှာ သူမ ကပ်ပါလာ၏။

"သူတို့က ယောဂီလေးကို မဖြစ်နိုင်တာ ခိုင်းတာ၊ စီးနေတဲ့ မြစ်ချောင်းရေကို ရပ်တန့်စေပြီး အဲဒီအပေါ်မှာ ထမင်းဟင်းချက်ပြုရမယ်တဲ့လေ၊ ဒါပေမယ့် ယောဂီလေးကလည်း ခေသူမှ မဟုတ်ပဲ၊ တန်ခိုးရှိတာပဲဟာ၊ ကျောက်ခဲတစ်လုံးကို ဂါထာမန်းမှုတ်ပြီး မြစ်လယ်ပိုင်းကိုရောက်အောင် ပစ်လိုက်တယ်။ ကျောက်ခဲကျသွားတာနဲ့ စီးနေတဲ့မြစ်ရေက ချက်ချင်းရပ်တန့်သွားတယ်၊ အဲဒီတော့မှ ယောဂီလေးဟာ ရေပေါ်ကို လမ်းလျှောက်သွားပြီး သူ့အစွမ်းနဲ့လေထဲ လက်ဝှေ့ယမ်းပြီး ထမင်းဟင်းတွေကို ချက်ပြုတ်ပြတယ်၊ ပြီးတော့ အားလုံးကို စားစေပြီး မြို့ကိုပြန်ရောက်ရင် အဲဒီထမင်းဟင်းတွေ စစ်မစစ်ကို ဓာတ်ခွဲကြည့်နိုင်တယ်လို့လည်း မှာလိုက်သေးတယ် တဲ့၊ အဲ လက်ကိုလည်း လွှတ်ဦး"

ဟုတ်သားပဲ။ ကြိုး ရှက်သွားသည်။ သူမ ညာလက်ဖျားလေးကို ဆုပ်ကိုင်ထားရာမှ ဖြေလွှတ်ပေးလိုက်၏။ ခန္ဓာဆီမှ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခု ပြုတ်ကျသွားသလို ခံစားရ၏။ နူးညံ့နွေးထွေးသော အထိအတွေ့လေး ဆုံးရှုံးသွားပြီပေါ့။ နှမြောလိုက်တာ။ စကားသာပြောနေတာ ဒါကျ သိသားနော်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ကားတိုက်မိမှာစိုးလို့"

"အင်းပါ၊ ဘာပြောလို့လဲ"

ကြိုးအမူအရာ အိုးတိုးအန်းတန်းကိုကြည့်ပြီး အမရာ ပြုံးပါသည်။ သူမပြုံးလျှင် ကြိုး အူယားလာတတ်တာ ဘာအကျင့်မှန်းကို မသိဘူး။ ဆူးလေလမ်းမ ရောက်ခါနီးလေ လူတွေ ပိုမိုရှုပ်ထွေးလာလေ။ ကြားမှူ အသံတွေကလည်း ပိုမိုဆူညံလာချေ၏။

ဆူးလေလမ်းမရောက်တော့ လမ်းနံဘေးမှာ ဆိုင်းထမ်းဖြင့် ချ ရောင်းသော ရခိုင်ညီအစ်ကိုလေး နှစ်ယောက်ဆီပဲ သွားလိုက်သည်။ သူတို့ဆီမှာ ကြိုး စားနေကျပေါ့။ ကော်ခုံပုလေးတစ်ခုံမှာ ကြိုး ဝင်ထိုင် တော့ နံဘေးရှိ ခုံကလေးမှာ အမရာ ဝင်ထိုင်ပါသည်။ ကြိုးက မုန့်တီ ရခိုင်သုတ်တစ်ပွဲမှာသည်။

သူမကို ဘာမှာမလဲမေးတော့ . . .

"ရှင့်အထဲက နှိုက်စားမယ်လေ၊ ဘာလဲ မရဘူးလား"

အဟား . . . ကြိုး မြူးကြွသွားတာပေါ့။ သိပ်ရတာပေါ့ဟု ခပ်ရွှင် ရွှင်ပြောလိုက်၏။ မုန့်တီသုတ်ရတော့ တကယ်ပဲ ဇွန်းကလေးတစ်ချောင်း တည်းဖြင့် နှစ်ယောက်အတူ စားကြသည်။ ကြိုး ပီတိဖြာကာ ကြိတ်ကျေ နပ်နေ၏။ ပလုတ်ပလောင်းလေး စားလိုက်၊ ဟင်းချိုလေးသောက်လိုက် လုပ်နေသော သူမကိုကြည့်ကာ ဒါလည်း လောကစည်းစိမ် တစ်မျိုးပါ လားဟု ခံစားဖြစ်သည်။ တစ်ပွဲကုန်တော့ နောက်တစ်ပွဲထပ်မှာသည်။ ဒီတစ်ခါ သူမက ငရုတ်သီးတွေ အများကြီး သူမဘာသာ ယူထည့်သည်။

"အား စပ်မှာပေါ့၊ အဲ့လောက် အများကြီး"

"မရဘူး၊ စပ် စပ် . . . စား၊ ခွံ့ကျွေးမယ်နော်၊ အဟဲ"

တကယ်ပဲ သူ့ကို သူမ ခွံ့ကျွေးပါသည်။ ကြိုး မငြင်းရက်ဘူးလေ။ ကြိတ်မှိတ်မျိုချလိုက်သည်။ သူမလည်း စားသည်။ ကြိုး မျက်ရည်လည် ကာ နှာရည်တွေပါ ကျလာသည်။ သူမလည်း ထူးမခြားနား။ အမရာက ကြိုးကိုကြည့်ကာ တခစ်ခစ်ရယ်သည်။ တစ်ရှူးစဖြင့် ကြိုးကို သုတ်ပေး သည်။ သူမဘာသာလည်း ပြန်သုတ်သည်။ ပြီးတော့ ကြိုးကို အတင်း ထပ်ခွံ့ကျွေးပြီး သူမလည်း စားပြန်သည်။ တရှူးရှူးတရှဲရှဲနှင့် စားလိုက်၊





တစ်ရှူးစဖြင့် ကြိုးမျက်နှာကို သန့်ရှင်းပေးလိုက်နှင့် သူမ ရယ်ပြန်သည်။ သူမပုံစံလေး သိသာစွာ ရွှင်လန်းလာသလိုပါပဲ။

အလို. . . သူမမျက်ဝန်းမှ မျက်ရည်တွေ ကျဆင်းနေပါလား။

"အမရာ. . . အရမ်းစပ်နေပြီမို့လား၊ တော်တော့လေ"

"ဟင့်အင်း. . . မတော်သေးဘူး၊ ဆက်စားဦးမယ်"

သူမ ဆက်စားပြန်သည်။ ကြိုးကို ခွံ့မကျွေးတော့ဘူး။ သူမဘာ သာ တစ်ယောက်တည်း ပလုတ်ပလောင်းကလေး ဆက်စားနေသည်။ ပြီးတော့ တစ်ရှူးစဖြင့် ကြိုးမျက်နှာကို သုတ်ပေးပြန်သည်။ ဟင်. . . ဘာမှလည်း မရှိပဲ. . .။ ပြီးတော့ ရယ်ပြန်၏။ အိပ်မက် မက်နေသလိုပါ ပဲလား။ သူမ ဘာလို့ အခုလို ပြောင်းလဲသွားရတာလဲ. . .။ ရုတ်တရက် ကြီး. . .။ အဲဒါ ဘာ့ကြောင့်လဲ။

သူမပါးပြင်မို့မို့မှာ မျက်ရည်စီးကြောင်းတွေနှင့်. . .။ မျက်ခွံလေး တွေက ဖောင်းထူမို့အစ်လို့. . .။ နှာသီးဖျားကလေးက နီရဲချွန်ထက်လို့။ နုတ်ခမ်းသားပြည့်ပြည့်ဖူးဖူးကလေးကလည်း ရယ်သံလွင်လွင်လေးတွေ ဆုတ်လွှတ်ကြေညာလို့. . .။

ရယ်နေတာလား. . . ငိုနေတာလား. . .

တိမ်ညိုတွေကြားမှာ ငှက်တစ်အုပ် တောင်ပံဖြန့်ထုတ်၍ လူးဝဲပျံ သန်းနေကြသည်။ ငှက်ကလေးတို့မှာ နားခိုရာ အသိုက်အမြုံရှိမည်ပဲ။ ကြိုး ငှက်တစ်ကောင် ဖြစ်လိုက်ချင်သည်။ အမရာကို အသိုက်အမြုံက လေး ဖြစ်စေချင်သည်။

သူမရင်ခွင်ဆီ အပြေးအလွှား ခိုဝင်ပစ်လိုက်ချင်သည်လေ။ နွေး အိနေမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်သည် ကောင်းကင်နှင့်ပင်လယ်၏ အရောင်ဖြစ်သည်။ တည်ငြိမ်မှု၊ နက်ရှိုင်းမှုနှင့် သက်ဆိုင်သည်။ ယုံကြည်မှု၊ သစ္စာ၊ အမြော်အမြင်၊ အသိဉာဏ်၊ သဒ္ဓါတရား၊ အမှန်တရား၊ ကောင်းကင်ဘုံတို့ကို ကိုယ်စားပြု၍ ဇီဝတွင်းဖြစ်ပျက်မှုကို နှေးကွေးစေပြီး စိတ်နှင့်ခန္ဓာကို ကောင်းကျိုးပြုသည်ဟု ယူဆကြသည်။ အပြာနုသည် ကျန်းမာရေး၊ ကုစားမှု၊ ဆိတ်ငြိမ်မှု၊ ငြိမ်းချမ်းမှု၊ နားလည်မှု၊ နူးညံ့မှုတို့၏ သင်္ကေတဖြစ်ပြီး၊ အပြာရင့်သည် အသိပညာ၊ စွမ်းအား၊ သမာဓိ၊ လေးနက်မှုတို့၏ သင်္ကေတဖြစ်သည်။ မျိုးရိုးစဉ်ဆက်ကို လေ့လာသည့် ပညာမှာတော့ ဘာသာတရား ကိုင်းရှိုင်းမှုနှင့် ရိုးသားမှုဆိုပဲ။

ကောင်းကင်နှင့်ပင်လယ်သည် နားလည်ရန် ခက်ခဲသော သဘောရှိ၏။ ဂျင်းဘောင်းဘီအပြာရောင်နှင့် ကောင်မလေးသည်လည်း ကောင်းကင်နှင့်ပင်လယ် ပေါင်းစပ်ထားသကဲ့သို့ပါပဲ။

ယခု. . . သူနှင့်သူမ လိုင်းကားတစ်စီးပေါ် ရောက်ရှိနေကြပြီ။ နေဝင်ရီတရော ဆည်းဆာကောင်းကင်၏ အနောက်ခြမ်းထောင့်တစ်နေရာသည် နီစွေးအုံ့ပြာနေပါသည်။

"အခု ကြိုးကို မကြောက်တော့ဘူးလား"

"လောကမှာ ကြိုး အမျိုးမျိုး ရှိတယ်၊ ကယ်တင်တဲ့ကြိုး၊ နာကျင်စေတဲ့ကြိုး စသဖြင့်ပေါ့၊ ဒါပေမယ့် ဘယ်ကြိုးမဆို ချည်နှောင်ကြတာချည်းပါပဲ"

"ကျွန်တော်ကတော့ ခင်ဗျားအတွက် ဘယ်လိုကြိုးမျိုးဖြစ်မလဲ"

"အဲဒါက ရှင့်အပေါ် မူတည်ပါတယ်၊ ကျွန်မကတော့ လတ်တလောမှာ ရှင့်ကို ကုသပေးမယ့် ကြိုးလေးတစ်ချောင်းအဖြစ်ပဲ မြင်တယ်"





အရာရာသည် နားလည်ရခက်ခဲစွာ လျှင်မြန်နေချေ၏။

ဆူးလေလမ်းမှာ မုန့်တီသုပ်စားပြီးတော့ ဘတ်စ်ကားလျှောက်စီးချင်တယ်ဟု သူမ ပူဆာသည်။ တော်တန်ရုံ မလိုအပ်ဘဲ ဘယ်သူမှ လိုင်းကားစီးချင်မှာ မဟုတ်ပါဘူး။ ရန်ကုန်မှာ လိုင်းကားတိုးစီးရသည့်ဒုက္ခက မသေးတာမို့ သူမ၏ ဖိမ်ခံလိုမှုအပေါ် ကြိုး ထပ်ဆင့်အံ့ဩရပြန်ပါသည်။ ငြင်းဖို့တော့ ဝေးစွပေ့။

ဂိတ်စမှ စောင့်၍စီးသဖြင့် ထိုင်ခုံရသည်။ အထူးကားဆိုပေမယ့် ကြာတော့ လူတွေ ပြည့်သိပ်လာတာပါပဲ။ ထိုင်ခုံမရသူတွေကတော့ မတ်တပ်ကလေးတွေပေါ့။ နံဘေးနား ခြင်းတောင်းဖြင့် အဒေါ်ကြီးတစ်ဦး လာရပ်တော့ ကြိုး ထိုင်ရာမှထ၍ နေရာဖယ်ပေးလိုက်သည်။ ကြိုးကို အမရာ တစ်ချက် မော့ကြည့်ပါသည်။ ပြီးတော့ သူမမျက်ဝန်း ကလေးတွေ တားပြတင်းမှတဆင့် ပြင်ပကို ငေးနေလေ၏။

လမ်းမီးရောင်တွေ ဝါကျင်ကျင် ထိန်လင်းပြီ။ နေရောင်ပက်ဖျန်းထားသော ဆီဆေးပန်းချီကားတစ်ချပ်သဖွယ် ညမြင်ကွင်းတွေ ဖောင်းကြွသွား၏။ မှတ်တိုင်တစ်ခုအရောက် ကြိုးဖယ်ပေးသော နေရာတွင် ထိုင်သောအဒေါ်ကြီး ထထွက်ဆင်းသွားသောအခါ အမရာ၏နံဘေးမှာ ကြိုး ပြန်ထိုင်ပါသည်။ ခဏအကြာ နံဘေးနား ကောင်မလေးတစ်ဦး လာရပ်လေ၏။ အဲသည်ကောင်မလေး လက်ထဲမှ ထမင်းဘူးနှင့် ဖိုင်စာအုပ်ကို ကြိုး ယူကိုင်ထားပေးလိုက်ပါသည်။

ကြိုးရဲ့ ညာဘက်ပခုံး အိခနဲ. . .။

လေးဖင့်မှုနှင့်အတူ မှီတွယ်ခံလိုက်ရသည်။ အမရာ အိပ်ငိုက်ပြီ။ အစာစားပြီးမို့ နွမ်းနယ်နေသူလေး မျက်ဝန်းတို့ မှေးစင်းချေပြီ။ နှုတ်ခမ်းဖူးလေး စူလို့. . .။ သူမ အိပ်ပျော်နေပုံလေးဟာ ချစ်စရာ ကောင်းလွန်းလှချည်ရဲ့။ ယုန်ဖြူဖြူကလေးတစ်ကောင် ချမ်းအေးလွန်းလို့ ကုပ်ကုပ်ကလေး ဝပ်နေသလိုမျိုး. . .။ ထွေးဖက်ထားချင်လိုက်တာ. . .။ ဒါပေမယ့်တစ်ခမ်းမှာတော့ ဖိုင်နှင့် ထမင်းဘူးကိုသာ ကြိုးလက်မှာ မြဲမြဲစွာ ကိုင်ထားရပါ၏။ ကြာတော့ ပခုံး နည်းနည်း အောင့်နာလာသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် မလှုပ်. . .။ သူမ မေးစက်အနားယူပါစေလေ။ ဖြစ်နိုင်ရင် ရင်ခွင်ကိုတောင် ကျောခင်းစေချင်တဲ့ ငနဲပါ. . .။

ကားပြတင်းမှ လေတွေ တိုးဝင်နေတာ အေးစိမ့်စိမ့်။ အမရာ၏ ဆံချည်မျှင်တွေက ကြိုးမျက်နှာပြင်ကို လာထိစင်၏။ နည်းနည်းတော့ ကြမ်းရှပါသည်။

ထိုစဉ်အခိုက် သူမကိုယ်လုံးလေး ဆတ်ခနဲ တုန်ခိုက်သွား၏။ မျက်ဝန်းတံခါးတို့ ဖျတ်ခနဲပွင့်၍ မျက်ခုံးလေးမြင့်တက်လာလေတော့ သူမမျက်နှာပြင်ကို စိုက်ငေးနေသော ကြိုးအကြည့်တို့နှင့် ဆုံပါသည်။ သိမ်မွေ့နူးညံ့စွာ ကြိုး ပြုံးပြ၏။

နှင်းဆီငုံလေးမှ ပွင့်ချပ်တို့ လှစ်အာလာသလိုမျိုး. . .။ သူမနှုတ်ခမ်းသားတွေ တဖျတ်ဖျတ်နှင့် တောင်ပံခတ်လာသည်။

"ရှင်. . . ကျွန်မနဖူးကို. . . နမ်းလိုက်တာလားဟင်. . ."

အမရာ၏အသံက တိုးဖျော့ဖျော့လေး. . .။ တုန်ယင်လှုပ်ခတ်စွာ၊ ညင်ညင်သာသာ. . .။ ကြိုး ရင်ဘတ်ဘယ်ဘက်ထောင့်မှ ရှတ်တရက် ဆောင့်ခုန်နေသည်။

"အာ. . . မ မနမ်းပါဘူးဗျာ"

"သြော်. . . အင်း. . . အင်း. . . ပြီးရော. . ."

မျက်ဝန်းတံခါးလေးတွေ မေးမှိတ်ပြန်ပိတ်သွားသည်။ စိတ်ထဲ မရှင်းမရဲ ဖြစ်မိ၏။ ဘာသဘောနှင့် သူမ အခုလို မေးရတာလဲ။ ညာဘက်ပခုံး၏ အထိအတွေ့က နွေးထွေးတည်မြဲဆဲ. . .။ နံဘေးနားမှ ကောင်မလေးက ရွှေ့မှတ်တိုင် ဆင်းတော့မယ်ပြောပြီး ထမင်းဘူးနှင့်ဖိုင်ကို ယူသည်။ ကျေးဇူးပဲနော်ဟု ပြော၍ မှတ်တိုင်တွင်ရပ်တော့ ကားပေါ်မှ ဆင်းသွားသည်။

ဖုန်းသံမြည်လာ၏။ အမရာဆီမှ။ သူမ ကိုယ်လုံးလေး လူးလွန့်လာပြီး ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ကိုင်သည်။

"ဟယ်လို. . . ဟုတ်ကဲ့. . .၊ ပြန်လာတော့မှာပါ၊ ရတယ်၊ လိုက်မလာနဲ့၊ ဒါပဲနော်"





ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲ ပြန်ထိုးထည့်ပြီး အိပ်မှုန်စုန်ဝါးပုံစံဖြင့် သူမ ပျင်းကြောဆန့်လိုက်သေးသည်။ ပြီးတော့မှ ခေါင်းကို ဘယ်ညာရမ်းခါ ဇက်ကြောဖြေပြီး ဆောင့်နင့်နင့် ပြောလေ၏။

"ရွှေ့မှတ်တိုင် ဆင်းရအောင်"

ဘာတွေ အလိုမကျ စိတ်တိုနေရတာလဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြန်သွားခဲ့ပြီဖြစ်သည်။

အငှားယာဉ်၏ နောက်မီးနီနီကိုငေးရင်း ဘတ်စ်ကားမှတ်တိုင်၏ အမိုးအောက်မှာ ကြိုး အတန်ကြာ ရပ်နေမိပါသေးသည်။ နီယွန်မီးရောင်တို့ လမ်းမထက် ပြန့်ကျဲဖွာကျနေချေ၏။

"အမေ ဖုန်းဆက်ခေါ်နေပြီ၊ ပြန်မှ ရတော့မယ်"

လက်ယာလက်ကို ရင်ဘတ်ရှေ့မှာ ဝဲမှယာ ဝေ့ဝိုက်လှုပ်ရှားပြီး နှုတ်ဆက်ထွက်ခွာသွားသော သူမကိုယ်ဟန်လေးက အာရုံထဲမှ မထွက်။ ညဉ့်သည် နက်သထက် နက်ပေတော့မည်။ ဒီကနေ့ဟာ ဒီငနဲကို အရှူးဆေးတွေ ကျွေးသလိုပဲ။ အယ်လ်ကိုဟော မသုံးစွဲရပါဘဲနှင့်လည်း မူးထွေထွေ ဖြစ်ချင်နေသည်။ မက်မောစရာမို့လည်း မိန်းမောခဲ့တာဖြစ်မည်။

လေပွေတစ်သိုက် ရှပ်တိုက်လို့ မျက်စိရှေ့မှ အမှိုက်တစ်စ လွင့်ထွက်သွားသည်။ သူမရဲ့ အထိအတွေ့တွေ၊ သူမရဲ့ ကိုယ်သင်းရနံ့တွေ လွင့်ပြယ်ထွက်ခွာ ပြေးလွှားမသွားရလေအောင် ဖြစ်နိုင်လျှင် အိတ်တစ်လုံးနှင့် သိမ်းထုပ်ထားချင်ပါသည်။ လွမ်းမောတောင့်တမိတိုင်း ထိရှိုက်ကြည့်ချင်လို့. . .။

အငှားကားတစ်စီး ကြိုးအနီး ထိုးရပ်ပြီး ကားဆရာက ဘယ်သွားမလဲ မေးသည်။ ကြိုး ခေါင်းခါရမ်းပြလိုက်ပါ၏။ ခဏအကြာ ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသည်။ ကြိုး တက်လိုက်သွားသည်။

တက္ကစီနှင့် ဘတ်စ်ကား ကွာခြားပုံလောက်ဆိုရင်တော့ မမှုပါဘူး. . .။ အခုတော့ နင်နဲ့ငါဆိုတာ ကိုယ်ပိုင်ကားနှင့် ခြေလျှင်သမား။

မသိခင်က နစ်ဝင်နေတဲ့ဆူး. . .။ သိချိန်မှာ နှုတ်ဖယ်လို့ မရတော့ပါဘူး. . .။ မြုပ်တွယ်နေတာက ဟိုး. . . အနက်ရှိုင်းဆုံး အပိုင်းထဲမှာ. . .။

ဒီလိုနဲ့ မျက်ရည်လွယ်သောကောင်လေး ငိုပွဲတွေ ဆင်နွှဲခဲ့ရတာ အတောမသတ်ပေ။





"ဟာ. . . အစ်ကိုလေး လာပြီ"

ကြိုးကိုမြင်တာနှင့် ကောင်လေး၏မျက်လုံးကလေးတွေ အရောင်တောက်ပသွားတာ မျက်နှာကလေး ချိုမြပြုံးရွှင်သွားတာ သိသာသည်။ ညမီးရောင်ဖျော့ဖျော့ အလင်းရောက်သည့် သစ်ပင်ငယ်တစ်ပင်အောက် မှောင်ရိပ်မှာ ရပ်နေသည့် ကောင်လေးပုံစံက အရင်နေ့တွေကအတိုင်းပါပဲ။ သူ့ကိုယ်နှင့် အတန်ငယ်ပွနေသော ညစ်နွမ်းနွမ်း အနက်ရောင်တီရှပ်အကျႌလက်ရှည်နှင့် အနက်ရောင်ဘောင်းဘီရှည်ကြပ်ကြပ်ကိုပဲ ဝတ်ဆင်ထားသည်။

"ညစာ စားပြီးပြီလား ညီလေး"

"မစားရသေးဘူး အစ်ကိုလေး"

ဝါကျင်ကျင်သွားလေးတွေအဖွေးသားနှင့်ပဲ ကြိုးမေးတာကို ဖြေသည်။ ဆာလောင်နွမ်းနယ်နေမှန်း ပေါ်လွင်သိသာ၏။ တစ်ထောင်တန်နှစ်ရွက်ကို ကြိုး ထုတ်ပေးလိုက်တော့ အကြောတွေ အပြိုင်းပြိုင်းထနေသော လက်ကလေးနှစ်ဖက်နှင့် တရိုတသေ ယူသည်။ ဝမ်းသာအားရဖြစ်သွားဟန်က အရင်ညတွေကလိုပဲ ပီပြင်ထင်ရှားသည်။ လက်သည်းတွေ ရှည်နေပြီဖြစ်ကာ လက်ချောင်းကလေးတွေက ညစ်ထေးနေ၏။ အသားအရေ ညိုစိမ့်စိမ့်နှင့် ပါးခွက်ခွက်ကလေးတွေသာ ပြည့်သွားရင် ဒီကောင်လေး ဒီ့ထက် ပိုကြည့်လို့ကောင်းမှာ။

"ကျွန်တော် ပိုက်ဆံရှိရင်လေ အစ်ကိုလေး စားချင်တာတွေ ပြန်ဝယ်ကျွေးမယ်"

ဒါ ကောင်လေး ညစဉ်ပြောလေ့ရှိသော စကား။ ထိုစကားကြားရတိုင်း ဘာကြောင့်မှန်းမသိ ကြိုး ကြက်သီးတဖျင်းဖျင်းထ၍ အရေတွေ အသည်းတွေ လှိုက်တုန်သည်အထိ ပျော်သည်။ ကြည်နူးပီတိအား ထိရှဘွာ ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက အသက် ၁၄, ၁၅ ဝန်းကျင်သာ ရှိဦးမည်။ ၅ပေ ၄လက်မလောက်ရှိမည့်အရပ်နှင့်စာလျှင် ခန္ဓာကိုယ်က အတော်ပိန်သည်ဟု ပြောရမည်။ ဒီကောင်လေးနှင့် ကြိုး စတွေ့တာ ယခုလိုညအချိန် အိမ်အပြန်လမ်းမှာပဲဖြစ်၏။

ထိုညက. . .

"ပိုက်ဆံလိုချင်တယ်ဆိုကွာ၊ လိုချင် ဦးကုန်းချလေ၊ ဖေဖေကြီးတို့ရယ် သားကို ပိုက်ဆံပေးပါလို့လည်း ပြောလေ"

"ဖေဖေကြီးတို့ရယ် သားကို ပိုက်ဆံပေးပါ"

"ထပ်ပြောဦး"

"ဖေဖေကြီးတို့ရယ် သားကို ပိုက်ဆံပေးပါ"

အားငယ်ရှက်ရွံ့တုန်လှုပ်နေဟန် အသံတုန်တုန်ယင်ယင်ကလေးက ကြိုးကို ဖမ်းစားလိုက်တာ ဖြစ်၏။

"ဦးလည်းချလေကွာ"

လမ်းဘေး ပလက်ဖောင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာပေါ့။ လူငယ်တစ်စုက ရယ်ရယ်မောမော ခိုင်းစေတော့ ကောင်လေးက တတွတ်တွတ် ရွတ်ဆိုကာ အကြိမ်ကြိမ်ဦးချ၍နေသည်။ ကြိုး လျှောက်လက်စခြေလှမ်းတွေ ရပ်၍ မနီးမဝေးမှ အသာငေးကြည့်နေဖြစ်သည်။

"ကျွန်တော် အစ်ကိုကြီးတို့ ပြောခိုင်းသလိုလည်း ပြောပြီးပြီ၊ အစ်ကိုကြီးတို့ကိုလည်း ဦးချပြီးပြီ၊ ပိုက်ဆံပေးတော့လေ"

"ဘာလို့ပေးရမှာလဲကွ၊ မင်းတို့လိုကောင်တွေက ဒီလိုပဲ ညာတာပါတေးနဲ့ ပိုက်ဆံလိုက်တောင်း၊ ပြီးရင် ကွမ်းဝယ်စားတဲ့ကောင်နဲ့ ဘီယာဝယ်သောက်တဲ့ကောင်နဲ့၊ စီးကရက်လက်ကြားညှပ် ငြိမ့်နေတဲ့ကောင်နဲ့၊ မပေးနိုင်ဘူး၊ မင်းတို့ကောင်တွေ ဒီလိုနှိမ်ထားမှ သွားတော့"

"ကျွန်တော်က တကယ် ထမင်းမစားရသေးလို့ တောင်းတာပါခင်ဗျာ၊ ပိုက်အရမ်းဆာနေလို့ပါ"

"မပေးနိုင်ဘူးလို့ ပြောနေတယ်လေကွာ၊ သွားတော့ဆို၊ မသွားရင်





ရေနွေးပူနဲ့ ပက်မှာနော်"

ကောင်လေးက တအိအိနှင့် ရှိုက်ငိုနေသည်။ ဆိုင်ရှင်ဖြစ်ပုံရသူက "ငါ့ဆိုင်ရှေ့ လာငိုမနေနဲ့၊ ဆိုင်လာဘ်တိတ်တယ်ကွ၊ ထွက်သွားစမ်း" ဟု၍ တွန်းလွှတ်မောင်းထုတ်မှ ပေရပ်နေသော ကောင်လေး ယက်ကန်ယက်ကန်နှင့် ရှိုက်ငိုရင်း ထွက်သွားလေသည်။

ကြိုး ခြေလှမ်းတွေ ကောင်လေးနောက်သို့ မျောပါသွားသည်။ အနားရောက်သောအခါ ကြိုးလက်တစ်ဖက်က ကောင်လေးပခုံးပေါ် နွေးထွေးစွာ. . .။

ကောင်လေးခန္ဓာကိုယ် ဆတ်ခနဲ တုန်ယင်သွားသည်။

"မကြောက်ပါနဲ့ ညီလေး၊ အစ်ကို ညီလေးကို ဘာမှ မလုပ်ပါဘူး။ ညီလေး တကယ် ပိုက်အရမ်းဆာနေတာလား"

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် ဒီနေ့ တစ်နေကုန် ဘာမှ မစားရသေးလို့ပါ"

မျက်ရည်စီးကြောင်းတွေက ကောင်လေးပါးပြင်မှာ အထင်းသား။ မျက်ဝန်းလေးတွေက မျှော်လင့်ချက်ကြီးစွာဖြင့် တစ်စုံတစ်ရာကို ငံ့လင့်လျက်။ ကြိုးထံမှ ငွေစက္ကူတချို့ ကောင်လေးလက်ထဲ ကြည်ဖြူစွာ ရောက်သွားတော့၏။

ဒီလိုနှင့်ပဲ ကြိုး၏ညတွေမှာ အနက်ရောင်ကောင်လေး ပါဝင်လာခဲ့လေ၏။

အရင်ညတွေကတော့ ဖြတ်သွားဖြတ်လာ တွေ့ဆုံမှုလောက်သာ။ ဒီညတော့ ကောင်လေးနှင့်အတူ ကြိုး ညစာစားဖြစ်သည်။ ၁၇လမ်း ထိပ်ရှိ ပလက်ဖောင်းဆိုင်တစ်ဆိုင်မှာပဲ ဖြစ်၏။ ထိုဆိုင်က ဟင်းအရသာ တွေကို ကြိုး သိပ်ကြိုက်သည်။ ကောင်လေးလည်း တော်တော်ခံတွင်းမြိန် ပုံပါပဲ။ စားလိုက်တာ အားရပါးရ ပလုတ်ပလောင်း။ ထိုမြင်ကွင်းက ကြိုးကို အရမ်း ကြည်နူးစေ၏။

"ထည့်စား ညီလေး၊ လိုတာ ထပ်မှာ"

"ကျွန်တော် ပိုက်ဆံရှိရင်လေ၊ အစ်ကိုလေး စားချင်တာတွေ လိုချင်



www.burmeseclassic.com

www.burmeseclassic.com



တာတွေ အကုန်ဝယ်ပေးမယ်"

တသွတ်သွတ်စားရင်းပဲ ထိုစကားကို တတွတ်တွတ် ပြောနေ၏။

"ညီလေးနာမည် ဘယ်လိုခေါ်လဲ"

"အီစွတ်လို့ခေါ်ကြတယ် အစ်ကိုလေး"

"နာမည်က အမိုက်စားပဲကွ"

"ဘာလို့လဲဟင် အစ်ကိုလေး၊ သူများတွေပြောတော့ အစေခံနာမည်ဆို"

"အီစွတ်ဆိုတာ ကမ္ဘာကျော်ပုံပြင်ဆရာ ပညာရှိကြီးရဲ့ အမည်ပါ"

ထမင်းဟင်းစားပြီးတော့ ကောင်လေးကို ပုံပြင်ဆရာကြီးအီစွတ် (Aesop)အကြောင်း ကြိုး ပြောပြလိုက်သည်။ အီစွတ်ပုံပြင်များ (AESOP FABLES) သည် ကမ္ဘာ့ပုံပြင်လောကတွင် အထင်ရှားဆုံးသော ပုံပြင်များဖြစ်သည်။ အမေရိကန်သမ္မတကြီးလင်ကွန်းသည် အီစွတ်ပုံပြင်စာအုပ်ကို လက်စွဲပြုခဲ့၏။ ဆိုကရေးတီး၊ ပလေတိုတို့ စကားထဲမှာလည်း အီစွတ်ပုံပြင်တွေ ပါဝင်နေတာ လေ့လာတွေ့ရှိရ၏။ ဆိုကရေးတီး အကျဉ်းကျနေခဲ့စဉ်က အီစွတ်ပုံပြင်ထဲမှ ဇာတ်လမ်းတွေ သူ့ကဗျာမှာ ပါဝင်လေသည်။

ပုံပြင်ဆရာကြီး အီစွတ်သည် ခရစ်မပေါ်မီ အနှစ် ၆၀၀လောက်က ပေါ်ထွန်းခဲ့သည်ဟု ဆို၏။ ဂရိလူမျိုးကျေးကျွန်တစ်ယောက်ဖြစ်ပြီး ရုပ်ဆိုး၍ အရပ်ပုသော်လည်း ထက်မြက်သော ဉာဏ်ရှိသည့် ပုဂ္ဂိုလ်ထူးဖြစ်သည်။ အီစွတ်သည် ပုံပြင်များစွာကို တီထွင်ဟောပြောကာ လူသားတို့ကို ဆုံးမခဲ့လေ၏။

ပုံပြင်ဆရာကြီးအီစွတ်၏ နိမ့်ကျသောဘဝနှင့် ထူးချွန်မှုတို့ ယှဉ်နှိုင်းကာ ကောင်လေးကို မသိမသာ အားပေးစကားတွေ ပြောဆိုနေလိုက်ပါ၏။ ဘဝကို စိတ်ပျက်ခြင်း၊ အားမလိုအားမရဖြစ်ခြင်းဆိုတာ အခြေအနေ အတန်းအစားမရွေး လူသားတိုင်း ရင်ဆိုင်ခံစားရသည့် သောကပဲလေ။

"ညီလေး ညအိပ်တော့ ဘယ်မှာအိပ်လဲ"





"ကမ်းနားမှာ အိပ်တာ အစ်ကိုလေး"

"အရင်က ဘာအလုပ်လုပ်လဲ"

"လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး"

ပန်းကန်လွတ်ကျကွဲ၍ သောက်သုံးသူကိုလည်း ထိစင်သွားသည့်အတွက် ဆိုင်ပိုင်ရှင်မှ အလုပ်ထုတ်ပစ်လိုက်သည့်အကြောင်းအပြင် မိဘမဲ့ ကလေးတစ်ဦးဖြစ်ကြောင်းပါ သိလိုက်ရသည်။

"ညီလေးမိဘတွေက ညီလေးငယ်ငယ်ကတည်းက ဆုံးသွားကြတာလား"

"မဟုတ်ဘူး အစ်ကိုလေး၊ အဖေကတော့ တိုက်ပွဲမှာကျတာ၊ အမေကတော့ ပြေးရင်းလွှားရင်း ဗုံးဆံထိဆုံးတာ"

အီစွတ်သည် စစ်မက်၏ သားကောင်၊ ယမ်းခိုးတွေကြားက မြေဇာခင်ကလေး။ မိဘတွေ ဆုံးပါးသွားတော့ ခိုတွယ်ရာ ပျောက်ဆုံးလျှက် အသက်ရှင်ရပ်တည်နိုင်ဖို့ အလူးလူးအလိမ့်လိမ့် ကြိုးစားရင်း တဝဲလည်လည်ဖြင့် ရန်ကုန်မြေရောက်လာခဲ့တာဖြစ်ကြောင်း သိရသည်။ ငယ်ငယ်ရွယ်ရွယ် မိမဲ့ဖမဲ့ မျက်နှာငယ်စွာ သူ့ဘဝကလေး အဘယ်မျှ ခက်ခဲကြမ်းတမ်းရှာလေမလဲ။ ဘဝဒဏ်ရာတွေကြောင့် လူသာမက စိတ်ဒဏ်ရာတွေဆော ဘယ်လောက်များပြားနေရှာမလဲ။

အခြားနိုင်ငံတွေမှာ စစ်ပွဲတွေဖြစ်သလို မြန်မာနိုင်ငံမှာလည်း စစ်ပွဲတွေ ဖြစ်သည်။ ပြည်တွင်းစစ်၊ ကျူးကျော်စစ်၊ ခုခံကာကွယ်စစ်၊ နယ်ချဲ့လုသော စစ်၊ အာဏာလုသော စစ်၊ တရားသော စစ်၊ မတရားသော စစ်၊ ဘယ်စစ်မဆို အနိဋ္ဌာရုံတွေသာပဲ မဟုတ်လား။ စစ်ပွဲ၏ အကျိုးဆက်သည် စစ်တလင်းမှာတင် ပြီးဆုံးသွားတာမဟုတ်။

အိုးပစ်အိမ်ပစ် မိတကွဲဖတကွဲ ဆိုးဝါးစုတ်ပြတ်သွားသော စစ်ဘေးဒုက္ခသည်တွေ အများကြီးပါပဲ။

"ညီလေးကို အစ်ကို ပြန်လိုက်ပို့ပေးမယ်"

အီစွတ်ပခုံးကိုဖက်၍ သူအိပ်စက်ရာ ကမ်းနားအထိ ကြိုး ပြန်လိုက်ပို့ဖြစ်သည်။ ဘုန်းကြီးလမ်းအောက်လမ်းအတိုင်း စုန်ဆင်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ကမ်းနားလမ်း မြစ်ဘက်ခြမ်းရှိ လမ်းပေါ်မှာ လမ်းမကို ကျောခင်း၍ အိပ်စက်နေသူတို့အား အုံ့ဩဖွယ် တွေ့မြင်လိုက်ရလေသည်။ ဒီတစ်ဝိုက်တွင် နေထိုင်သွားလာနေပေမယ့် ယခုလိုညအချိန် ဒီနေရာတစ်ခါမှ မရောက်ဖူးသဖြင့် မြင်ကွင်းက ကြိုးကို တုန်လှုပ်သွားစေ၏။

"ညီ ညီလေးအိပ်တာက . . ."

"အဲ့လမ်းပေါ်မှာပဲ အိပ်တာလေ အစ်ကိုလေး၊ အဲဒီလမ်းမကြီးက ကျွန်တော်တို့လို အိမ်ယာမရှိသူတွေအတွက် ကျောခင်းစရာ အိပ်ရာပါပဲ"

ရင်မှာ ဆူး စူးသွားသည်။

စိန်ရွှေရတနာဆိုင်ကြီးတွေ၊ စတိုးဆိုင် စူပါမားကတ်ကြီးတွေ၊ တည်းခိုခန်းနှင့် ဟိုတယ်ကြီးတွေ၊ မီးရောင်မှိန်မှိန်နှင့် ငွေပေးရင် အကုန်ဖြစ်လို့ရတယ်ဆိုသော အနှိပ်ခန်း ဇိမ်ခန်းတွေ၊ ၁၉လမ်းမှ ယမကာနှင့် အသားကင်နံ့တွေ၊ ထူးဆန်းထွေလာ စားဖွယ်စုံတွေ၊ စင်တင်တေးဂီတပါ စားသောက်ဆိုင်ကြီးတွေနှင့် ပြည့်တန်ဆာကနေ မူးယစ်ဆေးအထိရသည့် ကလပ်တွေ၊ ဆေးရုံဆေးခန်းတွေ၊ ရုပ်ကွက်ရုံးနှင့် ရဲစခန်းတွေ၊ ဘုန်းကြီးကျောင်းဆောင်တွေ အများကြီးရှိသည့် သရက်တောကျောင်းတိုက်ဝင်းကြီးနှင့် တရုတ်တန်းမှ အလန်းလေးတွေဆိုတာကအစ ရန်ကုန်မြို့မှာ ဒီတစ်ဝိုက်မှာ နီးစပ်ရာ မြင်တွေ့ကြားဖူးသမျှ အာရုံထဲ တရိပ် ရိပ်ပေါ်လာသည်။

ရာသီဥတုသည် ပူခြင်းအေးခြင်း အပြောင်းအလဲရှိ၏။ မြေပြင်တမံတလင်း ကတ္တရာလမ်း ကွန်ကရစ်လမ်းတို့သည် အပူအအေး စုပ်ယူသော အငွေ့ပျံသော သဘောရှိ၏။ ရောဂါဘယသည် သဘာဝမှလာ၍ ခန္ဓာတွင် သန္ဓေတည်၏။

တစ်ဘက်ခြမ်း လမ်းမတွင် ကားတွေ တဝီဝီ ကူးဖြတ်သွားလာနေကြသည်။ လမ်းကို ခေါင်းတင်ကျောခင်း၍ အိပ်စက်နေသူတွေကတော့ ဟန်မပျက်ချေ။

သူတို့ နားမညည်းကြဘူးလား။





သူတို့ရင်ထဲ နှလုံးသားထဲ ဦးနှောက်ထဲမှာ အော်ဟစ်ပြေးလွှားနေသော ကားသံတွေထက် ဆူညံသောအသံတွေ အော်မြည်လှုပ်ရှားနေလေမလား။

အာရှတိုက်တွင် မြန်မာနိုင်ငံ၏ အိမ်၊ ခြံ၊ မြေ စျေးနှုန်းသည် အမြင့်မားဆုံးဖြစ်နေသည့်အချက်က အောက်ခြေလူတန်းစားတွေအတွက် လှုပ်လေမြုပ်လေ ဝဲဂယက်တစ်ခုပေပဲလား။



www.burmeseclassic.com

www.burmeseclassic.com



# please



## (ပုံပြင် - ၈)

တစ်နေ့ပေါ့. . . ။

တွေးခေါ်ပညာရှင်ကြီး ကွေဂျင်သပ်က ကျေးကျွန်ဖြစ်သူ အီစွတ်တို ရေချိုးဆိပ်မှာ လူသိပ်များ,မများ သွားကြည့်ခိုင်းတယ်။

အီစွတ် ရေချိုးဆိပ်ကို သွားတော့ ရေချိုးဆိပ်သွားရာလမ်း တံခါးပေါက်မှာ ကျောက်တုံးတစ်တုံးရှိနေတယ်။ လူအများက ကျောက်တုံးနှင့်တိုက်မိပြီး ဆဲဆိုသွားကြတယ်။ မည်သူကမှ ကျောက်တုံးကို မဖယ်ရှားကြဘူး။

ခဏနေတော့ လူတစ်ယောက် ရောက်လာတယ်။ အဲဒီလူဟာ ကျောက်တုံးနှင့်တိုက်မိပြီးနောက် ကျောက်တုံးကို ဖယ်ပစ်လိုက်တယ်။

အီစွတ် အိမ်ပြန်ရောက်သောအခါ ပြောပါတယ်။

"မြစ်ဆိပ်မှာ လူတစ်ယောက်တည်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ဒီကနေ့ တနင်္ဂနွေသည် တွဲလက်မိသားစု၏ လစဉ်တွေ့ဆုံပွဲနေ့ရက်ဖြစ်၏။ တွေ့ဆုံပွဲသို့ အီစွတ်ကိုပါ ကြိုး ခေါ်ဆောင်လာခဲ့သည်။ ယခုတော့ ကောင်လေးက အဝတ်အစားသစ်များနှင့် သန့်ရှင်းစွာ၊ အဝတ်ထုပ်ကလေးကိုလည်း လက်မှာ ပွေ့ပိုက်လို့။ ကျော့ကျော့မော့မော့လေးပေါ့။

ကြိုးတို့နှစ်ယောက် တွေ့ဆုံပွဲရောက်တော့ တွဲလက်မိသားစုဝင်တချို့ ဦးစွာရောက်နှင့်နေကြပြီ။ တွဲလက်မိသားစုဝင်တစ်ဦးဖြစ်သူ မယဉ်မျိုးခိုင်ထံ အီစွတ်ကို အပ်နှံလိုက်၏။ အကျိုးအကြောင်းတွေ ကြိုတင်ပြောဆိုပြီးသား။ မယဉ်မျိုးခိုင်သည် မြန်မာထမင်းဆိုင် ဖွင့်ထားသော အပျိုကြီးမမတစ်ဦးဖြစ်၏။ နွေးထွေးကြည်လင်သော အပြုံးက ဖော်ရွေဟန်အပြည့်နှင့်။

အီစွတ်ကလေးအတွက် ကြိုး စိတ်အေးသွားပါသည်။

"ကျွန်တော့်ကို ညစဉ် ထမင်းဖိုးလာပေးခဲ့တာတွေအတွက်ကော၊ အခုလို အလုပ်ရှာပေးတဲ့အတွက်ကော၊ အစ်ကိုလေးအိမ်မှာ ခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ထားတဲ့အတွက်ကော၊ အဝတ်အစား

www.burmeseclassic.com



တွေ ဆင်ပေးတဲ့အတွက်ကော၊ အိပ်ရာဝင်ခါနီး ပုံပြင်တွေ ပြောပြ သိပ်တဲ့အတွက်ကော. . . အစစအရာရာအတွက် အစ်ကိုလေး ကျေးဇူးကို ကျွန်တော် ဒီတစ်သက် မမေ့ပါဘူး၊ အစ်ကိုလေး ခိုင်း စရာရှိရင် ကျွန်တော့်ကို အချိန်မရွေး ခေါ်ခိုင်းပါ၊ အစ်ကိုလေး အတွက်ဆို ဘာပဲဖြစ်ဖြစ် ကျွန်တော် လုပ်ပေးဖို့အသင့်ပဲ"

အီစွတ် မျက်ရည်လေးတွေဝဲကာ လူအများရှေ့မှာပဲ ကြိုးကို ကန် တော့သည်။ ကြိုး ထိုင်နေရာမှထ၍ အီစွတ်ကို တား၏။

"အစ်ကို့ကို ကန်တော့ဖို့ မလိုပါဘူး ညီလေးရယ်၊ ညီလေး လိမ်လိမ် မာမာပဲ နေပါ၊ ပြောစကား နားထောင်ပြီး အလုပ်ကြိုးစားနော်"

"အစ်ကိုလေးနဲ့ ခွဲရမှာ ကျွန်တော် ငိုချင်တယ်ဗျာ၊ ကျွန်တော် အစ်ကိုလေးနဲ့ပဲ နေလို့ မရဘူးလားဟင်"

အီစွတ်အမူအရာနှင့် ပြောစကားတွေက ကြိုးကို ထိသည်။ နင့် နင့်စွာ ခံစားမိစေ၏။ ရက်ကာလအတန်ကြာ တစ်အိမ်တည်း အတူနေထိုင် ခဲ့သော အီစွတ်နှင့်ခွဲရမှာ ကြိုးလည်း စိတ်မကောင်းဘူး။

"ဒီအစ်မနဲ့လိုက်သွားတာက ညီလေးအတွက် ပိုအဆင်ပြေမှာမို့ ပါ ညီလေးရယ်"

ရင်မှာ မချိသည်မို့ အီစွတ်ကို မျက်နှာလွှဲ၍ ကြိုး ပြောဆိုလိုက်၏။ နောင်ရေးကို ကြိုတွေးမှုတို့ဖြင့် ကြိုးရင်ဘတ် တင်းကြပ်နေတာတော့ အခြားသူတို့ သိကြမည် မဟုတ်ပါဘူးလေ။

"မမကြီးကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်ဗျာ"

အီစွတ်က မယဉ်မျိုးခိုင်ကိုလည်း ကန်တော့သည်။ မယဉ်မျိုးခိုင် ကလည်း မကန်တော့ဖို့ တား၏။ အားလုံး အီစွတ်ကို ငေးနေကြချေ၏။

"ကျွန်တော် ရန်ကုန်မြေမှာ ဆက်နေဖြစ်ဖို့ဆိုတာ မသေချာလို့ပါ အစ်မရယ်၊ အစ်မကို ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေမှာ အရမ်း အား နာတယ်"

"မဟုတ်တာပဲ သားရယ်၊ အစ်မလည်း ဆိုင်အတွက် လူလိုနေတာ၊ အဆင်ပြေသွားတာပေါ့၊ ဆိုင်ကို ညစောင့်အိပ်ဖို့ လူလည်း ရတာ





ပေါ့၊ သားကိုတောင် ကျေးဇူးတင်ရဦးမယ်"

မယဉ်မျိုးခိုင်က ကြိုးကို သားဟု ခေါ်လေ့ရှိသည်။

"ကြိုးက ရန်ကုန်မှာ ဆက်မနေတော့ဘူးလား"

"ဘာလို့လဲ၊ တခြားနေရာ ပြောင်းမလို့လား၊ နယ်ပြန်မလို့လား"

"စာအုပ်ထုတ်ဝေရေးနဲ့ ပရဟိတကိစ္စတွေကကော"

"မသေချာသေးပါဘူး၊ သေချာရင် ပြောပါမယ်"

မေးခွန်းတွေကို ပြုံးပြုံးရွှင်ရွှင်ပဲ ကြိုး တုံ့ပြန်ဖြေသည်။ အီစွတ် အကြောင်း မေးကြတော့ အနည်းအပါး ပြောပြလိုက်၏။ အမှတ်မရှိဘူး နော်ဟု တစ်ယောက်က ပြုံး၍ပြောသည်။ ပြောလည်း ပြောချင်စရာပါ လေ။

တစ်ခါက နယ်မှတက်လာသည် အခက်အခဲဖြစ်နေသည်ဆိုသော သားအမိနှစ်ဦးကို ကြိုးအိမ်မှာ ခေါ်ထားဖူးသည်။ အဝတ်အပိုမပါ၍ အဝတ်ဝယ်ပေးသည်။ ဖိနပ်မကောင်းတော့ဆို၍ ဖိနပ်ဝယ်ပေးသည်။ သုံးစွဲစရာ ငွေကြေးအထိုက်အလျောက်ပေး၍ အိမ်မှာပဲ ချက်ပြုတ်စား စေသည်။ ကြိုး အပြင်မှ ပြန်လာလျှင်လည်း စားသောက်စရာ တစ်ခု မဟုတ်တစ်ခု ဝယ်ယူလာပေးခဲ့၏။ လူစိမ်းတွေနှင့်ဆို မနေတတ်တာ လည်း ပါသလို၊ တိုက်ခန်းက ကျဉ်းသည်မို့ သူတို့မလွတ်လပ်မှာစိုး၍ ညအိပ်ချိန်ဆို အနေနီးသည့် သူငယ်ချင်း သရုပ်ဆောင်မင်းသားတစ် ယောက်အိမ်မှာပဲ ကြိုး သွားအိပ်သည်။ ရေချိုး အဝတ်လဲချိန်လောက်သာ အိမ်အဝင်အထွက်ရှိသည်။ ထိုရက်ပိုင်းတွေမှာ ရင်းနှီးသော ပရိုဂျူဆာ တစ်ဦး၏ အကူအညီတောင်းမှုကြောင့် DVD ကားကြီးတစ်ကား ရိုက် ကူးရေးတွင် စီမံကွပ်ကဲပေးရသလို ဇာတ်ညွှန်းလည်း ပါဝင်ရေးသားပေး ရ၏။

ထို့အတွက် နေ့ဘက်လည်း အိမ်မကပ်နိုင်။

တစ်ရက် ကြိုး ရှူတင်သွားရာမှ ပြန်လာတော့ အိမ်တစ်ခုလုံး ပြောင်းဆန်နေသည်။ ပစ္စည်းပစ္စယတွေ ဖရိုဖရဲ မွစာကြဲနေ၏။ TV နှင့် အဝတ်အထည် အပါအဝင် ပစ္စည်းတချို့နှင့် လက်ကျန်ငွေ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပါ မရှိတော့။ သော့တွေလည်း အကုန်ဖျက်ထားသည်။ မွေ့ယာကြီး ရွှဲစောင်းလို့ ဘီရိုနှင့် သေတ္တာလေးက ဟောင်းလောင်း။ ရယ်ရမလို ငိုရမလိုပါပဲ။ ထိုရက်တွေက စာအုပ်အသစ်ဖြန့်စမို့ ငွေက လက်ထဲမှာ မရှိ။ ဆိုင်တွေမှ အချိန်တန် ပြန်တောင်းယူရမည့် ဘောင်ချာတွေသာ ရှိသည်။ အဲဒီဘောင်ချာကလေးတွေ မ,မသွားတာပဲ ကျေးဇူးတင်ရမလိုပါ။

သူတို့မရောက်ခင် ရက်တွေက နယ်မှသူငယ်ချင်းတွေ တစ်လလောက် လာနေသွားတာမို့ ထိုရက်ပိုင်း ငွေကြေးအခက်အခဲ တော်တော်ဖြစ်နေတာ။ ရန်ကုန်ရှိ သူငယ်ချင်းတစ်ယောက်ထံမှ ချေးငှားပြီး သူတို့ကို နေ့စဉ်သုံးစရိတ် ထုတ်ပေးခဲ့ရတာ ထိုသားအမိဆိုသူနှစ်ယောက် သိမည်မဟုတ် . . .။ လိုက်လံရှာဖွေဖို့ အပြစ်ပေးဖို့ မကြိုးစားတော့ပါ။ သူတို့လိပ်ပြာကသာ သူတို့ကို အစဉ်အမြဲ ခြောက်လှန့်နေမည် မဟုတ်လား။ သူတို့လည်း မလိုအပ်လျှင် လုပ်မည်မထင်။ လိုအပ်တိုင်းကော ထိုသို့ လုပ်သင့်ပါသလား။ အတ္တနှင့်ပရ ယှဉ်လာလျှင် အတ္တကိုသာ ရွေးတန်းတင်တတ်သော ခေလေ့က လူသားရပ်ကွက်မှာ အလွန် ခေတ်စားလေသည်။

ထိုကဲ့သို့သော စာရိတ္တပျက်ပြားမှုတွေ ဖြစ်ပေါ်လာတာ ဘာ့ကြောင့်လဲ. . .။

မျိုးရိုးဗီဇကြောင့်လား. . .။ အစဉ်အလာကြောင့်လား. . .။ ဆင်းရဲကြပ်တည်းမှုတွေကြောင့်လား. . .။ ဒါမှမဟုတ် အခြား ဘာလဲ. . .။

ထိုစဉ်က ကြိုး တော်တော် ဒုက္ခတွေ့ခဲ့သည်။ သို့သော် မိမိလိုအပ်လစ်ဟာချက်တွေလည်း များစွာပါသည်မို့ ဘဝ၏ အတွေ့အကြုံ သင်ခန်းစာဟုသာ သတ်မှတ်လိုက်ရတော့၏။ နာကျင်တာတော့ နာကျင်ရသည်ပဲပေါ့။ ဒါဟာ တကယ့်ဖြစ်ရပ်မှန်မို့ အခြားသူတွေ ဆင်ခြင်နိုင်စေရန် ဗဟုသုတအလို့ငှာ တွဲလက် တွေ့ဆုံပွဲတစ်ခုမှာပဲ ကြိုး ပြောပြခဲ့တာဖြစ်၏။

ကြိုးဆိုတာ တစ်ခါမက ထင်ရာစိုင်းတတ်သည့် အဲသည်လို ပေါ့ဆသည့်ဖျင်းသူလည်း ဖြစ်ပေသေးရဲ့။





အရင်က ကြိုး အမြဲလို ပြောလေ့ရှိသည်။ ကိုယ် တစ်ခုခုလိုချင်ရင် အရင်ပေးပါ ဟူ၍။ ယခုနောက်ပိုင်းတော့ ထိုစကားကို သိပ်မကိုးကွယ်ချင်တော့။ ကိုယ် အပြုံးပေးလို့ အပြုံးပြန်ရတာတွေ ရှိသလို အမုန်းပြန်ရတာတွေလည်း ရှိတတ်သည်မို့လား။ ကိုယ်ပေးလိုက်သည့် တစ်စုံတစ်ရာမှာ မျှော်လင့်ခြင်း မပါဝင်စေဖို့သာ လေ့ကျင့်ကြိုးစားနေပါတော့သည်။ လောကဓံတွေကပဲ လူကို သတိရှိစေခဲ့၏။ နာကျင်ရင့်ကျက်စေခဲ့၏။ သံသယဆိုတာ ဖြစ်ပေါ်စေခဲ့၏။ အမျက် ဒေါသ အာယာတတို့ပေါ်ပေါက်စေတတ်၏။

ပိတ်ပင်တားဆီးမှု၊ အခက်အခဲ၊ အကြပ်အတည်း၊ လောကဓံကြမ်းကြမ်းတို့နှင့် တွေ့ကြုံရင်ဆိုင်ရလေတိုင်း ကြိုးနှုတ်မှ အမြဲ ရေရွတ်လေ့ရှိသည်။ "ငါဟာ တန်ခိုးရှိတာပဲ" ဟူ၍။

"ဟယ် အတိုဂျိုး . . . အတိုဂျိုး ရောက်နေနီနား၊ ဒီနာ အတိုဂျိုးအန္တက် နမနေး နွှန်း နောက်နောခွေးနေ ယူနာနယ်၊ အဲ့နောက်နှော မနီးသေးနို့ နောင့်ယူရနာ နယ်နယ် နောက်နသွားနား စောလွှီးနော်"

ဘဝပေးအရ အပေါ်နှုတ်ခမ်းသားကလေး ကွဲအက်နေ၍ စကားပြောလျှင် အသံထွက် မပီသသော ကျောက်ကျောသည်မလေး ယွန်းပါလေ။ ရောက်ရောက်ချင်းပဲ ကြွပ်ကြွပ်အိတ်ကလေးဖြင့် ထည့်ယူလာသော ကျောက်ကျောတုံးကလေးတွေ ကြိုးထံ ကမ်းပေးသည်။ ကြိုး အားပါးတရစားပြလိုက်တော့ သူမ ပျော်သွားဟန်က အထင်းသား။

"စားကောင်းနား အတိုဂျိုး၊ အဲနာ နီမလေး နွှန်း တိုနိုင် နှုတ်ထားတာ"

"ဟား သိပ်ကောင်းပဗျာ၊ ငါ့ညီမလေးလက်ရာက တော်တော်ကောင်းတာပဲ"

ကြိုး ချီးကျူးလိုက်တော့ ယွန်းမျက်နှာက ပြုံးဖြီးဖြီးလေး။ မနောရှင်တယ်ဆိုသလို ရုပ်မျိုး။ တကယ်လည်း ကြိုး ကျောက်ကျောကြိုက်သည်။ သုံးဝ ရှောင်ကျဉ်တာ မဟုတ်ပေမယ့် သိပ်မကြိုက်သဖြင့် အသားဟင်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မစားသော ကြိုးသည် အသီးအရွက်ဟင်းလျာတွေနှင့် အသီးအနှံတွေ အစားများသည်။ တခြား သွားရေစာတွေကျ စားခဲ့ပေမယ့် တစ်ခါတရံ ရခိုင်မုန့်တီသုတ်နှင့် အုန်းနို့ကျောက်ကျောကိုတော့ ဝယ်စားတတ်သည်။ ကြိုး ကျောက်ကျောစားချင်လျှင် ရွှေဘုံသာအထက်လမ်းတွင် ညနေတ စောင်း ဗန်းကလေးဖြင့် ထိုင်ရောင်းလေ့ရှိသည့် ယွန်းထံမှာ ဝယ်ဖြစ် တာ များသည်။ ကွဲအက်ရာပါသော နှုတ်ခမ်းလေးနှင့် မပီကလာ ပီက လာ အသံလေးကြောင့်ပဲ ယွန်းကို ကြိုး မှတ်မှတ်ထင်ထင် ရှိခဲ့တာပေါ့။

တစ်နေ့ ကြိုး ကျောက်ကျောသွားဝယ်တော့ ယွန်း တသိမ့်သိမ့် ရှိုက်ငိုနေပါသည်။ ဝယ်နေကျမို့ မျက်မှန်းတန်းမိနေပြီဖြစ်သော ကြိုးက ချော့မေးတော့ သူမက အဖြစ်သနစ်ကို ပြောပြသည်။ နားလည်ဖို့တော့ အတော် ကြိုးစားရတာပေါ့။ ကောင်လေးတစ်စုက သူတို့ပြောသလို အသံ ထွက်ပီသအောင် လိုက်ပြောနိုင်လျှင် ကျောက်ကျောတစ်ဗန်းလုံး ဝယ် ယူမည်ဟု ပြောကြောင်း၊ ယွန်းလည်း ကြိုးစား၍ ပြောပေမယ့် သူတို့လို မပြောနိုင်ကြောင်း၊ ထိုအခါ ကောင်လေးတွေက ကျောက်ကျော မဝယ် သည့်အပြင် လှောင်ပြောင်သရော်၍ ထွက်သွားကြောင်း သိရ၏။

မိမိ၏ အမှတ်မထင် လုပ်ရပ်ဟာ အခြားသူအဖို့ နာကျင်စွဲထင် စေကြောင်း၊ မိမိ၏ ပျော်ဖြေရေးဟာ အခြားသူကို ထိခိုက်နစ်နာမှု မဖြစ် စေဖို့ ဂရုပြုသင့်ကြောင်း မေ့လျော့တတ်တာ လူ့သဘာဝတစ်ခုပေပဲလား။

နိုင်ငံကြီးသားပီသမှုဆိုတာ အဘယ်အရာကို ဆိုလိုပါသနည်း။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံထက် အရွယ်အစားကြီးမားသော နိုင် ငံများမှာ ၃၉ နိုင်ငံသာရှိပြီး၊ မြန်မာနိုင်ငံထက် အရွယ်အစားသေးငယ် သော နိုင်ငံများမှာ ၂၀၉ နိုင်ငံ ရှိသည်။ မြန်မာနိုင်ငံထက် လူဦးရေနည်း သော နိုင်ငံစုစုပေါင်း ၂၁၆ နိုင်ငံရှိ၏ဟု သိရသည်။

ကြိုးကတော့ နိုင်ငံအကျယ်အဝန်း ကြီးခြင်းငယ်ခြင်း၊ လူဦးရေ နည်းခြင်းများခြင်းထက် နိုင်ငံသားတိုင်း လူသားတိုင်းတွင် ကိုယ်ချင်း စာတရား လက်ကိုင်ထားကြမည်ဆိုလျှင် ကမ္ဘာကြီး အေးချမ်းသာယာ လိမ့်မည်ဟု ယုံကြည်မိပါ၏။





ကိုယ်ချင်းစာတရားရှိဖို့ဆိုတာကလည်း အပြောလွယ်သလောက် အလုပ် သိပ်ခက်နေကြသည် မဟုတ်လား။

ထိုနေ့က ယွန်းကို ရေအိုးကလေးနှစ်လုံးပုံပြင် ကြိုး ပြောပြဖြစ် သည်။ ကွဲအက်ရာပါရှိသော ရေအိုးကလေးသည်လည်း လောကကောင်း ကျိုးကို မိမိတတ်စွမ်းနိုင်သည့်ဘက်မှ ဖန်ဆင်းပေးနိုင်ကြောင်း သာဓက နှင့် ယွန်းကို အားပေးစကားပြောလိုက်သည်။

ယခုဆို ယွန်းသည် တွဲလက်မိသားစုဝင်တစ်ဦး ဖြစ်နေပေပြီ။ အလျှုတွေမှာ လိုအပ်လျှင် မုန့်ပဲသွားရေစာနှင့် ကျောက်ကျောလုပ်ပေး ခြင်းတို့ကို သူမ တာဝန်ယူဆောင်ရွက်ပေး၏။ သူမ၏ ချွေးနည်းစာလေး ထဲမှလည်း တတ်နိုင်သလောက် အလှူငွေ ထည့်ဝင်သည်။ တွဲလက်တွေ့ ဆုံပွဲတွေကိုလည်း အမြဲလို လာ၏။ လာတိုင်းလည်း ကြိုးအတွက် ကျောက် ကျောလေးတွေ အမြဲ ယူလာတတ်၏။ အခြားမိသားစုဝင်တွေကလည်း နွေးထွေးစွာ ကြိုဆိုလေတော့ တွဲလက်မိသားစု အသိုက်အမြုံလေးက သူ့အတွက် ကမ္ဘာသစ်ကလေးသဖွယ် ယွန်း သာယာပျော်ရွှင်နေပါသည်။

တွေ့ဆုံပွဲတွင် အသစ်ထပ်တိုးလာသော မိသားစုဝင်များနှင့် မိတ် ဆက်ခြင်း၊ ငွေစာရင်းရှင်းတမ်း တင်ပြခြင်း၊ ဆက်လက်ပြုလုပ်မည့် ပရဟိ တကိစ္စများအတွက် တိုင်ပင်ဆွေးနွေးခြင်းများ ဆောင်ရွက်ပြုလုပ်ကြ သည်။ ပြီးသောအခါ မိသားစုဝင်များ အချင်းချင်း ခင်မင်ရင်းနှီးမှုတိုး ပွားစေရန် Game ကစားကြ၏။ ရယ်ရယ်မောမော ပျော်ပျော်ပါးပါးပဲပေါ့။

ပျော်ဖြေရေးဆိုတာကလည်း လိုအပ်သည်ပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညနေ အမရာနှင့် တွေ့ရမည်။

နောက်ဆုံးတွေ့ခဲ့ကြသည့်ညက လမ်းခွဲခါနီး ဖုန်းနံပါတ်နှင့် Gtalk account, Facebook account များ ဖလှယ်ဖြစ်ခဲ့ကြသဖြင့် ဒီကြားထဲ Online မှာ စကားပြောဖြစ်ကြသည်။ ခရမ်းရောင်ဖြင့် ဖန်ဆင်းထား သော Viber ဖြင့် message တွေ အပြန်အလှန် ပို့ဖြစ်ကြသည်။ တစ်ခါ တရံ ဖုန်းပြောဖြစ်ကြ၏။ အပြင်မှာသာ ထပ်မတွေ့ဖြစ်တာ တစ်ယောက် နှင့်တစ်ယောက် ပိုမိုရင်းနှီးနေကြပြီ။ နင်တွေ ငါတွေပင် ဖြစ်နေကြပြီ။

အမရာက ကြိုးထက် တစ်နှစ်သာ ငယ်၏။

"မလွဲသာလို့ အစဉ်အလာ ယဉ်ကျေးမှုအရသာ ပြောဆိုနေရပေ မယ့် ကျွန်တော် ကျွန်မဆိုတဲ့ အသုံးအနှုန်းကို သဘောမကျဘူး ကိုယ့်ကိုယ်ကို 'ကျွန်'နဲ့ ခိုင်းနှိုင်းနေသလိုပဲ၊ ကျနော် ကျမလို့ သုံးစွဲ ရေးသားပြန်တော့လည်း 'ကျ'မယ့် သဘောကြီး၊ မြန်မာတွေက ဘာတွေလဲ မသိဘူးနော်၊ ခစ် ခစ်"

ကျွန်တော်၊ ကျွန်မဟု သုံးစွဲပြောဆိုခြင်းသည် မိမိကိုယ်ကို နှိမ့်ချ ခြင်းဟု ဆိုကြ၏။ သူမပြောမှ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း ဩဘာ မိတ်ထွန်းတဲ့ကျွန်းဆိုပြီး အယူရှိလေတော့ မြန်မာတွေ တစ်ပါးကျွန်ဘ ရောက်ခဲ့တာ၊ မြန်မာလူမျိုးအများစု ကျွန်စိတ်မပျောက်လို့ တိုးတက်သင့် သလောက် မတိုးတက်တာဟု ဝေဖန်ခံရတာတွေ ဆက်စပ်ဆင့်ပွားတွေ မိသည်။

"သခင်မျိုးဟေ့ တို့ဗမာ"ဟု ထထကြွေးကြော်ပြီး "ကျွန်တော်က လေ" "ကျွန်မကလေ" ဟု ပြောကြတာ တွေးကြည့်လျှင် ရယ်စရာတော့ ကောင်းသား။ အဟက်။

ဘာပဲပြောပြော သူတို့နှစ်ယောက်ကတော့ နင်ငါ ဖြစ်သွားကြ ပါပဲ။

ဒီကြားထဲ ထပ်မံဆုံတွေ့ခွင့်ကို ကြိုးဘက်က တောင်းဆိုပေမယ့်





အမရာက သူမ မအားသဖြင့် အဆင်မပြေကြောင်းသာ တုံ့ပြန်လေ့ရှိ သည်။ ယနေ့ အိပ်ရာနိုး၍ ဖုန်းဖွင့်သောအခါမှသာ-

"ဒီညနေ တွေ့ကြမယ်၊ ဗိုလ်တစ်ထောင်ကမ်းနားကို အကျီ အဖြူ ရောင် ဝတ်လာခဲ့"

ဆိုသော message ရ၏။

ကြိုး ပျော်သွားတာတော့ အထူးပြောဖို့ လိုမည်မထင်ပါ။

သူမနှင့် ရင်းနှီးမှုပိုလာသည်အမျှ သူမ၏ ထူးခြားသော စရိုက် သဘာဝ အယူဝါဒကိုလည်း သတိပြုသိရှိခွင့် ရခဲ့၏။ သူမ၏ အယူအဆ အရ ပြောရလျှင် သူမသည် ဘာသာမဲ့တစ်ဦးပင်။ တစ်သီးတစ်သန့် အမိုးအကာအောက်မှာ ယုံကြည်ကိုးကွယ်မှု မထားရှိသူကလေးဖြစ်၏။

"ကျွန်မက ဒိဋ္ဌိမ" ဟု ရယ်သံဖွဖွဖြင့် ပြောတတ်၏။

"ရှင်ကကော ဘာအယူဝါဒလဲ"

ဖုန်းပြောဖြစ်သော ညတစ်ညက အမရာမေးတော့ ကြိုး ဖြေသည်။

"ကျွန်တော်က Free Thinker၊ လွတ်လပ်စွာ တွေးခေါ်မှုကို နှစ် သက်သူပါ"

Free Thinker ဆိုသည်မှာ ဘာသာရေးအယူဝါဒ တစ်ခုတည်းနှင့် သာ စွဲမြဲသက်ဆိုင်နေခြင်းမျိုး မဟုတ်။ Free Thinker တစ်ယောက်သည် အယူဝါဒတွေထဲက အစိတ်အပိုင်းမှန်သမျှကို လက်မခံဘဲ အားလုံး သိုက်ပယ်နေတာမျိုးလည်းမဟုတ်။ တန်ဖိုးရှိသည်ဟု ယူဆသော အပိုင်း ဆို လက်ခံပြီး တန်ဖိုးမရှိဘူးဟု ယူဆသောအပိုင်းကို ပစ်ပယ်တာ ဖြစ် သည်။ တန်ဖိုးဖြတ်မှုကိုတော့ မိမိခံစားမှု၊ အသိဉာဏ်၊ ယုံကြည်ချက်၊ အတွေးအမြင်တို့နှင့်သာ တိုင်းတာသည်။

လွတ်လပ်စွာ တွေးခေါ်မှုနှင့် ပတ်သက်၍ ကာလာမသုတ်သည် ကျော်ကြား၏။ "ပြောသံကြားရုံနဲ့ အတည်မယူနဲ့၊ အစဉ်အဆက်စကား ဖြစ်ရုံ၊ စာအုပ်ထဲမှာ ပါရုံ၊ ကြံဆတွေးတောလို့ရရုံ၊ ဆရာသမားစကား ဖြစ်ရုံတွေနဲ့ အတည်မယူနဲ့၊ မိမိကိုယ်တိုင် သိအောင်ကြိုးစား"ဆိုတာ မျိုး၊ တကယ့် Free Thinker တစ်ယောက်သည် ကာလာမသုတ်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အတိုင်းအတာအထိ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေ မှန်ကန်သလဲ ဆိုတာ ပြန်သုံးသပ်မယ့်သူမျိုးပါ။

Free Thinker တစ်ယောက်သည် ဘာသာရေးကိုသာ မဟုတ်ပဲ နိုင်ငံရေး၊ လူမျိုးရေး၊ အနုပညာနှင့် အရာရာကို လွတ်လပ်စွာ တွေးတောလေ့ရှိ၏။ သိပ္ပံတွေ၊ လောဂျစ်တွေကို လက်ခံတယ်ဆိုပေမယ့် သိပ္ပံတွေ၊ လောဂျစ်တွေရဲ့ ဘောင်ခတ်ခံထားရသော ရုပ်ဝါဒီတစ်ယောက်မဟုတ်။ အယူဝါဒအားလုံးကို tool တွေအဖြစ်ပဲ မြင်သည်။ အနုပညာနှင့် ပတ်သက်၍ဆိုရလျှင် ဂန္ထဝင်ပုံစံမှ အနုပညာဆိုတာမျိုး၊ မော်ဒန်၊ ပို့စ်မော်ဒန်မှ အနုပညာဆိုတာမျိုး၊ Rock မှုဂီတ၊ Pop မှ ဂီတ၊ Hip Hop မှ ဂီတဟူ၍ ဘောင်ခတ်နေမည် မဟုတ်ပါ။ အနုပညာဖြစ်မြောက်ရေးအတွက် နည်းစနစ်အမျိုးမျိုး၊ tool အမျိုးမျိုးကို ဖန်တီးသူ ပိုင်နိုင်သလို အဆင်ပြေသလို အသုံးချဖို့ပဲ လိုအပ်သည်ဟု ယူဆ၏။ ဂန္ထဝင်နည်းစနစ်လည်း ဖြစ်ချင်ဖြစ်မည်။ surrealism ဖြစ်ချင်ဖြစ်မည်။ tool တွေ အမျိုးမျိုး ပေါင်းစပ်ရောမွှေပြီး ဖန်တီးထားတာလည်း ဖြစ်ချင်ဖြစ်မည်။

Free Thinker သည် စဉ်းစားစရာတွေနှင့် မွေ့လျော်နေတတ်၏။ မေးခွန်းတွေကို ဆက်တိုက်ထုတ်ရင်း အဖြေရှာရင်း တတ်နိုင်သမျှ အသိဉာဏ်ဘောင်ကို ချဲ့ထွင်နေလေ့ရှိ၏။ အစဉ်အလာတွေကို လက်ခံတာရှိမည်။ ငြင်းပယ်တာရှိမည်။ အများလက်ခံတာရှိမည်။ အများ လက်မခံတာ ရှိမည်။ အမှန်အမှားဆိုတာလည်း သတ်မှတ်ချက်တစ်ခုအဖြစ်သာပဲ ထပ်၍သတ်မှတ်၏။

အမရာက Free Thinker တစ်ယောက်၏ တွေးခေါ်မှုအား သာဓကတစ်ခုပြဖို့ တောင်းဆိုတော့ ကြိုး ဥပမာတစ်ခု ပြောပြဖြစ်ခဲ့လေသည်။

"ဝေဿန္တရာဇာတ်တော်မှာဆိုရင်. . . ပါရမီဖြည့်ကျင့်တဲ့နေရာမှာ အယုတ်အလတ်အမြတ် ရွေးမနေဘဲ သူကောင်းမှ ကိုယ်ပြန်ကောင်းတာမျိုး၊ သူတော်ကောင်းကိုမှ လှူတာမျိုး မဟုတ်ဘဲ ဘယ်သူ့ကိုမဆို ကိုယ်ကောင်းတယ်ဆိုတဲ့ စိတ်မာတ်မျိုးရအောင် ဘာကိုမှ စွဲလမ်းတွယ်ငြိမနေစေဖို့ သင်ခန်းစာပေးတာ မဟုတ်လား၊





ဒါပေမယ့် လစ်ဟာချို့ယွင်းချက် ပျောက်ကွက်လိုက်ရှာတွေးရင် ငယ်ရွယ်နုနယ်တဲ့ သက်ရှိ သားသမီးတွေကို ကိုယ်ပိုင်ပစ္စည်းဥစ္စာသဖွယ် ပေးလှူလိုက်တာ စွန့်ကြဲလိုက်တာ ရက်စက်လွန်းအားကြီးမနေဘူးလား၊ အဲဒီခေတ်ရဲ့ စံနဲ့တော့ ရက်စက်မှု မမည်ဘူးဆိုရင်တောင် ခုခေတ်စံနဲ့ဆိုရင်တော့ Human trafficking တွေ child rights တွေနဲ့ ငြိမှာအမှန်ပဲ၊ ပြီးတော့ မိဘမေတ္တာဆိုတာကြီးကကော၊ ယစ်ပူဇော်မှု မဆန်နေပေဘူးလား"

အမရာကလည်း သူမ တွေ့ရှိယူဆချက်ကို တုံ့ပြန်ဆွေးနွေး၏။

"ကမ္ဘာဦးကျမ်းကို ဖတ်ပြီးတော့ ဘုရားသခင်ဟာ တော်တော်အလုပ်မရှိ အလုပ်ရှာတာပဲလို့ ကျွန်မမြင်တယ်၊ အစက ဘာမှမရှိတာတွေ သူ့ဘာသာ ဖန်ဆင်းတယ်၊ နောက် ဟိုဟာမလုပ်နဲ့ ဟိုမသွားနဲ့ ဒီဟာမစားနဲ့ တားမြစ်ပိတ်ပင်တယ်၊ အဲဒီလို တားမြစ်ပိတ်ပင်မယ့်အတူတူ အဲ့အရာတွေ ဘာလို့ ထည့်သွင်းဖန်ဆင်းခဲ့သေးသလဲ၊ ကြိုတွေးသိမြင်ဆင်ခြင်နိုင်တဲ့ စွမ်းရည် ဉာဏ်အမြော်အမြင် မရှိလို့လား၊ မလိုက်နာတော့ ဒဏ်ခတ်တယ်၊ နောဧတို့တွေကျ သင်္ဘောကြီးနဲ့ လွတ်မြောက်စေပြီး ကျန်တာတွေကျ ရေနစ်သတ်ပစ်တယ်၊ မျက်နှာကလည်း လိုက်တတ်သေးတယ်၊ မှားယွင်းနေတယ်ဆိုလည်း ဉာဏ်အလင်းပွင့်အောင် သွန်သင်ရှင်းပြ ကူညီကယ်တင်မယ် မစဉ်းစားဘူး၊ အဲဒီလိုပဲ မတတ်နိုင်လို့လား၊ သူ့ဇာတ်သူ မနိုင်တာလား၊ သူပဲ ဖန်ဆင်းလိုက်၊ သူပဲ ဖျက်ဆီးလိုက်နဲ့ အလုပ်ကို ရှုပ်နေတာပဲ၊ သင်္ဘောတွင်းက ထွက်ဆင်းလွတ်မြောက်လာတဲ့ ကျေးငှက်တိရစ္ဆာန်လေးတွေရဲ့ အသွေးအသားအသက်နဲ့ လဲလှယ်ရင်းနှီးထားရတဲ့ ယစ်ပူဇော်မှုကိုလည်း ခံယူအနံ့ရှူလိုက်သေးတယ်၊ ဘုရားသခင်ဆိုတဲ့ အမြင်ကို ခွာချပြီး ရိုးရိုးကလေး တွေးကြည့်ရင် ထင်ရက်စရာတွေ အများကြီးပဲ"

သူမအပြောကိုကြားတော့ ဗုဒ္ဓဝါဒပြဿနာများစာအုပ်တွင် ဖတ်ရှုမှတ်သားဖူးသော ခရစ်တော်အသက် ၁၂နှစ်အရွယ်က နေ့ရှာသိပ္ပံတော်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရဟူဒီဘုန်းတော်ကြီးများအား မေးမြန်းချက်တွေကိုသတိရသည်။

ခရစ်တော်၏ မေးမြန်းချက်များမှာ-

"ယေဟောဝါသည် အချို့ကို လူချမ်းသာ၊ အချို့ကို လူဆင်းရဲ၊ အချို့ကို ပညာရှိ၊ အချို့ကို လူအ လူနုံ၊ အချို့ကို လူကောင်း၊ အချို့ကို လူယုတ်မာ၊ အချို့ကို ရုပ်ရည်လှပ၊ အချို့ကို အရုပ်ဆိုး အကျည်းတန်၊ အချို့ကို အသက်ရှည်ရှည်၊ အချို့ကို အသက်တိုတို၊ အချို့ကို မျက်စိကောင်း၊ အချို့ကို မျက်စိကန်း၊ အချို့ကို ကျန်းကျန်းမာမာ၊ အချို့ကို ရောဂါသည်၊ အချို့ကို အားအင်ကောင်းကောင်း၊ အချို့ကို အင်အားချိနဲ့ အစရှိသဖြင့် လူအချင်းချင်း ကွဲပြားခြားနားစွာ အဘယ့်ကြောင့် ဖန်ဆင်းထားပါသလဲ"

ထိုမေးခွန်းကြောင့် ရဟူဒီဘုန်းတော်ကြီးများနှင့် ပရိသတ်အားလုံး အံ့အားသင့်သွားကြပြီး. . .

"အိုသူငယ်. . . ဤအချက်ကို ယေဟောဝါသာလျှင် သိနိုင်သည်" ဟု ရဟူဒီဘုန်းတော်ကြီးများက ပြန်ပြောကြသည်။

"ယေဟောဝါသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ သုံးပါးသော ကာလတို့ကို သိပါလျက်နဲ့ အဘယ်ကြောင့် ငရဲဘုံကို ဖန်ဆင်းခဲ့ပါသလဲ"

ခရစ်တော်က ထပ်မေးလေရာ ရဟူဒီဘုန်းတော်ကြီးများက. . .

"ယုတ်မာညစ်ညမ်းသူတို့ကို အပြစ်ပေးရန် ငရဲဘုံကို ဖန်ဆင်းခဲ့သည်" ဟု ဖြေ၏။

"ယေဟောဝါသည် သူ၏ ဖန်ဆင်းမှုနှင့်ဆိုင်ရာ အနာဂတ်ကာလ၏ သဘောကို သိမြင်ပါလျက်နှင့် အဘယ်ကြောင့် ယုတ်မာညစ်ညမ်းသူတို့ကို ဖန်ဆင်းရပါသလဲ"

ထိုအခါအားလုံးသော ရဟူဒီဘုန်းတော်ကြီးများ မည်သို့မျှ မဖြေနိုင်ကြတော့ဘဲ ခရစ်တော်အား သူတို့အားလုံး၏ ဂိုဏ်းချုပ်အဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြသတဲ့။

ခမ္ဘဟောင်းကျမ်းစာထဲမှာ ထာဝရဘုရားသခင်က အပြစ်တ





အား. . .

"အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏မျက်လုံးကို ထိုးဖောက်၍ ယူသွားခဲ့သည်ရှိသော် ထိုသူ၏ မျက်လုံးကိုလည်း ထိုးဖောက်၍ယူလေ၊ အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏ နှာခေါင်းကို လှီးဖြတ်ပစ်သည်ရှိသော် ထိုသူ၏နှာခေါင်းကို သင်ကလည်း လှီးဖြတ်ပစ်ပါလေ၊ အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏အသက်ကိုသတ်ရန် ကြိုးပမ်းခဲ့သည်ရှိသော် သင်ကလည်း ထိုသူ၏ အသက်ကို သတ်ပါလေ၊ ငါကား ဒေါသတရားဖြင့် ထုံအပ်သော ထာဝရဘုရားသခင်တည်း၊ ငါသည် သင့်အား လက်စားချေရေး တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏"

ဟု ဟောပြောခဲ့၏။

ခရစ်တော်ကတော့. . .

"အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏ခြုံစောင်ကို ယူသွားခဲ့သည်ရှိသော် ထိုသူအား သင်၏အင်္ကျီပါချွတ်၍ လှူဒါန်းပေးကမ်းပါလေ၊ အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏လကျ်ာပါးကို ရိုက်ခဲ့သည်ရှိသော် သင်၏ လက်ဝဲဘက်ပါးကိုပါ ရိုက်ပါစေ၊ အစစအရာရာကို သည်းခံပါ၊ သည်းခံခြင်းသည်သာလျှင် ကုသိုလ်တရားကို ပွားများပေးစေနိုင်သည်၊ သင်၏ အိမ်နီးချင်းများကို သင့်ကိုယ်သင် ချစ်ခင်သကဲ့သို့ ချစ်ခင်ပါ၊ မည်သည့်သက်ရှိသတ္တဝါကိုမျှ အန္တရာယ်မပြုပါနှင့်"

ဟူ၍ သူ၏နောက်လိုက်များကို ဟောပြောသွန်သင်ခဲ့၏။

ထိုနှစ်ချက်ကိုယှဉ်ပြ၍ ခရစ်တော်သည် ထာဝရဘုရားသခင်၏ သားတော်မဟုတ်ဘဲ ထာဝရဘုရားသခင်အား ဆန့်ကျင်သူဟူ၍ ထိုစာအုပ်တွင် ဖော်ပြရေးသားထားလေသည်။

"ကျွန်ုပ်သည် ယေဟောဝါထာဝရဘုရားသခင်၏ ခမ္ဘဟောင်းကို ပယ်ဖျက်ပြီး ခမ္ဘသစ်ကို တီထွင်သည်၊ ကျွန်ုပ်သည် ဘုရားတန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအဟောင်းကို ဖြိုဖျက်၍ ဘုရားတန်ဆောင်းအသစ်ကို တည်ဆောက်သည်၊ ကျွန်ုပ်သည် အရေကိုဖြတ်လှီး၍ ဘာသာ အယူဝါဒရေးရာအရ ကင်ပွန်းတပ်သည့် ထုံးတမ်းဓလေ့ကို ပယ်ဖျက်သည်"

ဟူသော ခရစ်တော်၏ သုံးနှုန်းသောစကားတို့ကို သူ၏ တပည့်နောက်လိုက်များက မှားယွင်းစွာဖြင့် အနက်အဓိပ္ပာယ် ကောက်ယူခဲ့ကြသည်ဟု ဆိုထား၏။

ဆူဖီတို့၏ အမူအကျင့်နှင့် ပတ်သက်၍လည်း ကြိုးနှင့်အမရာ ပြောဖြစ်၏။

ဆူဖီသည် ရှောင်ခွာထွက်ပြေးသူမဟုတ်။ ရှောင်ခွာထွက်ပြေးခြင်း ဝါဒကို ဆူဖီတို့၏ အစဉ်အလာက အပြည့်အဝ ဆန့်ကျင်သည်။ လောကတွင် ချမ်းမြေ့ကြည်ရွှင်စွာ နေထိုင်ခြင်း၊ ဖြစ်တည်သည်ကို ဖြစ်တည်သည့်အတိုင်း ကြည်နူးနှစ်သိမ့်ခြင်း၊ ဘဝ၌ မွေ့ပျော်ခြင်းသည် ဆူဖီတို့၏ အခြေခံကျသော အမူအကျင့် ဖြစ်သည်။

လောက၌ ဖန်ဆင်းရှင်ဆီသို့ ဆိုက်ရောက်ရန် အကြောင်းသည် ဖန်ဆင်းထားရှိသည့် အရာတို့၌ အပြည့်အဝ နေထိုင်ခြင်းမှတစ်ပါး အခြားမရှိကြောင်း ဆူဖီတို့ လက်ခံသည်။ ဘုရားသခင် ဖန်ဆင်းထားပြီးသည်တို့ကို ရှောင်ခွာပစ်ခြင်းသည် ဘုရားသခင်ကို သွယ်ဝိုက်သောနည်းအားဖြင့် ဆန့်ကျင်ခြင်းဟူ၍ ယူဆ၏။

မတူညီသော အယူဝါဒကွာဟမှုတွေအကြောင်း သူနှင့်သူမ နှိုင်းယှဉ်ဖလှယ်ဆွေးနွေးဖြစ်ခဲ့ကြ၏။

သက်ရှိပစ္စည်းအားလုံးကို အနန္တတန်ခိုးတော်ရှင် ဖန်ဆင်းသည် ဆိုသော အချက်နှင့် ဘုရားသခင်ရှိခြင်းကို ငြင်းပယ်ထားသည့် ဒီတော်လူးရှင်း သီအိုရီကတော့ မပါမဖြစ်ပေ။ ဒီတော်လူးရှင်းသီအိုရီသည် "သက်ရှိအရာများသည် သက်မဲ့ပစ္စည်းများမှ တစ်စတစ်စ ဖြစ်ပေါ်တိုးတက်လာသည်" ဟူသော ဇီဝဗေဒပညာရှင်ဖြစ်သည့် ချားလ်ဒါဝင်၏ အတွေးအခေါ်ဖြစ်သည်။



ကြိုး လင်းညို့သွေး

နှစ်ဆယ်ရာစုနှစ်သည် ဒုက္ခဆင်းရဲခြင်း၊ နာကြည်းဖွယ်ကောင်းသည့် သေကြေပျက်စီးခြင်းနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ ဆင်းရဲနွမ်းပါး၍ ဆုံးရှုံးမှုများခြင်း စသည်တို့နှင့် ပြည့်နှက်ခဲ့သော ရာစုနှစ်ဖြစ်ခဲ့ခြင်းမှာ ဒါဝင်ဝါဒ၏ ရိုက်ခတ်မှုဂယက်အဖြစ် THE DISASTERS DARWINISM BROUGHT TO HUMANITY စာအုပ်တွင် အကျယ်တဝင့် ရေးသားထင်ပြထားသည်။

ထိုစာရေးသူ၏ကလောင်အမည်မှာ အလ္လာဟ်ရှင်မြတ်ကို မယုံကြည်မှုတွင် အတိုက်အခံလုပ်ခဲ့ရာ၌ ကျော်ကြားသော တမန်တော် နှစ်ပါးဖြစ်သည့် ဟာရွန်(အာရွန်)နှင့် ယဟ်ယာ(ယောဟန်)တို့၏ အမည်နှစ်ခုတို့ ပေါင်းစပ်ထားသောအမည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်ကို မြင်ဖူးလား"

"မမြင်ဖူးဘူး"

"ဘုရားသခင်ကို ခင်ဗျား တို့ထိဖူးလား"

"ဟင့်အင်း"

"ဒါဆို ဘုရားသခင်မရှိဘူး"

ဘုရားမဲ့ဝါဒီတစ်ဦးနှင့် ဘုရားရှိဝါဒီတစ်ဦးတို့၏ စကားစစ်ထိုးပွဲ။

"အသိဉာဏ်ကိုမြင်ရလား"

"မမြင်ရဘူး"

"အသိဉာဏ်ကို ခင်ဗျား တို့ထိလို့ရလား"

"ဟင့်အင်း"

"ဒါဆို ခင်ဗျားမှာ အသိဉာဏ်မရှိဘူး"

အဟက်. . .။ ထိုပြောဆိုမှုလေးတွေ သွားသတိရကာ ပြုံးမိသည်။ ဖတ်ဖူးတာမှာ ယှဉ်ပြရေးသားထားတာကတော့ 'ဘုရားသခင်'နှင့်'ဦးနှောက်'။ ဦးနှောက်က ခွဲစိတ်ကြည့်မည်ဆိုလျှင် မြင်လို့ တို့ထိလို့ရသေးသဖြင့် အသိဉာဏ်နှင့် အစားထိုးပေးလိုက်ခြင်းဖြစ်၏။

အဘွားဆုံးသွားတာ ကြာပြီဖြစ်ပေမယ့် အဘွားသည် ရှိခဲ့သည်။ အာလာဒင်၏ ဆီမီးခွက်စောင့်ဘီလူးကြီး လိုချင်ပေမယ့် ပုံပြင်တွေထဲမှာသာ ဖတ်ဖူးခဲ့ပါသည်။





ငယ်စဉ်ကျောင်းသားဘဝက ကျောင်းရောက်လို့ သူငယ်ချင်းတွေဆိုတာနှင့် ကမ္ဘာကြီး ဘယ်တော့မီးလောင်မလဲ၊ ဘယ်တော့ ရေလွှမ်းမိုးခံရမှာလဲ၊ အလုအယက် တစ်ယောက်တစ်ပေါက် ငြင်းခုံပြောဆိုမှုတွေ ခေတ်စားခဲ့သော သက္ကရာဇ်တစ်ခုကို ပြန်အောက်မေ့သည်။

မည်သူမှ ရေရာတိကျစွာ မပြောနိုင်ခဲ့ကြ။ ဆရာဆရာမတွေ သွားမေးတော့လည်း သေချာလိပ်ပတ်လည်အောင် ရှင်းမပြနိုင်။ အဲသည်တုန်းက ကြိုး ကြီးလာလျှင် ထိုအကြောင်းတွေ ဂယနဏသိဖို့ ကြိုးစားမည်ဟု ရည်ရွယ်ချက် အားခဲထားခဲ့ဖူး၏။

ကမ္ဘာကြီးရေလွှမ်းမိုးမှုသည် ကမ္ဘာအနှံ့အပြား၊ ဘာသာတရားဆိုင်းလိုလို၊ လူမျိုးစုအများအပြား၏ အယူဝါဒ အစွဲတို့တွင် ဒဏ္ဍာရီဆန်ဆန် တွေ့ရလေသည်။

ကမ္ဘာကြီးရေလွှမ်းမိုးမှုကို မဟာလင်္ကာကြီး ရွှံ့စေးချပ်အမှတ်-၉ မှာ ရေးထားသည်။

မဟာလင်္ကာကြီးဆိုသည်မှာ အတိတ်နှစ်ပေါင်း လေးထောင်ကျော်ဆီမှ အက်ခါးဒီးယန်းတွေရဲ့ ဒဏ္ဍာရီမဟာလင်္ကာကြီး Epic of Gilgamesh ကို ခေါ်၏။ ထိုလင်္ကာကြီးကို ရွှံ့စေးပြားပေါ်မှာ ကျူနီဖောင်း Cuneiform လို့ခေါ်တဲ့ မြားသွားသဏ္ဌာန် ရှေးဟောင်း အာရှုရီယအက္ခရာတွေနှင့် ရေးထားခြင်းဖြစ်သည်။ ထိုလင်္ကာကြီးရေးထားသော ရွှံ့စေးပြားတွေကို ရှေးဟောင်း Nineveh မြို့ပြနိုင်ငံမှာ ဘီစီ ၆၆၈-၆၂၇ အတွင်း နန်းစံခဲ့သည့် ဘုရင် Ashurabanipal ရဲ့ စာကြည့်တိုက်မှာ ထားရှိခဲ့သတဲ့။ လင်္ကာကြီးမှာ နတ်ဘုရားနဲ့လူကပြား Gilgamesh ရဲ့ အည္ဆန်းဆန်း လုပ်ရပ်တွေ ရေးထားခြင်း ဖြစ်လေသည်။

ဆူမားရီးယန်းတို့ရဲ့ Ziusudra မှာတော့ ဘာသာရေး ကိုင်းရှိုင်းသော ဘုရားကိုကြောက်ရွံ့ရိုသေတဲ့ ဘုရင်ကြီး Ziusudra ကို ကမ္ဘာချီ ရေလွှမ်းမိုးမယ့်အကြောင်း ဘုရားက အာရုံနိမိတ်နဲ့ အိပ်မက်မှာ ပြော



www.burmeseclassic.com

www.burmeseclassic.com



သတဲ့။ အလားတူဒဏ္ဍာရီကို ဘေဘီလုံနှင့် အဆီးရီးယန်းဒဏ္ဍာရီ ညြဇာမကင်းဘူးဟု ဆို၏။

လက်တင်အမေရိက ယဉ်ကျေးမှုတွေထဲမှာလည်း တွေ့ရသည်။ အေဒီ ၁၅ နှင့် ၁၆ ရာစုအတွင်း မက္ကဆီကိုနိုင်ငံ အက်ဇတက်ဒဏ္ဍာရီမှာ တွေ့ရတာဆိုပဲ။

အင်ကာတွေရဲ့ ကမ္ဘာချီရေလွှမ်းဒဏ္ဍာရီနှင့် ပတ်သက်၍ ဗြိတိသျှ စာရေးဆရာ Harold Osborne က. . .

"တောင်အမေရိကတိုက်ရဲ့ ဒဏ္ဍာရီတွေမှာ တစ်ချိန်တစ်ခေတ် တစ်ပြိုင်တည်း ကမ္ဘာချီရေလွှမ်းဇာတ်လမ်းကို ဖော်ပြခဲ့တာဖြစ်နိုင် တယ်၊ ကမ္ဘာချီရေလွှမ်း ဒဏ္ဍာရီတွေဟာ ကုန်းမြင့်ဒေသနေသူတွေ နဲ့ အပူပိုင်းဒေသရဲ့ အနိမ့်ပိုင်းနေသူတွေ အားလုံးထဲ ပျံ့နှံ့နေ တယ်"

ဟု မှတ်ချက်ပြုထား၏။

တရုတ်မှာလည်း အလားတူ ဒဏ္ဍာရီရှိပြန်သည်။ China-A History in Art စာအုပ်မှာ တရုတ်ဘုရင်ကြီး ယွီဟာ ရေလွှမ်းဘေးတိုး အောင် နိုင်သူတဲ့။ တရုတ်ဒဏ္ဍာရီလာ မဟာဇကေရာဇ်(၁၀)ပါးဆိုတာ ဆူမားရီးယန်း ဒဏ္ဍာရီလာ ဘုရင်စာရင်းကို ဒေသနှင့် ဆီလျော်အောင် ပုံပြောင်း ထားတာဟုဆို၏။ တရုတ်တို့ရဲ့ အခြားဒဏ္ဍာရီတွေမှာလည်း မူလရင်း မြစ်ဟာ ဆူမားရီးယန်းက လာတာ၊ မက်ဆိုပိုတေးမီးယားကလာတာ မဟုတ်ဘူးဆိုသောအဆိုကို အားဖြည့်ရာရောက်တဲ့ အချက်တွေ တွေ့ရ တယ်လို့ Camp bell က မှတ်ချက်ချ၏။ တရုတ်ဒဏ္ဍာရီတွေဟာ အခြေ ခံမူလတစ်ခုတည်းက လာတာဆိုတာလည်း တွေ့နိုင်ပြန်သတဲ့. . .။

ဗုဒ္ဓဘာသာဝင်တွေ လက်ခံထားသော အာဒိကပ္ပကျမ်းမှာ ကမ္ဘာ ပျက်မိုးကြီးကြောင့် ကမ္ဘာကြီးရေလွှမ်းသွားရပုံ၊ နေခုနစ်စင်းထွက်ပြီး ကမ္ဘာကြီး မီးလောင်ပျက်စီးပုံတွေရေးထား၏။

မာယာလူမျိုးတွေနှင့် ဗဟိုအမေရိကမှာလည်း အလားတူမြေကြီး ကို ရေလွှမ်းသော Haiyococah ဆိုတဲ့ ဒဏ္ဍာရီတွေရှိပြန်သတဲ့။ ကာတိုး





သိပ်ဂိုဏ်းအုပ် ခင်ကြီး Las Casas ရေးသော ကမ္ဘာချီ ရေလွှမ်းမှုမှာ သည်း ဂွာတီမာလာလူမျိုးတွေ ကမ္ဘာချီရေလွှမ်း ဒဏ္ဍာရီရှိ၏။ သူတို့ ဘာသာစကားဖြင့် Butic ဟု ခေါ်၏။ ကမ္ဘာချီရေလွှမ်းမိုးခြင်းနှင့် နောက် ဆုံးတရားစီရင်ခန်းလို့ အနက်ထွက်သည်။ ဒီလိုမျိုး နောက်ထပ်ဖြစ်ဦး မယ်၊ သို့ပေမယ့် ရေမဟုတ်ဘဲ မီးနဲ့စီရင်မယ် လို့ ယုံကြည်နေကြ၏။

ကြိုးကတော့ ထိုအရာတွေကို အမယ်ဘုတ် ချည်ခင်ထွေးကြီးသ မှုယ် ဒဏ္ဍာရီပုံပြင်တွေ စီးဆင်းကူးလူးယှက်နွယ်မှုလည်း ဖြစ်နိုင်သည်ဟု ယူဆ ၏။

မြန်မာ့ရိုးရာပုံပြင်ဟု မြန်မာနိုင်ငံသား အများစု မှတ်ထင်နေကြ သော ဒေါင်းယောင်ဆောင်သော ကျီး၊ ဝံပုလွေနှင့် သိုးငယ်၊ ပုရွက်ဆိတ် နှင့် နံ့ကောင်၊ ရွှေဥဥသော ငန်းပုံပြင်၊ ထင်းကို တစ်ချောင်းချင်း ချိုး လျှင် ကျိုးနိုင်သည်၊ အစည်းလိုက်ချိုးလျှင် မကျိုးနိုင်ဟူ၍ စည်းလုံးညီ ညွတ်ခြင်းအကြောင်း သင်ခန်းစာပေးသည့် အဘိုးအိုနှင့် သားသုံး ယောက်ပုံပြင်၊ အကြောင်းအကျိုး မသိတတ်သော သမင်ပုံပြင်၊ အမြီးပြတ် သော မြေခွေး၊ ငန်းကိုတုသော ကျီးပုံပြင်၊ မြစ်စောင့်နတ်နှင့် သစ်ခုတ် သမား၊ ကျေးဇူးသိတတ်သော ကြွက်ငယ်၊ နေနတ်သားနှင့် လနတ်သား အန်ခိုးပြိုင်ခြင်း၊ မြေခွေးနှင့် ငှက်ကျား စသည့် ပုံပြင်များသည် အီစွတ် ပုံပြင် ဘာသာပြန်များဖြစ်၏။

အီစွတ်ပုံပြင်တွေကဲ့သို့ ကမ္ဘာအနှံ့အပြား ပြန့်ပွားနေသော ပုံပြင် တွေ အများကြီး မဟုတ်လား. . .။

အသုရာရဲ့သမီးတွေကို ရယူထားတဲ့ ဣန္ဒက အသုရာနဲ့ နောက် လိုက်တွေကို တိုက်ခိုက်ပြီး တာဝတိံသာကို သိမ်းပိုက်၊ အသုရာတွေကို တာဝတိံသာရဲ့အောက်ဆီ မောင်းထုတ်ဆိုသော ဒဏ္ဍာရီကို တော်တော် များများ ကြားဖူးကြပါလိမ့်မည်။ ဣန္ဒ၊ အသုရာ ဆိုတာတွေဟာ ဟိန္ဒူ ဗြဟ္မဏ ဒဏ္ဍာရီကလာတာ။ တာဝတိံသာဆိုတာ သုံးဆယ့်သုံးဦးပါ ကောင်စီနှင့် အုပ်ချုပ်စီမံသော ဘုံဌာန။ အသုရာတို့ ထွက်ပြေးရနေရာ ဆာ မိုဟင်ဂျိုဒါရို။ ဣန္ဒဆိုတာ စစ်နတ်ဘုရား God of the war ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု The World's Greatest Books in Outline စာအုပ်မှာ ရှင်းပြထားသည်။

ထိုပုံပြင်ကို မြန်မာ့ရိုးရာပုံပြင်ဟု မှတ်ထင်မှုတွေရှိ၏။

လူမျိုးတိုင်းက ကိုယ့်ဒဏ္ဍာရီကို ကိုယ်ပိုင်ဥစ္စာလို့ ထင်တတ်ကြတာချည်းပါပဲ။ တခြားမှာ အလားတူတွေ့ရရင် ကိုယ့်ဆီကယူတာ ထင်တတ်ပြန်ကော။ ဘာသာရေးယုံကြည်မှုနှင့် ထွေးရောယှက်လိမ်နေသော ဒဏ္ဍာရီမျိုးကို ဒဏ္ဍာရီပါလို့ပြောလျှင် လက်မခံချင်ကြပေ။

ဗုဒ္ဓဘာသာရဲ့ အဝဒါနစာပေမျိုးကို ဒဏ္ဍာရီလို့ဆိုမိလျှင် ဘာသာတရားရဲ့ အန္တရာယ်ကောင်လို့ သတ်မှတ်ခံရနိုင်သည်။ ခရစ်ယာန်တစ်ယောက်အား ကမ္ဘာချီရေလွှမ်းမိုးခြင်းအကြောင်းကို ဒဏ္ဍာရီလို့ပြောရင် ကမ္ဘာဦးကျမ်းကိုပြကာ ကန့်ကွက်ပါလိမ့်မည်။ လူမျိုးတိုင်းလိုလိုမှာ ကမ္ဘာချီ ရေလွှမ်းဒဏ္ဍာရီ ကျန်ရစ်နေတာ ယေဟောဝါဘုရားက ကမ္ဘာကြီးကို တကယ်ပဲ ရေနဲ့ ဒဏ်ခတ်ခဲ့လို့သာပေါ့လို့ သက်သေတင်ဦးမည်။ ကမ္ဘာဦးကျမ်းဆိုတာ ကမ္ဘာဖြစ်တည်ဦးက တကယ်ဖြစ်ခဲ့တာတွေလို့ စွဲမြဲယုံကြည်ထားကြတာကိုး။

အဘယ်မျှ သေချာပါသနည်း. . . ။

ထူးဆန်းသော ဒဏ္ဍာရီတွေမှာ ဂရိတွေမှ ဆင်းသက်ကာ ဂရိတွေက ဆူမားရီးယန်းလူမျိုးတွေဆီက အခြေခံပုံရ၏။ မက်ဆိုပိုတေးမီးယားနှင့် ဘေဘီလုံဒဏ္ဍာရီတွေရဲ့ ရင်းမြစ်မူလကို ကြည့်ဖို့လည်း လိုအပ်သည်။

ဒဏ္ဍာရီတွေရဲ့ အစောပိုင်းကာလတွေမှာ ပဝေသဏီရှေးလူတွေ ယုံကြည်ကိုးကွယ်မှု ရှာဖွေကြတာ၊ ဘဝအဓိပ္ပာယ်ကို ရှာဖွေကြတာတွေ တွေ့မြင်ရ၏။ ဖန်ဆင်းခြင်း၊ မသေနိုင်တဲ့ ဝိဉာဉ်နတ်ဘုရား၊ နေကိုးကွယ်မှု၊ သင်းကွပ်ခြင်း(ဝါ)ဘဝကိုဖျက်ပစ်ခြင်း၊ ကျောက်တုံးတစ်တုံးက နည်းလမ်းအမျိုးမျိုးနဲ့ ဘဝအထွေထွေဖြစ်တာတွေ စသဖြင့် သွင်တူဆင်ကွဲ အမျိုးမျိုး ရောယှက်နေချေ၏။

အစဦးမှာ ဒဏ္ဍာရီတွေကို နှုတ်ဆင့်ကမ်းခဲ့ကြတာပါ။ နံရံရေးပန်းချီတွေလည်း ရှိ၏။ နောက်တော့မှ ဂရိတွေက ရှေးဦးပထမ အက္ခရာ





ဆင်ခဲ့ကြ၏။

ကမ္ဘာကြီး စဖြစ်လာပုံ၊ နတ်ဘုရားတွေပေါ်လာပုံ Theogony ကို ဘီစီ ၈ရာစုမှာ Heriod က ရေး၏။ အစဦးပထမမှာ Gaea ခေါ်တဲ့ မြေကြီးဖြစ်ပေါ်လာပြီး၊ နောက်မှ Uranus ခေါ်တဲ့ ကောင်းကင်ကို မွေးဖွားတာဟု ရေးသားထားသည်။

ထိုရေးသားချက်တွေကကော အမှန်တကယ်ဖြစ်ခဲ့တာတွေပါလို့ အပြည့်အဝ ယုံကြည်သင့်ပါသလား. . . ။

ထိုဖြစ်တည်ပေါ်ပေါက်မှုတွေကို ပြောဆိုရေးသားသူကိုယ်တိုင် မြင်ခဲ့ရလေသလား. . . ။

ကန့်ကွက်ပစ်ပယ်သည်မဟုတ်။ ချိန်ညှိမိခြင်းသာလျှင် ဖြစ်၏။

စာပေနှင့်စကားဆိုသည်မှာ အမှန်တကယ်ဖြစ်ခဲ့တာတွေလည်း ရှိသည်။ စိတ်ကူးယဉ်မှုမှ ထွက်ပေါ်လာတာတွေလည်းရှိသည်။ ဆင့်ပွားခဲ့တားရင်း မူလသဏ္ဌာန် ပျက်ယွင်းသွားတာမျိုးလည်း ဖြစ်တတ်သည် မဟုတ်လား. . . ။



www.burmeseclassic.com

www.burmeseclassic.com



နောင် နှစ်ပေါင်း ၂၀၀ ဆိုရင် ကမ္ဘာမှာ ထင်မှတ်မထားတဲ့ ပြောင်းလဲမှုကြီးတွေ ဖြစ်ပေါ်လာမည်။ ကမ္ဘာကြီးဟာ နှစ်ခြမ်းကွဲသွားနိုင်သည်။ မြေထုပေါ်ကနေ နေလုံးကြီးကို မြင်ရတော့မည်မဟုတ်ဘဲ အကာအကွယ်မရှိသော နေရောင်ခြည်ရဲ့ တိုက်ရိုက်ထိတွေ့မှုမှာ သက်ရှိသတ္တဝါမှန်သမျှ အသက်ဆက်ရှင်ဖို့ဆိုတာ ကမ္ဘာ့အခက်ခဲဆုံး ပြဿနာတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်တွေကသုံးသပ်ကြ၏။

ကြိုတင်ဟောကိန်းထုတ်သလို တစ်နေ့တစ်ချိန်မှာ ကမ္ဘာကြီးဟာ တကယ်ပဲ ပျက်စီးသွားမှာလား. . .။

ဒီလိုဆို ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားစွမ်းဆောင်ခဲ့သမျှ၏နိဂုံးက ပျက်သုဉ်းခြင်းပဲပေါ့။ လောကသည် ဘာအဓိပ္ပာယ် ရှိပါသနည်း. . .။ ရှင်သန်မှု၊ ရုန်းကန်မှု၊ ကြိုးစားမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့သည် တဒင်္ဂအတွက်ပဲပေါ့။ ဒါကပဲ မတည်မြဲခြင်းတရားရဲ့ အကြီးမားဆုံး ပြယုဂ်လား. . .။

သက်ရှိသတ္တဝါတို့ မှီခိုနေထိုင်သော ကမ္ဘာကြီးသည် သက်ရှိသတ္တဝါတို့၏ ရမ်းကားမှု၊ စည်းကမ်းမဲ့မှု၊ လတ်တလော အလိုကိုသာ ကြည့်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးမထား ဂရုမစိုက်မှုတို့ကြောင့်ပဲ တစ်စတစ်စနှင့် ယိုယွင်းပျက်စီးလာနေပြီ။ တိုးတက်မှုနှင့် အပြိုင်ဖြစ်ပေါ်နေသော ဘေးထွက်ဆိုးကျိုးတွေက ကမ္ဘာကြီးကို နှိပ်စက်သည်။ ကမ္ဘာကြီးပျက်စီးလျှင် သက်ရှိသတ္တဝါတွေပဲ ဒုက္ခရောက်မည်။

ကျေးဇူးရှင်ကမ္ဘာကြီးကို ကယ်တင်စောင့်ရှောက်ဖို့ နည်းလမ်းမရှိတော့ဘူးလား. . .။ ဒီ့ထက်ပို၍ မကြိုးစားကြတော့ဘူးလား. . .။ မညီညွတ်ချင်ကြဘူးလား. . .။

ဖြစ်ချင်သလိုဖြစ်ဖို့ မလွယ်တဲ့အထဲမှာ အဲဒါလည်းပါမယ်။





ညနေခင်းတိမ်စိုင်တွေသည် လေလိုက်၍ ပြေးလွှားနေ၏။

အဖြူရောင်တီရှပ်နှင့် ဂျင်းဘောင်းဘီ နက်ပြာရောင်ကို ဝတ်ဆင်ထားသော ဗိုလ်တစ်ထောင်ကမ်းနားကို ကြိုး သွားသည်။ ဖုန်းနှင့်တစ်ယောက်ကိုတစ်ယောက် ရှာဖွေရင်း တွေ့သောအခါ အမရာသည် အဖြူရောင် ညနေခင်းဝတ်စုံအား ဆင်မြန်းထားတာ ရှုမြင်ရ၏။

မြင်မြင်ချင်း သူမက လက်ကလေးတစ်ဖက်မြှောက်၍ ဝှေ့ရမ်းပြသည်။ ပြီးတော့ ကြိုးဆီ အပြေးလှမ်းလာ၏။ လေသယ်ဆောင်ရာ မျောလွင့်ပါလာသော ကာတွန်းကားထဲက ချစ်စရာနှင်းခဲနတ်မိမယ်လေးတစ်ပါးလိုပါပဲ။

သူမ ကိုယ်လုံး သိပ်လှသည်။

စွဲမက်ဖွယ်ကောင်းလှချည်လား ဒိဋ္ဌိမလေးရယ် . . .။

အဖြူရောင်သည် အလင်းရောင်၊ ကြင်နာမှု၊ အန္တရာယ်ကင်းမှု၊ အပြစ်ကင်းစင်မှု၊ အပျိုလူပျိုစစ်မှုတို့၏ အရောင်၊ ခြောက်ပြစ်ကင်း သဲလဲစင်သော အရောင်ဟု ယူဆကြသည်။ မျိုးရိုးစဉ်ဆက်ကို လေ့လာသည့် ပညာမှာတော့ ယုံကြည်ကိုးစားမှုနှင့် သန့်ရှင်းစင်ကြယ်မှုဟုဆို၏။ ပကတိ စင်ကြယ်သော အဖြူရောင်ရှိသလို ရောင်စဉ်များစွာပေါင်းစပ်၍ ဖြစ်ပေါ်လာတတ်သည့် အဖြူရောင်လည်း ရှိသည်ဟု ကြားဖူး၏။

"ကြိုး. . . ငါ့ကို ဟိုဝေဖာ ဝယ်ကျွေးကွာ"

တွေ့တွေ့ချင်းပဲ သူမက ပူဆာသည်။ ကမ်းနားလမ်းပေါ်မှာ တွန်းလှည်းကလေးဖြင့်ရောင်းသော ဝေဖာအား ကြိုး သွားဝယ်ပေးလိုက်ပါသည်။ ထိုအချိန် သူမက လမ်းနံဘေးမှာ ထိုင်ရောင်းနေသည့် ဘယာကြော်တွေ သွားဝယ်၏။

ဝေဖာထုပ်ကလေးကို ကြိုး ပေးတော့ အမရာက ဘယာကြော်ထုပ်ကလေး ပြန်ပေးသည်။

"ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စားလေ၊ နင်စားဖို့ ဝယ်တာ"

"အာ ငါမှ ဘယာကြော် မကြိုက်တာ"

"မကြိုက်လည်း စားရမယ်၊ ငါကျွေးရင်စားမှ ငါက သဘောကျတာ"

"ဘာလဲ၊ ဘေးဘယာတွေ လွှားကျော်အောင် ဘယာကြော် ကျွေးနေတာလား"

"တော်စမ်းပါဟာ၊ အဲဒီအယူအဆတွေ ငါ အယုံအကြည်ကို မရှိတာ"

ရယ်သံတချို့ ကမ်းနားတစ်လျှောက် ပျံ့လွင့်သွားသည်။

ဗိုလ်တစ်ထောင်ကမ်းနား၏ ညနေခင်းသည် သာယာစွာ စည်ကားနေပါ၏။ လမ်းပေါ်မှာ လမ်းလျှောက်နေသူတွေများသလို၊ ပလက်ဖောင်းနံဘေး ခုံကလေးတွေမှာလည်း လူအပြည့်။ မတ်တပ်ရပ်၍ ပတ်ဝန်းကျင်ရှုခင်းကို ငေးမောနေသူတွေ၊ ကိုယ်လက်လှုပ်ရှားမှုပြုနေသူတွေလည်း ရှိ၏။ ဆိပ်ခံဘောတံတားပေါ်မှာလည်း လူမနည်းပါဘူး။ မြစ်ပြင်နှင့် အနီးကပ်ဆုံးတစ်နေရာအား ရွေးချယ်၍ လေလာရာဘက် မျက်နှာမူကာ ဘောတံတားပေါ်မှာ နှစ်ဦးအတူ ယှဉ်လျက်ထိုင်ဖြစ်ကြ၏။ အနေနီးတော့ သွေးသားတွေ ပူနွေးလာသည်။

အမရာ ဝေဖာစားနေတော့ ကြိုးလည်း ဘယာကြော် စားနေလိုက်သည်။

"ငရုပ်သီးကြော်တောင့်လေးပါ ကိုက်စားလေ၊ နီနီရဲရဲ ချစ်စရာလေးဟ၊ စားပစ်လိုက်"

သူမက မြှောက်ပေးနေ၏။

"စပ်မှာပေါ့ဟ"

"ဒီလောက်လှတာ စပ်မလားဟ၊ အဲဒီငရုပ်သီးကြော်ရဖို့ မနည်းတောင်းခဲ့ရတာ၊ ငါက ငါကျွေးရင် စားမှ သဘောကျတာပါဆို ပြောတာ မှတ်မထားဘူး"

"အေးပါဟာ၊ စားပါမယ်"





ဘယာကြော်ထုပ်ထဲမှ ငရုပ်သီးတောင့်ကလေးတစ်တောင့်ကို နှိုက်ယူ၍ ကြိုး ကိုက်စားပြလိုက်တော့ အမရာ မျက်နှာလေး ပြုံးရွှင်သွား၏။ ကြော်ထားသော ငရုပ်သီးရနံ့ကလေးက ဆွဲဆောင်မှုအားကောင်းလေတော့ တစ်တောင့်လုံး စားလိုက်မိရာ အစပ်သိပ်မစားနိုင်သော ကြိုး တရှူးရှူးတရှဲရှဲဖြစ်ကာ မျက်ရည်ဝဲလာပါတော့သည်။ ထိုအခါ အမရာ ရယ်၍ တစ်ရှူးစကလေးထုတ်ကာ ကြိုးကို သုတ်ပေးသည်။

"နင် အဲ့လို စပ်သွားတဲ့ပုံလေးကိုကြည့်ချင်လို့ ငါက တမင် စားခိုင်းတာဟ"

ကြိုးကိုကြည့်ကာ တခိခိနှင့် သူမ သဘောကျနေပါသည်။

"ရော့ အစပ်ပြေ ဝေဖာချိုချိုလေး စားလိုက်"

ချော့သလို ပြုံးစိစိနှင့် ဝေဖာခွံ့ကျွေးသည်။ ဖိမ်ပေါ့။ ကြိုး စားတာပေါ့။ ခွံ့ကျွေးအပြီး သူမ လက်ယာလက်ကလေး လှုပ်ရှားသွားသည်။ အချေသည်တစ်ဦး သွဲ့ပျောင်းစွာ ကကြိုးတစ်ခုချိုးသလိုပဲ။ လှပသည်။ သပ်ရပ်သည်။ နဂိုရင်သပ်ရှုမောစရာလေးဆိုတော့ ဘာလုပ်လုပ် ဖြစ်ချင်းမှုတွေက ဆွဲဆောင်မှုအားကောင်းနေတာပါပဲလား။

"အဲဒါ ဘာလုပ်တာလဲ"

"ဝေဖာ ခွံ့ကျွေးတာလေ"

"အဲ့ဒါပြောတာ မဟုတ်ဘူး၊ နင့်လက်ကလေး လှုပ်ရှားသွားတဲ့ပုံစံကို ပြောတာ၊ စတွေ့တဲ့နေ့ကတည်းက နင့်လက် အမူအယာတွေ ထူးခြားတာ ငါ သတိထားမိနေတာ၊ အဲ့ဒါ ဘာလဲဟင်"

အမရာ ငေးငိုင်သွားတာ ခဏကလေးပါ။

"ဩော်၊ အဲဒါ Sign Language လေ၊ နားမကြားသူတွေသုံးတဲ့ သင်္ကေတ ဘာသာစကားပေါ့၊ ငါက အကျင့်ပါနေတာ"

"နင်က . . ."

ကြိုး စကားကို တစ်ဝက်တစ်ပျက်နှင့်ပဲရပ်လိုက်သည်။ အမရာ၏ နားနှစ်ဖက်ကို အကဲခတ်ကြည့်မိ၏။ နားရွက်နီတျာတျာလေးတွေသိမှာ နားကြားကိရိယာနှင့်တူတာ ဘာတစ်ခုမှ မတွေ့မြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်က . . . ဆက်ပြောလေ"

"ဩော် အဲဒီပညာကို နင် ဘယ်ကတတ်တာလဲ သိချင်လို့ပါ"

"ဒီလိုပဲပေါ့ဟာ၊ ဘာလဲ နင် စိတ်ဝင်စားလို့လား၊ အဲဒီပညာက တတ်ထားသင့်တယ်နော်၊ နင်တတ်ချင်ရင် ငါသင်ပေးမယ်လေ၊ ဆရာကြီးလို့ ခေါ်စရာမလိုပါဘူးဟ"

အမယ် အမယ် . . . တော်ကီက . . .။ ဝါးပင်စိမ်းစိမ်းလေးလို အကြောကလေးနှင့် . . .။ မေးစေ့ကို ပွတ်သပ်လိုက်သေးသည်။ ဟိတ်နဲ့ ဟန်နဲ့ပေါ့လေ။ သူ့မေးစေ့လုံးလုံးလေးမှာ အမွေးလည်း မရှိပဲနဲ့များ. . .။

ကမ္ဘာတွင် အကြားအာရုံသန်စွမ်းသော လူအဖွဲ့အစည်းနှင့် အကြားအာရုံ မသန်စွမ်းသော လူအဖွဲ့အစည်းဟူ၍ရှိရာ နားကြားသူများ အဓိကပြောဆိုသုံးစွဲနေသော ဘာသာစကားမှာ အသံထွက်ဘာသာစကား (Spoken Language) ဖြစ်၍ နားမကြားသူများ နေ့စဉ်သုံးစွဲနေသော ဘာသာစကားမှာ လက်ဟန်သင်္ကေတပြ ဘာသာစကား (Sign Language) ဖြစ်ကြောင်း၊ နားကြားသော လူအဖွဲ့အစည်းမှာ လူများစုဖြစ်ကာ နားမကြားသော လူအဖွဲ့အစည်းမှာ လူနည်းစုဖြစ်၍ ထိုလူတန်းစားနှစ်ခု ဆုံတွေ့ရာတွင် ကြီးမားသောအတားအဆီးမှာ ဘာသာစကား ဆက်သွယ်မှု (Barrier Communicate) ဖြစ်ကြောင်း၊ ထိုသို့သော အတားအဆီးများကြောင့် လူနည်းစုဖြစ်သော နားမကြားသူများမှာ အစစအရာရာ ကဏ္ဍအသီးသီးတွင် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည်မှာ အဓိက အကြောင်းရင်းပင်ဖြစ်ကြောင်း၊ Sign Language တတ်မြောက်ထားပါက အကြားအာရုံ မသန်စွမ်းသူများနှင့်တွေ့လျှင် ဆက်ဆံရေး အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း သူမက အကျယ်တဝင့် ရှင်းလင်းပြောလေသည်။

တကယ် မှတ်သားစရာတွေပါပဲ။ ပြီးသော် . . .

"ရှင်းပြရတာ အာခြောက်တယ်ကွာ၊ ဝေဖာစားရတာလည်း အာကပ်တယ်၊ နင်လည်း စပ်နေတော့မယ်"

ဟု ဆိုကာ နှစ်ယောက်အတူ ရေသန့်သွားဝယ်ရင်း ဗလာစာအုပ်






နှင့် ဘောလ်ပင်ကလေးတစ်ချောင်းပါ ဝယ်၏။ စာစောက ထိုင်သည့်နေရာမှာပဲ ပြန်ထိုင်ကြတော့ သူမက သူ့ကို Sign Language အခြေခံအဆင့်ကို စတင်သင်ကြားပေးပါတော့သည်။

သင်မယ်လည်း မပြောပဲနဲ့ . . .။ ဖွတ်နော်. . .။ ဒါလည်း တစ်ကော်သတ်ပဲ။

ဗလာစာအုပ်မှာ ဘောလ်ပင်နှင့် ပုံဆွဲပြသလို လက်အမူအယာကိုယ်အမူအယာတွေ လုပ်ပြ၍လည်း နှုတ်မှ တဖွဖွသင်ကြား၏။ တပည့်ကလေးတစ်ယောက်ရပြီဟူ၍လည်း ကလိပါသေး၏။ "ဆရာလို့ မခေါ်ရပေသော်ငြား ဆရာက ဆရာပါပဲလေ" ဟူ၍လည်း တဟဲဟဲနှင့် ပြောသေး၏။ ညစ်ကျယ်ကျယ်ရုပ်ကလေးနှင့်။ တကယ်ပဲ ဆရာလုပ်ရလို့ ရွှင်မြူးနေပုံပါပဲ။

ကြိုးကလည်း သူမအနားမှာ နေရရင် ကျေနပ်နေတာ မဟုတ်လား။








www.burmeseclassic.com

www.burmeseclassic.com










ရူပဗေဒပညာရှင်ကြီး အိုင်းစတိုင်းကို ရီလေတစ်ဗီတီ သီအိုရီအကြောင်း ရှင်းပြပေးပါရန် မေးရာ ၎င်းက ဥပမာပေး၍ ရှင်းပြသည်။

"မိန်းမချောတစ်ယောက်ကို ခင်ဗျား ပေါင်ပေါ်မှာ တစ်နာရီကြာ တင်ထားတဲ့အခါမှာ တစ်မိနစ်ပဲရှိသေးတယ်လို့ ထင်မယ်၊ ဒါပေမယ့် မီးဖိုပေါ်မှာ တစ်မိနစ်ကြာ ခင်ဗျား တက်ထိုင်လိုက်၊ တစ်နာရီလောက်ကြာတယ်လို့ ထင်မယ်၊ အဲဒါ ရီလေတစ်ဗီတီ သီအိုရီရဲ့ အဓိပ္ပာယ်ပဲ"

သီအိုရီနှင့်ပတ်သက်၍ ထိုဥပမာ၏ဆိုလိုရင်းကို ခံစား၍ရသော်ငြား အပြည့်အဝလက်မခံချင်ဘဲ အနည်းငယ် ကလန်ကဆန် ငြင်းချက်ထုတ်ချင်တာတွေရှိ၏။ မိန်းမချောမိန်းမလှပင် ဖြစ်သော်ငြား ကိုယ့်ပေါင်ပေါ် တစ်နာရီလောက် တက်ထိုင်နေလျှင် အောင့်နာညောင်းမျက်မှာပဲ ဟုတ်လား။

သာယာမှုမှာ မိန်းမောနစ်မျောတတ်သည့် သဘောကိုတော့ လက်ခံ၏၊ ယခုပဲ ကြည့်လေ။

ပုံမှန်လည်ပတ်နေသော အချိန်တွေက စိတ်အထင်မှာ အကုန်မြန်လိုက်တာ။

မာကျူရီမီးရောင်ဖြာကျနေသော ဘောတံတားပေါ်မှာ မြစ်ပြင်ကိုဖြတ် တိုက်ခတ်လာသော လေအေးတဟူးဟူးနှင့် နှစ်ကိုယ်တူ နီးစပ်စွာနေထိုင်ခွင့်လေးက ပြီးဆုံးသွားခဲ့ပြီ။ သွေးအေးရတော့မှာလား. . . ။ ထိုင်ရာမှထလိုက်ကြပါစို့။ ထုံးစံအတိုင်း သူမအိမ်က ဖုန်းဆက်ခေါ်သဖြင့် သူမ ပြန်ရပေတော့မည်။

နာရီကြည့်မိတော့ ညရှစ်နာရီကျော်ပြီ။

"နောက်နေ့တွေ တွေ့သေးတာပေါ့၊ အခုနေ့ပြတာတွေ သေချာ

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ထားနော်"

"ဟုတ်"

"တပည့်လို့ မခေါ်ဝူးနော်"

"ဟုတ်ပါပြီဗျာ၊ ကျေးဇူး အရမ်းကြီး တင်ပါတယ်"

သူမနှင့် ဆက်ဆံရတာ စပရိန်ပေါ် တက်ခုန်နေရသလိုပဲ။ ရင်ဘတ်တွေ အောင့်၍ အူတွေအသည်းတွေ ဆောင့်ကာဆောင့်ကာ တုန်သည်။ ဂွမ်းစကလေးဖြင့် နားကြပ်ခံနေရတာနှင့်လည်း တူပေသေးရဲ့။ ယားကျိယားကျိနဲ့လေ။

လမ်းမရောက်တော့ ကားခဏစောင့်ရသည်။ ပူမဖုန်းက ထပ်မြည်လာပြန်၏။ ခုပဲ ပြန်လာနေပြီပြောပြီး ကြိုး တပေးထားသော တက္ကစီပေါ် အမြန်တက်၍ အလျှင်စလိုပုံစံဖြင့် အမရာ ပြန်သွားလေသည်။

ယနေ့အဖို့ ဤမျှနှင့်ပဲ တစ်ခန်းရပ်ပြီပေါ့။ ကားပြတင်းမှ ပေါ်ထွက်နေသော လက်ကလေးတစ်ဖက်က ယိမ်းနွဲ့ဝှေ့ယမ်းလျက် . . .။ တဖြည်းဖြည်း မြင်ကွင်းမှ ကားကလေး မှုန်ဝါးပျောက်ကွယ်သွားသည်အထိ ကြိုး မလှုပ်မယှက် ရပ်နေမိဆဲ . . .။

စွဲလမ်းမှုသည် ငါးကြော်အရသာကို သိသွားသော ကြောင်ကလေးတစ်ကောင်ဖြစ်၏။

ဝလင်အောင် မကျွေးနိုင်ဘဲ အမြည်းကလေးတွေ တို့ကနန်း ဆိတ်ကနန်း ပစ်ချမပေးပါနဲ့လား . . .။ ကောက်ကောက်စားရင်း အရသာမှာ တွယ်ငြိနေမိလို့ပါ . . .။

"ဟေ့ ကြိုး"

"ဩော် . . . မိုး . . ."

အသဲကွဲမိုး ဖြစ်သည်။ ကြိုးလက်ကိုကိုင်လှုပ်၍ လာနှုတ်ဆက်သည်။ တွေ့လျှင် သူမ ဆက်ဆံပုံက အဲသည်လို တရင်းတနှီး။

"နင်တစ်ယောက်တည်းလား မိုး"

"မဟုတ်ဘူး၊ အဖော်တွေပါတယ်၊ နင့်မြင်လို့ လာနှုတ်ဆက်တာ စောစောတည်းကပဲ၊ နင် အလွမ်းသယ်နေတာ အနောင့်အယှက်ဖြစ်မှာစိုးလို့ စောင့်ကြည့်နေတာ၊ အဲ့ဒါ အမရာ မဟုတ်လား"

"နင် သူ့ကို သိလို့လား"

"သိတာပေါ့ဟ၊ သူတို့ကလည်း ငါတို့လိုပဲ Construction လုပ်တာပဲဟာ"

"ဟုတ်လား"

"နင် မသိဘူးလား"

"မသိဘူး"

မိုးသည် အသဲကွဲမိုး ကလောင်အမည်ဖြင့် ဝါသနာအရ Online မှာ ကဗျာတွေ ရေးသလို၊ မိဘ၏အလုပ်ဖြစ်သော ဆောက်လုပ်ရေးကုမ္ပဏီမှာလည်း သူ့အဖေပြီးလျှင် သူပဲ ဦးစီးလုပ်ကိုင်နေတာဖြစ်သည်။

"နင်နဲ့သူက ဘယ်လိုအခြေအနေရှိလဲ"

"အသိမိတ်ဆွေဆိုတာထက် အများကြီး မပိုပါဘူး၊ ဒါ ခုလက်ရှိအခြေအနေပေါ့"

"သတိတော့ထားစေချင်တယ်ဟာ၊ သူ့မိဘတွေက တော်တော်မောက်မာကြတယ်၊ တန်းလည်း အရမ်းခွဲတယ်၊ construction ချင်း တူတာတောင် သူတို့ကုမ္ပဏီက ငါတို့ထက် အများကြီးမြင့်တယ်၊ ပြီးတော့ သူကလည်း ငါ့လိုပဲ၊ ကုမ္ပဏီမှာ သူ့အဖေပြီးရင် သူပဲ"

သိသလောက် မိုးတို့ကုမ္ပဏီသည်ပင် နိုင်ငံတကာနှင့် ဆက်နွယ်မှုရှိပြီး ရန်ကုန်မြို့ စီးပွားရေးလောကတွင် အကြီးပိုင်းစာရင်းဝင်၏။

မိုးက အမရာတို့ ကုမ္ပဏီအမည် ပြောပြသည်။ တကယ့် အကိုတ်ကြီးပဲ။ စီးပွားရေးလောကမှာ ဒိတ်ဒိတ်ကြဲ။ ကြိုး ကြားဖူးတာပေါ့။ ရုတ်တရက် ဘယ်လိုကြီးဖြစ်သွားမှန်းကို မသိ။ အဲ့စကားတွေ ကြားတော့ တကယ် တစ်မျိုးကြီးဖြစ်သွားတာ အမှန်။ အထင်ကြီးသွားတာလား။ အားငယ်သွားတာလား။ ဒါမှမဟုတ် ခံစားမှုအစုံ ပေါင်းစုခံစားလိုက်ရတာလား။

လူ့သဘာဝအရ ကိုယ့်ထက်ကြီးမြတ်ထည်ဝါမှုကို သိမြင်လျှင် သိစိတ်မသိစိတ်၏ ယှဉ်နိုင်းခြင်းနှင့်တကွ စိတ်အားတက်မှုနှင့် စိတ်အား



www.burmeseclassic.com

www.burmeseclassic.com



ကျမှုဟူ၍ ဖြစ်ပေါ်လေ့ရှိ၏။ အခုဟာက စိတ်အားတက်တာတော့ မဟုတ်။ ခန္ဓာကိုယ်မှ အားအင်တွေ စုပ်နှုတ်ခံလိုက်ရသလို နွမ်းဖျော့သွားတာမို့ စိတ်အားကျသွားတာ ဖြစ်နိုင်သည်။

ငါတို့ကြားမှာ ခရီးက အဝေးကြီးပါပဲလား. . .။

"နင်ကော အလုပ်တွေ အဆင်ပြေရဲ့လား"

"မပြေပါဘူးဟာ၊ စာအုပ်ဈေးကွက်က တော်တော်ပျက်နေတာ"

ခေတ်ကောင်းချိန်က ငွေရင်း၍ စာချုပ်ချုပ်ထားတာတွေက ခုချိန်မှာ ထုတ်လျှင် အရင်းပြန်မရသည့်အပြင် အရှုံးပြနေ၏။ လူဦးရေ သန်း ၆၀ ဝန်းကျင်ရှိသော မြန်မာပြည်တွင် စာအုပ် အုပ်ရေ ၁၀၀၀ ကုန်ဖို့တောင်မလွယ်။ အုပ်ရေ ၂၀၀၀ လောက် ရောင်းရလျှင်ပင် အရောင်းရဆုံးစာရင်းဝင် ဘတ်ဆဲလားဖြစ်နေသည့် ခေတ်။ စောင်ရေ ၂၀၀၀ ကျော်သည့် ကလောင်ဆိုတာ ရှားရှားပါးပါး လက်ချိုးရေတွက်၍ ရသည်။

အရင်းပြုတ်သွားသည့် ထုတ်ဝေသူတွေ၊ စာအုပ်အရောင်းဆိုင်တွေ၊ စာအုပ်အငှားဆိုင်တွေ ပေါမှပေါ။ ဘဝဟက်ပဲ့ဖြစ်သွားသော စာရေးသူတွေလည်း ရှိမှာ အသေအချာ။

ဒါဟာ ခေတ်စနစ်ကြောင့်လား. . .။ မြန်မာနိုင်ငံသူနိုင်ငံသားတွေ စာသိပ်မဖတ်ကြတာလား. . .။ ရေးသားတင်ပြမှုတွေကပဲ ဆွဲဆောင်မှု အားနည်းနေတာလား. . .။ ဒါမှမဟုတ် အခြား ဘာလဲ။

လောကသည် မေးခွန်းများဖြင့် ရှုပ်ထွေးစည်ကားလွန်းပါ၏။

အနုပညာကိစ္စရပ်တွေ ဖွံ့ဖြိုးအားနည်းမှုမှာ စီးပွားရေး ကြပ်တည်းမှုသည် အခြေခံပြဿနာတစ်ရပ်ဟု ကြိုး မြင်သည်။ စာပေတွင်ပင် ကြည့်လေ။ အားလုံးမဟုတ်ပေမယ့် အများစုမှာ စီးပွားရေးကြပ်တည်းတော့ ငွေလိုသည်။ အေးဆေးစွာ အနုပညာဖန်တီးမှုကို အားမထုတ်နိုင်။ ငွေလိုတော့ စာတွေ အမြန်ပြီးအောင်ရေးသည်။ ပင်ကိုယ်အရည်အချင်းရှိသူတွေပင် ဖန်တီးမှုအရည်အသွေးပိုင်း ဆုတ်ယုတ်ကျဆင်းလာတာတွေ တွေ့မြင်ရသည်။ စာဖတ်သူလူထုက စိတ်ဝင်စားသင့်သလောက် စိတ်ဝင်စားမှုမရှိကြတော့။ ဒီတော့ စောင်ရေတွေ ပိုကျ၍ ငွေအရ ပိုနည်းသည်။ ငွေထပ်လိုတော့ စာတွေ အမြန်ရေးပြန်၏။ သံသရာက





လည်နေတာ။ မြန်မာဗီဒီယိုဇာတ်ကား အများစုလည်း ထိုနည်းဌင်းပါပဲ။

ယခုခေတ်မှာ စာပေထက် အခြားဖျော်ဖြေရေးတွေဘက် အာရုံရောက်နေကြတာ များ၏။ စာတစ်အုပ်ထက် ဈေးနှုန်းသက်သာ၍ မိသားစု တစ်ပြိုင်နက်ကြည့်ရှုနိုင်သော နိုင်ငံခြားရုပ်သံ ဇာတ်လမ်းတွဲအခွေတွေ၊ အင်တာနက် အသုံးပြုမှုတွေ စသဖြင့်။ ယနေ့ လူငယ်အများစုသည် အင်တာနက်ကို ဗဟုသုတနှင့် မိမိအတွက်ကောင်းကျိုးဖြစ်စေမည့်ထက် ဖွန်ကြောင်ဖို့၊ ဖျော်ဖြေရေးနှင့် အချိန်ဖြုန်းမှုအတွက်လောက်သာ အသုံးပြုမှုများနေတာ သတိပြုမိ၏။ တချို့သော မိဘတွေကလည်း ကွန်ပျူတာရှေ့ထိုင်ပြီး ကိုယ့်သားသမီး အင်တာနက်သုံးနေတယ်ဆို အဟုတ်ကြီးထင်နေကြတာ။ ခေတ်နှင့် မျက်ချည်ပြတ်သော လူကြီးတွေနှင့် လူငယ်တွေကြား ကွာဟမှု၏ ဆိုးချက်တစ်ခုဖြစ်၏။

ဖျော်ဖြေရေးဆိုတာလည်း လိုအပ်သမို့ ကြိုးကတော့ အသုံးပြုမှု မျှတစေရန် သတိပြုဆင်ခြင်၏။

ကမ္ဘာ့လူဦးရေ သန်းပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိသည့် စားနပ်ရိက္ခာ ပြဿနာ၊ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှု၊ ဆောင်းပွဲသလောက် ရှားပါးနေသော ငွေကြေးကြပ်တည်းမှု အခက်အခဲတို့သည် စီးပွားရေး၊ ပညာရေး၊ အနုပညာ၊ လူနေမှုနှင့် စိတ်ဓာတ်ရေးရာ အစစအရာရာကို ဂယက်ရိုက်ထိခိုက်စေလေ၏။

ဆင်းရဲသားလူဦးရေ များပြားသော တိုင်းပြည်တစ်ပြည်မှာ စီးပွားရေးလုပ်ငန်းတွေ ရုတ်တရက် လျှင်မြန်စွာ ဖွံ့ဖြိုးပေါ်ပေါက်လာသည့်အခါမျိုးတွင်၊ အသစ်ဖြစ်ပေါ်လာသော စီးပွားရေးဖွံ့ဖြိုးမှု၏ အကျိုးအမြတ်ကို လူတစ်ဝက်ခန့်ကသာ ခံစားရလေ့ရှိသည်။ ထိုခံစားရသူတို့သည် ရရှိလာသည့်ဝင်ငွေသစ်များကို စားနပ်ရိက္ခာဝယ်ယူရာ၌ အများအပြား သုံးစွဲကြလေရာ၊ အကယ်၍ စားနပ်ရိက္ခာရောင်းအား အလျှင်အမြန် တိုးတက်မလာပါက ဈေးနှုန်းများ တိုးတက်သွားကြမည်ဖြစ်သည်။ ထိုအခါ ဝင်ငွေအသစ် တိုးမလာသည့် ကျန်ဆင်းရဲသားများမှာ စားသောက်ကုန်ဈေးနှုန်း တိုးမြင့်ခြင်း၏ဒဏ်ကို တစ်ဖက်သတ်ခံရကာ ထိခိုက်မှုများ ဖြစ်ပေါ်လာပေမည်။ အဲသည်နည်းမျိုးဖြင့်ဖြစ်သည့် ဘေးဒုက္ခများ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကမ္ဘာ၌ ကြိမ်ဖန်များစွာ ပေါ်ပေါက်ခဲ့ပြီးဖြစ်၏။ ဆိုးဆိုးဝါးဝါး သာဓကတစ်ခုမှာ ဗြိတိသျှအုပ်ချုပ်ရေးနှောင်းပိုင်းကာလ အိန္ဒိယတွင် ဖြစ်ပွားခဲ့သည့်၁၉၄၃ခုနှစ် ဘင်္ဂလားအငတ်ဘေးကြီးပေ။

ကမ္ဘာ့စားနပ်ရိက္ခာပြဿနာသည် တစ်ဦးချင်းအတွက် စားနပ်ရိက္ခာ ထုတ်လုပ်မှုနှုန်းထား ကျဆင်းသွားခြင်းကြောင့် မဟုတ်။ ဝယ်လိုအားတိုးတက်နှုန်း မြန်ဆန်နေမှုကြောင့်သာ ထိုပြဿနာ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ထိုပြဿနာကို တစ်ကမ္ဘာလုံး ယခုထက် ပိုမိုပူးပေါင်း၍ စားနပ်ရိက္ခာထုတ်လုပ်မှု လျှင်မြန်စွာတိုးချဲ့သောနည်းဖြင့် ဖြေရှင်းနိုင်သည်ဟု ဟားဗတ်တက္ကသိုလ်မှာ စီးပွားရေးပညာနဲ့ ဒဿနိကပညာရပ်ကို သင်ကြားပို့ချလျက်ရှိသော ၁၉၉၈ ခုနှစ်က စီးပွားရေးပညာရပ်ဆိုင်ရာ နိုဗယ်လ်ဆုချီးမြှင့်ခြင်းခံရသူ အမာတြာဆင်း (Amartya Sen) က ဆို၏။

အမြတ်အစွန်း မျှော်ကိုး၍ ကုန်ပစ္စည်းတွေ လက်ဝယ်သိုလှောင်သိမ်းဆည်းထားမှုတို့ပါ အထိုက်အလျောက် လျှော့ချဖို့ လိုအပ်သည်ဟု ကြိုး ယူဆသည်။

မိုးနှင့်က facebook စသုံးကတည်းက Online မှာ ရင်းနှီးတာဖြစ်ပြီး ခင်တာကြာပြီမို့ တစ်ယောက်အကြောင်းတစ်ယောက် တော်တော်သိကြ၏။ အထိုက်အလျောက် ပွင့်လင်းမှုတွေ ရှိကြ၏။ အတော်ကြာစကားပြောပြီး သူ့အဖော်တွေ လာခေါ်သဖြင့် မိုး ထွက်သွားတော့ ငှားရမ်းနေထိုင်ရာ တိုက်ခန်းကျဉ်းကလေးဆီ ကြိုး ပြန်လာခဲ့ပါသည်။

အထက်မှာ မော့ကြည့်စရာတွေရှိသလို အောက်မှာ ငုံ့ကြည့်စရာတွေ ရှိသည်ဆိုသော သဘောတရားကို ထိုညက ကြိုး နှလုံးသွင်းလေ့ကျင့်နေမိလေသည်။

ဒီညတော့ လွမ်းရတာတောင် မရဲတရဲပါပဲလား. . . ။





# music



## (ပုံပြင် - ဃ)

တစ်ခါတုန်းက လူငယ်တစ်ယောက်ဟာ ဆိုခရေးတီးထံ သွားမေးတယ်။

"ကျွန်တော် အောင်မြင်ခြင်းရဲ့ သော့ချက်ကို သိချင်ပါတယ်"

ဆိုခရေးတီးက လူငယ်ကို မနက်ဖြန်မနက် မြစ်ကမ်းဘေးလာဖို့ ပြောလိုက်တယ်။

နောက်တစ်နေ့မနက်ရောက်တဲ့အခါ လူငယ်နဲ့ဆိုခရေးတီးဟာ မြစ်ကမ်းဘေးမှာ တွေ့ဆုံကြတယ်။ "အောင်မြင်ခြင်းရဲ့သော့ချက်ကို သိချင်ရင် ငါနဲ့အတူ မြစ်ထဲကို ဆင်းရဲလား"လို့ ဆိုခရေးတီးက မေးတော့ လူငယ်က "ဆင်းရဲပါတယ်"လို့ ဖြေတယ်။

ဒီလိုနဲ့ မြစ်ထဲကို ဆိုခရေးတီးနဲ့လူငယ် ဆင်းသွားကြတယ်။

တဖြည်းဖြည်း ရေက နက်သထက်နက်လာပြီး လည်ပင်းပေါ်ရဲ့ အောက်အထိ ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ ရုတ်တရက် ဆိုခရေး



www.burmeseclassic.com

www.burmeseclassic.com



တီးက လူငယ်ကို ကိုင်ချုပ်ပြီး ခေါင်းကို ရေထဲ နှစ်ချလိုက်တယ်။ လူငယ်က ကြောက်လန့်တကြား ရုန်းကန်ပါတယ်။ ဒါပေမယ့် ဆိုခရေးတီးက ပိုသန်မာတဲ့အတွက် လူငယ် ဘယ်လိုမှ ရုန်းထွက်လို့ မလွတ်မြောက်ဘူး ဖြစ်နေခဲ့တယ်။

အသက်ရှူမရဖြစ်ပြီး မျက်နှာတွေ ပြာနှမ်းလာတဲ့အချိန်ရောက် မှ ဆိုခရေးတီးက လူငယ်ကို ရေထဲက ဆွဲဖော်ပေးတယ်။ ဦးခေါင်း ရေပေါ်ရောက်ရောက်ချင်း လူငယ်ဟာ လေကို အသည်းအသန်ရှူလို့ မောပန်းနေပါတယ်။

ဆိုခရေးတီးက လူငယ်ကိုမေးတယ်။

“ရေထဲမှာ ဦးခေါင်းနှစ်နေတဲ့အချိန်တုန်းက မင်း အတောင့်တဆုံးအရာက ဘာလဲ”

“လေကို ရှူဖို့ပါ”

“အောင်မြင်ခြင်းရဲ့ သော့ချက်ဆိုတာ အဲဒါပါပဲ၊ မင်းဟာ ရေထဲနှစ်နေတဲ့အချိန်တုန်းက လေကို တောင့်တသလို ပြင်းပြတဲ့ဆန္ဒအာသီသမျိုး အောင်မြင်ခြင်းကို လိုချင်တယ်ဆိုရင် မင်း အောင်မြင်ပါပြီ”





# အခန်း(၄)

သစ်ပင်ကလေးသည် တဖြည်းဖြည်းချင်းပဲ အမြစ်တွယ်ရှင်သန်သာ၏။

နေ့စဉ်ရက်ဆက်မဟုတ်ပေမယ့် ကြိုးနှင့်အမရာ၏ ဆုံတွေ့မှုက ပိုလာသည်။ ရင်းနှီးပွင့်လင်းမှုတွေ ပိုလာသလို တစ်ယောက်အကြောင်း တစ်ယောက် ယခင်ကထက် သိလာကြ၏။ နေ့လည်ဘက်တွေမှာတော့ တွေ့ဖြစ်တာ နည်းသည်။ ကြိုးထက် အမရာက ပိုမအား။

နှစ်ဦးဆုံလျှင် Sign Language သင်ကြားခြင်း၊ မုန့်တီသုတ်သွားစားခြင်း၊ ဘတ်စ်ကား လျှောက်စီးခြင်း၊ ဗိုလ်တစ်ထောင်ကမ်းနားသွားခြင်း၊ အယူဝါဒတွေ အစဉ်အလာတွေနှင့် ပတ်သက်၍ ဆွေးနွေးငြင်းခုံခြင်းတို့ကို မရိုးအီနိုင်ပဲ ပြုမူနေဖြစ်ကြဆဲ။

သူမအကြောင်းတွေ ပိုသိလာရလေ ဝေးကွာမှုအား ကြိုး ခံစားရသေး။ တစ်ခါတရံ ကိုယ်နှင့်အတူ လမ်းဘေးဆိုင်ကလေးမှာထိုင်၍ မုန့်စားတတ်သော၊ ဘတ်စ်ကားတိုးစီးလေ့ရှိသော ကောင်မလေးဟာ မြန်မာနိုင်ငံ၏ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားသော ကုမ္ပဏီပိုင်ရှင်၏သမီး၊ ထိုကုမ္ပဏီလုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နေသူတစ်ယောက်ဆိုသောအသိက နားလည်ရခက်ခဲလွန်းစေသော ပဟေဠိတစ်ပုဒ်သဖွယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သာမည အနုပညာသမားတစ်ယောက်အတွက်တော့ သူမဟာ ဘုံခုနစ်ဆင့်အမြင့်ရှိတဲ့ နန်းပြဿဒ်ထက်က တော်ဝင်ထိပ်ထားပါပဲလေ။

မိုး၏ သတိပေးစကားနှင့် သူမ၏အနေအထားက ကြိုးဆန္ဒတို့ကို သိုဝှက်ထိန်းချုပ်ဖြစ်စေခဲ့ပါ၏။ အခွင့်ရတုန်းတော့ ရှေ့တော်မှောက် ခစားချင်သေးသည်လေ။

Sign Language နှင့်ပတ်သက်၍ ကြိုး တော်တော်တိုးတက်လာပြီ ပြောရမည်။ အမရာနှင့်နှစ်ဦးဆုံလျှင် Sign Language ဖြင့် နှုတ်ဆက်တတ်နေပြီ။ သူမ လက်အမူအယာ လှုပ်ရှားမှုတို့ကိုလည်း ဘာသာပြန်တတ်နေလေပြီ။

တစ်ခါတရံ နှစ်ဦးသား လေ့ကျင့်ရင်း Sign Language ဖြင့်ပင် စကားပြောကြတာတွေရှိ၏။

Sign Language နှင့်ပတ်သက်၍ လေ့လာမှ ကမ္ဘာပေါ်တွင် Sign Langauge ဘာသာစကား ၁၂၀ ကျော်ရှိကြောင်း သိရလေသည်။

အီစွတ်ကလေးအခြေအနေကို အကဲခတ်ချင်သာကြောင့် မယဉ်မျိုးခိုင်ဆိုင် သွားလည်သည့်အခါတွေမှာလည်း အချိန်ရလျှင် သူမ လိုက်ပါတတ်၏။ တစ်ခါတရံ ထိုဆိုင်မှာပဲ နှစ်ဦးအတူ ထမင်းစားဖြစ်တာတွေရှိသည်။ ကြိုးနှင့်အမရာ လာလည်လျှင် အီစွတ်ကလေးမှာ ပျော်နေ၏။

"အစ်ကိုလေးတို့ စားတာကို ကျွန်တော့်လခထဲက ဖြတ်ပါ မမကြီး"

ဟုသာ အတွင်တွင် ပြောလေ့ရှိသဖြင့် မနည်းတားရ၏။ တစ်ခါတော့ အီစွတ်ကျေနပ်အောင် သူတို့ စားဖြစ်ခဲ့ကြ၏။ မှတ်မှတ်ရရပါပဲ။ အဲသည်နေ့က အမရာ ကားသော့ကို ဖြုတ်မယူဘဲ မေ့ပြီး ကားတံခါးပိတ်မိလေရာ ပြန်အထွက်မှသိကာ တံခါးလော့ခ်ကျနေပြီဖြစ်သော ကားအတွင်းဝင်ဖို့ ခက်ခဲနေ၏။ သော့ပြင်ဆရာသွားရှာခေါ်မည်ပြုနေကြစဉ် အီစွတ်က "ကျွန်တော် လုပ်ပေးကြည့်မယ်" ဆိုပြီး သံချောင်းကလေးတစ်ချောင်းဖြင့် ဟိုကလိဒီကလိလုပ်လေရာ ကားသော့မှာ ပွင့်သွားခဲ့၏။

"အီစွတ်က ဆရာကြီးပဲ"





"ကျွန်တော့်အဘိုးက သော့ပြင်တဲ့ သော့တုတွေလုပ်တဲ့သူလေ၊ သော့တွေရဲ့ လျှို့ဝှက်ချက်ကို အဘိုးက သင်ပြပေးခဲ့တာ"

အီစွတ်ကို သော့ပြင်ဆိုင်ဖွင့်ပါလားဟုပင် ကြိုး ပြောမိသေး၏။ နေရာနှင့် အရင်းအနှီး ရှာဖွေကူညီပေးမည်ပြောတော့ အီစွတ်က လက်ခါ၏။ သော့ပြင်သည့်အလုပ်မှာ ဖြစ်ဖြစ်မြောက်မြောက် ငွေမရပေမယ့် ရန်တွေနှင့် အလွန်ဇယားရှုပ်ရကြောင်း၊ သူ့အဘိုး သက်ရှိထင်ရှားရှိစဉ်ကဆိုလျှင် သူတို့နယ်မှာ ဖောက်ထွင်းမှုတစ်ခုခုဖြစ်တာနှင့် လာရောက်အစစ်ဆေးခံရလေ့ရှိကြောင်း၊ ပတ်ဝန်းကျင်၏ အထင်လွဲပြုံမှုကို ခံရသဖြင့် စိတ်ပျက်ကြောင်းတွေပြောပြီး တူးတူးခါးခါး ငြင်း၏။

ထိုနေ့က အမရာ မုန့်ဖိုးပေးပေမယ့် အီစွတ်မယူပါ။ မယဉ်မျိုးခိုင်ထံမှ အီစွတ်ကလေး လိမ္မာကြောင်းနှင့် အလုပ်ကြိုးစားကြောင်း ကြားသိရသဖြင့် ကြိုး တစ်မျိုးတစ်ဖုံ စိတ်ချမ်းသာရ၏။

အီစွတ်က ပြောသည်။ သော့တံကလေးတစ်ချောင်းတည်းက သော့အိမ်အားလုံးကို ဖွင့်လို့ရနေရင် အဲဒါ မာစတာကီး။ သော့အိမ်တစ်ခုဟာ သော့တံအားလုံးနဲ့ ဖွင့်လို့ရနေပြီဆိုရင်တော့ အဲဒါ သော့ပျက်ပဲတဲ့။

အမရာရဲ့ နှလုံးသားသော့အိမ်ကို ပွင့်စေနိုင်စွမ်းမယ့် သော့တံကလေးတစ်ချောင်း ကြိုး ဖြစ်လိုက်ချင်စမ်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သွေးဆာမှုတွေနှင့် ထိတ်လန့်တုန်လှုပ်ဖွယ် ကြုံတွေ့ရသော ညတစ်ညဖြစ်၏။

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ပွဲတော်တွင် ပရဟိတအသင်းအဖွဲ့များစုစည်း၍ ဈေးရောင်းကာ ရန်ပုံငွေရှာကြသည်။ ထိုမှရရှိသော အမြတ်ငွေတွေဖြင့် ချို့တဲ့နွမ်းပါးသော ကလေးငယ်တွေ ပညာရေးအတွက် လှူဒါန်းထောက်ပံ့ကြမည်ဖြစ်သည်။

ထိုပွဲတွင် တွဲလက်မိသားစုက ကြာဇံချက်၊ အကင်၊ အကြော်စသည်တို့ ပါဝင်ရောင်းချကြ၏။ အုပ်လိုက်သင်းလိုက်ဆိုတော့ အော်ဟစ်ရောင်းချကြတာ တပျော်တပါးကြီးပေါ့။

“ဟောဒီနှာ အနော် နူနူလေးနွေ၊ အနင် နူနူလေးနွေ၊ နှာနံချက်နူနူလေးနွေ ရနယ်နော်”

ဆိုသော ယွန်း၏ တက်တက်ကြွကြွ အော်သံကလေးပင် ပါဝင်သေး၏။

ညနေ လေးနာရီခန့်မှ စတင်ရောင်းချပြီး ညဆယ့်တစ်နာရီဝန်းကျင်ဆို ရပ်နားကြသည်။ တချို့က ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြပေမယ့်တချို့ကတော့ ဆိုင်စောင့်ရင်း တစ်ညလုံး စေတီတော်ဝင်းအတွင်းမှာသာနေပြီး မနက်လင်းမှ ပြန်အိပ်ကြသည်။ ဟာသတွေပြောလိုက်၊ သူ့အကြောင်း ကိုယ့်အကြောင်း ဆွေးနွေးဖလှယ်လိုက်၊ Game တွေ ကစားလိုက်နှင့် အချိန်ကုန်လို့ကုန်မှန်းပင် မသိလိုက်ကြ။ ရက်ဆက်လာတော့ ခိုးခိုးဝိုက်တာလေးတွေတော့ ရှိတာပေါ့။

ပွဲတော် တတိယမြောက်ည လူခြေတိတ်ချိန် ဆယ့်နှစ်နာရီသာသာ။ တွဲလက်မိသားစုဝင်တွေကတော့ မအိပ်စက်ကြသေး။ လက်ဖက်သုတ်ပွဲကြီးတစ်ပွဲနှင့် စကားကောင်းနေကြဆဲ။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး ကိန်းဝပ်စမွယ်တော်မူရာ သိင်္ဂုတ္တ ကုန်းတော်အကြောင်းပြောဆိုနေဖြစ်ကြပါ၏။



ကြိုး လင်းညို့သွေး

သိင်္ဂုတ္တကုန်းတော်သည် တရိဟကူဋ္ဌ၊ သတ္တဘုမ္မိ၊ ဓညဝတီ၊ ပေါက္ခရဝတီ၊ ဘူရိဒတ္တ၊ သီဟရာဇ၊ သိင်္ဂုတ္တရဟူ၍ အမည်(၇)ပါးတွင်၏။

တရိဟကူဋ္ဌဟုတွင်သည်ကား ဟိမဝန္တာတောင်၏ အဆုံးဖြစ်သောတောင်စွယ်တောင်ထိပ် သုံးလုံးတို့သည် ဤကုန်းကို ညွှတ်တွားဦးခိုက်နေသကဲ့သို့ရှိသောကြောင့် ဖြစ်၏။

သတ္တဘုမ္မိဟုတွင်သည်ကား ရွှေ၊ ငွေ၊ အနီ၊ အဖြူ၊ အမည်း အဆင်းများနှင့် ချဉ်သော၊ ဖန်သော အရသာများရှိသည့် မြေခုနစ်မျိုးပါဝင်သောကုန်းတော်ဖြစ်သောကြောင့် ဖြစ်၏။

ဓညဝတီဟုတွင်သည်ကား ကောက်နှံ၊ ရတနာပစ္စည်း၊ သစ်ပင်၊ ပန်းမန်တို့ ပေါများကြွယ်ဝသောကြောင့်ဖြစ်၏။

ပေါက္ခရဝတီဟုတွင်သည်ကား သိင်္ဂုတ္တရကုန်းတော်ကို ဇီးကုံးရံ၍နေသောကြောင့်ဖြစ်၏။

ဘူရိဒတ္တဟုတွင်သည်ကား ဤကုန်းသို့ ရောက်လာသော သတ္တဝါတို့သည် ရန်သူပင်ဖြစ်သော်လည်း ရန်ပြေငြိမ်းစေတတ်သောကြောင့်ဖြစ်၏။

သီဟရာဇာဟုတွင်သည်ကား ထိုကုန်းကိုမြင်လျှင် ရဲရင့်ခြင်းနှင့်ပြည့်စုံသောကြောင့်ဖြစ်၏။

သိင်္ဂုတ္တရဟုတွင်သည်ကား ထိုအရပ်၌ရှိသော ကင်းကြီးတစ်ကောင်သည် ဆင်များကို သတ်ဖြတ်စားသောက်၍ အစွယ်များကို စုပုံထားရာဖြစ်သောကြောင့် ကင်းကြီးနှင့်ဆင်စွယ်များကို အကြောင်းပြု၍ မှည့်ခေါ်ခြင်းဖြစ်၏။

အဆိုပါ သိင်္ဂုတ္တကုန်းတော်ကို သိကြားမင်းအမိန့်ဖြင့် ဝိသကြုံနတ်သား ရှင်းလင်းတာတွေ၊ ထိုညမှာ တဖုဿနှင့်ဘလ္လိကညီနောင်တို့သည်တောင်ကုန်းကို မိမိတို့ကိုယ်တိုင် တွေ့ရှိရပြီဟု အိပ်မက်မြင်မက်တာတွေနံနက်မိုးသောက်သည်နှင့် ထိုနေရာသို့ သွားကြသောအခါ စည်မျဉ်းနှာအဲ့သို့ ညီညာပြန့်ပြူးစွာ ရှင်းလင်းထားသောကုန်းမြေကို အံ့ဖွယ် တွေ့ရှိတာတွေ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလေသည်။ ယွန်းကလည်း

www.burmeseclassic.com



တစ်ချက်တစ်ချက် ဝင်ဝင်ပြော၏။

၂. ၃. ၁၉၀၃(၁၂၆၃-ခု၊ တပေါင်းလဆန်း ၅-ရက်) တနင်္လာနေ့မှာ စေတီတော်ကို ရွှေချရန် ဖြိမ်းများပြုလုပ်ထားချိန်၊ ကျားသစ်တစ်ကောင်သည် ခေါင်းလောင်းပုံ အနားလန်စွန်းတွင် တက်၍ ဝပ်နေသည်ကို ဗိုလ်မှူးကြီး အီးလော့ဖို့ဒ်၊ ကပ္ပတိန်ဘီဗီးလ်၊ ကပ္ပတိန်ဂျင်းနင်းတို့နှင့် လီဗာပူဘုရင့်တပ်ရင်းမှ ရိုင်ဖယ်သေနတ်ကိုင် (၁၀) ဦးကျော်တို့ လာနှိမ်နင်းကြသည့်အကြောင်းတွေလည်း ပါ၏။

အဲသည်အချိန်မှာပဲပေါ့. . .

ကားတစ်စီးက သူတို့စကားကောင်းနေရာ အနောက်ဘက်မုခ်လမ်းကြောအတိုင်း ခပ်ကြမ်းကြမ်း မောင်းဝင်လာ၏။ ကားပေါ်မှ ဆင်းလာတာက အနက်ရောင် ကိုယ်ကြပ်ဝတ်စုံနှင့် အမရာ။ ကြိုး ဒီည ဒီနေရာမှာရှိတာ သူမ သိပြီးသား။ သူမကို ယခုလိုအချိန် မြင်တွေ့လိုက်ရလေတော့ ကြိုး အံ့ဩတာပေါ့။

“ဒီအချိန်ကြီး ဘာလုပ်တာလဲ အမရာ”

တိုသောစကတ်ကြောင့် အဖျားဆီ သွယ်ဆင်းချူးကျနေသည့် အမရာ၏ ပေါင်သားဖြည့်ဖြည့်လေးတွေမှာ စိမ်းဖန့်ဝင်းမွတ်နေပါ၏။ တို့ထိကာ ပွတ်ကြည့်ချင်လိုက်တာ။ မွေးညှင်းနုလေးတွေပေါ် လက်ချောင်းလေးတွေ လျှောက်ပြေးရတာ အရသာရှိမှာပဲ။

ကြိုး အနီးရောက်တော့ အမရာက သူမနှင့်လိုက်ခဲ့ဖို့ ခေါ်သည်။ ဒီမှာလည်း အေးဆေးပဲမို့ အားလုံးကို အသိပေးခွင့်ပန်ပြီး ကြိုး လိုက်သွားခဲ့၏။ ကြိုး ကားပေါ်ရောက်တာနှင့် အမရာက ကားကို လီဗာဆောင့်နင်း၍ တရကြမ်း မောင်းထွက်သည်။ သီချင်းကိုလည်း အကျယ်ကြီးဖွင့်၏။

“ငါမေးတာ ဖြေပါဦး၊ နင် ဘာတွေဖြစ်နေတာလဲ၊ ဘာလို့ ခုလိုအချိန်ကြီးမှ ထွက်လာရတာလဲ၊ နင့်အိမ်က မဆူဘူးလား”

“အဖေကောအမေပါ ဂျပန်သွားတယ်၊ အဲဒါကြောင့် ဒီည ထူးထူးခြားခြား လွတ်လပ်ရေးရလို့ ထွက်လာတာ၊ ဒါတောင် စာရင်းဇ





ယားတွေ မပြတ်သေးလို့ လုပ်နေရတာ နောက်ကျသွားတာ”

“အခု ဘယ်သွားမှာလဲ”

“ကလပ်”

“ဘာလို့ . . . ”

“သွားချင်လို့ပေါ့ဟ”

ဟစ်ဟော့ပ်ဂီတနှင့်တကွ သူမနှုတ်ဖျားမှ သံစဉ်တွေ ကဆုန်ပေါက်ထွက်အော်နေသည်။ ကားမောင်းနေရင်းမှ လက်တစ်ဖက်ကလည်း စည်းချက်အလိုက် လှုပ်ရှားနေသေး၏။ ဒီလိုအထာနှင့် သူမကို မြင်ရတာ ယနေ့ည ပထမဆုံး။

သီချင်းသံ ဆူညံစွာဖြင့် တရိပ်ရိပ် ပြေးလွှားနေသော ကားသည် DJ Bar သို့ ရောက်လာသည်။ “အစ်မ မလာတာ ကြာပြီနော်”ဆိုသော ဝန်ထမ်းတချို့၏ နှုတ်ခွန်းဆက်သံတွေက ကြိုး မျက်ခုံးပင့်သွားစေ၏။ ခစ်စကိုဆလိုက်မီးရောင်စုံတို့ မှေးမှိတ်ပွင့်ဖြာနေသော ခန်းမဆောင်တွင်းမှာ ဒီဂျေမြည်တွန်သံတွေက အူလှိုက်သည်းလှိုက် တုန်ခါစီးဆင်းနေပါသည်။ “ပုလင်းဖောက်ဦးမလား အစ်မ” ဟု ဝိတ်တာတစ်ဦးမှ လာမေးတော့ သူမ ဆတ်ခနဲသာ ခေါင်းညိတ်ပြသည်။ နောက်တော့ အရက်သောက်တယ်လို့ပဲ ရိုးရိုးလေး ဆိုလိုက်ကြပါစို့။

လက်ထဲမှ ဖန်ခွက်ကလေးကို လှုပ်ခတ်၍ ရေခဲတုံးလေး အရည်ပျော်စေဖို့ ကြိုးစားလိုက်၊ နှုတ်ခမ်းဝဆီ တေ့မော့သောက်သုံးလိုက်၊ သီးစုံပွဲဆီ လက်ရောက်စားသုံးလိုက်နှင့်။ နှစ်ယောက်သားပေါ့။ မထူးပါဘူး။ အလိုတူအလိုပါ,ပါပဲ။

“နင် မကဘူးလား အမရာ”

လူငယ်ပဲ။ သိတယ်မလား။ နည်းနည်းယစ်ထွေလာတော့ ရှေ့မြင်ကွင်းကလည်းရှိလေတော့ ရွချင်စိတ်ပေါ်တာပေါ့။ အနည်းငယ် ပွတ်သီးပွတ်သပ်ကလေးများ လုပ်ခွင့်ရမလားပေါ့လေ။

“မကဘူး၊ ငါ ဒီလို သောက်ရင်း ငြိမ်ငြိမ်လေး ထိုင်ကြည့်ချင်လို့လာတာ၊ နင်က,ချင် သွားကလေ”



www.burmeseclassic.com

www.burmeseclassic.com



"နင် မက,ရင် ငါလည်း မက,ပါဘူး"

နည်းနည်းတော့ ငုပ်သွားသည်။ နှစ်ယောက်သား အခြားသူတွေ လှုပ်ရှားမှုကိုပဲ ငေးကြည့်နေဖြစ်ကြ၏။ အမရာ၏ ပေါင်သားဖွေးဖွေး ပြည့်ပြည့်လေးတွေကို တစ်ခါတစ်ရံ ခိုးကြည့်ဖြစ်တာ ဝန်ခံပါသည်။ ဆွဲဆောင်မှု ပြင်းထန်တာကိုး. . .။

စည်းချက်ညီညာတာတွေကော စည်းချက်မညီညာတာတွေကော အဖွဲ့လိုက်တွေကော စုံတွဲတွေကော တစ်ယောက်တည်းတွေကော ခန္ဓာကိုယ်တွေကတော့ လှုပ်နေကြတာပါပဲ။ ဒီအထဲမှာရှိသူအားလုံး ဘယ်အရာကို အရသာခံချင်လို့ ရောက်လာကြလေသလဲ။ တစ်ဦးချင်းဆီလိုက်မေးလျှင် ထွက်ပေါ်လာမည့်အဖြေတွေက စိတ်ဝင်စားဖို့ ကောင်းမည်ထင်၏။

ပရဟိတအတွက် အလှူငွေထည့်ဝင်လှူဒါန်းကြပါခင်ဗျာ. . . ဆိုပြီး ယခုလိုအချိန် ယခုလိုနေရာမှာ အလှူခံဖလားလေးနှင့် အလှူငွေလိုက်ကောက်လျှင်ကော. . .။ အမယ် ဒါက ပိုလို့တောင် စိတ်ဝင်စားဖို့ကောင်းပါသေးလား။

ထိုမေးခွန်းနှစ်ခုအတွက် အဖြေတွေထဲမှာ ဆဲဆိုသံနှင့် လက်သီးတွေ မပါနိုင်ဘူး ပြောမရ။

"ငါတို့ တခြားတစ်နေရာ သွားရအောင်"

ညနှစ်နာရီကျော်တော့ အမရာ နေရာချိန်းသည်။ ထိုအချိန်ထိ ကာလပ်က မသိမ်းသေး။ တော်တော် အိပ်ရေးပျက်ခံနိုင်သူတွေ။ အင်မတန် ဝီရိယကောင်းသူတွေပါတကား။

ဇော ဆိုတာ ဒါလား. . .။

ကားလေးက [illegible]ရောင်လမ်းမတွေပေါ်မှာ ပြေးလွှားချိုးကွေ့ပြီး လမ်းကြားတစ်ခုရောက်တော့ လစ်လပ်ရာမှာ ရပ်သည်။ မှောင်မိုက်ကျဉ်းမြောင်း၍ အနံ့အသက်မကောင်းသော လှေကားအတိုင်း ဖုန်းဟမ်းဆက်မှ Flashlight မီးလေးဖွင့်၍ အပေါ်တက်ကြသည်။ မှတ်မှတ်ရရ အဲသည်အချိန်က Samsung Galaxy SII တွေ စပေါ်စ





ခေတ်ထစအချိန်။ သူမလည်း ထိုဟမ်းဆက်ကိုင်စအချိန်ပေါ့။

"ဘယ်သွားနေတာလဲဟ"

"ရှူး တိုးတိုး၊ မမေးနဲ့၊ လိုက်ခဲ့၊ ဟိုကျရင်လည်း အသာနေနော်"

သူမ အသံအုပ်အုပ်ဖြင့် ပြောနေသဖြင့် ကြိုး အသာ နှုတ်ဆိတ်နေလိုက်တော့၏။ အခန်းတစ်ခုရှေ့အရောက်မှာ ရပ်သည်။ အတွင်းမှ မီးရောင်သဲ့သဲ့က တံခါးကြားမှ ပျို့အန်ကျနေ၏။ ဖျော့တော့လိုက်တာ။

"တောက် တောက် တောက် တောက်"

တံခါးခေါက်ပုံက ထူးခြားသည်။ ငယ်ငယ်က စာသင်ခုံတွေပေါ် မြင်းပြေးသံလုပ်တမ်း ဆော့ကစားသလိုမျိုး။ လက်မနှင့် ဖိထားသော လက်ချောင်းလေးချောင်းကို တရစပ်လွှတ်၍ ခေါက်တာမျိုး။ ထိုသို့ သုံးခါတိတိခေါက်မှ အတွင်းမှ မေးသံ ထွက်လာသည်။

"ဘယ်သူလဲ"

"လျှာမရှည်နဲ့၊ ဖွင့်မှာဖြင့် ဖွင့်"

တံခါးပွင့်သွားသည်။ ရနံ့တစ်ခုက နှာခေါင်းထဲ စူးခနဲ တိုးဝင်လာ၏။ ရင်းရင်းနှီးနှီးသိတယ်။ ဒါ ဘာရနံ့ပါလိမ့်. . .။ ကြိုး စဉ်းစားသည်။ သိပြီ. . .။ ချောကလက်ရနံ့။

ချောကလက်ရနံ့က ဘာကြောင့် ဒီအခန်းထဲမှာ ဒီလောက်သင်းပျံ့နေတာလဲ။ ဒီအခန်းမှာ နေသူတွေ တော်တော်ပဲ ချောကလက်ကြိုက်ကြတယ် ထင်တယ်။ နှလုံးရောဂါကာကွယ်ဖို့နဲ့ လေဖြတ်မှာစိုးလို့ စွတ်စားနေကြတာများလား. . .။ ဝိတ်တွေတော့ တိုးရချည်သေးရဲ့။

တံခါးလာဖွင့်ပေးတာက အသက် ၁၈ဝန်းကျင် ခပ်ပိန်ပိန်ကောင်လေးတစ်ယောက်။ ချောကလက်စားရင် ဝတယ်ဆို သူ့ကျ မောင်ပိန်လေးပါလား။

တံခါးပွင့်တာနှင့် အမရာက သုတ်ခနဲ အခန်းထဲဝင်သည်။

"လူစိမ်းပါလာတာလား"

"ဟုတ်တယ်၊ ကျွန်မ ခေါ်လာတာ၊ ဝင်ခိုင်းလိုက်၊ ကျွန်မလူအတွက် ကျွန်မ တာဝန်ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြိုးတွေပါလိမ့်. . .။ ပြောဆိုနေပုံ လေယူလေသိမ်းတွေ ကြားရတာ သိပ်မနှစ်မြို့။

"အမြန်ဝင်"

အခန်းထဲ ကြိုး ဝင်လိုက်သည်။ ဟိုက်ခနဲ ဖြစ်သွားရလေ၏။

လူတွေ မနည်း။ တိတိကျကျသိအောင် ရေတွက်ကြည့်လိုက်တော့ ၁၄ ယောက်။ ယောကျ်ား ၁၁ယောက်။ မိန်းကလေး ၃ယောက်။ ဒါတောင် ကြိုးနှင့်အမရာ မပါ။ ကွန်ဒိုမဟုတ်သော ရိုးရိုးတိုက်ခန်းလေးတစ်ခု အတွင်းမှာ ဒီလောက်လူစုမြင်ရတာ မနည်းသည့်အပြင် များသည်ဟုပင် ပြော၍ရ၏။ တချို့က အခန်းအလယ်မှာ ဝိုင်းဖွဲ့၍ ဖဲရိုက်နေကြသည်။ တချို့က ကြမ်းပြင်မှာပဲ မျက်လုံးလေးတွေ မှေးစင်းကာ လှဲလျောင်းနေကြသည်။ တချို့ကတော့ နံရံထောင့်ကလေးတွေ မှီ၍။ ညင်သာတိုးတိတ်စွာ. . .။

ဖဲရိုက်၍ ပြောဆိုနေတာတွေတောင် တိုးတိုးငြိမ့်ငြိမ့်လေးပါပဲ။

ကြိုးအထဲရောက်တာနှင့် တံခါးကို ချက်ချင်းပြန်ပိတ်သည်။ တံခါးနောက်တွင်လည်း ပိတ်စတစ်ခုဖြင့် အုပ်ကွယ်လိုက်သေး၏။ ဒါ ကြောင့် စောစောကမြင်သည့် တံခါးကြားမှ ဖိတ်အံကျနေသော အလင်း ရောင်က ဖျော့တော့တာပဲဟု သိလိုက်၏။ အတွင်းကရနံ့တွေ အပြင် သိပ်မပျံ့လွင့်တော့ဘူးပေါ့။

"ပျောက်ချက်သားကောင်းလှချည်လား အမရာ၊ မင်းကိုမြင်တော့ ဇေယျာဖြိုးကို သတိရတယ်"

အသက် ၃၀လောက်ရှိမည့် အကျီချွတ် ဆေးမင်ကြောင် ဗရပွနှင့် ခပ်ထွားထွားလူက အမရာကို နှုတ်ဆက်သလို စကားပြောသည်။ ဒါ လည်း တိုးသဲ့သဲ့ပဲ။ ပြီးတော့ ကြိုးကို မျက်စပစ်ပြသည်။ အမရာက ခေါင်းညိတ်ပြ၏။

"စိတ်ချပါ"

အမရာ၏စကားဆုံးတော့ ဆေးမင်ကြောင် ဗရပွနှင့်လူက အခြား သူတွေအား ဝေ့ဝဲကြည့်ပြီး. . .





"အေးဆေး၊ ကြိုးလောင်လို့ရတယ်၊ ဒါလည်း အရင်က ငါတို့ရဲ့ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ပဲ၊ မင်းတို့က နောက်ဝင်လာ တာနဲ့ သူက မလာတာကြာလို့ မသိကြတာ၊ အရင်လူဟောင်းတွေ ကတော့ သူ့ကို ကောင်းကောင်းသိကြပါတယ်"

အခြားသူတွေ နေရာကျဲ့ပေးသဖြင့် တစ်နေရာမှာ နံရံကိုမှီ၍ အမရာထိုင်သည်။ သူမ လက်နှင့်ပုတ်ပြ၍ သူမနံဘေးမှာပဲ ကြိုး ဝင် ထိုင်လိုက်၏။ ကျဉ်းကျဉ်းကြပ်ကြပ်ပဲ။ အမရာနှင့် ကိုယ်ချင်းထိစပ်နေ ရတာတစ်ခုပဲ ကြိုးအတွက် နေချင်စဖွယ်ဖြစ်၏။

ကြိုးတစ်ဖက်နံဘေးမှလူက နှာခေါင်းကို အတွင်းတွင်ပွတ်နေ သည်။ ထိုလူ့ကြည့်ရတာ ဖြူဖြူဖျော့ဖျော့နှင့် တော်တော်ပိန်သည်။

အဲရ်ကွန်းဖွင့်ထားသော အခန်းတွင်းမှာ မီးခိုးငွေ့တွေ ပျံ့လွင့်နေ တိုက်တာ။ ချောကလက်ရနံ့က ထိုမီးခိုးငွေ့တွေဆီမှ ပျံ့လွင့်လာတာမှန်း ကြိုး သတိပြုမိလိုက်၏။ ဖဲရိုက်ရင်း ဆေးလိပ်သောက်နေသူတွေလည်း ရှိသည်။ ဒါ စီးကရက်က ထွက်ပေါ်လာတဲ့ ရနံ့လား။

ဖျောက်ခနဲ မီးခြစ်ခြစ်သံ ကြားရသည်။ ကြိုးနှင့် မလှမ်းမကမ်းမှ သူ၏ လှုပ်ရှားမှု။ ကြည့်လိုက်တော့ မီးခြစ်မှ ပေါ်ထွက်လာသော မီး တောက်က သေးသေးမျှင်မျှင်ကလေး။ တစ်သက်နှင့်တစ်ကိုယ် အဲဒီ လောက်သေးတဲ့မီးတောက် ဒီတစ်ခါပဲ မြင်ဖူးသေးသည်။ ကြက်သွေး ရောင်အစေ့ကလေးကို ခဲပြားပေါ်တင်၍ အောက်ကနေ မီးနှင့်ပင့်ရှို့ သည်။ ထိုမှထွက်ပေါ်လာသော အငွေ့ကို သုံးပုံတစ်ပုံလောက် အောက် ခြေတွင် အပေါက်ဖောက်၍ ပိုက်တပ်ထားသော ရေအနည်းငယ်ထည့် ထားသည့် ရေသန့်ဘူးဖြင့် စုပ်ယူသည်။ ပြီးတော့ စီးကရက်သောက်သလို ရှိုက်၍ မှုတ်ထုတ်၏။ ဖလူးဖလူးနှင့် ရေမှုပွက်သလို အသံမြည်နေ ပြီး မီးခိုးငွေ့တွေလည်း ပျံ့လွင့်ထွက်ပေါ်နေချေ၏။

ဩ. . . လက်စသတ်တော့ ချောကလက်ရနံ့က ဒီကထွက်တာ ကိုး။

"မင်း ဘာလုပ်မှာလဲ အမရာ၊ ကုလားကား အရင်ကြည့်မှာလား၊



www.burmeseclassic.com

www.burmeseclassic.com



အသီး အရင်စားမှာလား၊ နတ်ပြည်ကို သွားမှာလား"

"ကျွန်မ ဘာမှ မလုပ်ချင်ဘူး၊ သတိရလို့ လာရုံသက်သက်ပါပဲ၊ ရှင်တို့အတွက် အနှောင့်အယှက် ဖြစ်သွားသလား"

"နိုး နိုး၊ မင်းနဲ့ငါ့ကြားမှာ အဲဒါတွေမလိုပါဘူး အမရာ၊ ခုလို အချိန်မှာ ဖြစ်ပျက်နေမယ့် မင်းရဲ့ခံစားမှုကို ငါ နားလည်ပေးလို့ ရပါတယ်"

ကြိုးနံဘေးမှလူ နှာခေါင်းပွတ်ချက်က ပို၍ ပြင်းထန်လာသည်။ အုံလိုက်ကျွတ်ထွက်ပြုတ်သွားမလားပင် စိုးရိမ်ရလောက်၏။ အသားတွေပါ တဖြိုးဖြိုးနှင့် ကုတ်ဖဲ့သည်။ အချို့နေရာတွေမှာ အသားစ စုတ်ပြသွားပြီး သွေးစအနည်းငယ်ပါ ယိုစိမ့်လာတာ မြင်ရတော့ ကပ်လျက်ထိုင်နေရသော ကြိုး လန့်လာသည်။

"မရရင်လည်း လုပ်လိုက်တော့ ကိုစန်းဝင်းအောင်၊ အဲဒီလောက် ဒုက္ခကို ရင်ဝယ်ပိုက် မွေးမြူမနေနဲ့"

ကောင်မလေးတစ်ယောက် စကားဆုံးတော့ ကုတ်ဖဲ့ရင်းပဲ စန်းဝင်းအောင်ဆိုသူ စတင်လှုပ်ရှားသည်။ သတင်းစာကို ရှေ့မှာဖြန့်ခင်းသည်။ ပလတ်စတစ်အိတ်အကြည်လေးထဲမှ အဖြူမှုန့်အနည်းငယ်ကို သတင်းစာပေါ် ဖောက်သွန်လောင်းချသည်။ မြင်ရတာ ဂျုံမှုန့်လေးတွေ လိုပဲ။

"ပြာ ပြာ နည်းနည်း. . ."

ခပြားမီးရှို့နေသူက ထိုမှထွက်ပေါ်သော ပြာမှုန်အနည်းငယ် ယူလိုက်၏။ ထိုပြာကို လက်ဝဲလက်ခုံခွကြားမှာ ကတုန်ကယင် သုတ်သည်။ ပြီးသော် ဆေးထိုးအပ်နှင့် ပြွန်ပိုက်ထုတ်သည်။ အဖြူမှုန့်တွေကို ရေဖြင့် ဖျော်နယ်ပြီး ပိုက်နှင့်စုပ်ယူသည်။ နောက် ချွန်မြသော အပ်တပ်ဆင်ပြီး ပြာသုတ်ထားသော လက်ခုံခွကြားနေရာမှာ ထိုးစိုက်ချလိုက်ပါတော့သည်။

မျက်လုံးများ မှေးစင်းသွားသည်။ ညည်းသံသဲ့သဲ့ ထွက်ပေါ်လာ၏။ လက်ခုံခွကြားမှ သွေးတို့ စိမ့်ယိုစီးကျလာလေသည်။ ပြွန်ပိုက်ထဲမှ အဖြ





ရည်တွေ ခမ်းသွားတော့ ဆေးထိုးအပ်ကို ပြန်ဆွဲနှုတ်ပြီး သွေးစတို့ကို လျှာဖြင့် တသသ လျှက်လေသည်။ လက်ထဲမှအပ်က တရမ်းရမ်း။ ကြည့်ရင်း ကြည့်ရင်း ကြိုး အသည်းတုန်အူယားနေသည်။

ခဏကြာတော့ အလိုပြည့်ဝသွားလေဟန်ဖြင့် နံရံကို ခေါင်းမှီကာ မျက်လုံးများမှေးစင်း၍ ထိုလူ ငြိမ်ကျသွားပါတော့သည်။

"နင် ဘာတွေ လျှောက်လုပ်နေတာလဲ အမရာ၊ ငါတော့ နင့်ကို နားမလည်နိုင်တော့ဘူး"

"မလည်ရင်လည်း မလည်တဲ့အတိုင်းလေးပဲ ထားလိုက်ပါတော့ဟာ"

အမရာ စီးကရက် ဖွာနေသည်။ မီးခိုးငွေ့တွေက လမ်းနံဘေးမှာ ရပ်ထားသော ကားအတွင်းမှာ ပျံ့လွင့်နေသလို ဖွင့်ထားသော ကားမှန်ပြတင်းမှ ပြင်ပသို့လည်း ယိုစိမ့်နေ၏။

ဟိုတိုက်ခန်းပေါ်ကဆင်း၍ အောက်ရောက်တာနှင့် အမရာ တဝေ့ဝေ့ အန်သည်။ ဇက်ဖျစ်ကျောနှိပ်ပေးရင်း သောက်တာများသွားလို့လားမေးတော့ ခေါင်းကို အတွင်တွင် ခါပြင်းသည်။

"အနံ့ကြောင့်. . .၊ အဲဒီအနံ့ရရင် မနေနိုင်ဘူး၊ ငါ ယင်းပြန်ထလာတယ်"

ထိုနေရာတစ်ဝိုက် သူမ တော်တော် ကျင်လည်ပုံရသည်။ ညဖွင့်သော စတိုးဆိုင်လေးဆီသွားပြီး စီးကရက်ဘူးနှင့် မီးခြစ်ဝယ်၏။ ဒီည ဆေးလိပ်သောက်မှ ရမယ်ပြောပြီး ကားကို မောင်းထွက်သည်။ လူရှင်းသော လမ်းဘေးတစ်နေရာအရောက်မှာ ရပ်ပြီး စီးကရက်ကို ထုတ်ယူ မီးညှိကာ တရှိုက်မက်မက် ဖွာတော့၏။

ဆေးလိပ်မသောက်ဖို့ပြောတော့ ဆေးလိပ်၏ဆိုးကျိုးတွေဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အရေပြားရောဂါ၊ Cataracts လို့ခေါ်တဲ့ မျက်စိတိမ်စွဲရောဂါ၊ အသားအရေ ရှုံ့တွဲအိုမင်းခြင်း၊ Hearing Loss လို့ခေါ်တဲ့ နားအကြားအာရုံ ချို့တဲ့ခြင်းရောဂါ၊ ကင်ဆာအမျိုးမျိုး၊ ခံတွင်းအတွက် အဖက်ဖက်က မကောင်းတာတွေ၊ အဆုပ်လေအိတ်များတွင် လေခိုပွပျက်၍ မောလွယ်တာ၊ အရိုးပွ အရိုးပါး အရိုးကျိုးလွယ်စေတာ၊ ဆေးလိပ်ထဲမှာပါဝင်တဲ့ နီကိုတင်းဓာတ်ဟာ ဦးနှောက်ထဲမှ ဒိုပါမင်းဓာတ်တစ်မျိုးကိုများစေပြီး အဒီနလင် (adrenaline)ကိုပါ များစေတဲ့အတွက် နှလုံးနှင့်သွေးကြောရောဂါတွေ ဖြစ်စေနိုင်တာ၊ အစာအိမ်မှာ အစာခြေရည် အက်ဆစ်ဓာတ်ထွက်နှုန်းပိုများစေပြီး အစာအိမ်အနာပေါက်ဖို့ လွယ်ကူစေတာ၊ ဆေးလိပ်မှာပါတဲ့ 'တာ'ခေါ်သော ကတ္တရာဓာတ်ဟာ ဆေးလိပ်ကိုင်သောက်တဲ့ လက်မှာ အရောင်စွဲပြီး ပြောင်းလဲစေတတ်တာ၊ အမျိုးသမီးများမှာ သားအိမ်ခေါင်းကင်ဆာနဲ့ သားလျှောသားပျက်ခြင်းများ ဖြစ်စေနိုင်တာ၊ အမျိုးသားများမှာရှိတဲ့ သုတ်ပိုးအရေအတွက် လျော့နည်းစေခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ DNA ပျက်စီးမှု စသဖြင့်လည်း ဆိုးကျိုးရစေနိုင်တာ၊ ဆေးလိပ်သောက်ခြင်းကြောင့် သွေးကြောငယ်များ ကျဉ်းစေ ပိတ်စေပြီး ခြေလက်တွေ သွေးလျှောက်လှည့်ပတ်ခြင်းကို ထိခိုက်စေ၍ နောက်ဆုံးတွင် သွေးကြောပိတ်ပြီး ခြေချောင်းလက်ချောင်းများထိပ်မှ စ,ပုတ်ကာ အရောင်မဲသွားတတ်ကြောင်း၊ အဲဒီအခါမှာ အလွန်နာကျင်မှုဝေဒနာကို ခံစားရမှာဖြစ်ပြီး ခွဲစိတ်ဖြတ်ထုတ်ရလောက်တဲ့အထိ ဖြစ်တတ်တာတွေနှင့် ဆေးလိပ်နဲ့အရက် ပေါင်းစပ်လျှင် အလွန်တရာ ပိုမိုဆိုးဝါးစေတာတွေပါ သူမက ပြန်ပြောပြနေသေး၏။

ကြွေသွားမယ်. . .။ အရပ်ထဲမှာ ပြောလေ့ရှိသလို ဘုန်းကြီးတစ္ဆေ ကမ္ဘဝါဖတ်ပြမိသလိုပါပဲလား. . .။

"ဒါတွေသိရက်နဲ့ နင် ဘာလို့ သောက်သေးလဲ"

"အသိက အသိ၊ ဆန္ဒက ဆန္ဒ၊ လိုက်နာချင်မှ ဖြစ်တာလေ၊ သိမှုတိုင်းမှာ လိုက်နာဖို့ လိုအပ်တာရှိမယ်၊ မလိုအပ်တာ ရှိမယ်၊ လိုက်နာဖို့ လိုအပ်တာသိသူတိုင်းကတော့ အဲဒီအသိကို လိုက်နာနိုင်





လို့လား၊ ဆန္ဒနဲ့အသိမှာ အခြေအနေ အချိန်အခါ အကြောင်းတရားပေါ်မူတည်ပြီး ခွန်အားကောင်းသူက အနိုင်ရတာပဲ"

မူးယစ်ဆေး၏ စွဲလမ်းစေတတ်မှုသည် ကြောက်မက်ဖွယ်ကောင်းကြောင်း၊ စမ်းသပ်သည့်အနေနှင့်ပင် အစလုပ်မကြည့်သင့်ကြောင်း၊ လူမှုခန္ဓာ စိတ်ဓာတ်ရေးရာ ဘဝတွေ စုတ်ပြတ်သတ်အောင် ပျက်စီးစေနိုင်သည့် ဆိုးကျိုးတွေပါ သူမ ပြောပြနေသေး၏။

မကောင်းမှန်းသိပါလျက် မူးယစ်ဆေးသုံးစွဲသူတွေ ဘာလို့ ရှိနေကြတာလဲ။ ရေရှည်အတွက်မကြည့်ဘဲ ဆင်ခြင်တုံတရားနည်းပါးစွာ တဒင်္ဂသာယာမှုမှာ ငြိတွယ်နစ်မျောလို့သာပဲပေါ့။

သူမကတော့ အမှတ်မထင် ဆက်စပ်မိရာမှ စမ်းသပ်ကြည့်ရင်း ငြိတွယ်သွားတာဖြစ်ကြောင်း၊ ထို့နောက် စိတ်ထွက်ပေါက်အဖြစ် သုံးဖြစ်ခဲ့တာဟု ပြောသည်။

"ငါ့ဘဝကြီးဟာ ဘယ်လောက် ငြီးငွေ့စိတ်ပျက်ဖွယ် ကောင်းလိုက်သလဲ၊ ငယ်စဉ်ကတည်းက ပညာထူးချွန်ဖို့ဆိုပြီး ဆရာတွေနဲ့ စနစ်တကျ အားလပ်ချိန်ဆိုတာ မရှိလောက်အောင် သင်ကြားခဲ့ရတယ်၊ ကျောင်းနေချိန်မှာ ကိုယ်ပိုင်လွတ်လပ်မှု မရခဲ့သလို ကျောင်းပြီးတော့လည်း လုပ်ငန်းခွင် တန်းဝင်ရတယ်၊ အခုချိန်ထိလည်း နိုင်ငံတကာ ဆက်ဆံမှုအသိုင်းအဝိုင်းမှာ ဝင်ဆံ့အောင်ဆိုပြီး ဘာသာစကားမျိုးစုံကို သင်ယူလေ့ကျင့်နေရတုန်းပဲ၊ အချိန်နဲ့သွား၊ အချိန်နဲ့ပြန်ဆိုတဲ့ စည်းမျဉ်းတွေအောက်မှာပဲ အကျဉ်းကျခဲ့ရတယ်၊ နင်နဲ့တွေ့တဲ့ တစ်ခါတလေဆိုတဲ့ အချိန်လေးတွေရဖို့တောင် အလုပ်ကို ဗန်းပြ၊ အလုပ်ချိန်ထဲက ခိုးထုတ်ထားရတာ၊ ငါ့ကိုယ်ငါ လူသား တစ်ယောက်နဲ့မတူပဲ စက်ရုပ်တစ်ရုပ်နဲ့ တူနေသလို ခံစားရတယ်"

"ဒါ နင့်ကို တိုးတက်ကောင်းမွန်စေချင်လို့ပေါ့ဟာ"

"နင် မသိသေးပါဘူး၊ ငါ့မိဘတွေကတော့ လွန်ကိုလွန်လွန်းပါတယ်ဟာ၊ အပန်းဖြေခရီး ထွက်ချင်ရင်တောင် တခြားလူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လို သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး မသွားရဘူး၊ အုပ်ထိန်းသူတွေ အစောင့်အရှောက်တွေနဲ့ပဲ မလွတ်မလပ်သွားရတယ်၊ ငါ့အိမ်ကို ငါ အရမ်းမုန်းတယ်၊ အိမ်ဆိုတာ ငါ့အတွက် အကျဉ်းထောင်ကြီးလိုပဲ၊ ငါ့မိဘတွေက အဲဒီထောင်ရဲ့ အုပ်ချုပ်ရေးအရာရှိကြီးတွေ ထောင်မှူးကြီးတွေပေါ့၊ အဟက်"

မီးခိုးငွေ့တွေ တမြေ့မြေ့ရှိုက်မှုတ်ထုတ်ရင်း နာကျင်သလို လေသံတွေ၊ လောကကို သရော်ခနဲ့ချင်သလို အပြုံးတွေဖြင့် အမရာ ပြောဆိုနေ၏။ တင်းကြပ်သော ပိတ်လှောင်မှုသည် ဖောက်ခွဲထွက်လိုစိတ်အားတွန်းအားပေးတတ်ကြောင်း ကြိုး သတိပြု သုံးသပ်မိလိုက်၏။

“လူတွေဟာ အောင်မြင်မှုအတုတွေအတွက် ရုန်းကန်နေကြတာ၊ ကိုယ် ဘယ်လောက်ကြိုးစားကြိုးစား ကိုယ်သေရင် ထားခဲ့ရမှာတွေပဲလေ၊ ဒါကြောင့် လူတွေရဲ့ သတ်မှတ်ချက်မှာ အောင်မြင်မှုလို့ ကင်ပွန်းတပ်တဲ့ မတည်မြဲမစစ်မှန်မှုတွေအတွက် ငါ အပင်ပန်းခံ မကြိုးစားချင်တော့ဘူး၊ လူ့လောကရဲ့ သတ်မှတ်ချက် ကိုယ်စိညဉ်ကြွေရင် ထားခဲ့ရမယ့် မတည်မြဲတဲ့ အောင်မြင်မှုတွေကို ငါ ငြီးငွေ့စက်ဆုပ်နေပြီ၊ အဲ့လိုစိတ်ပေါ်လာတိုင်း ငါ ဘာမှ မလုပ်ချင်တော့ဘူး၊ ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ်ကို ငါမယုံကြည်တော့တာ ကြာပြီ”

လူတွေကို အသိဉာဏ်ကပဲ တိုးတက်စေသည်။ အသိဉာဏ်ကပဲ ဖိစီးမှု များစေသည်။ အသိဉာဏ်ကပဲ အကျဉ်းကျစေသည်။ အသိဉာဏ်ကပဲ လွတ်မြောက်မှုကို ရှာဖွေစေ၏။

ဇင်(Zen)အကြောင်း ပြောဆိုဖြစ်သည်။

ဇင်ကို အများစုက ဇင်ဗုဒ္ဓဘာသာဟု ခေါ်ကြ၏။ ဒါတင်မက ဇင်ဗုဒ္ဓဘာသာဆိုသော တံဆိပ်နှင့် ဇင်+ဗုဒ္ဓဘာသာ (Zen Buddhism) ဆိုပြီး တပ်စွဲသမုတ် ထားပြန်သေးသည်။ ထို့အတွက်ကြောင့် လက်ရှိ အမျိုးမျိုးကွဲပြားနေသော ဗုဒ္ဓဘာသာရဲ့ ဂိုဏ်းကွဲတစ်ခု၊ ဘာသာရေး တစ်ခုဟု အထင်ရှိနေတတ်ကြ၏။





အတွင်းကျကျ ဝင်ကြည့်လျှင် ဇင်သည် ဘာသာရေး အယူဝါဒတစ်ခုမဟုတ်ဟု ဆို၏။ ဒဿနိကစနစ်၊ အယူအဆလည်း မဟုတ်ပါ။ နည်းလမ်းတစ်ခု၊ ပန်းတိုင်တစ်ခုရှိတဲ့ ကျင့်စဉ်လည်း မဟုတ်။ ဇင်မှာ ဘာတောင်းဆိုမှုမှ မရှိသလို၊ ဘယ်ဆုတောင်းဂါထာမှ မရှိဘူး။ ဇင်မှာ အထွတ်အမြတ်ထားတဲ့ ဘယ်ကျမ်းဂန်စာပေရယ်မှ မရှိပါဘူး။

ဇင်သည် ယခု ဖြစ်ရှိနေမှုအတိုင်း လက်ခံစေရုံ သက်သက်သာ။ ဇင်၏ပန်းတိုင်သည် အခြားမှာ မရှိ၊ ယခု ဒီနေရာမှာပဲ ရှိ၏။ ဇင်၏ ပန်းတိုင်ရောက်ရှိရေးသည် နောင်တစ်ချိန်ချိန်မှာ ဖြစ်လာဖို့မဟုတ်။ ယခု ဖြစ်ရှိနေသော ပစ္စုပ္ပန် အချိန်မှာသာ ဖြစ်သည်။

ဇင်မှာ နည်းလမ်းနှင့်ပန်းတိုင် ကွဲပြားခြားနားမှု မရှိ၊ ယခု ဒီအချိန်နှင့် ယခု ဒီနေရာမှာ ပန်းတိုင်ကော နည်းလမ်းပါ တစ်ပါတည်း ပေါင်းဆုံနေ၏။

ကမ္ဘာမှာ ပေါ်ပေါက်ခဲ့သမျှ ဒဿနိကစနစ်တွေ၊ ဘာသာတရားတွေမှာ ဒွိသဘာဝတွေ ခွဲခြားညွှန်ပြကြ၏။ ဟိုလိုသာဖြင့် ဒီလိုသာဖြင့် ကျင့်ကြံနေထိုင်သွားရင်၊ ၎င်းတို့အသီးသီးရဲ့ နည်းနာအတိုင်းသာ လိုက်နာရင် တစ်ချိန်ချိန်မှာ ငြိမ်းချမ်းမှုသုခကို ရရှိနိုင်မယ်ဆိုတာမျိုးတွေ ဟောပြောညွှန်ကြားကြ၏။ လူတွေရဲ့ သန္တာန်ကို ဒါကောင်းတယ်၊ ဟိုဟာမကောင်းဘူး၊ ဒါက အမှန်၊ ဟိုဟာက အမှား . . . စသဖြင့် ခွဲခြားပိုင်းဖြတ်ပေး၏။ ဘုရားသခင်နှင့် စေတန်၊ အလှအပနှင့် အကျည်းတန်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ကြွယ်ဝချမ်းသာခြင်း၊ မျိုးရိုးဂုဏ် အနိမ့်အမြင့် စသဖြင့် ကွဲပြားရှုမြင်စေ၏။ အကြောင်းအကျိုး ချိန်ဆမှု၊ ဆင်ခြင်တုံတရား၊ စာရိတ္တ၊ သိက္ခာ၊ သမာဓိ၊ ဖြူစင်မှု၊ အသိဉာဏ် ဆိုသော တံဆိပ်တပ်မှုတွေ ကြွယ်ဝလာစေ၏။

ထိုအရာတွေ၏ အကျိုးဆက်က အမှန်အမှား၊ အကောင်းအဆိုး၊ အဆင့်အတန်း ခွဲခြားကွဲပြားမှုတို့ဖြင့် လူ့အဖွဲ့အစည်းတစ်ခုလုံး အစိုင်စိတ်အမှောင်မှာ ဖြစ်ကြသည်။ အတွေးအခေါ်၊ အဆိုပြုချက်၊ အယူအဆ၊ သုတ္တပဒေတွေနောက် တကောက်ကောက်လိုက်ရင်း မိမိသန္တာန် အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှန်ကနေ ဝေးကွာသွားသည်။ လူသည် မိမိအတွေး၊ မိမိစွမ်းရည်နှင့် ရှေ့ဘဝ၊ နောက်ဘဝ၊ အတိတ်၊ အနာဂတ် မျှော်မှန်းတမ်းတချက်တွေ ဖိစီးအားကောင်းလာ၏။ ပိုမိုမြင့်မြတ်ဖို့၊ ပိုမိုတိုးတက်ဖို့၊ ပိုမိုကြွယ်ဝဖို့ ပိုမိုဖွံ့ဖြိုးစင်အပြစ်ကင်းဖို့ စသော ဆန္ဒတွေကပဲ လက်ရှိဖြစ်စဉ်မှာ ကျေနပ်နှစ်သက်စွာ နေလို့မရအောင် မိမိစိတ်ကို အဝေးတွန်းပို့နေ၏။

ဇင်သည် ထိုအရာအားလုံးကို ဖယ်ချထား၏။

ထို စိတ်ကူးပန်းတိုင်တွေသည် လက်ရှိအဖြစ်အမှန်ကို မပေးအပ်သော အရာတွေ။ မဖြစ်သေးတာတွေနှင့် မျှော်မှန်းချက်၊ စံနှုန်း၊ ပန်းတိုင်တွေအတွက် နေရာမပေး။ လက်ထဲ အခုရှိနေတာကိုပဲ အပြည့်အဝ လက်ခံစေ၏။

ဇင်၏အနှစ်သာရက ယခုဖြစ်ရှိသည့် ပစ္စုပ္ပန်တည့်တည့်ကို မြတ်နိုးတတ်ဖို့ပါပဲ။





ထိုတစ်ညလုံး အမရာသည် ကြိုးနှင့် အချိန်ဖြုန်းသည်။ သူမ သတ်မှတ်ချက်အရတော့ အချိန်ဖြုန်းတာမဟုတ်။ အချိန်ကို တန်ဖိုးရှိအောင် အသုံးချတာတဲ့လေ။

အရုဏ်တက်ချိန်မှ ကြိုးကို ပွဲတော်ရှိ ဆိုင်ခန်းဆီ ပြန်လိုက်ပို့ပေး၏။

ကြိုးတို့ ပြန်ရောက်ချိန်မှာပဲ အခြားသူတွေက စေတီတော် ရင်ပြင်ပေါ် တက်ဖို့ ပြင်ဆင်နေကြသည်။ ခါသဖြင့် ကြိုးနှင့်အတူ အမရာပါ လိုက်ခဲ့၏။

စေတီတော်သည် ရွှေရောင်အဆင်းဖြင့် ဝါဝင်းနေပါသည်။

အရောင်တို့၏ ဖွင့်ဆိုချက်တွင်မူ ရွှေရောင်၏အဓိပ္ပာယ်က ဂုဏ်သိက္ခာ၊ ဉာဏ်ပညာ၊ ချမ်းသာမှု၊ အလင်းရောင်၊ ထွန်းလင်းခြင်း၊ တစ်ခါတစ်ရံ မြင့်မားသော အရည်အသွေး၊ အဆင့်အတန်းတဲ့။

အဝါရောင်သည် နွေးထွေးသော အကျိုးသက်ရောက်မှုကို ထုတ်လွှင့်ပေးသော နေရောင်ခြည်ရဲ့ အရောင်။ ရွှင်ပျမှုကို နှိုးဆော်ကာ စိတ်ပိုင်းဆိုင်ရာ သက်ဝင်ထကြွမှုကို နှိုးဆွ၍ ကြွက်သားစွမ်းအား ထုတ်လုပ်ပါသတဲ့။

အဝါမှိုင်းသည် သတိပေးခြင်း၊ ယိုယွင်းပျက်စီးမှု၊ ဖျားနာမှု၊ မနာလိုမှုနှင့်ဆိုင်၍ အဝါနုက အသိဉာဏ်၊ လန်းဆန်းမှု၊ ဝမ်းသာပျော်ရွှင်မှုနှင့်ဆိုင်သည်။ အဝါစစ်တောက်တောက်က အာရုံစူးစိုက်ခံရစေပြီး အဝါရောင်အခန်းတွေထဲမှာ ကလေးငယ်တွေက ပိုမိုငိုကြွေးကြတယ်လို့လည်း သုဆ၏။ မျိုးရိုးစဉ်ဆက်ကို လေ့လာသည့်ပညာမှာတော့ ရိုးဂုဏ်နဲ့ သစ္စာစောင့်သိခြင်းဟု သတ်မှတ်သည်။ နောက်ပိုင်းမှာ အဝါရောင်ရဲ့ အဓိပ္ပာယ်က သူရဲဘောကြောင်ခြင်းနှင့် ဆက်စပ်လာသည်ဟူ၍လည်း ဆိုပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ဝပ်တွား ကန်တော့နေကြတယ်၊ နင်ကကော"

"ငါ . . . ရုပ်တုကိုးကွယ်မှုတွေကို မယုံကြည်ဘူး"

ဗုဒ္ဓဘာသာဝင်တို့ ဘုရားရှိခိုးရခြင်း၏ အကြောင်းရင်းမှာ မြတ်စွာဘုရားသည် ကောင်းသော သဘာဝတရားများနှင့် မကောင်းသော သဘာဝတရားများကို ဟောကြားပြောပြ သွန်သင်ဆုံးမပေးခဲ့သည်။ ထို့ကြောင့် မြတ်စွာဘုရားကို ဗုဒ္ဓဘာသာဝင်တို့က ဆရာအဖြစ် မှတ်ယူကာ ကျေးဇူးတင်သည့်အနေဖြင့် ရှိခိုးခြင်းဖြစ်သည်ဟုဆို၏။

လွတ်လပ်ရေးရအောင် ဆောင်ရွက်ကြိုးပမ်းပေးသော အာဇာနည်သူရဲကောင်းများကို နိုင်ငံသူနိုင်ငံသားများက အုတ်ဂူသို့သွား၍ ကျေးဇူးတင် အမှတ်ရ အောက်မေ့သည့်အနေဖြင့် အလေးပြုကြသည်နှင့် ပမာတူ ခိုင်းနှိုင်းပြချက်တစ်ခု တွေ့ရှိဖူးသည်။

"ဟိုးမှာ သူများတွေ တတွတ်တွတ် ရေရွတ်ဆုတောင်းနေကြတယ်"

"အဲဒါ ကိုယ့်စိတ်ကိုယ် နှစ်သိမ့်တဲ့ အလုပ်တွေပါရှင်"

ကြည်ညိုလေးစား၍ ရှိခိုးကန်တော့ခြင်းနှင့် ရှိခိုးကန်တော့၍ ရေရွတ်ဆုတောင်းခြင်း၊ ဆန္ဒပြုမှု၊ မေတ္တာပို့သခြင်းတို့ မကွဲပြားဘဲ ရောထွေးနေသူတွေ၊ သူများကျွေးလို့သာ စားနေတယ်၊ သူများစားလို့သာ လိုက်စားနေတယ်၊ အနှစ်သာရကို ကိုယ်တိုင် ဘာမှန်း ရေရေရာရာ မသိသေးသူတွေ၊ စူးစမ်းလေ့လာဖို့ မေ့လျော့နေသူတွေ ဒုနဲ့ဒေး။

"ရုပ်တုတွေရှေ့မှာ ဖင်ဘူးတောင်းထောင်ပြီး ဦးကုန်းချနေရုံ၊ ဖြစ်ချင်တာတွေ နှုတ်က တတွတ်တွတ်ရွတ်ဆို အာပူတိုက်နေရုံနဲ့တော့ ဒူးနာအာညောင်းရုံကလွဲလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ဒီလိုပြောတော့ ငါက ဒိဋ္ဌိမပေါ့နော် . . . အဟက်"

"မိမိကိုယ်သာ ကိုးကွယ်ရာဆိုတဲ့စကား ဘာသာတရားထဲမှာ ပါတာပဲ"

တစ်ချိန်တုန်းက မယ်ဆိုပိုတေးမီးယားတွင် ရုပ်ထုကိုးကွယ်သော ဘာသာတစ်မျိုး ပေါ်ပေါက်လွှမ်းမိုးခဲ့ရာ၊ အသက်ရှင်ခြင်း၊ စကြဝဠာဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်သော ဒဏ္ဍာရီပုံပြင်များကို ယုံကြည်ခြင်းအယူသည်းခြင်းများနှင့် ပြည့်နှက်ခဲ့လေသည်။

စူမာရီယံခေတ်လက်ထက်မှ အီဂျစ်မာအီလစ် ကျောက်စာများအရ ကမ္ဘာကြီးကို ရေလွှမ်းမိုးခဲ့ပြီးချိန်တွင် လတ်မှုနှင့် လာဟာမုခေါ်သော နတ်မင်းရုပ်ဆင်းတုနှစ်ပါး ပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။ ထိုရုပ်ဆင်းတုနှစ်ပါးသည် မိမိတို့ကိုယ်ကို ဖန်ဆင်းယူပြီးနောက် ကျန်သော စကြဝဠာရှိ ရုပ်ဝတ္ထုများကိုလည်း ဆက်လက်ဖန်ဆင်းခဲ့သည်ဟုဆို၏။ စူမာရီယံတို့၏ ယုံကြည်ချက်အရ အသက်ရှင်ခြင်းဟူသည် ရေမှစတင်၍ အဆင့်အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်ဟု ဆိုထားသည်။

ထိုယုံကြည်ချက်သည် အီဗော်လူးရှင်းသီအိုရီ၏ အဆိုဖြစ်သော "သက်ရှိအရာများသည် သက်မဲ့ပစ္စည်းများမှ တစ်စတစ်စ ဖြစ်ပေါ်တိုးတက်လာသည်"ဟူသောအဆိုနှင့် တူညီနေကြောင်း၊ ထို့ကြောင့် အီဗော်လူးရှင်းအတွေးအခေါ်သည် ဒါဝင်က အစပျိုးခဲ့ခြင်းမဟုတ်ဘဲ စူမာရီယံရုပ်ထုကိုးကွယ်မှုမှ စတင်ခဲ့ခြင်းဖြစ်သည်ဟု THE DISASTERS DARWINISM BROUGHT TO HUMANITY စာအုပ်တွင် ရေးသားထားပေမယ့် တစ်မျိုးတစ်ဖုံ ကွာဟသည်ဟု ခံစားရ၏။

ရှေးအစဉ်အဆက်မှ ရုပ်ထုကိုးကွယ်မှုအစွဲတွေဟာ အသွင်ကွဲခြင်းအမျိုးမျိုးနှင့် ယခုတိုင် တည်မြဲနေဆဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# home



## ပုံပြင်-(င)

အေးခဲတဲ့ မြောက်ဝင်ရိုးစွန်းမှာ ပိုလာဝက်ဝံတွေဟာ ဘုရင်တစ်ဆူလိုပဲ။ ဒါပေမယ့် အက်စကီးမိုးလူမျိုးတွေက အလွယ်တကူပဲ ပိုလာဝက်ဝံတွေကို ဖမ်းဆီးနိုင်တယ်။

ဖမ်းနည်းကတော့ အက်စကီးမိုးတွေက ဖျံတစ်ကောင်ကို အရင်သတ်လိုက်ပြီး ဖျံရဲ့သွေးကို ပုံးတစ်ခုထဲ ထည့်ထားလိုက်တယ်။ ပြီးတော့ အသွားနှစ်ဖက်ပါတဲ့ ဓါးမြှောင်ကို သွေးထဲမှာ စိုက်ထားလိုက်တယ်။ အရမ်းအေးတဲ့အတွက် ဖျံသွေးဟာ အချိန်တိုအတွင်းမှာ ခဲသွားပါတယ်။ ထိုသို့ ခဲသွားသော ဓါးမြှောင်ပါတဲ့ ဖျံသွေးကို ပုံးထဲကထုတ်ပြီး ရေခဲပြင်ပစ်ထားလိုက်ရုံပါပဲ။

ပိုလာဝက်ဝံတွေက သွေးအရမ်းကြိုက်တယ်။ အဲဒီအကြိုက်ကပဲ သူတို့ကို သေမင်းလက်ထဲ ရောက်စေခဲ့တာပေါ့။

အနံ့ခံကောင်းတဲ့ ပိုလာဝက်ဝံတွေဟာ သွေးညှီနံ့ကို အဝေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတောင် ရနိုင်ပါတယ်။ အက်စကီးမိုးတို့ ပစ်ထားတဲ့ သွေးခဲကို ခြေရာခံပြီး တွေ့တာနဲ့ လျှာနဲ့ အငမ်းမရလျက်ပါတယ်။ လျက်ရင်း လျက်ရင်း လျှာခဲသွားလည်း အစာကောင်းကို လက်မလွှတ်ချင်တာနဲ့ ဆက်လျက်ပါတယ်။ အဲဒီနောက် ခဲနေတဲ့သွေးက ပိုချိုလာတယ်။ ပိုလတ်ဆတ်လာတယ်။ ပိုပူနွေးလာတယ်။

လျက်လေ အရသာရှိလေ၊ အရသာရှိလေ လျက်လေနဲ့ သူတို့ရဲ့ သွေးကို သူတို့ သောက်နေမိမှန်းတောင် မသိကြတော့ပါဘူး။

သွေးခဲအလယ်မှာ စိုက်ထားတဲ့ဓားက လျက်နေတဲ့ သူတို့ရဲ့လျှာကို လှီးဖြတ်နေခဲ့ပြီပဲ။

အအေးဓာတ်ကြောင့် ထုံနေတဲ့လျှာက နာကျင်တာကို မခံစားမိတော့ဘူး။ အနံ့ခံကောင်းမှုက လတ်ဆတ်တဲ့သွေးနံ့ရလေ လျက်နှုန်းကမြန်လေလေ။ နောက်ဆုံးတော့ သွေးထွက်လွန်ပြီး မူးလဲသွားပါတယ်။

အဲဒီတော့မှ အက်စကီးမိုးတွေက သူတို့ကို ဘာအင်အားမှ မသုံးပဲ အသာအယာ ဖမ်းလိုက်တော့တာပေါ့။

လူသားတွေရဲ့ ရှင်သန်မှုကကော. . .

ပိုလာဝက်ဝံကလေးတွေနဲ့ တူမနေဘူးလားလို့ တွေးဖြစ်ပါတယ်. . .။





# အခန်း(၅)

"အဲဒါ အရူးထောင်. . .၊ အဲဒါ အရူးထောင်ကြီး. . ."

သူမ သွေးရူးသွေးတန်း အော်ဟစ်၏။

"နင် ဘာစကားပြောတာလဲ၊ နင်ပြောလိုက်တဲ့စကားက အဲဒီမှာ နေထိုင်နေရတဲ့ လူနာဆိုသူတွေအားလုံးကို စော်ကားလိုက်တာပဲ၊ လွတ်လပ်မှုတွေ ကွယ်ပျောက်ပြီး နံရံတွေကြားမှာ ပုံစံခွက်နဲ့ နေထိုင်နေရသူတွေကို မစော်ကားပါနဲ့၊ ထောင်ဆိုတာ အပြစ်ပေး အကျဉ်းချတာ၊ ဒါက ကယ်ဆယ်ကုသပေးနေတာ၊ နောက်ကို အဲဒီလို အသုံးအနှုန်းမျိုး နင့်နှုတ်ဖျားကနေ ထွက်မလာပါစေနဲ့၊ အဲ့ဒါဆို နင်ဟာ ငါရွံရှာတဲ့လူတစ်ယောက် ဖြစ်သွားလိမ့်မယ်"

"ငါ. . ငါ. . အဲဒီနေရာကြီးကို မုန်းတယ်၊ အဲ့ဒီနေရာကြီးကို ကြောက်တယ်"

မထင်မှတ်သော အချေအတင်ဖြစ်စဉ်ပါပဲ။

ယနေ့ စိတ်ကျန်းမာရေးဆေးရုံသို့ တွဲလက်မိသားစုက သွားရောက်တူညီ လှူဒါန်းမှုပြုကြမည့် ခရီးစဉ်။ ထိုခရီးစဉ်မှာ အမရာလည်းလိုက်ပါလာသည်။ ယခု စိတ်ကျန်းမာရေးဆေးရုံဝင်းရှေ့ရောက်မှ ဖောက်လွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်ဖြစ်တာ။

"နင်ပဲ လိုက်မယ်ဆိုလို့ ခေါ်ခဲ့တာလေ"

"ငါ ဒီနေရာကြီးကို လာမယ်မှန်းမှ မသိတာ၊ သိရင် ဘယ်လိုက်မလဲ"

ဘယ်နေရာဆိုတာ သူမ မမေးသဖြင့် ကြိုးလည်း ကြိုတင်မပြောမိ။ မနေ့ညက ဖုန်းပြောရင်း မနက်ဖြန် အလှူတစ်ခုရှိတာ စကားစပ်မိတော့ တနင်္ဂနွေရုံးပိတ်ရက်လည်းဖြစ်သမို့ နေ့ချင်းပြန်ခရီးဆို လိုက်မယ်၊ အိမ်က မရ,ရအောင်ပြောထွက်မယ်ဆိုတာလောက်သာ ပြောဖြစ်ခဲ့ကြတာ။ မနက်ကျတော့ စုရပ်ကို သူမကားဖြင့် ရောက်လာသည်။ ကြိုးက သူမကားနှင့်။ ကျန်တဲ့လက်မိသားစုဝင်တွေက စီစဉ်ထားသော BM ကားတစ်စီးနှင့်။ ထို BM ကားသွားရာနောက်မှပဲ စကားတပြောပြောနှင့် မောင်းလိုက်လာခဲ့တာ။

အခုတော့. . .

"ငါ. . . ငါ. . . ပြန်ပါရစေဟာ၊ ငါ ပြန်မယ်နော်"

"တခြားသူတွေ အားနာစရာဟာ"

"မရဘူး၊ ငါ ပြန်မှဖြစ်မယ်"

ကြိုး ကားတံခါးဖွင့်၍ ဆင်းလိုက်တော့၏။ အထွေအထူးတွေ ပြောမနေတော့ပါ။

ရှေ့မှ BM ကားက ဆေးရုံဝင်းအတွင်း မောင်းဝင်သွားပြီ။ လမ်းလျှောက်၍ပဲ ကြိုး လိုက်သွားလိုက်၏။ ဆေးရုံဝင်းတံခါး ဖြတ်ကျော်ပြီးမှ နောက်ကြောင်းကို စောင်းငဲ့ကြည့်တော့ သူမနှင့်ကား မရှိလေတော့။ ထွက်သွားပြီ။

အတော် လမ်းလျှောက်လိုက်ရလေသည်။ ကြိုး လမ်းလျှောက်လာတာနှင့် အမရာနှင့်ကား ပါမလာလေတော့ မေးကြ၏။ သူမ ရုတ်တ ရက် အရေးတကြီးကိစ္စတစ်ခု ဖုန်းဝင်လာသဖြင့် ပြန်သွားရသည်ဟုပဲ ဖြေဖြစ်ခဲ့၏။ စိတ်ထဲတော့ မကောင်းဘူး။

"ကဲ စကြစို့"





လှူညီသည်။ ဆေးရုံအုပ်ကြီးနှင့် ဝင်တွေ့၍ အကျိုးအကြောင်း ပြောသူက ပြော။ တွန်းလှည်းတွေ ဝင်ယူသူက ယူ။ ကိုယ်နိုင်သလို ပစ္စည်းသယ်သူတွေက သယ်။ ကြိုတင်အကြောင်းကြားပြီးသားလည်း ဖြစ်သမို့ အစီအစဉ်က ချောမွေ့ပါသည်။

စိတ်ကျန်းမာရေးဆေးရုံကြီး၏ အခြေပြမြေပုံကို ကြိုး ကြည့်လိုက်၏။

စကြံနံလမ်း၊ ဆေးရုံအုပ်ကြီးရုံး၊ လူနာဆောင်နှင့် စာသင်ဆောင်၊ အမျိုးသမီးဆောင်(၄)၊ အမျိုးသမီးဆောင်(၆)၊ မူးယစ်ဆေးစွဲနှင့် သုတေသနဌာန၊ အမျိုးသားဆောင်(၂)၊ နေ့ကုသဆောင်နှင့် ကုသရေးအထောက်အကူပြုဌာန၊ မှုခင်းလူနာဆောင်၊ ဓမ္မာရုံ၊ မီးဖိုဆောင်၊ ရေသန့်စက်ရုံ/ရေစင်၊ အမှိုက်မီးရှို့စက်ရုံ၊ ငါးကန်များဟူ၍ အမျိုးအမည် အရောင် သင်္ကေတတို့ဖြင့် ခွဲခြားပြသထားသည်။

ဂိတ်(၁)၊ ဂိတ်(၂) ဟူ၍လည်း ရှိ၏။

စကြံနံလမ်းကို ညီမျှခြင်းသင်္ကေတကဲ့သို့သော လမ်းသင်္ကေတ မျဉ်းပြိုင်နှစ်ကြောင်းဖြင့် ဖော်ပြထားပြီး ဆေးရုံအုပ်ကြီးရုံး၊ လူနာဆောင်နှင့် စာသင်ဆောင်တို့ကို တြိဂံပုံ အမည်းစက်သုံးစက်ပါသော အပြာရောင် သင်္ကေတဖြင့် ဖော်ညွှန်းထားသည်။


အမျိုးသမီးဆောင်တို့ကို ခရမ်းရောင်ဖြင့်ပြ၍ မူးယစ်ဆေးစွဲနှင့် သုတေသနဌာနကို အညိုရောင်ဖြင့် ပြသည်။ အမျိုးသားဆောင်၊ နေ့ကုသဆောင်နှင့် ကုသရေးအထောက်အကူပြုဌာန၊ မှုခင်းလူနာဆောင်တို့ကို အနီရောင်ဖြင့်ပြသသည်။ ဓမ္မာရုံ၊ မီးဖိုချောင်၊ ရေသန့်စက်ရုံ/ ရေစင်နှင့်အမှိုက်မီးရှို့စက်ရုံတို့မှာ အဝါရောင်ဖြစ်ပြီး ငါးကန်တွေကတော့ သိမွှော်ရောင်။

မြေပုံကို ဖုန်းကင်မရာဖြင့် ကြိုး ရိုက်ယူလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကို လူစုနှစ်စု ခွဲလိုက်၏။

တစ်ဖွဲ့က အမျိုးသမီးလူနာတွေထံ သွားရမည်။ တစ်ဖွဲ့က အမျိုးသား လူနာတွေထံ သွားရမည်။ ကြိုးက အမျိုးသမီး လူနာတွေထံသွားသည့် အဖွဲ့ဘက်မှာ။

ဆန်အိတ်တွေနှင့်ငွေကြေးအသုံးအဆောင်တို့ကို ဆေးရုံအုပ်ကြီးထံမှာပဲ ပေးအပ်လှူဒါန်းပြီး မုန့်ပဲသွားရေစာအချို့ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြမှာ ဖြစ်သည်။

ကျန်းမာရေးအခြေအနေ ဆိုးရွားပြင်းထန်သော လူနာတွေကိုတော့ တွေ့ခွင့်မရနိုင်ကြောင်းနှင့် လူနာတွေနှင့် ဆုံတွေ့သည့်အခါ ခါတ်ပုံမရိုက်ဖို့၊ တားမြစ်ထားသော စည်းအတွင်း မဝင်ဖို့ ဆေးရုံအုပ်ကြီးမှ မေတ္တာရပ်ခံ သတိပေးသည်။

ဆေးရုံအုပ်ကြီးရုံးခန်းမှ ထွက်၍ စင်္ကြံလမ်းအတိုင်း အတည့်လျှောက်ကာ ညာဘက်ချိုးကွေ့တော့ အမျိုးသမီးလူနာတွေ နေထိုင်ရာအဆောင်ရှေ့ရောက်သည်။ လိုက်ပါကူညီပေးသော ဆေးရုံဝန်ထမ်းအကူအညီဖြင့် အဆောင်တွေရှေ့ စင်္ကြံလမ်းပေါ်မှာပဲ ခုံတန်းလျားဆွဲခံတားကာ စည်းတစ်ခုခြား၍ သယ်ယူလာသော အချိုရည်နှင့် မုန့်တို့ တိုက်ရိုက် ထိတွေ့ ပေးဝေခွင့်ရသည်။

စင်္ကြံလမ်း တမံတလင်းပေါ်မှာ ဆောင့်ကြောင့်လေးတွေ ထိုင်နေလိုက်ကြတာ။ အမူအရာတွေက သပ်သပ်ရပ်ရပ်မရှိ၊ ဖရိုဖရဲ။

သူတို့မျက်လုံးတွေကို ကြိုး သတိထားကြည့်တော့ မျက်ရည်မကျပါပဲ ငိုကြွေးနေသလို၊ အမူအရာတွေကလည်း အသံမထွက်ပါဘဲ ညည်းတွားနေကြသကဲ့သို့ ခံစားရ၏။ အမျိုးသမီးတွေဆိုပေမယ့် ဆံကေသာရှည်ရှည်လျားလျား မရှိကြ။ အားလုံး ကတုံးဆံပင်ပေါက်ကလေးတွေ။

လှူဒါန်းမှုတို့ကို လက်ခံမယူခင် အုပ်ချုပ်သူ၏ အမိန့်အတိုင်း သူတို့ခမျာ လက်အုပ်ချီမိုး၍ အသံထွက်ရွတ်ဆိုကန်တော့ကြရ၏။

"ယနေ့ အလှူရှင် နေ့တိုင်း စိတ်ချမ်းသာပါစေ၊ ကျန်းမာပါစေ ချမ်းသာပါစေ၊ စီးပွားတက်ပါစေ၊ မင်္ဂလာစုံတဲ့ သိန်းတစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ငါးရာထိုကြိုး ခဏာမကြာ ပေါက်ပါစေ၊ တစ်လတစ်ခါထက်မနည်း ရာသက်ပန် လာဆက်လှူနိုင်ပါစေ၊ မြတ်နိဗ္ဗာန်ကို ရပါစေ၊ ဘုရားသခင် ကောင်းချီးမင်္ဂလာ ပေးပါစေ. . . ”

အား. . . မရတော့. . . မခံစားနိုင်တော့. . . .။ ကြိုး မျက်ရည်ဝဲပြီ. . .။ ထို့နောက် မျက်ရည် ဖြိုင်ဖြိုင်ကျ၏။ ကန်တော့ခံနေရာမှ ကြိုး လှည့်ထွက်သွားမိပါသည်။

ကန်တော့နေကြသူတွေထဲမှာ ကိုယ့်မိဘအရွယ်တွေပင် ပါနေသည်လေ။

ကန်တော့ခံပြီးတော့ အချိုရည်နှင့်မုန့်တို့ ပေးဝေကြသည်။ တစ်သုတ်ပြီးတစ်သုတ်။ ခေါင်းလေးတွေ ငုံ့ကာ မျက်လွှာလေးတွေချပြီး ယူကြသည်။ တစ်ယောက်စ နှစ်ယောက်စကတော့ ရယ်မောပြုံးပြသလို လျှာထုတ်ပြောင်ပြသွားကြတာလည်း ရှိ၏။ တစ်ယောက်ဆို လက်ဆွဲနှုတ်ဆက်၍ပင် ကွန်ဂရက်ကျူးလေးရှင်းဟု ပြောသွားသေး၏။ အသတ်အရွယ်စုံသလို အမူအရာတွေလည်း စုံသည်။ ရပြီးသူတွေက အဆောင်တွင်း ပြန်ဝင်ရသည်။ မဝင်သူတွေကို အုပ်ချုပ်သူအမျိုးသမီးက ခြောက်လှန့်ဟိန်းဟောက်၍ ပြန်ဝင်စေသည်။ အားလုံးပဲ ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းသော ထိုအုပ်ချုပ်သူအမျိုးသမီးကို ကြောက်လန့်ပုံရ၏။

သံတိုင်လေးတွေကြားမှ လက်ကလေးတွေ ဆန့်ထွက်လာသည်။ မျက်လုံးလေးတွေပြူး၍ ချောင်းကြည့်နေကြလေသည်။

“နောက်တစ်ခါလာလှူဦးနော်”

“နောက်တစ်ခါလာရင် ဒံပေါက်ဝယ်လာခဲ့ပေးပါ၊ ဒံပေါက်မစားရတာ ကြာပြီ”

“ငါ့ဖို့က ပေါက်စီဝယ်လာပေးနော်၊ ဒီမှာက ဟင်းကောင်းကောင်းမစားရဘူး”

“ငါ့အိမ်ကို သွားပြောပေးပါဟယ်၊ ငါ့ကို လာပြန်ခေါ်ပါလို့”

“ရွှတ် ရွှတ် ဟိတ်ကောင်လေး၊ နင် ငါ့ကို ယူမလား”

“ငါ့ကို အရူးလို့ မထင်နဲ့နော်၊ အရူးတွေက ငါ့ကို ဒီမှာ ဖမ်းထားကြတာဟ”





“ဟဲ့ ငါ့နားလာဦး၊ ငါ တိုးတိုးလေး ပြောစရာရှိလို့”

“ဘယ်သူ တံခါးပိတ်ထားတာလဲကွ၊ ငါ့ကို ဘာမှတ်နေလဲ”

“Don't eat your heart out”

ရင်တွင်းစကားမျိုးစုံ ကြားရသည်။ ရယ်သံတွေလည်း ကြားရသည်။ ငိုသံတွေလည်း ကြားရသည်။ မရပ်မနား ဘိုလိုတော့ပ်ကာ သွန်သင်ဆုံးမ ဩဝါဒစကားတွေ တတွတ်တွတ် ရွတ်နေသူတစ်ယောက်လည်း ရှိ၏။ အုပ်ချုပ်သူက တိတ်တိတ်နေဖို့ပြောတော့ ငြိမ်ကျသွား၏။ ခဏပါပဲ။ ပြီးတော့ ပြန်ဆူညံလာသည်။

လူ့အသိုင်းအဝိုင်းမှာ စိတ်ဝေဒနာသည်တွေကို အရူးတွေဟု ခေါ်ကြသည်။ ခွဲခြားဆက်ဆံချင်ကြသည်။ ရူးသွပ်ခြင်းဆိုတာကို အဘယ်ကဲ့သို့သော ပေတံဖြင့် တိုင်းတာသတ်မှတ်ပါသနည်း။

ရူးသွပ်သူဟု သတ်မှတ်ခံရသူတိုင်းတွင် အစဉ်အလာကို ဖောက်ခွဲဆန့်ကျင်သော မလေ့ရှိကြတာ သတိပြုမိသည်။

စိတ်ထဲရှိတာကို အရှိအတိုင်း ပြောတာလုပ်တာ ရူးသွပ်ခြင်းလား။ အသိဉာဏ်လျော့နည်း၍ ဆင်ခြင်ချုပ်ထိန်းမှု ချို့ယွင်းတာ ရူးသွပ်ခြင်းလား. . .။ စိတ်ထဲရှိသလို ပြောတိုင်းလုပ်တိုင်း အသိဉာဏ်လျော့နည်း၍ ဆင်ခြင်ချုပ်ထိန်းမှု ချို့ယွင်းခြင်း မဟုတ်တာတော့ သေချာသည်။ ဒါဆို လူ့ဘောင်မလေ့ရဲ့ သတ်မှတ်ချက်စည်းကို ကျော်လွန်ပြီး မိမိဆန္ဒတို့ ဖော်ထုတ်ခြင်းဟာ ရူးသွပ်ခြင်းလား. . .။

အစဉ်အလာကို ဖောက်ထွက်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်သကဲ့သို့ ဆုတ်ယုတ်ကျဆင်းမှုတွေလည်း ဖြစ်ပွားတတ်သည့် သဘောတရားကို ကြိုး သုံးသပ်မိခဲ့၏။

ရူးသွပ်ခြင်း မရူးသွပ်ခြင်းကို တိုင်းတာသော ပေတံသည် တိကျသေချာပါရဲ့လား. . .။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပြသသူဦးရေ နှစ်စဉ်များလာပြီး အများစုမှာ လူမှုစီးပွားရေးပြဿနာများကြောင့် လာရောက်ကုသမှု ခံယူရသူများဖြစ်ကြောင်း သိရသည်။

စိတ်ကျန်းမာရေးဆေးရုံ (ရန်ကုန်)၌ ၂၀၀၉ခုနှစ်တွင် ပြင်ပလူနာ ၁၀၇၅၇ဦး၊ အတွင်းလူနာ ၆၀၆၀၊ ၂၀၁၀ပြည့်နှစ်တွင် ပြင်ပလူနာ ၁၂၁၁၇ဦး၊ အတွင်းလူနာ ၆၃၇၆ဦး၊ ၂၀၁၁ခုနှစ်တွင် ပြင်ပလူနာ ၁၄၆၅၀ဦး၊ အတွင်းလူနာ ၇၄၆၇ဦး၊ ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပြင်ပလူနာ ၈၅၇၆ဦး၊ အတွင်းလူနာ ၄၁၈၀ဦး တက်ရောက်၍ ဆေးကုသမှုခံယူခဲ့ကြ၏။

ဆင်းရဲနွမ်းပါးသူများနှင့် လူလတ်တန်းစားများမှာ စိတ်ဖိစီးမှုဒဏ်ကြောင့်ဖြစ်သော စိတ်ကျရောဂါကို အများဆုံး ခံစားနေရကြောင်းနှင့် စစ်ပွဲနှင့် အဓိကရုဏ်းဖြစ်ပွားသော ဒေသများတွင် နေထိုင်သူအများစုမှာလည်း စိတ်ရောဂါများ ခံစားနေရကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၁ခုနှစ် စစ်တမ်းအရ လူ (၄)ဦးမှာ (၁)ဦးဟာ ဘဝရဲ့ တစ်ကြိမ်တစ်ခါမှာတော့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည်။ သို့သော် လူနည်းစုကပဲ ထိုအယူအဆနှင့် ရောဂါဖြစ်တာကို သိနိုင် လက်ခံကြပြီး၊ သိလျှင်တောင်မှ အနည်းအကျဉ်းကပဲ ဆေးကုသမှု ခံယူကြသည်ဟူသောအချက်ကို ယူဆတွေ့ရှိခဲ့၏။

စိတ်ရောဂါကုသမှု ခံယူနေသူအများစု၌ အခြားသော စိတ်ပိုင်းဆိုင်ရာ ရောဂါများထက် စိတ်ကျရောဂါကြောင့် ကုသမှုခံယူသူ များပြားလာသည်ဟု စိတ်ကျန်းမာရေးအထူးကု ဆရာဝန်များမှ ပြောကြားသည်။

ထို့ပြင် နိုင်ငံ၌ စိတ်ကျရောဂါ ခံစားရကာ ဆေးကုသမှု ခံယူသူ





အများစုကို ကြည့်ပါက အရက်နှင့် ဆက်စပ်၍ နောက်ဆက်တွဲဖြစ်သည့် စိတ်ကျရောဂါ၊ ငယ်ရွယ်သူများကြား စိတ်ကြွဆေးပြားများ သုံးစွဲမှုမှ ဖြစ်ရသည့် စိတ်ကျရောဂါများသည် အခြားသော စိတ်ပိုင်းဆိုင်ရာ ရောဂါများထက် ပိုမိုကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ နောင်နှစ်များစွာတွင် နှလုံးရောဂါဖြစ်မှုထက် ဒုတိယအများဆုံးမှာ စိတ်ကျရောဂါ ဖြစ်လာနိုင်သည်ဟု ဆေးတက္ကသိုလ်(၁)၊ စိတ်ကျန်းမာပညာဌာနမှ ဌာနမှူး အငြိမ်းစားပါမောက္ခ ဒေါက်တာစပ်စိုင်းလုံက ပြော၏။

"အခု စိတ်ရောဂါဖြစ်လို့ လာရောက်ကုသမှုတွေထဲမှာ စိတ်ကျရောဂါတွေ အဖြစ်များလာတာ တွေ့ရတယ်၊ ပြီးတော့ ဒီရောဂါကလည်း လူမှုစီးပွား အခက်အခဲ၊ ငယ်စဉ်က တွေ့ကြုံလာခဲ့ရတာတွေအပေါ် အခြေတည်ပြီး ဖြစ်လာရတာကြောင့် စိတ်ပိုင်းဆိုင်ရာကို ကိုင်တွယ်ကုသရတဲ့နေရာမှာ ဆေးထက် စိတ်ကို စိတ်နဲ့ကုသမှုပြုတာက ပိုပြီး ထိရောက်မှုရှိစေမှာပါ"

ဟု စိတ်ပိုင်းဆိုင်ရာ လေ့လာကျွမ်းကျင်သူတစ်ဦးက ဆို၏။

ယခင်က စိတ်ရောဂါခံစားရ၍ စိတ်ကျန်းမာရေး ကုသမှုခံယူကြသူများထဲမှ ၁၅ ရာခိုင်နှုန်းဝန်းကျင်သည် အရက်ကြောင့်ဖြစ်ပြီး ယခု ၄၀ ရာခိုင်နှုန်းပမာဏသို့ မြင့်တက်ခဲ့ကြောင်း စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီးတစ်ဦးက ပြောတော့ အရက်ကြော်ငြာတွေ ပြေးမြင်မိသည်။

စိတ်ကျရောဂါ ခံစားရသူများ၌ မိမိကိုယ်ကို သေကြောင်းကြံစည်မှု ပြုလုပ်မိစေရန် တွန်းအားတစ်ခု ဖြစ်ပေါ်တတ်လေရာ ကမ္ဘာ့နိုင်ငံအသီးသီး၌ မိမိကိုယ်ကို သေကြောင်းကြံစည်ရန် ကြိုးစားသူ နှစ်စဉ် ၁၀ သန်းမှ သန်း ၂၀ ထိပင်ရှိကြောင်း သိရသည်။

ဖခင်၏ အသက်အရွယ်ကြီးခြင်းကြောင့် မွေးဖွားလာသော ကလေးများတွင် စိတ်ရောဂါ ဖြစ်နိုင်ခြေများကြောင်းလည်း လေ့လာမှုအများအပြားအရ မှတ်ချက်ချ၏။

ဆေးရုံ၏ တရားဝင်ကြေငြာထားသော ဖုန်းနံပါတ်များမှာ ဖုန်းခေါ်ဆိုလျှင် မကိုင်တာများသည့်အချက်မှာတော့ နားလည်ခွင့်ခံစေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ မေးမြန်းကြည့်သောအခါ ဖုန်းတွေက ပျက်နေတာဟု ဆို၏။ ဖုန်းအကုန်လုံးပဲ ပျက်နေသလား. . .။ ပျက်မှန်းသိလျှင် မပြင်တော့ဘူးလား. . .။ အစဉ်အမြဲပဲ ဖုန်းတွေက ပျက်နေမှာလား. . .။

အရေးပေါ်ကိစ္စရှိလျှင် အဘယ်ကဲ့သို့ ဆက်သွယ်မေးမြန်းစုံစမ်းဆောင်ရွက်ရပါမည်နည်း. . .။





ပဟေဠိတစ်ပုဒ်၏အဖြေကို သိရှိခွင့်ရခဲ့သော အနည်းငယ် သည်းထိတ်ရင်ဖိုဆန်သည့် ရင်ခုန်ဖွယ် ညတစ်ညပါပဲ။

ညဆယ့်တစ်နာရီသာသာတွင် အမရာသည် ကြိုးဆီ ဖုန်းဆက်၏။

"နင် ငါ့ကို စိတ်ဆိုးနေသလား"

"မဆိုးပါဘူး၊ နားမလည်မှုနဲ့ နာကျင်ခံစားရတာလောက်ပါပဲ"

အမရာက လူချင်းတွေ့၍ သူမ ပြောဆိုရှင်းပြချင်တာတွေရှိကြောင်း၊ အခုအချိန် သူမ အပြင်ထွက်ဖို့ ဘယ်လိုမှ အဆင်မပြေ၍ ကြိုးကို သူမဆီ လာတွေ့ဖို့ ပြောသည်။ တွေ့ရမှာက သူမ အိမ်။ ပြီးတော့ နံကြောင်ခိုးဝှက်။ နောက်နေ့မှ ပြောပါဆိုတော့လည်း မရ။ ဒီညမှ မပြောရလျှင် သူမ နေမထိထိုင်မသာနှင့် အိပ်လို့ပျော်မှာ မဟုတ်ကြောင်း၊ ဖုန်းထဲကလည်း မပြောချင်ကြောင်း ဇီဇာပြသည်။ မလာမချင်း ရစ်၏။

"နင် ငါ့ကိုတော့ ချီနိုင်ပါတယ်နော်"

"ဘာလို့လဲ"

"ငါက ခြံစည်းရိုးကို တစ်ဖက်က လှေကားနဲ့ ကျော်တက်မှာ၊ နင်က အပြင်ကနေ ငါ ခုန်ချရင် ဆီးဖမ်းပေးရမှာ၊ ပြီးရင် ငါ့ကို အဲဒီ အုတ်တံတိုင်းပေါ် ပြန်တင်ပေးရမှာ"

"ဖြစ်ပါ့မလား၊ တော်ကြာ နင် တစ်ခုခု အနာတရ ဖြစ်နေပါဦးမယ်ဟာ"

"ရတယ်၊ ငါ ညဘက် အိမ်ကခိုးထွက်ရင် အဲလိုလုပ်နေကျ၊ နင် ချီနိုင်ဖို့ပဲ လိုတယ်"

ကြိုးနေထိုင်ရာမှ သူမအိမ်ရှိရာသို့ နာရီဝက်ခန့် ကားစီးသွားရသည်။ ဒါတောင် ယာဉ်ကြောရှင်းသည့် ညဘက်။ တက္ကစီကို လမ်းထိပ်မှာပဲ ရပ်စေပြီး သူမ လမ်းညွှန်သည့်အတိုင်း လျှောက်လာတော့ စိမ်းညွန်းသော မြက်ခင်းပြင်၊ သစ်ပင်ပန်းပင်တို့နှင့် ခြံဝင်းကျယ်ကြီးအလယ်



www.burmeseclassic.com

www.burmeseclassic.com



မှ ခုံညားထည်ဝါသော အိမ်ဂေဟာကြီးကို တွေ့မြင်လိုက်ရလေ၏။ ဝင်ပေါက်ထွက်ပေါက်နှင့် ခြံဝင်းတံခါးကြီး၏ အပြင်အဆင်ကပင် မင်သက်ငေးငိုင်သွားစေပါ၏။ ထိုဝင်းတံခါးကြီး၏နောက် ကုန်းမြေမြင့်ပေါ်မှာ တည်ရှိသော ဝင့်ဝင့်ကြွားကြွား အိမ်ဂေဟာကြီးက မြင့်မားကြီးထွားစွာ။ အဲဒီအချိန်မှာ ခံစားလိုက်ရတာ သိမ်ငယ်မှုနှင့် စိုးရွံ့စိတ် နှစ်ခု။ ငှားရမ်းနေထိုင်ရာ တိုက်ခန်းကျဉ်းကလေးနှင့် မခမ်းနားသော နယ်မှ မိဘအိမ်ကို ပြန်မြင်ယောင် သတိရမိသည်။

လမင်းကို မျှော်ငေးရင်း ဆွေးရတဲ့ သစ်ပင်ကလေးလိုပါပဲလား။ ကိုယ့်ပင်စည် အကိုင်းအခက်အရွက်တွေဆီမှာ လရောင်စိုတာ ကိုယ့်ဆီ လမင်းပြုကျလာတာမှ မဟုတ်ပဲနော်. . .။

မှောင်ရိပ်ခို၍ ခြံဝင်းအနီး ကြိုး ကပ်သွားလိုက်၏။ တစ်ယောက်နှင့်တစ်ယောက် ဖုန်းနှင့် တိုးစိတိုးစိ ဆက်သွယ်မှုပြုလျက်။ ခြံနံဘေး မှောင်ရိပ် အုတ်တံတိုင်းအထက်မှာ ခေါင်းကလေးပြူထွက်နေသော အမရာကို သူ့မလက်ထဲရှိ ဖုန်းဟမ်းဆက်မှ မီးရောင်ဖြင့် မြင်တွေ့ရ၏။ အမရာက လက်ဟန်ဖြင့် ခုန်ချမည့် သင်္ကေတပြသည်။ ခြံစည်းရိုး အုတ်တံတိုင်းက အတော်မြင့်၏။ ကြိုး အောက်မှ အသင့်ပြင်ထားရလေသည်။

အမရာ ခုန်ချသည်။ ညအိပ်ဝတ်စုံ ဖောင်းဖောင်းပွပွနှင့်ပဲ. . .။ ဝဲခနဲ. . .။ ကြိုး ဆီးဖမ်းသည်။ ထိသည်။ မိသည်။ တွယ်ငြိစရာ ပွတ်တိုက်မှုတွေ ဖြစ်ကုန်လေ၏။ အသာအယာတော့ မဖြစ်ပါ။ မလဲရုံတမယ် စွေစောင်းဟပ်ထိုးကုန်းကွတွေ ဖြစ်သွား၏။ မေ့ရက်စရာမရှိသော အမှတ်တရတွေထဲက တစ်ခုပါပဲလေ။

"လာ ဟိုဘက်သွားမယ်၊ တော်ကြာ ခြံစောင့်နဲ့ ခွေးတွေ ရောက်လာမှာစိုးလို့"

တစ်ယောက်လက်တစ်ယောက်ကိုင်ပြီး ပုညွက်ပုညွက် ကုန်းကုန်းကွကွဖြင့် မှောင်ရိပ်ခိုကာ ဝပ်၍ သွားကြရသည်။ လမ်းမီးရောင်နှင့် ခြံဝင်းအတွင်းမှ မီးရောင်တို့ကြောင့် ပတ်ဝန်းကျင်က မှောင်မိုက်မှုရှားနေသည်။ လမ်းထောင့်ခြံမို့ နံဘေးအုတ်တံတိုင်းအတိုင်းသွားပြီး နောက်





ဘက်ခြမ်း အလင်းဖျော့သည့် သစ်ပင်ရိပ်တစ်ခုအောက်မှာ စတည်းချကြသည်။

အရင်ဆုံး တစ်ယောက်ကိုတစ်ယောက်ကြည့်၍ အသံမဲ့ပျောက် ပြုံးရယ်ဖြစ်ကြလေ၏။ အမရာက လက်ဖဝါးကလေးတစ်ဖက်ထောင်ပြီး ကျန်လက်တစ်ဖက်ဖြင့် လက်သီးဆုပ်လက်မထောင်ကာ အောက်မှ အထက်သို့ ပွတ်ဆွဲပြသည်။ အောင်မြင်တယ်ဆိုတဲ့ သဘော. . .။ ဒီငနဲ မလေးဟာလေ သိပ်ကြွတာပဲ။ ရင်ဟုန်စိုးထိတ်ရသလို ရင်ခုန်မွေ့ပျော်ဖို့လည်း ကောင်းသား။ တိုးတိုးလေး စကားပြောရတာကိုက အရသာ။

"ကဲ ဆိုစမ်းပါဦး၊ မစောင့်နိုင်မအောင့်နိုင် ဘယ်လိုစကားတွေ မြွက်ကြားချင်ဖြစ်နေရတာတုန်း"

"ငါလေ . . . ငါ့ကို နင် စိတ်ဆိုးသွားမှာ မခေါ်တော့မှာ ကြောက်လို့ဟ"

ဒီလိုပြောတော့လည်း ဘဝင်ခိုက်လို့ ငမိုက်သားရင်မှာ နွေးသွားရတာပါပဲ။ မျိုသိပ်မှုနှင့်အတူ မျှော်လင့်ချက်က ချုပ်ငြိမ်းသွားတာမှ မဟုတ်တာ။ မရဲတရဲလေးတော့ တောက်လောင်နေဆဲပေါ့။

"ငါ ခုနေ့ ဟိုဆေးရုံထဲ ဘာလို့မလိုက်လဲ၊ အဲဒီဆေးရုံကြီးကို ဘာကြောင့် အရမ်းကြောက်သလဲဆိုတာ ပြောပြမယ်၊ အရင်ဆုံး ဒီမှာ ကြည့်"

"ဟာ"

အာမေဍိတ်သံ တိုးဖွဖွနှင့် ကြိုး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မျက်ဝန်းအစုံလည်း အကြောင်သား ပြူးကျယ်သွား၏။ ခန္ဓာကိုယ်လည်း ဆတ်ခနဲ တစ်ချက် တုန်ရင်သွားသည်။ အမရာက သူ့မဦးခေါင်းကို သူ့မဘာသာ လက်နှစ်ဖက်နှင့်ကိုင်၍ ဆောင့်ဆွဲလိုက်တာ။ ရှည်လျားသောဆံပင်တွေ အထွေးလိုက် အုံလိုက် ကျွတ်ပါလာ၏။

"အမရာ နင် နင်. . ."

"သိပ်လန့်သွားသလား ကြိုး"

"မ မဟုတ်ပါဘူး၊ အံ့ အံ့သြတာ"



www.burmeseclassic.com

www.burmeseclassic.com



ည လူခြေတိတ်ချိန် မှောင်ရိပ်မှာ ဖြစ်စဉ်က ကျောရိုးတလျှောက် အေးစိမ့်နေစေ၏။

"နင်လည်း စိတ်ကျန်းမာရေး ရောက်ခဲ့ဖူးပြီပဲ၊ ဒီလောက်ဆို ဆက်စပ်မှန်းလို့ရမှာပါ၊ ငါ ငါက. . . အဲဒီဆေးရုံက လူနာတစ်ယောက်ပဲ. . ."

ဆံပင်တုက ညအမှောင်မှာ လူဦးခေါင်းပြတ်တစ်ခုလို၊ သူမလက်ထဲမှာ ယိမ်းထိုးလှုပ်ရှားလျက်။ ပကတိ သူမဦးခေါင်းထက်မှာတော့ အနက်ရောင်ဆံကေသာလေးတွေက တိုနံ့ပိပြားစွာ။

"နင်နဲ့ငါ ရင်းနှီးမှု လျှင်မြန်ခဲ့တာ၊ ငါ့ရဲ့ ပြုမူပြောဆိုဆက်ဆံပုံတွေနဲ့ ပတ်သက်လို့ နင် အံ့ဩကောင်း အံ့ဩနေလိမ့်မယ်၊ အံ့ဩမှာပါပဲ၊ နင်နားလည်အောင် ငါပြောပြမယ်၊ ငါ့မှာ ချစ်သူတစ်ယောက်ရှိတယ်၊ သူ့နာမည်က ဇေယျာဖြိုးတဲ့"

ရင်ဘတ်ဘယ်ဘက်ခြမ်းက စူးအောင့်သွားသည်။ ဒြပ်မဲ့သော စကားသံနှင့် ဆောင့်ထိုးခံရတာဖြစ်ပေမယ့် တော်တော်နာသည်။

"ငါ့ချစ်သူရဲ့ မိဘနှစ်ပါးစလုံးဟာ ဆွံ့အ,နားမကြားတွေ၊ ဆွံ့အ,နားမကြား မိဘနှစ်ပါးက မွေးဖွားလာတဲ့ ငါ့ချစ်သူကတော့ အကြားအာရုံ မချို့ယွင်းသလို စကားပါ ပြောနိုင်ခဲ့တယ်၊ သူနဲ့ငါဟာ နားမကြားကလေးများ စာသင်ကျောင်းတစ်ခုမှာ စတွေ့ခဲ့ကြတာ၊ အဲဒီကျောင်းမှာ အဆောက်အဦးသစ် တိုးချဲ့ဆောက်လုပ်တာ ငါတို့ကုမ္ပဏီက တာဝန်ယူပေးတာမို့ ငါက သွားလေ့လာတာ၊ သူက အဲဒီကျောင်းမှာ အချိန်ပိုင်း လုပ်အားပေးဆရာအဖြစ် စာလာသင်ပေးတာပေါ့၊ အဲဒီကနေ ရင်းနှီးပြီး ဖုန်းတွေ အပြန်အလှန်ပြောရင်း သူနဲ့ငါ ချစ်သူတွေ ဖြစ်သွားခဲ့ကြတယ်၊ သူတို့နဲ့ ငါတို့က ဘာသာမတူဘူး၊ သူတို့က ခရစ်ယာန်၊ ငါ့မိဘတွေကတော့ မိရိုးဖလာ ဗုဒ္ဓဘာသာ ကိုးကွယ်သူတွေပေါ့"

စကားပြောရင်း တစ်ချက်တစ်ချက် နှုတ်ခမ်းလေး ခပ်တင်းတင်း စေ့ပိတ်လိုက်၊ အကြည့်တွေက အဝေးဆီငေးလိုက် ပြုမူနေသော အမရာ





၏ပုံစံက ချစ်သူကို လွမ်းဆွတ်တမ်းတနေတာလား. . .။

"ငါ့ရဲ့ရှင်သန်မှုတွေဟာ ငါ့ချစ်သူကြောင့် အဓိပ္ပာယ်ရှိလာသလို ခံစားရတယ်၊ ညဘက်ဆို အိမ်ကနေ ခိုးထွက်တယ်၊ ငါ့ချစ်သူက ငါ့ကို လာခေါ်တယ်၊ ပြီးတော့ လျှောက်သွားကြတယ်၊ လည်ပတ်ကြတယ်၊ ကလပ်တွေသွားတယ်၊ ရှိုးပွဲတွေ ကြည့်တယ်၊ နေ့ဘက်တွေ ညနေဘက်တွေမှာလည်း လစ်ရင်လစ်သလို တွေ့ဖြစ်ကြတယ်၊ ဗိုလ်တစ်ထောင်ကမ်းနား သွားတယ်၊ မုန့်တီစားတယ်၊ တစ်ခါတလေ ဘတ်စ်ကား တိုးစီးတယ်၊ ဗိုလ်တစ်ထောင်ကမ်းနားသွားရင် သူက ငါကြိုက်တဲ့ ဝေဖာဝယ်ကျွေးသလို ငါကလည်း သူကြိုက်တဲ့ ဘယာကြော် ပြန်ဝယ်ကျွေးလေ့ရှိတယ်၊ မုန့်တီသုတ်စားရင် အမြဲ တစ်ပန်းကန်တည်း နှစ်ယောက်အတူ စားကြတယ်၊ ငါက ငါစားလို့ဝရင် သူစားနေတဲ့အထဲကို ဧရှပ်သီးတွေ အများကြီး ထည့်ပြီး အတင်းဆက်စားခိုင်းတယ်၊ သူ စပ်လို့ မျက်ရည်တွေဝဲလာရင် တစ်ရှူးနဲ့ သုတ်ပေးပြီး ရယ်ကြတယ်၊ တစ်ခါတလေ တစ်နေကုန်ပင်ပန်းနေတဲ့ငါဟာ သူနဲ့တွေ့တဲ့အခါ သူ့ကိုမှီပြီး အိပ်ပျော်သွားတတ်တယ်၊ သူက ငါ့နဖူးလေးကို နမ်းပြီး နှိုးလေ့ရှိတယ်"

ငါ. . . ငါက. . . အဖြည့်ခံ. . . အစားထိုးမှု၊ သူမအတွက် ဖျော်ဖြေရေးပစ္စည်းတစ်ခုလား. . .။ သိမှတ်စွဲထင်မှုတွေက သိမ်ငယ်နာကျင်ကြေကွဲစေပါ၏။ သူမရဲ့ စိတ်အဆာဖြေမှုတွေအတွက် ငါက အသုံးချခံကြီးပေါ့။ ငါဟာ နှလုံးသားမဲ့ အရုပ်မဟုတ်တာ မေ့လျော့နေလေသလား၊ သာယာနစ်မျောခဲ့တာ၊ မျှော်လင့်ချက်တွေ ဖိတ်စင်ခဲ့တာ၊ စိတ်ကူးယဉ်လင်းလက်တောက်ပမှုဖြစ်စဉ်တွေဟာ အလကားပဲပေါ့. . .။

ဘာပြောရမှာလဲ. . .။ မပြောရက်၊ ပြောမထွက်၊ လောင်ကျွမ်းမှုက တိတ်တဆိတ်ပါပဲ။

"တစ်ခါတလေ သူ့မိဘတွေဆီ သွားလည်တယ်၊ တစ်နေကုန် သူတို့အိမ်မှာ ချက်ပြုတ်စားသောက်ရင်း အချိန်ကုန်ခဲ့တာတွေလည်း ရှိတယ်၊ ဒီလောက်ဆို ငါ Sign Language ဘယ်လိုတတ်ခဲ့တယ်ဆို

www.burmeseclassic.com



တာ နင် သိလောက်ပါပြီ”

ကြိုး ခေါင်းညိတ်ပြလိုက်၏။ မျက်နှာသွင်ပြင် ကြည်လင်နေစေဖို့ အထူးကြိုးပမ်း အားထုတ်နေရလေသည်။

“တွဲတာကြာလာမှ သိရတာက ငါ့ချစ်သူဟာ မူးယစ်ဆေး အရောင်းအဝယ်လုပ်သလို မူးယစ်ဆေးစွဲနေသူတစ်ယောက်ဆို တာပဲ၊ သူ့ကို ငါ တားဖို့ ကြိုးစားသေးတယ်၊ ဒါပေမယ့် အဆင် မပြေဘူး၊ မအောင်မြင်ခဲ့ဘူး၊ နားမကြား အသိုင်းအဝိုင်းမှာ ကြီး ပြင်းလာတဲ့သူဟာ ပတ်ဝန်းကျင်ရဲ့ ဂယက်ရိုက်ခတ်မှုကြောင့် စိတ် ဖိစီးမှုတွေ၊ စိတ်အားငယ်မှုတွေ၊ စိတ်ဓာတ်အခြေခံ မတောင့်တင်း မှုတွေ ရှိနေခဲ့တယ်၊ အဲဒီအရာတွေရဲ့ ထွက်ပေါက်အဖြစ် ဖျော် ဖြေမှုအနေနဲ့ စတင်ခဲ့ရာက သူ မူးယစ်ဆေးစွဲခဲ့တာပဲ၊ နောက် စီးပွားရေးအတွက် အရောင်းအဝယ်သမားပါ ဖြစ်လာတယ်၊ သူ့ကို တားဖို့ ကြိုးစားရင်း သူ့နောက်လျှောက်လိုက်ရင်း ဆန္ဒပြ အရွဲ့ တိုက်သလို သူလုပ်သလိုတွေ လိုက်လုပ်ရင်းကပဲ ငါလည်း မူးယစ် ဆေးသုံးဖြစ်လာခဲ့တယ်၊ နောက်တော့ အဲဒီဗီလင်မှာ ငါပါ ငြိ တွယ်သွားတယ်ပဲ ဆိုပါတော့ဟာ”

ဆံပင်တိုတိုလေးတွေနှင့် ဦးခေါင်းကို လက်ချောင်းဖောင်းဖောင်း လေးတွေနှင့် အမရာ ထိုးဖွနေသည်။ အဲဒီလက်ချောင်းဖောင်းဖောင်း လေးတွေရဲ့ ထိပ်ဖျားက လက်သည်းချွန်တွေဟာ ငါ့နှလုံးသားကို လာကုတ် ဆိတ်နေသလိုပါပဲလား. . .။

ကစားလို့ဝရင် နားပါဦး။ နင် သိပ်မောနေမှာစိုးလို့ပါ။ နှင် မထုတ် မချင်း ငါက ထွက်ခွာသွားမယ့်သူမှ မဟုတ်တာ. . .။

“ငါတို့နှစ်ယောက်တွဲနေတာ ငါ့မိဘတွေ သိသွားတော့ ပထမ ဘာသာမတူဘူးဆိုပြီး သဘောမတူကြဘူး၊ နောက် စုံစမ်းရင်း သူ့မိဘတွေက ဆွံ့အ,နားမကြားဆိုတာနဲ့ သူဟာ ဆေးသမားဆို တာ သိသွားတော့ ပိုဆိုးပါလေရော၊ အပြင်းအထန် ကန့်ကွက်ကြ တယ်၊ အဲဒီတုန်းက ငါနဲ့ ငါ့မိဘတွေ အိမ်တွင်းစစ်ဖြစ်တာ အကြီး





အကျယ်ပဲ၊ ဘာသာတရား အယူဝါဒတွေ၊ လူမျိုးရေးခွဲခြားမှု၊ အဆင့်အတန်း အနိမ့်အမြင့် သတ်မှတ်ချက်တွေဟာ လူတွေကို ခွဲခြမ်းစိတ်ဖြာပစ်နေသလို ငါ ခံစားလာရတယ်၊ လူသားချင်း အတူတူ မခွဲခြားဖို့ တိုက်စစ်ဆင်ရင်းကပဲ ဘာသာရေးယုံကြည် ချက် ပျောက်ကွယ်လာတဲ့ ငါ့ကို ဒိဋ္ဌိမတစ်ယောက်အဖြစ် ငါ့ အဖေက သတ်မှတ်တယ်၊ ငါတို့နှစ်ယောက် တွေ့ဆုံခွင့်ရဖို့တောင် မလွယ်ကူတော့တဲ့အထိ အခြေအနေက ဆိုးဝါးလာခဲ့တယ်၊ ငါ့ချစ် သူက အဲဒီစိတ်ဖိစီးမှုတွေနဲ့ပဲ မူးယစ်ဆေးသုံးစွဲတာ အလွန်အကျွံ ဖြစ်လာတယ်၊ တစ်နေ့မှာ အဖြူထိုးရင်း ရှော့ခ်ဖြစ်ပြီး သူ ဆုံးသွား တယ်. . .”

သူ့မချစ်သူက ဆုံးသွားပြီပေါ့. . .။

အဲဒီစကားကြားတော့ ပျော်သွားတာလား. . .။ ဝမ်းနည်းသွား တာလား. . .။ ခံစားမှုကို ပြန်ဆန်းစစ်၏။

ပျော်သွားတာ မဟုတ်တာတော့ သေချာနေသည်။ အရမ်းကြီး လည်း ဝမ်းမနည်း။ အကြားအာရုံ ချို့ယွင်းသော စကားမပြောနိုင်သော အသိုင်းအဝိုင်းမှာ ရှင်သန်ကြီးပြင်းလာရသူတစ်ယောက်၏ ခံစားမှုတွေ အပေါ် စာနာကရုဏာစိတ် ဖြစ်၏။ ဒါဟာ ဆုံးသွားပြီဆိုသော အသိ ကြောင့်လည်း ဖြစ်နိုင်ပါသည်။

“ငါ့ချစ်သူသေဆုံးတော့ ငါလည်း သူ့လိုပဲ သူ့နောက်လိုက်မယ်ဆို ပြီး မူးယစ်ဆေးတွေ အလွန်အကျွံ သုံးစွဲခဲ့တယ်၊ အဲဒီရက်တွေ အိမ်ကို ကလန်ကဆန်လုပ်ရင်း ငါ အလုပ်လည်းမလုပ်ဘူး၊ တစ်ည ငါ ဆေးပေါက်နေချိန်မှာ ငါမူးယစ်ဆေးသုံးတာကို သိသွားပြီး လာဆူတဲ့ ငါ့အဖေကို ခြေပါလက်ပါ တုံ့ပြန်မိတယ်၊ အဲဒီ မှာ ငါ့အဖေက ငါ့ကို ရိုက်နှက်တယ်၊ ခြံစောင့်ခေါ်၊ ငါ့ကို ကြိုးတွေနဲ့ တုပ် ကားပေါ်တင်ပြီး စိတ်ကျန်းမာရေးဆေးရုံကို ပို့ခဲ့တာပဲ၊ အဲဒါကြောင့် နင်နဲ့စတွေ့တဲ့နေ့က ကြိုးဆိုရင် ကြောက်တယ်လို့ ငါပြောခဲ့တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို. . . သူမ ဆေးရုံတက်ရတာ ဆေးပြတ်စေလိုခြင်းသာလ ပေါ့. . .။

"အဲဒီမှာ နေရတဲ့အဖြစ်ကို ငါကတော့ ငရဲခန်းတစ်ခုလိုပဲ သတ်မှတ်တယ်၊ အိပ်မက်ဆိုးကြီးတစ်ခုလိုပဲ မေ့ပစ်ချင်တယ်၊ ရေခဲရေကြိုက်တဲ့ငါ ရေခဲရေ မသောက်ရဘူး၊ အဲဒီက ကျွေးတာတွေလည်း ငါ မစားနိုင်ဘူး၊ ဒါတောင် ငါ့မိဘတွေက ဆေးရုံဝင်းထဲက ထမင်းဆိုင်ကို ငွေပေးထားလို့ အဲဒီထမင်းဆိုင်ကနေ ချိုင့်နဲ့လာပို့ပေးတာ စားရတာ၊ ဆေးရုံကကျွေးတာက ရေလုံပြုတ်တွေ၊ ငါ့ကို အရူးဆေးတွေလည်း တိုက်တယ်၊ ငါ ရူးမှမရူးတာ၊ ဘယ်သောက်မလဲ၊ လွှင့်ပစ်တော့ အရိုက်ခံရတယ်၊ ငါ့မိဘတွေကလည်း ငါ့ဆီလာမတွေ့ကြဘူး၊ လူနာအချင်းချင်းတောင်မှ ငါ့ကို ဘယ်သူမှ မရောကြဘူး၊ ကောင်မလေးတစ်ယောက်ကို မေးကြည့်မှ ငါက ဆေးသမား၊ ငါ့အနား မကပ်ကြနဲ့၊ ငါက စိတ်ဖောက်လာရင် သတ်လိမ့်မယ်ဆိုပြီး ပြောထားလို့တဲ့၊ ငါ့အနားမှာ လက်နက်နဲ့တူတာ ဘာမှမထားဘူး၊ သွားတိုက်တံတောင် တိုက်လို့ရရုံလေး အရင်းနားက ကပ်ချိုးပေးထားတာ၊ စာရေးဖို့ ဘောလ်ပင်ဆိုတာလည်း မရဘူး၊ ငါထွက်ပြေးဖို့ ကြိုးစားပေမယ့် သန်သန်မာမာ မိန်းမကြီးတွေက အမြဲ စောင့်ကြည့်နေခဲ့တယ်၊ ထွက်ပြေးတာမိသွားရင်လည်း ရှော့ခ်ရိုက်ခံရတယ်တဲ့၊ ငါနဲ့သိသူတွေကို လာပြခေါ်ဖို့ ဆက်သွယ်ဖို့ ကြိုးစားချင်ပေမယ့်လည်း အဆင်မပြေဘူး လာပို့သူကပဲ တွေ့ခွင့်ရတာ၊ အရင်က ငါ့ဆံပင်က အရှည်ကြီး အဲဒီရောက်တော့ ကတုံးတုံးပစ်လိုက်ကြတာ၊ ငါ အရမ်း နှမြောတာပဲ"

ဆေးရုံရောက်လာသော လူနာတွေကို ဆံပင်ညှပ်ခြင်းသည် သန့်ရှင်းမှုနှင့် ကျန်းမာရေးအတွက်ဖြစ်ကြောင်း၊ ရှော့(ခ်)(Shock) ရိုက်တယ်ဟု သူမပြောသော ECT(Electroconvulsive therapy) လျှပ်စစ်ဓာတ်ဖြင့် သွေးလှန့်၍ ကုသခြင်းသည် လိုအပ်သောလူနာတွေကိုမှ ထိုသို့ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီးမှ ရှင်းပြဖူးသည်။





အများထင်သလို လျှပ်စစ်ကုထုံးသည် ကြောက်ဖို့မကောင်းကြောင်း၊ လျှပ်စစ်ဗို့အားက ၁၃၀၊ ဒါမှမဟုတ် ၁၅၀လောက်ပဲ ရှိ၍ သွတ်တဲ့အချိန်ကလည်း တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံကနေ အများဆုံး စက္ကန့်ဝက်လောက်အထိပဲ။ လျှပ်စစ်ဓာတ်ရဲ့ မြန်နှုန်းက နာ့ဗ်ကြောနှီးဆွအားရဲ့ မြန်နှုန်းထက် ပိုသည်။ ထို့ကြောင့် လူနာမှာ နာကျင်ရမှုနှုန်း လုံးဝ မသိလိုက်ပါဘူးဟု စာရေးဆရာမ ဂျူး၏ 'နံရံ၏အခြားတစ်ဖက်' ဝတ္ထုတွင်လည်း ဖတ်ရှုမှတ်သားဖူးပါသည်။

"အဲဒီမှာ ငါ ကိုးရက်နေခဲ့ရတယ်၊ ကိုးရက်ပြည့်မှ ငါ့မိဘတွေက ငါ့ကို ကတိမျိုးစုံတောင်းပြီး လာပြန်ခေါ်တယ်၊ ပြီးတော့လည်း တစ်လတစ်ကြိမ် သုံးလ ဆေးပြန်စစ်ရတယ်၊ အဲဒီဆေးစစ်မှု အောင်မြင်မှ ငါ တစ်ယောက်တည်းသွားလာခွင့် ပြန်ရတာ၊ အဲဒီရက်အတောအတွင်းတွေမှာ အမြဲ စောင့်ကြည့်သူတွေနဲ့ပဲ နေရသွားရ စားခဲ့ရတာ၊ ငါ့အဖေက တစ်ခါတလေ ငါ့ကို စိတ် တိုရင် အရူးမလို့ ခေါ်တယ်ပြောတယ်၊ ငါက ငါ့ကို အဲလို ခေါ် ပြောရင် အရမ်းနာတာဟ၊ ငါ ငါက တကယ်ပဲ အရူးလား၊ အရူး မ,လားဟင်၊ ပြောပါဦး ကြိုးရယ်"

စိတ်လှုပ်ရှားတုန်ရင်စွာ သူမပြောနေတာကို နားထောင်ရင်း ကြိုး ရှိုက်ဖိုဝမ်းနည်းလာသည်။

"နင်က ရူးတာမှမဟုတ်ပဲ အမရာရယ်၊ ဆေးဖြတ်ဖို့ အပို့ခံရတာပါ။ တခြားသူတွေဆို အကြာကြီးနေရတာ၊ နင်ကမှ ခဏလေး၊ အခု နင့်မှာ ဘာဝေဒနာမှမရှိလို့ ပြန်လွှတ်လိုက်ပြီပဲလေ၊ ဖျားနာရင် ဆေးခန်းသွားကုသရသလို သဘောပါပဲဟာ"

လူ့ဘောင်ခလေ့၏ သတ်မှတ်ချက်အမြင်တွေနှင့် အသံထွက် ပါးစပ်ပေါက်တွေက ကြောက်စရာကောင်းတာမို့ ဒီအကြောင်းတွေ တွေ့ရာလူ လျှောက်မပြောဖို့ သူမကို သတိပေးဖြစ်သည်။

"စိတ်ချပါဟာ၊ ငါသိတာပေါ့၊ ငါဘယ်ပြောမလဲ၊ ပြောရင် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အရူးမလို့ ထင်သွားမှာပေါ့၊ ငါ ဒီအကြောင်းတွေ ဘယ်သူမှ အသိ ပေးပြောပြတာ မဟုတ်ဘူး၊ နင့်ကို ယုံကြည်လို့ ပြောပြတာ၊ ငါ ယုံကြည်တဲ့စာရင်းထဲမှာ ငါ့မိဘတွေတောင် မပါဘူး၊ ခုအချိန်မှာ ဟောဒီကမ္ဘာမှာ ငါ အယုံကြည်ဆုံးနဲ့ အတွယ်တာဆုံး သက်ရှိ လူသားဟာ နင်တစ်ယောက်တည်းပဲရှိတယ်"

ကြက်သီးတဖျင်းဖျင်းထသည်အထိ ကျေနပ်မှုအား ခံစားလိုက်ရ ၏။ သူမက ဒီအကြောင်းတွေ စာရေးပါလားဟုပင် ပြောသေး၏။

"ငါ့ချစ်သူက မူးယစ်ဆေးစွဲသူ မူးယစ်ဆေးရောင်းဝယ်ဖြန့်ဖြူးသူ တစ်ယောက်ဆိုပေမယ့် ဆွံ့အ,နားမကြားကလေးတွေ၊ မိဘမဲ့က လေးတွေ၊ ချို့တဲ့နွမ်းပါးတဲ့ကလေးတွေကို သူ သက်ရှိထင်ရှားရှိစဉ် က တတ်နိုင်သလောက် ကူညီထောက်ပံ့ခဲ့တယ်၊ ဒါကြောင့် ငါ အားလပ်ချိန်တွေမှာ ဘကကျောင်းတွေ မိဘမဲ့ဂေဟာတွေ နား မကြားကျောင်းတွေသွားပြီး သူ့ကိုယ်စား သူ့ဆန္ဒတွေကို ဖြည့် ဆည်းပေးလေ့ရှိတယ်၊ အဲဒါကြောင့်လည်း နင်နဲ့ တွေ့ခဲ့တာပေါ့ နင်တို့နှစ်ယောက်ဟာ ရုပ်ချင်းမတူပါဘူး၊ ဒါပေမယ့် နင့်ကိုမြင် တော့ သူ့အငွေ့အသက်တွေ လွှမ်းခြုံနေသလို ငါ ခံစားရတယ် မျက်ဝန်းအကြည့်လေးတွေ၊ ပြုံးတဲ့အမူအရာတွေ၊ စကားပြောရင် တဟုတ်ဟုတ်နဲ့ ပြောတတ်တာလေးတွေ၊ တိုက်ဆိုင်မှုလေးတွေ လည်း ရှိတယ်၊ နင်နဲ့ငါ ဒုတိယအကြိမ် ပြန်တွေ့တော့ အသို့ ဘောင်းဘီ အရောင်ဆင်တူလေးတွေ ဖြစ်နေကြတာ မှတ်မိသေး လား"

ကြိုး ခေါင်းညိတ်ပြလိုက်၏။ မှတ်မိပါတယ်ဟုလည်း နှုတ်မှ ပြော လိုက်သည်။ ဘယ်တော့မှမေ့မှာမဟုတ် ဆိုတာတော့ ထည့်သွင်းမပြော ဖြစ်ပါ။

"သူနဲ့ငါ ချိန်းပြီး အပြင်ထွက်ရင် အရောင်ဆင်တူလေးတွေ ဝတ် တတ်ကြတယ်၊ အဲဒီ တိုက်ဆိုင်မှုဟာလည်း နင်နဲ့ငါ နီးစပ်သွား စေတဲ့ အချက်တစ်ချက်ပဲ၊ ဘတ်စ်ကားစီးနေရင်း နံဘေးကလူ





တွေရဲ့ ပစ္စည်းတွေ ယူကိုင်ပေးတတ်တာ၊ သက်ကြီးရွယ်အိုတွေ ကလေးတွေကို နေရာပေးတတ်တာလေးတွေကအစ နင်နဲ့သူ တူ တယ်၊ ငါလေ တစ်ခါတလေ မှော်ပညာတွေ သိပ်တတ်ချင်တာ၊ ဘာလို့လဲဆိုတော့ ငါ့ချစ်သူကို သေရွာက ပြန်ခေါ်ချင်လို့၊ ငါက လူသေကို အသက်ပြန်သွင်းတဲ့ပညာပဲ အဓိက တတ်ချင်တာ"

သူမ၏ အစွဲအလမ်းက ကြောက်စရာကောင်းလေသည်။

ထွက်ပေါက်ပိတ်နေသူတစ်ယောက် ထွက်ပေါက်ကိုတွေ့တော့ အငမ်းမရ ပျော်ရွှင်သာယာငြိတွယ်သွားသည်။ ထိုထွက်ပေါက်ကလေး ပျောက်ကွယ်သွားတော့ ယူကြုံးမရဖြစ်ကာ ပြန်ပေါ်လာနိုး တသသ စွဲ သမ်းတမ်းတနေတာမျိုး။

"ငါ့အဖေက ငါဆေးပြန်သုံးရင် ဟိုဆေးရုံကြီးဆီ ပြန်ပို့မယ်လို့ အမြဲခြောက်တယ်၊ အဲ့ဒီနေရာကြီး ပြန်သွားရမှာ ငါ အရမ်း ကြောက်တာပဲ"

စိတ်ကျန်းမာရေးဆေးရုံ၏ မြေပုံကို ဖုန်းထဲမှကြည့်မိတော့ မူး ယစ်ဆေးနှင့် ပတ်သက်သောအဆောင်သည် အညိုရောင်သင်္ကေတဖြစ် လေသည်။

"နင် ဆေးမသုံးရင် ဘယ်ပို့မလဲ၊ အဲဒီကိုပို့တယ်ဆိုတာ ကျန်းမာ ရေးအတွက် လိုအပ်လို့ ပို့တာပါ၊ အပို့မခံရအောင် နင် ဆေးမသုံး နဲ့ပေါ့ဟာ နော်၊ မကောင်းမှန်း နင်လည်း သိနေတာပဲ"

"အခုလည်း ငါ ဘယ်မှာ သုံးတော့လို့လဲ၊ ဒါပေမယ့် ငါ့အဖေက ပြောရတာ မဟုတ်ဘူးဟ၊ သူ့စကား နားမထောင်တာနဲ့ အဲဒီကို ပို့မယ်ပဲ ခြိမ်းခြောက်နေတာ၊ ငါ့ကို အဲဒီကိုပို့ပြီး အပိုးကျိုးအောင် ပညာပြချင်နေတာ ငါသိတယ်၊ တကယ်လို့ ပို့ရင် ငါ့ကို နင် လာ ကယ်ပေးပါနော်၊ အဲဒီနေရာကြီးကို ပြန်သွားရမှာ ငါ အရမ်း ကြောက်လို့ပါ၊ လာကယ်မယ်လို့ နင် ငါ့ကို ကတိပေးပါဟာ ပေးပါ"

"အေးပါဟာ၊ နင် တကယ် လွတ်မြောက်ချင်တယ် လွတ်မြောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တယ်ဆိုရင် ငါ လာကယ်ပေးမှာပေါ့"

တကယ်တမ်းမှာတော့ မဖြစ်သင့်သော ကိစ္စရပ်တစ်ခုမှန်း ကြိုး သိပါ၏။ တတွတ်တွတ်ရေရွတ်တောင်းဆိုနေသော သူမ၏ သောကတွေ ပြေပျောက်လျော့နည်းသွားစေလိုသော ဆန္ဒသဘောနှင့် ပြောလိုက်ခြင်း မျှသာပါပဲ။ အဲဒီအချိန်ကပေါ့။

"ငါ ဘာကြောင့်မှန်း မသိဘူး၊ နင့်ကိုတော့ ယုံကြည်အားကိုးနေမိ တယ်၊ နင် ငါ့အတွက် အမြဲရှိနေပေးပါနော်"

"စိတ်ချပါ"

ရင်ထဲမှ နှစ်နှစ်ကာကာပါစွာ ကြိုး ပြောလိုက်ပါသည်။

"အဲဒီနေ့ မရောက်သေးသရွေ့ နင့်အတွက် ငါ ရှိနေပေးမယ်"

"အဲဒီနေ့က ဘယ်နေ့လဲဟင်"

"ငါ သေသွားတဲ့နေ့ပေါ့"

သူမ၏အပြုံးသည် သူ့အား ကျေနပ်မှုဖြစ်စေ၏။ တစ်ခါတရံမှာ ကျေနပ်မှု ခံစားရစေဖို့ နာကျင်ခြင်းတွေ စတေးရသည်လေ။

ထိုညက သူမကို ကုန်းပိုး၍ အုတ်တံတိုင်းပေါ် ပြန်တွန်းတင်ပေးခဲ့ ရ၏။ သူမချစ်သူလည်း တစ်ချိန်က တစ်ခါမက ထိုသို့ ပြုမူပေးခဲ့မှာပါပဲ။


အချစ်စိတ်သည် သေဆုံးသူကိုတောင် သဝန်တိုတတ်စေပါသေး သလား. . .။

သူမက သူ့ကို ကုသပေးမယ့် ကြိုးကလေးတစ်ချောင်းအဖြစ်သာ မျှော်လင့်သည်ပဲ။ ရင်တွင်းခံစားချက်တို့ သိုဝှက်၍ ထိုသို့ဖြစ်စေဖို့သာ အားထုတ်ရမည်လေ။

အချစ်ဆိုတာ ပြန်ချစ်မှ အချစ်ဖြစ်တာ မဟုတ်ပါဘူး။ ကိုယ်ချစ် နေရရုံနဲ့တင်လည်း အဲဒါ အချစ်ပါပဲ။








## (ပုံပြင်-၈)

ဖြေဖျော်ပွဲတစ်ခုမှာ ဂျိုကာလေးတစ်ယောက် မတော်တဆ စင် ပေါ်က ပြုတ်ကျသွားခဲ့တယ်။

သူ့သွားတချို့ ကျိုးကုန်တယ်။ မျက်နှာမှာ ပွန်းပဲ့ဒဏ်ရာတွေ ရ သွားတယ်။ နာကျင်လွန်းလို့ သူ့မျက်နှာရှုံ့မဲ့နေတယ်။

ဒါကို သူသရုပ်ဆောင်တာ ပီပြင်တယ်ဆိုပြီး ပရိသတ်တွေ တဝါး ဝါးနဲ့ ပွဲကျခဲ့ပါတယ်။

ကလေးလေးတစ်ယောက်ပဲ သူ့မေမေလက်မောင်းကိုဆွဲပြီး. . .

"မေမေ. . . ဂျိုကာလေး နာလွန်းလို့ မျက်ရည်ကျနေတယ်" လို့ ပြောတယ်။

ကလေးလေးပြောတာကို ဘယ်သူမှ ဂရုမစိုက်ခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

အမရာသည် ဥယျာဉ်မှူးမှ အလှပအမွှေးပျံ့ဆုံး ပွင့်လန်းစေလိုသော ဆန္ဒဇောဖြင့် အစွမ်းကုန် ပြုစုပျိုးထောင်ခြင်းခံနေရသော ပန်းတလေးတစ်ပွင့် ဖြစ်လေသည်။

ကြိုးသည် အစွမ်းကုန် ပြုစုပျိုးထောင်မှုတွေကြောင့် မွှန်းကြပ်၍ ထွက်ပေါက်ရှာလေ့ရှိသော စိတ်ဒဏ်ရာတွေ ဘဝအမောတွေနှင့် ပန်းတလေးရဲ့ ကိုယ်ရံတော် ဖြစ်မှန်းမသိ ဖြစ်လာခဲ့၏။

တစ်ခါတရံ အလုပ်မလုပ်ချင်သော သူမကို အလုပ်လုပ်ဖို့ ချော့မော့တိုက်တွန်းရသည်။ ဘာသာစကားနှင့် အတတ်ပညာတွေ မသင်ယူချင်တော့သော သူမကို သင်ယူဖို့ မသိမသာ တွန်းအားပေးရ၏။ သူမချစ်သူကို သတိရသည့်အခါ သူမ သွားတတ်သည့်နေရာတွေ တကောက်ကောက် လျှောက်လိုက်ပေးရလေသည်။ အချို့ညဘက်တွေလည်း အိမ်မှ ခိုးထုတ်ပေးရပါ၏။

"နင် လာမခေါ်ရင် ငါတစ်ယောက်တည်း တစ်ညလုံး အပြင်မှာ လျှောက်သွားနေမှာနော်"

ဟု ခြိမ်းခြောက်ပြောပြီဆိုလျှင် ကြိုးမှာ သွားမခေါ်ပဲ မနေနိုင်။

အိမ်အပြင်ထွက်သော ညတွေမှာ သူမ စီးကရက်ကို မက်မက်မောမော ဖွာရှိုက်လေ့ရှိ၏။

"နင့်နှုတ်ခမ်းသားရဲရဲလေးတွေ ညိုသွားမယ်၊ မသောက်ပါနဲ့လား

www.burmeseclassic.com

www.burmeseclassic.com



ဟာ"

ပြောပေမယ့်လည်း မရ။ မလိုက်နာပါ။

"နင် ဆေးလိပ်မသောက်တတ်တာ သိပ်ဆိုးတာပဲ၊ ငါနဲ့ ငါ့ချစ်သူက စီးကရက်တစ်လိပ်ကို အတူတူသောက်နေကျဟ၊ ငါ ဆေးလိပ်သောက်ချင်ပြီဆို သူက မီးညှိပေးတယ်၊ ပြီးတော့ သူ့ လက်ကြားလေးနဲ့ညှပ် ငါ့နှုတ်ခမ်းမှာတေ့ပေးပြီး သူကိုယ်တိုင် တိုက်နေကျ၊ အဲဒီတော့မှ ငါက ဇိမ်ရှိရှိနဲ့ ဖွာရှိုက်တာ"

ထိုငနဲသားကို တစ်ခါတလေ ကြိုး တော်တော် စိတ်တိုသည်။ သက်ရှိထင်ရှားသာ ရှိသေးလျှင် အမရာပျက်စီးခဲ့တာ မင်းစနက် မကင်းဘူးကွဟု သွားရောက်ပြစ်တင် ပြောဆိုလိုက်ချင်မိ၏။

"နင် ဆေးလိပ်မသောက်တတ်လည်း ငါ့ကို ကိုင်တိုက်ပါလားဟင်"

ခြော်. . . ငါကကော ဘာထူးလို့လဲ. . .။ သူမ တောင်းဆိုတော့ ငြင်းပယ်နိုင်စွမ်းမရှိ။ စီးကရက်ကို မီးညှိ၍ လက်ကြားညှပ်ကာ သူမနှုတ်ခမ်းဆီ တေ့ပေးဖြစ်၏။ သူမအလိုကို လိုက်လျောရင်း သူမကိုယ်သင်းရနံ့လေး ရှူရှိုက်ကာ သူမမျက်နှာလေးကို အနီးကပ် ငေးစိုက်ကြည့်ဖြစ်တတ်သည်။ ထိုအချိန်မျိုးတွင် ကိုယ်သင်းရနံ့နှင့် အထိအတွေ့ကြောင့် ရင်ခွင်တစ်ခွင်လုံး တသိမ့်သိမ့် တုန်ခါလှုပ်ရှားနေတတ်ပါသည်။

တစ်ခါတလေ လက်မှာကိုင်ထားပေးရသော သူမသောက်လက်စ မီးညှိပြီးသား စီးကရက်ကို ကြိုး တို့ထိဖွာရှိုက်ဖြစ်လေသည်။ သူမနှုတ်ခမ်းနဲ့ ထိတွေ့ထားမှုလေးကို လိုချင်မက်မောစွာ အရသာခံစားချင်လို့ပါ။ ထိုအခါ မွန်ကာ ချောင်းတဟွတ်ဟွတ် ဆိုး၏။

"ဆေးလိပ်ကို အဲဒီလို မသောက်ရဘူးဟ၊ ဖြည်းဖြည်းချင်း မျှင်းဖွာပြီး အသာအယာ ရှိုက်ရတယ်၊ ပြီးမှ အငွေ့ကို ဖြည်းဖြည်းချင်း ပြန်ထုတ်"

သူမက စနစ်တကျ ဆေးလိပ်သောက်ပုံသောက်နည်း သင်ပြပေးတတ်သည်။ တစ်စတစ်စနှင့် ကြိုးပါ သူမနှင့်အတူ စီးကရက် ဖွာတတ်လာလေသည်။





"ဆေးလိပ်က စိတ်ကိုထွက်ပေါက်ပေးတယ်၊ မွန်းကြပ်မှုတွေကို ပျောက်စေတယ်ဟ"

ဆေးလိပ်သောက်လျှင် ထုတ်လွှတ်ပေးသော ဦးနှောက်ထဲမှ ဒိုပါမင်းဓာတ်တစ်မျိုးသည် စိတ်ဖိစီးမှုကို လတ်တလောမှာ လျော့ကျစေ၏။ ထိုအချက်ကြောင့်ပဲ ဆေးလိပ်ကို ငြိတွယ်ကြတာ ဖြစ်ပေလိမ့်မည်။ တင်းကြပ်သော တားမြစ်ပိတ်ပင်မှုတွေ မရှိတာနှင့်လည်း သက်ဆိုင်၏။ ဆိုင်တွေမှာ ဆေးလိပ်တွေ ရောင်းအားကောင်းကာ ဆေးလိပ်ထုတ်လုပ်မှုတွေ၊ စီးကရက်စက်ရုံတွေ ပိုမိုထွန်းကား များပြားလာကြ၏။ မူးယစ်အစ ဆေးလိပ်က တဲ့။

ဆေးလိပ်ရဲ့ ဆိုးကျိုးတွေ သိနေတာပဲ။ ကောင်းမှုနှင့်ဆိုးမှုက ခမျှတ။ ရင်းရဲသလား. . .။ ရင်းသင့်သလား. . .။ လဲရဲသလား. . .။ လဲသင့်သလား. . .။

ငါ အမှားတွေ ကျူးလွန်နေမိပြီလား. . .။ တစ်ခါတရံ ပြန်စဉ်းစားသည်။ သို့သော် သူမအလိုတွေ မလိုက်လျောလျှင် သူ့အပါးမှ သူမ ရှုန်ခွာပြေးသွားမှာ စိုးရိမ်ကြောက်လန့်နေမိပြန်လေသည်။ စီးကရက်တစ်လိပ်ကို သူမနှင့်အတူ ဖွာရှိုက်ရသည့်ဖီလင်ကို မက်မောလာ၏။ သူမ အန္တရာယ်မကြုံစေဖို့၊ စိတ်ဖြေမှုတွေဟာ အလွန်အကျွံမဖြစ်စေဖို့၊ အမှားတွေ ထပ်မကျူးလွန်မိစေဖို့သာ ကိုယ်ရံတော်သဖွယ် နေထိုင်ရင်း အခွင့်ရသလောက် တတ်စွမ်းသမျှ ကာကွယ်ပြုပြင်ဖြစ်လေ၏။

ကိုယ်တိုင်ကတော့ ဆေးလိပ်စွဲခဲ့ပြီ။

"နင်နဲ့ငါက ဘာတွေလဲ" ဟု တစ်ခါတစ်ခါ သူမပခုံးသားလေးနှစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်၍ သူမမျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်ကာ မေးပစ်လိုက်ချင်၏။ အဲလိုဆို သူမ အဖြေခက်မှာပေါ့။ အနေကျုံ့သွားမှာပေါ့။ မမေးဖြစ်ပါ။

ငါက ကုသပေးရမယ့် ကြိုးကလေးပဲမို့လား. . .။



www.burmeseclassic.com

www.burmeseclassic.com



သူမချစ်သူသေဆုံးမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ်၊ သံတမန်လမ်း၊ အမှတ်(၂)တွင်ရှိသော မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းတော် (MARY CHAPMAN SCHOOL FOR THE DEAF) သို့ သွား၍ လှူဒါန်းကျွေးမွေးမှုတို့ အမရာ ပြုလုပ်လေသည်။

ကြိုးလည်း လိုက်ပါရတာပဲပေါ့။

သူမ၏အလှူသည် ကွယ်လွန်သူ နောက်ဘဝမှာ ကောင်းကျိုးချမ်းသာတွေ ရရှိစေဖို့အတွက် ရည်စူး၍ ပြုလုပ်သော အလှူမျိုးမဟုတ်။ သတိရခြင်း ဆန္ဒကြောင့် ချစ်သူအကြိုက်ကို လိုက်လျောပြုလုပ်ပေးခြင်း သက်သက်။

"နောင်ဘဝဆိုတာကို ငါ မယုံကြည်ဘူး၊ နောင်ဘဝဆိုတာ ဒီဘဝမှာ မဟုတ်မဟပ်တွေ စွတ်မလုပ်ရဲအောင် ခြောက်လှန့်မှုတစ်ခုအဖြစ်ပဲ ခံစားရတယ်"

"ဒီဘဝပုဂ္ဂိုလ်နဲ့ နောက်ဘဝက ပုဂ္ဂိုလ်တို့ဟာ တစ်ဦးတည်း မဟုတ်သလို အခြားသူလည်း မဟုတ်ဘူး၊ ဥပမာပြောရရင် ရန်ကုန်ကနေ မန္တလေးကို စာတိုက်ကနေ ငွေလွှဲလိုက်တဲ့အခါ ဟိုဘက်မှာ ထုတ်ယူရမယ့်ငွေဟာ ရန်ကုန်စာတိုက်က ငွေစက္ကူတွေ မဟုတ်ဘူး၊ အရေအတွက် ပမာဏခြင်းတူတယ်၊ ဒါပေမယ့် ရန်ကုန်ကငွေစက္ကူတွေ မန္တလေးကို ရောက်သွားတာမဟုတ်ဘူး၊ ဟိုဘက်ကလူကတော့ မန္တလေးစာတိုက်မှာရှိတဲ့ ငွေစက္ကူတွေပဲ ထုတ်ယူသွားရမှာပါ၊ ဒီဘက်က လွှဲလိုက်တဲ့ အကြောင်းတရားကြောင့် ဟိုဘက်မှာ ထုတ်ယူလို့ရတဲ့ အကျိုးဖြစ်တာ၊ ဘဝကူးတယ်၊ ဘဝဆက်တယ်ဆိုတာလည်း အဲဒီသဘောပဲလို့ ရှင်းပြချက်





တွေ့ဖူးတာပဲ"

အသက်စာတိ ကူးပြောင်းခြင်းနှင့် ပတ်သက်၍လည်း ဘာသာရေး အယူဝါဒတွေမှာ ရှုပ်ထွေးမှုတွေ တွေ့ရလေသည်။

ခရစ်ယာန်နှင့် အစ္စလာမ်တို့မှာ 'Soul' ခေါ်တဲ့ ဝိညာဉ်က ဘုရားသခင်ရှေ့မှောက်ကို နောက်ဆုံးမှာ ပြန်လည်ရောက်ရှိသည်ဟု ယူဆ၏။ ဗုဒ္ဓဘာသာမှာတော့ ဝိညာဉ်အယူကို လက်မခံ။ Soul (ဝိညာဉ်)၊ Ghost (အစ္ဆေသရဲ)လို့ခေါ်တဲ့ လူသေပြီးရင် ကိုယ်ခန္ဓာထဲကထွက်သွားတဲ့ အရာတစ်ခုရှိတယ်လို့ ယူဆတာဟာ ဗုဒ္ဓအယူဝါဒမဟုတ်ဘူးဟု ဆို၏။

ဗုဒ္ဓဘာသာဝင်တချို့ ထိုအချက်ကို မကွဲပြားကြပေ။ ဝိညာဉ်နှင့် အစ္ဆေသရဲဟူ၍ အတွင်တွင် သုံးစွဲပြောဆိုတတ်ကြ၏။

ဗုဒ္ဓဝါဒသည် အတ္တကို လက်မခံသော အနတ္တဝါဒဖြစ်သည်။ ဗုဒ္ဓအယူဝါဒသည် ရှေးအတိတ်ဘဝပေါင်းများစွာ ရှိခဲ့တယ်ဆိုသော အယူအဆကို လက်ခံပေမယ့် တစ်ဘဝပြီးတစ်ဘဝ ကူးပြောင်းသွားလာနေတဲ့ ဝိညာဉ် မရှိပါဘူးဟု ဆိုထား၏။ သို့သော် ဗုဒ္ဓဘာသာအယူမှာ ပြိတ္တာလို့ခေါ်တဲ့ ဘုံဘဝမျိုးရှိ၏။ ဒီဘက်က လူတစ်ဦးကွယ်လွန်ပြီး စုတိစိတ်ပြီးတာနှင့် ဟိုဘက်မှာ ပဋိသန္ဓေစိတ် ချက်ချင်း အခြားမရှိပဲ ဖြစ်တာမို့ ပြိတ္တာကောင်အဖြစ် ဘွားခနဲဖြစ်၏။ ဘဝကူးပြောင်းတာ မြန်လွန်း၍ ထိုပြိတ္တာကောင်ဟာ သူ့ကိုယ်သူ ယခင်ဘဝကပုဂ္ဂိုလ်လို့ မှားယွင်းယူဆနေတတ်၏။ နောက်အချိန်ကြာလာမှသာ သူဟာ ဘဝသစ်တစ်ခုကို ရောက်ရှိလာတာဖြစ်တယ် ဆိုတာကို နားလည်လာခြင်းမျိုး ဖြစ်သည်ဟု ဆို၏။

ဗုဒ္ဓဘာသာမှာ 'နောက်ဘဝ'ဆိုတာ ရှိသည်ဟု မှတ်ယူ၏။ ထိုနောက် ဘဝသည် ယခုပစ္စုပ္ပန်ဘဝနှင့် ယခုဘဝမတိုင်မီ ဘဝပေါင်းများစွာက ပြုခဲ့တဲ့ကောင်းမှုကံ၊ မကောင်းမှုကံတွေကို စံစားခံစားဖို့အတွက် ပေါ်ပေါက်လာရသော အကျိုးရလဒ်တစ်ခု၊ ရုပ်နာမ်ခန္ဓာတစ်ခု ဖြစ်သည်ဟု ဆို၏။ လူ၊ နတ်၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲကောင် စသဖြင့်ပေါ့။

အကြောင်းကြောင့် အကျိုးတရားဖြစ်ထွန်း၍ သံကြိုးတစ်ခုမှ သံ



www.burmeseclassic.com

www.burmeseclassic.com



ကွင်းဆက်တွေလို အစဉ်အဆက် အမျှင်တန်းနေမှုကို ဗုဒ္ဓဘာသာမှာ 'သံသရာ'ဟု ခေါ်ဝေါ်ကြ၏။ ဒီလို ဘဝတစ်ခုနဲ့တစ်ခု ကူးပြောင်းနေရတာဟာ 'အကြောင်းတရား၊ အကျိုးတရား' ဆက်စပ်မှု နိယာမသာလျှင် ဖြစ်ပြီး ဒီဖြစ်စဉ်ထဲမှာ 'အတ္တ'ခေါ် 'ဝိညာဉ်ကောင်' လုံးဝ မပါပါဘူးဟု ဆိုထားသည်။

ဝိညာဉ်နှင့်ပြိတ္တာသည် အထိုက်အလျောက်တော့ ဆင်တူရိုးမှား ဖြစ်စေနေသည်ပဲ မဟုတ်လား. . .။

ဘာသာရေး အယူဝါဒတွေသည် တစ်ခုနှင့်တစ်ခု တစ်ခုမဟုတ် တစ်ခု ဆက်စပ်ယှက်နွယ်မှု ရှိနေသည်ဟု ခံစားရ၏။ ဒါဟာ ပင်မ ပင်စည်ကြီးတစ်ခုတည်းမှ အရွယ်အစား ပုံသဏ္ဍာန် အချိုးအဆစ် မတူညီသော အကိုင်းအခက်အရွက်တွေ ဖြာထွက်ပွင့်ဝေနေသကဲ့သို့သော သဘောမျိုးဖြစ်လေမလား. . .။

ခရစ်တော်သည် အသက် ၁၂နှစ်အရွယ်မှာ ရဟူဒီလူမျိုးတို့ရဲ့ ဘုရားကျောင်းက ထွက်ခွာသွားပြီးတဲ့နောက် အသက် ၃၀ အရွယ်မှ ပြန်ပေါ်ရောက်ရှိလာသည်။ ထိုပျောက်ကွယ်နေသော ကြားကာလ ၁၈ နှစ်သည် ခရစ်ယာန်ဘာသာ၏ သိမ်မွေ့နက်ရှိုင်းသော ပဟေဠိတစ်ပုဒ် ဖြစ်၏။

ထိုသို့ တိမ်မြုပ်ကွယ်ပျောက်နေသော ၁၈နှစ်တာကာလမှာ ခရစ်တော်သည် တိဘက်ပြည်တောင်ပိုင်း၊ မွန်ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် အရှင်အရိယပုတ္တမဟာထေရ်ထံမှာ ဇီဝကီရိတ (ယောဂီဘာသာအရ-ယေရှုခရစ်တော်)ဟူသော ဘွဲ့အမည်ဖြင့် ဗုဒ္ဓဘာသာ ရဟန်းတစ်ပါးအဖြစ် ခံယူကာ ဗုဒ္ဓတရားတော်တွေ သင်ယူလေ့လာ ဆည်းပူးနေခဲ့သည်ဟု အမေရိကတိုက်၊ ချီကာဂိုမြို့က ကမ္ဘာကျော်ခရီး လှည့်လည်သွားလာသူ သုတေသနပုဂ္ဂိုလ် ပါမောက္ခ ဂိုးရစ်(ခ်)၊ ၁၉၂၅ ခုနှစ်က ရေးသားထုတ်ဝေခဲ့သည့် The untold teachings of the Christ by Prof-Goldricke 1925 စာအုပ်တွင် ပါရှိသည်ဟူ၍ အိန္ဒိယနိုင်ငံ ပညာရှင်များက မေးမြန်းခဲ့ပြီး အရှင်အရိယဓမ္မ ဖြေဆိုခဲ့သည့် 'ဗုဒ္ဓဝါဒ ပြဿနာများ'စာအုပ်တွင် ရေးသားဖော်ပြထားလေသည်။





အရှင်အရိယဓမ္မ (အရှင်ဥဂ္ဂသံ) မှာ ကျောက်ကွင်းဝါဒပြိုင်ပွဲ အကြောင်း ရေးသားခဲ့သူ ရှင်ဥက္ကဋ္ဌ၏ တပည့်တစ်ဦးဖြစ်ကြောင်း သိရလေသည်။

ခရစ်ယာန်ဘာသာကို အလွန်ယုံကြည်သက်ဝင်သော ပါမောက္ခ ဂိုးရစ်(ခ်)သည် ၁၈-နှစ်လုံးလုံး ခရစ်တော် မြုပ်ကွယ်ပျောက်နေသော အကြောင်းကို သိလိုစိတ်ပြင်းပြသည်။ အမေရိကမှာရှိတဲ့ ခရစ်ယာန် ဘာသာဂိုဏ်းချုပ် ဂိုဏ်းအုပ်တို့ကို မေးမြန်းကြည့်ပေမယ့် ထိုကိစ္စနှင့် စပ်သက်၍ ဘယ်သူကမှ ရှင်းလင်းမပြနိုင်ခဲ့ကြဘူး။ ဒါနဲ့ပဲ သူကိုယ် တိုင် သုတေသနလုပ်ဖို့ ခရီးထွက်ခဲ့သည်။ နောက်ဆုံးမှာ တိဘက်ပြည် တောင်ပိုင်း မွန်ဘုန်းတော်ကြီးကျောင်းမှာ ခရစ်တော်ကိုယ်တိုင် စာရွက် ပေါင်း ၁၀၀ ပေါ်မှာ လက်ရေးနှင့် ရေးသားထားသော ထို ၁၈နှစ်အတွင်း အတွေ့အကြုံဖြစ်စဉ်မှတ်တမ်းကို ရရှိခဲ့တာဟု ဆို၏။

ထိုကိစ္စသည် အဘယ်မျှ မှန်ကန်နိုင်ပါသနည်း. . .။



www.burmeseclassic.com

www.burmeseclassic.com



ယေရှုခရစ်တော်ကိုယ်တော်တိုင်က ဟေဗြဲဘာသာနှင့် ရေးသားထားသော မှတ်စုစာရွက် ၁၀၀ကို ကြိုးနှင့်ကျကျနန ချည်နှောင်ထားကျောင်းထိုင်ဆရာတော် မဟာထေရ်မြတ်အား ကန်တော့ခဲ့သည်။ ထိုကျောင်းတိုင်ဆရာတော် မဟာထေရ်မြတ်ကိုယ်တိုင်က ပါမောက္ခဂိုးရစ်(ခ်)ကို ပေးခဲ့သည်ဟု ဆိုထားပါသည်။

ပါမောက္ခဂိုးရစ်(ခ်)က ၁၉၂၅ခုနှစ်မှာ စာအုပ်ထုတ်ဝေခဲ့တာဆိုတော့ ထိုဘုန်းတော်ကြီးရဲ့အသက်ဟာ ၁၉၀၀ကျော် ရှိနေပါပြီ။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်တော်သည် အေဒီ ၃၀ ကတည်းကပင် ဂြိုဟ်မြန်းလာရာ ကောင်းကင်ဘုံသို့ ပြန်သွားခဲ့ပြီဖြစ်သောကြောင့်ပါ။ အသက် ၁၉၀၀ ကျော်ရှည်သည့် တိဘက်ဘုန်းတော်ကြီးဆိုသည်မှာ သမိုင်းတွင် ရှိခဲ့ဖူးပါသလား. . .။

"တိဘက်သို့ရောက်လာသော ဗုဒ္ဓဘာသာ မဟာယနဂိုဏ်းများ တရုတ်ပြည်ကတဆင့် လာသည်မဟုတ်။ အိန္ဒိယကပင် တိုက်ရိုက်ရောက်လာသည်။ ရောက်လာသည်မှာ သာသနာသက္ကရာဇ် ၁၁၉၃ မြန်မာ ၁၂ (အေဒီ-၆၅၀)လောက်တွင်ဖြစ်သည်"ဟု အမျိုးသားပညာဝန် ဦးဖိုးကျားရေးသားသည့် မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း စာအုပ်တွင် ပါရှိသည်။

တိဘက်တိုင်းပြည်ကို ဘုရင်ဆရိုကျန်းက အေဒီ ၇၀၀ ကျော်မှ တည်ထောင်ခဲ့ပြီး တိဘက်သို့ ဗုဒ္ဓသာသနာသည် အေဒီ ၆၅၀ခန့်မှ ရောက်ရှိခဲ့ကြောင်း သမိုင်းပညာရှင်များက မှတ်တမ်းတင်ခဲ့သကဲ့သို့ ဗုဒ္ဓသာသနာ သမိုင်းစာအုပ်တွင်လည်း မှတ်တမ်းတင်ထားပါသည်။

ထိုနည်းရင်းပင် တိဘက်ဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိခဲ့သောနှစ်မှာ အေဒီ ၆၀၀ခန့်မှဖြစ်ကြောင်းကို အိပ်ချ်ဂျီဝီလ်(သမိုင်းပညာရှင်)၏ မှတ်တမ်းစာအုပ်၊ ခရစ္စမတ်တန်ဖရီ၏မှတ်တမ်း၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္က



ကြိုး လင်းညို့သွေး

သိုလ်ရှိ သမိုင်းစာပေ၊ မာဃ၊ မြန်မာပြန်သော ရာဟုလာသံ ကိစ္စည်း၏ တိဘက်ဗုဒ္ဓဘာသာဆိုသည့်စာအုပ်ပါ မှတ်တမ်းအစရှိသည့် စာအုပ်မှတ်တမ်းများအရ သိရပါသည်။

ထိုအချိန်အခါတွင် တိဘက်၌ မည်သည့်မွန်ဘုန်းကြီးကျောင်းမှ မရှိပါ။ တိဘက်သို့ ဗုဒ္ဓသာသနာရောက်ရှိပြီး နှစ်တစ်ရာခန့်တွင် အိန္ဒိယမှ ဘုန်းတော်ကြီး သန္တရက္ခိတမထေရ် ရောက်ရှိလာကာ ဗြဟ္မပုတ္တရမြစ်၏ မြောက်ဘက် နှစ်မိုင်အကွာရှိနေရာကိုရွေး၍ ဗုဒ္ဓဘာသာကျောင်းတိုက်တစ်တိုက်ဆောက်လုပ်ရန် သတ်မှတ်လိုက်သည်ဟုသာ သမိုင်းတွင်ရှိသည်။ ယေရှုခရစ်တော်သည် တိဘက်စကားနှင့် မွန်စကားကိုတတ်သည်ဆိုသည့် သမိုင်းအထောက်အထားလည်း မရှိခဲ့ပါ။

စာရွက်ကို အေဒီ (၁၀၀)ကျော်တွင် တရုတ်ပြည်မှ စတင်တီထွင်ကာ အေဒီ (၂၀၀)ခန့်မှ ကမ္ဘာ့နိုင်ငံအချို့က စတင်အသုံးပြုခဲ့ကြသည်။ ယေရှု၏ ခေတ်အခါက စာပေကို သားရေလိပ်၊ ပေလိပ်၊ ကျောက်ပြား၊ ရွှံ့ပြား၊ နံရံတို့ကို အသုံးပြု၍သာ ရေးသားခြင်းဖြစ်ပြီး အရေအတွက် (၁၀၀)ဆိုသည်မှာ အလွန်များလွန်းလှပါသည်။

ထိုသို့ ချေပမှုတွေကလည်း အများကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရား အယူဝါဒတွေ ဆိုသည်မှာ နည်းစနစ်ကျင့်ဝတ်သာလျှင် ဖြစ်၏။

ပစ္စုပ္ပန်ကောင်းကျိုး၊ အနာဂတ်ကောင်းကျိုးအတွက် ဆန္ဒရှိပါက မိမိတို့ ယုံကြည်ချက်အလျောက် လိုက်နာကျင့်ကြံနေထိုင်ဖို့သာလျှင် ဖြစ်သည်။ မတူညီသော အတွေးအခေါ် အယူအဆ ကွာဟမှုတို့ကို အချက်အလက် အထောက်အထား အကိုးအကားတို့နှင့် သိမ်မွေ့ယဉ်ကျေး အေးဆေးစွာ တင်ပြဖလှယ် ဆွေးနွေးညှိနှိုင်းခြင်းမျိုးသာ ပြုမူသင့်သည်။ သူ့ ဘာသာ ငါ့ဘာသာဆိုသော အစွဲတွေနှင့် ကဲ့ရဲ့ရှုတ်ချ ပုတ်ခတ်တိုက်ခိုက်မှုတွေကြောင့် ဘာသာရေးစစ်ပွဲတွေ၊ အဓိကရုဏ်းတွေ ဖြစ်ပွားနေသည့် အချက်မှာ ရှက်ဖွယ်ဖြစ်သလို ကြေကွဲစရာလည်းကောင်းလှပါသည်။

ပါးစပ်က ဘုရားတရား၊ လက်က ကားယားကားယားဆိုတာမျိုး ဖြစ်နေလေမလား. . .။

အစွဲတွေ ဖျောက်ရမယ်ဆိုသော အချက်ကို မေ့လျော့နေကြလေသလား. . .။





၁၉၂၀ ခုနှစ်တွင် အင်္ဂလိပ်အမျိုးသမီး မေရီချက်(ပ်)မင်း (Miss Mary Chapman)က မြန်မာပြည်ရှိ နားမကြားသော ကလေးများ တိုးတက်ဖွံ့ဖြိုးရန် နယ်မြေနှင့်အဆောက်အဦးကို သူပိုင်ငွေဖြင့် ဝယ်ယူလှူဒါန်းပြီး ပထမတိုးချဲ့ အဆောက်အဦးကို Mary Chapmam Teachers Training College and School for the Deaf အမည်ဖြင့် မှတ်ပုံတင် တည်ထောင်ခဲ့ပါသည်။

စတင်တည်ထောင်သော အချိန်မှစ၍ ယခုထိ ကျွမ်းကျင်သော ဆရာ၊ ဆရာမများစွာ မွေးထုတ်ပေးခဲ့သည်။ နားမကြားသော ကလေးငယ်များစွာကို အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ကျောင်းစာ များ သင်ကြားပေးပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပါဝင်နိုင်စေခဲ့ သည်။ မိဘများစွာကို နားမကြားခြင်းနှင့်ဆိုင်သည့် ပညာများ ပေးနိုင် ခဲ့ပြီ ဖြစ်လေသည်။

ကျောင်း၏ ရည်ရွယ်ချက်များမှာ လူမျိုးဘာသာအဆင့်အတန်း မရွေး လက်ခံရန်၊ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရန်၊ ရပ်ရွာ၌ အသုံးဝင်သောသူများဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းသော နိုင်ငံသားကောင်းပီသရန်၊ နေရေးထိုင်ရေးနှင့် အဆောက်အဦးအတွက် လုံလောက်စွာ မြေနေရာရှိရန်၊ နားမကြားသူများ သင်ကြားမှုအတွက် ကျွမ်းကျင်မှုပညာရပ်ဆိုင်ရာ ဆရာဖြစ်သင်တန်း ပြုလုပ်ရန်၊ အခြားမြို့နယ်များ၌ လိုအပ်သော အဆင့်အတွက် အဆင်သင့်သလို တိုးချဲ့ဖွင့်လှစ်ရန်၊ တိုးချဲ့ဖွင့်လှစ်သော သက်ဆိုင်ရာ ကဏ္ဍအဆင့်များသည် ဤကျောင်း၏ အုပ်ချုပ်ရေးအဖွဲ့ လက်အောက်၌သာ တည်ရှိရန်ဟူ၍ ဖြစ်ပါသည်။

သင်ကြားသည့် အခြေခံနားမကြားပညာရပ်များမှာ စကားပြောခြင်း-SPEECH, ပါးစပ်ကိုကြည့်၍ စကားပြောကို နားလည်ခြင်း-



www.burmeseclassic.com

www.burmeseclassic.com



SPEECH READING, လက်ဖြင့်စားလုံးပေါင်းခြင်း-FINGER SPELLING, လက်ဖြင့် ရုပ်လုံးဖော်ခြင်း-SING LANGUAGE တို့ ဖြစ်ပြီး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်အနေနှင့် အင်္ကျီချုပ်ချုပ်ခြင်း၊ သိုးမွေးအင်္ကျီထိုးနည်း (စက်ထိုး၊ လက်ထိုး)၊ ဇာထိုးပန်းထိုးနည်း၊ ကြိုးထုံးနည်း အိတ်အမျိုးမျိုး ပြုလုပ် ခြင်း၊ ကွန်ပျူတာသင်တန်း၊ ရုပ်စုအနုပညာတို့ကို သင်ကြားပေးလေသည်။

မွေးရာပါ စကားမပြောနိုင်ခြင်းသည် နားမကြားသောကြောင့်ဟု ကျောင်းအုပ်ဆရာမကြီးမှ ရှင်းပြသည်။ နားကြားမှုနှုန်းအနည်းငယ်ရှိသူများကို နားကြားကိရိယာတပ်ဆင်ပေးသည်ဟု သိရ၏။

“ကလေးလေးတွေ သနားဖို့ ကောင်းလိုက်တာနော်”

အမူအရာလေးတွေသာ လှုပ်ရှားမှုပြုလျက် အသံပျောက် စာသင်နေသော ကလေးငယ်တွေကိုကြည့်ကာ အမရာ မျက်နှာမသာယာ။ အခြားပညာသင်ကျောင်းတွေနှင့် ကွာဟသည့်အချက်က စာသင်ဆောင်တွေမှာ အထူး တိတ်ဆိတ်နေတာပါပဲ။ စာသင်နေသော ဆရာကအစ အသံမထွက်။ ကလေးငယ်တွေနှင့် ဆရာကြား လက်ဟန်ကိုယ်ဟန် လှုပ်ရှားမှုများဖြင့်သာ ဆက်သွယ်နေကြရလေသည်။

မြင်ရတာ တင်းကြပ်ဆို့နင့်လိုက်တာ. . . ။

ကြိုးနှင့်အမရာကိုမြင်တော့ ကလေးတချို့က လက်ကလေးတွေလှုပ်ရှားပြီး Sign Language ဖြင့် စကားလှမ်းပြောကြသည်။ နှုတ်ဆက်ကြသည်။ မင်္ဂလာပါ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ အောင်မြင်ပျော်ရွှင်ပါစေ၊ အစစအရာရာ အဆင်ပြေပါစေ၊ ကျေးဇူးတင်ပါတယ်. . . စသဖြင့်ပေါ့။ ကြိုးနှင့်အမရာကလည်း လက်သင်္ကေတနှင့်ပဲ ပြန်ပြော၏။ နာမည် ဘယ်လိုခေါ်လဲ၊ အသက် ဘယ်လောက်ရှိပြီလဲ၊ ကလေးလေးတွေ အရမ်းချစ်ဖို့ကောင်းတာပဲ၊ ဘာစာတွေ သင်နေတာလဲ. . . အဲဒီလိုတွေပေါ့။ သူတို့ဘာသာစကားကို ကြိုးနှင့်အမရာ နားလည်၍ ပြန်ပြောတတ်နေတာတွေ့တော့ ကျေနပ်ဝမ်းသာနေပုံပါပဲ။

ထိုသို့ အပြန်အလှန်ပြောနေရင်း ကြိုးရင်ထဲမှာ တစ်ဆို့ဆို့နှင့်



ကြိုး လင်းညို့သွေး

ဝမ်းနည်းလာသည်။ ငိုချင်သလိုလိုကြီး ဖြစ်လာသည်။ ကလေးအချို့ကို ထွေးဖက်ထားလိုက်မိပါ၏။ သူတို့လည်း နှုတ်မှအသံထွက်၍ စကားပြောတတ်ချင်မှာပဲလေ။

“နင့်ကိုငါ ကျေးဇူးတင်ပါတယ် အမရာရယ်”

“ဘာလို့လဲ”

“ခုလို ကလေးလေးတွေနဲ့ စကားပြောပေးနိုင်တာ နင့်ကျေးဇူးကြောင့်လေ”

“ဩော် မလိုပါဘူးဟာ၊ အဲလိုပြောကြေးဆို နင့်ကျေးဇူးတွေလည်း ငါ့အပေါ်မှာ အများကြီးရှိတာပဲ”

စာမသင်သော အခန်းတွေမှာ ကလေးတချို့က မျက်ဝန်းကလေးတွေ အကြောင်သားနှင့် ငူငူငိုင်ငိုင် ထိုင်နေသည်။ Sign Language ဖြင့် စကားသွားပြောပေမယ့် ပြန်မပြော။ ဘာတွေ တွေးနေရှာသလဲ။ ကလေးတချို့က အုပ်စုဖွဲ့ စကားကောင်းနေကြ၏။ လက်ဟန်ကိုယ်ဟန် သင်္ကေတတွေနဲ့ပဲပေါ့။ ကြိုး ငေးကြည့်၍ သူတို့ပြောတာတွေကို ဘာသာပြန်နေမိလေသည်။

မရှင်းသည့်အချက် သွားတွေ့၏။

“တစ်ယောက်ကိုတစ်ယောက် လက်ကလေးနဲ့ အစွယ်ထွက်တဲ့ပုံ လုပ်ပြတာ အဲဒါ ဘာပြောနေတာလဲ အမရာ”

“ငါလည်း မသိဘူးဟ”

ဆရာတစ်ဦးကို မေးကြည့်မှ ပြေတီဦးကိုပြောတာဆိုပဲ။ အမယ် သူတို့ကလည်း အလာကြီးဗျ။ ဒီတော့မှ သရုပ်ဆောင်မင်းသား ပြေတီဦးမှာ သွားတက်ရှိကာ သတိရသည်။ သူတို့လည်း တီဗီကြည့်တာပဲလားမေးတော့ ကြည့်တာပေါ့ဟု ဖြေသည်။ အဲဒီလို တီဗီ၊ဗီဒီယို ရုပ်ရှင်ဇာတ်ကားတွေအကြောင်း၊ ကြော်ငြာတွေအကြောင်း၊ မင်းသား မင်းသမီးတွေအကြောင်း အချင်းချင်းပြောနေသော ကလေးငယ်တွေလည်း ရှိ၏။ အတုတ်နော်။

ရှင်သန်မှုမှာ ရရာနေရာ ကြုံရာနေရာတွင် အဆင်ပြေအောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောညီထွေနေတတ်ဖို့ လိုအပ်ပါလား. . . ။

မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းတော်မှ ထွက်လာပြီးတော့ အမရာက သူမချစ်သူ၏ မိဘနှစ်ပါးထံ သွားသည်။ ကြိုးလည်း လိုက်ရပြန်တာပဲ။ အနားမှာ နေချင်တာကိုး။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း ရောက်လာသည်။ ၉၄လမ်းထောင့်မှ တိုက်ခန်းတစ်ခုဆီ တက်ရ၏။ တက်ရာလှေကားလမ်းတလျှောက် ကြောင်ချေးစော် အတော်နံလေသည်။ လေးလွှာတွင်ရှိသော အခန်းတစ်ခုရှေ့ရောက်တော့ လူခေါ်ဘဲလ်နှိပ်သည်။ မီးမရှိတော့သော ကျွန်းသားမီးသွေးခဲကဲ့သို့ အသားရောင်အဆင်းရှိသော ၁၈နှစ်အရွယ် ကောင်မလေးတစ်ယောက် တံခါးလာဖွင့်ပေး၏။ အမရာခေါ်ထားပေးသော ပန်နရာလ်ဆိုသည့် အကူကောင်မလေး။

ထိုအကြောင်းတွေ ကြိုးကို အမရာ ပြောထားဖူးသည်။ သူမချစ်သူ၏ မိဘနှစ်ပါး စားဝတ်နေရေးအတွက် သူမမိဘတွေမသိအောင် တိတ်တဆိတ် ကူညီထောက်ပံ့နေတာတွေပေါ့။

“ပါးနဲ့မား နေကောင်းကြလား ပန်နရာလ်”

“ဟုတ်ကဲ့၊ ကောင်းပါတယ် မမလေး”

အသက် ၅၀ကျော်ဝန်းကျင် အမျိုးသားကြီးနှင့် အမျိုးသမီးကြီး မှာ အမရာကိုမြင်တော့ ပျော်သွားဟန်က အထင်းသား။ အမူအရာ တွေက ကသုတ်ကရက် ကပျာကယာ။ မျက်နှာကျနှင့် အသားရောင်က တရုတ်သွေးနှင့် ကရင်သွေး ရောစပ်ပုံရ၏။ အမရာက ဝယ်ယူလာသော အဝတ်အထည်တွေနှင့် စားသောက်ဖွယ်ရာတွေ တရိုတသေပေး၏။ စာအိတ်ကြီးတစ်အိတ်လည်း ပါသည်။ ထိုစာအိတ်ထဲမှာက ငွေ။

လက်ဟန်ကိုယ်ဟန် အမူအရာတွေနှင့်ပဲ စကားတွေ ပြောကြသည်။ သမီးလေး မလာတာ ကြာပြီနော်၊ အခုတလော အလုပ်တွေများနေလို့ပါ၊ နေကောင်းလား၊ ကောင်းပါတယ်၊ အလုပ်တွေ အဆင်ပြေလား ပြေပါတယ်. . . စသဖြင့်ပေါ့။

သူက ဘယ်သူလဲ၊





သူငယ်ချင်းပါ၊ အဖော်မရှိလို့ ခေါ်လာတာ၊

ဩော်. . . ဟုတ်တာပေါ့။ သူငယ်ချင်းပါ။ မရှိသုံးလေးပေါ့။ သူကြုံးမရဖြစ်ရတယ်ဆိုတာ ဒါလားပဲ. . . ။ ရင်ဘတ်ဝဲဘက်ထောင့်မှ ဆစ်ခနဲ ဆစ်ခနဲတော့ ဖြစ်၏။ အချစ်သည် တစ်ခါတရံ ဘာမဟုတ်တာလေးနှင့် ဝမ်းနည်းလွယ်သည်။

အာလာပ သလ္လာပ ပြောနေကြရင်းမှ စကားဝိုင်းက ဦးတည်ချက်ပြောင်းသွားသည်။ အမျိုးသားကြီးနှင့်အမျိုးသမီးကြီး မျက်ဝန်းမှ မျက်ရည်ဝဲသည်။ အမရာလည်း မျက်ရည်ကျ၏။ သူတို့ပြောနေကြတာ ဧယျာဖြိုးအကြောင်း။ သမီးကိုမြင်တော့ သားလေးကို သတိရလိုက်တာ၊ သမီးလည်း ဒီအိမ်ရောက်ရင် သူ့ကို ပိုသတိရတယ်၊ ဆိုတာတွေပေါ့။

ကြိုး မျက်နှာလွှဲပစ်လိုက်သည်။

“အဲဒါ ငါ့ချစ်သူလေ”

ခဏကြာတော့ အမရာက ဓာတ်ပုံတစ်ပုံ ယူလာပြသည်။ တေကာ နွဲ့ချောပဲ။ ကရင်တရုတ်စပ်ရုပ်နှင့် ဖြူဖြူသန့်သန့်လေး။ မျက်ပေါက်ကျဉ်းကျဉ်းနှင့် ဆေးသမားပုံတော့ ပေါက်နေသည်။ အပြစ်ရှာကြည့်တာ သွားဖုံးတော့ နည်းနည်းမောက်သလို ထင်ရ၏။ ကြည့်နေရင်း စိတ်ထဲ အိပ်မကြည်သလို ခံစားလာရ၏။ အူတိုနေတာ။

ဓာတ်ပုံကို ပြန်ပေးလိုက်သည်။

တစ်ခါတစ်ခါ နင့်ကိုငါ စိတ်ဆိုးစိတ်ကောက်ပြချင်လိုက်တာ အမရာရယ်. . . ။ အဲဒီလိုဆို နင် ငါ့ကို ဘယ်လိုတုံ့ပြန်မလဲ သိချင်လိုက်တာ. . . ။ တစ်ချက်လောက် ငါ့နေရာဝင်ပြီး ငါ့ခံစားချက်တွေကို မြင်အောင်ကြည့်ပေးပါလားဟာ. . . ။ နင် တစ်စုံတရာ စိတ်ဆင်းရဲမှုဖြစ်မှာထက် ငါ တစ်စုံတရာ စိတ်ဆင်းရဲမှုဖြစ်မှာထက် ပူပန်ကြောင့်ကြသူမို့ မျိုသိပ်ထားရတဲ့ ဆန္ဒအဖြာဖြာဟာ ရင်ထဲမှာသာ တိုးလျှိုးပ်ခွင့်ရနေတာလေ။

အကြိမ်ကြိမ် ဒဏ်ခတ်ခံနေရတဲ့ ဒီရင်ဘတ်ကြီးလည်း အောင့်နာနေပါပြီ. . . ။



www.burmeseclassic.com

www.burmeseclassic.com



သူမချစ်သူအုတ်ဂူဆီ အမရာ သွားသည်။

နာကျင်ရမှန်းသိလျက်နဲ့ ကြိုး လိုက်မိပြန်တာပဲ။ သူမကို တစ်ယောက်တည်း စိတ်မချဘူးလေ။ သူမ မသိပေမယ့် ကိုယ့်ဘာသာ ပေးအပ်ထားသော ကိုယ်ရံတော်ဆိုသော ဘွဲ့တံဆိပ်တော်နှင့် ကိုယ့်ဘာသာ တစ်ကိုယ်တော် ကျေနပ်ဖြေသိမ့်နေရသော ငမိုက်သား ကျွန်တော်မျိုး ပါလေ။

'ကျွန်'ဆိုတာ ငါလိုလူမျိုးကိုပြောတာ ထင်ပါရဲ့ အမရာရယ်. . .။ သခင်လို မင်းမူနေကျငါ နင်ရှိရာ ရပ်ဝန်းဒေသမှာ ကျေးကျွန်လို ထပ်ဆင်းပြခဲ့တာလည်း အခါခါပေါ့။

"ကိုကို. . . ဒီနေ့အထိ ကိုကို့ကို အမရာ တစ်နေ့မှ မေ့မရသေးဘူး၊ ကိုကို့ကို အမရာ အရမ်းချစ်တယ်၊ သက်ရှိထင်ရှား မရှိတော့ပေမယ့်လည်း ကိုကိုက အမရာ့ချစ်သူပဲ၊ ကိုကို့အပေါ် အမရာ ဘယ်တော့မှ သစ္စာမဖောက်ဖျက်ဘူး"

အုတ်ဂူလေးရှေ့မှာ ဒူးထောက်၍ မျက်ရည်ဖြာဖြာကျဆင်းကာ အမရာ တတွတ်တွတ် ပြောနေလိုက်တာ။ ငါမမြင်ချင်တဲ့ နင့်ရဲ့မျက်ရည်စက်တွေ ငါ မြင်နေရတယ်. . .။ ငါကြားနိုင်အားမရှိတဲ့ နင့်ချစ်သူကို ချစ်စကားပြောသံတွေ ငါ ကြားနေရတယ်. . .။

ယခု ခဏတာမှာ နားမကြားသူတစ်ယောက် ဖြစ်သွားချင်သည်။ အမြင်အာရုံ ချို့တဲ့သူတစ်ယောက် ဖြစ်လိုက်ချင်သည်။

ငါလည်း ပြောချင်တာပေါ့ အမရာရယ်. . .။ ပြောလည်း ပြောတတ်တာပေါ့. . .။ ဒါပေမယ့်. . . ပြောလို့မသင့်လို့ ပြောလို့မရဘူး။ အဲဒီဝေဒနာဟာ 'အချစ်' လို့ အမည်ကပ် ငါ့ရင်ဘတ် လာတပ်စွဲတယ်။

ဒီလိုနဲ့ ဒီငနဲ ဖွဖွလေး မွမွကြေနေသတဲ့။

ရိုးရိုးလေးပဲ ပြောချင်တယ်. . .။ ချစ်တယ်. . .။

ပြောတော့ပြောနေတာပဲ။ ဒီရင်ဘတ်ထဲက စကား နင် မကြားဘူးလား။





ထိုနေ့က သူမချစ်သူအုတ်ဂူမှာ နေဝင်၍ မိုးစုန်းစုန်းချုပ်ကာ မှောင်မိုက်သည်အထိ အမရာ နေ၏။ ထိုနေ့က တစ်နေကုန် သူမ ဖုန်းပိတ်ထား၏။

အိမ်ပြန်ချိန်နောက်ကျသဖြင့် သူမကို ကြိုး ပြန်လိုက်ပို့ဖြစ်ပါသည်။ စိတ်လှုပ်ရှားမှုများနေသော သူမကို တစ်ယောက်တည်း ပြန်လွှတ်နိုင်စွမ်း မရှိပါ။ လိုင်းကားပဲ အတူတိုးစီးကာ သွားကြ၏။ ဘတ်စ်ကားမှတ်တိုင်မှ သူမတို့အိမ်ရောက်ဖို့ အတော် လမ်းလျှောက်ရလေသည်။

"လက်ဖက်ရည်ဆိုင်တွေရှေ့က ဖြတ်လျှောက်ရင် အဲဒီကကောင်တွေက ပါးစပ်သရမ်းပြီး စတတ်တယ်၊ ငါတို့လမ်းထိပ်နားထိ လိုက်ပို့ပေးနော်"

"ဟုတ်"

လိုင်းကားပေါ်မှဆင်း၍ နှစ်ဦးသားစကားတပြောပြောနှင့် လမ်းလျှောက်နေခိုက် နံဘေးနားသို့ အနက်ရောင်ကားကြီးတစ်စီး ထိုးဆိုက်ရောက်ရှိလာ၏။

"ဟင် အိမ်ကကား"

အမရာ မျက်နှာပျက်သွားသည်။ အမရာ ယူလာနေကျ ကားမဟုတ်။ သူတို့အိမ်မှာ ကားတွေ ဘယ်နှစီးတောင်ရှိလဲ မသိဘူးနော်။

မောင်းသူနေရာမှ မှန်ချပ် လျှောကျလာသည်။

"အဖေ"

ဥပဓိရုပ်သန့်သန့်နှင့် အသက် ၅၀ခန့် ခပ်ဖိုင့်ဖိုင့် အမျိုးသားကြီး တစ်ဦး။ အသားရောင်က ဝင်းဝါစိုအိနေ၏။ မီးရောင်ကြောင့်လည်းဖြစ်နိုင်သည်။ မျက်လုံးအကြည့်တွေ အေးစက်ကာ မျက်နှာထားက တင်းမာသည်။ ကားမှန်ချပ် လျှောခနဲ အပေါ်ပြန်တက် ပိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြမ်းမှ ကားတံခါးပွင့်၍ အမျိုးသမီးကြီးတစ်ဦး ဆင်းလာ၏။ အမရာနှင့် ရုပ်ချင်းဆင်သည်။ နုပျိုမှုကြောင့် အသက်က မှန်းရခက်၏။ ၄၀ ဝန်းကျင်ပဲ ထင်ရသည်။ မျက်နှာကျသွယ်၍ ဖြူဖြူချောချော ကိုယ်လုံးတောင့်တောင့်။ တစ်ကိုယ်လုံး တင်လို့ရသမျှနေရာတွေမှာ ရတနာတွေ ဆင်မြန်းထားတာ တဖိတ်ဖိတ်လက်ဖြာ ကော့ညွတ်နေတာပဲ။ ကြည့်ရမြင်ရတာ လေးလံလိုက်တာ။ ကြိုးဆို အပိုအလုပ်ရှုပ်သလို ခံစားရလို့ ခန္ဓာကိုယ်ပေါ်မှာ အဝတ်အထည်ကလွဲပြီး ကျန်တာ ဘာမှ တင်မသယ်ချင်။

"ကားပေါ်တက် အမရာ"

စူးစမ်းသော အကြည့်တွေနှင့် အမျိုးသမီးကြီး၏ တည်တည်တင်းတင်း နှုတ်ထွက်စကား. . .။ ကြိုးရင်ဘတ် ဒိတ်ခနဲ ဒိတ်ခနဲ သွေးတိုးနှုန်း မြန်နေသည်။

ကြိုးကို အမရာ မျက်လွှာလေးပင့်လှန်ကာ စွေစောင်းငဲ့ကြည့်၏။

"လိုက်သွားလေ၊ ငါ ပြန်တော့မယ်၊ သွားလိုက်ပါဦးမယ် အန်တီ"

အပြုံးဖြင့် နှုတ်ဆက်ပြီး အမျိုးသမီးကြီးရှေ့မှ ခေါင်းငုံ့ကာ အလျှင်ဦးစွာ ကျောခိုင်းထွက်လာခဲ့ပါသည်။ ဆက်လက်ပေကပ် ရပ်မနေသင့်။ အဲဒီလိုမလုပ်လျှင် အမရာ အနေခက်နေမှာပေါ့။ အားနာစွာ ရွေးချယ်ရခက်နေမှာပေါ့။ ညက်မီတတ်စွမ်းသမျှတော့ အရာရာမှာ နှင့် သတ်တောင့်သက်သာရှိစေဖို့ ဖန်ဆင်းပေးအပ်ချင်သူပါလေ။

အိမ်ရောက်တော့ မိဘတွေက သူမကို တရားခံစစ် စစ်သည်။

"ဖုန်းကို ဘာလို့ ပိတ်ထားတာလဲ"

"ဘတ္တရီအား ကုန်သွားတာပါ"

စစ်ဆေးကြည့်သည်။ အရင်ညကတည်းက အားကုန်အောင် Game ကစားပစ်ပြီး တမင် အားမသွင်းပဲထားတာမို့ ဖုန်းက တကယ် ဘတ္တရီအား_မရှိလေတော့ သူမ သက်သာရာရခဲ့၏။ ဖုန်းလည်း ဆက်မရ၊ ပြန်ချိန်လည်း နောက်ကျနေသဖြင့် မိဘတွေမှာ စိတ်ပူပြီး လိုက်ရှာနေကြတာဟု သိရသည်။





"ခုန တွေ့တဲ့ကောင်လေးက ဘယ်သူလဲ"

"သမီးသူငယ်ချင်းပါ"

"သူက ဘာလုပ်လဲ"

"စာအုပ်ထုတ်ဝေသူလုပ်တယ်၊ ကိုယ်တိုင်လည်း စာရေးတယ်"

"သူ့နာမည်က ဘယ်လိုခေါ်လဲ"

"ကြိုး"

တော်တော်စုံစုံစိစိ မေး၏။ ဒီနေ့ ဘယ်သွားနေတာလဲမေးတော့ ကောင်းမှုကုသိုလ်တွေ လျှောက်လုပ်နေတာ ဖြေပစ်လိုက်၏။ ချစ်သူအတွက် အထိမ်းအမှတ်ဆိုတာတော့ ပါလို့မဖြစ်ဘူးလေ။ ဒီလောက်တော့ အတတ်တာပေါ့။ အမရာ ဆေးပြန်သုံးမှာ ဆေးသမားတစ်ယောက်နှင့် သူတို့သမီး ထပ်ပတ်သက်မိမှာကို မိဘတွေမှာ အလွန် ကြောက်လန့်စိုးရိမ်နေကြလေသည်။

ကြိုးက ဆေးသမားမဟုတ်ကြောင်း၊ ပရဟိတတွေ လုပ်ကြောင်း၊ သူမကို အရမ်းဂရုစိုက်၍ သူမအန္တရာယ်ကို အရမ်းသည်းခံသော သူငယ်ချင်းစစ်စစ်ဖြစ်ကြောင်း အမရာက ရှင်းပြ၏။ ညဘက် ခိုးထွက်တာတွေ၊ ဒီးကရက်အတူဖွာတာတွေတော့ မပါဘူးပေါ့။

ထိုအကြောင်းတွေ အမရာပြောပြ၍ ကြိုး ပြန်သိရလေသည်။ စိတ်ထဲတော့ ထင့်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



# mother/mom



(ပုံပြင်-ဆ)

ရှေးရှေးတုန်းက ဂျပန်တံငါတွေ ငါးရှဉ့်ဖမ်းထွက်ကြတော့ သူတို့ရဲ့ ...ကာ သေးတာကြောင့် လှေဝမ်းထဲ ဖမ်းရထားတဲ့ ငါးရှဉ့်တွေဟာ ကမ်း ...ပ်ခင် သေကုန်ကြတယ်။

တံငါတစ်ဦးရဲ့ လှေအပြင်အဆင်က တခြား တံငါသည်တွေရဲ့ ...နဲ့တူတယ်ဆိုပေမယ့် သူဖမ်းရတဲ့ ငါးရှဉ့်တွေဟာ ကမ်းကပ်တဲ့အထိ ...သဘဲ အသက်ရှင်နေလေ့ရှိတယ်။ ဒါကြောင့် သူ့ငါးရှဉ့်အရှင်တွေက ...ခြားသူတွေထက် အမြဲဈေးကောင်း ပိုရခဲ့တယ်။

နှစ်ကာလကြာလာတော့ အဲဒီတံငါသည်ဟာ စုဆောင်းမိပြီး ...ရွယ်လည်းထောက်လာတာကြောင့် ငါးဖမ်းမထွက်တော့ပါဘူး။ ဒါပေ ...ယ့် သူ့သားကို ငါးရှဉ့်ဖမ်းတဲ့ လျို့ဝှက်ချက် ပြောပြခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို့ ၄က်ချက်က တံငါသည်ဟာ လှေဝမ်းထဲမှာ Catfish (ရေချိုငါးခူ၊ ငါးကြီး) ငါးတချို့ထည့်ထားပြီး ဖမ်းရတဲ့ငါးရှဉ့်ကို Catfish ငါးနဲ့အတူ ရောထည့်ထားလိုက်တယ်။ ရောထည့်ခံရတဲ့ ငါးနှစ်မျိုး ဟာ အချင်းချင်း ကိုက်ဖြတ်ကြတယ်။ Catfish ရဲ့ တိုက်ခိုက်မှုကို ငါးရှဉ့်က မဖြစ်မနေ ပြန်ခုခံခဲ့ရတယ်။ ငါးရှဉ့်ရဲ့ 'အသက်ရှင်ရေး' ဆိုတဲ့ သဘာဝ စိတ်က အပြန်အလှန် တိုက်ခိုက်မှုအောက်မှာ အလိုအလျောက် ထကြွ လာခဲ့တယ်။ ဒါကြောင့် သူတို့ဟာ ကမ်းကပ်တဲ့အထိ မသေဘဲ အသက် ရှင်လျက် ရှိနေခဲ့တာဖြစ်တယ်။

ကမ်းမကပ်ခင် သေရတဲ့ ငါးရှဉ့်တွေက သူတို့ကို ဖမ်းမိသွားပြီ ဘယ်လိုပဲရုန်းရုန်း လွတ်တော့မှာ မဟုတ်ဘူးဆိုပြီး သေဖို့ကိုပဲ စောင့် နေခဲ့ကြလို့ သူတို့ရဲ့ အသက်ရှင်ဖို့ဆိုတဲ့ မျှော်လင့်ချက်က အလွယ်တကူ ပျက်စီးခဲ့ရတယ်။ ဒါကြောင့် လှေဝမ်းထဲမှာ ကြာကြာမနေရဘဲ အချိန် တိုအတွင်းမှာ သေသွားကြတာဖြစ်တယ်။

စိန်ခေါ်မှုတွေကို သတ္တိရှိရှိရင်ဆိုင်ဖို့၊ စိန်ခေါ်မှုကြောင့် ဘဝရဲ့ အသက်ရှင်နိုင်စွမ်းနဲ့ မျှော်လင့်ချက်က ပိုပြီးပြည့်စုံလာမယ့်အကြောင်း တံငါသည်က သားကို သင်ပြပေးခဲ့ပါတယ်။

ယနေ့ အာရှမှာ အတိုးတက်ဆုံးနိုင်ငံဖြစ်တဲ့ ဂျပန်လူမျိုးမိဘတွေ က ကိုယ့်သားသမီး ကြီးပြင်းလို့ နားလည်မှုအသင့်အတင့်ရှိလာတဲ့အခါ ဘဝစိန်ခေါ်မှုတွေကို ရင်ဆိုင်ရဲတဲ့ သတ္တိစွမ်းရည်တွေ ရရှိစေဖို့၊ သဘော တရားကို နားလည်သိမြင်စေဖို့ ဒီပုံပြင်လေး ပြောပြလေ့ရှိပါတယ်။





# အခန်း(၇)

အစိမ်းရောင်သည် သဘာဝရဲ့ အရောင်။

ကြီးထွားဖွံ့ဖြိုးမှု၊ သဟဇာတဖြစ်မှု၊ လတ်ဆတ်လန်းဆန်းမှု၊ ဉာဏ် ရွှင်ခြင်းတို့ရဲ့ သင်္ကေတ။ လုံခြုံမှုနှင့် အဓိကဆက်နွယ်၏။ ကြီးမားသော ကုသမှုပါဝါ ရှိ၏။ လူ့မျက်စိအတွက် အေးအေးလူလူ အရှိဆုံး အမြင်အာ ရုံ တိုးတက်စေသော အရောင်ဖြစ်လေသည်။ တည်ငြိမ်မှု၊ သည်းခံနိုင်မှု ကို ဖော်ပြ၏။ အနီနဲ့ဆန့်ကျင်ဘက်ဖြစ်၍ ဖြတ်သန်းသွားလာခြင်း ခွင့် ပြုဟုဆိုလိုသည်။ တစ်ခါတစ်ရံ အစိမ်းရောင်က အတွေ့အကြုံနည်း ကြောင်း သရုပ်ပြသည်။ မျိုးရိုးစဉ်ဆက်ကို လေ့လာသည့် ပညာမှာတော့ ကြီးထွားဖွံ့ဖြိုးမှု၊ မျှော်လင့်ချက်တဲ့။

အစိမ်းရင့်သည် ရည်မှန်းချက်၊ မနာလိုမှု၊ ဒေါသ၊ အများအားဖြင့် ပိုက်ဆံနှင့်ပတ်သက်သည်။ ဝါစိမ်းသည် ဖျားနာမှု၊ သတ္တိနည်းခြင်း၊ မညီ ညွတ်မှု၊ မနာလိုမှုဖြစ်၍ စိမ်းပြာသည် ကုသမှု၊ ကာကွယ်မှုဖြစ်၏။ စိမ်းဝါကတော့ ငြိမ်းချမ်းရေး အစဉ်အလာ။

အမှောင်အောက်မှာ အလင်းရောက်သည့် မြင်ကွင်းတလျှောက် စိမ်းနေ၏။ အစိမ်းရောင်တိုင်းဟာ လတ်ဆတ်လန်းဆန်းစေတာ သေချာ လို့လား. . .။



www.burmeseclassic.com

www.burmeseclassic.com



ရေဘေးသင့် စိမ်းလန်းမှုတွေဟာ လတ်ဆတ်လန်းဆန်းပါရဲ့လား. . .။

"ကြိုး သတိထားသွားနော်၊ ငါ ညက အိပ်မက်မက်တာ တစ်မျိုးကြီးပဲ၊ ပြီးတော့ မနက်အရုဏ်တက်ချိန်ကြီး မက်တာဟ၊ နင့်ကို စိတ်ပူတယ်"

ကားဂိတ်ကို လိုက်ပို့ရင်း အိပ်မက်ကိုးပြောတာ ပြန်သတိရ၏။ လမ်းမှာသောက်ဖို့ ဆေးတွေလည်း ကိုးဝယ်ထည့်ပေးလိုက်လေသည်။

ကြိုး နေမကောင်း။ ဖျားနေသည်။

နံဘေးမှာ အတူထိုင်သော ထူးအောင်က "သက်သာရဲ့လား" မေးတော့ "သက်သာပါတယ်"ဟု ပြုံး၍ ဖြေလိုက်၏။ မူးဝေနေသော ခေါင်းထဲမှာ ကိုက်ခဲမှုက တဆစ်ဆစ်နှင့်။ ကားလမ်းနံဘေး ပတ်ဝန်းကျင်ရှုခင်းတွေ ငေးမောကြည့်နေရာမှ ထိုင်ခုံနောက်ကျောမှီကာ မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။

ပြီးခဲ့သည့် တစ်ရက် ညနေပိုင်း ဗိုလ်တစ်ထောင်ကမ်းနားမှာ အမရာနှင့်အတူ ထိုင်နေချိန် မိုးတွေ ရွာလာသည်။ နှစ်ယောက်လုံး ထီးမပါ။ ပြန်မယ်ဆိုတော့ အမရာက မပြန်။ "ငါချစ်သူနဲ့ ဒီနေရာမှာ ခုလို မိုးရွာနေချိန် ထိုင်ခဲ့ဖူးတယ်၊ ငါ ဆက်ထိုင်ချင်သေးတယ်" ဟု ပြောသည်။ "ကျေးဇူးတင်ပါတယ် မိုးရယ်" ဟုလည်း သူမနှုတ်မှ တတွတ်တွတ် ရွတ်နေခဲ့၏။ မိုးက တော်တော်သည်းသည်။ မိုးသည်းထဲမှာ သူမ မျက်ရည်ဝဲနေသလား။ မျက်နှာပြင်တစ်ခုလုံး မိုးရေစက်တွေနှင့် စွတ်စိုနေတော့ မကွဲပြား။ ထိုနေ့က မိုးရွာထဲမှာ အချိန်ကြာကြာ ထိုင်ဖြစ်ခဲ့ကြ၏။ မိုးစိုအအေးမိလျှင် ဖျားတတ်တာ ကြိုး ကိုယ့်ဘာသာ သိပါသည်။ ဒါပေမယ့် ကြိုးဆိုတာ အမရာရဲ့ဆန္ဒ ငြင်းပယ်နိုင်သူမှ မဟုတ်တာ။

အိမ်ပြန်ရောက်တော့တောင် ကိုယ် အဝတ်မလဲနိုင်သေးဘဲ အမရာကို ရေအမြန်ချိုးပြီး နွေးနွေးထွေးထွေးနေဖို့ ဖုန်းလှမ်းဆက် သတိပေး၏။ မနက်နိုးတော့ ကိုယ်တွေ ခြစ်ခြစ်တောက်ပူကာ ကြိုး ဖျားနေသည်။ ကိုယ့်ကိုယ်ကိုယ် ကုသဖို့ မပြင်ဆင်သေးဘဲ သူမကော နေကောင်း





လား သတိရ အတွေးဝင်ကာ ဖုန်းအရင် ဆက်မေး၏။ "ကျန်းကျန်းမာမာပဲ၊ ရုံးတောင်ရောက်နေပြီ" ဆိုသော ရွှင်ရွှင်လန်းလန်း အသံလေးကို ကြားရသဖြင့် စိတ်အေးကာ ဝမ်းသာနေသေးသည်။ နေမကောင်းတာ မပြောဖြစ်ပါ။

တစ်ယောက်တည်းနေတော့ နေထိုင်မကောင်းဖြစ်သည့်အခါ အရမ်း ဒုက္ခရောက်သည်။ မနက်ကိုးနာရီသာသာမှာ ဝန်ထမ်းကောင်မလေး ရောက်လာမှ စားဖို့သောက်ဖို့နှင့် ဆေးဝယ်ပေးဖို့ အကူညီတောင်းရသည်။

"ဒီညနေ အစ်ကို ခရီးထွက်ရမယ် အိ"

"နေမကောင်းပဲနဲ့ ဖြစ်ပါ့မလား"

"ရပါတယ်၊ ပရဟိတကိစ္စနဲ့ ဧရာဝတီတိုင်း သွားရမှာ၊ ရေဘေးအတွက်"

စာအုပ်ဆိုင်တွေမှာ ငွေတောင်းဖို့ ဘောင်ချာတွေ စာရင်းနှင့်တကွ ပေးပြီး ယခုလ ထုတ်ဝေမည့်စာအုပ်အတွက် ဖလင်ခွဲဖို့၊ စက္ကူဝယ်ဖို့၊ ပုံနှိပ်စက်အပ်ဖို့တွေ မှာခဲ့၏။ အိက တော်တော် အားကိုးနေရပြီ။

အရင်က စာအုပ်ထုတ်ဝေရေးကိစ္စ အဝဝ အောက်ခြေသိမ်းက အစ ကြိုး ကိုယ့်ဘာသာ လုပ်တာ။ အသေးစိတ် တတ်မြောက်နားလည်ချင်လို့ ဖြစ်သည်။ ကိုယ် ရေရေရာရာတတ်မှ သူများကို သေသေချာချာ ညွှန်ကြားခိုင်းစေတတ်မှာ မဟုတ်လား. . .။

ကြိုးနေထိုင်ရာ မျက်နှာချင်းဆိုင်တိုက်ခန်း မြေညီထပ်မှာ စတိုးဆိုင်တစ်ခုရှိသည်။ ဝယ်ခြမ်းရင်း ထိုဆိုင်မှ အရောင်းဝန်ထမ်း အမျိုးသမီးတစ်ဦးနှင့် ခင်နေ၏။ အရင်က ထုတ်တင်စနစ်မဟုတ်သဖြင့် စာမူတွေ ရုံးတင်တာ ရုံးကျမကျ သိရဖို့ စာပေစိစစ်ရေးရုံး ခဏခဏ သွားရသည်။ စာစီပုံနှိပ်ထုတ်ဝေဖို့ လုပ်ရလိုက်၊ ဖြန့်ချိပြီး ငွေတောင်းရလိုက်၊ စာအုပ်တွေ အသွင်းအထုတ် အတင်အချနှင့် ဝင်လိုက်ထွက်လိုက် တစ်ယောက်တည်း ဗျာများနေတတ်သော ကြိုးကို ငယ်ငယ်လေးနဲ့ အလုပ်အရမ်းလုပ်တာပဲဟု ထိုအစ်မက ချီးကျူးလေ့ရှိသည်။ တစ်နေ့ "မောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကိုကြည့်ရတာ ပင်ပန်းလိုက်တာ၊ အကူခေါ်ပါလား” ဆိုပြီး သူ့မှာ ညီမလေးတစ်ယောက်ရှိကြောင်း၊ ပညာရေး တစ်ပိုင်းတစ်စနှင့် အိမ်အလုပ်လည်း ဟုတ်တိပတ်တိ မလုပ်သဖြင့် အတွေ့အကြုံရအောင် ကြိုး အလုပ်မှာ ခေါ်ခိုင်းပေးပါ၊ တစ်ပြားမှမပေးနဲ့ဟု ပြောသည်။ ပညာ အရည်အချင်းမေးကြည့်တော့ ၁၀တန်း တစ်နှစ်ကျတာ ပြန်မဖြေဘဲ နားထားတာဟု သိရသည်။ ကြိုးလည်း အကူရှိလျှင် ကိုယ်တိုင် စာရေးချိန်ပိုရတာပေါ့ဆိုပြီး စမ်းကြည့်ရန် သဘောတူလိုက်၏။ လခအဖြစ် တစ်လငါးသောင်း ပေးသည်။

ခေါ်စက တကယ့်ပျင်းလေး။ ဗိုက်ခေါက်ထူထူနှင့် အူတူတူ ရုပ်ကလေး။

ဆံပင်က အရှည်ကြီး။ ဒါပေမယ့် သန့်သန့်ရှင်းရှင်းမရှိ။ ခေါင်းကို တမြင်းမြင်း ကုတ်နေတတ်သည်။ သူမနှင့်ပတ်သက်သော အမှတ်တရ တစ်ခုကိုလည်း ကြိုး ဘယ်သောအခါမှ မေ့မည်မထင်။ တစ်နေ့ပေါ့။ ကြိုး မေးမိသည်။

“အိ. . . နင့်ခေါင်းမှာ သန်းရှိလား”

“ခေါင်းပဲ . . . ဆံပင်ရှိ သန်းလည်းရှိတာပေါ့”

အဲဒီလို ကောင်မမျိုးလေး။ ပြောချက်က ပြတ်သည်။ လူကြားသူ ကြားမရှောင် ခေါင်းထဲလက်နှိုက်ကုတ်ကာ သန်းရှာ သန်းဥဆွဲ၍ လက် သည်းပေါ်တင်ပြီး တဖောက်ဖောက်နှင့် နှိမ်နှင်းနေတတ်သည်။ တော် တော်ပြုပြင်ယူခဲ့ရလေသည်။ ယခုတော့ အလုပ်မှာ တော်တော်ကျင်လည် နေပါပြီ။ သူမ တော်လာတော့ ကြိုးလည်း ဘောက်ဆူးသဖွယ် ထပ်မံ မြှင့်၏။

အလုပ်ရှင်နှင့် အလုပ်သမားဆိုသောစိတ် ကြိုး မထား။ စီးပွား ဖော်စီးပွားဖက်ဟူ၍သာ ခံယူသည်။ ယခုဆို အိလည်း တွဲလက်မိသူများ ဝင် တစ်ဦးဖြစ်နေပါပြီ။

“ဖြန့်ချိရေးကို ကိုယ်တိုင် ဦးစီးလုပ်နိုင်အောင် သင်ယူလေ့လာကြ စား၊ ဆိုင်တွေနဲ့ အဆင်ပြေအောင် ဆက်ဆံ၊ ကိုယ့်ကိုချစ်အောင်





ခင်အောင် နေ၊ ကိုယ်ကျွမ်းကျင်လာရင် မိတ်ဆွေပေါလာရင် တခြားစာပေတိုက်က စာအုပ်တွေပါ တာဝန်ယူဖြန့်ပေးနိုင်ပြီဆို ငွေပိုရတာပေါ့”

စိုးတထင့်ထင့် ရွေ့ရေးကို သုံးသပ်မိကတည်းက အိအတွက်လည်း တောက်မအေး။ ထို့ကြောင့် ကိုယ့်ဝမ်းကိုယ်ကျောင်း၍ ကိုယ့်လမ်းကိုယ် လျှောက်တတ်အောင် အရင်ကထက်ပိုမိုဂရုစိုက်ကာ ပုံသွင်းဖြစ်ခဲ့ပါ သည်။ အိ ပြောင်းလဲလာသည့်အတွက် သူ့အစ်မ မလှဲမွန်က ကြိုးကို ကျေးဇူးတင်စကား တဖွဖွ ပြောလေ့ရှိ၏။

အဲဒါလေးတွေနဲ့ပဲ ကြိုးဆိုတဲ့ ငနဲက ကျေနပ်နေတတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ည ၆-နာရီခွဲတွင် ကမ်းနားလမ်း၊ ၁၁-လမ်းထိပ်မှ ဖယ်ရီဖြင့် လှိုင်သာယာ ဒဂုံရောအဝေးပြေးသွားရသည်။ ဖယ်ရီကားက လှုပ်စိလှုပ်စိ အိပဲ့အိပဲ့နှင့် ရှက်တတ်သော အပျိုဖြန်းလေးကဲ့သို့ သိမ်မွေ့ညင်သာစွာ ရွေ့လျားလေရာ ည ၈-နာရီခန့်မှ ဒဂုံရော အဝေးပြေးရောက်သည်။ အဝေးပြေးကားက ည ၈-နာရီခွဲ စထွက်သည်။ လမ်းမှာ ခရီးတစ်ထောက်နားပြီး ည ၁-နာရီသာသာ အိမ်မဲရောက်တော့ ကားချိန်းသည်။ ဘတ်စ်ကားကို ကြပ်ကြပ်သပ်သပ် မြင်းရိုင်းစီးရသကဲ့သို့ ခုန်ဆွခုန်ဆွနှင့် အသည်းတုန်အူတုန်စွာ စီးနင်းလိုက်ပါပြီး မြောင်းမြရောက်တော့ ညသုံးနာရီကျော်ပြီ။

တွဲလက်မိသားစုဝင်တစ်ဦးဖြစ်သော မြတ်သူရအောင်ဆိုသော ကောင်လေးက ဆိုင်ကယ်ဖြင့် လာကြို၏။ သူ့ပုံစံက စုတ်ချက်ထူထူဖြင့် ရေးခြစ်ထားသော နငယ်အကြီးစားပုံစံ။ အသက်ငယ်ပေမယ့် အရပ်ရှည်ကာ လူကောင်ထွားသည်။ ဝမ်းဗိုက်စူ၏။ အအိပ်အစား ပက်စက်သည်။ ပရဟိတနှင့် ပတ်သက်လျှင်တော့ တက်တက်ကြွကြွ ကူညီလုပ်ကိုင်ပေးလေ့ရှိပါသည်။

မြတ်သူရအောင်က မောင်မြတ်သူဆိုသော ကလောင်အမည်ဖြင့် ကဗျာတွေရေးသည်။ ကြိုးတို့အုပ်စုကတော့ သူ့ကို သူရဟုသာ ခေါ်ကြ၏။ သူရက နိုင်ငံရေးကြောင်းတွေ၊ အနုပညာအကြောင်းတွေ၊ လောဂျစ်တွေ ဖလော်ဆိုဖီတွေ ဆွေးနွေးပြောဆိုလိုစိတ် အင်မတန် ပြင်းပြထက်သန်သည်။ တွေ့တာနှင့် ထိုအကြောင်းတွေ အားတက်သရော အရမ်း ပြောလေ့ရှိ၏။

ကားရပ်သည့်နေရာနားရှိ ဆိုင်ကလေးမှာပဲ အဆာပြေ ထမင်းကြော် စားကြ၏။ နေမကောင်းတာတောင် ကြိုး တော်တော် စားသည်။ ခရီးလမ်းက ဝမ်းဗိုက်အတွင်းရှိ အစာတွေကို ကြေစေရုံမျှမက အမှုန့်တောင် ဖြစ်စေလောက်ပြီပဲလေ။





"နိုင်ငံတော်သမ္မတဦးသိန်းစိန် နဖူးပြောင်တာဟာ ဦးနှောက်ကို အရမ်း အလုပ်လုပ်လို့ပဲ ဖြစ်မယ်၊ သူ စဉ်းစားတဲ့အခါမှာလည်း နဖူးကိုလက်နဲ့ ပင့်တင်သပ်ပြီး စဉ်းစားလေ့ရှိပုံပဲ"

ဟော ဟော ကြည့်။ တွေ့လား။ တွေ့တာနှင့် သူရက တော်ကီတွေ လွှတ်ပြီ။

"ငြိမ်းချမ်းရေးသင်္ကေတ သံလွင်ခက်ကိုကိုက်ချီထားတဲ့ ချိုးငှက်ပုံက ကမ္ဘာဦး အစဉ်အလာဗျ။ ကမ္ဘာကြီး ရေလွှမ်းမိုးမှု ရပ် မရပ် နောဧက သင်္ဘောကြီးထဲကနေ ပထမ ကျီးအ,တစ်ကောင်ကို လွှတ်လိုက်တယ်၊ နောက် ချိုးငှက်ကို သုံးကြိမ်လွှတ်တယ်၊ ဒုတိယအကြိမ်မှာ ချိုးငှက်က သံလွင်ရွက်ကို ကိုက်ချီပြီး ပြန်ရောက်လာမှ ရေကုန်စင်ကြောင်း သိရတာ"

"ဟုတ်"

"အင်း"

လည်ချောင်းနင်လိုက်တာကွာ၊ ထမင်း အေးအေးဆေးဆေး စားပါရစေလို့ ထူးအောင်ပြောတော့ သူရ ငြိမ်သွားသည်။ မျက်လုံးလေး ကလယ်ကလယ် တဟဲဟဲနှင့်။ အဲလိုကျတော့လည်း သနားစရာလေး။

သူ့ခမျာလည်း လူတွေတွေ့တာနှင့် ဒီလို တတွတ်တွတ်ပြောနိုင်ဖို့ ဘယ်လောက်တောင် ကြိုးပမ်းအားထုတ် လေ့လာကျက်မှတ်ထားရသလဲ သိ။ လေ့လာကျက်မှတ်ရကျိုးလေးနပ်အောင် သူ ဒါတွေ သိတယ်ဆိုတာ ပြောချင်ရှာမှာပေါ့လေ။ အခြားသူတွေ ဗဟုသုတရစေရန် စေတနာဖြင့် သူသိတာတွေ ပြန်ဖြန့်ဝေပေးချင်ပုံလည်း ရ၏။ လူတိုင်း နားထောင်ချင်စိတ်ရှိမရှိ ဆိုသည့်အချက်ကို သတိပြုဖို့တော့ သူ သတိလစ်နေပုံရလေသည်။

စားသောက်ပြီးတော့ သူရတို့အိမ် သွားသည်။ အိမ်ရောက်တော့ မနက် ၄-နာရီ ထိုးတော့မည်။ သူရ၏မိခင်မှ အိပ်ရာတွေ အသင့်ခင်းပြင်ပေးထားလေသည်။ ကိုယ်လက်သန့်စင်ပြီးတာနှင့် ဆေးတစ်ခွက်သောက်ပြီး ကြိုး အနားယူမှေးစက်ဖို့ ဟန်ပြင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ချောင်းကုပ်ချောင်းနှင့် သူရ အနားကပ်လာသည်။

"ဒီည ကိုကြီးနဲ့တွေ့တုန်း ကျွန်တော် ရီရယ်လစ်ဇင်အကြောင်း အကျယ်တဝင့် ဆွေးနွေးချင်တယ်ဗျာ"

"ကြိုး အန်မ်ရီရယ်လစ်ဇင်ဖြစ်နေတယ်ကွ၊ နေမကောင်းဘူး၊ နား ပါစေဦး"

ထူးအောင်စကားဆုံးတော့ မြတ်သူရအောင်(ခ)ကဗျာဆရာ မောင်မြတ်သူ(ဝါ)သူရ နဖူးကြောတွေ ရှုံ့တွကျုံ့တွဲလာသည်အထိ နတ် နက်ရှိုင်းရှိုင်း စဉ်းစား၏။

"ဟုတ်တယ် ကိုထူးအောင်၊ ခင်ဗျားအတွေး သိပ်ကောင်းတယ်၊ ခင်ဗျားအတွေးက ကျွန်တော့်အလင်းတိုင်ကို လက်ဖြာ ထိန်ထိန် တောက်စေခဲ့တယ်၊ ရီရယ်လစ်ဇင်ဆိုတာရှိရင် အန်မ်ရီရယ်လစ် ဇင်ဆိုတာလည်း ရှိကိုရှိရမယ်၊ ဒါကို အကျယ်တဝင့် လေ့လာပြီး သုတေသနပြုသင့်တယ်"

"အေး ခဏကွာ၊ ငါ အပေါ့သွားလိုက်ဦးမယ်"

ဟိုလိုလိုဒီလိုလိုနှင့် ထူးအောင် ထထွက်သွားသည်။ အဲဒီတော့ ကြိုးကို ဆက်ပြောတာပါပဲ။ နစ်ရှေးကို ဘယ်လိုမြင်လဲလို့၊ ဒေါ်အောင် ဆန်းစုကြည်ကို ဘယ်လိုမြင်လဲတို့တွေ စုံနေတာပဲ။ ပြောနေရင်း ကျူးဘား ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးအကြောင်း ရောက်သွားပြန်သည်။ သေနင်္ဂဗျူဟာပညာရှင် ချေဂွေဗားရားရဲ့ ပြောက်ကျားစနစ်ဆိုတာ တကယ်တမ်း လေ့လာကြည့်တော့ သူငယ်စဉ်က သူငယ်ချင်းတွေနှင့် လေးခွစစ်တိုက်တမ်းကစားတုန်းက သုံးစွဲခဲ့တဲ့ ပညာရပ်ရဲ့ တစ်စိတ် တစ်ပိုင်းမျှသာဖြစ်ကြောင်း၊ ချေဂွေဗားရားက သေမှ ဓာတ်ပုံတွေကို အထိမ်းအမှတ်အဖြစ် သုံးစွဲခံရပေမယ့် သူကတော့ မသေခင်ကတည်းက သူ့ပုံတွေ ဝေဝေဆာဆာ သုံးစွဲကြရလေအောင် ကြိုးပမ်းအားထုတ်မည့် အကြောင်း အားတက်သရောတွေ ပြောနေချေ၏။

လမ်းပတ်လျှောက်နေတာ ညောင်းသွားပုံရသောထူးအောင်အနား ရစ်သီရစ်သီ ပြန်ရောက်လာပြီး. . .





"သူရ. . . မင်းပြောနေတဲ့ အဲဒီချေဂွေဗားရားဆိုတာ အသက် ဘယ်လောက်ရှိပြီလဲကွ"

"အဟမ်း အဟမ်း. . . ပြောမယ်လေ. . ."

သူ့စကားကို အရေးတယူလုပ်မေးတော့ သူရ ဘဝင်ခိုက် အကြိုက် တွေ့သွားသည်။ သူကလည်း ဒါမျိုး သိပ်ပြောချင်နေတာ မဟုတ်လား။

"အာဂျင်တီးနားနိုင်ငံ၊ အရှေ့မြောက်ဒေသ၊ ပါရာနာမြစ်ကမ်းပေါ် က ရိုစာရီယိုမြို့မှာ ၁၉၂၈ ခုနှစ်၊ ဇွန်လ ၁၄ရက်နေ့က ချေဂွေ ဗားရားကို မွေးခဲ့တာဗျ၊ အဟမ်း အဟမ်း မှတ်ထားပေါ့"

"ဒါဆို ခုရှိမယ်ဆို အသက်က ၈၄ လောက်ပေါ့"

"၈-ရက်၊ ၁၀လ၊ ၁၉၆၇ခုနှစ် အဟမ်း အဟမ်း သူ့အသက် ၃၉ နှစ်အရွယ်မှာ ရန်သူ့လက်ချက်နဲ့ ဆုံးသွားခဲ့ပြီဗျ၊ သိပ်နှမြောဖို့ ကောင်းတယ်၊ ငယ်စဉ်ကတည်းက ချောင်းတဟွတ်ဟွတ်နဲ့ ပန်း နာရင်ကြပ်ရောဂါ စွဲကပ်နေတဲ့ လူမမာ ရှူနာရှိုက်ကုန်းလေးပေါ့ ဗျာ၊ ဒါပေမယ့် ဦးနှောက်ကတော့ အရမ်းကောင်းတာနော်၊ အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ (C.I.A)ကတောင် ကြောက်စရာအကောင်းဆုံးအဖြစ် သတ်မှတ်ထားတာ"

"ဘာပဲဖြစ်ဖြစ် သူဟာ မင်းဦးလေး မင်းအဘ အရွယ်လောက် ရှိတယ်၊ ဒီတော့ မင်း သူ့ကို ဦးချေဂွေဗားရားပဲဖြစ်ဖြစ် ဘဘ ချေဂွေဗားရားပဲဖြစ်ဖြစ် ပြောသင့်တယ်၊ ခုကျ မင်းပြောနေပုံက လက်လွတ်စပယ် မလေးစားတဲ့ပုံပေါက်နေတယ်ကွ၊ စကားကြီး စကားကျယ်တွေပြောပြီး ဂါရဝတရားလည်း မရှိဘူးပဲ၊ ပြီးတော့ စကားပြောရင် အဟမ်းအဟမ်း သိပ်မလုပ်နဲ့ မင်းလည်း ငယ်ငယ် ရွယ်ရွယ်နဲ့ ပန်းနာရင်ကြပ်စွဲကပ်ပြီး ဒုက္ခရောက်သွားလို့ မင်းဓာတ်ပုံ တွေကို အသုဘမှာပဲ ဝေဝေဆာဆာ သုံးစွဲနေရဦးမယ်"

"ဟွင်"

အဲဒီတစ်ချက်တည်းနှင့် သူရ တော်တော်ငြိမ်ကျသွားသည်။ ရန် ကုန်မှာ သူရ သင်တန်းလာတက်တော့လည်း တွေ့ဆုံသွားလာ စား



www.burmeseclassic.com

www.burmeseclassic.com

သောက်ကြရင်း ခင်နေတာ၊ အွန်လိုင်းမှာလည်း တစ်ယောက်နှင့်တစ် ယောက် စနောက်ကျီစယ်ပြောဆိုနေကျမို့ ဒီလောက်က အသေးအမွှား သူ့ထုံးစံအတိုင်း မျက်လုံးလေး ကလယ်ကလယ်နှင့် တဟဲဟဲပါပဲ။ ပြီးတော့ သူ့အခြေအနေသူ အကဲခတ်မိသွားပုံရပြီး ခလူးခလောနှင့် ဆူညံစွာ ဟောက်သံပေးပြီး သူရ အိပ်ပါတော့သည်။

ဩော်. . . အိပ်နေချိန်တောင် အသံနဲ့ နှိပ်စက်သေးတာပါလား ဟု ဟောက်သံကြောင့် အိပ်မရသောထူးအောင် ညည်း၏။

ကြိုးလည်း အိပ်ပျော်နေပြီ။

မနက်လင်းတာနှင့် သူရမိဘတွေက ဈေးသွားကာ ဆိုင်ထွက် သည်။ ကိုးနာရီလောက်မှာ ထူးအောင်နှင့်သူရ အပြင်ထွက်ပြီး အလှူ အတွက် စီစဉ်စရာရှိတာတွေ စီစဉ်သည်။ အိပ်ပျော်နေသော ကြိုးကို မနှိုးတော့။ အိမ်မှာ ကြိုးတစ်ယောက်တည်း ကျန်ခဲ့လေသည်။

အိပ်မက်ကိုးနှင့် ကျန်မိသားစုဝင်တွေက လှူမည့်နေ့မှ လှူဖွယ် ပစ္စည်းအချို့ သယ်ယူကာ သွားရောက်လှူဒါန်းမည့်နေရာနှင့် အနီးတယ် ဆုံးဖြစ်သော ဒါးကသို့ လိုက်လာကြမည်ဖြစ်သည်။ ရေဘေးဒေသမို့ သွား ရေးလာရေးခက်ခဲကာ အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် ကြိုးနှင့်ထူး အောင်က ဒေသကို ကြိုတင်လေ့လာပြီး သွားရေးလာရေး စီစဉ်ဖို့၊ ဆန် အိတ်တွေနှင့် လှူဖွယ်ပစ္စည်းတွေ ဝယ်ထားဖို့၊ ဝယ်ပြီးသော ပစ္စည်းတွေ ကို သွားရောက်လှူဒါန်းရမည့် ဒေသဆီ သယ်ယူပို့ဆောင်ဖို့တွေ ကြိုတင် ပြုလုပ်ထားရန်အတွက် ရှေ့ပြေးခရီးထွက်လာခဲ့ခြင်းဖြစ်၏။ သူရရှိသဖြင့် မြောင်းမြကို အခြေစိုက်ဖို့ ရွေးချယ်လိုက်ခြင်း ဖြစ်လေသည်။

ဆယ့်တစ်နာရီသာသာမှာ ကြိုး၏ဖုန်း မြည်လာသည်။ ရင်တွင်း ခရီးကြမ်းက အဲဒီမှာ စတာ။

ချက်ချင်း ကြိုး မနိုး။ နိုးတော့လည်း ဖုန်းမြည်နေတာ အသိသာ ရှိပြီး မကိုင်နိုင်သေး။ တစ်ကိုယ်လုံး တဆစ်ဆစ် နာကျင်ကိုက်ခဲလေးသ နေချေ၏။ အားတင်းပြီး ဖုန်းကို ယူကြည့်လိုက်တော့ အိမ်ဖုန်းနံပါတ် နယ်ရှိ မိဘရပ်ထံမှ ဖုန်းနံပါတ်။





"ဟယ်လို. . ."

အိပ်ချင်မူးတူး မလန်းမဆတ်အသံဖြင့် ထူးမိသည်။

"သား. . ."

အမေ့အသံ။

"ပြောလေ အမေ"

အမေ့အသံတွေ တုန်ခါအက်ကွဲနေပါလား. . .။

"မင်းအဖေ. . ."

အသံက တိုးလိုက်ကျယ်လိုက် နိမ့်လိုက်မြင့်လိုက်။ ဝုန်းခနဲ လှိုင်း လုံးကြီးတွေ တစ်လုံးပြီးတစ်လုံး လူကို လာပစ်ဆောင့် ရိုက်ခတ်နေသလို ခံစားရ၏။ အဲ့ခဏ အသက်မရှူဖြစ်။ လဲလျောင်းလျက် ပြောနေရာမှ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ငုတ်တုပ်ထထိုင်ဖြစ်သွား သည်။ ထို့နောက် မတ်တပ်ရပ်လျက် အိမ်ခန်းထဲမှာ လျှောက်နေမိတာ ခေါက်တုံ့ခေါက်ပြန်။ လူတစ်ကိုယ်လုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသလိုပဲ။ အသည်းနှလုံးကို လက်ကြမ်းကြီးတွေနှင့် ဖျစ်ခြေဆောင့်ဆွဲ ကုတ် ဖြဲခံနေရသလိုပဲ။ ချွေးစေးတွေ စိမ့်ပျံလာသည်။ ဖျားနေပါလားဆိုသော အသိတွေ ခံစားမှုတွေကိုလည်း မေ့လျော့သွားစေသည်။

အိမ်မက်ဆိုးသဖွယ် အမြဲ ခြောက်လှန့်နေခဲ့သော စိုးရိမ်ကြောက် လန့်မှုကြီးက တကယ်ပဲ ဖြစ်တည်ပေါ်ပေါက်လာခဲ့လေပြီ။ မျက်လုံးတွေမှ ရှုတ်စိုပူနွေးလာသည်။ ထုံကျင်နေသော ပါးပြင်တွေ အေးစက်လာသည်။ ဆကျစ်ဂျစ်မြည်နေသော အံသွားပွတ်ကြိတ်သံထက် နှလုံးတုန်သံအား ပိုမိုကျယ်လောင်စွာ ကြားနေရလေသည်။ ဖြစ်လာခဲ့လျှင်ဆိုသော အတွေး နှင့် ခံနိုင်ရည်အားရှိစေဖို့ ပြင်ဆင်ထားခဲ့ပေမယ့် လက်တွေ့မှာ ကိုယ်ခံ အားကျဆင်းမှုက အနိမ့်ဆုံး ဒီဂရီအဆင့်။ ဖြစ်မလာစေဖို့ အစွမ်းကုန် ကြိုးပမ်းအားထုတ်ခဲ့ပေမယ့် ပယ်မရ ဖြစ်လာခဲ့ချေပြီ။

ဘဝပျက်တယ်ဆိုတာ ဒါလား. . .။

ထူးအောင်နှင့်သူရ စားသောက်ဖွယ်ရာတွေဝယ်ပြီး နေ့လည် ပြန်ရောက်လာချိန်မှာတော့ ကြိုး ဟန်မပျက် နေနိုင်ခဲ့ပါသည်။ သတိထား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မှသာ မြင်တွေ့ရမည်ဖြစ်သော ကြိုးမျက်လုံးတွေ နီနေတာကို မြင်လျှင်လည်း နေမကောင်းလို့ဟုသာပဲ ထင်ကြမည်သာလေ။

ထိုနေ့က မှတ်မှတ်ရရ ကြိုး စကားတစ်ခွန်း ပြောဖြစ်၏။

"စဖို့ လွယ်တယ်၊ ဆုံးဖို့ခက်တယ်၊ ဆက်ဖို့က အခက်ဆုံးပဲ"

သူရက ပြောသည်။

"ကိုကြိုး ဘာသဘောနဲ့ ပြောတယ်တော့ မသိဘူး၊ ဒါပေမယ့် စဖို့က ခက်တာ မဟုတ်ဘူးလား"

"စဖို့ခက်တာ မှန်ပါတယ်၊ ဒါပေမယ့် စဖို့ခက်တယ်ဆိုတာ ဆုံးဖို့နဲ့စာရင် လွယ်သေးတယ်၊ ဆုံးဖို့ခက်တယ် ဆိုတာကလည်း ဆက်ဖို့ထက်စာရင် အများကြီး လွယ်ပါသေးတယ်ကွာ"





**"ရေသူထီး ရေသူမများ၏ တင်ပြချက်"**

အကြောင်းအရာ။ ။ ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးရန် အထက်သို့ တင်ပြရာတွင် တစ်ဆင့်တစ်ဆင့်ဖြင့် တင်ပြရင်း လူများသာ အထက်ဆင့်သို့ ရောက်ရှိရပုံ။

ဒီနှစ်
ပိုပို ငတ်လာသလို ပိုပို ပြတ်လာ
ပိုပို ငတ်ပြတ်လာတယ်ဆိုတာ
အရင်ကထက် ပို၍ ပြတ်လပ်လာခြင်းပေါ့ဆြာ။
အဖြစ်က မနှစ်ကထက်ဆိုး
ဒီနှစ် အသစ်ရတဲ့မိုးက ဆိုးတယ်ဆြာ
ဆယ့်ငါးရက်အကြာမှာ တအား ငတ်လာပါတယ်
လှသထက်လှဖို့တို့ ဝသထက်ဝဖို့တို့
ပြောသာပြောတယ် မလွယ်ဘူး
ဆြာ တကယ် မလွယ်ဘူး။
အဲဒီ သာပေါင်းကွင်းကြီးပဲ နွေဘက်မှာ
ကျွန်တော်တို့ စပါးစိုက်တာ
အဲဒီ သာပေါင်းကွင်းကြီးပဲ မိုးဦးကျမှာ ကျွန်တော်တို့ ငါးဖမ်းတာ
အဲဒီ သာပေါင်းကွင်းကြီးပဲ ကျွန်တော်တို့ အိမ်တွေကို မြှုပ်ပစ်နေတာလေ။
ရေစီးကောင်းဖို့ဆိုပြီး ရေလာကောင်းဖို့ဆိုပြီး
ဆည်မြောင်းက ဆည်တွေပြောင်းလိုက်တာနဲ့
ငတ်တာနဲ့ ပြတ်တာဆိုတဲ့ ကောင်တွေ
အိမ်တံခါးကို နှစ်တိုင်းလာလာခေါက်နေတာပါပဲ ဆြာ။

www.burmeseclassic.com

www.burmeseclassic.com



ရေ ဆယ့်ငါးပေ*
ရေ နှစ်ဆယ့်ငါးပေ**
အခုများတော့ လှေကလေးဖြင့်သာ
တစ်နေရာမှ တစ်နေရာ
လှော်ခတ် . . . လှော်ခတ်
မိုးနဲ့အတူ လေလေးများလာရင်
မိုရာဆွဲ ဖြစ်သလိုပြေး
လေတော်တော်လေးများ တိုက်လိုက်ရင်
မော်တော်လေးများ ယိမ်းသွားတာ တလှုပ်လှုပ် လှုပ်ပဲ ဆြာ။
ငါးမရ ဖားရိုက် မြွေရိုက် ကြွက်ရိုက်
ဂွဒ်မယ်ထင်တာတွေ ဒူး
ငါ့ဝမ်း ပူပြီး ဆာတာ မျိုးစပါးတွေ ကြိတ်ပီး
ကြိတ်နေရပါတယ် ဆြာ။
ထိခနဲဆို အသံကျယ်ကျယ်အော်တတ်တဲ့
အန်ဂျီတွေလည်း အိုကုန်တာလား ဆြာ
တို့များမှာ
အိမ်တွေလည်း ပြို
လူတွေလည်း အို
ကလေးတွေလည်း ငို
ဝမ်းတွေလည်း မစို
ပြို အို ငို မစိုနဲ့ ကိုဆိုဗိုလို ငတ်နေတာပါ ဆြာ။
လိုအပ်ချက်တွေက ပိုပိုများ များလာပါလား. . .
လူတွေ ပြောပြောနေကြတဲ့ ငကန်းကြီး သေပြီဆို
ငွေကလည်း ဘာလို့ အရေးတယူ မရှိတာဒုန်း
ထိနေပြီ ဆြာ ကျွန်တော်တို့ တော်တော်ထိနေပြီ
သက်ဆိုင်ရာတွေရော မသက်ဆိုင်ရာတွေရော





အမြန် လာကြပါ ကူကြပါ
ကယ်ပါ သက်ဆိုင်ရာ။
အခြေအနေ အသေးစိတ်ကတော့
ရေပေါ်မှာ အိမ်ဆင့်ပါတယ်
အိမ်ပေါ်မှာ လူ/နွား/ဝက်/ခွေး/အကုန်ဆင့်
ဆင့်ပေါ်မှာ ထပ်ဆင့်
ဆင့်ရင်းနဲ့ကို မဆင်းရသေးပါဘူး ရှင့်။
အမြန်လာရောက်၍ ကူညီပေးပါ နေရာချထားပေးပါ
ကယ်ဆယ်ပါရန် သက်ဆိုင်ရာအား
ကျွန်တော်/ကျွန်မတို့ တင်ပြအပ်ပါသည်။

ပုံ-ရေသူ(ထီး/မ)များ၊ ရာဝတီတိုင်းဒေသကြီး။

ကန်ကြီးဒေါင့်၊ ဒါးက၊ သာပေါင်းတို့ကို ရေဘေးအတွက် လေ့လာရေးခရီးထွက်ပြီးနောက် ရေဘေးသင့်ပြည်သူတို့၏ အသံနှင့်ခံစားမှုကို ကဗျာဆရာမောင်မြတ်သူမှ ဖန်တီးရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြစ်လေသည်။

ထိုကဗျာကို ဖတ်ပြီး ကြက်သီးမွေးညင်းထသည်အထိ ကြိုး ထိရှ စွာ ခံစားရသည်။ ကိုယ်တိုင်မြင်တွေ့ ကြုံဆုံခဲ့ရလို့လည်း ပိုထိတာ ဖြစ်သည်။ ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပရဟိတအသင်းအဖွဲ့တွေ၊ လူမှုကူညီသူတွေ ရှိတော့ရှိတာပဲ။ တတ်အားသရွေ့ လုပ်တော့လုပ်နေတာပဲ။ ဒါပေမယ့် ဘေးဒုက္ခတွေက တစ်နေရာတည်းမှ မဟုတ်တာလေ။ ပြည်သူတွေကလည်း သူတို့အမြင်နှင့် သူတို့ခံစားချက်ကို ပြောသည်။ ဖွင့်အံ၏။ ထိုအမြင် ထိုခံစားချက်တွေကို ကဗျာဆရာက ပြည်သူတွေဘက်မှ ခံစားရေးဖွဲ့ထားခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီတိုင်းဒေသကြီး၊ ကန်ကြီးဒေါင့်မြို့နယ်၊ ဒါးက၊ ဘုရားညီ ကျေးရွာရှိ အိမ်ထောင်စု (၂၇)စု၊ ရွှေကျွန်းသာကျေးရွာရှိ အိမ်ထောင်စု (၃၂)စု၊ ရွာသစ်ကုန်းကျေးရွာရှိ အိမ်ထောင်စု (၄၈)စု၊ စုစုပေါင်း အိမ်ထောင်စု (၁၀၇)စုအတွက် ဆန်၊ ခြင်ထောင်ဆားထုပ်၊ ဆေးဝါး၊ အဝတ် အထည်နှင့် စားသောက်ဖွယ်ရာများကို တွဲလက်မိသားစုတို့မှ လှူဒါန်း ကူညီဖြစ်ခဲ့ကြ၏။ အလှူပြီးမြောက်ချိန်မှာ ရွာသူရွာသားတွေဆီက ရရှိ လာတဲ့ ကျေးဇူးတင်စကားတွေ၊ ဆုပေးသံတွေ၊ ကျေနပ်ဝမ်းသာမှုတွေက ပင်ပန်းမှုတွေ ပြေပျောက်၍ အားအင်သစ်တွေ ဖြစ်ပေါ်စေလေသည်။

ရေဘေးသင့်ပြည်သူတွေ၏ အခက်အခဲဒုက္ခတို့က မသေးလှချေ။ မြင်ကွင်းတလျှောက် ရေတွေးဖွေးနေတာ အင်းလေးရေပြင်ပေါ် ရောက်နေသလိုပါပဲ။ ရေပြင်ပေါ်တွင် ညှိုးညှိုးငယ်ငယ် ခေါင်းကလေး ပြူထွက်နေသကဲ့သို့ ပုံရှိသော ဝါးကွက်ကြားလေးတွေအုပ်၍ မနိမ့်မ မနိသက်ကယ်ကာရံထားသည့် ခြေတံရှည်အိမ်ကလေးတွေမှာ ကပိုကယို ကချော်ကချွဲ။ အနေဆင်းရဲမှုက သူတို့အစား အမြင်နှင့်ပင် အသက်ရှူ ကြပ်သည်။

အကူအညီများ လုံလောက်စွာမရသေးသည့်အတွက် မီဒီယာများ မှတဆင့် တစ်နိုင်ငံလုံး ရေဘေးသင့်အခြေအနေကို တိတိကျကျ သိရှိ ကိုလည်း နယ်ခံများမှ မျှော်လင့်နေပါသည်။ ယခု ၂၀၁၂ ခုနှစ်က တော်တော်ဆိုးပြီး ၂၀၀၄ ခုနှစ်က ယခုထက်ပင် ပိုမိုဆိုးရွားကြောင်း သိရလေသည်။ မြစ်ရေမှာ ထပ်တိုးဖို့ရှိနေသည့်အတွက် အဆိုပါကျေး ရွာများရှိ လူများအား ဘေးကင်းသည့်နေရာသို့ ပြောင်းရွှေ့ပေးရန်လိုအပ် ကြောင်းကိုလည်း ဒါးကမြို့ခံတစ်ဦးမှ ပြော၏။ ရေဘေးသင့်ပြည်သူများ မှာ ပညာရေး၊ စီးပွားရေး၊ လူနေမှု အားလုံးကို စနစ်တကျ တည်ဆောက် ပေးဖို့ လိုအပ်လျက်ရှိ၏။ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်း များမှာ အိမ်ထောင်စုတချို့ နေထိုင်လျက်ရှိပြီး အများစုမှာ မိမိတို့ အိမ် အပေါ် ဆင့်တွေထိုးပြီး နေလို့ရသလောက် ဖြစ်သလို နေထိုင်နေကြရ လေသည်။

နှစ်စဉ်မြစ်ရေလျှံသည့် ဒီနေရာမှာပဲ ဆက်လက်နေထိုင်ကြတာ ဘာကြောင့်လဲ။ အခြားနေစရာ မရှာဖွေတာလား။ မရှိလို့လား။ တွယ်တာ မှုအစွဲလား. . .။ နေရာပြောင်းဖို့ အဆင်မပြေလျှင် မြစ်ရေလျှံမှုကို တား ဆီးပိတ်ပင်လွှဲဖယ်ဖို့ နည်းမရှိတော့ဘူးလား။ မကြိုးစားတော့တာလား။ ခေါင်းလျှော့နေကြတာလား။ ဘယ်လိုမှ လုပ်လို့ မရတာလား။ တွေးစရာ တွေက များစွာ. . .။

နေစရာမရှိလို့ ဆည်ဘောင်ရိုးတက်နေသူတွေကိုလည်း ရွာလူကြီး မှ ပိုက်ဆံတောင်းကြောင်း၊ ငါးဖမ်းဖို့ ထောင်ထားသော ကျားပိုက်တွေ ကြောင့် အသက်အန္တရာယ် အလွန်များပြားပြီး စက်လှေများ သွားလာရေး ခက်ခဲ၍ တိမ်းမှောက်မှုတွေပင် ဖြစ်ပေါ်ကြောင်းလည်း ရွာခံတို့မှ ဖွင့် အန်ကြလေသည်။ ကျားပိုက်ဆိုသည်မှာ ငါးဖမ်းပိုက်ကို ရေပြင်အလယ် ဟိုဘက်ဒီဘက် တိုင်စိုက်၍ ဘောကွင်းတွေ၊ ပေပါခွံတွေဖြင့် တွဲချည်၍ ပြုလုပ်ထားသော ငါးဖမ်းနည်းတစ်မျိုးဖြစ်၏။

ထိုခရီးစဉ်မှာ ကြိုးအတွက် မမေ့နိုင်စရာတစ်ခု စွဲခဲ့လေသည်။

ကန်ကြီးဒေါင့်မြို့နယ်၊ ဘုရားချောင်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းမှာ တွဲလက်မိသားစုတို့မှ ပစ္စည်းများ ခွဲဝေလှူဒါန်းပေးကမ်းနေ ချိန်ပေါ့။ ဆရာတော်ကိုလည်း ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုတို့ ကပ်လှူသည်။ ရေဘေးသင့်ပြည်သူတွေက လှေကလေးတွေဖြင့် ခွဲဝေလှူဒါန်းပေးကမ်း မှုတို့ကို လာရောက်ယူကြလေသည်။ ရွာခံတွေနှင့်အတူ တွဲလက်တို့လည်း လုပ်ဆောင်မှုတွေက တက်တက်ကြွကြွပေါ့။ လိုက်ပါလာသော တွဲလက် မိသားစုဝင် ယောကျ်ားလေး မိန်းကလေးတွေထဲမှာ ရေမကူးတတ်သူ တွေ ပါသည်။ ကြိုးလည်း ရေမကူးတတ်ပါဘူး။ သို့ပေမယ့် ဒါကို အလေး မထားအား၊ မိုးထဲရေထဲ လှေထဲမှာ တွဲလက်တို့ ခိုင်မြဲစွာ။ မညည်းမညူ နဲ့ တွဲလက်ကလေးတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ဝေခြမ်းပေးကမ်းရင်း ရွာခံတွေနှင့် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ကြိုး နှစ်သိမ့်အားပေးစကားတို့ ပြောသည်။ တစ်ချက် တစ်ချက် ပြန်ကြားယောင်နေမိသော အမေ့အသံတို့ကို ကြိုးစားပစ်ပယ် မေ့ဖျောက်ထားရလေသည်။ ပစ္စည်းတွေ ဝေခြမ်းပေးကမ်းပြီးတော့ တချို့ ကို လှေပေါ် အထိ ကြိုးကိုယ်တိုင် သယ်ယူတင်ပို့ပေး၏။ ရွာခံတို့၏ ရှေ့ ဖက်ခြင်း၊ နမ်းရှိုက်ခြင်း၊ ဝမ်းသာအဲလဲ ကျေးဇူးတင်ဆုပေးစကား တဖွဖွပြောခြင်းတို့ကို အဲသည်နေ့က တနင့်တပိုး ခံယူရရှိလိုက်လေသည်။ ရင်ထဲမှ ဝေဒနာတွေပင် ခဏတော့ လွင့်စင်လျော့ပါးမေ့ပျောက်သွား သလိုပါပဲ။

"သူ့ကိုခင်တယ်၊ ရောက်တည်းက ကြည့်နေတာ၊ သူ့မျက်နှာလေးက ပြုံးနေတာပဲ၊ သူက တို့ဆီမှာ ပျော်တယ်ထင်တယ်၊ တို့နဲ့ နေခဲ့ပါ လားအေ"

"ကျွန်တော်လည်း နေချင်ပါတယ်၊ ဒါပေမယ့် တခြားကိစ္စလေးတွေ လည်း ရှိသေးလို့ပါခင်ဗျ"

"သူ့ကို တစ်ခုခု ကျွေးချင်လိုက်တာ၊ ဘာကျွေးရမှန်း မသိဘူး တို့ဆီမှာက ခုတော့ ငါးပဲရှိတယ်၊ ငါးစားလားဟင်"

"စားတာပေါ့၊ ကျွန်တော်က ငါးအရမ်းကြိုက်တာ"

"ဒါဆို လိုက်စားလေ၊ လိုက်ခဲ့နော်၊ လတ်လတ်ဆတ်ဆတ် ချက် ကျွေးမယ်ဟာ"

"ကျွန်တော်တို့က ညနေပြန်ဖို့ ကားစီစဉ်ထားပြီးသားမို့ပါခင်ဗျ အချိန်ရရင် လိုက်စားချင်တာပေါ့"

"ဒါဆို ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထည့်ပေးလိုက်မယ်လေ၊ လမ်းမှာ စားသွားပေါ့"

"ငါ့ဆီမှာ ခုနမှ ချက်ထားတဲ့ ငါးဟင်းရှိတယ်ဟဲ့၊ အဲဒါ ထည့်ပေး လိုက်မယ်"

"ဒါဆို အပြန်ကျ ကမ်းကပ်ပေး၊ ခုန စက်လှေဖြတ်သွားတဲ့နားက အိမ်လေ၊ စောင့်နေမယ်နော်၊ ပြန်နှင့်မယ်"





"ဆက်ဆက်ဝင်ယူနော်၊ စောင့်နေမှာ"

မမေ့နိုင်စရာ အသံတွေ။

လှေကလေးတို့ တရွေ့ရွေ့ တလှုပ်လှုပ် အိပဲ့အိပဲ့ ထွက်ခွာသွား ပြီ။ ကြိုး ဘာပြန်ပြောရမှန်း မသိ။ တုံ့ဏှိဘာဝေ။

အပြန်လမ်း။ မိုးတွေက ရွာနေတာ။ အဲအချိန် ကြိုး တကယ် ဘယ်လိုလုပ်ရမှန်း မသိဘူး။ အရမ်း အခွင့်အရေးယူတယ်လို့လည်း ထင် ကြမှာ စိုးရိမ်ခံစားနေရသည်။ စက်လှေပေါ်မှာလည်း တွဲလက်တို့ မိုးစိုလို့ ချမ်းအေးနေကြပြီ။ ခိုလှုံရာဆီ အမြန်ရောက်ချင်နေပြီဆိုတာ ဖွင့်မပြော ပေမယ့် သိနေတာပဲ။

ဟော မနီမိုး မနီကာ ယိုးတိုးယိုင်တိုင် ခြေတံရှည်အိမ်ကလေးတွေ နား ရောက်လာပြီ။ မိုးကလည်း တသည်းသည်း ရွာနေတာ မရပ်။ လှမ်း ကြည့်မိတော့ မိုးရေစက်တွေကြားမှာ ရပ်နေတဲ့ လူတစ်စု။

ဟေး ဟေးနဲ့ အော်ဟစ်လက်ဝှေ့ရမ်းလျက်။

"ကျွန်တော်တို့ကို အော်နှုတ်ဆက်နေတယ်ဗျ၊ သူတို့ကို ခုလို လှူတာ တကယ် ကျေးဇူးတင်တာဗျ၊ ဒါမှ တကယ့် ပီတိ"

"ဟုတ်တယ်၊ သူတို့ အရမ်းပျော်သွားတာ၊ မြင်ရုံနဲ့တင် သိသာ တယ်"

အဲ့စကား သူရနဲ့ အခြားသူတွေ ပြောနေကြတာ။ ကြိုးရင်ထဲမှာ တော့ မွန်းကြပ်နေပြီ။ ဘာရွေးရမှန်းမသိ ဖြစ်နေ၏။ စက်လှေကို အိမ် တွေနံဘေး ကပ်ရပ်ခိုင်းရမလား။ ရပ်ဆို ရပ်မှာပါပဲ။ ဒါပေမယ့် လုပ်သင့် သလား။ မိုးစိုအအေးမိနေသူတွေက ခိုက်ခိုက်တုန်နေကြပြီ။ ရန်ကုန်ထိ ခရီးရှည် ပြန်ရမှာ။ သက်ပြင်းမောကို အသာချ၍ မတ်တပ်ရပ်ကာ ကြိုး လက်ကိုသာ ပြန်မြှောက်ပြဖြစ်ခဲ့ပါသည်။

နှုတ်ဆက်ရုံလို့ပဲ ထင်နေကြတဲ့ ဝှေ့ရမ်းမြှောက်နေသော လက် တစ်ဖက်ဆီမှ လူးခါနေတဲ့ အထုပ်ကလေးတစ်ထုပ်ကိုတော့ အခြားသူ တွေ သတိပြုမိပုံ မရပါဘူး။

သူရ မိုးပေးထားသော ထီးအောက်က ကြိုး ထွက်ရင်းတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ထီးအောက်ဝင်လေ၊ ဖျားနေတာကို"

လို့ ပြောကြသည်။ ထိုခရီးစဉ်မှာ လိုက်ပါလာသော ကြိုး ငယ်သူငယ်ချင်းတစ်ယောက်က ဒီကောင်ကြောင်နေတာဟုပင် ပြောသေး၏။

အဲ့အချိန် ကြိုး မျက်ရည်ကျနေတာ ကြိုးပဲ သိတာလေ။

ထိုရွေးချယ်ဆုံးဖြတ်မှုဟာ အပြစ်ဖြစ်ခဲ့ရင် တောင်းပန်ပါတယ် ရေသူထီး ရေသူမတို့ရယ်။ အခွင့်ကြုံဦးမယ်ဆိုရင်တော့ဖြင့် ခင်ဗျားတို့ကျွေးမယ့် ငါးဟင်းလေး လာစားချင်ပါသေးရဲ့ . . .။





# father/dad



## (ပုံပြင်-၈)

တစ်ခါကပေါ့။

ခဲတံပြုလုပ်သူတစ်ဦးဟာ ခဲတံလေးတွေကို ဘူးထဲထည့်ခါနီး သိသင့်သိထိုက်တဲ့ အချက် (၅)ချက် ပြောဆိုသတိပေး မှာကြားလိုက်ပါ တယ်။

၁။ မင်းတို့ဟာ ဒီဘူးလေးထဲမှာပဲ ရှိနေမယ်ဆိုရင် အကောင်းဆုံး၊ အကြီးကျယ်ဆုံး အလုပ်တွေကို လုပ်ဆောင်နိုင်မှာမဟုတ်ဘူး။ လုပ်ဆောင်ခွင့်ရလိုက်မှာ မဟုတ်ဘူး။

၂။ မင်းတို့ကိုချွန်လိုက်တဲ့အခါတိုင်းမှာ မင်းတို့ နာကျင်ခံစားရလိမ့်မယ်။ ဒါပေမယ့် ဒီလိုနာကျင်ခံစားရမှသာ မင်းတို့ဟာ ပိုမိုကောင်းမွန် ချွန်ထက်တဲ့ ခဲတံလေးတွေ ဖြစ်လာမယ်။

၃။ မင်းတို့အတွက် အရေးအကြီးဆုံးအပိုင်းက အတွင်းထဲမှာရှိတဲ့အရာပဲ။



www.burmeseclassic.com

www.burmeseclassic.com



၄။ မင်းတို့ ရေးခြစ်လိုက်တဲ့ မျက်နှာပြင်တွေမှာ မင်းတို့ရဲ့ အမှတ်အသားတွေ ကျန်ရစ်ခဲ့မယ်။ မင်းတို့ လုပ်မိမယ့် အမှားအတွက် မင်းတို့မှာ ပြင်ဆင်နိုင်တဲ့ အစွမ်းရှိတယ်။ အဲဒီအစွမ်းကို မင်းတို့ အသုံးပြုတတ်ဖို့ပဲ လိုတယ်။

၅။ တဖြည်းဖြည်းနဲ့ တိုလာမှာက ဘဝပဲ။ မင်းတို့ ဘယ်လိုအမှတ်အသားမျိုး ရေးခြစ်ချန်ရစ်ခဲ့ချင်သလဲ။

ခဲတံကလေးတွေဟာ သူတို့ကိုပြုလုပ်သူရဲ့ စကားကို နားလည်ပြီး ဘယ်သောအခါမှ မမေ့ဖို့ ကတိပေးပြီးမှ သူတို့ရဲ့ ရည်ရွယ်ချက်အပြည့်နဲ့ ဘူးကလေးထဲကို ဝင်သွားကြသတဲ့။





# အခန်း(၈)

ကြိုးဘဝ၏ အပြောင်းအလဲတွေက မချိမဆံ့ဆိုသလိုပင် မချိအောင်ခံစားရတာတွေ ရင်နှင့်မဆံ့အောင်ပါပဲ။

ရောဝတီတိုင်းဒေသကြီး ရေဘေးမှ ရန်ကုန်ပြန်ရောက်တာနှင့် ကြိုး နယ်သို့ တန်းပြန်သွားသည်။ နယ်မှာရှိချိန် ရန်ကုန်ရှိ အလုပ်ကိစ္စတွေကို ဖုန်းနှင့်ပဲ အိုကို စီစဉ်ညွှန်ကြားခဲ့၏။ ရက်ကာလအတန်ကြာမှ ကြိုး ရန်ကုန်ပြန်ရောက်လာ၏။ ရောက်တာနှင့် မိမိစာပေတိုက်ဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိရန် စာချုပ်ချုပ် စကားပြောဆိုထားသော စာရေးသူတွေကို ညှိနှိုင်းမှုယူပြီး အခြားစာပေတိုက်သို့ လွှဲပြောင်း၏။ အချိန်ရာသီဈေးကွက်ကွာဟမှုတွေကြောင့် ရင်းခဲ့တာနှင့် မမျှသမို့ အရှုံးပြ၏။ အိုကိုသည်း အလုပ်အတွက် ရင်းနှီးသော စာပေတိုက်တစ်ခုထံ အဆင်ပြေအောင် ပြောဆိုလွှဲပြောင်းပေးလိုက်၏။ အိုက အခြားမှာဆို မရဲသေးသဖြင့် သိပ်မလုပ်ချင်။

"အစ်ကို စာအုပ်ထုတ်ဝေရေးတွေ ပြန်လုပ်ဖြစ်ရင် ညီမလေးပြီခေါ်မှာ၊ ဒီကြားထဲ ညီမလေး လုပ်ငန်းပိုင်း ပိုကျွမ်းကျင်အောင်သင်ယူလေ့လာလေ့ကျင့်ထားပေါ့၊ ဘာအလုပ်မှမလုပ်ပဲနေရင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်လေတတ်တယ် ညီမလေးရဲ့၊ ဒီအလုပ်က ညီမလေးလည်း ကျွမ်းကျင်နေပြီဆိုတော့ အဆင်ပြေတာပေါ့၊ တခြား ဒီထက်ပို ကောင်းတဲ့အလုပ် တွေ့ရင်တော့ ပြောင်းပေါ့၊ အစ်ကို့မှာလည်း အခက်အခဲ ပြဿနာတွေ ရှိလို့ပါ၊ ဖြစ်နိုင်ရင် အတူတွဲလုပ်နေတဲ့ ညီမလေးတို့နဲ့ ဘယ်ခွဲချင်ပါ့မလဲ"

ချော့မော့နှစ်သိမ့်ဖျောင်းဖျ၍ အိကို အလုပ်ဝင်နိုင်းရသည်။ အောင်မြင်မှု၊ ဆုံးရှုံးမှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ ပင်ပန်းဆင်းရဲမှုတွေ ကြား အတူလက်တွဲ ဖြတ်ကျော်လုပ်ဆောင်ခဲ့ကြသော ရဲဘော်ရဲဘက်ကဲ့သို့ ဖြစ်နေပြီဖြစ်သော အိနှင့်လမ်းခွဲရတာ ကြိုးရင်မှာ မချိပါ။ အခြား လုပ်ငန်းနှင့်ပတ်သက်သော တွဲလုပ်လာတာ ကြာပြီဖြစ်သူတို့ကိုလည်း မုန့်ပဲသွားရည်စား၊ အဝတ်အထည်တို့ဖြင့် လက်ဆောင်ပေး ကန်တော့ရင်း အလုပ်ရပ်၍ နယ်ပြန်မည့်အကြောင်း၊ နောက်တစ်ကြိမ် ပြန်ဆုံတွေ့ခွင့် မျှော်လင့်ကြောင်း ပြောခဲ့၏။

တွဲလက် တွေ့ဆုံပွဲကို ကောက်ကာငင်ကာ စီစဉ်ကျင်းပသည်။ Admin အပြောင်းအလဲ ပြုလုပ်ခြင်း၊ Admin အင်အားဖြည့်ခြင်း၊ စည်းမျဉ်းစည်းကမ်းပိုင်း ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်သည်။ အားလုံးပြီးမှ ကြိုး နယ်သို့ပြန်နေရတော့မည်ဖြစ်ကြောင်း၊ ရန်ကုန်မှာ မနေဖြစ်တော့ကြောင်း အသိပေး ပြောကြားလိုက်လေသည်။

အားလုံး စိတ်မကောင်း။ အခြေအနေ အနည်းငယ် ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်။ ဘာကြောင့်လဲမေးတော့ မလွှဲသာမရှောင်သာ အခြေအနေတစ်ရပ်ကြောင့်ပါဟု ကြိုးပြောတော့ လက်မခံချင်သည့် ဟန် အမူအရာတချို့ တွေ့မြင်ရသည်။ ထို့ကြောင့် အဖြစ်မှန်ကို ကြိုး ပြော ပြလိုက်လေသည်။ ဒီတော့မှ အားလုံး စာနာကရုဏာအကြည့်လေးတွေ ဖြစ်ပေါ်လာကြ၏။

လျှောက်လက်စ အရာထင်ပြီဖြစ်သော လမ်းကလေးကို ဆက် လျှောက်စေချင်ကြောင်း၊ ဖုန်းနှင့်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ တတ်နိုင် သရွေ့ အကူအညီ ပေးနေဦးမည့်အကြောင်း၊ တွဲလက်က မိမိတို့ သဘော တူညီတိုင်ပင်ထားသော စည်းမျဉ်းစည်းကမ်းတွေ မချိုးဖောက်သရွေ့ တွဲလက်အတွက်ဆို အမြဲရှိနေမည့်အကြောင်း၊ အဆင်ပြေသည့်အခါတွေ မှာလည်း တွဲလက်အလှူတွေကို လိုက်ပါဆောင်ရွက်နိုင်ဖို့ ကြိုးစားမည့် အကြောင်းတွေ ကြိုး ပြော၏။

နောက်တစ်ကြိမ် အလှူအကြောင်း တစ်ယောက်က စကား စတော့. . .

"ကျွန်တော်တို့ဟာ အဝေးကြီးတွေ လှမ်းမျှော်ကြည့်ရင်း နီးနီး ကလေးတွေကို မေ့လျော့နေတတ်ကြတယ်၊ နောက်တစ်ကြိမ် အလှူအဖြစ် ဒီကြားထဲမှာ အရေးပေါ်အခြေအနေတွေ မကြုံ တွေ့သေးရင် ယွန်းနှုတ်ခမ်းလေးကို ပြုပြင်ခွဲစိတ်ပြီး သူ အသံ ထွက်မှန်မှန် စကားပြောတတ်အောင် စွမ်းဆောင်ပေးစေချင်ပါ တယ်၊ သူလည်း ပီပီသသ စကားပြောတတ်ချင်မှာပဲလေ"

ထိုအချက်ကို အားလုံး သဘောတူညီ လက်ခံခဲ့ကြ၏။ မိသားစု ဝင်များမှ ငွေစုပြီး ယွန်းနှုတ်ခမ်းအကွဲလေးကို ပြုပြင်ကုသဖို့ တိုင်ပင် ဖြစ်ကြလေသည်။

တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများ ပြီးဆုံးသောအခါ. . . ခဲတံပုံပြင် ကလေး ကြိုး ပြောပါ၏။ ပုံပြင်ကလေး ပြီးဆုံးတာနှင့်. . .

"အခုလည်း ကျွန်တော် တွဲလက်က ထွက်သွားတာ မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်နေ့နေ့ ကျွန်တော် တွဲလက်ဆီ အရင်လို ပြန်လာခဲ့ မှာပါ၊ အားလုံးကို ကျွန်တော် နှုတ်မဆက်ပါဘူး၊ ကျွန်တော်တို့ ပြန်ဆုံမယ်ဆိုတာ ယုံကြည်လို့ပါ"

တွဲလက် တွေ့ဆုံပွဲတိုင်းတွင် အမြဲ နောက်ဆုံးမှ ပြန်နေကျ ကြိုး ထိုနေ့က အလျှင်ဦးဆုံး ထ၍ ထွက်ခွာသွားလေသည်။

မျက်ရည်မခိုင်သော ကိုယ့်အကျင့်ကိုယ် သိလို့ပါလေ။

အမရာနှင့်တွေ့၍ နယ်ပြန်နေရမည့်အကြောင်းပြောတော့ သူမ မျက်ဝန်းကလေးတွေ ပြုံးကြောင်ဝိုင်းစက်သွားခဲ့၏။ စကားသံတွေ တတွတ်တွတ် ထွက်လာသည်။





www.burmeseclassic.com

www.burmeseclassic.com



"နင်မရှိရင် ငါ ဘယ်သူ့ကို အဖော်ပြုရမှာလဲ၊ ဘယ်သူနဲ့အတူ လျှောက်သွားရမှာလဲ၊ ငါ့ကို ဘယ်သူ ဂရုစိုက်မှာလဲ၊ ငါ ဘယ်သူ့ကို ယုံကြည်ရတော့မှာလဲ၊ ငါပြောတဲ့ တောင်စဉ်ရေမရစကားတွေ ဘယ်သူ နားထောင်ပေးမှာလဲ၊ လူအများရှေ့မှာ ဟိတ်နဲ့ဟန်နဲ့ နေခဲ့သမျှ ဘယ်သူ့ရှေ့ကျမှ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဖြေလျှော့နေထိုင်ခွင့်ရမှာလဲ၊ ကြိုးရယ် နင် ဘာလို့ နယ်ပြန်နေမှာလဲဟာ၊ ဒီရန်ကုန်မှာပဲ နေလို့ မဖြစ်ဘူးလား"

"ငါ. . . မိတစ်ကွဲ ဖတစ်ကွဲကောင် ဖြစ်သွားပြီ၊ ငါ့အမေနဲ့ ငါ့အဖေ အိမ်ထောင်ကွဲသွားပြီ၊ ငါ့အဖေဆိုတဲ့လူ နောက်မိန်းမ ယူသွားပြီ"

မျက်ရည်ပေါက်တွေ ကြိုးပါးပြင်ပေါ် လိမ့်ဆင်းကျလာခဲ့၏။ အသံတွေ တုန်ယင်အက်ခါနေပါသည်။

ကြိုး မြောင်းမြမှာရှိသည့်ရက်မှာပဲ ဖခင်ဖြစ်သူ အိမ်မှ ထွက်သွားခဲ့သည်။ အမေ ဖုန်းလှမ်းဆက်ပြီး အကျိုးအကြောင်းပြောပြကာ ကြိုးကို အမြန်ပြန်လာဖို့ ခေါ်ပေမယ့် ပရဟိတကိစ္စ မပြီးပြတ်သေးသဖြင့် ရောက်လက်စလည်းဖြစ်နေသောကြောင့် ကြိုး ချက်ချင်း မပြန်နိုင်ခဲ့။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကတည်းက ဖခင်ဖြစ်သူ၏ အိမ်ထောင်ရေးရှုပ်ထွေးမှု အသံသဲ့သဲ့ထွက်ခဲ့သည်။ သတင်းကြားကတည်းက ကြိုး နယ်ပြန်ကာ လူတစ်ယောက်ကို အခကြေးငွေပေးပြီး မသိမသာ စောင့်ကြည့်ခိုင်းထားခဲ့၏။ လက်လှမ်းမီသလောက် အစွမ်းကုန် စုံစမ်းခဲ့၏။ ရှုရှိုက်မိသည့် အနံ့အသက်က မကောင်း။ မျှော်လင့်ထားတာထက်ပင် ပိုမိုဆိုးဝါးနေ၏။

"အဲဒီအမျိုးသမီးက အသက် ၂၈ လောက်ကွ၊ သူ့အလုပ်က ပြည့်တန်ဆာ၊ ပြည့်တန်ဆာတောင်မှ ခပ်ပေါပေါ လမ်းဘေး ပြည့်တန်ဆာကွ၊ ပြောရရင် လမ်းဘေးမှာပဲ ငါတို့နဲ့တောင် အုပ်စုလိုက် အလုပ်ဖြစ်ဖူးတယ်၊ အဲဒီလိုမိန်းမစားမျိုးကို မင်းအဖေလို လူမျိုးက ဒီအဆင့်ထိ ငြိတွယ်တာ ငါဖြင့် တကယ် အံ့ဩတယ်၊ မင်း





အဖေဟာ တခြားကိစ္စတွေမှာ တော်သလောက် အဲ့အပိုင်းမှာ နုံလို့ ဖျင်းလို့ အတွေ့အကြုံနည်းလို့ ခံရတာ၊ ဟိုက ပညာသည် အပိုင်ကိုင်လိုက်တော့ တမ်းတမ်းစွဲ ဖြစ်သွားတော့တာပေါ့ကွာ"

ဖခင်ဖြစ်သူ၏ လက်စွဲတပည့်သဖွယ်ဖြစ်သော အနီးစပ်ဆုံး အပေါင်းအသင်းတစ်ဦးလည်းဖြစ်သော အသောက်အစား အပျော်အပါး ခုံမင်သူတစ်ဦးကို KTV နှင့် အနှိပ်ခန်းလိုက်ပို့၊ အရက်အမူးတိုက်ပြီး အစ်အောက်မေးရာ တိကျသော အချက်အလက်နှင့် အတွင်းသတင်း အများအပြား ရရှိခဲ့သည်။

"ပြောရရင် ငါ့အပြစ်တွေလည်း ပါပါတယ်ကွာ၊ မင်းသိတဲ့အတိုင်း မင်းအဖေက အရက်ဘီယာဆိုတာလည်း သောက်တာမဟုတ်၊ ဆေးလိပ် ကွမ်း ဆိုတာလည်း ကင်းတယ်၊ မိန်းမကိစ္စဆို ဇယား ရှုပ်ဖို့ ဝေလာဝေးပဲ၊ ငါတို့လုပ်ရင်တောင် အပြစ်တင်ဆုံးမစကား ပြောနေကျလူ၊ တစ်နေ့ ပစ္စည်းသွားသယ်ရင်း ပစ္စည်းအဝင် နောက်ကျလို့ တည်းခိုခန်းတစ်ခုမှာ ညအိပ်စောင့်ရတယ်၊ အဲဒီမှာ ငါတို့တွေ အကုန် စော်ခေါ်အိပ်ကြတယ်၊ မင်းအဖေအခန်းထဲ ကိုတော့ အဲဒီမိန်းမကို ငါပဲ ခေါ်ပြီး အတင်းထည့်ပေးခဲ့တာ၊ ဇာတ်လမ်းက အဲဒီက စ,တာပဲ၊ စော်ကလည်း ဘော်ဒီဖြူးတာ တိုးကောက်ထနေတာ၊ မင်းအဖေလည်း အသွေးနဲ့အသားနဲ့ လူပဲ ဘာတောင့်ခံနိုင်မှာလဲ၊ ငါတို့ကတော့ ကြုံသလိုစား၊ စားပြီးလှည့်ပြန်၊ ကိုယ့်ဆန္ဒပြီးဖို့ပဲ ဦးတည်တာ၊ ဘာသံယောဇဉ်မှ ထားတာ မဟုတ်ဘူး၊ မင်းအဖေက အလိုလိုမှ သနားက သနားတတ် စေတနာက ခပ်ကောင်းကောင်းနဲ့ ဟိုက ညာတော့ သာယာစရာလည်း ကောင်းတော့ ငြိမှာပေါ့ကွာ၊ အဲ့နောက်ပိုင်း တတွဲတွဲဖြစ်တော့ တာပဲ၊ တရုတ်ပြည်ထဲသွားရင်တောင် ပါတယ်၊ အဲ့ကောင်မက လည်း မင်းအဖေနဲ့ဖြစ်ကတည်းက ငါတို့ခေါ်ရင် အဖက်တောင် မလုပ်တော့ဘူး၊ အချိုးတွေကအစ ပြောင်းပစ်လိုက်တာ၊ အပိုင် ကို ချုပ်တာဟေ့၊ ငါလည်း ငါ့အပြစ်မကင်းဘူးဆိုပြီး မင်းအဖေ



www.burmeseclassic.com

www.burmeseclassic.com



ကို အမျိုးမျိုးတားတယ်၊ ဒါပေမယ့် မရပါဘူးကွာ"

*ဖခင်ဖြစ်သူ၏အလုပ်က ဆိုင်ကယ်အရောင်းအဝယ်။ အစက*
တရုတ်ပြည် ကြယ်ဝေါင်ထိတက်ကာ ဆိုင်ကယ်တွေဝယ်ပြီး ကယ်ရီသမား များနှင့် ကိုယ့်မြို့ အရောက်သယ်သည်။ နောက်ကျ ကိုယ့်မြို့မှာအရောင်း ဆိုင်ဖွင့်ပြီး အထက်မှပစ္စည်းတွေ မှာယူရောင်းချသည်။ ရောင်းချမှုမှာ တရုတ်ဆိုင်ကယ်တွေ အမိကဖြစ်၍ လိုင်စင်ဘီးတွေပါသလို လိုင်စင်မဲ့ တွေလည်း ပါ၏။ နားလည်မှုဆိုတဲ့ အပေးအကျွေးလေးတွေနဲ့ပဲ ကြည့်လုပ် ရတာပေါ့။ အချို့ကို ကယ်ရီသမားတွေနှင့် စီး၍သယ်ပြီး အချို့ကို ကား နှင့်သယ်သည်။ ခရီးက မကြာခဏ ထွက်ရ၏။ ဒီတော့ ခွင်ပေါ့။

တဖြည်းဖြည်း အသံထွက်တွေ ကျယ်လောင်လာ၏။ ဖခင်ဖြစ်သူ ၏လုပ်ရပ်က ပိရိတော့ အိမ်မှာသာ အနေများသည့် အမေ အစက မသိခဲ့။ ကြိုးကလည်း ရန်ကုန်မှာလေ။ ဟိုမိန်းမရှိသည့်မြို့နှင့် ကြိုးတို့ ဇာတိမြို့က အလှမ်းကွာတာလည်း ပါ၏။ နောက်တော့ အမေ သတင်း သဲ့သဲ့ကြား၍ပြောတော့ အမေ စိတ်ဆင်းရဲမှာစိုးသဖြင့် ကြိုး သိတာတွေ လည်းမပြောဘဲ ဖုံးကွယ်အုပ်ကာပေးခဲ့သည်။ အဖေ ဒီမိသားစုလေးကို ပစ်ခွာသွားမှာ မဟုတ်ဘူးဟု ယုံမှတ်ခဲ့၏။ သွေးသားဖြေဖျောက်မှု လောက်သာ မှတ်ယူခဲ့သည်။

ဖခင်ဖြစ်သူကို ကြိုး ချစ်ကြောက်ရိုသေသည်။ ထို့ထက်ပိုစွာ တန် ဖိုးထား လေးစားသည်။ ယုံကြည်ကိုးကွယ်သည်။ အဖေဆိုတာ ကြိုးဘဝရဲ့ ဟီးရိုး သူရဲကောင်း၊ ပြိုင်ဘက်မရှိတဲ့ နံပါတ်တစ် ပုဂ္ဂိုလ်။

"ဒီကနေ့ထိ ငါ့အဖေလောက် ငါလေးစားမိတဲ့သူ ထပ်မတွေ့ဖူး သေးဘူး"

ဟု အပေါင်းအသင်းတွေကြားမှာ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ့ ရှိ၏။ ကြိုးကို ချီးကျူးကြလျှင်လည်း "ကျွန်တော် တော်တယ် ကောင်း တယ်ဆိုတာ ကျွန်တော့်အဖေကို မမီသေးဘူး" ဟု တုံ့ပြန်ပြောဆိုတတ်၏။ ယောကျ်ားတစ်ယောက်ဟာ အရက်၊ မိန်းမ၊ လောင်းကစား ထိုသုံးခုမှာ





တစ်ခုမဟုတ်တစ်ခု ငြိတာပဲဟု လူပြောများကြလေရာ ငါ့အဖေကတော့ ထိုစနစ်မှ ကင်းလွတ်သူဟူ၍ အမွှန်းတင်ဂုဏ်ယူတတ်ခဲ့၏။

အဖေသည် ကြီးကျယ်ထည်ဝါသူတစ်ယောက် မဟုတ်ပေမယ့် သူနှင့်ပတ်သက်ဆက်ဆံသော အသိုင်းအဝိုင်း အားလုံးနီးပါးက သူ့စိတ် ဓာတ်၊ သူ့ဉာဏ်ရည်ဉာဏ်သွေး၊ သူ့လုပ်ဆောင်မှုတို့ကို အသိအမှတ်ပြု ခြင်း ခံရသူ၊ သူ့ထက် ကြွယ်ဝချမ်းသာသူတွေ၊ သူ့ထက် ပညာတတ်သူ တွေ၊ သူ့ထက် နိမ့်ပါးညိုးနွမ်းသူတွေ အားလုံး အဖေ့ကို ချစ်ခင်ချီးကျူး လေးစားတန်ဖိုးထားကြသည်။ သူနှင့် ပတ်သက်ဆက်ဆံသူတိုင်းကို သူ တတ်နိုင်စွမ်းသည့်ဘက်မှ ကူညီဖေးမလေ့ရှိတာ အဖေ့အကျင့်။

သူ့အားနည်းချက် ပျော့ကွက်က အားနာတတ်တာနှင့် ငွေညာလွန်း တာ။ ထိုအတွက်ကြောင့်ပဲ မကြာခဏ ငွေကြေးအလိမ်ခံရ၊ ချေးငွေ ဆုံးတာတွေရှိသည်။ သိန်းရာနှင့်ချီတာတွေပင် ရှိ၏။ တရားစွဲလို့ရပေမယ့် ငိုယို၍ လာရောက်တောင်းပန်တာနှင့် ကျေအေးပစ်၏။ ထို့ကြောင့် အိမ် တွင်းစီးပွားရေးက အတက်အကျ များသည်။ ကျသွားလျှင်လည်း ထောင် မတ်နိုင်အောင် ပြန်ရုန်းထ၏။ မညည်းမညူ ကြိုးစား၏။ ဇနီးမယားနှင့် သားသမီးတွေကို တော်တန်ရုံ စိတ်ဆင်းရဲမခံ။

အဲသည်လိုလူမျိုးက ဒီလို လုပ်သွားတာ. . .။ တွေးဖြစ်တိုင်း အလူးလူးအလိမ့်လိမ့်နှင့် သွေးပွက်ပွက်အန်မတတ် ရင်မှာနင့်၍ စူးစူးအောင့်အောင့် နာကျင်ရသည်။

ရမ္မက်နှင့် တွယ်ငြိမှုတဏှာ သံယောဇဉ် နှောင်ကြိုးတွေဟာ တကယ်ကြောက်ဖို့ကောင်းပါလား. . .။

ပြီးခဲ့သည့် ၁၀လကျော်ကတစ်ခါ အဖေ အိမ်မှထွက်သွားဖူးသည်။ ပြန်လာတော့မည်မဟုတ်ကြောင်း လူကြုံနှင့် စကားပါး၏။ ဟိုမိန်းမနှင့် ပဲ နေတော့မည်ပေါ့။ သိတာနှင့် တပြိုင်နက် ကြိုး အဖေ့ဆီ လိုက်သွား သည်။ အခကြေးငွေပေး၍ စောင့်ကြည့်ခိုင်းထားသူမှ သတင်းပေးချက် အရ သူတို့ရှိသည့်နေရာ သိသည်။ အဖေ့ကို မရမက ပြန်ခေါ်ခဲ့၏။ ကြိုး မိဘတွေက မိရိုးဖလာ ဗုဒ္ဓဘာသာ ကိုးကွယ်သူတွေ။ ထိုဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com



အယူအဆအရဆို ဇရဲအိုးချိုးကပ်မတတ်ပါပဲ။

အဖေအိမ်ပြန်ရောက်တော့ တမှိုင်မှိုင်တတွေတွေ။ ဟိုတစ်ယောက်ကို မယူလို့မဖြစ်ဘူးဟုသာ ညည်းပြလေ့ရှိ၏။

"မယူလို့ မဖြစ်တာ ဘာကြောင့်လဲ၊ ကလေးရှိနေလို့လား၊ အဲလိုဆို အဲဒီမိန်းမကို ကျွန်တော် လက်ထပ်လိုက်မယ်"

ဟု ကြိုး ပြောတော့လည်း လက်မခံ။

"ငါ့အပြစ်အတွက် အညွန့်တလူလူနဲ့ ငါ့သားဘဝ မနစ်မွန်းစေရဘူး၊ ငါ့အပြစ် ငါခံမယ်"

ဟု ပြော၏။ မိဘမေတ္တာပါသလို သူကိုက ပေါင်းချင်နေတာ။ ကြိုး ကောင်းကောင်းကြီး အကဲခတ်မိတာပေါ့။

ပထမ ကလေးရှိ၍ ယူရမလိုလို ဖခင်ကပြောသည်။ ကြိုး ဂယနဏ စုံစမ်းကြည့်တော့ ဘာကလေးမှ မရှိ။ သက်သေ အထောက်အထားနှင့် ကြိုးပြောမှ ကလေးမရှိကြောင်း ဖခင်က ဝန်ခံသည်။ သူ အဲသည်မိန်းမကို တမ်းတမ်းစွဲဖြစ်နေတာ။

အမေက အဖေ့ထက် ငါးနှစ်ကျော် အသက်ကြီးသည်။

"အသက် ၂၈အရွယ် မိန်းကလေးနဲ့ အသက်၅၀ကျော် အဘွားကြီး ဆက်ဆံရတာ အရသာတော့ ကွာမှာပေါ့။ ကျွန်တော် နားလည်ပေးလို့ ရပါတယ်။ ဒါပေမယ့် အဖေတို့ အမေတို့ ငယ်စဉ်က ချစ်လို့ပဲ ခိုးပြေး ယူခဲ့တာတွေ၊ စီးပွားရေး မပြေလည်စဉ်ကာလမှာ ဘဝကို အတူရုန်းကန် ခဲ့တာတွေ ပြန်သတိရပါဦး၊ ယောကျ်ားလေးဖြစ်တဲ့ ကျွန်တော့်ကို အေး ဖယ်ထားဦး၊ အပျိုရွယ် ညီမလေး အရှက်ရ မျက်နှာငယ်မှာကိုကော ထည့်မတွက်တော့ဘူးလား၊ ညီမလေး အိမ်ထောင်ပြုရင် တစ်ဖက် အသိုင်းအဝိုင်းက အဲဒီအချက်ကြီး လက်ညှိုးငေါက်ငေါက်ထိုးပြီး နှိမ်ချ ဆက်ဆံခံရနိုင်တာတွေ ထည့်မတွေးတော့ဘူးလား၊ လူတွေ ယုံကြည်လေး စားတဲ့ အဖေ့သိက္ခာတွေ မြောင်းထဲရောက်ကုန်မှာကော မစဉ်းစားတော့ ဘူးလား"

ဘယ်လိုပြောပြော မရ။ ဟိုတစ်ယောက်ကလည်း မိအိုဖအိုတွေ





နှင့် စီးပွားရေးမပြေလည်တော့ အိမ်ထောင်စုနှစ်ခုလုံး၏တာဝန်ကို သူ ယူချင်ကြောင်း၊ ဟိုတစ်ယောက်၏ အရှက်နှင့်သိက္ခာကိုလည်း ထည့်တွက် ရမည့်အကြောင်း၊ သူ အရင်က ဆိုးခဲ့တာ မှန်ပေမယ့် အဖေ့စကားကို နားထောင်၍ လိမ္မာနေပြီဖြစ်ကြောင်း၊ "လူကြီးတစ်ယောက်အနေနဲ့ ဘာလေးကလားပြောတဲ့ပုံပေါက်မှာမို့ မပြောချင်ပေမယ့် နားလည်လွယ် အောင်ပြောရရင် သူဟာ အဖေ့ကို အင်မတန် သံယောဇဉ်ကြီးမားသူ ပါ၊ အဖေ့အပေါ် အင်မတန် သစ္စာစောင့်သိသူပါ" ဟူ၍ ပြော၏။

အမေက စိတ်လျှော့လက်မှိုင်ချထားပြီ။ ညီမလေးယုမွန်ကလည်း ငယ်သူမို့ ငိုရှိုမှအပ အခြားမတတ်နိုင်။ ဒီမိသားစု မပြိုကွဲစေဖို့ ကြိုး ကိုယ်ကြိုး တာဝန်အရှိဆုံးလူသားဟု ခံစားလာရသည်။

ထိုမိန်းမကို ကြိုး ဖုန်းဆက်သည်။ ကိုယ့်အဖေကိုယ်တိုင်က သူ့ ဘက်ပါနေတော့ လေပျော့ကလေးဖြင့် အောက်ကျို့၍ ညှိနှိုင်းမှု ယူသည်။

"ကျွန်တော့်အဖေနဲ့အမေ အိမ်ထောင်ပြိုကွဲမှာ ကျွန်တော် မလို လားဘူး၊ အဲဒီအတွက် ဘာပဲရင်းရရင်းရ ရင်းမယ်၊ ကျွန်တော့် အဖေကို အစ်မ မဆက်သွယ်ပါနဲ့တော့၊ သူ့ဘက်က ဆက်သွယ် လာရင်လည်း အစ်မ ရှေ့မဆက်ပါနဲ့တော့၊ တစ်ဖက်သား မိသား စု အိမ်ထောင်ပြိုကွဲပျက်စီးမယ့်အရေး မဖြစ်အောင် အစ်မအနေ နဲ့ ဆင်ခြင်နောက်ဆုတ်ပေးစေချင်ပါတယ်၊ ကျွန်တော် ဒူး အညွတ် မေတ္တာရပ်ခံတောင်းပန်ပါတယ်။ အစ်မကို ခြေသလုံး ဖက်ပြီး ကန်တော့ဆိုလည်း ကန်တော့ပါမယ်၊ ဒါမှမဟုတ် အစ်မ ငွေလိုချင်သလား၊ တတ်နိုင်တဲ့ အတိုင်းအတာအတွင်းမှာ ကျွန် တော် ပေးမယ်"

"အဲဒီလို ငွေစကား မပြောပါနဲ့၊ ငါက ဘဝနဲ့ ရင်းထားရတာပါ"

"အစ်မ ဘာဆိုတာ ကျွန်တော် သိပြီး းပါ"

လူတကာကို ဘဝနှင့်ရင်းခဲ့တဲ့ ပြည့်တန်ဆာပဲဟု ချိုးချိုးဖွဲ့ဖွဲ့ ပြော ချင်လိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်နေတာ ထိန်းချုပ်ထားခဲ့ ရ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုမှ တားလို့မရ၊ ညှိလို့ မရရင်တော့ ထောင်ထဲဝင်ဖို့လည်း ကျွန်တော် လက်တွန့်မှာမဟုတ်ဘူး အစ်မ”

“ငါလိုလူမျိုးအတွက် မင်းလိုလူက ထောင်ထဲဝင်တဲ့အထိ ရင်းရဲ တယ်ပေါ့လေ၊ အနုပညာသမားလေးက အကြမ်းပတမ်းတွေ လုပ် တော့မလို့လား ဟား ဟား၊ မင်းက မင်းအဖေကို တော်တော်ချစ် တာပဲ၊ မင်းအဖေကလည်း သူ့သားအတွက် အရမ်း ဂုဏ်ယူတာတွ တွေ့ရင် မင်းအကြောင်း တဖွဖွနဲ့ ပြောမဆုံးဘူး၊ မင်းအဖေ ယူလာ ပြလို့ မဂ္ဂဇင်းတွေထဲမှာ မင်းပုံတွေ အရင်တည်းက အစ်မ မြင် ဖူးပါတယ်၊ မင်းကလည်း အဖေတူသား လူချောလေးပဲ၊ လူ ခပ်နွဲ့နွဲ့နဲ့ မင်းက ငါ့ကို သတ်မလို့လား၊ လူကော သတ်ရဲလို့လား”

“သတ်မသတ်ဆိုတာ အစ်မရဲ့ လုပ်ဆောင်မှုပေါ် မူတည်ပြီး ပြောင်းလဲလာမယ့် ကျွန်တော့်ရဲ့ ဆက်ဆံရေးပါ၊ သတ်ရဲမသတ်ရဲ ဆိုတာကိုလည်း အခြေအနေနဲ့ အချိန်အခါက အဖြေပေးသွား လိမ့်မယ်၊ ကျွန်တော်တို့နှစ်ယောက် ရန်သူဖြစ်ဖို့ မိတ်ဆွေဖြစ်ဖို့ဆို တဲ့ကိစ္စဟာ အစ်မရဲ့ ရွေးချယ်ဆုံးဖြတ်မှုနဲ့ပဲ သက်ဆိုင်ပါတယ်”

ချော့တစ်ခါ ခြောက်တစ်လှည့် ညှိပေမယ့် တားပေမယ့် အဆင် မပြေ။ “သူ့အနေနဲ့က ဒီတစ်သက် ယောကျ်ားကောင်းရဖို့ဆိုတာ မလွယ် တော့ဘူးလေကွာ။ မင်းတို့ ငွေပေးရင်ကော ဘယ်လောက်ပေးနိုင်မှာမို့ လို့လဲ။ တစ်သက်လုံးစာအတွက်ပဲ သူက တွေးတော့မှာပေါ့ကွ”ဟု ရှေ့ နှင့်ညှိနှိုင်းရန် ကြိုး တိုင်ပင်တော့ စုံစမ်းခိုင်းထားသူက ထောက်ပြထာ သတိရသည်။

အဲသည်မိန်းမ အဖေ့ကို တကယ်ပဲ စစ်မှန်စွာ မြတ်နိုးတာလား ပြောင်းလဲကတ်သည့်သဘောနှင့် ဖြစ်နိုင်ချေရှိသမို့ ကြိုး စဉ်းစားသုံးသ ပါသေးသည်။ ဆန်းစစ်၏။

“အစ်မကို ကျွန်တော် တရားဝင် လက်ထပ်ယူမယ်၊ ပြီးရင် အစ်မ ကျွန်တော်နဲ့ ရန်ကုန်မှာ လိုက်နေ၊ အစ်မအတွက် အဆင်ပြေအ ရမယ်၊ ကျွန်တော့်အဖေနဲ့အမေရဲ့ အိမ်ထောင်ရေးကိုတော့ မျှ





ကွဲပါစေနဲ့၊ အစ်မ သဘောတူလား”

“ဒါက တို့နှစ်ယောက်တည်းသဘောနဲ့ ပြီးတာမှမဟုတ်ပဲ မောင် လေးရယ်၊ လူကြီးတွေကို နင် တိုင်ပင်ကြည့်ပါဦး၊ ငါ့ဘက်ကတော့ ကန့်ကွက်စရာ မရှိပါဘူး”

ထို့ ရွံ့ဖို့ကောင်းလိုက်တာ။ အော်ဂလီဆန်လိုက်တာ။ အဲ့ဒါလား သစ္စာစောင့်သိမှု။ အဲ့စကားတွေ ခုချိန်ထိ နားထဲက မထွက်သေး။ ပြန် တွေးရင်းတောင် ပျို့ချင်အန်ချင်သည်။ ကမြင်းမ။

အဲသည်လို မိန်းမမျိုးလက်ထဲ အဖေ့ကို ထည့်ပေးရက်ပါ့မလား။ အဖေသိလျှင် စိတ်နာမလားဆိုပြီး ပြန်ပြောပြပေမယ့် စိတ်မနာ။ တဖျာ စိတ် ငယ်ထိပ်ရောက်ပြီး သုတ်ကြောင်ကြောင်နေတယ်ဆိုတာ ဒါလား အဖေ။

ထိုစဉ်က အဖေနှင့်အမေကို တူယှဉ်တွဲ ထိုင်စေပြီး ကြိုး ကန်တော့ သည်။

“ကျွန်တော့်ရဲ့ မိဘနှစ်ပါးကို နောက်ဆို ဒီလိုအတူတွဲ ကန်တော့ ခွင့် ရချင်မှရတော့မှာမို့ ကျွန်တော် ကန်တော့ပါတယ်၊ ဒီကန်တော့ မှုပြီးဆုံးချိန်ကစပြီး ဒီမိသားစု မပြိုကွဲဖို့အတွက် ဒီမိသားစုရဲ့ အရှက်သိက္ခာတွေအတွက် ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ကျွန်တော် ရိုင်းစိုင်းပါတော့မယ်”

ကန်တော့ပြီးတာနှင့် အံကိုတင်းတင်းကြိတ်၊ မျက်ရည်တွေ တသွင် သွင်စီးကျလျက် ကြိုးနှုတ်မှ စကားကြမ်းကြမ်းတွေ ထွက်လာပါတော့ သည်။

“စာရိတ္တမကောင်းတဲ့ ဖာသည်မတစ်ယောက်နဲ့ ထိစပ်တဲ့ မျိုးရိုးထဲ ကျွန်တော် အပါမခံနိုင်ဘူး၊ ဒါကြောင့် အိမ်ထောင်နှစ်ခုပေါင်း မှာကို ကျွန်တော် လုံးဝ လက်မခံနိုင်ဘူး၊ အဲဒီမိန်းမကို မပြတ်နိုင် ဘူးဆိုရင် ကျွန်တော်မသိအောင် ဒီအိမ်က ထွက်သွားပါ၊ ကျွန် တော် သိရင်တော့ မြင်တာနဲ့ ဇက်ကို ဓားနဲ့ပိုင်းမယ်၊ ကျွန်တော် မမြင်အောင် ထွက်သွားနိုင်တယ်ဆိုရင်တော့ အချိန် (၃)ရက်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ အဲဒီ (၇)ရက်အတွင်း လွတ်လပ်ရာကို ပြေးပါ၊ (၇)ရက်အတွင်း အဖေအဖြစ်က စွန့်လွှတ်ကြောင်း ကြော်ငြာရုံကလွဲပြီး ကျွန်တော် ဘာဆိုဘာမှ မလုပ်ဘူး၊ (၇)ရက်ပြည့်ရင်တော့ ကျွန်တော်ကိုယ်တိုင်ရှာပြီး နှစ်ယောက်စလုံးကို သတ်မယ်၊ ဟိုမိန်းမကို လူငှားပြီး တခြားသူ သတ်ခိုင်းရင် သတ်ခိုင်းမယ်၊ ကျွန်တော်ချစ်တဲ့ ကျွန်တော့်အဖေကတော့ တခြားသူလက်ချက်နဲ့ မသေစေရဘူး၊ ကျွန်တော့်လက်ချက်နဲ့ပဲ သေစေရမယ်၊ ကြိုက်တဲ့လမ်းကို ရွေးပါ"

ကြိုး အပိုပြောခြင်း ဖော်ခြင်း မဟုတ်။ တကယ်လုပ်ရဲသည့် လှုပ်ရက်သည့်စိတ်တွေ ဖြစ်ပေါ်ခဲ့ပြီ။ သူတောင် ပစ်ရက်သေးတာပဲ။ ထင်းခုတ်သည့်ဓားမကြီးကို မြနေအောင်သွေးပြီး ကြိုး အခန်းထဲမှာ ထောင်ထားခဲ့၏။ မချစ်တော့လို့ကား မဟုတ်။ ချစ်လွန်း တန်ဖိုးထား လွန်း၍သာ။ အတ္တဆန်သောအချစ်ဆိုတာ ဒါလား။

တစ်သက်နှင့်တစ်ကိုယ် ခန့်တည်သောအဖေ မျက်ရည်ကျတာ ထိုကြိုး တစ်ခါမှ မမြင်ဖူးပါ။ အဲသည်နေ့ကတော့ အဖေ မျက်ရည်ကျ သည်။ ရှိုက်၍ရှိုက်၍ငိုသည်ဟု အမေ လာပြောသည်။ "ဒီစကားတွေ ငါ့သားက ငါ့ကို ပြောတာတဲ့လား" ဟူ၍လည်း နှုတ်မှ တတွတ်တွတ် ညည်းနေသည်ဟုလည်း သိရ၏။ ကြိုးကိုတော့ တစ်ခွန်းတစ်ပါဒမှ တုံ့ပြန်မပြောပါ။ တစ်ချိန်က ကျွန်တော့်ရဲ့သူရဲကောင်းကြီး ယခုတော့ အားအင်ချို့နဲ့နေသော ယုန်သူငယ်လေးသဖွယ် ဖျော့တော့ဝပ်ဆင်းလို့. . .။ အပြစ်သား ခေါင်းမဖော်ရဲဘူးဆိုတာ ဒါလား အဖေ။

အရင်ကဆို ထိုသို့ ပြောဖို့နေနေသာသာ ဖခင်ကို လေသံမာမာနှင့်ပင် တစ်ကြိမ်တစ်ခါမှ ကြိုး မပြောဖူးခဲ့ပါ။ မပြောရဲခဲ့သလို ပြောချင်စိတ်လည်း မဖြစ်ပေါ်ခဲ့ပါ။ သိက္ခာကို တန်ဖိုးထားမြတ်နိုးတတ်အောင် အဖေပဲ သင်ပေးခဲ့တာ။ လိုအပ်ရင် ရဲရင့်ပြတ်သားတတ်ဖို့ အဖေပဲ မြှုပ်ပျိုးထောင်ပေးခဲ့တာ။ အဖေပေးအပ်ဆင်မြန်းထားတဲ့ လက်နက်တွေနဲ့ အဖေ့ကို ပြန်ပစ်ခတ်ရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး အဖေ





ကျေးဇူးတရားကို မှတ်သား၍ ကျေးဇူးပြန်ဆပ်ရမယ်၊ ကျေးဇူးရှင်ကို မပြစ်မှား မစော်ကားရဘူးဆိုတဲ့ အချက်ကို ကျွန်တော် အပြည့်အဝ မလိုက်နာနိုင်ဘဲ မျက်ကွယ်ပြုခဲ့တာ ဒီမိသားစုလေးကို ချစ်လွန်းလို့ပါ၊ အဖေ ဒုက္ခရောက်မှာစိုးလို့ပါ၊ မိဘကျေးဇူးဆပ်ဖို့ ငရဲအိုး ချိုးကပ်ရသူဆိုပြီး ရာဇဝင်သမိုင်းသစ် တွင်ချင်လည်း တွင်ရစ်ပါစေတော့။

အဲသည်ရက်တွေ ကြိုး နယ်မှာပဲ နေဖြစ်သည်။

အရာအားလုံး အဆိုးတွေချည်းဖြစ်မည့်လမ်းကို အဖေ ရွေးမှာ မဟုတ်ဘူးဟု အဖေ့အတွေးအခေါ်ကို ကြိုး ယုံကြည်ခဲ့၏။ ထို့ကြောင့် နယ်မှာ တစ်လနီးပါးနေပြီး အခြေအနေ အေးငြိမ်သလိုရှိတော့ အလုပ်တွေလည်း ရှိသမို့ ကြိုး ရန်ကုန်ပြန်လာခဲ့ပါသည်။

ဖခင်ဖြစ်သူ ကာလအတန်ကြာ ငြိမ်သွားသည်။ ဆိုင်ကယ်ယူငွေရှင်း ကိစ္စတွေကိုလည်း ဆွေမျိုးနီးစပ်တစ်ယောက်ကိုသာ တာဝန်ယူသွားလာလုပ်ကိုင်စေခဲ့သည်။ အဖေကတော့ ဆိုင်ထိုင်ပဲပေါ့။

ရန်ကုန်မှာဆိုပေမယ့် မိသားစုအရေးကို ကြိုး မျက်နှာလွှဲခဲပစ်မနေခဲ့ပါ။ အိမ်တွင်းရေးနှင့် ဖခင်အခြေအနေကို စောင့်ကြည့်ဖို့ လူတစ်ယောက်ကို လခသဖွယ်ပေး၍ မှာကြားခဲ့သည်။ ထိုလူ ပြန်ပြောလို့ပဲ ဟိုမိန်းမနှင့်ဖခင် ဖုန်းအဆက်အသွယ် ပြန်လုပ်နေတာ ကြိုး သိခဲ့၏။ သိတာနှင့် အဲသည်မိန်းမကို ဖုန်းဆက်၍ ထပ်တားမြစ်သည်။ အမှန်တော့ ကိုယ့်လူကိုပဲ နိုင်အောင်ထိန်းရမှာပါ။ ကိုယ့်လူကို မနိုင်လို့ တစ်ဖက်ကို သွားပြောရတာလေ။

ဉာဏ်မီတတ်စွမ်းသရွေ့တော့ အစွမ်းကုန် ကြိုးစားတားဆီးခဲ့ပေမယ့် မဖြစ်ချင်သည့် ဘဝအပြောင်းအလဲကြီးက တကယ်ပဲ ဖြစ်လာခဲ့ချေပြီ။

ရေဘေးမှ နယ်ပြန်ရောက်တာနှင့် ကြိုး ဒေါသအိုးပေါက်ကွဲကာ ထိုမိန်းမနေထိုင်ရာမြို့သို့ လိုက်သွားဖို့ပြင်တော့ အမေက တားသည်။

"အမေတို့ကို မတွယ်တာလို့ သူ ထားသွားပြီပဲ သားရယ်၊ လင်ကို ဆုံးရှုံးပြီးပြီ၊ သားကို အမေ ထပ်မဆုံးရှုံးရပါစေနဲ့၊ ဒေါသကို ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ထားရင် ငါ့သား မှားမှာပေါ့၊ အမေနဲ့ ညီမလေးအတွက် သား ရှိနေဖို့ လိုသေးတယ်လေ"

ညီမလေးကလည်း ငို၍ ကြိုးကို ဆွဲထားသည်။ အမေနှင့်ညီမလေး သောကထပ်တိုးမှာစိုး၍ မသွားတော့သလို ကြိုး ဟန်မပျက်နေလိုက်၏။

အဖေနှင့်ပတ်သက်၍ သားသမီးတွေရှေ့မှာ အမေ တစ်စက်က လေးမှ မျက်ရည်ကျမပြပါ။ ကွယ်ရာမှာတော့ အမေ တသိမ့်သိမ့်ရှိုက်၍ တိတ်တဆိတ် ခိုးဝှက်ငိုကြွေးနေမှာ အသေအချာပါပဲလေ။ သားသမီးတွေ အဖေကို မုန်းမှာစိုးလို့၊ ဒေါသကို ပိုဆွသလိုဖြစ်မှာစိုးလို့၊ အပြစ်ဖြစ်မှာ စိုးလို့ အမေ မျိုသိပ်ထိန်းချုပ်ထားရတဲ့ ခံစားချက်တွေ အများကြီးဆို တာ သား သိနားလည်ပါတယ် အမေရယ်။

အလုပ်နှင့်ပတ်သက်သော စာရင်းဇယားတွေ ကြိုး စစ်သည်။ အထက် ဆိုင်ကယ်ဒိုင်တွေကို ပေးရမည့် အကြွေးငွေက သိန်းရာကျော် သည်။ လက်ရှိပစ္စည်းတန်ဖိုးက သိန်းရာဂဏန်း။ ရရန်ရှိသည့်အကြွေးက သိန်းတစ်ရာနီးပါး။ လက်ရှိငွေက ၁၀သိန်းပြုပြုလေး။ ကြိုး ခေါင်းချာစိုင်း သွားတော့သည်။

ချိန်ညှိကြည့်တော့ ပိုငွေက သိန်း ၃၀လောက်သာ ကျန်တော့ သည်။ ဒါလည်း စာရင်းအရ အပြသာရှိသည်။ လက်ထဲတွင် မရှိ။

ရန်ကုန်ရှိ ကြိုးအလုပ်ကလည်း ကျဆင်းနေချိန်။ အရင်တည်းက ဝင် ကြိုးက လက်ဖွာတာမို့ အိမ်ကို ပြန်တောင်းရတာတွေပင် ရှိခဲ့၏။ အခြေအနေအရ မိသားစုစီးပွားရေးအတွက် တစ်လမ်းပဲ ရွေးချယ်ရတော့ မှာမို့ ကြိုး နယ်ပြန်နေရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ရန်ကုန်ရှိ အလုပ်ကိစ္စတွေ ရှင်းဖြတ်ဖို့ ထွက်အလာ အမေနှင့် ညီမလေးမသိအောင် ဟိုမိန်းမနေထိုင်ရာမြို့သို့ သွားပြီး သူတို့နှစ် ယောက်ကို ရှာဖွေသေးသည်။ မတွေ့။ နှစ်ယောက်စလုံး အစပျောက် ခြေရာဖျောက်သွားခဲ့သည်။ ကြိုး စောင့်ကြည့်ခိုင်းထားသူလည်း တိကျစွာ ဘာမှမပြောနိုင်။ တစ်နေ့နေ့တော့ ပြန်ဆုံတွေ့ဦးမှာပါလေ။

သူတစ်ပါးအကြွေးတွေ ကျေစင်အောင် မဆပ်နိုင်သေးသရွေ့





တော့ ခင်ဗျားတို့နှစ်ယောက်ကို ဘာမှ လုပ်ဖြစ်ဦးမှာ မဟုတ်ပါဘူး။ အကြွေးတွေ ကျေစင်အောင်ပေးဆပ်ပြီးတဲ့တစ်နေ့ ပြန်ဆုံတွေ့ပြီဆိုရင် တော့ဖြင့်. . .

အဇာတသတ်ထက် မိုက်လုံးကြီးသူတစ်ယောက်ကို ခင်ဗျားတို့ မျက်ဝါးထင်ထင် နာနာကျင်ကျင် တွေ့မြင်ရင်ဆိုင်ရပါလိမ့်မယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့ကလေးမှ ထွက်ခွာသွားစဉ်က အောင်မြင်မှုတွေ ရရှိအောင် ကြိုးစားဖို့ ဖြစ်သည်။ ယခုတော့ နိမ့်ပါးမှုများဖြင့် မြို့ကလေးသို့ ပြန်လည်ရောက်ရှိခဲ့ရလေပြီ။

အဖေ အိမ်ကထွက်သွားတယ် ကြားသိတာနှင့် ကြွေးရှင်တွေက ဖုန်းဆက်၍ ငွေလှမ်းတောင်းသည်။ မသိမသာ သိမ်မွေ့ယဉ်ကျေးစွာပါပဲ၊ ဒါပေမယ့် ကြွေးတောင်းခံရတာက ကြွေးတောင်းခံရတာပဲပေါ့။ ပေးစရာရှိလို့ အတောင်းခံရတာပဲလေ။

ရှိသမျှငွေ ရသမျှငွေနှင့် တတ်နိုင်သလောက် အရင် ဖဲ့ဆပ်ထားသည်။ ကျန်တာကို ဖြည်းဖြည်းချင်း ပေးမည့်အကြောင်း တောင်းပန်စကားဆိုပြီး လိုအပ်ပါက ပစ္စည်းတွေ ထပ်ချပေးဖို့လည်း အောက်ကျို့တာ မေတ္တာရပ်ခံရ၏။ ယခုနှစ်မှ ဆိုင်ကယ်အရောင်းအဝယ်က လုံးဝမကောင်း။ ကာစတန်ဂျူတီဆိုင်ကယ်တွေဝင်တာနှင့် လိုင်စင်ကိစ္စ တင်းကြပ်မှုတွေ၊ နိုင်ငံရေး အပြောင်းအလဲတွေကြောင့် ရောင်းအားက သိသိသာသာကြီး ထိုးကျဆင်းသွား၏။ လက်ကျန်ပစ္စည်းတွေ ကုန်အောင်ပင် မနည်း ဖြတ်နေရသည်။ ရောင်းအားကောင်းချိန် ဝယ်ယူထားချိန်က ဈေးများသဖြင့် ကာလပေါက်ဈေးနှင့် ပြန်ရောင်းရတော့ အရှုံးပြတာတွေပင် ရှိ၏။ တချို့ ဆိုင်ကယ်အရောင်းဆိုင်တွေဆို ဆက်မရောင်းတော့ဘဲ ရပ်၍ အလုပ်ပြောင်းပစ်ကြ၏။

ကြိုးက အဲ့လို။ တုတ်ဝေမယ့်အလှည့်နဲ့ တည့်တည့်တိုးတာ။ နေ့စဉ်အထွေထွေအသုံးစရိတ်ကလည်း တဖွဲဖွဲ ကုန်နေတာပဲလေ။ တဖြည်းဖြည်း ပရုတ်လုံးလို လုံးပါးပါးလာသည်။ တခြားအလုပ်ပြောင်းဖို့ကလည်း လက်ထဲမှာ အရင်းအနှီးက မရှိ။ အမေက ရှိစုမဲ့စု လက်ဝတ်ရတနာလေးတွေ ထုခွဲရောင်းချမယ်ပြောပေမယ့် မထိရက်။ ဘာလုပ်ရမှန်းလည်း မသိ။

"ငါက တန်ခိုးရှိတာပဲ၊ ဒီအခက်အခဲတွေ ကျော်ဖြတ်နိုင်ရမယ်"

ဟူ၍ စိတ်မာန်တင်းသည်။ စိတ်ကူးထဲကလိုတော့ လက်တွေ့ဟာ ဘယ်ချိုမြိန်ပါ့မလဲ။





နေပူမရှောင် မိုးရွာမရှောင် ချစ်တီးတစ်ယောက်လို ကြွေးတောင်းထွက်ရသည်။ ကြွေးယူပြီးပြီး တောင်းတော့မှန်းဆိုတာ တကယ်ပါပဲ။ သူတို့လည်း အခက်အခဲရှိလို့ မပေးနိုင်တာဖြစ်မှာပဲဆိုတာ တွေးမိပေမယ့် ကိုယ်ကလည်း ကိုယ့်အခက်အခဲနဲ့ ကိုယ်လေ။ လိုချင်တာပေါ့။

အဖြစ်တစ်ခုဆို တော်တော်ဆိုးသည်။

တခြားမြို့ကလူတစ်ယောက် ဆိုင်ကယ် အကြွေးလာဝယ်သည်။ ၁၅ရက်ဆိုင်း။ ၁၅ရက်ပြည့်လျှင် ပေးမည်ပေါ့။ ဝယ်သူကို မသိပေမယ့် ရင်းနှီးသော ကြားပွဲစားက အာမခံတော့ ပေးလိုက်သည်။ ၁၅ရက်ပြည့်တော့ လာမပေး။ ကြားပွဲစားက သွားတောင်းတော့ လင်မယားနှစ်ယောက် ဝါးရင်းတုတ်နှင့် ဝိုင်းရိုက်လွှတ်သည်။ ဆိုင်ကလူတွေကို အုပ်စုလိုက် သွားတောင်းခိုင်းတော့လည်း မချေမငံ ပြောလွှတ်သည်။ ကြိုးကိုယ်တိုင် ထိုမြို့လိုက်သွား၏။ ငွေမရလို့ ပစ္စည်းပြန်သိမ်းဖို့ကလည်း မလွယ်။ စုံစမ်းကြည့်တော့ အကြွေးဝယ်ထားသော ဆိုင်ကယ်ကို ပေါင်ထားသတဲ့။ အပေါင်ဆိုင်က တရားဝင် အပေါင်ဆိုင်။ အပေါင်လက်မှတ်နှင့် ငွေအကျေချေမှ ဆိုင်ကယ်ပြန်ပေးမယ် ပြော၏။ အပေါင်လက်မှတ်က ဝယ်သူဆီမှာ။

ရဲခေါ်သွားပြီး ကြိုး ခြောက်သည်။ မဖြူ။ အပေါင်လက်မှတ်သာ ထုတ်ပေးပြီး "ကိုယ့်ဘာသာ ရွေးယူ၊ ရွေးပေးစ[illegible]ကျေနပ်ရင် ကြိုက်သလိုလုပ်၊ လူကိုရိုက်ချင်လည်း ရိုက်သွား၊ ထောင်ချရင်လည်း ချ"တဲ့။ အဟုတ်ဗျာ။

"ခင်ဗျား ဆိုင်ကယ်ပေါင်လို့ရထားတဲ့ ငွေတွေကကော"

"မရှိတော့ဘူး၊ အရင်အကြွေးတွေ ဆပ်လိုက်ပြီ၊ ဒါတောင် ပေးစရာတွေ ကျန်သေးတယ်၊ အရေးပေါ်လိုလို့ မင်းတို့ဟာကို ခဏလှည့်လိုက်တာ"

ဩော် သူငွေလှည့်တာက အမိုက်နော်။

လူပုံစံက ဖရိုဖရဲ ညစ်စုတ်စုတ်နှင့်။ အသက်က ၄၀ခန့်။ အရက်နံ့သင်းနေကာ မထိမဲ့မြင်ဟန်အပြည့်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေမထူးနေမထူး ဖြစ်နေသည့်ပုံစံ။ နေသည့်အိမ်ကလည်း တဲသာသာ။ ဒါကို အာမခံပေးသူပဲ အုံ့ပါရဲ့။ ပွဲခရဖို့သာ မက်နေတာ ဖြစ်မှာပေါ့။ ငါးစာသာမြင်ပြီး ငါးမျှားချိတ်မမြင်။

ထုံးစံအတိုင်းဆို အာမခံပေးသူကသာ အပြီးအစီး တာဝန်ယူရမှာ ဖြစ်ပေမယ့် ထိုလူက ဆေးရုံရောက်နေတော့ ကြိုးကိုယ်တိုင် ဝင်ပါရတာ။ ထိုလူ့ခမျာ အရိုက်ခံရပေမယ့် အမှုလည်း မဖွင့်ရဲ။ ကိုယ်တွေရောင်းထားသည့် ဆိုင်ကယ်က တရားမဝင် လိုင်စင်မဲ့ကြီးလေ။ တသီကြီး ပါကုန်မှာပေါ့။ ကိုယ်မှုမမှန်တော့ လုပ်ချင်သလို လုပ်မရ။ နောက်ဆုံး ကြိုး မျက်လုံးကစားပြီး ချစ်တီးဇာတ်ခင်းရပါတော့သည်။

"ဝက်မကြီးနဲ့ ဝက်သားပေါက်တွေ ရှိတယ်၊ အဲ့ဒါတွေ အကုန်ဖမ်းရောင်းပြီး ဈေးဖြတ်မယ်၊ မကျေနပ်ရင် ကြိုက်သလိုရှင်း"

ကြိုးမျက်နှာ မာတင်းကာ အသံက ဟိန်းညံထွက်လာ၏။ အဲ့သို့ လုပ်မှပဲ အထိုက်အလျောက် ပြန်ရတော့မှာလေ။ အခြေအနေက တကယ့် မလွယ်ကြောကြီး။

ကြိုးနောက်က လိုက်ပါလာသူတွေက ဝက်သားပေါက်ကလေးတွေ ဖမ်း၍ ဂုံနီအိတ်တွေထဲ ထည့်သည်။ ဝက်မကြီးက ကျယ်လောင်စွာ အော်မြည်ပြီး ဖမ်းသူတွေကို လိုက်ကိုက်၏။ ရိုက်ကန်ထုတ်ပေမယ့်လည်း မသွား။ မပြေး. . .။ သားသမီးဇောလေလား. . .။

"မိစု. . . သမီးကြီး. . . သမီးကြီးတို့စားဖို့ အမေချက်ထားတဲ့ ညနေစာလေးကို စားသွားပါဦး. . .၊ အမေ့ရဲ့စုဘူးကြီး မိစု အခုတော့ အမေနဲ့ ခွဲရတော့မှာပေါ့. . .၊ ရှိ. . . ရှိ. . . လာ လာ. . . အမေချက်ထားတဲ့ ညနေစာလေး စားသွားပါဦး သမီး ကြီးရယ်. . ."

ဖျော့ရော်နွမ်းဖျော့သော အဝတ်အထည်တွေ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး။ အနားသားပဲ့နေသော ကော်ပုံးတစ်ခုဆွဲ၍ အိမ်ထဲမှ ထွက်လာပြီး ဝက်မကြီးကို အစာကျွေးသည်။ ဝါးပိုးဝါးကို အဆစ်နှစ်ခုပါ အောင် ဖြတ်၍ အလယ်တွင်ထွင်းကာ ပြုလုပ်ထားသော ဝက်စာခေါင်း





ထဲ ဆန်ကွဲနှင့်ဖွဲနု ရောကျိုထားတာတွေ ထည့်ပြီး လိုက်ကျွေးပေမယ့် ဝက်မကြီးက မစား။ စူးရှစွာ အော်မြည်ရင်းသာ သူ့သားသမီးတွေအား ဖမ်းသူတွေကို လိုက်လံထိုးကိုက်နေပါ၏။

ဝက်ကလေးတွေကို အရင် ဆိုက္ကားတစ်စီးနှင့်တင်၍လွှတ်လိုက်ပြီးနောက်တော့ ဝက်မကြီးကိုပါ ဖမ်းချုပ်၍ ကြိုးတွေနှင့် အထပ်ထပ်တုပ်ပြီး ဆိုက္ကားပေါ် တင်သည်။ ဝက်အော်သံတွေ ပတ်ဝန်းကျင်တစ်ခွင် ဆူညံစွာ ပျံ့လွင့်နေပါသည်။

ထိုမြင်ကွင်းကိုကြည့်၍ ကြိုး မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာလေသည်။ အံကိုတော့ ခပ်တင်းတင်း ဖိကြိတ်ထားချေ၏။

တစ်ချိန်က ဟောပြောပွဲစင်မြင့်တွေထက်မှာ နေရာယူခဲ့သော၊ ရုပ်ရှင်ဗီဒီယိုရိုက်ကွင်းတွေမှာ စီမံလှုပ်ရှားခဲ့သော၊ ပရဟိတတွေ ဆောင်ရွက်လုပ်ကိုင်ခဲ့သော. . . 'ကြိုး'ဆိုတာ ငါတဲ့လား. . .။

သားသမီးမကောင်း မိဘခေါင်းတဲ့။
မိဘမကောင်းရင်လည်း သားသမီးခေါင်းထိတာပါပဲ။

ထမင်းအိုးကျက်စေဖို့. . .
ခင်ပျားတို့ စိုက်ပျိုးခဲ့တဲ့ သစ်ပင်ကလေး
အခုတော့ ထင်းတစ်ချောင်းအဖြစ်
မီးလောင်တိုက်အသွင်းခံနေရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဝေးလေသေးလေဆိုတဲ့ သီအိုရီတစ်ခုရှိပေမယ့် နင်ဟာ ငါ့အတွက်တော့ ဝေးလေမြတ်နိုးလေ ဖြစ်ရတဲ့ ကြယ်ကလေးတစ်လုံးပါပဲ အမရာ. . .။

ခက်ခဲကြပ်တည်းမှု၊ ပင်ပန်းဆင်းရဲမှုတွေကြားကပဲ အမရာ့ကို ကြိုး မေ့ပစ်လို့ မရပါ။ အရင်အခြေအနေနဲ့တောင် မမှန်းရဲသေးတာ ယခုဆို ပိုလို့သာဝေးပေ့ါ။ အနီးကပ်ငေးမက်ခွင့်တောင် မရတော့တဲ့ ဘဝပါလေ။

တစ်ရက် အမရာ ကြိုးဆီဖုန်းဆက်၍ အပြစ်တင်သည်။

"နင်က ငါ့ဆီ ဖုန်းဆက်ဖော်တောင် မရဘူး၊ ငါ့မှာတော့ သတိရ လိုက်ရတာ"

ဝမ်းနည်းသလိုလို ကြည်နူးဝမ်းသာသလိုလို။ ခံစားရတာ ဘယ်လို ကြီးမှန်းကို မသိ။ အရင်ဆို တစ်လသိန်းချီကုန်ကျသည့် ဖုန်းဘေလ်တို့ ယခု တစ်လလျှင် တစ်သောင်းကဒ်တစ်ကဒ်ထက် ပိုမသုံးစွဲရဲလောက် အောင် ဖြစ်နေတာ သူမကို ပြောမပြဖြစ်ပါ။

"ငါလည်း နင့်ကို သတိရတာပေ့ါ၊ ဒါပေမယ့် ငါမအားလို့ အလုပ် များနေလို့ပါဟာ၊ နင် ကျန်းမာရေး ဂရုစိုက်နော်၊ စီးကရက်တွေ အရမ်းမသောက်နဲ့၊ ညဘက်လည်း အပြင်ခိုးထွက်ပြီး တစ်ယောက် တည်း လျှောက်သွားမနေနဲ့ဦး၊ ငါ စိတ်မချဘူး၊ စိတ်ပူတယ်ဟာ၊ နင် မူးယစ်ဆေးတွေတော့ ယောင်လို့တောင် ပြန်မသုံးပါနဲ့ နော်"

"အေးပါဟ၊ နင်ကော အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ"

ညည်းညူမပြချင်ပါဘူး ချစ်ရသူရယ်. . .။ ငါ့အပူတွေ နင့်ထံ ကူးစက်လောင်ကျွမ်းမှာ စိုးလို့ပါ။

တွဲလက်အတွက်လည်း အလှူငွေ ကောင်းစွာ မထည့်ဝင်နိုင်တော့။ တွဲလက်ပရဟိတသည် ထူးအောင်နှင့် အိပ်မက်ကိုး၏ ဦးဆောင်မှု၊ ကျန် Admin တွေနှင့် မိသားစုဝင်တို့၏ စည်းလုံးညီညွတ်မှုတို့ဖြင့် ပီတိဖြစ် ဖွယ် ဆက်လက်ရှင်သန်လေသည်။ ပရဟိတကိစ္စတွေကိုလည်း ဖုန်းနှင့်





ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ရံဖန်ရံခါ အကြံပေးခြင်းမျိုးသာ ကူနိုင်တော့၏။ ဒါလည်း ထိရောက်စွာ အချိန်ပေး ပြုလုပ်မပေးနိုင်၊ လျှပ်စစ်မီး မမှန်တာ၊ ဖုန်းလိုင်းတွေ ပြတ်တောက်ပြတ်တောက်ဖြစ်တာ၊ အင်တာနက် ကွန်နရှင် မကောင်းတာတွေကြောင့် အသုံးပြုချင်ပြီဆိုလျှင် တစ်ခုမဟုတ် တစ်ခု၊ တစ်ခါတရံ စုပြုံ၍ အဆင်မပြေတာတွေနှင့် မကြာခဏ ကြုံရ သည်။ အားလပ်ချိန်နည်းပါးသလို ပင်ပန်းသဖြင့် စဉ်းစားတွေးတောစရာ တွေနှင့် စောစောအိပ်ရာဝင်ဖြစ်တာလည်း များသည်။ ကိုယ် အားလပ် သည့်အချိန် လျှပ်စစ်မီးလာ၍ အင်တာနက်ကွန်နရှင်ကောင်းသည့်အခါ တွေမှသာ အွန်လိုင်းသုံးနိုင်သည်။ မြန်မာပြည်တွင် "အင်တာနက်ကွန် နရှင်ကောင်းတယ်"ဆိုသည်မှာ သုံး၍ရရုံ အဆင်ပြေမှုလေးကို တင်စား ပြောဆိုခြင်းဖြစ်၏။ အဆင်ပြေအားလပ်၍ အွန်လိုင်းတက်ဖြစ်သည့် အခါတွေမှာ ကြုံတိုက်လျှင်တော့ အမရာနှင့်လည်း စကားပြောဖြစ်ပါ၏။ ဒါပေမယ့် တိုတိုပြတ်ပြတ် ခဏသာ။ အင်တာနက်သုံးစွဲခကလည်း ဈေး မနည်းဘူးမို့လား။

တိုးတက်နေတဲ့ခေတ်မှာ ကမ္ဘာကြီးဟာ ရွာတစ်ရွာတဲ့။ လျှပ်စစ် မီးမမှန်တာနှင့် ဖုန်းလိုင်းတွေ ပြတ်တောက်ပြတ်တောက်ဖြစ်တာ၊ အင် တာနက်ကွန်နရှင် မကောင်းတာတွေကြောင့် တစ်ခါတစ်ခါ ရွာပျက်ကြီး ထဲ ရောက်နေသလိုပါပဲ။

ဗုဒ္ဓအဘိဓမ္မာတွင် 'ငါ'နှင့် 'အခြားသူ' ဟူ၍မရှိဘဲ ခန္ဓာငါးမျိုး တို့ အချိုးကျဖွဲ့စည်းတည်ဆောက်ထားသည်ကို 'လူ'ဟု ခေါ်ဆိုသည် ဖြစ်လေရာ မိမိကိုယ်တိုင် ထမင်းဆာသဖြင့် ထမင်းစားသည်ကိုပင် ပရဟိတဟူ၍ သတ်မှတ်နိုင်ကြောင်း မှတ်သားရပါသည်။ အင်္ဂလိပ်စာ ပေတွင် 'Charity Begins at Home' ဟူ၍ 'ဒါနဆိုတာ မိမိအိမ်မှ စတင်ပြုလုပ်ရသည်'ဟု အဆိုရှိလေသည်။

ထို့ကြောင့် မိမိဘဝအတွက် ပြည့်စုံအောင် ကြိုးစားခြင်း၊ မိသားစု တို့ ပြုစုလုပ်ကျွေးခြင်းတို့သည်လည်း ပရဟိတနယ်ပယ်တွင် ပါဝင်သည် ဟူ၍သာ မိမိစိတ်ကို ဖြေသိမ့်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားကြီးဦးသာအောင်
လယ်မရှိတော့ နွားတွေပေါင်။
တို့လုံမေ မခင်မြ
ယာဉ်ကြောပိတ်လို့ ရှင်းမရ။
ဦးဖိုးကျားက ကျောင်းဆရာ
ကျူရှင်ကျမှ သင်ပေးတာ။
ကိုဖိုးမောင် အလုပ်သမား
သမဂ္ဂဖွဲ့ဖို့ သူကြိုးစား။
စာဖြန့်ဖြူးရေး ကိုသိန်းတန်
စာပို့ရာတွင် ငွေတောင်းခံ။
မလှမွန် သူနာပြု
လက်ဆောင်ပေးမှ ဂရုပြု။
ရဲသားကြီးက ကိုလှရွှေ
ချဲဒိုင်တွေနဲ့ အရက်သောက်နေ။
ကားဆရာ ကိုဘသောင်း
ခါတ်ဆီခိုးပြီး ဆိုင်ပြန်ရောင်း။
ကျောင်းသူကျောင်းသားတို့အဖော်
အရွယ်ရောက်လို့ကြီးပြင်းသော်
ချက်တင်ဆိုင်မှာတန်းခွဲထား ကြင်ဖော်ရှာဖို့သွား။

ရပ်ကွက်ထဲမှာ ကလေးတချို့ အော်ရွတ်နေကြသော ကဗျာတစ်ပုဒ်ဖြစ်လေသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အမှတ် ၂၈(ဂ)တွင်. . . "အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်"ဟု ပြဋ္ဌာန်းချက် ပါရှိပေမယ့် မြို့၏ ဆင်ခြေဖုံးဒေသတွင် နေထိုင်သော ကြိုးတို့ပတ်ဝန်းကျင်တွင် ကျောင်းနေအရွယ်ဖြစ်ပါလျက် ကျောင်းမနေနိုင်သောကလေးတွေ အများကြီးတွေ့မြင်ရလေ





သည်။ အခမဲ့ဆိုပေမယ့် ကျောင်းဝတ်စုံနှင့် အခြားအထွေထွေ ကုန်ကျစရိတ်တွေ ရှိသေးတာပဲလေ။

ကျောင်းအပ်ခ အခမဲ့နှင့် ကျောင်းသုံးစာအုပ်တွေ အခမဲ့ ထုတ်ဝေပေးပေမယ့် အလှူငွေ၊ ဆရာကန်တော့ကြေး၊ ဘာကြေးညာကြေးဆိုပြီး မကြာခဏ ကောက်တယ်ဟု နွမ်းပါးသော ကျောင်းသားမိဘတွေက ညည်းပြကြသည်။

မြန်မာနိုင်ငံ၏ ၂၀၁၁ခုနှစ် အလုပ်လက်မဲ့နှုန်းမှာ လေးရာခိုင်နှုန်းသာရှိပြီး နိုင်ငံတကာနှင့်ယှဉ်လျှင် များသည်ဟု မဆိုနိုင်ကြောင်း ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ကြေညာသည်။ အလုပ်လုပ်သူတိုင်း ဝင်ငွေ သင့်တင့်လျောက်ပတ်စွာ ရရှိပါသလား. . .။

တချို့အိမ်ထောင်စုတွေဆို တစ်မိသားစုလုံး အလုပ်တွေ မနားမနေ လုပ်နေကြပါရဲ့။ ဒါပေမယ့် ဝမ်းဝရုံ ဖြစ်သလိုစားရရုံသာ။ သင့်တင့်လျောက်ပတ်စွာပင် မဝတ်ဆင်နိုင်။ တချို့နေ့ရက်တွေ စားဖို့ အဆင်မပြေတာတွေပင် ရှိသည်။ မိသားစုစားဝတ်နေရေးမှ မပြေလည်တာ ကလေးကို ကျောင်းပို့၍ ဘယ်လို ပညာသင်စေမတုန်း။

လယ်ထဲချောင်းထဲ ငါးရှာ ဟင်းရွက်ခူး၍ ရပ်ကွက်အတွင်း လှည့်လည်ရောင်းချနေရသော ပညာသင်အရွယ် ကလေးငယ်တွေရှိသည်။ သူတို့ခမျာ ထိုသို့လုပ်မှ တစ်နေ့ မြန်မာငွေ နှစ်ရာ၊ သုံးရာ၊ အများဆုံး ငါးရာကျပ်လောက်ရတာ။

မကြည့်ရက်ပေမယ့် မြင်နေရလေသည်။

ကျောင်းနေအရွယ်ဖြစ်ပါလျက် ကျောင်းနေဖို့ အခက်အခဲ ဖြစ်နေသော နီးစပ်ရာကလေးတစ်ဦးအတွက် ကြိုး ပညာသင်စရိတ်ထောက်ပံ့ကာ ကျောင်းနေစေခဲ့သည်။ နယ်မြို့ မူလတန်းဆိုတော့ ကုန်ကျမှုလည်း သိပ်မများပါဘူး။ ထိုကလေး၏ ဖခင်က ရေထမ်းရောင်း၍ မိခင်တရပ်ကွက်တွင်း အိမ်တွေမှာ လှည့်လည်အဝတ်လျှော်သည်။ ကြားဖောက်၍ လင်မယားနှစ်ယောက် အိမ်သာကျင်းတူးတာ၊ မြက်ရှင်းတာ စသဖြင့် ကြုံသလို ကျပန်းအလုပ်တွေလည်း လုပ်၏။ ရင်နာစရာကောင်းတာက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်မနေနဲ့၊ အပိုအလုပ်ရှုပ်တယ်"ဆိုပြီး ကလေးကို ကျောင်းမသွားခိုင်းတော့ဘဲ ကလေးပညာသင်စရိတ်အဖြစ် ကြိုး ပေးထားသောငွေတွေဖြင့် ကလေးရဲ့ဖခင်က အရက်သောက်ပစ်သည်။ ဘိလိယက်ထိုးသည်။ မိခင်ကလည်း ချဲနှစ်လုံး ဆော့သည်။ လင်မယားနှစ်ယောက်စလုံး အလုပ်ပင် ပုံမှန်မလုပ်ကြတော့။

ထိုသတင်း ကြိုး ပြန်ကြားသိရတော့ နာကျင်ရသည်ပဲပေါ့။ ကိုယ်လည်း သိပ်ပြေလည်နေလို့မှ မဟုတ်တာ။ တခြားနေရာတွေမှာ အသုံးစရိတ် ချွေတာ၍ ပေးကမ်းထားရတာ။ ကူညီမှုလေး ထိရောက်စေချင်တာပေါ့။ မိမိစိုက်ပျိုးမှု၏ အသီးအပွင့်ကိုတော့ မည်သူမဆို လှပစွာ မြင်ချင်မှာပဲလေ။

ထိုကလေး၏ မိဘနှစ်ပါးနှင့် ကြိုးသွားတွေ့ပြီး အေးဆေး စကားပြောသည်။ ကလေးကို ကျောင်းပြန်တက်စေခဲ့၏။

"ခင်ဗျားတို့ ဘယ်နေ့သေမလဲဆိုတာ ကြိုသိတာ မဟုတ်ဘူး။ မတော်တဆ ခင်ဗျားတို့ ဖြန်းစားကြီး ကွယ်လွန်တိမ်းပါးသွားခဲ့ရင် ကလေးရဲ့နောင်ရေးအတွက် စဉ်းစားပါ။ ခင်ဗျားတို့ ဒီဘဝ ဒီအခြေအနေမှာပဲ နေခဲ့ရသလို ခင်ဗျားတို့ရင်သွေးရဲ့ ဘဝကို ဒီလိုနဲ့ပဲ ပြီးဆုံးစေချင်တာလား၊ ကလေးက ရှေ့လျှောက် လူလုပ်ဖို့ အချိန်တွေ အများကြီး ကျန်သေးတယ်၊ ကျောင်းနေ ပညာသင်မှ အပေါင်းအသင်းကျယ်ပြန့် လူဝင်ဆံ့ပြီး ဗဟုသုတတွေရ အတွေးအခေါ် ဆင်ခြင်ဉာဏ်တွေ ထက်သန်လာမှာ၊ အသိအမြင်တွေ ဖွံ့ဖြိုးလာမှာလေ"

ပညာ၏ အရေးပါမှု တန်ဖိုးသတ္တိကို မသိနားမလည်သူတွေ ယနေ့တိုင် ရှိသေး၏။ ဒါကြောင့် ဆင်ခြေဖုံးဒေသနေ ပြည်သူများ အသိအမြင် တိုးတက်ပွင့်လင်းစေရန် ကျယ်ပြန့်စွာ လှုံ့ဆော်ဆောင်ရွက်ဖို့ အချက်မှာလည်း အဓိကကျ လိုအပ်လှပေသည်။

အခြားသူတွေကို ကြုံလျှင်ကြုံသလို သွန်သင်ဆုံးမသလို ဩဝါဒတွေ ခြွေနေပေမယ့် ကြိုးကိုယ်တိုင်ကတော့ တအိအိပြိုပဲ့ကျနေသော ကမ်းပါးသဖွယ် ဖြစ်လို့နေပါပြီ။





"အရင်က ကွမ်းမစား ဆေးလိပ်မသောက် အရက်မသောက်တဲ့ အမေ့သား အခုတော့ ပါးစပ်မှာ ကွမ်းဝါးတတ်နေပြီ၊ လက်ကြားမှာ ဆေးလိပ်နဲ့၊ အရက်နံ့လည်း သားဆီက ရတတ်နေပြီ၊ သား စိတ်ညစ်မယ် စိတ်ဖိစီးမှုတွေ များနေမယ်ဆိုတာ အမေသိပါတယ်၊ ဒါပေမယ့် တတ်နိုင်သလောက်တော့ ထိန်းပါကွယ်"

"ဟုတ်ကဲ့ပါ အမေ၊ စိတ်ချပါ၊ ကျွန်တော် အလွန်အကျွံ မဖြစ်စေရပါဘူး"

မှန်တာပြော အမေ့ကို စိတ်ချမ်းသာအောင် ညာနေတာပါပဲ။

အရင်က ကွမ်းစားတာကို ရွံစရာတစ်ခုသဖွယ် ထင်မြင်သော ကြိုး ဆိုင်ထိုင်ရင်း ကြွေးတောင်းထွက်ရင်း ကွမ်းတသွတ်သွတ်ဝါးလေ့ရှိ သည့်ဆိုင်မှလူတွေထံက ကွမ်းကို တောင်းယူ၍ ဝါးတတ်နေပြီ။ ညနေ တစောင်းဆို နီးစပ်ရာ အပေါင်းအသင်းတွေနှင့် အရက်ဆိုင်ထိုင်တတ်နေပြီ။ မူးလျှင်ပြီးကော ဈေးပေါသောအရက်တွေ သောက်သုံးရာမှာလည်း ကျင့်သားရနေပါပြီ။ ဆေးလိပ်သောက်နှုန်းကလည်း သိသိသာသာ တိုးတက်လာ၏။ စီးကရက်သာ မဟုတ်တော့ဘဲ တစ်ခါတရံ ကြုံသလို ဆေးပေါ့လိပ်ပါ ဖွာရှိုက်၏။

ဆေးလိပ်သောက်ချိန်တွေဆို အမရာကို ပိုလွမ်းပါ၏။ တစ်ချိန်က စီးကရက်တစ်လိပ်ကို တလဲစီ အတူရှိုက်ဖွာနေကျ အကူနှုတ်ခမ်းလေးရဲ့ အငွေ့အသက်တွေ ပြန်သတိရ တောင့်တမိလေသည်။ ဝေးခဲ့ပြီပဲ ချစ်ရသူရေ. . .။ ဒီလိုနဲ့သာ နင့်ရဲ့စာမျက်နှာမှာ ငါဆိုတာ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတော့မှာပါလေ. . .။

စီးကရက်နှင့်အရက်ကို တွဲဖက်မသုံးစွဲဖို့ ၁၉၈၅ခုနှစ်ကတည်းက ကမ္ဘာ့ဆေးပညာ သတင်းဂျာနယ်မှာ အသိပေး ရေးသားခဲ့ပြီး ဖြစ်လေသည်။

အမျိုးသားများ အရက်ကို အလွန်အကျွံသောက်သုံးပါက သွေးထဲ၌ ယောက်ျားဟိုမုန်းဓာတ် ကျဆင်း၏။ စီးကရက်ဖြင့် ပေါင်းစပ်မိပါက သုတ်ပိုးမထွက်သည့် ဘဝကို ရောက်သွားတတ်၏။ အမျိုးသမီးများ စီးကရက်သောက်ပြီး ပဋိသန္ဓေတားဆေးကို သုံးစွဲပါက ဦးနှောက်ထဲမှာ သွေး



www.burmeseclassic.com

www.burmeseclassic.com



ယိုသည်အထိ ဖြစ်တတ်၏။ အရက်က သွေးတိုးရောဂါကို အားပေးသည်။ နှင့် သွေးတိုးရောဂါရှိသူဆိုပါက လေဖြတ်ခံရမှာ နှလုံးသွေးကြောပိတ်ရောဂါရတော့မှာ သေချာ၏။ အသက်ရှူလမ်းကြောင်း၊ ဦးနှောက်နှင့် အာရုံကြောများကို ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေ၏။ စီးကရက်နှင့် အရက် တွဲဖက်သုံးစွဲသူသည် အစားအသောက်နည်းကာ အာဟာရ ချို့တဲ့နေတတ်၏။ အစာအိမ်ရောဂါရှိသောသူသည် အရက်နှင့်စီးကရက်ကို မှီဝဲပါက ဘယ်တော့မှ ရောဂါပျောက်ကင်းလိမ့်မည် မဟုတ်ချေ။

ကွမ်းသီးမှာ ဆေးလိပ်လို စွဲလမ်းစေတတ်သော ဓာတ်တစ်ခု ပါဝင်သည်။ ထိုဓာတ်သဘောတရားက ဦးနှောက်၊ နှလုံး၊ အဆုတ်တို့ကို နှိုးဆွအလုပ်လုပ်စေတတ်၏။ ကွမ်းသီးနှင့်ထုံးတို့ ဓာတ်ပြု၍ ထွက်လာသော oxidant က ခံတွင်းကင်ဆာဖြစ်စေသည်။ ကွမ်းယာမှာပါဝင်သော ထုံးကမလိုလားအပ်ပဲ ဆဲလ်တွေကို ပွားစေလို့ ကင်ဆာဖြစ်နိုင်ချေ ပိုများ၏။

ကွမ်းသီး၊ ကွမ်းရွက်၊ ထုံး သုံးမျိုးတည်း စားသုံးခြင်းပင် ခံတွင်းကင်ဆာဖြစ်နိုင်လေရာ ဗမာဆေး၊ ဘုရင်မ၊ 92, 45, 100, Parijat, Signal စသော ဆေးတွေထည့်ပြီး စားသုံးနေကြရာ ခံတွင်းကင်ဆာဖြစ်နိုင်ချေပိုများလာ၏။ ထိုဓာတုဗေဒဆေးတွေရဲ့ အာနိသင်မှာ စားသုံးသူကိုဆွဲဆောင်နိုင်သော်လည်း ကျောက်ကပ်နှင့်အသည်းကို ကြောက်စရာကောင်းလောက်အောင် ထိခိုက်ပျက်စီးစေ၏။ ကွမ်းယာထဲမှာ ထည့်သွင်းစားသော ဆေးတွေက ဆေးလိပ်(စီးကရက်)ထဲမှာထည့်သော ဆေးတွေကို အနံ့အရသာပြောင်းပြီး ထည့်သွင်းထားတာဟု သိရသည်။ ထို့ကြောင့် ကွမ်းစားသူသည် ဆေးလိပ်ရဲ့ဆိုးကျိုးတွေပါ ခံစားရလေသည်။

ကြိုး အခုတလော မောလွယ်ကာ ကွမ်း၊ အရက်နှင့် အမြည်းမှအပ ကျန်အစားအသောက်ပျက်၍ မှတ်ဉာဏ်တွေ သိသိသာသာ ချို့ယွင်းအားနည်းလာသည်။ ဖုန်းဘေလ်ကုန်ကျမှု သက်သာအောင် မြို့တွင်းဖုန်းတွေဆို ကြိုးဖုန်းနှင့် ခေါ်လေရာ ခေါ်နေကျနံပါတ်တွေမေ့၍ contact ထဲ ပြန်ကြည့်ရသည်။ ကြွေးစာရင်းတွေ မေ့၍ မှတ်ထားသော စာ အုပ်ထဲ မကြာခဏ ပြန်ကြည့်ရသည်။ ညဘက် အိမ်တံခါးတွေ ကိုယ့်ဘာသာပိတ်ပါလျက် ပိတ်ပြီးမပြီး မသေချာ၍ အိပ်ရာထဲရောက်မှ ပြန်ထစစ်





မိတာလည်း အကြိမ်ကြိမ်။ ဘာကြောင့်ဆိုတာ သိတာပေါ့။ ဒါပေမယ့် မလျော့။

သိတင်းကျွတ်လေပြီ။

အရင်ကဆို မောင်နှမနှစ်ယောက် မုန့်ဖိုးလေးတွေနှင့်စု၍ အဖေနှင့်အမေ ကြိုက်နှစ်သက်သောမုန့်နှင့် မိမိတို့ကြိုက်နှစ်သက်သော မုန့်တွေဝယ်ကာ နှစ်စဉ်သိတင်းကျွတ်လပြည့်နေ့တိုင်း တူယှဉ်တွဲထိုင်နေသော အဖေနှင့်အမေကို ကန်တော့နေကျ။ ကန်တော့ပြီးတာနှင့် တစ်ထိုင်တည်းပဲ မုန့်တွေကို မိသားစုလေးယောက် ပျော်ပျော်ပါးပါး ဝေမျှစားသောက်ကြတာလေ။ သတိရတာပေါ့။ အရမ်း သတိရတာပေါ့။ မမေ့. . .။ လုံးဝ မမေ့. . .။ ရင်နာသည်။ သေပစ်ချင်လောက်အောင် နာသည်။

ယခုနှစ်တော့ အစဉ်အလာပျက်ကာ ထိုသို့ မကန်တော့ဖြစ်တော့ပါ။ မကန်တော့နိုင်တော့ပါ။ တစ်ဦးတစ်ယောက် အဝေးရောက်နေပါက လည်း နှစ်စဉ် သိတင်းကျွတ်လပြည့်နေ့တိုင်း ဆုံတွေ့နေကျ မိသားစုလေးဦး ယခုနှစ်တော့ မဆုံညီဖြစ်တော့ပါ။ ဆုံညီခွင့် မရတော့ပါ။ အမေနှင့် ညီမလေး သတိတရနှင့် စိတ်မကောင်းဖြစ်မှာစိုးသဖြင့် အမေ့ကို ကန်တော့ဖို့လည်း စကားမစ,တော့ဘဲ သိတင်းကျွတ်လပြည့်ည သန်းခေါင်ယံ အမေအိပ်ပျော်နေချိန်မှ အမေ့ကို တိုးတိုးတိတ်တိတ်ကလေး သွားကန်တော့ဖြစ်လေသည်။

"အမေ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ"



www.burmeseclassic.com

www.burmeseclassic.com



“နှင် နှင်. . . ငါ့ဆီ လာတယ်”

ကြိုး တကယ် အံ့အားသင့်သွားသည်။ အမရာဖုန်းဆက်၍ သူမ ဒီမြို့ရောက်နေကြောင်းပြောတော့ စ,နောက်နေတာဟုပင် ထင်မိသေး၏။ “နှင်တို့အိမ် ဘယ်နားမှာလဲ၊ ငါလာခဲ့မယ်” ပြောတော့ “ငါတို့အိမ်က မြို့စွန်မှာဟ၊ နှင် လာတတ်မှာ မဟုတ်ဘူး၊ ငါလာခေါ်မယ်” ဆိုပြီး ရောက်နေသည့်နေရာမေးကာ ဆိုင်ကယ်နှင့် ထွက်သာလာခဲ့တာ သိပ်မယုံ။

“အသားတွေညိုပြီး ပိန်သွားလိုက်တာ ကြိုးရယ်”

အမရာ. . . ချစ်သော အမရာ. . .။ သူမ ကြိုးထံ တကယ်ရောက်လာသည်။ တစ်ယောက်တည်းတော့ မဟုတ်။

“သူက ကိုဝေဖြိုးတဲ့”

အမရာက သူမနှင့်အတူ ပါလာသူနှင့် မိတ်ဆက်ပေးသည်။ အသားလတ်လတ် အရပ်မြင့်မြင့် ပြည့်ပြည့်ဖြိုးဖြိုး။ အသက်က ၃၀ မပြည့်တပြည့်လောက်ရှိမည် ထင်ရသည်။

“သူက ကြိုး၊ အမရာရဲ့ အကောင်းဆုံးသူငယ်ချင်းပေါ့”

အကောင်းဆုံးတိုင်းဟာ အနှစ်သက်ဆုံးဖြစ်ခွင့် မရကြပါဘူးလေ။

“ကိုဝေဖြိုးက ငါတို့ကုမ္ပဏီမှာ ရှယ်ယာဝင်လေ၊ နယ်ဆိုက်ဒ်တစ်ခု သွားစစ်ရင်း အပြန် နှင့်ဆီဝင်လာတာ၊ နှင်အံ့သြသွားအောင် တမင် ဖုန်းကြိုမဆက်တာဟ”

အမရာတစ်ယောက်တည်းထင်ပြီး အပျော်လွန်နေတာ ခိုးလိုးခုလုတော့ ဖြစ်သွား၏။ ကားတစ်စီးတည်းပေါ်မှာ အမရာနှင့်ဟိုလူ နှစ်ယောက်တည်း။ သူတို့က ဘာလဲ။ အိမ်ကိုအသွား ဆိုင်ကယ်နောက်က အမရာထိုင်လိုက်လေမလား။ စိတ်ကူးယဉ်မိပေမယ့် သူမ ကားပေါ်က မဆင်းပါ။

ကားက လမ်းကလေးထဲ ခက်ခက်ခဲခဲ ဝင်ရသည်။ အိမ်ရောက်





တော့ ဆက်တီခုံအဟောင်းလေးတွေမှာပဲ နေရာချပေးနိုင်၏။ အိမ်အခြေအနေကို အမရာ မသိမသာ အကဲခတ်နေတာ သူမမျက်ဝန်းကလေးတွေက သက်သေပြနေပါသည်။ အိမ်က ကပိုကယို။ တို့လို့တန်းလန်း။ ပထမအိမ်ဖျက်၍ အိမ်အသစ်ထပ်ဆောက်လုပ်နေချိန်မှာပဲ အဖေဆိုတဲ့လူ အိမ်က ထွက်သွားတာ။ ငွေမရှိသဖြင့် အားလုံး အချောသပ်ပြီးစီးအောင် ဆက်မဆောက်လုပ်နိုင်ဘဲ ပြီးသလောက်နှင့် ရပ်နားထားရ၏။

ခံ့ညားထည်ဝါသော သူမတို့အိမ်ပုံစံကြီးက အာရုံမှာ ပေါ်လာသည်။ အပြင်ထွက်ရင် ရွှေနဲ့ခြောက်၊ အိမ်လာရင် အိမ်နဲ့ခြောက်ဆိုသော အဒေါ်တစ်ယောက် ပြောဖူးသောစကားအား သတိရ၏။

“ကိုဝေဖြိုးက ငါ့အိမ်က ငါနဲ့ သဘောတူထားတဲ့သူလေ”

ကိုဝေဖြိုး သန့်စင်ခန်းဝင်နေချိန် အမရာပြောလေရာ ကြိုး အသက်ရှူပင် မှားချင်သွားသည်။ ငါ ဘာပြန်ပြောရမှာလဲ အမရာရယ်။

“နှင်နဲ့ အဆင်ပြေရင် ပြီးတာပါပဲ”

ပိုင်ရှင်ရှိပြီဆိုတာ လာကိုယ်ထင်ပြတာလားဟာ။ မကျက်သေးသည့်အနာ ထပ်ဆွခံရသလိုပါပဲ။

“နှင် ငါ့အပေါ် ဆိုးသလို လူတိုင်းအပေါ် မဆိုးပါနဲ့၊ ငါ့ကို အနိုင်ယူဗိုလ်ကျသလို လူတိုင်းကို အဲ့လို မဆက်ဆံပါနဲ့၊ လူအများဟာ သူတစ်ပါးအပေါ် သာ ဆိုးနဲ့ဗိုလ်ကျ အနိုင်ယူချင်ကြတာ၊ ကိုယ့်ကို အဲ့လိုလာလုပ်ရင် ကြိုက်ကြတာ မဟုတ်ဘူး၊ အသွားအလာ အနေအထိုင် အပေါင်းအသင်း ဆင်ခြင်ပါ၊ နေရာတိုင်းမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု မပြင်းထန်နဲ့၊ တခြားလူတွေကိုလည်း အယုံမလွယ်ပါနဲ့၊ ဘယ်သူမဆို အခွင့်အရေးရရင် ယူချင်ကြမှာပဲ၊ သင့်မသင့် ချင့်ချိန်နေလို့သာပဲ၊ ထိန်းချုပ်မှုကို ဆန္ဒက အနိုင်ယူသွားတဲ့အခါတွေမှာ နှင် ဒုက္ခရောက်မှာစိုးလို့ပါ၊ နှင့်ချစ်သူကို ချစ်စကားတွေ နှင့်ရဲ့ အိမ်ထောင်ဘက်ရှေ့မှာ မပြောမိပါစေနဲ့၊ နှင်တို့အိမ်ထောင်ရေး မသာမယာဖြစ်မှာစိုးလို့ပါ၊ ကိုယ့်အားနည်းချက် အပြစ်တွေ လူတိုင်းကို ဖော်ထုတ်ချမပြနဲ့၊ ကိုယ့်ခံယူချက် ဘာသာရေး အယူ



www.burmeseclassic.com

www.burmeseclassic.com



ဝါဒတွေ လူတိုင်းရှေ့မှာ မပြောနဲ့၊ လူတွေဆိုတာ တစ်ယောက်နဲ့ တစ်ယောက် အမြင်ချင်းတူတာ မဟုတ်ဘူးလေ၊ နင့်ကို အထင် သေးကဲ့ရဲ့မှာ မလိုမုန်းတီးရန်ငြိုးထားမှာ ပြဿနာဖြစ်မှာစိုးလို့ ပါ၊ မိဘတွေကိုလည်း အရွဲ့မတိုက်ပါနဲ့၊ ကိုယ်မကျေလည်တာရှိ ရင်လည်း ပြေပြေလည်လည် အေးအေးဆေးဆေး တိုင်ပင်ညှိနှိုင်း ဖြေရှင်းပါ”

ဝေဖြိုးထွက်လာတော့ အမရာ တလဲ သန့်စင်ခန်းဝင်သည်။ ထို အချိန် ဝေဖြိုးနှင့်ကြိုး စကားတွေ ပြောနေဖြစ်ပါ၏။

အမရာ သန့်စင်ခန်းမှထွက်လာတော့ သုံးယောက်အတူ စကား အနည်းအကျဉ်းပြောဖြစ်၏။ အလ္လာပ သလ္လာပ ပါပဲ။ ငါ့ရင်မှာ မခွာ တမ်း တပ်စွဲဆဲ တို့နှစ်ယောက်ရဲ့ ရှေးကအကြောင်း နှောင်းကအဖြစ် တွေ နင်သတိမရဘူးလား မေးချင်လိုက်တာ အမရာရယ်။

“နင်ကော အိမ်ထောင်မပြုသေးဘူးလား”

အမရာမေးတော့ ကြိုး အပြုံးဖြင့်သာ နှုတ်ဆိတ်နေလိုက်ပါသည်။ ဒီရင်ဘတ်ထဲက အော်မြည်သံတွေ နင်ကြားသိသွားရင် သိပ်ကောင်းမှာပဲ ဟာ။ ကိုးကွယ်ရာပျောက်ပြီဖြစ်တဲ့ ဒိဋ္ဌိတစ်ယောက်ဟာ ငါပါ။

“ငါတို့ ပြန်တော့မယ်”

“နေပါဦးလားဟာ၊ မြန်လိုက်တာ”

“ပြန်အရောက် အရမ်းနောက်ကျနေမှာစိုးလို့ဟ၊ ရောက်ဖူးအောင် ဝင်လာတာ”

ကြိုး ဆက်မတားတော့ပါ။ တားခွင့်လည်း ရှိသူမှ မဟုတ်တာ။ တားလည်း မတားသင့်တော့ပါဘူးလေ။

အချစ်က အတိုးနဲ့ငွေချေးယူပြီး အလုပ်လုပ်ရသလိုပါပဲ။ ပျော် ရွှင်စရာထက် နာကျင်စရာတွေသာ တနင့်တပိုး ပေးဆပ်လို့မဆုံး ဖြစ်နေ တော့တယ်။

နှုတ်ဆက်၍ သူမတို့စုံတွဲ ပြန်သွားခဲ့လေပြီ။ ကားကလေး ထွက် ခွာသွားပြီ။ ခြေဗလာနှင့် မြေပြင်မှာရပ်၍ ကြိုး ကျန်ခဲ့၏။ ဒီဆုံတွေ့မှု





ဟာ ငါတို့အတွက် နောက်ဆုံးလား...။ မင်္ဂလာဆောင်ရင် ငါ့ကို ဖိတ် ဖို့ မပြောလိုက်ရပါလား...။ ဂုဏ်ရည်တူ သူမတို့ လက်ထပ်ပွဲမှာ ငါလို အညတြလူကို ဖိတ်ကော ဖိတ်ချင်ပါ့မလား...။ ဖိတ်လျှင်ကော ငါ သွားနိုင်အား ရှိပါ့မလား...။

အရာရာဟာ နင့်သဘော နင့်ဆန္ဒအတိုင်းပါပဲ အမရာ...။ ငါဆိုတာ နင့်ရဲ့ စေလိုရာစေဖြစ်ခဲ့ရတာတောင် ဂုဏ်ယူကျေနပ်နေတတ် သူပါ...။ ကိုယ်ရံတော် အခွင့်အရေးလေး ဆုံးရှုံးပြီပေါ့။

လိုရင်သုံး မလိုရင်စွန့်ပယ်ခံ ကျူကာဖဲချပ်ကလေး အခုတော့ ငို နေရပြီလေ...။



www.burmeseclassic.com

www.burmeseclassic.com



"လူခြေတိတ်ရာမှာ ထင်ကျန်နေဆဲ ခြေရာ"

မီးခိုးတွေ အူပါ
ဒီဗျူဟာမှာ ငါမျက်ရည်ကျတာ လွှဲချဖို့
မီးခိုးတွေ တလူလူ အူပေးပါ။

တိတ်တဆိတ်ဆူတဲ့အသံမှာ
အစွမ်းကုန်ပွင့်လန်းခဲ့တာ
ကြွေကျဖို့မှ မဟုတ်ပဲကွယ်။

စိုမြနေဆဲ မြေခတာ
နှင်ချတဲ့နင့်အပြစ်လို့
စာမှာတောင် မဖွဲ့ဆိုရက်ခဲ့ဘူး။

နင့်အခုန်အကမှာ
ဖုန်ထတာ
အနေမတတ်တဲ့ ငါ ပွယောင်းလို့သာပဲပေါ့။

ကယ်ဆယ်သူမဲ့ရပ်ဝန်းမှာ
လိုအပ်ချက်တွေ မွတ်တော်လို့
အတွေးထဲမှာသာ နင့်ကို ပွတ်သီးပွတ်သပ်လုပ်ရင်းပဲ
ငါ့တစ်ယောက်တည်း အိုင်ထွန်းနေခဲ့တယ်။

ဗီလိုသာဆိုရင်ဖြင့် အချစ်ရယ်
ခြေရာမကျန်စေမယ့် လမ်းလျှောက်နည်း
နင် အတတ် သင်ပေးခဲ့ဖို့ကောင်းရဲ့။





"ကြိုးက အမရာ့အတွက် တကယ့် သူငယ်ချင်းကောင်းပဲ" ကားမောင်းရင်း ဝေဖြိုး ပြောသည်။

"ဘာလို့လဲ ကိုဝေဖြိုး"

"ကြိုးက အမရာ့ကို အစစအရာရာ ဂရုစိုက်ဖို့ မှာလိုက်တယ်၊ ပြောတာတွေကတော့ အများကြီးပဲ၊ အမရာနဲ့အတူ ကားလမ်းကူးတဲ့အခါ သူ့ကို ဂရုစိုက်ပေးပါ၊ သူက စကားပြောနေရင်း ကားလမ်းကူးရင် မီးပွိုင့်ကို မကြည့်ဘဲ ကူးတတ်တယ်တဲ့၊ သူ့ကို မုန့်တီလိုက်ကျွေးပါ၊ မုန့်တီစားနေရင်း သူ ငရုတ်သီးတွေ အများကြီးထည့်ပေးရင်လည်း သည်းခံပြီး စားပေးလိုက်ပါ အစ်ကိုတဲ့၊ ဗိုလ်တစ်ထောင်ကမ်းနားကို သူနဲ့အတူ သွားပေးပါ၊ သွားရင် ထီးတစ်ချောင်း ဆောင်ယူသွားပါ၊ သူက အဲဒီရောက်ရင် နေပူပူ မိုးရွာရွာ မပြန်ဘဲထိုင်တတ်တော့ သူ နေမကောင်းဖြစ်မှာစိုးလို့ပါ၊ ကမ်းနားရောက်တာနဲ့ သူ့ကို ဝေဖာ ဝယ်ကျွေးပါ၊ သူ ဘယာကြော် ဝယ်ကျွေးရင် မကြိုက်လည်း စားပြလိုက်ပါ၊ ငရုပ်သီးအကြော် တောင့်ကို ကိုက်စားခိုင်းရင်လည်း စားပြလိုက်ပါ၊ အဲလိုဆို သူ သိပ်သဘောကျတာ၊ မှော်ပညာတွေ၊ ဘာသာရေးအယူဝါဒအကြောင်းတွေ သူပြောရင် စိတ်ဝင်စားဟန်အပြည့်နဲ့ နားထောင်ပေးလိုက်ပါတဲ့"

ဝေဖြိုး ဆက်ပြောနေသည်။ ကြားနေရသော အမရာ ရင်တွေ တလှပ်လှပ်။ နားထောင်နေရင်း သူ့မမျက်ဝန်းတွေ စွတ်စိုပူနွေးလာသည်။

"ကားကို အခုရပ်ပေးပါ ကိုဝေဖြိုး"

"ဘာလို့လဲ အမရာ"

ဝေဖြိုး အမရာ့ကို နားမလည်ဟန်ဖြင့် ငဲ့ကြည့်ကာ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်ဆို ရပ်ပေးပါ"

ဝေဖြိုး ထပ်မမေးတော့ဘဲ ရပ်ပေးသည်။ ကားရပ်တာနှင့် လက်ကိုင်အိတ်ကိုဆွဲပြီး အမရာ ကားပေါ်မှ ဆင်းသည်။

"အမရာ. . . ဘယ်သွားမလို့လဲ"

"ကျွန်မ. . . ကြိုးဆီ ပြန်သွားမလို့. . ."

"ဟာ ဘာလို့သွားမှာလဲ"

"ခုချိန် ကြိုး အရမ်းဝမ်းနည်းနေမှာ ကျွန်မသိတယ်၊ ကျွန်မအပေါ် ကြိုးလောက်ကောင်းတဲ့လူ ကျွန်မရဲ့စိတ်ကို ကြိုးလောက် နားလည်တဲ့လူ ဒီကမ္ဘာမှာ ရှိမှာမဟုတ်ဘူး၊ ကျွန်မ ကြိုးကို အမြဲ အနိုင်ယူခဲ့တယ်၊ ကျွန်မအလိုကိုပဲ အမြဲ ကြည့်ခဲ့တယ်၊ ဒီတစ်ခါတော့ ကြိုးဘက်ကို ကျွန်မ ပြန်ကြည့်ပေးပါရစေ၊ အခုလို သူ့စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ အရမ်းဒုက္ခရောက်နေချိန်မှာ ကျွန်မ သူ့ကို နှစ်သိမ့်အားပေးပါရစေ၊ နွေးထွေးပေးပါရစေ၊ ကျွန်မ သူ့ကို နှစ်သိမ့်အားပေးစကားတစ်ခွန်းတောင် မပြောခဲ့ရဘူး၊ နွေးထွေးတဲ့ အမူအရာလေးတစ်ချက်တောင် မပြသ မပြုမူဖြစ်ခဲ့ဘူး"

"ဒါဆို ကိုယ် လိုက်ပို့ပေးမယ်လေ၊ ပြီးမှ အတူပြန်ကြတာပေါ့"

"ဟင့်အင်း. . . ကျွန်မတစ်ယောက်တည်းပဲ ကြိုးဆီ ပြန်သွားချင်တယ်၊ ကျွန်မတစ်ယောက်တည်း ပြန်လာမှာကိုပဲ ကြိုး မြင်ချင်မှာပါ"

"အိမ်ကမေးရင် ဘယ်လိုပြောမလဲ"

"ပြောချင်သလို ပြောလိုက်၊ ဖြစ်လာသမျှကို ကျွန်မ ရင်ဆိုင်မယ်"

ကားတစ်စီးကို လက်ပြတားပြီး ထိုကားပေါ် အမရာ တက်သွားပါလေသည်။





"ဗျို့. . . အိမ်ရှင်တို့"

ခြံတံခါးဝမှ ခပ်ဩဩ အာလုပ်သံနှင့်ခေါ်သံကြောင့် ကြိုး တံခါးဖွင့်ပေးရန် အိမ်ရှေ့ ထွက်သွားလိုက်သည်။ မြင်လိုက်ရတာက အမရာ။

"ဟင် အမရာ . . . နင် နင် ဘာကျန်ခဲ့လို့လဲဟင်"

"ကြိုးကလေးတစ်ချောင်း ကျန်ခဲ့လို့. . ."




www.burmeseclassic.com

www.burmeseclassic.com



# drink



## (ပုံပြင်-စျ)

တစ်ခါတုန်းက လုပ်ငန်းခွင်အသီးသီးမှာ အောင်မြင်နေကြတဲ့ ကျောင်းသား ကျောင်းသူဟောင်းတစ်စုဟာ သူတို့ရဲ့ ကျောင်းတုန်းက ပါမောက္ခကြီးဆီကို သွားလည်ကြတယ်။

ပါမောက္ခကြီးဆီရောက်တော့ သူတို့ကို ကော်ဖီနဲ့ဧည့်ခံဖို့ ခွက်အမျိုးမျိုး ပြင်ဆင်ထားတာကို တွေ့လိုက်ရပါတယ်။ ကြွေခွက်၊ ဖန်ခွက်၊ သလင်းခွက်၊ ပလတ်စတစ်ခွက်၊ တန်ဖိုးကြီးတဲ့ခွက်၊ ရှားပါးတဲ့ရှေးဟောင်းခွက်၊ ဈေးပေါတဲ့ခွက်တွေ အစုံအလင်နဲ့ အလယ်မှာတော့ ကော်ဖီအိုးကြီးကို ချထားလို့ပေါ့။

ပါမောက္ခကြီးက ကော်ဖီကို ကိုယ့်ဘာသာယူသောက်ဖို့ ပြောပါတယ်။ အားလုံး ကော်ဖီခွက်ကို ယူပြီးတဲ့နောက်မှာတော့ ပါမောက္ခကြီးက သူတို့ကိုကြည့်ပြီး ပြောလိုက်တယ်။

"မင်းတို့ကြည့်လိုက်. . . လှပပြီးတန်ဖိုးကြီးတဲ့ခွက်တွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သုံးပြီး တန်ဖိုးနည်းပြီး မလှပတဲ့ ခွက်တွေကိုတော့ မင်းတို့ မသုံးကြဘူး၊ ဒီလို ကိုယ့်အတွက် အကောင်းဆုံးအရာတွေကိုသာ လိုချင်တာဟာ သဘာဝပါပဲ၊ ဒါပေမယ့် ဒီသဘာဝဟာ ကိုယ့်တို ပူပင်ကြောင့်ကြမှုတွေ၊ ပြဿနာတွေကိုပေးတဲ့ အကြောင်းအရာ တွေ ဖြစ်စေတယ်၊ မင်းတို့ တကယ်သောက်ရမှာက ကော်ဖီပါ ခွက်တစ်ခွက် မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းတို့ ရွေးချယ်နေတာ က ခွက်ပဲ၊ ပြီးတော့ သူများဘာခွက်နဲ့ သောက်နေသလဲဆိုတာကို မင်းတို့ ကြည့်နေကြတယ်"

ကဲ. . . စဉ်းစားကြည့်ရအောင်. . .

ဘဝဆိုတာ ကော်ဖီတစ်ခွက် ဆိုပါစို့၊ လူမှုအသိုင်းအဝိုင်းက သတ်မှတ်ထားတဲ့ အလုပ်အကိုင်၊ ဝင်ငွေ၊ ရာထူးအဆင့်အတန်းတွေဆိုတာ ခွက်တွေပါပဲ။ အဲဒီအရာတွေဟာ ကော်ဖီနဲ့တူတဲ့ဘဝကို တန်ဆာဆင်ပေးတဲ့ ဘဝရဲ့ အစိတ်အပိုင်းတွေသာလျှင် ဖြစ်တယ်။

တို့တွေဟာ ခွက်တွေကိုပဲ အာရုံပြုနေကြတယ်။ ဘဝဆိုတဲ့ ကော်ဖီရဲ့အရသာကို ခံစားဖို့ မေ့လျော့နေတတ်ကြတယ်။ လိုအပ်ချက်တစ်ခု ဖြစ်တာမှန်ပေမယ့် တကယ်တမ်း တို့ အလေးပြုရမှာက ခွက်တွေ မဟုတ်ဘူး။ ကော်ဖီပဲ။

ကဲ. . . ကိုယ့်ရဲ့ကော်ဖီကို အရသာရှိရှိ သောက်ကြရအောင်. . .။





# အခန်း (၉)

ချစ်သောသူနှင့် အတူနေရချိန်တွေဟာ သောကကို အထိုက်အလျောက် ပြေလျော့စေတာ အမှန်ပါပဲ။

အပိုဝတ်စုံ ပါမလာသော အမရာ ရေချိုးပြီးတော့ ကြိုးရဲ့ဘောင်းဘီပွပွကြီးနှင့် တီရှပ်ပွပွကြီးကို ဝတ်ဆင်၏။ ကိုယ်လုံးသေးသော ညီမလေးယုမွန်၏ ဝတ်စုံတွေက အမရာနှင့် အဆင်မပြေ။ နှစ်ယောက်ဆင်တူဝတ်ကြမယ်ဟု အမရာပြောသဖြင့် လိမ္မော်ရောင်အင်္ကျီတွေ ဆင်တူဝတ်ဖြစ်ကြ၏။ နှစ်ယောက်စလုံး တပြုံးပြုံးနှင့် ရွှန်းလဲ့စိုမြနေသော လိမ္မော်သီးကလေးနှစ်လုံးနှင့် တူနေပါသည်။

လိမ္မော်ရောင်သည် အနီရောင်ရဲ့ စွမ်းအင်နှင့် အဝါရောင်ရဲ့ ပျော်ရွှင်မှုတို့ ပေါင်းစပ်ထားသည်။ သီးနှံကြွေကျခြင်းနဲ့ ဆွတ်ခူးခြင်းရဲ့ အရောင်။ ဝမ်းသာမှု၊ နေရောင်ခြည်၊ ယဉ်စွန်းတန်းတို့နှင့်သက်ဆိုင်၏။ ဆက်ကြွမှု၊ စွဲမက်စေမှု၊ ဖန်တီးနိုင်စွမ်း၊ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချခြင်း၊ ဆွဲဆောင်မှု၊ အောင်မြင်မှု၊ အားပေးမှု၊ နှိုးဆွပေးမှုတို့ကို ကိုယ်စားပြုသည်။ အပူစွမ်းအင်ကိုခံစားရစေ၏။ သို့သော် အနီလောက်တော့ မာန်မပါ။ ဦးနှောက်အတွက် အောက်စီဂျင်ထောက်ပံ့မှုကို တိုးပွားစေပြီး သန်းဆန်းတဲ့ အကျိုးရလဒ်ကို ထုတ်လုပ်ပေးသည်။ စိတ်အာရုံလှုပ်ရှားမှုကို လှုံ့ဆော်၏။

လိမ္မော်ရင့်သည် မရိုးသားမှုနှင့် သံသယ။ လိမ္မော်နီက ဆန္ဒ၊ လိင်စိတ်ပြင်းပြမှု၊ ဝမ်းမြောက်မှု၊ ကြီးစိုးမှု၊ မာန်ပါမှု၊ တစ်ခုခုကို လုပ်ကိုင်ချင်စိတ် ဖြစ်စေသည်။ မျိုးရိုးစဉ်ဆက်ကို လေ့လာသည့်ပညာမှာတော့ ခွန်အားနှင့် သည်းခံနိုင်စွမ်း၏ သင်္ကေတဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့မှ လိမ္မော်သီးကလေးကိုကြည့်ကာ ကြိုး ရင်ခုန်စိတ်လှုပ်ရှားနေပါသည်။

သနပ်ခါးဘဲကြားလေး အမရာလူးထားတော့ စတွေ့တဲ့နေ့က လေးကို ကြိုး ပြန်သတိရသည်။ ထိုနေ့ကအကြောင်းတွေ လွမ်းဆွတ်တသစွာဖြင့် နှစ်ယောက်သား ပြန်ပြောနေဖြစ်ကြပါ၏။

"အဲဒီနေ့က ကျစ်ဆံမြီးလေးနှစ်ဖက် စည်းထားတဲ့ ကျောင်းသူက လေးလေးကို ကြည့်ပြီး ပါးကွက်ကြားလေးနဲ့ နင့်ကို ကျစ်ဆံမြီးလေး နှစ်ဖက် ငါ စည်းပေးချင်နေခဲ့တာဟ"

"ဒါဆို အခု စည်းပေးလေ"

သူမထံမှ ခွင့်ပြုမိန့်ရတာနှင့် ကြိုး ပျော်ရွှင်စွာ သူမဆံသားလေးတွေကို တယုတယ ကိုင်တွယ်၍ ကျစ်ဆံမြီးလေးနှစ်ဖက် စည်းပေးပါသည်။ ယခုတော့ သူမ ဆံပင်တုနှင့်မဟုတ်တော့။ ပိုးသားသဖွယ် နူးညံ့အိထွေးသော သူမဆံကေသာလေးတွေ လည်ကုတ်မရောက်တရောက် ရှည်လျားနေပါပြီ။ ဒီလောက်နှင့် ကျစ်ဆံမြီးစည်းလို့က အဆင်မပြေပါပေမယ့် သားရေပင်တွေ အကူအညီယူပြီး ကြိုး မရရအောင် အားတင်းသရော စည်း၏။

ပြီးသွားတော့ ကျစ်ဆံမြီးနှင့်မတူဘဲ ခေါင်းမှာ ချိုနှစ်ခု ထွက်နေသလိုပုံ ပေါက်နေ၏။ အမရာလည်း မှန်နှစ်ချပ်နှင့် ဘယ်ပြန်ညာပြန် ရှေ့နောက်ကြည့်၍ ကြိုးလည်း သူမကိုကြည့်ကာ နှစ်ယောက်သား အူလှိုက်သည်းလှိုက် ရယ်ဖြစ်ကြ၏။

"ငါ့ဆံပင်က တိုနေသေးတာကိုးကွ၊ မင်း စည်းပေးရတာ ဘယ်အဆင်ပြေမလဲ"

"ငါ မကျွမ်းကျင်တာလည်း ပါပါတယ်ကွ"

"အမွှေးလေးတွေ ရှည်လာအောင် ပြုစုလိုက်မယ်ကွာ၊ ရှည်လာပြီး အများကြီးဖြစ်မှ အားရပါးရ စပယ်ရှယ် မင်း စည်းပေးပေါ့"

"အေးပါကွာ"

ပျော်ဖို့တော့ ကောင်းသည်။





သူမနှင့် သက်ဆိုင်သော ပစ္စည်းလေးတွေမှန်သမျှ ကြိုး တယုတယ သိမ်းဆည်းထားတာ ပြလိုက်သည်။ နှုတ်ခမ်းနီရာပါသော တစ်ရှူးစလေးတွေ၊ စီးကရက်တိုလေးတွေ၊ Sign Language သရုပ်ဖော်ပုံလေးတွေ၊ စတွေ့သည့်နေ့က စာသင်ခုံပေါ်မှ ကောက်ယူလာခဲ့သည့် ခရမ်းရောင် ပုဖောင်းလေးနှင့် ဗိုလ်တစ်ထောင်ကမ်းနားမှာ အချိုရည်ဘူးဖောက်ရင်း ကျိုးပဲ့ခဲ့သည့် သူမ၏ လက်သည်းပြတ်စလေးကအစ တယုတယ အမြတ်တနိုး သိမ်းဆည်းထားတာ တွေ့မြင်လိုက်ရလေတော့ အမရာ အံ့အားသင့်သွားသည်။

"နင် ဒါတွေကို သိမ်းထားတယ်၊ ဘာလို့ သိမ်းထားတာလဲဟင်"

"နင့်ကို သတိရရင် သူတို့လေးတွေကိုပဲကြည့်ပြီး ငါ့မှာ အလွမ်းဖြေရတာဟ"

ကြိုးကို အမရာ စူးစူးစိုက်စိုက်ကလေး ကြည့်နေ၏။

"နင်. . နင် ငါ့ကို. . ."

သူမနှုတ်ခမ်းသားပြည့်ပြည့်လေးတွေ တုန်ယင်လှုပ်ခတ်နေပါသည်။ အပြောခက်နေဟန်ဖြင့် ခဏမျှ ငြိမ်သက်တိတ်ဆိတ်နေပြီးမှ သွယ်သွယ်ဖောင်းဖောင်း လက်ချောင်းကလေးတွေနှင့် သူမလက်ကလေး နှစ်ဖက် တဆတ်ဆတ် လှုပ်ရှားလာပါသည်။ Sign Language...။

နင် ငါ့ကို ချစ်နေတာလား၊

ကြိုး ရုတ်တရက် မောလာသည်။ လက်ကလေးတွေ လှုပ်ရှား၍ သူမမေးလာသော မေးခွန်းအတွက် အဖြေမှာ အဆင်သင့်ရှိပါလျက် ဖြေဆိုရခက်ခဲနေပါသည်။ အကြပ်တွေ့နေ၏။

ကြိုး လက်နှစ်ဖက်လည်း တဆတ်ဆတ် လှုပ်ရှားလာလေသည်။

နင့်မှာ ပိုင်ရှင်ရှိနေပြီပဲ၊

အဲဒါ အိမ်က သဘောတူထားသူပါ၊ ငါ စိတ်မဝင်စားပါဘူး၊

ငါ့ကိုကော စိတ်မဝင်စားဘူးလား၊

စနက်တံ မီးရှို့ခံလိုက်ရပြီပဲ။ ကြိုး စည်းလွတ် ဝါးလွတ် ပိုနည်းလွတ် ပြောချလိုက်ပြီ။ အမရာ ငေါင်သွား၏။ လက်ကလေးတွေနှင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သူမ အဖြေပေးပါသည်။

ငါ့ချစ်သူကို သစ္စာမဖောက်ချင်ဘူး၊

ကြိုး နှုတ်ခမ်းသားကို ခပ်တင်းတင်း ဖိကိုက်ထားသည်။ ခံစားမှုတွေ ဗလောင်ဆူပွက်ကာ ပြန်ပြောစရာ ဝေါဟာရ ကင်းမဲ့ဆိတ်သုဉ်းနေပါသည်။

"နင် ငါ့ကို စိတ်ဆိုးသွားတာလား ကြိုး"

အမရာ နှုတ်မှ စကားသံ ထွက်လာသည်။ ကြိုးလည်း နှုတ်ဖြင့်ခဲတဲ့ပြန်ပြောလိုက်ပါ၏။

"မဆိုးပါဘူး၊ နားမလည်မှုနဲ့ နာကျင်ခံစားရတာလောက်ပါပဲ"

"နင်က ငါနဲ့ပတ်သက်ရင် အဲဒီစကား အရမ်းသုံးတာပဲနော်"

"အခြေအနေကိုက အဲဒီလို ဖြစ်စေနေတာပဲဟာ"

အမရာ အတန်ကြာ ငြိမ်သက်နှုတ်ဆိတ်သွားသည်။ ပြီးသော် ခေါင်းငုံ့နေသော ကြိုး၏ပခုံးကို သူမလက်ဖျားလေးနှင့် ဆုပ်ကိုင်ဖျစ်ညှစ်၍ တိုးဖွဖွ ပြောသည်။

ရင်ကို တိုက်ရိုက်ထိမှန်စေသော စကားပါပဲ။

"နင့်ကိုငါ သံယောဇဉ်ရှိတယ်။ အဲဒီ သံယောဇဉ်ဟာ အချစ်တစ်ခု ဟုတ်မဟုတ်ဆိုတာ ငါ မသေချာသေးလို့ပါ"





မြို့ကလေးရဲ့ လမ်းတွေပေါ်မှာ နှစ်ယောက်အတူ ဆိုင်ကယ်စီးရတာ၊ တစ်ပန်းကန်းတည်း နှစ်ယောက်အတူ ထမင်းလက်ဆုံစားရတာ၊ စီးကရက်တစ်လိပ်ကို နှစ်ယောက်အတူ ဖွာရှိုက်ဖြစ်ကြတာ၊ အရာရာဟာ ကြယ်ကြွေရင်ခုန်သံ အသက်ဝင် စိတ်ကူးတွေပါပဲ။

အမရာက ကြိုးကို နှစ်သိမ့်အားပေးစကားတွေ ပြော၏။ အလုပ်တစ်ခုခုလုပ်ဖို့ အကြံပြု ဆွေးနွေးတိုင်ပင်ပြီး လိုအပ်သည့် အရင်းအနှီးကို သူမ စိုက်ထုတ်ပေးမည့်အကြောင်းပါ ပြောသည်။ ကြိုးက လက်မခံတော့ "နင်က လုပ်အားစိုက်၊ ငါက ငွေစိုက်မယ်၊ ရတဲ့အကျိုးအမြတ်တစ်ယောက်တစ်ဝက်ပေါ့ဟာ" ဟူ၍ ညှိသည်။ ကြိုး သဘောတူလိုက်၏။ သူမနှင့်ပတ်သက်ဆက်ဆံရမှုပါ အဓွန့်ရှည်မည့် အခွင့်အရေးပဲလေ။ သူမမိဘတွေကို အသိပေးပြောပြပြီး အလုပ်လုပ်စေရန် သဘောတူ ခွင့်ပြုမှသာ လုပ်မည့်အကြောင်း၊ တမျိုးတမည် အထင်လွဲခံရမှာ ကြောက်ကြောင်းတော့ ကြိုး ပြောလိုက်၏။

အမေ့ထံမေးလိုက်၊ ညီမလေးထံမေးလိုက်နှင့် အိမ်တွင်းရေး အခြေအနေကို အမရာ တော်တော်သိနေပါပြီ။ အမေနှင့်ညီမလေးကလည်း အမရာကို ချစ်ကြသည်။ အမရာကလည်း အမေ၊ ညီမလေးနှင့် အဆင်ပြေအောင် ဆက်ဆံတတ်သည်။ သူငယ်ချင်းဟုသာ ပြောထားပေမယ့် အမေနှင့်ညီမလေးကတော့ အမရာကို ကြိုးရဲ့ချစ်သူအဖြစ်သာ ထင်မြင်ယူဆနေကြလေသည်။

"ကောင်မလေးက မဆိုးပါဘူး၊ သား သူ့ကို အိမ်ထောင်ဘက်အဖြစ် ရွေးမယ်ဆိုရင် အမေ ကန့်ကွက်စရာ မရှိပါဘူး"

"ငါလည်း သူ့ကိုချစ်တယ် ကိုကြီး"

အမေနှင့်ညီမလေးက သဘောတူနေကြ၏။ ကိုယ့်ဘက်ကသာ [illegible]တစ်ခြမ်း စွတ်သရမ်း သေချာနေသည့်ဘဝ။ သူမတို့ အခြေအနေ [illegible]ပြကာ မမှန်းရဲကြောင်း ကြိုးပြောတော့ အမေကော ညီမလေးပါ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမကောင်း။ သူမက တကယ်ပဲ သူချစ်သူမဟုတ်ကြောင်းပါ ကြိုး ရှင်းပြဖြစ်လေသည်။

တစ်ဖက်သတ်အချစ်ဆိုတာ မီးမရှိတဲ့ စီးကရက်ကို အားသွန်ခွန်စိုက် ဖွာရှိုက်နေရသလိုပါလေ။

ညအိပ်ဖို့ အိမ်အပေါ်ထပ်ရှိ အခန်းလေးတစ်ခန်းမှာ အမရာအတွက် ပြင်ဆင်ပေးထားသည်။ အမေနှင့်ညီမလေးကလည်း အိမ်ပေါ်ရှိ အခန်းတစ်ခုမှာ အိပ်၏။ ကြိုးတစ်ယောက်သာ အိမ်အောက်ရှိ အခန်းမှာ နေသည်။

ညသန်းခေါင်ကျော်ချိန်တွင် အပေါ်ထပ်မှ အမရာဆင်းလာပြီး စီးကရက်တွေ တရစပ်ဖွာနေသော ကြိုးရှိရာ အခန်းထဲ ဝင်လာပါသည်။

"ငါ အိပ်မပျော်ဘူးဟာ၊ နင်ကော မအိပ်သေးဘူးလား"

"ငါလည်း အိပ်မရလို့. . . ၊ စီးကရက်ထိုင်သောက်နေတာ"

"ငါ့ကို နည်းနည်းတိုက်. . . "

အမရာ မျက်နှာလေးမော့ကာ ကြိုးရှေ့ နှုတ်ခမ်းလေး တိုးပေးသည်။ လှလိုက်တဲ့ နှုတ်ခမ်းလေး။ စိုရဲဖူးကြွနေတာပဲ။ ကြိုး သွေးတိုးနှုန်းတွေ မြန်လာသည်။ ဝေးရင်းအသင့်ရှိနေသည့် မီးညှိပြီးသား ဖွာရှိုက်လက်စ စီး ကရက်ကိုသာ သူမနှုတ်ခမ်းဆီ တေ့ပေးဆက်သခွင့်ရပါသည်။ သူမ နှစ် ထောင်းအားရစွာ ဖွာရှိုက်၏။ ပြီးမှ ဇက်ကလေးပုတို၍ "မေမေ မြင်သွား ရင် ငါ့ကို ဆူတော့မှာပဲ"ဟူ၍ ပြောသည်။

"မေမေ. . . ဟုတ်လား. . . ဘယ်ကမေမေလဲ"

"အိမ်ပေါ်က မေမေလေ၊ နင့်အမေကို ငါချစ်တယ်ဟာ၊ မေမေ့ လည်း ခေါ်ချင်တယ်၊ သူခံစားနေရမှာတွေ ငါ စာနာနားလည် တယ်၊ ချစ်သူနဲ့ ခွဲရတာတောင် ငါ ရူးမတတ် ခံစားခဲ့ရတာ၊ နှစ် တွေအကြာကြီး ပေါင်းသင်းလာတဲ့ လင်ယောကျ်ားနဲ့ ကွဲကွာရပြီ အဖြစ် မိန်းမသားတစ်ယောက်ရင်ထဲမှာ ဘယ်လောက်ထိ ဆို့နင် နေမယ်ဆိုတာ မှန်းကြည့်ရုံနဲ့တင် နင့်မေမေကို ငါ အရမ်းသနား တာပဲ"





"အဲဒါဆို နင် ဒီအိမ်မှာပဲ အပြီးနေလိုက်ပါလား"

"နေချင်တာပေါ့၊ နင် ငါ့ကို ညီမလေးအဖြစ် မွေးစားပါလား"

ကြိုး နည်းနည်းတော့ နင်သွားသည်။ သို့ပေမယ့်. . .

"နင် ငါ့အနားမှာရှိနေရင် ဘယ်လို ဆက်ဆံရေးမျိုးပဲဖြစ်ပါစေ၊ ငါ ဖြေသာကျေနပ်လို့ ရပါသေးတယ်၊ ဒါပေမယ့် နင့်ကိုငါ မပိုင် ဆိုင်ရရင်တောင် နင်ဟာ တခြားတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုဖြစ် သွားမှာတော့ ငါ မလိုလား မခံစားနိုင်ဘူးဟာ"

"ဒါကြောင့် ငါတို့ အတူတူနေလို့ရအောင် တခြားသူလည်း လုလို့ မရအောင် ညီမလေးအဖြစ် မွေးစားပါလို့ ပြောတာပေါ့"

"အပြောလွယ်သလောက် အလုပ်ခက်တဲ့အထဲမှာ အဲဒါလည်း ပါမယ်ဟ"

ရယ်ဟဟနှင့် ကြိုးပြောတော့ ကြိုး၏ မအီမလည်ရုပ်ကိုကြည့်ကာ အမရာ တခစ်ခစ်ရယ်ပါလေသည်။ သူမခန္ဓာကိုယ်ရှိ အသားစိုင်တချို့ တလှုပ်လှုပ်ဖြစ်နေ၏။ ကြိုး မျက်စိလွှဲလိုက်သည်။

သူမ ငါ့ကို တကယ်ပဲ အစ်ကိုတစ်ယောက်လို သံယောဇဉ်တွယ် တာလား. . . ။ ကြိုး စဉ်းစားသည်။ အရွယ်ရောက်ပြီးသား သွေးစိမ်းသူ ဖိုနှင့်မ တစ်ယောက်ကိုတစ်ယောက် သွေးသားရင်းချာ မောင်နှမလို၊ ဆွေမျိုးရင်းချာလို၊ အပြည့်အဝ စစ်မှန်စွာ တကယ်ကြီး သံယောဇဉ် ဖြစ်တယ်ဆိုတာကို ကြိုး လုံးဝ ယုံကြည်မှုမရှိ။ ဖောချွီးဟုသာ သတ်မှတ် သည်။ အနည်းဆုံးအဆင့် ခံစားမှုစိတ်ထား အနိမ့်အမြင့် ကွာဟမှုတော့ ရှိကိုရှိရမည်။ ပတ်သက်ဆက်ဆံမှုအခြေအနေပေါ် မူတည်ပြီး ဆင်ခြင် ချုပ်ထိန်းမှုနှင့် နှစ်သက်မှုအလျောက် သာယာစိတ်လျော့နည်းခြင်းတို့သာ ဖြစ်နိုင်သည်ဟု ယူဆသည်။

သူမသဘောအစစ်က ဘာဖြစ်လေမလဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ငါအိပ်ပျော်အောင် ငါ့ကို ပုံပြင်လေးပြောပြီး ချော့သိပ်ပါလား ကြိုးရယ်. . ."

သူမ ပူဆာတောင်းဆိုတော့ 'အချစ်နှင့်အချိန်' ဆိုသော ပုံပြင် ကလေး ကြိုး ပြောပြဖြစ်ပါသည်။

"ဟိုးရှေးရှေးတုန်းက စိတ်ခံစားချက်တွေနဲ့ ပြည့်နှက်နေတဲ့ ကျွန်းကလေးတစ်ကျွန်းရှိတယ်တဲ့၊ အဲဒီကျွန်းကလေးမှာ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ အသိပညာနဲ့ အချစ်အပါအဝင် တခြားစိတ်ခံစားမှုအားလုံး တည်ရှိနေကြတယ်၊ တစ်နေ့မှာတော့ ကျွန်းကလေးဟာ မကြာခင် ရေနစ်မြုပ်တော့မယ့်အကြောင်း အရေးပေါ် ကြေညာချက်တစ်ခု ထွက်လာတယ်၊ စိတ်ခံစားမှုတွေဟာ လှေတွေ တည်ဆောက်ပြီး ကျွန်းကလေးကို စွန့်ခွာဖို့ ပြင်ဆင်ကြတယ်၊ အချစ်ဆိုတဲ့ စိတ်ခံစားမှုက လွဲလို့ပေါ့. . .

ကျွန်းကလေးပေါ်မှာ အချစ်ဟာ တစ်ယောက်တည်း အထီးကျန်နေခဲ့တယ်။ သူဟာ နောက်ဆုံးအချိန်ထိ တတ်နိုင်သရွေ့ ကျွန်းကလေးကို မစွန့်ခွာချင်ခဲ့ဘူး။

ကျွန်းကလေးဆီ ရေတွေ တစိမ့်စိမ့် စီးဝင်လာပြီး ကျွန်းကလေးဟာ ရေလွှမ်းမှု ခံနေရပါပြီ။ အချစ်ကိုယ်မှာလည်း ရေတွေ စိုရွှဲနေခဲ့ပြီ။ သူ ကျွန်းကလေးက မဖြစ်မနေ ထွက်ခွာရတော့မယ်။ သူ ဝမ်းနည်းနေတယ်။ ကျွန်းကလေးပေါ်ကနေ ထွက်ခွာဖို့လှေလည်း သူ့မှာ မရှိဘူး ဖြစ်နေခဲ့တယ်။ ဒီလိုနဲ့ ကမ်းစပ်ကို ထွက်လာပါတယ်။

ကမ်းစပ်ရောက်တော့ ချမ်းသာကြွယ်ဝမှုဟာ ကျွန်းကလေးပေါ်ကနေ လှေတစ်စီးနဲ့ထွက်ခွာဖို့ ပြင်ဆင်နေတာမြင်တော့ အချစ်ကမေးတယ်။

"ကိုချမ်းသာကြွယ်ဝရေ၊ ကျွန်တော့်ကို ခင်ဗျားနဲ့အတူ ခေါ်သွားပေးနိုင်မလား"





"ဒီလှေပေါ်မှာ ရွှေငွေရတနာ ကျောက်သံပတ္တမြားတွေ အပြည့် တင်ထားတယ်၊ ခင်ဗျားအတွက် နေရာမရှိဘူး"

လို့ ချမ်းသာကြွယ်ဝမှုက ပြန်ဖြေသတဲ့။

အချစ်ဟာ လှပတဲ့လှေငယ်ကလေးနဲ့ ထွက်ခွာဖို့ပြင်နေတဲ့ မာနကိုတွေ့တော့ မေးပြန်တယ်။

"မာန ခင်ဗျား ကျွန်တော့်ကို ကျေးဇူးပြုပြီး ကူညီပါဗျာ၊ ကျွန်တော် ခင်ဗျားလှေနဲ့ လိုက်လို့ရမလား"

"ခင်ဗျားတစ်ကိုယ်လုံး ရေတွေစိုနေပြီ အချစ်ရေ၊ ခင်ဗျားတက်လာရင် ကျုပ်လှေ လှလှကလေး ပျက်စီးသွားမှာပေါ့၊ မကူညီနိုင်ဘူး"

လို့ မာနက ခပ်တင်းတင်းပဲ ပြန်ပြောတယ်။

အဲဒီအချိန်မှာ ဝမ်းနည်းမှုဟာ အချစ်ရဲ့အနား ကပ်လာတဲ့အတွက် အချစ်ကမေးလိုက်တယ်။

"ဝမ်းနည်းမှု ခင်ဗျားနဲ့ကျွန်တော် အတူသွားကြရအောင်"

"အို. . . အချစ်ရယ်. . . ငါကိုယ်ငါတောင် မကူညီနိုင်လို့ ငါတောင် ဝမ်းနည်းနေရပါတယ်"

လို့ ဝမ်းနည်းမှုက ညည်းပြသတဲ့။ ပျော်ရွှင်မှုဟာလည်း လှေတစ်စီးနဲ့ ပြုံးရွှင်စွာ ကမ်းကထွက်ခွာသွားတာ အချစ်ရဲ့ အော်ဟစ်အကူအညီတောင်းခံသံကို မကြားတော့ပါဘူး။

ရုတ်တရက် အသံတစ်သံကို အချစ် ကြားလိုက်ရတယ်။

"လာပါ အချစ်၊ ငါ မင်းကို ခေါ်သွားမယ်"

အဲဒီစကားကို ပြောလိုက်သူက သူ့ထက်အသက်ကြီးတဲ့ အချစ်ကြီးပဲဖြစ်ပါတယ်။ အချစ်ဟာ သူနဲ့မျိုးနွယ်တူ သူ့ထက်အကြီးကို မေးဖို့မေ့နေခဲ့တာတောင်မှ သူ့ထက်အသက်ကြီးတဲ့အချစ်ကြီးက သူ့ကို လှေနဲ့ ခေါ်ဆောင်သွားခဲ့တယ်။ ဒီလိုနဲ့ ခြောက်သွေ့တဲ့ ကျွန်းတစ်ကျွန်းပေါ် သူတို့ရောက်လာခဲ့ကြပါတယ်။ သူ့ထက်အသက်အရွယ်ကြီးတဲ့ အချစ်ကြီးဟာ သူ့ကိုထားခဲ့ပြီး သူ့လမ်းသူ ဆက်သွားတယ်။

www.burmeseclassic.com



အချစ်ဟာ အသိပညာနဲ့တွေ့တော့ မေးလိုက်တယ်။

"ကျွန်တော့်ကို ဘယ်သူကူညီနိုင်ဦးမလဲ"

အသိပညာက ပြန်ဖြေတယ်။

"အချိန်ကသာ သင့်ကို ကူညီနိုင်ပါလိမ့်မယ်"

"အချိန်. . . ဟုတ်လား။ အချိန်က ကျွန်တော့်ကို ဘယ်လို ကူညီနိုင်မှာလဲဗျ"

အချစ်က နားမလည်ဟန်နဲ့မေးတော့ အသိပညာက လေးနက်စွာ ပြုံးပြီး ဖြေပါတယ်။

"အချိန်ကသာလျှင် အချစ်ဆိုတာ ဘယ်လောက်တန်ဖိုးရှိသလဲ သိတဲ့ တစ်ခုတည်းသောအရာ ဖြစ်နေလို့ပေါ့"

ဒီလိုနဲ့ အချစ်ဟာ အချိန်ကို စောင့်မျှော်နေခဲ့တယ်တဲ့. . ."

ပုံပြင်ကလေး ပြီးဆုံးသောအခါ အမရာကို တွေတွေငေးငေးလေး ကြည့်၍ ညင်သာစွာ ကြိုး ပြောပါသည်။

"တစ်နေ့နေ့မှာ ငါ့ရဲ့ အချစ်ဆိုတဲ့ခံစားမှုကို နင် တန်ဖိုးထား ကူညီမယ့်အချိန် ငါ စောင့်မျှော်နေပါတယ် အမရာ"

ထိုညက ကြိုးအိပ်ရာလေးပေါ်မှာပဲ အမရာ အိပ်ပျော်သွားခဲ့ပါသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ထင်ရသော သူမအား ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရရှိပါဘဲနှင့် ကြိုး လွန်ကျူးမှုတစ်ခု ပြုမူဖြစ်သွားပါသည်။

သူမ လက်ယာလက်ဖမိုး ပြည့်ပြည့်ဖောင်းဖောင်းလေးကို ညင်သာဖွဖွ နမ်းရှိုက်လိုက်မိတာ. . .။





ကြည်နူးပျော်ရွှင်ခဲ့သမျှ အရာရာဟာ မုန်တိုင်းမလာမီ ရှေ့ပြေး ဝင်ရောက်တိုက်ခတ်သော လေပြည်လေညင်းသဖွယ်။ အပျော်အိပ်မက်ကလေး တမြတ်တနိုး မက်နေရာမှ တရကြမ်း လှုပ်နှိုးခံလိုက်ရသလိုပါပဲ။

ကားသံကြောင့် ကြိုးနှင့်အမရာ စိုးတထင့်ထင့် အိမ်ထဲမှ ထွက်အလာ အိမ်ရှေ့လမ်းကြားလေးပေါ်တွင် ရပ်လိုက်သောကားပေါ်မှ ကိုဝေဖြိုးနှင့် အမရာ၏မိခင် ဆင်းလာတာမြင်လိုက်ကတည်းက အခြေအနေ မလှပနိုင်တော့ကြောင်း ကြိုး တွက်ဆမိခဲ့၏။ အမရာကလည်း ဖြစ်ချင်ရာဖြစ်၊ နောက်မှရှင်းမယ်ဆိုပြီး သူမဖုန်းကို တောက်လျှောက်စက်ပိတ်ထားခဲ့တာ။

"ကားပေါ်တက်စမ်း အမရာ၊ ခုချက်ချင်း အိမ်ပြန်လိုက်ခဲ့"

အမရာကို တွေ့တွေ့ချင်းပဲ သူမမိခင်က လမ်းပေါ်မှာပဲ အတင်းဆွဲခေါ်သည်။ အမရာက ပြန်လိုက်ချင်ပုံမရဘဲ ပေကပ်ကပ် လုပ်နေ၏။ ကြိုးရဲ့ အကျီ၊ ဘောင်းဘီတို့နှင့် အမရာ၏ပုံစံက ဖိုသီဖတ်သီ။

အမေနှင့်ညီမလေးပါ အိမ်ထဲက ထွက်လာသည်။

"အိမ်ထဲဝင်ပြီး အေးအေးဆေးဆေးပြောပါ အစ်မရယ်၊ လမ်းပေါ်မှာ ဘေးပတ်ဝန်းကျင် ကြားရင်မြင်ရင်လည်း မကောင်းပါဘူး"

အမေ တောင်းပန်ကာမှ အသံပိုကျယ်လာသည်။

"ဒီလိုအိမ်ထဲ ဝင်စရာလား၊ ဒီလိုဆင်းရဲသားရပ်ကွက်ထဲ ဝင်လာရတာတောင် သနနေပြီ"

ထိန်းထားသည့်ကြားမှ ကြိုး စိတ်လွတ်သွားသည်။

"မဆိုင်တဲ့ရပ်ကွက်ကိုတော့ ထည့်မစော်ကားပါနဲ့ အန်တီ၊ စကားပြောတာ အဆင့်အတန်းရှိပါ"

"အမလေး. . . ငါ့ကိုများ ပြန်ဆုံးမနေသေးတယ်၊ နင်တို့အဆင့်ဘာဆိုတာ ငါ စုံစမ်းလေ့လာပြီးပြီ၊ အဖေက မကောင်းတဲ့မိန်းမယူပြီးပစ်သွားလို့ ကြွေးပတ်လည်ဝိုင်း ကျန်နေခဲ့တဲ့ဟာတွေကများ ဒီလိုမျိုးရိုးမသန့် အဆင့်အတန်းမရှိတာတွေနဲ့ မစပ်ယှက်စမ်းနဲ့ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဘာတွေပြောနေတာလဲ၊ ကြိုးက သမီးရဲ့ သူငယ်ချင်းပါ။ သူ ဘာဘဝ ဘယ်အခြေအနေပဲဖြစ်နေဖြစ်နေ သမီးအတွက်တော့ ကြိုးက လူကောင်းတစ်ယောက်ပဲ၊ ဒီကိုလာတယ်ဆိုတာလည်း ဘယ်သူမှခေါ်လို့ မဟုတ်ဘူး၊ သမီးသဘောနဲ့ သမီးလာတာ၊ သမီးကို ပြန်လာခေါ်တယ်ဆိုရင်လည်း အေးအေးဆေးဆေး ပြေပြေလည်လည်နဲ့ ပြီးရမယ့်ဟာ အမေလုပ်ပုံက အရမ်းရှက်ဖို့ကောင်းတာပဲ၊ တစ်ဖက်သားမိသားစုကိုလည်း အရမ်းအားနာဖို့ကောင်းတယ်"

သူမမိခင်ကို အမရာဝင်ပြောပြီး ကြိုးကို တောင်းပန်သည်။ အမေနှင့်ညီမလေးကိုလည်း တောင်းပန်၏။

"ငါတောင်းပန်ပါတယ် ကြိုး၊ ငါ့ကြောင့် အခုလို ဖြစ်ရတာပါ။ အန်တီနဲ့ ညီမလေးကိုလည်း တောင်းပန်ပါတယ်"

အမေက မချိုပြုံးပြုံး၍ "ရပါတယ် သမီးရယ်" ဟူ၍သာ လေအေးလေးဖြင့် တုံ့ပြန်ပြောသည်။ ညီမလေးယုမွန်ကတော့ နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ကာ မျက်ရည်တွေ စီးကျနေပါသည်။ ကြိုးကတော့ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

"မှန်တာပြောတာ၊ ဘာမှတောင်းပန်နေစရာအကြောင်း မရှိဘူး လာ ကားပေါ်တက်"

သူမမိခင်ဆွဲခေါ်ရာ ကားပေါ် အမရာ ပါသွားသည်။ ပွဲကြည့်ပရိသတ်အနေနှင့်သာ ရပ်နေသော ဝေဖြိုးလည်း ကားပေါ်တက်၍ မောင်းသူနေရာထိုင်သည်။

"ခဏလေး အမရာ၊ နင့်ပစ္စည်းတွေ အကုန်ယူသွားပါ၊ မဟုတ်ရင် ထပ်ပီပေါင်စားတဲ့ကောင်လို့ပါ ငါ အပြောခံနေရမှာစိုးလို့ပါ"

ကြိုး အိမ်ထဲဝင်ပြီး အမရာ၏လက်ကိုင်အိတ်၊ ဖုန်းတို့ကို ယူသည်။ အမရာ၏ အင်္ကျီ၊ လုံချည်တို့ကို ညီမလေးယုမွန်အား သွားယူခိုင်းပြီး အားလုံး ကားပေါ်တင်ပေးလိုက်သည်။ အမရာက တိုးလျှိုးတောင်းပန်သော မျက်နှာထား အကြည့်တွေနှင့် . . .။ ကြိုး မျက်နှာလွှဲပစ်လိုက်သည်။

ကားအကောင်းစားကြီး လမ်းအစုတ်အပြတ်ကလေးထဲမှ မောင်းထွက်သွားပြီ။ ကားပြတင်းမှ အမရာ လက်ပြသည်။ ကြိုး လက်ပြန်မပြဖြစ်ပါ။ နှုတ်မဆက်ချင်သေးလို့လား . . .။

အိပ်မက်လှလှကလေးကတော့ အတောင်အလက်မစုံလင်ခင် ကျကွဲခဲ့ရချေပြီ။





www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း"

ခပ်ကြမ်းကြမ်း ဆောင့်ချလိုက်မှုကြောင့် ဖန်ခွက်ကလေး ထက်ခြမ်းကွဲကြေသွား၏။ ဖန်ခွက်ထဲမှ အရက်ရည်တွေ စားပွဲခုံပေါ် ဖိတ်စင်ကုန်သည်။ ဖန်ခွက်ကိုင် ကြိုးလက်လည်း ဖန်ကွဲစတို့ ထိုးရှမှုကြောင့် သွေးစတို့ ယိုစိမ့်စီးကျလာ၏။

"ဘယ်လိုလုပ်လိုက်တာလဲ ကြိုး"

"မြင်တဲ့အတိုင်းပဲလေ"

"မဆိုင်တာကို မမဲနဲ့လေကွာ၊ ဒါ သူများဆိုင်ထဲမှာ"

"ဒီကောင့်လက် ထိသွားတယ်"

ဉာဏ်ကြီးထွန်းက အနားလာရပ်သော စားပွဲထိုးကို တောင်းပန်စကားဆိုသည်။ ကောင်းဝေယံက ထိုင်ရာမှထ၍ ကောင်တာသွားပြီး ပြန်ရောက်လာတော့ ဆေးပလာစတာတစ်ခု ပါလာသည်။

"လက်ကို သေချာရေဆေးပြီး ပလာစတာကပ်ထားလိုက်၊ အပြန်ကျမှ ငါ ဆေးထည့်ပေးလိုက်မယ်"

ကောင်းဝေယံက ဆေးကျောင်းဒုတိယနှစ်မှာ နှစ်နှစ်ဆက်တိုက်ဖြေဆိုရာ မအောင်မြင်သဖြင့် ကျောင်းနားကာ ဆေးဝါးကျွမ်းကျင်သင်တန်းတက်ပြီး ဒီမြို့မှာပဲ ဆေးဆိုင်ပြန် ဖွင့်နေတာ။ ဉာဏ်ကြီးထွန်းကတော့ မိသားစုအလုပ်ဖြစ်သော ပွဲရုံအလုပ် ကူလုပ်သည်။ ဒီမြို့ပြန်ရောက်ကတည်းက ငယ်သူငယ်ချင်း အရင်း အချာဖြစ်သော သူတို့နှစ်ယောက်နှင့်သာ ကြိုး တွဲဖြစ်သည်။

ပညာသင်ယူချိန်မှာ အပျော်အပါးမက်တာများသွားသဖြင့် ဆေးကျောင်းမှ နှုတ်ထွက်လိုက်ရသည့်အတွက် ကောင်းဝေယံလည်း နောင်မှနောင်တရလျက် စိတ်ထွေကာ ဘီယာတော်တော်သောက်တတ်နေပြီ။ ကြိုးနှင့်ဉာဏ်ကြီးထွန်းကတော့ အရက်လိုင်း။ ညဘက်ဆိုလျှင် သုံးယောက်ဆုံကာ သောက်ဖြစ်ကြတာများ၏။





စားပွဲခုံပေါ်မှ ဖန်ခွက်အကွဲစ နှစ်ခုကိုယူ၍ တကုပ်ကုပ်နှင့် ကြိုး အလုပ်ရှုပ်နေသည်။

"လက်ကိုထပ်ရှဦးမယ် ကြိုး၊ ဘာလုပ်မလို့လဲ"

"သူလည်း ဒဏ်ရာရသွားတာပဲလေ၊ ငါ့အနာက နည်းနည်းလေးပါ၊ သူ့အနာက များတယ်၊ ဒီကောင် ရင်ဘတ်ထက်ခြမ်းကွဲသွားတာ၊ ဒါကြောင့် သူ့ကို ကုသပေးနေတာ"

ဖန်ခွက်အကွဲလေးကို ပလာစတာနှင့် ကြိုး တယုတယ ပြန်ကပ်ပေးနေပါသည်။ ပြီးသောအခါ ဖန်ခွက်ကလေးကို တသသ ကိုင်မြှောက်ကြည့်နေ၏။ ပွတ်ချည်သပ်ချည် လုပ်နေ၏။ အတန်ကြာမှ. . .

"တစ်စစီကွဲအက်ပြီးမှ ပြန်ဆက်ဖို့ကြိုးစားလည်း ပကတိအတိုင်းတော့ ဘယ်လိုမှ ပြန်ဖြစ်မလာနိုင်တော့ပါဘူးလေ"

ကောင်းဝေယံနှင့် ဉာဏ်ကြီးထွန်း မျက်ဝန်းချင်းဆုံသည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်နေသော သူတို့အကြည့်တွေထဲမှာ အဓိပ္ပာယ်တွေ ပါဝင်နေ၏။

ယခုတလော ကြိုးကိုကြည့်ရတာ မူမမှန်။ အရင်ကဆို အစဉ်အမြဲပြုံးရွှင်နေကျ မျက်နှာလေးက အခုတလော အမြဲလို အောက်သိုးသိုးနှင့်မှုန်ကုပ်နေတာ တွေ့ရသည်။ အရင်က အင်မတန် သည်းခံအေးငြိမ်သောကြိုးသည် အခုတလော ဘာမဟုတ်တာလေးနှင့်လည်း ရန်လိုဒေါသကြီးနေတတ်သည်။ ကောင်းဝေယံနှင့်ဉာဏ်ကြီးထွန်း အိမ်သွားလျှင် သူ့အခန်းလေးထဲမှာ သူတို့မိသားစုလေးယောက် ဓာတ်ပုံလေးကို တွေတွေကြီးကိုင်၍ ထိုင်ကြည့်နေတာ၊ ကွန်ပျူတာစကရင်ပေါ်မှာတင်ထားသော အမရာ၏ပုံကို ငူငူကြီး စူးစူးစိုက်စိုက်ကြည့်နေတာတွေနှင့် ကြုံသည်။ တစ်ခါတရံ စီးကရက်တိုလေးတွေနှင့် စကားပြောနေတာ၊ ခရမ်းရောင်ပူဖောင်းလေးကို လေမှုတ်၍ တစ်ယောက်တည်း ဟိုဘက်ဒီဘက် ကူးချည်သန်းချည် ပုတ်လွှား ဆော့ကစားနေတာ၊ အညိုရောင်ဆေးဆိုးထားသည့် လက်သည်းကျိုးပြတ်စ,လေးကို နမ်းရှိုက်နေတတ်တာတွေ မြင်ရသည်။ ထိုအရာတွေကို ကောင်းဝေယံနှင့်ဉာဏ်ကြီးထွန်းက ယူကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မည်ပြုလျှင် မကြိုက်။ စူးစူးဝါးဝါး အော်ဟစ်၍ တားဆီးတတ်သည်။ သူ့ပစ္စည်းတွေကို ခိုးဝှက်သွားမှာ၊ ဖျက်ဆီးပစ်မှာ ကြောက်လန့်စိုးရိမ်ကြီးနေသည့် ကမူးရှူးထိုး အမူအရာနှင့်။

အစားအသောက်လည်း ဟုတ်တိပတ်တိ မစားသောက်။ ညဘက်ဆိုလျှင် တစ်ညလုံး မအိပ်ပဲ တစ်ခါတရံ သီချင်းတွေအကျယ်ကြီး အော်ဆိုနေတတ်ကြောင်း၊ တစ်ခါတရံ သူ့အခန်းဆီမှ တက်ခေါက်သံ အံကြိတ်သံနှင့် ရယ်သံတွေ ကြားရတတ်ကြောင်း ကြိုး၏မိခင်က ပြန်ပြောပြသည်။

ယခုလည်း ကြိုးရဲ့မျက်လုံးတွေက ကြောင်စီစီ။

“ငါ့ဘဝကြီး စုတ်ပြတ်သွားတာ၊ ငါ့အမေနဲ့ ငါ့ညီမလေး သူများတံတွေးခွက်မှာ နစ်သေမတတ်ဖြစ်ရတာတွေအားလုံးဟာ ဟိုလူ့ကြောင့်ကွ၊ ငါ့ဘဝကိုကော ငါ့အမေနဲ့ငါ့ညီမရဲ့ ဘဝကိုကော အဲ့ကောင် ချိုးဖဲ့ဖျက်ဆီးပစ်တာ၊ အဲ့ကောင်ကို ငါသတ်မှာ”

“အဲ့လိုလုပ်လို့ ဖြစ်မလားကွ၊ မိဘက မိဘပဲ၊ မပြစ်မှားကောင်းဘူး”

“မိဘနဲ့တူမှ မိဘလို့ သတ်မှတ်ထိုက်မှ မိဘလို့ သတ်မှတ်ရမှာပေါ့ကွ၊ မိဘနဲ့မတူရင် မိဘလို့ သတ်မှတ်စရာမလိုဘူး”

“မင်း ဒီအရွယ်ထိရောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားတွေ ထည့်တွက်ဦးလေကွာ”

“ဝတ္တရားအရ ဒါကတော့ လုပ်ပေးရမှာပဲလေ၊ ဒီတာဝန်မယူချင်ရင် အစတည်းက မမွေးနဲ့ပေါ့ကွ”

“မင်းအမေနဲ့ မင်းညီမလေးကို ထည့်မတွက်တော့ဘူးလား၊ မင်း လူသတ်ပါပြီတဲ့၊ မင်းထောင်ထဲရောက်သွားရင် သူတို့ ဘယ်သူ့အားကိုးမလဲ၊ သူတို့ကို ဘယ်သူရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်မလဲ”

“အဲဒီအတွက် အစစအရာရာ အားလုံး နောက်ကြောင်းအေးအောင် ငါ စဉ်းစားစီစဉ်ပြီးသွားပါပြီ”

“ဘယ်လိုလဲ”





“အရင်ဆုံး ဟိုကောင်နဲ့ဟိုကောင်မကို သတ်မယ်၊ ပြီးတာနဲ့ အမေနဲ့ညီမလေးကိုပါ သတ်မယ်၊ အားလုံးသေပြီဆိုတော့မှ ငါကိုယ်ငါ သတ်သေမယ်၊ အားလုံးစီစဉ်ပြီးသားပါကွ၊ ပစ္စည်းပစ္စယတွေလည်း အဆင်သင့်ပဲ”

ခါးကြားမှစားမြှောင်ကို ကြိုး ဆွဲထုတ်ပြီး စားပွဲခုံပေါ် တင်ချပြသည်။ နောက် . . . ဘောင်းဘီအိတ်ထဲမှ ပလတ်စတစ်အိတ်အကြည်နှင့် ထည့်ထားသော ဆေးပြားတွေ. . .။ ထိုဆေးပြားတွေကိုကြည့်ပြီး ဉာဏ်ကြီးထွန်းနှင့်ကောင်းဝေယံ မျက်လုံးပြူးသွားသည်။

“ဟာ. . . ဒါ ဒါ ပဲဆေးပြားတွေ”

“အဲဒီဆေးပြားတွေက အငွေ့ရရုံနဲ့ လူအဆိပ်သင့်တယ်ကွ၊ မင်းဘာတွေလျှောက်လုပ်နေတာလဲ ကြိုး”

“အကောင်းဆုံးဖြစ်မယ့်ဟာတွေ စီစဉ်ထားတာလေကွာ၊ ခုတလော ငါသွားလေရာ အဲဒီပစ္စည်းတွေ ဆောင်ယူသွားတယ်၊ ကိုယ်နဲ့မကွာ ထားတယ်၊ အခွင့်အရေးရတာနဲ့ ငါ့အစီအစဉ်ကို အကောင်အထည်ဖော်မယ်၊ အဲဒီလိုဆို ငါ့ဘဝကို ဖျက်ဆီးတဲ့ဟာတွေကိုလည်း ငါ သုတ်သင်နိုင်ပြီ၊ အမေနဲ့ညီမလေးလည်း စိတ်ဆင်းရဲကိုယ်ဆင်းရဲ မျက်နှာငယ်ငယ်နဲ့ လောကမှာ မနေရတော့ဘူးပေါ့၊ ငါလည်း ဒီဘဝမှာ ပြန်မရနိုင်တော့တဲ့ ဂုဏ်သိက္ခာနဲ့ ပြည့်စုံတဲ့ အများလေးစားအားကျရတဲ့ မိသားစုဘဝလေးကို နောင်ဘဝမှာ ပြန်တည်ဆောက်မယ်လေကွာ”

ကြိုး၏ပါးစပ်က စကားတွေ တတွတ်တွတ်ပြောလိုက်၊ အရက်သောက်လိုက်၊ စီးကရက်ဖွာလိုက်၊ ကွမ်းဝါးလိုက်နှင့်. . .။



www.burmeseclassic.com

www.burmeseclassic.com



အမရာ. . .။

သူမ အိမ်ထဲမှ ခိုးထွက်သည်။ ခြံစည်းရိုးအုတ်တံတိုင်းကို ကျော်တက်၏။ ဆီးကြိုဖမ်းပွေ့မည့်သူမရှိသော အောက်မြေပြင်သို့ ခုန်ချသည်။ ခွေခေါက်လဲကျရာမှ လူးလဲထသည်။ ထို့နောက် လမ်းမရောက်အောင် ကသောကမျော လျှောက်သွားပြီး တက္ကစီတစ်စီးကိုငှား၍ ထွက်သွားလေသည်။

ကြိုးဆီမှအပြန် လမ်းတစ်လျှောက်လုံး အမေက ဆူညံပွက်လောရိုက်နေသည်။ အိမ်ပြန်ရောက်တော့လည်း အဖေက နားရင်းရိုက်သည်။ ဒါ ရိုက်နှက်စရာလား။ ဖြစ်စေချင်တာ ပါးစပ်နဲ့ အေးအေး နားဝင်အောင် ပြော ရတာပဲ။ ဝေဖြိုးနှင့်တောင် ခရီးအတူလွှတ်သေးတာ။ ကြိုးဆီ အလည်သွားတာကျ ဘာလို့အပြစ်မြင်ကြတာလဲ။ လူလူချင်း ဘာတွေကွဲပြားနေလို့လဲ။ လူတစ်ယောက်ရဲ့တန်ဖိုးဆိုတာ အပေါ်ယံအဆောင်အယောင်တွေလား။ အသိဉာဏ်နှင့် စိတ်ဓာတ်အခြေခံလား။ မြင့်မြတ်မှုဆိုတာ ဘာလဲ။ အဆင့်အတန်းခွဲခြားမှုတွေကို စက်ဆုပ်လိုက်တာ။

အိမ်ပြန်ရောက်တာနှင့် အမရာဝတ်ထားသော ကြိုးအဝတ်တွေ ချွတ်ခိုင်းပြီး အိမ်အကူကောင်မလေးကို သွားလွှင့်ပစ်ခိုင်းသည်။ အမရာလက်မခံပဲ အတင်းအကြပ် လွန်ဆန်ကာ ထိုဝတ်စုံတို့ကို သူမအခန်းထဲမှာသာ သိမ်းဆည်းထားလေသည်။ ကြိုးကို သတိရတိုင်း ထုတ်ယူကြည့်၏။

ကြိုးရယ်. . . နင် သိပ်ခံစားနေရမှာပဲနော်. . .

သူမ ဖုန်းဆက်တော့လည်း ဖုန်းမကိုင်။ ငါ့ကို နာကျည်းမုန်းတီးသွားပြီလားဟာ. . .။ ငါကကော ကြိုးအတွက် ဘာကြောင့် ဒီလောက် ခံစားနေရတာလဲ. . .။ ဘာကြောင့် နေမထိထိုင်မသာ ဒီလောက် အဖြစ်





သည်းနေရတာလဲ. . .။ ငါ ကြိုးကို ချစ်နေတာလား. . .။

ကြိုးအိပ်ရာလေးပေါ်မှာ သူမလက်ဖမိုးကို ကြိုးခိုးနမ်းတာ သတိရသည်။ ကြိုးကတော့ သူမအိပ်ပျော်နေသည်ဟုသာ ထင်ပုံပဲ။ တကယ်တမ်း သူမ အိပ်မပျော်သေးပါ။ သိလျက်နဲ့ ကြိုးနမ်းတာကို ဘာလို့ ငြိမ်ခံနေမိတာလဲ။ ဘာလို့ မငြင်းဖယ်မိတာလဲ။ သာယာနေတာလား။ ငါ အားနာနေတာ ဖြစ်မှာပါ. . .။ အဲဒီအချိန် ဘာလို့ ရင်က သာမန် ထက် လှုပ်ခုန်နေရတာလဲ. . .။ ဘာလို့ တစ်ကိုယ်လုံး နွေးထွေးပူရှိန်းပြီး ကြက်သီးမွေးညင်းလေးတွေ ထသွားရတာလဲ. . .။ အရွယ်တူ သွေးတစိမ်း ဖိုနှင့်မ အထိအတွေ့ပဲ။ ဒီလောက်တော့ ဖြစ်မှာပေါ့။ အချစ်က ရင်ခုန်စေပေမယ့် ရင်ခုန်တိုင်း အချစ်မှမဟုတ်တာ။

ကိုကို့ပုံရိပ်က အာရုံမှာ ပေါ်လာသည်။ ခေါင်းကို ရမ်းခါထုတ်ပစ်လိုက်သည်။ ငါ ကြိုးကို ချစ်နေတာ မဟုတ်ပါဘူး. . .။ ကိုယ့်အပေါ် သိပ်ကောင်းတဲ့ သူငယ်ချင်းတစ်ယောက်မို့ ခင်တွယ်နေတာပဲဖြစ်မှာပါ။ ငါ တကယ်ချစ်တာက ကိုကိုပဲလေ။ ကိုကိုမရှိတော့ပေမယ့် ကိုကိုက ငါ့ချစ်သူပဲ. . .။ ကိုကို့အပေါ် သစ္စာရှိရမှာပေါ့. . .။

ဒီရက်ပိုင်း အလုပ်ကိုလည်း မသွား။ အပြင်လည်း မထွက်။ တစ်ချိန်လုံး အမရာ အိမ်တွင်းအောင်းနေသည်။ ဒီညတော့ သွေးသားတောင့်တမှုနှင့် ဆန္ဒလှုံ့ဆော်မှုတို့ကြောင့် သူမ အိမ်မှ ခိုးထွက်လာခဲ့ခြင်း ဖြစ်၏။ ကြိုးက ညဘက် တစ်ယောက်တည်း အပြင်မထွက်ဖို့ ကြိမ်ဖန်တလဲလဲ ပြောလေ့ရှိ၏။ ငါ သိပ်မွန်းကြပ်နေလို့ပါ ကြိုးရယ်. . .။

ကားရပ်တာနှင့် ကားခပေးပြီး မှောင်မိုက်သော တိုက်ခန်းလှေကားလမ်းကျဉ်းအတိုင်း ဖုန်းဟမ်းဆက်မှ Flashlight မီးလေးဖွင့်၍ အပေါ်တက်သွားလိုက်သည်။ ဒီနေရာကို ကိုကိုနှင့် ထပ်ကာတလဲလဲ အတူလာဖူးသလို ကြိုးနှင့်လည်း တစ်ခါ အတူလာဖူးသည်။ ခုချိန်ဘေးနားမှာ ကြိုးပါလာရင် သိပ်ကောင်းမှာပဲ။

တံခါးခေါက်တော့ အတွင်းမှမေးသံ ထွက်လာသည်။

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမရာ"

တံခါးလာဖွင့်ပေးတာက ဆေးမင်ကြောင်ဗရပွနှင့် ခပ်ထွားထွားလူ။ ပွင့်သွားသောတံခါးမှ အမရာ အတွင်းအမြန်ဝင်လိုက်သည်။ မြင်ကွင်းက ရှင်းနေပါ၏။

"ဟင် . . . ဘယ်သူမှ မရှိကြဘူးလား ကိုနေမင်းခ"

"ဟုတ်တယ်၊ ရဲတွေ အနံ့လိုက်ခံနေတယ်ကြားလို့ ဒီရက်ပိုင်း လူစုခွဲထားတာ"

"ဒါဆို ပစ္စည်းကကော၊ ကျွန်မ သုံးချင်လို့လာတာ"

"အသီးလား၊ အဖြူလား"

"အသီးပဲပေါ့"

"အသီးက ပြတ်နေတယ်၊ အဖြူပဲရှိတယ်၊ သိပ်လိုနေရင် အဲ့ကောင်ပဲ လုပ်လိုက်ပေါ့၊ ရလား"

"ရတယ်လေ၊ လုပ်တာပေါ့"

ဈေးမေးပြီး ငွေချေကာ ပစ္စည်းယူသည်။

"အပြင်မှာက အခုတလော အသံထွက်တွေ သိပ်ကောင်းတာ မဟုတ်ဘူး၊ ဒီထဲမှာပဲ အမြန်လုပ်လိုက်"

နေမင်းခဆိုသူက ဆေးထိုးပိုက်နှင့်အပ် ထုတ်ပေးတော့ အမရာ လက်ကာပြလိုက်ပြီး "ဆေးလိပ်ပဲ လုပ်မယ်"ဟု ပြောလိုက်သည်။ နေမင်းခက ဖောက်လက်စစီးကရက်ဘူးအား ပစ်ချပေးသည်။

စီးကရက်ထဲမှ ဆေးသားတွေထုတ်ပြီး အဖြူမှုန့်နှင့် ဆေးသားအနည်းငယ်ကိုရောနယ်ကာ စီးကရက်ထဲ ပြန်ထည့်သည်။ ဆေးသားကြပ်အောင် စီးကရက်ကို လက်ဖဝါးနှစ်ခုကြားမှာ အကြိမ်ကြိမ်လှိမ့်ပြီး လက်သည်းခွံလေးပေါ် ဖင်စီခံတင်ကာ တဆတ်ဆတ်ဆောင့်ပြီးနောက် မီးညှိကာ အမရာ ဖွာရှိုက်ပါတော့သည်။

ကြိုးက မူးယစ်ဆေးတွေမသုံးဖို့ ခဏခဏပြော၍ အတန်တန်မှာကြားကာ တားသည်။ နံရံကိုမှီထိုင်ပြီး ဇိမ်ယစ်နေတဲ့ ခုလိုပုံစံမျိုးနဲ့ ငါ့ကို ကြိုးမြင်ရင် ဘာပြောမလဲ. . .။ ဆူမှာလား. . .။ ဆိုင်ကယ်အတူစီးရင်း





ကြိုးခါးကို ဖက်လိုက်မိတာ သတိရသည်။ တစ်ပန်းကန်တည်း ထမင်းအတူစားတုန်းက ကြိုးခွံ့ကျွေးခဲ့တာ သတိရသည်။ ငါ့လက်သည်းပြတ်စလေးကအစ ကြိုး တယုတယ သိမ်းထားတာ။ ငါ့ကို သူ တော်တော်ချစ်တာပဲ။ ငါ့ကိုလည်း အရမ်း ဂရုစိုက်တာ။ ငါ့စိတ် ငါ့သဘော ငါ့အကြိုက်ကိုလည်း အရမ်းနားလည်တာ။ ကိုကိုတောင် ငါ့အပေါ် ကြိုးလောက်ဂရုစိုက်တာ မဟုတ်ဘူး။ ကြိုးဆီ ပြန်သွားချင်လိုက်တာ။ ကြိုးနဲ့တွေ့ချင်လိုက်တာ။ ကြိုးက ကိုကို့လောက် မချောပါဘူး။ ဒါပေမယ့် သူပြုံးရင် ချစ်ဖို့ကောင်းတယ်။ စိတ်အားငယ်ဟန်ပေါ်လွင်နေတဲ့ကြားက နွမ်းလျလျလေး ပြုံးပြလေ့ရှိတဲ့ ကြိုးရှေ့မှာ ခပ်တည်တည် မျက်နှာချင်းဆိုင် မတ်မတ်ရပ်၊ ပြီးမှ ဆတ်ခနဲ ကြိုးရဲ့ခါးကိုဖက်ပြီး ကြိုးနဖူးလေးကို ခြေဖျားလေးထောက်၍ နမ်းရှိုက်ချင်လိုက်တာ. . .။ အဲ့လိုဆို သူ ပျော်သွားမှာနော်။

တွေးရင်း အူယားလာသည်။ သူမစိတ်တွေ မျောလွင့်လာသည်။ အတွေးတွေက တကယ်ဖြစ်လာသလို ခံစားလာရ၏။

"ဟင် ကိုနေမင်းခ. . . ရှင် ရှင်. . . ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်မှာလဲ သိနေသားနဲ့ ဘာလို့ အပိုတွေ မေးနေသေးတာလဲကွာ"

အမရာ၏ အသားစိုင်အကွေ့အဝိုက်တွေကြားမှာ နေမင်းခလက်တွေ သွက်လက်စွာ အလုပ်များနေသည်။ နံရံကိုမှီထိုင်နေသော အမရာ ကြမ်းခင်းကော်ဇောပေါ် လှဲသိပ်ခံလိုက်ရ၏။ အသံထွက်အော် ဖို့ကြိုးစားသော သူမနှုတ်ခမ်းသားလှလှဖူးဖူးလေးမှာ စီးကရက်ရနံ့ သင်းနေသော နှုတ်ခမ်းတစ်ခုဖြင့် ဖိကပ်စုပ်ယူခြင်း ခံလိုက်ရသည်။ သူမခန္ဓာကိုယ်ပေါ်မှာ အုပ်မိုးထားတာက ဆေးမင်ကြောင်ဗရပွနှင့် ကိုယ်ခန္ဓာတစ်ခု။

စီးကရက်တိုလေး သူမလက်ထဲမှ ပြုတ်ကျခဲ့ပြီ။ မီးဖွားတွေ ပွင့်စင်သွားတာ ရဲခနဲ. . .။ ခြေဖို့ သတိလစ်နေသော ပြာတောင့်လေးဆက်ကြောင်းတွေမှ အက်၍ ပြုတ်ထွက်ကာ ပြာမှုန်များ ကြွေမွပြန့်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

လှုပ်ခါမှုတွေနှင့်အတူ အံကြိတ်ညည်းညူရင်း ကြိုးစကားသံတွေ အမရာ ပြန်ကြားယောင်နေမိပါ၏။

အသွားအလာအနေအထိုင် အပေါင်းအသင်း ဆင်ခြင်ပါ. . .။ နေရာတိုင်းမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု မပြင်းထန်နဲ့. . .။ တခြားလူကွေကိုလည်း အယုံမလွယ်ပါနဲ့. . .။ ဘယ်သူမဆို အခွင့်အရေးရရင် ယူချင်ကြမှာပဲ။ သင့်မသင့်ချင့်ချိန်နေလို့သာပဲ. . .။ ထိန်းချုပ်မှုကို ဆန္ဒက အနိုင်ယူသွားတဲ့အခါတွေမှာ နင် ဒုက္ခရောက်မှာစိုးလို့ပါ. . .။





"မင်းအဖေ နေတဲ့နေရာ သိရပြီ'

ဖုန်းဆက်သတင်းပေးမှုကို ကြားသိရတော့ ကြိုး သွေးခုန်နှုန်းတွေ လျှင်မြန်လာသည်။ အွန်လိုင်းမှာလည်း ဓာတ်ပုံဖြန့်ဝေ၍ ပတ်သက်ရာ အသိုင်းအဝိုင်းတို့ကိုလည်း သတင်းဖြန့်ဝေ၍ စုံစမ်းခိုင်းထားခဲ့တာ ခုတော့ ထူးပြီ။ အကျိုးသက်ရောက်မှုအား ပိုင်ဆိုင်ရရှိပြီ။ လူသားမိဘကို သတ်သူသည် အနန္တရိယကံထိုက်၍ အဝီစိငရဲ၌ တစ်ကမ္ဘာပတ်လုံး ခံရသည်။ မိဘကိုသတ်သောကံသည် ဂရုကံတွင်ပါဝင်၍ မည်သည့် ကုသိုလ်ကိုပင် လုပ်စေကာမူ ငရဲမှမလွတ်နိုင်တော့ တဲ့။

ဘာငရဲလဲ. . .။ ငရဲဆိုတာ နောက်မှ. . .။ တကယ် ဟုတ်မဟုတ် ရှိမရှိ သေချာတာလည်း မဟုတ်။ ကိုယ်မြင်တွေ့ ကြုံဆုံဖူးတာလည်း မဟုတ်။ လက်ရှိကြုံတွေ့ ခံစားနေရတာတွေကလည်း ငရဲပဲ။ ငါးအရှင် မီးဖိုထဲ ပစ်ထည့်သလို အစိမ်းလိုက် ဖျတ်ဖျတ်လူး ခံနေရတာ။ ချီးမွမ်း ခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်တဲ့။ အလကားပါ။ မာသာထရီဇာတို့ ဗိုလ်ချုပ်အောင်ဆန်းတို့ လူအများ ခုထိ ချီးမွမ်းနေကြတာပဲ။ ဒေဝဒတ်တို့ အာဏာရှင်အစိုးရတို့ လူအများ ခုထိ ကဲ့ရဲ့ခံနေရတာပဲလေ။ သတင်းပြန့်နှံ့မှုတွေကြားမှာ ငါတို့မိသားစုလည်း ခုထိ အရှက်တကွဲ အကျိုးနည်း အပြောခံနေရတုန်းပါပဲ. . .။

ရေချိုးအဝတ်လဲချိန်မှအပ ကိုယ်နှင့်မကွာ ဆောင်ထားနေကျ လက်နက်ကိရိယာတွေ စစ်ဆေးယူပြီး ပြုံးရွှင်စွာဖြင့် ကြိုး အိမ်မှထွက် လာခဲ့သည်။ အမေ့ကိုတော့ "သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်ရှိ လို့ သွားမလို့၊ ဒီည အဲ့မှာပဲ အိပ်မယ်"ဟု ပြောခဲ့သည်။ အမေကပင် ကြိုးကိုကြည့်ကာ "ငါ့သားပုံစံ ဒီနေ့ ရွှင်ပျနေပါလား"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ပျံဆို ကျွန်တော့်လိုအင်ဆန္ဒတွေ မကြားခင် ပြည့်တော့မှာကိုး အမေရဲ့။ ကွက်တိပဲ။ ခုဆို ပေးရန်ကြွေးငွေတွေလည်း အကုန် ကျေစင်ပြီ။ လက်ကျန်ပစ္စည်းဆိုလို့လည်း ကြိုး လက်ရှိစီးနေသည့် ဆိုင်ကယ်တစ်စီးမှအပ ရောင်းရန်မရှိတော့။ ရရန်ကြွေး အနည်းငယ်တော့ ရှိသေး၏။ လက်ရှိငွေကတော့ တစ်သိန်းပင် မပြည့်ချင်။ တိုက်ဆိုင်မှုက လှလိုက်တာ။

"ချစ်ဖေဖေကြီး သေပန်းပွင့်ချိန်ရောက်လို့နဲ့တူတယ် ဟိဟိ"

ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်ဝင်ကာ ဆိုင်ကယ်ကို ဆီအပြည့်ဖြည့်ပြီးတော့ စတိုးဆိုင်တစ်ဆိုင်ဝင်၍ အရက်ပုလင်း၊ ရေဘူးနှင့် စားစရာတွေဝယ်သည်။ သွားရမည့်ခရီးက မိုင် ၁၀၀ နီးပါးရှိ၏။

ဆိုင်ထဲမှထွက်၍ ဆိုင်ကယ်ပေါ် တက်စဉ်မှာပဲ နံဘေးနားသို့ ဆိုင်ကယ်တစ်စီးနှင့် ညဏ်ကြီးထွန်း ရောက်လာသည်။ သူလည်း အလုပ်လုပ်ရင်းမော့ဖို့ လာဝယ်ပုံပဲ။

"ကြိုး ဘယ်သွားမလို့လဲ"

"ငါ့အစီအစဉ်တွေ စတင်အကောင်အထည်ဖော်ဖို့ သွားမလို့လေကွာ၊ သပ္ပါယ်လောက်စရာ ကိုးကွယ်မှုကောင်းတဲ့ ဟိုကောင်နဲ့ ဟိုကောင်မ နေတဲ့နေရာ သိရပြီ၊ အဲဒါ သွားပူဇော်ပသမလို့"

"ဟာ . . . မင်း ပေါက်ကရတွေ လျှောက်မလုပ်နဲ့နော်၊ သူတို့တာ ခု ဘယ်မှာလဲ"

မြို့နာမည် ကြိုး ပြောပြလိုက်သည်။ ညဏ်ကြီးထွန်းက မသွားဖို့ တားသည်။ ကြိုး ဘာစကားမှ တုံ့ပြန်ပြောမနေတော့ဘဲ လီဗာတပြီးပြီး ပုတ်၍ ဆိုင်ကယ်ကို မောင်းထွက်လိုက်ပါတော့သည်။

အဝေးပြေးလမ်းမရောက်တော့ ဆိုင်ကယ်ကို လီဗာကုန် တင်သည်။ အချိန်အနည်းငယ်အကြာမှာ Vibrate တုန်ခါမှုကြောင့် ဘောင်းဘီအိတ်ကပ်ထဲရှိ ဖုန်းကို လက်တစ်ဖက်နှင့် နှိုက်ထုတ်ယူ၍ကြည့်လိုက်သည်။ ကောင်းဝေယံ၏နံပါတ်။ ညဏ်ကြီးထွန်း သွားပွားလိုက်ပြီ ဖြစ်ရမည်။ ဖုန်းကို စက်ပိတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲ ပြန်ထိုးထည့်လိုက်၏။

လမ်းခရီး ကားလမ်းနံဘေးမှာပဲ အရက်တစ်ငုံ၊ ရေတစ်ကျိုက်





အမြည်းစားလိုက်ဖြင့် ဖြိုခွင်းခဲ့ရာ သုံးကြိမ်ရပ်နားအပြီး နေညိုချိန်တွင် အရက် ၈ပက်ပြားတစ်ပြား၊ ရေနှစ်ဘူးနှင့် စားစရာတွေ ပြောင်သလင်းခါ၍ သွားလိုရာမြို့သို့လည်း ရောက်ရှိခဲ့လေပြီ။

ဖုန်းဆက်သတင်းပေးသူက မြို့အမည်၊ ရပ်ကွက်အမည်၊ လမ်းအမည်တို့သာ ပြောတာ။ အိမ်အတိအကျ မသိ။ ကိုယ်လည်း ဒီဒေသ တစ်ခါတရံသာ ရောက်ဖူးတာ။ မကျွမ်းကျင် မနွံစပ်။ မြေပိုင်မှ စစ်နိုင်မယ်ဆိုသောစကား သတိရသည်။ ဆီဆိုင်တစ်ဆိုင်ဝင်၍ ဆိုင်ကယ်ကို ဆီအပြည့် ပြန်ဖြည့်လိုက်ပြီး နယ်မြေအခြေအနေ အရင်လေ့လာသည်။

"ဒီလမ်းထဲမှာ ဦးရဲကျော်တို့နေတာ ဘယ်အိမ်လဲဗျ"

စုံစမ်း၍ သိရာလမ်းအရောက်သွားပြီး လမ်းထောင့်မှ ကွမ်းယာဆိုင်တစ်ဆိုင်ကို ဝင်ကာ ကွမ်းဝယ်ရင်း မေးကြည့်လိုက်သည်။ မျက်နှာကိုမြင်သွားမှာစိုးသဖြင့် ဆိုင်ကယ်စီးဦးထုပ် ဟဲလ်မက်ကို ခေါင်းမှမချွတ်။ ကွမ်းယာရောင်းသူက သေချာမသိ။

"ပြောင်းလာတာ မကြာသေးဘူးမလား၊ လင်မယားနှစ်ယောက်လေ၊ ယောကျ်ားက အသက်ကြီးပြီး အမျိုးသမီးက ခပ်ငယ်ငယ်ပဲ ရှိသေးတယ်"

"ဟုတ်တယ်"

ကွမ်းလာဝယ်သူတစ်ဦးက သိတော့ အိမ်ကို ညွှန်ပြသည်။ သွပ်မိုးပျဉ်ထောင်အိမ် ခပ်နွမ်းနွမ်း ခပ်သေးသေး။ နေရာကလည်း ဆင်ခြေဖုံး။ ခြံချင်းထိစပ်လျက် အိမ်တွေက တစ်အိမ်နှင့်တစ်အိမ် ကပ်နေသည်။ ဗိုသီဖတ်သီ ညစ်ထေးထေး ကလေးငယ်တွေ လမ်းပေါ်မှာ ပြေးလွှားဆော့ကစားနေကြတာ တွေ့မြင်ရ၏။

မြို့တစ်ပတ် ဆိုင်ကယ်လျှောက်စီးပြီး အချိန်ဖြုန်းကာ မှောင်ရီဖျိုးဖျအချိန်မှ ထိုအိမ်ရှေ့ ပြန်သွားသည်။ ခြံတံခါးက ပိတ်ထား၏။ ပါးစပ်မှအသံမပြုတော့ဘဲ ဆိုင်ကယ်ဟွန်းကို တီးလိုက်သည်။

"လာပြီ လာပြီ"

ဟွန်းသံကြောင့် အိမ်ထဲမှ ဟိုအမျိုးသမီး ထွက်လာသည်။ ကမြင်း



www.burmeseclassic.com

www.burmeseclassic.com



မ. . . ။ ငါတို့မိသားစုဘဝကို ဖျက်ဆီးတဲ့ကောင်မ. . . ။

"ဘာကိစ္စရှိလို့လဲ"

မှောင်ရီဖျိုးဖျအချိန်ဖြစ်ပြီး မှန်ကာမျက်နှာအုပ်ပါသော ဟဲလ်မက်ကိုလည်း ဆောင်းထားသော ကြိုးကို ထိုအမျိုးသမီး မမှတ်မိ။ တံခါးပွင့်တာနှင့် ဘာစကားမှမပြောဘဲ ထိုအမျိုးသမီးပါးစပ်ကို လက်တစ်ဖက် နှင့် ပိတ်ရိုက်အုပ်ပြီး ကျန်လက်တစ်ဖက်က ဂျာကင်အင်္ကျီနှင့်ကွယ်၍ အသင့်ပြင်ထားသောဓားနှင့် နှလုံးရှိသည့်နေရာ ဘယ်ဘက်ရင်ဖုံတည့်တည့်ကို အားကုန်ဆောင့်ထိုးချလိုက်သည်။

ပါးစပ်ကို လက်နှင့်အုပ်၍ ကိုယ်ချင်းပူး ချုပ်လိုက်ကတည်းက ထိုအမျိုးသမီးက ရုန်းတာနှင့်မို့ ထိုးချက်က လိုရာပစ်မှတ်ကို တည့်တည့် မထိပဲ ဓားက ဘယ်ဘက်နံကြား သွားစိုက်သည်။ မိသည့်နေရာ ရှေ့ဆက် အတင်းဆောင့်ထိုးထည့်ပြီး လက်ကို စကြာလည်သလို မွှေပစ်လိုက်သည်။ ကမြင်းမ. . . အူတွေ အထွေးလိုက် ပြတ်စမ်း. . . ။

"အား. . . ဝူး. . . ဟောဒီမှာ ကျွန်မကို ဓားနဲ့ထိုးနေတယ် အု. . ."

ပိတ်ထားသည့်ကြားက ပါးစပ်မှ အသံက ထွက်သွားသေးသည်။ ကောင်မ. . . အသံထွက် တော်တော်ကျယ်တယ်. . . ။ တွန်းထိုးရုန်းကန်မှုတွေကြောင့် ပါးစပ်ကို မိမိရရ မအုပ်နိုင်တာလည်း ပါသည်။

နံကြားမှ ဓားကိုပြန်ဆွဲနှုတ်ပြီး နှလုံးနေရာကို ထိုးစိုက်ဖို့ပြင်သည်။ ငါ့အဖေကို တပ်မက်စေတဲ့ နင့်ရင်အုံမောက်မောက်ကြီး ပဲ့ကျစမ်း. . . ။ စာတွေထဲရေးသလို 'ကဲဟာ'တွေလည်း မအော်ဘူး။ 'စွပ်'ခနဲအသံလည်း မမြည်ပါဘူး။ အံကိုသာကြိတ်ပြီး လှုပ်ရှားလိုက်တာ သွေးတွေတော့ ရဲခနဲ ဖြာကျလာသည်။

"ဟာ. . . ငယ်"

မယားငယ်မို့ 'ငယ်'ခေါ်တာလားကွ။ ကယ်တင်ရှင်ကြီးရောက်လာပြီ။ အိမ်ထဲမှ ပုဆိုးတိုတိုပြင်ဝတ်ပြီး အူယားဖားယား ပြေးထွက်လာသည်။ ကြိုးကိုဝင်ဆွဲပြီး ဓားကို လုသည်။





"မင်း ဘယ်ကကောင်လဲ၊ ရပ်စမ်း"

"ငါ မင်းရဲ့သား၊ မင်းကိုပါ သတ်ဖို့လာတာ"

ဦးရဲကျော် ခန္ဓာကိုယ်တစ်ချက် တွန့်ခနဲဖြစ်ကာ လှုပ်ရှားမှုတွေ ခဏ ရပ်ဆိုင်းသွားသည်။ ထို့နောက် ဆွဲမြဲဆက်ဆွဲ၍ ဓားကို လုမြဲဆက် လုသည်။ နှစ်ယောက်တစ်ယောက်မို့ ကြိုး လက်ပမ်းကျစပြုလာသည်။ ဓားကိုင်လက်ကို ဦးရဲကျော်က ချုပ်ထားသည်။ ဒီလူကြီး တော်တော် သန်စွမ်းသေးတာပဲ။

အမျိုးသမီးကို လွှတ်ပြီး ဦးရဲကျော်ကိုသာ ကြိုး ဦးတည်တိုက်ခိုက် တော့၏။

"သား မင်းမှားမယ်"

"အဲ့လိုမှားစေဖို့ ခင်ဗျားကြီးပဲ အစပြုခဲ့တာပဲ၊ ငါ့ဘဝက စုတ်ပြတ် နေပြီ၊ ငါ့ကိုယ်ငါ သေလူအဖြစ် သတ်မှတ်ပြီးသား၊ ဘာပဲဖြစ်ဖြစ် ငါ့ဘဝက မထူးတော့ဘူး"

"သား ကံကြီးထိုက်မှာစိုးလို့ ပြောနေတာ"

"ကံကြီးထိုက်မယ်ဆိုရင်လည်း ပစ္စုပ္ပန်ခံစားမှုတွေနဲ့ လဲလှယ်ရ တယ်၊ ကံကြီးအထိုက်ခံလိုက်မယ်၊ ငြိမ်ငြိမ်သက်သက် အသတ်ခံ လေ"

ဘယ်အသတ်ခံပါ့မလဲ။ ကိုယ့်အသက်ပဲ နှမြောတာပေါ့။ "သား ဒုက္ခရောက်မှာစိုးလို့ တားနေတာ"ဟုသာ တတွတ်တွတ်ပြောနေတာ၊ မိဘ မေတ္တာ ပါနိုင်ပေမယ့် ကိုယ်သေရမှာကြောက်တဲ့စိတ်က အဓိက လွှမ်းမိုး နေမှာပဲလေ။

သားအဖနှစ်ယောက် အမှောင်ထဲမှာ လုံးလားထွေးလား။ ကြိုး ခေါင်းမှ ဟဲလ်မက်လည်း ကျွတ်ကျသွားပြီ။ လမ်းမီးရောင်နှင့် အိမ်အတွင်း မှ မီးရောင်ကြောင့် မြင်ကွင်းက မပီဝိုးတဝါးတော့ ထင်သာမြင်သာ ရှိ နေ၏။

"လာကြပါဦးရှင့်. . . ကယ်ကြပါဦး. . . ၊ ဟောဒီမှာ အဖေကို သားက သတ်နေလို့၊ ကျွန်မကိုလည်း ဓားနဲ့ထိုးတယ်၊ အရပ်က



www.burmeseclassic.com

www.burmeseclassic.com



တို့ရေ. . . ကူကြကယ်ကြပါဦး"

ကောင်မ. . . အသံက စွာလန်နေတာပဲ. . .။ စရိုက်ပဲ . . . . .။ မသေနိုင်သေးဘူး။ သတ္တိရှိ နင်ကိုယ်တိုင် ဝင်ကယ်ပါလား. . .။ သူကျ မတ်တပ်ရပ်နေ တယ်။ အဲဒါပဲ. . .လူဆိုတာ ကိုယ့်ကိုယ်ကိုထက် ကိုယ့်အတ္တထက် ဘယ်သူ့မှ ပိုမချစ်ကြဘူး. . . .။ ကြိုး အခုလိုဖြစ်နေတာလည်း ကိုယ့်အတ္တအ တွက်ပဲလေ. . .။

ခြံထဲ လူတွေ ဝိုင်းအုံစုပြုံဝင်လာသည်။ လက်နှိပ်ဓာတ်မီးရောင်တွေ တလက်လက်. . .။ လက်တွေထဲမှာ တုတ်တွေ ဓားတွေနှင့်။ ကြိုး လက်ထဲမှ ဓားကလည်း ဦးရဲကျော်လက်ထဲ ရောက်သွားပြီ။

"သား . . . ပြေးတော့. . .၊ မင်း လွတ်အောင်ပြေးတော့၊ သား ဒုက္ခရောက်တော့မယ်၊ ခြံနောက်ကထွက်"

ဦးရဲကျော်က ကြိုးကို ချုပ်ကိုင်ထားရာမှ ဖြေလွှတ်ပေးပြီး လဲကျနေသော ကြိုးကို ဆွဲထူသည်။

"ဘယ်ကောင်လဲ၊ ငါတို့ရပ်ကွက်ထဲ လူစွာလာလုပ်တာ"

"ဒီရပ်ကွက် ဘာမှတ်နေလဲ၊ သေတောင်သွားဦးမယ်"

"ဝိုင်းသမကွာ"

တုတ်တွေဓားတွေ တဝင့်ဝင့် ပြေးလာသူတွေနှင့် ကြိုးကြားမှာ ဦးရဲကျော်ဝင်ရပ်ပြီး လက်နှစ်ဖက်ကို ဆန့်ကား၍ တားထားသည်။ လက်တစ်ဖက်မှာက ဓားနှင့်. . .။

"အဲ့ဒါ ငါ့သား. . .၊ မင်းတို့ ဘာမှမလုပ်ကြနဲ့၊ ငါ့သားကို မထိကြနဲ့၊ ငါ့သားမှာ ဘာအပြစ်မှမရှိဘူး၊ ဒီလိုဖြစ်ရတာတွေ အကုန် ငါ့အပြစ်"

ကြိုးရင်မှာ နွေးခနဲဖြစ်သွားသည်။ ရုတ်တရက် ငိုချင်လာမိ၏။ မိဘမေတ္တာဆိုတာ ဒါလား. . .။ အစစ်လား. . . . .။

"သား ပြေးတော့လေ၊ ဘာရပ်လုပ်နေတာလဲ၊ ပြေးတော့ဆိုကွာ"

ငိုသံပါကြီးနှင့် ဦးရဲကျော် အော်ပြောပြီး ကြိုးကို အိမ်နောက်ဘက် အတင်းတွန်းလွှတ်သည်။ ဖခင်မျက်နှာကို ကြိုး စိုက်ကြည့်သည်။ အဖေ





မျက်ရည်တွေ ကျနေပါလား. . .။

"အဲ့ကောင်လေး ကျွန်မကို ဓားနဲ့ထိုးတာ၊ သူ့ကိုဖမ်း၊ ဝိုင်းဖမ်းပေးကြပါ"

"ခင်ဗျားတို့ကိစ္စတွေ ခင်ဗျားတို့ဘာသာ နောက်မှရှင်း ဦးရဲကျော်၊ ရပ်ကွက်ထဲ ဒီလိုလာကြောတာတော့ မခံနိုင်ဘူး၊ ရပ်ကွက်နာတယ်၊ ဖမ်းပြီး ရဲလက်အပ်ရမှာပဲ"

"ဟုတ်တယ်၊ မိအောင်ဖမ်း"

"သား. . . ပြေးတော့. . ."

တုတ်တွေဓားတွေနှင့် လူတချို့ ဦးရဲကျော်ကိုတွန်းဖယ်ကာ ကြိုး ဆီ ပြေးဝင်လာကြသည်။ တွန်းဖယ်ခံရမှုတို့ကြောင့် ဦးရဲကျော် မြေပြင်ပေါ် လဲပြိုကျသွား၏။ မိရာလူတို့၏ ခြေထောက်တွေကို ဦးရဲကျော် ဖမ်းဆွဲတားထားသည်။ လူတချို့ အလဲလဲအပြိုပြိုတွေ ဖြစ်ကုန်ကြ၏။

ကြိုး ပြေးပြီ. . .။ အားသွန်ခွန်စိုက် ပြေးပြီ. . .။ အိမ်နံဘေးမှ ခြံနောက်ဘက်ရောက်တော့ ဟောင်းဆွေးပုံပြိုကျနေသော ဝါးကွက်ကြား ခြံစည်းရိုးကို နင်းဖြတ်၍ ကျော်လွှားခုန်ထွက်သည်။ မှောင်မိုက်သော လမ်းကြားလေးအတိုင်း ဆက်ပြေးသည်။

တစ်ခုခုဆို ဘာမှန်းညာမှန်း ရေရေရာရာမသိလည်း အော်သံ ဟစ်သံတွေနောက် လူတွေစုပြုံပြီး လိုက်ကြတာ ဆင်ခြေဖုံးရပ်ကွက်တွေ ၏ စည်းလုံးညီညွတ်ခြင်း ဓလေ့တစ်ခုဖြစ်၏။

"လိုက်ဟေ့. . . လိုက်. . ."

"မိအောင်ဖမ်း"

"ရှေ့ကတွေ့တဲ့လူတွေ ဆီးဖမ်းထားပေးကြပါဗျို့"

"လူစုခွဲ. . .၊ တစ်ဖွဲ့က ရှေ့က ပတ်ပိတ်"

မီးရောင်လက်လက်တွေနှင့် တုတ်တွေဓားတွေကိုဝင့်ကာ နောက်ဘက်မှ လူတစ်စုက ထပ်ချပ်မကွာ ဟစ်အော်ရင်း ပြေးလွှားလိုက်လာနေကြသည်။ မိရင် အရိုးတခြား အသားတခြား စိစိညက်ညက် မှုန့်မှုန့်ကြေမွသွားနိုင်တယ်ဆိုသော ကြောက်စိတ်က ကြိုးခြေလှမ်းတွေကို ပိုမိုသွက်



www.burmeseclassic.com

www.burmeseclassic.com



လက်စေပါသည်။ ကွမ်း၊ ဆေးလိပ်၊ အရက်ဒဏ်တွေ ဒီနေရာမှာ သိရပြီ။ ပြေးရင်း အသက်ရှူကြပ်ကာ ရင်ဘတ်က တလှပ်လှပ်နှင့် မောလာသည်။ ခြေကုန်လက်ပမ်းကျ၍ နွမ်းလျလာသည်။ နားထင်သွေးကြောတွေ လှုပ်ခုန်နေတာ တဒိတ်ဒိတ်နှင့်။ မြေပြင်နှင့်ခြေထောက် ဆောင့်နင်းမှုတို့၏ ထိခတ်သံနှင့် ရင်ဘတ်ထဲမှ နှလုံးလှုပ်ခါသံကို မိမိဘာသာ အကျယ်ကြီး ပြန်ကြားနေရလေသည်။

"ဒီဘက်ရောက်လာပြီဟေ့၊ အဲဒီဘက်ကလည်း ပိတ်ထား"

ဟင်. . . ရှေ့မှာလည်း လူတစ်စု။ နောက်မှာလည်း အပြေးလိုက်လာနေသော လူတစ်စု။ နေရာက မှောင်မိုက်သော လမ်းကြားထဲမှာ. . .။ နယ်မြေမကျွမ်းကျင်မှု ခံရပြီ။ ချောင်ပိတ်မိပြီ။ ငါ သေနေ့စေ့ပြီလား။ ငါလုပ်ချင်တဲ့ကိစ္စတွေ မပြီးပြတ်သေးဘူး. . .။ ငါ သေလို့ မဖြစ်သေးဘူး။

"ငါက တန်ခိုးရှိတာပဲ"

စိတ်မာန်တင်းပြီး တစ်ဖက်ခြံ၏ အိမ်နောက်ဖေးဖြစ်ပုံရသော နံဘေးအုတ်တံတိုင်းကို ခုန်၍ လက်နှစ်ဖက်နှင့်ဆွဲတက်သည်။ စပ်ဖျင်းဖျင်းခံစားမှုတို့ကြောင့် လက်ဖဝါးနှင့်လက်ချောင်းတို့ တစ်စုံတစ်ရာ စူးရှခံလိုက်ရပြီဆိုတာ သိလိုက်သည်။ အုတ်တံတိုင်းအပေါ်ဘက်မှာ စိုက်နှစ်ထားသော ချွန်မြမြပုလင်းကွဲတွေ ထိုးရှတာ။ ဂရုမစိုက်နိုင်အားပဲ အုတ်တံတိုင်းပေါ်ရောက်အောင် အတင်းကုပ်တွယ်တက်သည်။ ဖိနပ်ကျွတ်နှင့်မို့ ခြေချနိုင်တော့ အဆင်ပြေသွားသည်။ တစ်ဖက်ခြံဝင်းထဲ ခုန်ချလိုက်၏။

"ဝုတ် ဝုတ် ဝုတ်"

ခွေးတွေ ပြေးလာသည်။ သုံးကောင်. . .။ ရှေ့ဆုံးမှခွေးကို ခြေထောက်နှင့် ဆောင့်ကန်ပြီး ကြိုး ရှေ့ဆက်ပြေးသည်။ ခွေးတစ်ကောင်က ခြေသလုံးသားကို လိုက်ဟပ်၏။ ဂျင်းဘောင်းဘီအသားထူတာနှင့် ပြေးနေသောအရှိန်ကြောင့် ခံသာသွားသည်။ အိမ်နံဘေးမှ ပတ်၍ အိမ်ရှေ့ထွက်သည်။ ခြံတံခါးကလည်း ပိတ်ထားသည်။ ခုန်၍ဖက်ကျော်





တက်ရပြန်ပါသည်။ လက်နှစ်ဖက်မှာ ဆိုင်ကယ်စီး သားရေလက်အိတ်တွေ ဝတ်ဆင်ထားသဖြင့်သာ အထိုက်အလျောက် တော်သွားပါသေးသည်။ "လူ လူ" ဆိုသော အလန့်တကြားအော်သံတွေနှင့် အိမ်ထဲမှ လူတချို့ ထွက်လာချိန်မှာတော့ ကြိုး ခြံဝင်းအပြင် ခြေချနိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုအိမ်ရှေ့လမ်းမှ ခြေဦးတည့်ရာ ကြိုး ဆက်ပြေးသည်။

ဆိုင်ကယ်တွေ ကားတွေ ကူးသန်းသွားလာနေရာ လမ်းမတစ်ခုဖြတ်ရသည်။ ပြေးနှုန်းကို မရပ်နားဘဲ မောင်းရွေ့ပြေးလွှားနေသော ဆိုင်ကယ်တွေ ကားတွေကြားထဲ သေရေးရှင်ရေး အသက်လု ဆက်ပြေးရလေသည်။

ပြေးလွှားနေရင်း "ငါက တန်ခိုးရှိတာပဲ၊ ဒီအခက်အခဲက လွတ်မြောက်နိုင်ရမယ်"ဟူ၍ စိတ်ထဲမှာ ထပ်တလဲလဲ ရေရွတ်လျက် ကိုယ့်ကိုယ်ကို အားပေး၍ စိတ်မာန်တင်းကာ အင်အားသစ် မွေးမြူယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်တိုက်အားတိုက် ပြေးသွားလိုက်၊ အရမ်းမောလာလျှင် အရှိန်လျှော့၍ ပြေးရင်းပဲအမောဖြေလိုက်၊ လူရှုပ်သည့်နေရာတွေမှာ ဟန်မပျက် ခပ်အေးအေးပုံစံဖြင့် လမ်းလျှောက်လိုက်၊ လူရှင်းတာနှင့် ဆက်ပြေးလိုက်နှင့်ပဲ နောက်မှလူတွေ မျက်ခြည်ပြတ်ပြီး အန္တရာယ်မှ လွတ်မြောက်လောက်ပြီဟု ထင်ရသောနေရာသို့ ကြိုး ရောက်ရှိခဲ့လေပြီ။

ညကောင်းကင်မှာ လရောင်ဖွေးဖွေးပင် ပေါ်ထွက်နေပါပြီ။ ကြိုးရောက်နေတာ တောင်ကုန်းတစ်ခု။ နံဘေးဝန်းကျင်တခွင် သစ်ရိုင်းဝါးရိပ်တွေ အုံ့ဆိုင်းယှက်ဖြာနေသည်။ စမ်းကြည့်တော့ ဘောင်းဘီအိတ်ထဲမှာ ကွမ်းထုပ်နှင့်ဖုန်း ရှိသေးသည်။ ကွမ်းကို နှစ်ယာပူး ထုတ်ဝါးလိုက်ပြီး ဖုန်းကို ပါဝါဖွင့်လိုက်သည်။ လက်အိတ်ချွတ်၍ ဖုန်းမီးရောင်ဖြင့်ကြည့်တော့ လက်ဖဝါးပြင်နှစ်ခုလုံးနှင့် လက်ချောင်းတွေမှာ ပေါက်ပြဲကာ သွေးတွေရဲနေပါသည်။ သွေးစအချို့ပင် ခြောက်ကပ်နေပြီ။ လက်နှစ်ဖက်စလုံးကို ကွမ်းတံတွေးဖြင့် တပြစ်ပြစ်ထွေးပစ်လိုက်၏။ စပ်တော့ တော်တော်စပ်သည်။

ခေါင်းတွေမူးကာ လူတစ်ကိုယ်လုံးလည်း ညောင်းညာနာကျင်ကိုက်ခဲနေပါပြီ။ ရောက်ရာနေရာမှာပင် ပစ်လှဲ၍ အိပ်ပစ်လိုက်ချင်၏။ သို့သော် မဖြစ်သေး။

ဖုန်းလိုင်းမိသည်။ ဖုန်းမှ အင်တာနက်လိုင်းဖွင့်ပြီး Maps, GPS တို့ ဖွင့်ကာ မိမိရောက်နေသည့်နေရာနှင့် ရှေ့ဆက်သွားဖို့ကို လေ့လာကြည့်လိုက်သည်။ ယခုရောက်နေသောတောင်သည် ဒီမြို့မှ သမီးရည်းစားစုံတွဲတွေ ချိန်းတွေ့ရာဖြစ်သော နာမည်ကျော် 'မင်းကြီးတောင်' ဖြစ်ကြောင်း မြေပုံအရ ခန့်မှန်းတွက်ချက်သိလိုက်၏။





ထိုစဉ်မှာပဲ ဖုန်းက မြည်လာသည်။ ကောင်းဝေယံ၏ နံပါတ်။ ကြိုး ကိုင်လိုက်သည်။

"ကြိုး မင်း အခု ဘယ်မှာလဲ၊ ငါနဲ့ဉာဏ်ကြီး မင်းနောက်လိုက်လာတာ၊ အခု အဲဒီမြို့ ရောက်နေပြီ၊ မင်းဖုန်းကို တောက်လျှောက်ခေါ်နေတာ စက်ပိတ်ထားလို့"

"ငါ. . . သေပြေးရှင်ပြေး ပြေးနေရတယ်"

"ဟာ ဘာတွေဖြစ်ကုန်ပြီလဲ"

ဆိုင်ကယ်ကျန်ခဲ့ကြောင်းနှင့် အခြေအနေကို အကြမ်းဖျင်း ကြိုး ပြောပြလိုက်သည်။ ကောင်းဝေယံက အခုလာခေါ်မယ် ပြောသဖြင့် ရောက်နေသည့်နေရာပြောပြကာ တောင်အောက်ဆင်း၍ မှောင်ရိပ်ခိုကာ စောင့်မျှော်နေလိုက်သည်။ ယခုလိုအချိန် သူငယ်ချင်းတွေအသံကြားရတော့ ကိုယ့်နောက်လိုက်လာတယ်သိရတော့ တော်တော် အားရှိသွားသည်။

ကောင်းဝေယံက သူ့အိမ်ကကားယူပြီး လိုက်လာတာ။ ကြိုးကိုလာခေါ်ပြီးတာနှင့် ကားကို ကိုယ့်မြို့ပြန်သော လမ်းကြောင်းပေါ်တင်၍ အမြန်မောင်းသည်။ ကြိုးက ရည်ရွယ်ချက်မပြီးပြတ်ဘဲ မပြန်ဘူးဆိုပြီး ကားပေါ်မှ ပြန်ဆင်းမည်ပြုလေရာ ဉာဏ်ကြီးထွန်း အတင်းဆွဲထားရ၏။

"မင်း သိပ်လုပ်ချင်နေရင် ငါတို့ပါ လိုက်ပေးမယ်၊ ဒါပေမယ့် မင်းအနာတွေ အရင်ဆေးထည့်လိုက်ဦး"

"ငါ အရက်လည်း သောက်ချင်သေးတယ်"

"ငါတို့ စီစဉ်ပေးမယ်၊ မင်း ကားပေါ်မှာပဲ နေခဲ့"

သိပ်မဝေးသော တစ်ဖက်မြို့အရောက်မှာ ကားရပ်ပြီး ကောင်းဝေယံနှင့် ဉာဏ်ကြီးထွန်း ဆေးဆိုင်တစ်ဆိုင်ဝင်ကာ အနာလိမ်းဆေးတစ်ဘူး ဝယ်သည်။ စားသောက်ဆိုင်တစ်ခုဝင်၍ ရေသန့်နှင့် ဘီယာဘူးတွေ ဝယ်သည်။ စားသောက်ဆိုင်ထဲမှအထွက် ကားဆီပြန်မသွားခင် ကောင်းဝေယံက ဘီယာတစ်ဘူးကို ဖောက်လိုက်၏။ ပြီးနောက် သူ့ဘောင်းဘီအိတ်ထဲမှ အသင့်ဆောင်ယူလာသော အထုပ်တစ်ထုပ်ကို ဖြည်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုအထဲမှဆေးမှုန့်တွေ ဘီယာဘူးထဲ ထည့်သွင်းလိုက်လေသည်။

"ဝေယံ. . . မင်း တကယ် လုပ်တော့မလို့လား"

"အခြေအနေက မင်းလည်းမြင်တဲ့အတိုင်းပဲလေ၊ ဒီအခြေအနေမှာ ဒီလိုလုပ်တာက အကောင်းဆုံးပဲ ဉာဏ်ကြီး၊ မဟုတ်ရင် အားလုံး အကြီးအကျယ် ဒုက္ခတွေရောက်ကုန်တော့မယ်"

ကြိုးအခြေအနေ မူမမှန်တာ သတိပြုမိကတည်းက အသိဆရာဝန်တွေကို ကောင်းဝေယံ တိုင်ပင်အကြံဉာဏ်တောင်းကြည့်သည်။ စိတ်ဖိစီးမှုတွေကြောင့် စိတ်ပိုင်းဆိုင်ရာဝေဒနာတွေ ခံစားနေရတာဖြစ်လေရာ အချိန်ပေး၍ စနစ်တကျ ကုသမှုခံယူစေဖို့ အကြံပြုကြသည်။ ကြိုးကို သွယ်ဝိုက်ဖျောင်းဖျ၍ ကျန်းမာရေးအတွက် ဆရာဝန်တွေနှင့် ပြသဖို့ ပြောဆိုပေမယ့် အဆင်မပြေခဲ့။ ဆေးခန်းခေါ် လျှင်လည်း မလိုက်။ "ငါက ဘာဖြစ်နေလို့လဲ၊ ငါ အကောင်းကြီး၊ လတ်လတ်ဆတ်ဆတ်ကြီး"ဟုသာ တုံ့ပြန်၍ ခါးခါးသီးသီး ငြင်းလေ့ရှိ၏။

ကောင်းဝေယံ အမြင်အရတော့ ကြိုးအခြေအနေက စိုးရိမ်ရေမှတ် ဆိုက်ရောက်နေပြီ။ ပလပ်ကျွတ်နေပြီ။

ကားဆီရောက်တော့ ကြိုးလက်နှစ်ဖက် ရေဆေးပြီး ဒဏ်ရာတွေကို ကောင်းဝေယံနှင့်ဉာဏ်ကြီးထွန်း ဆေးလူးပေးသည်။ ပြီးတော့ ကြိုးကို ဖောက်ပြီးသားဘီယာဘူးအား ပေးလိုက်၏။ တစ်ကျိုက်ပြီးတစ်ကျိုက် ဂလုဂလုမြည်အောင်ပင် ကြိုး တရှိန်ထိုး မော့သောက်ပစ်လေသည်။

ကောင်းဝေယံက ကားကို အပြန်လမ်းဆီ ရှေ့ဆက်မောင်းတော့. . .

"ဟိတ်ကောင်. . . ဟိုကို ပြန်သွားမှာဆို၊ မသွားရင် ငါ ဆင်းကျန်ခဲ့မှာနော်"

"သွားမှာပါကွာ၊ ရှေ့နားမှာ ခဏ ငါတို့ ဘီယာသောက်ကြသေးတာပေါ့၊ ဒီမှာက မြို့ထဲဆိုတော့ မကောင်းဘူးလေ၊ နောက်ကြောင်းကလည်း အေးမအေး သိရတာမဟုတ်ဘူး"

ကားကိုဆက်မောင်းပြီး မြို့အထွက် လူရှင်းသည့်နေရာအရောက်





မှာ ရပ်သည်။ ကားပေါ်မှာပဲ ဝယ်လာသောဘီယာတွေ သုံးယောက်သောက်ကြလေသည်။ ဘီယာသောက်ရင်း ကောင်းဝေယံနှင့် ဉာဏ်ကြီးထွန်း၏မျက်လုံးတွေက ကြိုးအခြေအနေကို အကဲခတ်လေ့လာနေပါသည်။

"ငါ အိပ်ချင်လာပြီကွာ၊ တောက်လျှောက် ပင်ပန်းနေတာ၊ ခဏတော့ မှေးမှိန်ရမယ်"

ကားကူရှင်ကိုမှီရင်း ခဏအကြာမှာ ကြိုး ငြိမ်သက်အိပ်ပျော်သွားခဲ့ပါသည်။ ဉာဏ်ကြီးထွန်းက ကောင်းဝေယံကို မေးငေါ့ပြသည်။ ကောင်းဝေယံက ခေါင်းညိတ်ပြ၏။

"ငါ့စိတ်ထဲ မကောင်းဘူးကွာ"

"ငါလည်း ဘယ်လုပ်ချင်ပါ့မလဲ၊ ဒါပေမယ့် သူ့အတွက် ကောင်းဖို့လုပ်ရတာပဲကွာ"

"ဒီကောင် ငါတို့ကို စိတ်နာသွားမှာကွ"

"သူ အမြင်မှန်ရတဲ့နေ့ကျရင် ငါတို့စေတနာကို နားလည်မှာပါကွာ"

ဉာဏ်ကြီးထွန်းနှင့်ကောင်းဝေယံ စတင်လှုပ်ရှားပြီ။ ကားနောက်ဖုံးဖွင့်၍ ကြိုးခွေကို ထုတ်ယူလိုက်သည်။ ထို့နောက် ကြိုး၏ခြေတွေလက်တွေကို ကြိုးတွေနှင့် တုပ်ချည်သည်။ ဒက်ရှ်ဘုတ်ခ်ပေါ်မှ တိပ်ခွေကြီးကိုယူ၍ ကြိုးပါးစပ်ကို တိပ်နှင့်အုပ်ပြီး သေချာခိုင်အောင် ခေါင်းတစ်ပတ်လည် ပတ်လိုက်သည်။ ပြီးနောက် ကားနောက်ခန်းမှာ လှဲသိပ်ပြီး အပေါ်မှ ပိတ်စအပါးတစ်ခု လွှမ်းခြုံပေးထားလိုက်ပါသည်။

မကြာမီ. . . လူသုံးယောက်ကို တင်ဆောင်လာသော ကားတစ်စီးသည် ရန်ကုန်-ပြည် အဝေးပြေးလမ်းမပေါ်မှာ လျှင်မြန်စွာ တရိပ်ရိပ် ပြေးလွှားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# want



## (ပုံပြင်-ည)

ရုရှားပြည်ကြီးကို နပိုလီယန် ကျူးကျော်တိုက်ခိုက်စဉ်ကာလပေါ့။

မြို့ကလေးတစ်မြို့အတွင်း စစ်ခင်းကြစဉ်မှာ နပိုလီယန်ဟာ သူ့နောက်လိုက်နောက်ပါတွေနဲ့ အမှတ်မထင် လူစုကွဲသွားတယ်။ ရုရှားကော့ဆက် စစ်သားတစ်စုက နပိုလီယန်ကို မြင်သွားပြီး သူ့နောက် တရကြမ်း လိုက်ကြတယ်။

နပိုလီယံဟာ အသက်လုပြေးလွှားရင်း လမ်းကြားလေးတစ်ခုထဲက သားမွေးထည်အရောင်းဆိုင်တစ်ဆိုင်မှာ ဝင်ခိုတယ်။ ဆိုင်ရှင်ကိုမြင်တော့. . .

"ကယ်ပါဦးဗျာ၊ ကျုပ် ဘယ်မှာပုန်းရမလဲ"

လို့ တိုးလျှိုးတောင်းပန်တဲ့လေသံနဲ့ ပြောတယ်။

ဆိုင်ရှင်က ထောင့်ဘက်ခြမ်းမှာရှိတဲ့ သားမွေးပုံအောက် အမြန်ဝင်ခိုင်းပြီး အပေါ်ကနေ သားမွေးတွေ အများကြီးနဲ့ ဖုံးဖိထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖုံးဖိပြီးရုံရှိသေး ကော့ဆက်တွေ ဆိုင်ခန်းထဲ အော်ဟစ်ပြေးဝင်လာကြတယ်။

"ဘယ်မလဲ၊ ဒီဆိုင်ထဲဝင်သွားတာ ငါတို့ မြင်လိုက်တယ်"

မေးတော့ ဆိုင်ရှင်က ငြင်းပါတယ်။ ဆိုင်ရှင် တောင်းပန်နေတဲ့ကြားက ကော့ဆက်တွေဟာ တစ်ဆိုင်လုံး ဆွဲလှဲမွှေနှောက်ကာ နပိုလီယံကို ရှာကြတယ်။ သားမွေးပုံကြီးတွေကို ဓားတွေနဲ့ တစွပ်စွပ် တဒုတ်ဒုတ်ထိုးခုတ်ကြည့်ကြတယ်။ ရှာလို့မတွေ့တော့တဲ့အဆုံးမှ လက်လျှော့ပြန်သွားကြပါတယ်။

အတော်ကြာတော့မှ နပိုလီယန် သားမွေးပုံအောက်က ထွက်လာတယ်။ သူ ဘာဒဏ်ရာမှ မရခဲ့ပါဘူး။ အဲဒီအခိုက်မှာပဲ သူ့ကိုယ်ရံတော်တွေ ရောက်လာတယ်။

သားမွေးဆိုင်ရှင်က နပိုလီယန်ကိုကြည့်ပြီး မရဲတရဲမေးတယ်။

"ဒီလောက်ကြီးကျယ်တဲ့ပုဂ္ဂိုလ်ကြီးကို အားမနာပါးမနာမေးတယ်လို့ သဘောမထားပါနဲ့ခင်ဗျာ၊ သိချင်လို့ပါ၊ သားမွေးပုံအောက်ရောက်နေတဲ့အချိန်၊ နောက်တစ်ခဏတာမှာ အဆုံးစီရင်ခံရနိုင်တယ်လို့ သိနေတဲ့အချိန်က ဘယ်လိုခံစားရပါသလဲခင်ဗျာ"

နပိုလီယန်ဟာ ခပ်ပုပုအရပ်ကို ဆတ်ခနဲမတ်လိုက်ပြီး ဒေါသတကြီးအမူအရာ ဖြစ်သွားတယ်။

"ကျုပ်လို နပိုလီယန်ဧကရာဇ်တစ်ယောက်လုံးကို မထီလေးစားမေးရသလား၊ ရိုင်းပျတဲ့ ဒီသတ္တဝါကို ဖမ်း၊ မျက်နှာကိုပဝါစည်းပြီး ချက်ချင်းသုတ်သင်စမ်း၊ ငါကိုယ်တော်မြတ်ကိုယ်တိုင် ဒီကောင့်ကို ပစ်မိန့်ပေးမယ်"

ကိုယ်ရံတော်စစ်သည်တွေဟာ သားမွေးဆိုင်ပိုင်ရှင်ကို ဖမ်းချုပ်ပြီး ဆိုင်ရှေ့တရွတ်ဆွဲခေါ်သွားကြတယ်။ နံရံမှာကပ်ရပ်စေကာ မျက်နှာကိုပဝါစည်းတယ်။ သားမွေးဆိုင်ရှင်ဟာ ဘာကိုမှ မမြင်ရတော့ပါဘူး။ ဒါပေမယ့် စစ်သားတွေ တန်းစီသံ၊ ပစ်ခတ်ရန်အတွက် ရိုင်ဖယ်သေနတ်များပြင်ဆင်နေသံတွေကိုတော့ သူကြားနေရပါတယ်။ လေတိုးသဖြင့် သူ့ကိုယ်





ပေါ်က အဝတ်တွေ လှုပ်ခတ်သွားတာ၊ ပါးပြင်တွေ အေးစက်သွားတာ၊ ပြီးတော့ သူ့ဒူးတွေ တဆတ်ဆတ် တုန်ခါနေတာပါ သတိပြုမိနေတယ်။

အဲဒီနောက် နပိုလီယန် လည်ချောင်းရှင်းပြီး တစ်ဆင့်ချင်း အမိန့်ပေးသံ ကြားရပါတယ်။

"အသင့်ပြင်. . . ချိန်"

လောလောဆယ် သူသိမှတ်နေတဲ့ အကြားအာရုံ၊ အထိအတွေ့အာရုံတွေ အားလုံးဟာ အချိန်အနည်းငယ်အတွင်း သူ့ထံကနေ ရက်ရက်စက်စက် ထာဝရနှုတ်ပယ်ခြင်းခံရတော့မယ်ဆိုတာကို တွေးမိပြီးတုန်လှုပ်ခြောက်ချားကာ သားမွေးဆိုင်ပိုင်ရှင် ပါးပြင်ပေါ် မျက်ရည်တွေစီးကျလာတယ်။

အတော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေပြီးမှ သူ့အနီး ချဉ်းကပ်လာတဲ့ အသံများကို ကြားလိုက်ရတယ်။ အဲဒီနောက် သူ့မျက်နှာမှာစည်းထားတဲ့ပဝါကို ဖြည်ပေးပါတယ်။

ရုတ်တရက် တိုးဝင်လာတဲ့ နေရောင်ကြောင့် သူ့အမြင် အာရုံတွေ မသဲကွဲသေးချိန်မှာပဲ နပိုလီယံက လေသံအေးအေးနဲ့ ပြောပါတယ်။

"ကဲ. . . အခုတော့ သင် သိပြီမဟုတ်လား"

တဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

အခုတော့ ငါသိပြီ အမရာ. . .။ တစ်ချိန်က နင် ဘယ်လို ခံစားခဲ့ရတယ်ဆိုတာတွေကိုပေါ့. . .။ ပြောမယ့် ကြုံဖူးမှသိ ဆိုတာ ဒါမျိုးသာဖြစ်ရဲ့။

ငါဟာ တကယ်ပဲ စိတ်ဝေဒနာသည်လား. . .။ အရူးလား. . .။ ဟင့်အင်း. . . ငါ မရူးဘူး. . .။ ငါ့မှာ ဘာစိတ်ဝေဒနာမှ မရှိပါဘူး။ အားလုံးကောင်းဖို့အတွက် လုပ်တာ ငါ ဘာမှားလို့လဲ. . .။ ငါ့စေတနာတွေကို ဘာလို့ နားမလည်ကြတာလဲ. . .။ နားလည်ဖို့ သူတို့ ဉာဏ်မမီတာပဲလား. . .။

ကောင်းဝေယံနှင့်ဉာဏ်ကြီးထွန်းက သူ့ကို စိတ်ဝေဒနာဖြစ်နေပြီယူဆကာ ခြေတွေလက်တွေ ကြိုးတွေနှင့်တုပ်၍ ပါးစပ်ကိုပါ တိပ်နှင့်အုပ်ကာ စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။ စေတနာ တဲ့။ ဘာစေတနာလဲ. . .။ ကိုယ့်သူငယ်ချင်းကို သူများတွေ အရူးလို့ထင်အောင်လုပ်တာ စေတနာဖြစ်မလား. . .။ အရမ်း ရက်စက်ကြတာပဲ။ သူတို့ကို အဲ့လိုလုပ် ကြိုက်မလား. . .။


www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ ဆရာဝန်က ကြိုးကို စစ်မေးသည်။ အဖေ၊ အမေ၊ ညီမလေးတို့ကို သတ်ဖို့ကြံစည်တာ ဟုတ်သလားပေါ့။ မှန်တာပဲ ဘာငြင်းစရာရှိလဲ။ ဟုတ်တယ်ပဲဖြေတာပေါ့။ လိမ်ရညာရတာ ဝါသနာမပါပါဘူး။ ဆရာဝန်က မေးခွန်းသိပ်ထူတာပဲ။ စကားလည်းများတယ်။ နားငြီး တယ်။ ကြိုးကို အရူးလို့ထင်နေတာ ကြိုး သိတာပေါ့။ ကြိုး မရူးကြောင်း၊ စိတ်ဝေဒနာဖြစ်နေတာ မဟုတ်ကြောင်း၊ အားလုံး အစစအရာရာ ကောင်းဖို့အတွက် အကွက်ချစီစဉ်တာဖြစ်ကြောင်း ဆရာဝန်ကို သေချာရှင်းပြသည်။ ဆရာဝန်က မျက်နှာခပ်ပြုံးပြုံးပေမယ့် ခပ်ပိန်းပိန်းပုံပါ။ ကြိုးခံစားချက်တွေကို နားလည်ပုံ မရပါဘူး။ အေးပေါ့လေ. . . ဒီသောကတွေ သူခံစားရတာမှ မဟုတ်တာ။ ကြိုးကို ပင်ပန်းတာတွေ များနေတော့ ဒီမှာ အေးအေးဆေးဆေး အနားယူဦးပေါ့ဟု ပြောသည်။ ဘာအေးအေးဆေးဆေး အနားယူရမှာလဲ။ လူညာကြီး။ စကားလှအောင် ပြောနေတယ်။ ငါ့ကို အရူးလို့ယူဆပြီး ဒီမှာထား ဆေးကုသမှာ သိသားပဲ။ မနေပါဘူး။

"ကျုပ် အရူးမဟုတ်ဘူး၊ ကျုပ် မရူးဘူး၊ ကျုပ်မှာ ဘာစိတ်ဝေဒနာမှ မရှိဘူး"

အော်ဟစ်ငြင်းဆန်ပြီး ကြိုး ထွက်ပြေးဖို့ ကြိုးစားတော့ ဆေးရုံဝန်ထမ်းတွေက ဖမ်းချုပ်၍ အခန်းတစ်ခုထဲ ထည့်သွင်းလိုက်လေသည်။ အခန်းတံခါးကိုလည်း ပိတ်ပစ်၏။

သွားပြီ. . .။ ဉာဏ်ရည်နိမ့်ပါးသူတွေကြားမှာ ငါတော့ ဒုက္ခရောက်တော့မယ်. . .။

ကြိုး တုန်လှုပ်ခြောက်ချားနေသည်။ သွေးပျက်ထိတ်လန့်လာသည်။ ကျေးဇူးရှင်ကို စော်ကားတဲ့လူတွေ။ သင်းတို့ မြေမျိုလိမ့်မယ်။ ဒီဆေးရုံကြီးကို အလှူလာလုပ်ဖူးတာ ကြိုး မှတ်မိတာပေါ့။ အဲဒီတုန်းက ဆေးရုံရဲ့မြေပုံကိုတောင် ဖုန်းကင်မရာနဲ့ ရိုက်ယူခဲ့သေးတာ။ ဒီလိုတွေ မှတ်မိနေသူဟာ ရူးတာဖြစ်မလား။ ငါမရူးဘူးဆိုတာ ဘာလို့ လက်မခံကြတာလဲ။ ဘယ်လိုရှင်းပြရင် ကောင်းမလဲ။





ကြိုး လက်ရှိနေထိုင်ရသော အဆောင်သည် ဆေးရုံ၏ အခြေပြမြေပုံထဲတွင် အနီရောင်သင်္ကေတဖြင့် ပြသထားသော အမျိုးသားလူနာဆောင် ဖြစ်လေသည်။

Red ဆိုသော အနီရောင်သည် မီးနှင့်သွေးရောင်ဖြစ်သည်။ ခွန်အား၊ စစ်ပွဲ၊ အန္တရာယ်၊ စွမ်းအင်၊ အင်အား၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ခေါင်းမာမှု၊ ဇော၊ ဆန္ဒ၊ ဒေါသ၊ ရမ္မက်၊ အချစ် စသည်တို့နှင့် သက်ဆိုင်သည်။

စိတ်ခံစားမှုကိုပြင်းထန်စေပြီး သက်ရှိဇီဝတွင်းဖြစ်ပျက်မှုကို ပိုကောင်းအောင် အားပေး၏။ အသက်ရှူနှုန်းမြန်စေပြီး သွေးဖိအားကို မြင့်တင်သည်။ အလွယ်တကူ ထင်ရှားစွာ တွေ့မြင်နိုင်၏။ လူတွေကို ဆုံးဖြတ်ချက်မြန်မြန် ချစေဖို့ လှုံ့ဆော်ရာမှာ သုံးသည်။ မျိုးရိုးစဉ်ဆက်ကို လေ့လာသည့်ပညာမှာတော့ အနီရောင်ကို ရဲရင့်ခြင်း၊ သတ္တိအဖြစ် သုံးသည်။

အနီဖျော့သည် ပျော်ရွှင်မှု၊ လိင်၊ ဇော၊ သိမ်မွေ့နူးညံ့မှု၊ အချစ်ဖြစ်၍ ပန်းရောင်သည် ကြည်နူးဆွတ်ပျံ့ဖွယ် ချစ်အာရုံ၊ ခင်မင်ရင်းနှီးမှုနှင့် မိန်းမသားဆိုင်ရာ အရည်အသွေး၊ နူးရှုမှုတို့ရဲ့ လက္ခဏာဖြစ်သည်။ အနီရင့်သည် အားမာန်၊ တက်ကြွမှု၊ စိတ်တန်ခိုး၊ ဒေါသ၊ ခေါင်းဆောင်မှု၊ သတ္တိ၊ အာသီသ၊ အမျက်၊ အငြိုးဟူ၍ ဖွင့်ဆိုပြီး အညိုရောင်ကတော့ တည်ငြိမ်မှု၊ ယောကျ်ားပီသမှုဟု ယူဆသည်။ နီညိုက ဆွတ်ခူးခြင်း၊ ကြွေခြင်း၊ ကျရောက်ခြင်း။

ဒီမှာနေရတာ ခဏတာကလေးတောင်မှ ကြိုး စိတ်မချမ်းသာဘူး။ အစဉ်အမြဲ စိတ်တွေက ကယောင်ခြောက်ချားနဲ့။ သူတို့ဘာလုပ်မလဲပဲ ကြောက်လန့်နေရတာ။ အရင်က ဘာမှမဖြစ်တာ ဒီဆေးရုံရောက်မှ တကယ်ရူးမှာ။ အရက်လည်း သောက်ချင်တယ်။ ဆေးလိပ်လည်း ဖွာချင်တယ်။ ကွမ်းလည်း ဝါးချင်တယ်။ အဲဒါတွေ ဘာတစ်ခုမှ မလုပ်ရဘူး။ တောင်းတော့လည်း မရဘူး။ ကိုယ့်ဘာသာ ထွက်ဝယ်မယ်ဆိုတော့လည်း ခွင့်မပြုဘူး။ တော်တော် စာနာစိတ်မရှိတာတွေပဲ။ ဆံပင်ပုံလှလှလေး ညှပ်ပေးမယ်ဆိုပြီး ကြိုးဆံပင် ဖုံ့ပွပွလေးကိုလည်း အရင်းက ကပ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကတုံးတုံးပစ်တယ်လေ။

ဆေးတွေလည်း တိုက်တယ်။ မသောက်ပဲ လွှင့်ပစ်ရင် အရိုက်ခံရတယ်လို့ အမရာပြောဖူးတာ သတိရပြီး ကြိတ်မှိတ်မျိုချရသည်။ အရမ်းခါးတာပဲ။ အဲဆေးတွေသောက်ပြီးရင် လူက အိပ်ပျော်သွားတာများတယ်။

"ကြိုး. . ."

"သူငယ်ချင်း. . ."

ရက်အနည်းငယ်အကြာမှာ ကောင်းဝေယံနှင့်ဉာဏ်ကြီးထွန်း ကြိုးကို လာတွေ့သည်။ ကြိုး သူတို့ကို စကားကိုမပြောဘူး။ စိတ်နာလို့။

"မင်း ငါတို့ကို စိတ်ဆိုးနေတာလား၊ မင်းကို ချစ်လွန်းလို့ ငါတို့ ရင်နာနာနဲ့ အခုလို လုပ်ရတာပါကွာ"

"နောက်ကြောင်းအတွက် ဘာမှမပူနဲ့၊ မင်းအမေနဲ့ မင်းညီမလေး အစစအရာရာ အဆင်ပြေအောင် ငါတို့ စောင့်ရှောက်ပေးထားတယ်၊ ဟိုမိန်းမလည်း ဒဏ်ရာအကြီးအကျယ်နဲ့ ဆေးရုံတက်နေရတယ်၊ သေတော့ မသေနိုင်ဘူး၊ အမှုမဖွင့်ဖို့ ကျေအေးဖို့အတွက်လည်း ဆောင်ရွက်ပြီးသွားပြီ၊ မင်း အစားလည်း ကောင်းကောင်း မစားဘူးလို့ သိရတယ်၊ ဆေးရုံကကျွေးတာတွေ မစားချင်ရင် မင်းကြိုက်တဲ့ အသီးအရွက်ဟင်းလျာတွေနဲ့ ပို့ပေးဖို့ ဒီဆေးရုံထဲက ထမင်းဆိုင်ကို မှာခဲ့တယ်"

အခုမှ လာချော့နေတယ်။ ဖားနေတယ်။ ရက်စက်တုန်းက ရက်စက်ပြီး. . .။ စောင့်ရှောက်မယ်ဆိုပြီး ငါ့ညီမလေးကို ဒီကောင်တွေ နှာဘူးကျနေရင် ခက်ဦးမယ်။ ဒီကောင်တွေက ဖွန်ကြောင်တွေ။ သိပ်စိတ်ချရတာ မဟုတ်ဘူး။

ထမင်းစားချိန်ဆို အခန်းအပြင်မှ အစောင့်က ထမင်းချိုင့်ကို အခန်းထဲ လာပေးသည်။ အသီးအရွက်ဟင်းလျာဆိုပေမယ့် စားမကောင်းပါဘူး။ စားချင်စိတ်မရှိတာလည်း ပါတယ်။ အမေ့လက်ရာလို့လည်း အရသာမရှိဘူး။ အမေကော နေကောင်းရဲ့လား မသိပါဘူး။ ငါ့အတွက် စိတ်ဆင်းရဲမှုတွေ ထပ်တိုးနေပြီလား. . .။ ကြွေးတွေကလည်း





တောင်းရဦးမယ်။ အမေနဲ့ညီမလေး အဆင်မှပြေပါ့မလား။ ညဘက်ကော နှစ်ယောက်တည်း အိပ်ရဲပါ့မလား. . .။

သား အိမ်ပြန်လာချင်လိုက်တာ အမေရယ်. . .။ ပြောပေမယ့် သူတို့က ပြန်မလွှတ်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟင်. . . အမရာ. . .

ကြိုး အံ့အားသင့်သွားသည်။ ဒီနေရာမျိုးမှာ သူမနှင့် ပြန်ဆုံရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။ ငါ ကယောင်ခြောက်ချားနဲ့ အမြင်မှားနေတာများလား. . .။ ဟင့်အင်း. . . တကယ့်အဖြစ်ပါ။ အမရာမှအမရာ အစစ်ပါ. . .။

ဆေးရုံ၏ နေ့ကုသဆောင်ရှေ့မှာ သူမနှင့်တွေ့ရတာ။ သူမ တော်တော်ပိန်ပါးသွားပါလား။ တစ်ဖက်သို့ တွေတွေလေး ငေးနေသော သူမအမူအရာလေးက ဖြူဖျော့နွမ်းလျနေသည်။ သူမလည်း ငါ့လို ကတုံးဆံပင်ပေါက်ကလေးနဲ့ပါပဲလား။ ရှည်စပြုပြီဖြစ်သော သူမဆံကေသာလေးတွေ ထပ်မံရိတ်သိမ်းခံလိုက်ရပြန်ပါပကောလား။ ကိုယ်တိုင်စည်းချည်ပေးထားတဲ့ ကျစ်ဆံမြီးတွဲလောင်းလေးနဲ့ မြင်ခွင့်ရဖို့ ဘယ်ကာလထိ တို့ ငေးရဦးမှာလဲ. . .။

"အမရာ"

"ဟင်. . . ကြိုး"

ခေါ်သံကြောင့် သူမ လှည့်အကြည့် ကြိုးကို မြင်သွားသည်။ သူမ နှုတ်ခမ်းလေး ခပ်ဟဟပွင့်လျက် သူမမျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။ ပြီးသော် ရုတ်တရက် ပျော်သွားဟန်က သူမထံမှာ ထင်ရှားစွာ ပေါ်လွင်လာ၏။

အမရာ ကြိုးထံ ပြေးလာသည်။ အမရာဆီ ကြိုး ပြေးသွားသည်။

"ဟေ့ . . . လူနာချင်း စကားမပြောရဘူး"

"ဒီနေရာမှာပဲရပ်နေ၊ ဘယ်မှ မသွားရဘူး"

အမရာ၏နံဘေးမှ ဆေးရုံဝန်ထမ်းက အမရာကိုဆွဲ၍ တားထားသည်။ ကြိုး၏နံဘေးမှ ဆေးရုံဝန်ထမ်းက ကြိုးကိုဆွဲ၍ တားထားသည်။ နီးနီးလေးနဲ့ဝေး. . .။ တစ်ယောက်ကိုတစ်ယောက် တွေ့မြင်နေရပါလျက်





တစ်ယောက်ရှိရာတစ်ယောက် လာလို့မရ။ စကားပြောခွင့် မရသည့်ဘဝ. . .။

တစ်ယောက်ကိုတစ်ယောက် မြင်သာရာမှ လှမ်းငေးရင်း နှစ်ယောက်လုံး နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းလာလေသည်။

အမျိုးသမီးလူနာတွေက တစ်ဖက်။ အမျိုးသားလူနာတွေက တစ်ဖက်။ နံဘေးမှာ အစောင့်တွေနှင့် အလှည့်ကျဆေးပြဖို့ စောင့်နေရတာ။

အမရာနဲ့ စကားပြောချင်လိုက်တာ. . .။ သူမ ဘယ်လိုဖြစ်လို့ ဒီကို ရောက်လာတာလဲ မေးချင်လိုက်တာ။ ဘယ်လိုလုပ်ရပါ့မလဲ။ အရင်က စိုရဲသော သူမနှုတ်ခမ်းသားလေးတွေ ယခုတော့ ညိုဖျော့လို့. . .။ အမရာကို ကြိုး စိုက်ကြည့်တော့ အမရာကလည်း ကြိုးကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ကတုံးပြောင်လေးနှင့် ကြိုး၊ နားထင်တွေ ချိုင့်၍ မျက်ကွင်းလေးတွေ ညိုနေလိုက်တာ. . .။ အရင်ကထက်လည်း သိသိသာသာ ပိုပိန်သွားသည်။

ကြိုး လက်နှစ်ဖက် လှုပ်ရှားလာလေသည်။ Sign Language...။

နင် ဒီကို ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ၊

ကြိုး၏လက်အမူအရာတွေကိုကြည့်ပြီး မျက်ဝန်းလေးတွေ အကြောင်းသားနှင့် အမရာ အတန်ကြာ ငိုင်တွေနေသေး၏။ ပြီးကာမှ သူမ၏လက်နှစ်ဖက်လည်း တဆတ်ဆတ် လှုပ်ရှားလာပါသည်။

နင့်စကားတွေ နားမထောင်မိတဲ့ အပြစ်ပေါ့၊ အခု ငါ ဘဝပျက်ပြီ၊

နှုတ်ခမ်းကို ဖိကိုက်လျက် မျက်ရည်တွေ တသွင်သွင်ကျဆင်းကာ လက်ကလေးတွေနှင့် အမရာပြောလေရာ ကြိုး ရင်တုန်စိုးထိတ်သွားသည်။

ဘာဖြစ်တာလဲ၊ ငါ စိတ်ပူလိုက်တာဟာ၊

အမရာက သူမ စိတ်ထွေထွေနှင့် ညဘက် အိမ်မှ တစ်ယောက်တည်း ခိုးထွက်၍ မူးယစ်ဆေးသုံးစွဲဖို့သွားသည့်အကြောင်း ဟိုရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ခန္ဓာကိုယ်မှာ အရုပ်တွေ အများကြီးနှင့် လူက သူမကို အတင်း အဓမ္မဗလက္ကာယ ပြုကျင့်လိုက်သည့်အကြောင်း၊ ဆေးအရှိန် မပြယ်တပြယ်နှင့် အိမ်ပြန်ရောက်လာပြီးမှ အသိဝင်ကာ ရှက်စိတ် ရွံရှာစိတ်ဖြင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ ကြံစည်လေရာ သူမအိမ်မှ သိသွားပြီး သူမကို စိတ်ဖောက်ပြန်နေပြီဟု ယူဆကာ ဒီကိုပို့လိုက်ခြင်းဖြစ်ကြောင်း ရှင်းပြလေသည်။

လက်ကလေးနှစ်ဖက်နှင့် အမူအရာတွေ လှုပ်ရှားလျက် ရှင်းပြနေသော အမရာကိုကြည့်ကာ ကြိုးရင်မှာ တင်းကြပ်ဆို့နင့်လာသည်။ နှမြောတသမှု၊ ယူကြုံးမရဖြစ်မှုတို့နှင့်အတူ ဒေါသစိတ်က အုံကြွလာလေသည်။

အဲဒီကောင်ကို သတ်ပစ်ရမှာ၊ အဲဒီကောင်ကို ငါ သတ်မယ်၊

ဟုတ်တယ်၊ ငါလည်း သူ့ကို သတ်ချင်တယ်၊ နင့်အပေါ်ထားတဲ့ သံယောဇဉ်ဟာ အချစ်တစ်ခုဆိုတာ သေချာချိန်မှာ၊ ငါ နင်နဲ့ ခွဲမနေနိုင်ဘူးဆိုတာ သိလိုက်ရချိန်မှာ အရာအားလုံးကို စွန့်လွှတ်စတေးပြီး ဖြစ်သမျှကို ရဲရဲရင်ဆိုင်မယ်ဆိုပြီး နင့်ဆီပြန်ပြေးလာဖို့ထိ ငါ ဆုံးဖြတ်ခဲ့တယ်။ အဲဒီအချိန်မှာပဲ ငါ့ဘဝ အဖျက်ဆီးခံလိုက်ရတာ၊ ငါ့ကို အလိုမတူပဲ ဖျက်ဆီးပစ်လိုက်တာ၊ အဲဒါကြောင့် ငါဟာ နင်နဲ့ မထိုက်တန်တော့ဘူးဆိုပြီး ငါ့ကိုယ်ငါ အဆုံးစီရင်ဖို့ ကြိုးစားတာ၊

ကြိုးရင်မှာ ငလျင်တစ်ခု ဖြစ်ပေါ်သွားသည်။

နင် ငါ့ကို ချစ်တယ်ပေါ့၊

နင့်ကိုငါ ချစ်တယ်၊ အရမ်းချစ်တယ်၊

ဝမ်းသာလိုက်တာဟာ၊ ငါ ပျော်လိုက်တာ၊

မျက်ရည်တွေနှင့် ကြိုးမျက်နှာ ပြုံးနေသည်။ ပြီးတော့ အံကြိတ်၏။ ကြိုးရင်မှာ ခံစားနေရတာ ဝမ်းနည်းဝမ်းသာ ကြေကွဲစွာ။ ခူးဆွတ်ခွင့် မစွမ်းသာသဖြင့် မဝံ့မရဲ စုံမက်မြတ်နိုးခဲ့ရသည့် ပန်းကလေး ပင်ယံထက်မှ မိမိထံ ကြွေဆင်းပြုတ်ကျလာသဖြင့် ဝမ်းသာရသည်။ တစ်ချိန်က မိမိ အရိပ်တကြည့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ပန်းကလေး ခရော





အနာတရဖြစ်ခဲ့သည်မို့ ဝမ်းနည်းရသည်။ ချစ်သောသူကို မြင်တွေ့နေရပါလျက် လွတ်လပ်စွာ စကားပြောထိတွေ့ နှစ်သိမ့်ခွင့်မရရှိသည့်အတွက် ကြေကွဲရလေသည်။

နင့်ကိုယ်နင် အဆုံးစီရင်ဖို့ မကြိုးစားပါနဲ့၊ ငါဆိုတာ မသေမချင်း နင် လိုအပ်မှုတိုင်းမှာ အသုံးပြုဖို့အတွက် တတ်နိုင်တဲ့ဘက်က အမြဲရှိနေပေးမယ့်သူပါ၊ နင့်ကိုငါ အရင်လိုပဲ တန်ဖိုးထားတယ်၊ ချစ်တယ်၊ မြတ်နိုးတယ်၊ ငါ့ရဲ့အချစ်ကို နင် အခုလို တုံ့ပြန်လို့ ပျော်တယ်၊ ငါတို့နှစ်ယောက် ဒီဆေးရုံကြီးက ထွက်ပြေးမယ်၊ နင့်ဘဝကို ဖျက်ဆီးတဲ့လူကို သွားသတ်မယ်၊ ပြီးရင် ငါတို့နှစ်ယောက် အတူတူနေကြမယ်လေ၊

ဟုတ်တယ်၊ ဒီကနေ ထွက်ပြေးမယ်၊ နင်နဲ့တွေ့ရတာ ငါ ပျော်တယ်၊ အားရှိတယ်၊ ငါ နင့်ကို လွမ်းနေတာ၊

ငါလည်း နင့်ကို အရမ်းလွမ်းတယ်၊

နင် ငါ့ကို ကယ်ပါ၊ လာကယ်ပါ၊ ဒီမှာနေရတာ ငါ အရမ်းကြောက်တယ်၊

ငါလည်း ကြောက်တယ်၊ မနေချင်ဘူး၊ ငါတို့ အခု ထွက်ပြေးမလား၊

အခုပြေးရင် လွတ်မှာ မဟုတ်ဘူး၊ ငါ တစ်ခါ ထွက်ပြေးဖူးတယ်၊ ပြန်အဖမ်းခံလိုက်ရတာ၊ ညဘက်ထွက်ပြေးတာ ပိုကောင်းမယ်၊ နင်ကကော ဘယ်လိုဖြစ်ပြီး ဒီအထဲရောက်တာလဲ၊

သူ့အခြေအနေကိုလည်း ကြိုး ပြောပြလိုက်လေသည်။ သူ့ကို မရူးပါဘဲ အထင်မှားပြီး ဒီကိုပို့ကြတာဖြစ်ကြောင်း၊ သူ့ကို ရူးနေတယ် မထင်ဖို့လည်း ရှင်းပြသည်။

နင် အခုနေရတာ ဘယ်အဆောင်လဲ၊

ကြိုးမေးတော့ အမရာက သူမ ယခုနေထိုင်ရတာ အမျိုးသမီးဆောင်(၆)တွင်ဖြစ်ကြောင်း ညွှန်ပြပြောဆိုသည်။ ငိုလိုက်၊ ပြုံးလိုက်နှင့် သက်အမူအရာ ကိုယ်အမူအရာတွေ လှုပ်ရှားမှုပြုလျက် တစ်ယောက်ဆို တစ်ယောက် ဆက်သွယ်၍ စကားဖလှယ်နေကြသော ကြိုးနှင့်အမရာ၏ အပြုအမူကို အခြားသူတွေက အထူးအဆန်းသဖွယ် ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူနာတချို့နှင့် ဆေးရုံဝန်ထမ်းတချို့က ပြုံးစိစိ။

သူတို့နှစ်ယောက်ကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ လက်ကလေးတွေ လှုပ်ရှားလျက် တမေ့တမော စကားကောင်းနေကြမြဲ. . .။

စိတ်ကျန်းမာရေးဆေးရုံ၏ အခြေပြမြေပုံထဲတွင် အမျိုးသမီးဆောင် (၆)ကို ခရမ်းရောင်သင်္ကေတဖြင့် ဖော်ပြထားသည်။ ခရမ်းရောင်. . . ကြိုး ယုံကြည်လေးမြတ်သည့် ကြိုးအပေါ် လွှမ်းမိုးမှုအားကောင်းခဲ့သော ခရမ်းရောင်. . .။ ထိုခရမ်းရောင်သင်္ကေတအဆောင်ထဲမှ ချစ်သူကို ကယ်ထုတ်ဖို့ ကြိုး ကြိုးစားပေတော့မည်။

ထိုစစ်ဆင်ရေးသည် သူတို့နှစ်ဦး ဖြစ်ချင်သလို အောင်မြင်မှုအားဆွတ်ခူးနိုင်ပါ့မလား. . .။





ဒီကနေ့ ဆေးရုံရှိ လူနာတွေကို အလှူရှင်တွေက စားသောက်ဖွယ်ရာတွေ လာလှူကြမည်။ အလှူရှင်တွေ လာလှူလျှင် ရိုရိုသေသေထွက်ယူဖို့၊ စည်းကမ်းရှိဖို့ တာဝန်ကျလူနာစောင့်မှ သွန်သင်မှာကြားသည်။ ရွတ်ဆိုရမည့် မေတ္တာစာကိုပါ အလွတ်ရအောင် ကျက်မှတ်ခိုင်းထားလေသည်။ ကြိုးထွက်မယူချင်ပါဘူး။ ရှက်တယ်။ ဒါပေမယ့် ငြင်းဆန်မရလေတော့ ထွက်ယူရမှာပဲပေါ့။ သူတို့အလို လိုက်နေမှ အနေအစားချောင်ပြီး ပြေးပေါက်ရှာရ လွယ်မည်ပဲလေ။ ဒီလောက်တော့ ကြိုး နပ်တာပေါ့။

အချိန်ကျ၍ လူနာစောင့်နှင့်အတူ အခန်းတွင်းမှအထွက် တစ်ဖက်စင်္ကြံလမ်းမှ ထမင်းချိုင့်ကလေး ဆွဲကိုင်၍ လျှောက်လာသော အသားညိုညိုကောင်လေးကိုမြင်တော့ ကြိုး သိသလို ခံစားနေရသည်။ အနီးရောက်တော့ ကောင်လေးက အစောင့်လက်ထဲ ထမင်းချိုင့်ကို ထည့်ပေးပြီး ထွက်သွားဖို့ပြင်သည်။ ထိုအချိန်ကျမှ ကြိုး မှတ်မိ၏။

"အိစွတ်"

ကောင်လေးခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားပြီး ကြိုးကို ဇဝေဇဝါ စူးစိုက်ကြည့်နေသည်။ အသွင်သဏ္ဍာန်ပြောင်းလဲနေသော ကြိုးကို အိစွတ် ချက်ချင်း မမှတ်မိ။ ခဏကြာမှ တုန်လှုပ်အံ့ဩသွားဟန်ဖြင့်. . .

"အစ်ကိုလေး"

ကြိုးကို ခြေဆုံးခေါင်းဆုံး စုန်ချည်ဆန်ချည်ကြည့်၍ အိစွတ် မျက်ဝန်းကလေးအကြောင်သား ဖြစ်နေသည်။ ခဏကြာတော့ အိစွတ်မျက်ဝန်းတို့မှ မျက်ရည်စတို့ ရစ်ဝဲကာ မျက်နှာလေး ငိုမဲ့မဲ့ဖြစ်လာသည်။

"ဘယ်လိုဖြစ်တာလဲ အစ်ကိုလေးရယ်"

"ငါ့ကို အထင်မှားပြီး ဒီကိုပို့ထားတာကွ၊ မင်းကကော ဘယ်လိုဖြစ်လို့ ဒီအထဲ ရောက်နေတာလဲ"

"မမကြီး အိမ်ထောင်ပြုသွားပြီ အစ်ကိုလေး၊ ထမင်းဆိုင်ကို နား



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူယောက်ျားအလုပ်လုပ်တဲ့ မလေးရှားကို လိုက်သွားတယ်၊ ကျွန်တော့်ကို ဒီဆေးရုံထဲက သူ့အသိထမင်းဆိုင်ကို လွှဲပေးခဲ့တာ”

ဪ . . . မယဉ်မျိုးခိုင်တောင် အိမ်ထောင်ကျသွားပြီပဲ. . .။ အီစွတ်ကိုတွေ့ရတော့ ကြိုး အားရှိသလို ခံစားလာရသည်။

“အစ်ကိုလေး ဘာလိုအပ်လဲ၊ ကျွန်တော် ဘာကူညီရမလဲဗျာ၊ အစ်ကိုလေးကို အခုလိုပုံစံကြီးနဲ့မြင်ရတာ ကျွန်တော် စိတ်မချမ်းသာဘူးဗျ၊ ကျွန်တော် ငိုချင်တယ်ဗျ၊ ဖြစ်ရလေ အစ်ကိုလေးရာ. . .”

ကြိုးကိုကြည့်နေရင်းမှ ယူကျုံးမရဖြစ်လာဟန်ဖြင့် အီစွတ် တသိမ့်သိမ့် ရှိုက်ငိုပြီး ကြိုးကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်လေသည်။ ကြိုးလည်း အီစွတ်ကို ပြန်ပွေ့ဖက်ပြီး မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာ၏။ နှုတ်မှလည်း စကားတွေ တတွတ်တွတ်ပြောသည်။

“ငါ့ကို အထင်မှားပြီး ဒီကိုပို့လိုက်တာ၊ ငါ အရူးမဟုတ်ဘူး ညီလေး၊ ဒါပေမယ့် ဒီကဆရာဝန်တွေကလည်း ငါ့ကို စိတ်ရောဂါဖြစ်နေတယ်ပဲ ထင်နေတာ၊ တကယ်တော့ ငါဟာ လူကောင်းတစ်ယောက်ပါ ညီလေးရာ၊ ညီလေးလည်း ငါ့ကို အရူးလို့မထင်ပါနဲ့နော်”

“မထင်ဘူး အစ်ကိုလေး၊ အစ်ကိုလေးလိုလူမျိုးက ဘယ်လိုလုပ်အရူးဖြစ်နိုင်မှာလဲ၊ အစ်ကိုလေး လူကောင်းပကတိဆိုတာ ကျွန်တော်ယုံတယ်”

“ဒီဆေးရုံမှာ ငါတွေ့သမျှထဲမှာ မင်းတစ်ယောက်ပဲ ဦးနှောက်ကောင်းတယ် ညီလေး”

လူနာစောင့်က ကိုယ်ချင်းပူးနေသော ကြိုးနှင့်အီစွတ်ကို ဝင်ခွဲသည်။

“ဟေ့ ဟေ့. . . ချာတိတ်. . . လူနာတွေနဲ့ စကားမပြောရဘူးလို့ မှာထားတယ်လေကွာ၊ တော်ကြာ စိတ်ဖောက်ပြီး မင်းကို လည်ပင်းညှစ်သတ်ပစ်လိမ့်မယ်၊ မကြောက်ဘူးလား၊ သွား. . . ပြန်တော့”

“ဒါ ကျွန်တော့်ကျေးဇူးရှင် အစ်ကိုလေးဗျ၊ အစ်ကိုလေးက





ကျွန်တော့်ကို အဲ့လိုလုပ်မှာ မဟုတ်ဘူး၊ အစ်ကိုလေး အဲ့လိုလုပ်ရင်လည်း ကျွန်တော် ကျေကျေနပ်နပ်ကြီး ခံလိုက်မယ်”

“အေး. . . ဘာပဲဖြစ်ဖြစ် မင်း အခု ဒီက ထွက်သွားတော့၊ ဆေးရုံဝင်းထဲမှာနေရင် ဆေးရုံစည်းကမ်း လိုက်နာရတယ်”

တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားသော လက်တွေ ဆွဲဖြုတ်ခံရပြီး ကြိုးနှင့်အီစွတ် လူချင်းကွဲသွားသည်။ လူနာစောင့် အတင်းပြန်လွှတ်သဖြင့် အီစွတ် ယက်ကန်ယက်ကန်နှင့် ကြိုးကို နောက်ပြန်ကြည့်ရင်း ထွက်သွားရလေသည်။ မြင်ကွင်းမှ အီစွတ် ပျောက်ကွယ်သွားလေတော့ ကြိုး ပိုဝမ်းနည်းလာ၏။ အားကိုးမဲ့သွားသလို အားငယ်စွာ ခံစားနေရသည်။ ကိုယ်ပိုင်လွတ်လပ်ခွင့် ပျောက်ဆုံးနေသော ဒီနယ်မြေကို အကျဉ်းထောင်ကြီးတစ်ခုသဖွယ် ကြိုး ကြောက်လန့်မုန်းတီးလာသည်။ ရွံရှာစက်ဆုပ်လာသည်။ ဒီဆေးရုံကြီးထဲကနေ အမြန်ဆုံး လွတ်မြောက်အောင် ထွက်ပြေးလိုစိတ်တွေ တဖွားဖွားနှင့် ပိုမိုထက်သန်အားကောင်းလာလေ၏။

ဘာလိုလိုနဲ့ ငါလည်း စိတ်ဝေဒနာသည်တွေနဲ့ တစ်တန်းစားတည်းဖြစ်နေပါပေါ့လား။

လူနာစောင့်ဆွဲခေါ်ရာ လိုက်လာပြီး အခြားလူနာတွေကြားမှာ ကြိုးဝင်ထိုင်ရသည်။ ရှက်လို့ ကြိုး ခေါင်းကိုငုံ့ထား၏။ ငါက အရူးမှမဟုတ်တာ။ ဆေးရုံဝန်ထမ်းတွေက လူနာတွေနှင့် အလှူရှင်တွေကြားမှာ ခုံတန်းလျားတွေ ချ၍ တားထားသည်။ ငါတို့ဟာ အပြစ်သားမဟုတ်ပါဘဲ ပြင်ပလူတွေနဲ့ စည်းတစ်ခုအခြားခံနေရတာပါလား. . .။

လှူဒါန်းမှုတို့ကို လက်ခံမယူခင် လူနာတွေအားလုံး ဆောင့်ကြောင့်လေးတွေထိုင်ကာ အလှူရှင်တွေကို လက်အုပ်ချီမိုး၍ အသံထွက်ရွတ်ဆိုကန်တော့ကြရ၏။ ကြိုးလည်း အပါအဝင်ပဲပေါ့။

“ယနေ့အလှူရှင် နေ့တိုင်း စိတ်ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စီးပွားတက်ပါစေ၊ မင်္ဂလာစုံတဲ့ သိန်းတစ်ထောင်ငါးရာထီကြီး ခဏမကြာ ပေါက်ပါစေ၊ တစ်လတစ်ခါထက်မနည်း ရာသက်ပန် လာဆက်လှူနိုင်ပါစေ၊ မြတ်နိဗ္ဗာန်ကို ရပါစေ၊ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



သခင် ကောင်းချီးမင်္ဂလာ ပေးပါစေ. . .”

ကြိုး အစအဆုံး သေချာမရပါဘူး။ အခြားသူတွေနဲ့ ရောချတာပေါ့။ ရွှတ်ဆိုရင်း လက်အုပ်ချီထားသော လက်နှစ်ဖက်နှင့် မျက်နှာကို ကြိုးကွယ်ထားသည်။ ရှက်စိတ် ဝမ်းနည်းသိမ်ငယ်စိတ်တွေ ကြိုးရင်ဘတ်ထဲမှာ ထွန့်ထွန့်လူးနေပါ၏။

ကန်တော့ပြီးတော့ တန်းစီကာ အလှည့်ကျစနစ်ဖြင့် လှူဖွယ်ပစ္စည်းတို့ကို ထယူရသည်။ အာရုံထဲမှာ ပုံရိပ်တွေ တဖျတ်ဖျတ်ပေါ်လာ၏။ တစ်ချိန်က ငါက ပေးဝေလှူဒါန်းသူ။ အခုတော့ ငါက လက်ခံယူရမည့်သူ။ ထိုအသိ ထိုအနာက တော်တော်ဆိုး၏။ ရင်ဘတ်ကို ဓားစက်နဲ့ တရစပ် မွှန်းနေသလိုပဲ။ တဖြည်းဖြည်း ကြိုးအလှည့်ရောက်လာသည်။ ခေါင်းကို ငိုက်စိုက်ချပြီး လက်နှစ်ဖက်နှင့် ကြိုး တရိုတသေ ယူလိုက်သည်။ လက်ထဲရောက်လာတာက အချိုရည်ဘူးတစ်ဘူး။

ထိုစဉ်မှာပင်. . .

“ကြိုး. . .”

ရင်ဘတ်ထဲမှ လှိုက်ခါထွက်လာသော အသံမျိုး. . .။ ဟာ ငါ့ကို သိနေတယ်. . .။ ကြက်သီးမွေးညင်းတွေ ဖျဉ်းခနဲ ထောင်ထပြီး ကြိုး ခန္ဓာကိုယ် တွန့်ခနဲဖြစ်ကာ ခေါင်းငုံ့ထားရာမှ မျက်လွှာလေး ပင့်လှန်၍ မရဲတရဲ မော့ကြည့်လိုက်၏။ မျက်နှာမူရာအရပ်မှ အလှူရှင်ကိုမြင်တော့ ကြိုး ရင်ခွင်တစ်ခုလုံး ပြောင်းဆန်သွားသည်။

“ထူး ထူးအောင်”

မျက်ဝန်းအကြောင်သားဖြင့် ကြိုးကို တွေတွေကြီး စိုက်ကြည့်နေသော ထူးအောင်။ ထူးအောင်၏ တစ်ဖက်နံဘေးမှာ မုန့်ဘူးလေးကိုကိုင်၍ ရပ်နေသော အိပ်မက်ကိုး။ သူမလည်း မျက်ဝန်းအကြောင်သားဖြင့် ကြိုးကို ငေးလျက်။

“ကိုး. . .”

“ကြိုး”

အိပ်မက်ကိုး နှုတ်ခမ်းတွေ ပွင့်အာသွားကာ ပြန်မပိတ်တော့။ကိုးက တုန်ယင်နေသော လက်တွေနှင့် ကြိုးလက်ထဲ မုန့်ဘူးလေး ထည့်





ပေးသည်။ မုန့်ဘူးကို လက်ခံယူသော ကြိုးလက်တွေလည်း တုန်ယင်နေပါသည်။ အဲဒီအချိန်မှာပဲ. . .

“ကိုကြိုး”

ငိုသံပါသော ခေါ်သံအကျယ်ကြီး ထွက်လာသည်။ ကြိုးခန္ဓာကိုယ် တဆတ်ဆတ်တုန်ခါလာ၏။ ယွန်း. . .။ လက်ထဲမှာ ကျောက်ကျောတုံးလေးတွေ ထည့်ထားသော ကြွပ်ကြွပ်အိတ်ထုပ်ကလေးတွေကိုကိုင်၍ ကိုး၏တစ်ဖက်မှာ ရပ်နေသော ယွန်း. . .။

ယွန်း ပီပီသသ စကားပြောနိုင်ပြီ. . .။ ငါ့ကို “ကိုကြိုး”လို့ ကြည်ကြည်လင်လင် ခေါ်လိုက်တာ တစ်ချိန်က နှုတ်ခမ်းအကွဲလေးနှင့် စကားပြောလျှင် အသံထွက်မပီသသော ယွန်း. . . တဲ့။ ယခု သူမနှုတ်ခမ်းမှာ ကွဲအက်ရာလေးလည်း မရှိတော့။ ဝမ်းသာလိုက်တာ. . .။ ပျော်လိုက်တာ. . .။ အဲ့လို ယွန်းရဲ့နှုတ်ဖျားက ထွက်မြည်လာမယ့် ကြည်ကြည်လင်လင် ပီပီသသအသံလေးကို ကြိုး သိပ်ကြားချင်ခဲ့တာလေ။ ယခု ကြားရပြီ။ မျှော်လင့်ချက်တစ်ခု ပြည့်ဝပြီ။

“ဘယ်လိုဖြစ်ရတာလဲ ကြိုးရာ. . .”

ယူကြုံးမရဟန်ဖြင့် ထူးအောင် အံကြိတ်လိုက်၊ ခေါင်းခါလိုက်နှင့် မျက်ရည်ရစ်ဝဲလာပြီး လက်ထဲမှ အချိုရည်ဘူးတွေ အောက်သို့ လွှတ်ချသည်။ ထို့နောက် ကိုယ်ကိုကိုင်းညွှတ်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ ကြိုးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထွေးဖက်လေသည်။ ကြားမှာ ခံထားသော ခုံတန်းလျားတွေက ဒီထက်ပို၍ နီးစပ်ခွင့်မပြုချေ။

ကြိုးမျက်နှာက ပြုံးတော့မလို ငိုတော့မလို. . .။ မလှုပ်မယှက်ရပ်လျက် မျက်ဝန်းတွေက ကြောင်စီစီ။

နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ကာ အိပ်မက်ကိုး မျက်ရည်ဖြိုင်ဖြိုင်ကျနေပြီ။ ယွန်းက ရှိုက်ကြီးတငင်ငိုပြီး ကျောက်ကျောထုပ်တွေ အကုန်လုံး ကြိုးလက်ထဲ အတင်းထိုးထည့်ပေးသည်။

“ကိုကြိုးကြိုက်တဲ့ ကျောက်ကျောလေးတွေလေ၊ ညီမလေး ယွန်း ကိုယ်တိုင် လုပ်ထားတာ၊ ကိုကြိုး စားနော်”

“ဟင် ကြိုး”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြိုး"

"ကြိုး"

ခေါ်မြည်သံတို့ တရစပ် ထွက်ပေါ်လျက် ယခုမှ သတိပြုမိသွားသော ကျန်လူတွေက ကြိုးနှင့်နီးစပ်ရာ ခုံတန်းလျားနားသို့ စုအုံတိုးဝင်လာကြသည်။ အားလုံး တွဲလက် Logo သင်္ကေတပါသော အရောင်တူ ဝတ်စုံတွေနှင့်။ မိုး. . .။ အိ. . .။ သူရ. . .။ အခြား တွဲလက်မိသားစုဝင်တွေ. . .။ အားလုံး အသိတွေချည်းပဲ. . .။

ကြိုး၏ပါးပြင်မှာ မျက်ရည်စီးကြောင်းတွေ။ မျက်ရည်စက်တွေက လက်ထဲမှာ အယောင်ယောင်အမှားမှား ပွေ့ပိုက်ထားမိသော ကျောက်ကျောထုပ်ကလေးတွေပေါ် တပေါက်ပေါက်နှင့် လွင့်စင်ပြုတ်ကျနေ၏။ မျက်ရည်တို့ဖြင့် စိုစွတ်ပြည့်လျှံဝေရီနေသော ကြိုးမျက်ဝန်းတွေက မျက်တောင်မခတ်ဘဲ အပြုံးသားဖြင့် အားလုံးကိုငေးလျက်။

ကြိုးကလည်း အားလုံးကို လိုက်ကြည့်နေ. . .။ အားလုံးကလည်း ကြိုးကို စိုက်ကြည့်နေချိန်. . .။ အဲသည်အခိုက်. . .

"အားးးးးး. . . . ."

ရုတ်တရက် မျက်စိနှစ်ဖက်ကို စုံမှိတ်ပြီး ဝမ်းခေါင်းသံကြီးဖြင့် ကြိုး အော်ဟစ်သည်။ ခေါင်းကို ဘယ်ပြန်ညာပြန် သွက်သွက်ရမ်းခါ သည်။ ထို့နောက် လက်ထဲမှာ ပွေ့ပိုက်ထားတာတွေမှန်သမျှ အကုန်လွှတ် ချပြီး သူ့ပခုံးကို ဆုပ်ကိုင်ထားသော ထူးအောင်လက်တွေကို ပုတ်ထုတ် ကာ ရပ်နေရာမှ ကြိုး တရှိန်ထိုး ပြေးထွက်သွားလေသည်။

အမှတ်မထင်ဖြစ်စဉ်မို့ အားလုံး အလန့်တကြား အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြ၏။

"ဟာ. . . ကြိုး"

"ကိုကြိုး မပြေးနဲ့လေ"

"လူနာ စိတ်ဖောက်သွားပြီ၊ ဝန်ထမ်းတွေ မိအောင်ဖမ်းကြဟေ့"

"ဖမ်းမိတာနဲ့ အရေးပေါ်ကုသဆောင်ကို ချက်ချင်းပို့"

အခြေအနေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဆေးရုံဝန်ထမ်းတွေ အချင်းချင်း အော်ဟစ်သတိပေးပြီး ကြိုးကို အချိန်မီ ထိန်းချုပ်





နိုင်အောင် လိုက်ဖမ်းကြ၏။

ကြိုး ပြေးသည်။ အားသွန်ခွန်စိုက် ပြေးနေသည်။ ဦးတည်ရာမရှိဘဲ ကြိုး မရပ်မနား ပြေးလွှားနေပါသည်။ အမြင်အာရုံမှာ လမ်းတွေမရှိ. . .။ အသိဉာဏ်ထဲမှာ လမ်းတွေမရှိ. . .။ သူ့အမြင် သူ့အသိမှာရှိတာ သိတာ စွဲထင်နေတာက အကြည့်တွေ. . .။ ပုံရိပ်တွေ. . .။

ရှုက်တယ်. . .။ အရမ်းရှုက်တယ်. . .။ သူတို့အားလုံး ငါ့ကို အရူး လို့ ထင်ကုန်ကြပြီ. . .။

ကြိုးရင်ဘတ်ထဲမှာ မီးတောင်တွေ ပေါက်ကွဲနေသည်။ ချော်ရည်လို လိမ့်ဆင်းနေသော မျက်ရည်တို့ဖြင့် ပြည့်နေသည့် မျက်ဝန်းအကြည့်တို့ ဝေဝါးနေသည်။ နားနှစ်ဖက်စလုံးမှာ ကြားနေရတာ လေတိုးသံ တဟူးဟူးနှင့် အော်သံဟစ်သံတွေ။ ဒီအချိန် ကမ္ဘာပျက်သွားရင် သိပ်ကောင်းမှာပဲ။

ညှပ်ပူးညှပ်ပိတ်ဖမ်းလေရာ အချိန်အတန်ကြာတော့ ဆေးရုံဝန်ထမ်းတွေ ကြိုးကို ပြန်လည်ဖမ်းမိသွားသည်။ ဖမ်းချုပ်၍ မိသည်နှင့် ကုသဆောင်အတွင်း ချက်ချင်း သွင်းလိုက်ကြ၏။

အော်ဟစ်ရုန်းကန်နေသော ကြိုး၏ခန္ဓာကိုယ်မှာ မကြာမီ ကုသဆောင်ကုတင်ထက်တွင် ပက်လက်အနေအထားဖြင့် ရောက်ရှိသွားပါသည်။ ဆရာဝန်က ကြိုး၏နားထင်နှစ်ဖက်တွင် ECT (Electroconvulsive therapy) လျှပ်စစ်ခတ်ဖြင့် သွေးလှန့်ကုသခြင်းကိရိယာ၏ အီလက်ထရွန်များတပ်ဆင်၏။ ထို့နောက် လျှပ်စစ်စီးစေသော ခလုတ်ကို ဖွင့်လိုက်သည်။ ကြိုး၏ ခြေလက်အင်္ဂါများ အကြောဆွဲကာ တဆတ်ဆတ်လှုပ်ခါလာသည်။ ခန္ဓာကိုယ်တစ်ခုလုံး တွန့်လိမ်ကော့လန်လျက် ကုတင်နှင့် ရိုက်ပုတ်ထိခတ်သံ တဖြန်းဖြန်း အော်မြည်ထွက်ပေါ်နေပါသည်။

ခဏအတွင်း ကြိုး ငြိမ်သက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီငရဲခန်းက လွတ်မြောက်ဖို့ ကြိုးစားရမယ်. . .။

လက်ညှိုးထိပ်ကို ကိုက်ဖောက်၍ စိမ့်ထွက်လာသော သွေးတို့ဖြင့် တစ်ရှူးစက္ကူပေါ်မှာ ကြိုး စာတစ်ကြောင်း ရေးချလိုက်လေသည်။

*ငါ့ကို ကယ်ပါ. . .*

သွေးစက်တွေ ခြောက်သွေ့သွားတော့မှ တစ်ရှူးစက္ကူစကို ခေါက်လိပ်၍ ထမင်းချိုင့်အတွင်း ထည့်သွင်းလိုက်သည်။ ဒီစာကို အီစွတ် ဖတ်မိပါစေ။ အီစွတ် စာဖတ်တတ်ပါစေ။

ရွေးချယ်စရာ အခြားနည်းလမ်း တွေးမရတော့။ အီစွတ်ကိုသာ ကယ်တင်ရှင်အဖြစ် ကြိုး မြင်သည်။ အီစွတ်ကိုသာ ယုံကြည်အားကိုးစရာ သဖွယ် ကြိုး ခံစားရသည်။ အီစွတ်နှင့်ကလည်း စကားပြောခွင့် မရသဖြင့် ကြံမိကြံရာ ကြံစည်လိုက်မိခြင်း ဖြစ်လေသည်။

ကြိုး လိုအင်ပြည့်ဝခဲ့သည်။ ရင်းရကျိုး နပ်ခဲ့၏။ နောက်တစ်ရက် ထမင်းချိုင့်လေး ရောက်လာတော့ ကပျာကယာ ဖွင့်ကြည့်လိုက်ရာ အီစွတ်၏ ပြန်စာကို ရရှိသည်။

***အကိုလေး ဖြစ်ချင်ဒါတွေ ရေးထဲ့ပေးလိုက်. . .***

စာလုံးပေါင်းသတ်ပုံ မမှန်သော မညီမညာလက်ရေးလေးတွေကို ကြည့်ကာ ကြိုး ဝမ်းသာနေသည်။ ထမင်းခဲထဲမှာ ပလတ်စတစ်အိတ်နှင့် ပတ်၍ နှစ်မြှုပ်ထည့်ပေးလိုက်သော ခဲတံအတိုလေးနှင့် စက္ကူတွေကို တွေ့တော့ ကြိုး ကျေနပ်အားရနေ၏။ ထိုနေ့ တစ်နေကုန် ကြိုး အသားကုန်တွေး၍ အစီအစဉ်တွေ ရေးဆွဲလေသည်။ အမရာပါ ဒီဆေးရုံမှာ အပို့ခံထားရကြောင်း၊ သူမကိုပါ ကယ်တင်ရမည့်အကြောင်းပါ စာထဲ ထည့်ရေးလိုက်၏။ အမရာလည်း လွတ်မြောက်ချင်နေရှာပြီလေ။

ကုသဆောင်မှာ ဆေးပြရချိန်တွေတွင်တော့ လူချင်းဆုံလျှင် ကြိုးနှင့်အမရာ လက်သင်္ကေတဖြင့် စကားပြောခွင့်ရပါသည်။ ဒါလည်း





ခဏသာ. . .။ တခြားတွေ့ဆုံခွင့်လည်း လုံးဝ မရှိ။ အမရာကို ဒီဆေးရုံဝင်းထဲက စားဖိုဆောင်မှာ အီစွတ်ရောက်နေကြောင်း၊ အီစွတ်အကူအညီဖြင့် မကြာခင် လွတ်မြောက်အောင် လာကယ်နိုင်တော့မည်ဖြစ်ကြောင်း အသိပေးလိုက်လေရာ အမရာလည်း ဝမ်းသာနေသည်။

အခြားသူတွေ မသိဖို့လည်း နှုတ်ပိတ်ရသေး၏။

မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ထမင်းချိုင့် အပို့အယူလုပ်ရင်း ကြိုးနှင့်အီစွတ် စာချင်းဖလှယ်ဖြစ်ကြသည်။ လွတ်မြောက်ဖို့ လမ်းစဉ်တွေ ဆွေးနွေးတိုင်ပင်ဖြစ်ကြ၏။ ကြိုး တောင်းဆိုသဖြင့် ဆေးရုံ၏မြေပုံကိုပါ အီစွတ်က ရေးဆွဲ၍ထည့်ပေးသည်။

ကြိုးနေထိုင်ရာ အနီရောင်သင်္ကေတ အမျိုးသားဆောင်(၂)မှ အမရာနေထိုင်ရာ ခရမ်းရောင်သင်္ကေတ အမျိုးသမီးဆောင်(၆)ကို လက်ဝဲဘက် စကြံလမ်းမှသွားမည်ဆိုလျှင် နေ့ကုသဆောင်၊ ကုသရေး အထောက်အကူပြုဌာန၊ မှုခင်းလူနာဆောင်တို့နှင့် နီးစပ်မှုရှိသည်။ လက်ယာဘက်စကြံလမ်းမှသွားမည်ဆိုလျှင် ရေသန့်စက်ရုံ/ရေစင်၊ အမျိုးသမီးဆောင်(၄)တို့ရှေ့မှ ဖြတ်သန်းသွားရမည်ဖြစ်ပြီး အမှိုက်မီးရှို့စက်ရုံနှင့် နီးစပ်သည်။ အမျိုးသမီးလူနာဆောင် (၆)ဘက်ခြမ်းတွင် မှူးယစ်ဆေးစွဲနှင့် သုတေသနဌာန၊ မီးဖိုဆောင်နှင့် ငါးကန်များရှိသည်။

ယနေ့ ကုသဆောင်မှာ အမရာနှင့်ဆုံတော့ “အခုည လာကယ်မယ်”ဟု လက်သင်္ကေတဖြင့် ကြိုး ပြောလိုက်ပါ၏။ ညစာအဖြစ် လာပို့ပေးသော ထမင်းနှင့်ဟင်းလျာတွေကို လုံးဝ မတို့ထိ မစားသောက်ဖို့လည်း အထပ်ထပ်မှာလိုက်၏။

ယနေ့ည အစီအစဉ် အကောင်အထည်ဖော်မည်။ ညအတွက် မျှော်တွေးကာ ကြိုး တစ်နေကုန် စိတ်လှုပ်ရှားနေသည်။ အမရာလည်း စိတ်လှုပ်ရှားနေမှာပဲ။ အီစွတ်ရဲ့ လုပ်ဆောင်မှုတွေ အောင်မြင်ပါစေဟု တစ်ယောက်တည်း တဗျစ်တောက်တောက် ကြိုး ရေရွတ်ဆုတောင်းနေမိ၏။

ဒီကနေ့က အီစွတ်ဘဝရဲ့ မဟာစွန့်စားခန်းတစ်ခု. . .။

ကျည်ဆန်တွေ ယမ်းငွေ့တွေ ဗုံးသံတွေကြားမှာ ကျင်လည်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သော အီစွတ်၊ ရင်တုန်စိုးထိတ်စွာဖြင့်ပဲ သူ့ကျေးဇူးရှင်အစ်ကိုလေးဆန္ဒကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဖြစ်လာသမျှကို ရင်ဆိုင်မယ်ဟု ဆုံးဖြတ်ချက်ချကာ မတုံ့မဆိုင်း ရဲရဲဝံ့ဝံ့ လုပ်ဆောင်နေသည်။ လူအလစ်စောင့်ကြည့်ပြီး စားဖိုဆောင်မှ ထမင်းနှင့်ဟင်းလျာတွေ အကုန်လုံးထဲ အသင့်ဝယ်ယူထားသော အိပ်ဆေးတွေ ခပ်သည်။ ကြိုးကို ညစာအဖြစ်သွားပို့တော့ ထမင်းချိုင့်အတွင်းမှာ ပေါင်မုန့်ထုပ်ကလေးတွေ ထည့်ပေးလိုက်၏။ တစ်ချိန်က သူ အငတ်ငတ်အပြတ်ပြတ်ဖြစ်စဉ်ကာလ သူဖုန်းစားတစ်ယောက်လို တောင်းရမ်းစားသောက်နေရစဉ်ကာလမှာ နွေးထွေးစွာ ကျွေးမွေးပြုစု ဖေးမကူညီခဲ့သော ကျေးဇူးရှင်အစ်ကိုလေးကို ယခုလိုတလဲ ပြန်ကူညီခွင့်ကြုံတာပဲ အီစွတ် ပီတိဖြာ ဂုဏ်ယူကျေနပ်နေသည်။

ညနက်၍ လူခြေတိတ်သည်နှင့် အဘိုးဖြစ်သူ၏ ပညာအမွေ ပစ္စည်းကလေးကိုဆောင်ယူပြီး အဝတ်ထုပ်ကို လွယ်ပိုးကာ ကြိုးရှိရာ အမျိုးသားဆောင်(၂)သို့ အီစွတ် ထွက်လာခဲ့ပါသည်။ ဆေးရုံဝင်းတစ်ခုလုံးက ခြောက်ချားဖွယ် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ စင်္ကြံလမ်းမှ အီစွတ်မသွားဘဲ မှောင်ရိပ်ခိုကာ လမ်းနံဘေး မြက်ခင်းပြင်ထဲမှ ဝပ်တွား၍သွားသည်။ နံရံကိုမှီထိုင်လျက် အိပ်ပျော်နေသော အစောင့်တစ်ဦးကို မလှမ်းမကမ်းမှာ တွေ့မြင်ရ၏။

အပြင်မှ သော့ခတ်ထားသော ကြိုးရှိရာ အဆောင်တံခါးရှေ့ရောက်တော့ လက်ထဲမှ သံချောင်းကလေးနှင့် သော့အိမ်ကို ထိုးဆွ၍ဖွင့်သည်။

“သော့တံသွားရာ သော့အိမ်ရဲ့ အူလမ်းကြောင်းဟာ ဝက်ပါလိုပဲ၊ အရစ် အဆစ် အမို့ အချိုင့်လေးတွေကို စနစ်တကျ အချိန်အဆမှန်မှန် ထိုးဆွလှည့်သွင်းနိုင်ဖို့ အရေးကြီးတယ်၊ သဘောတရားနားလည်ပြီး အလေ့အကျင့်ကောင်းကောင်းရှိပြီဆိုရင် အတားအဆီးတွေနဲ့ ဝက်ပါတွေကို ဖြတ်ကျော်ဖို့ဆိုတာ ထင်သလောက်မခဲယဉ်းတော့ပါဘူး”

အဘိုးဖြစ်သူပြောစကားတွေ အီစွတ်နားမှာ ပြန်ကြားယောင်နေမိပါ၏။ တဂျစ်ဂျစ်မြည်သံက တိတ်ဆိတ်မှုတွေကြား ကျယ်လောင်နေလေ





ရာ ဆောင်းညမှာ အီစွတ် ဇောချွေးတွေ စိမ့်ပျံလာ၏။ စိတ်မလှုပ်ရှားဖို့ လက်ငြိမ်စေဖို့ အထူးအာရုံပြု ဂရုစိုက်နေရလေသည်။

“အီစွတ်လား. . .”

“ဟုတ်တယ် အစ်ကိုလေး”

ထွက်ပေါက်တံခါးကို မျှော်တလင့်လင့်ငေးကြည့်၍ လွတ်မြောက်ခွင့်ကို စောင့်ဆိုင်းနေသောကြိုး၊ ပြင်ပမှ အသံတွေကြောင့် မေးကြည့်လိုက်ရာ တစ်ဖက်မှ အီစွတ်၏ အတည်ပြုချက်ကြားရတော့ စိတ်တွေပိုမိုလှုပ်ရှားလာသည်။ အီစွတ်သော့ဖွင့်နေချိန် ဆေးရုံဝန်ထမ်းတွေ နောက်ဘက်မှ ဘွားခနဲ ထွက်ပေါ်ရောက်ရှိလာမှာလည်း ပူပင်ကြောက်လန့်နေမိ၏။ အတန်ကြာတော့ တံခါးပွင့်သွားသည်။ ကြိုး ပျော်ရွှင်စွာ အခန်းတွင်းမှ လှမ်းထွက်ပြီး အီစွတ်၏ဦးဆောင်မှုဖြင့် အမရာရှိရာ အဆောင်သို့သွားကြပါသည်။

စင်္ကြံလမ်းကို ရှောင်ကွင်းပြီး လက်ဝဲဘက်ခြမ်း မြက်တောထဲမှ ဝပ်တွား၍ ကန့်လန့်ဖြတ်သွားသည်။ စုံစမ်းထားသဖြင့် အမရာရှိရာ လူနာဆောင်ကိုသိသော အီစွတ်က အခန်း၏တံခါးသော့ကို သံချောင်းကလေးဖြင့် ထိုးဆွမွှေနှောက်ပြန်သည်။

ကြိုးက လူနာဆောင်မှာ တစ်ဦးတည်းသီးသန့် နေရတာဖြစ်ပေမယ့် အမရာက အခြားအမျိုးသမီးလူနာတွေနှင့်အတူ ရောယှက်နေရတာ။ ဒါကြောင့် အခြားလူနာတွေ နိုးလာပြီး သိသွားလျှင် အော်ကြီးဟစ်ကျယ်တွေဖြစ်ကာ အားလုံး ဒုက္ခရောက်ကုန်မှာကို အီစွတ် တွေးပူစိုးရိမ်နေမိ၏။

သော့ဖျက်မှုအောင်မြင်၍ အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့. . .

“ဝုန်း”ခနဲ တစ်စုံတစ်ခု အခန်းတွင်းမှ ပြင်ပစင်္ကြံလမ်းပေါ်သို့ လိမ့်ဆင်းထွက်ကျလာသည်။ ကြိုးကော အီစွတ်ပါ အလန့်တကြား ဖြစ်သွား၏။ ပြိုင်တူလိုပင် နောက်သို့ ခုန်ဆုတ်လိုက်မိကြသည်။ သေချာကြည့်တာမှ အမရာ. . .။ သိမှ အီစွတ်နှင့်ကြိုး ရှေ့တိုး၍ သွားထူကာ အမူမကို မှောင်ရိပ်ထဲ ဆွဲခေါ်လာခဲ့၏။

အိပ်မှုန်စုန်ဝါးပုံစံဖြင့် အမရာ တဝါးဝါး သမ်းဝေနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ အမရာရယ်"

"ငါ အရမ်း အိပ်ချင်လာလို့ဟ၊ အဲဒါကြောင့် နင်တို့လာရင်လည်း သိရအောင်ဆိုပြီး အခန်းတံခါးကို မှီစောင့်ရင်း အိပ်ပျော်သွားတာ"

"နင် ဒီည ထမင်းတွေဟင်းတွေ စားလိုက်သေးလား"

"အေး . . . ငါ ဗိုက်အရမ်းဆာလို့ နည်းနည်းတော့ စားလိုက်တယ်"

"ဖြစ်ရမယ်၊ မစားပါနဲ့လို့ ငါ အခါခါ မှာလိုက်သားနဲ့၊ အဲဒီအထဲမှာ အိပ်ဆေးတွေ ပါတယ်ဟ၊ တော်သေးတာပေါ့ တံခါးကိုမှီပြီး အိပ်ပျော်လို့"

"ငါတို့နှစ်ယောက် အခုမှပဲ လွတ်လွတ်လပ်လပ် တွေ့ရတော့တယ်နော်"

"ငါနင့်ကို အမြဲ သတိရနေတာ"

တစ်ယောက်ကိုယ်ကိုတစ်ယောက် တင်းတင်းကြပ်ကြပ် ပွေ့ဖက်လျက် တစ်ယောက်ပါးပြင်ကိုတစ်ယောက်က နမ်းရှိုက်လိုက်၊ တစ်ယောက်နဖူးကိုတစ်ယောက်က အာဘွားပေးလိုက်နှင့် ကြိုးနှင့်အမရာ ရုတ်တရက် အလုပ်များနေကြသည်။ နှုတ်ထွက်စကားတွေလည်း တသွင်သွင် ပွားသည်။ သူတို့နှစ်ယောက် ဖြစ်အင်ကိုကြည့်ကာ အီစွတ် သဘောကျစွာ ပီတိဖြစ်စွာ ပြုံးသည်။ ထို့နောက် လက်ညှိုးလေးကို နှုတ်ခမ်းရှေ့မှာထောင်ပြီး "ရှူး"ခနဲ တိတ်တိတ်နေဖို့ အချက်ပြလိုက်သည်။

"အပြင်ရောက်မှ တဝကြီး အလွမ်းသယ်ကြ အစ်ကိုလေးနဲ့ မလေး၊ တော်ကြာ အစောင့်တွေနိုးလာလို့ အပြင်မရောက်ဘဲ ဖြစ်နေဦးမယ်၊ သွားကြစို့"

"ညီလေး နေခဲ့တော့လေ၊ အစ်ကိုတို့ဘာသာ ဆက်သွားပါတော့မယ်၊ ဒီလောက်ကူညီတာပဲ ကျေးဇူးတင်လှပါပြီ"

လမ်းခွဲရတော့မှာမို့ စိတ်မကောင်းစွာဖြင့် ကြိုး နှုတ်ဆက်တော့ အီစွတ်က ရယ်ကျဲကျဲနှင့်။

"ကျွန်တော်နေခဲ့လို့ ဘယ်ဖြစ်မလဲ အစ်ကိုလေးရ၊ မနက်ဆို ဆက်စပ်တွေးကြည့်ရင် ဒါတွေအားလုံး ကျွန်တော့်လက်ချက်ဆိုတာ





သိမှာပဲလေ၊ အဲဒီတော့ ကျွန်တော်လည်း အလွတ်ပြေးရတော့မှာပေါ့"

"ဟာ. . . ဒါဆို အီစွတ်ပါ ငါတို့နဲ့ လိုက်မှာပေါ့၊ ပျော်စရာကြီး"

"လိုက်မှာပေါ့ မမလေးရ၊ ဒီမှာ အထုပ်တောင် သယ်လာတာသာကြည့်"

အီစွတ်က သူလွယ်ပိုးထားသော အဝတ်ထုပ်ကလေးကို ပုတ်ပြသည်။ အီစွတ်ပါ သူတို့နှင့်လိုက်မည်ဆိုသဖြင့် ကြိုးကော အမရာပါ ပျော်ရွှင်သွားသည်။ ယခုလိုအချိန်မှာ အားကိုးစရာ တွယ်တာရာ အဖော်တိုးလျှင် မည်သူမဆို အားရှိတက်ကြွမှာပဲလေ။

သုံးယောက်သား ဆေးရုံ၏ ဝင်းနံရံအုတ်တံတိုင်းဆီ တက်ညီလက်ညီ ချီတက်ကြ၏။ မှောင်ရိပ်ခိုကာ ကုန်းကုန်းကွကွ ဝပ်တွား၍ပဲ သွားကြတာပေါ့။ ကြိုးနှင့်အမရာကတော့ တစ်ယောက်လက်ကိုတစ်ယောက် နွေးထွေးစွာ ဆုပ်ကိုင်ထားပါ၏။ ဂိတ်ပေါက်တွေနှင့် အတန်ငယ်ဝေးသော အုတ်တံတိုင်းဆီရောက်တော့ နံရံကိုကပ်ရပ်ကာ အမရာကို ကြိုးက ကုန်းပိုးသည်။ အမရာက အုတ်တံတိုင်းနံရံကို လက်နှစ်ဖက်နှင့် ထိန်းကိုင်ပြီး ကြိုး၏ပခုံးပေါ် ခြေထောက်နှစ်ဖက်နှင့် နင်း၍ အပေါ်ရောက်အောင် ကုတ်တွယ်တက်သည်။ ဒါက သူတို့နှစ်ဦးအတွက် မခက်ခဲ။ အမရာ ညဘက် အိမ်မှခိုးထွက်လျှင် ထိုသို့ပြုမူနေကျမို့ အလေ့အကျင့် ရှိပြီးသား။

အမရာပြီးတော့ ထိုနည်းအတိုင်း အီစွတ်ကို ကြိုး ကုန်းပိုးပြီး အုတ်တံတိုင်းပေါ် တွန်းတင်၏။ ထိုအချိန်မှာပဲ ဆူဆူညံညံအသံတွေ ကြားလိုက်ရလေသည်။

"အမျိုးသမီးဆောင် တံခါးပွင့်ပြီး လူနာတွေ အကုန်ထွက်ပြေးတုန်းပြီ၊ မိအောင်လိုက်ဖမ်းကြဟေ့"

"ဂိတ်က လုံခြုံရေးတွေ၊ တံခါးတွေ သေချာပိတ်ထား"

ကြိုး ခေါင်းငဲ့ကြည့်လိုက်ရာ ကတုံးဆံပင်ပေါက်ကိုယ်စီနှင့် ဖိုသီဖတ်သီ အမျိုးသမီးတစ်စု ဂိတ်ပေါက်ရှိရာဘက်ဆီ ဦးတည်ပြေးလာသွားတာ တွေ့မြင်လိုက်ရ၏။ ထိုအမျိုးသမီးတွေနောက်မှ ဆေးရုံဝန်ထမ်းတွေ ကသုတ်ကရက် အော်ဟစ်လျက် ကမူးရှူးထိုးနှင့် အပြေးလိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဆေးရုံဝင်းတစ်ခုလုံး အခြေအနေ ဆူညံစွာ ရှုပ်ထွေးသွားပါတော့သည်။

ဆေးရုံဝန်ထမ်းတွေက အမျိုးသမီးလူနာတွေထံသာ အာရုံစိုက်၍ စုပြုံလိုက်နေသဖြင့် ကိုယ်တွေ ကံကောင်းသွားသည်ဟု ကြိုး တွေးမိသည်။ အီစွတ်ကိုအမြန် အပေါ်တွန်းတင်လိုက်၏။

"ဟာ. . . ဟော့ ဟော့. . . ရပ်စမ်း"

ကံဆိုးပြီ. . .။ လက်နှိပ်ဓာတ်မီးကိုဖွင့်၍ ဟိုဟိုဒီဒီ ဝှေ့ရမ်းကြည့်နေသော ဂိတ်စောင့်လုံခြုံရေးတစ်ဦး ကြိုးတို့ကို မြင်သွားပြီ။ မြင်တာနှင့် ကြိုးတို့ရှိရာ ပြေးလာလေသည်။ အီစွတ်တော့ အပေါ်ရောက်သွားပြီ။

ဒီတစ်ခါ နောက်ဆုံးဖြစ်သော ကြိုးအလှည့်။

"ကြိုး. . . ဟိုမှာ လာနေပြီ"

"အစ်ကိုလေး. . . မြန်မြန်တက်"

အမရာနှင့်အီစွတ် ကြိုးအတွက် စိုးရိမ်တကြီး ဖြစ်နေကြပြီ။ လုံခြုံရေးက တရကြမ်း အပြေးလာနေတာ တဖြည်းဖြည်း နီးကပ်နေပြီ။ ကြိုး အရှိန်နှင့် အားယူ၍ အုတ်တံတိုင်းကို ခုန်ဆွဲကုတ်တွယ်တက်သည်။ အပေါ်ဘက်မှ အီစွတ်နှင့်အမရာ၏ အော်သံဟစ်သံတွေက ဆူညံပွက်လောရိုက်နေပါသည်။ အပေါ်ဘက်ဘောင်ကို ကြိုး၏လက်တစ်ဖက် ဆုပ်ကိုင်မိချိန်မှာပဲ ကြိုး၏ခြေထောက်တွေက အောက်ဘက်မှ ဆောင့်ဆွဲခြင်း ခံလိုက်ရသည်။ ဟန်ချက်ပျက်ကာ ကြိုး အောက်မြေပြင်သို့ ပြန်ပြုတ်ကျသွားပါတော့၏။

လုံခြုံရေးနှင့်ကြိုး မြေပြင်ပေါ်မှာ လုံးလားထွေးလား။ သူတစ်ပြန် ကိုယ်တစ်ပြန်။

အဲဒီအချိန်မှာပဲ အနက်ရောင်အရိပ်တစ်ရိပ် လွင့်ခနဲ ကျရောက်လာပြီး "အစ်ကိုလေးကို မထိနဲ့"ဆိုသော အော်ဟစ်မြည်တမ်းကြွေးကြော်သံကြီးနှင့် လုံခြုံရေးကို အီစွတ် ဝင်နပမ်းလုံးပါတော့သည်။ လက်နှစ်ဖက်နှင့် အတင်း ထိုးကြိတ်ကုတ်တွယ်ချုပ်ဖက်သလို ပါးစပ်နှင့်လည်း ကိုက်၏။ နှစ်ယောက်တစ်ယောက်မို့ လုံခြုံရေး အရေးနိမ့်လာသည်။ လုံခြုံရေးလက်မှ ကြိုး လွတ်သွား၏။





"အစ်ကိုလေး. . . ပြေးတော့. . .၊ အပေါ်ကိုတက်တော့၊ မမလေးကို အပေါ်မှာ ကျွန်တော်စောင့်ခိုင်းထားတယ်၊ အစ်ကိုလေးတို့နှစ်ယောက် လွတ်အောင်ပြေးတော့"

"အတူတူသွားမှာဆို၊ အတူတူသွားမယ်လေ"

"ကျွန်တော် နောက်က လိုက်လာခဲ့မယ်၊ အစ်ကိုလေးတို့နှစ်ယောက် သွားနှင့်တော့"

"ကြိုး. . . လာတော့လေ. . .၊ တက်ခဲ့တော့"

အမရာကလည်း အပေါ်မှခေါ်နေပြီ။ ဆေးရုံဝန်ထမ်းတချို့လည်း ဆူညံသံတွေကြောင့် သတိပြုမိသွားပြီး ကြိုးတို့ရှိရာဘက် ပြေးလာနေပြီ။ လုံခြုံရေးကို နောက်ဆုံးအနေနှင့် အားရအောင် ထိုးကြိတ်ပြီးတာနှင့် အုတ်တံ တိုင်းပေါ် ကြိုး တက်သွားပါတော့သည်။

အီစွတ်ကတော့ ခန္ဓာကိုယ်ချင်းလည်း မမျှတ၊ အင်အားချင်းလည်း မယှဉ်သာသော လုံခြုံရေးနှင့်လုံးထွေးသတ်ပုတ်လျက်. . .။

မနိုင်မနင်း သိပေမယ့် အုတ်တံတိုင်းပေါ် ကုတ်တွယ်တက်နေသော ကြိုးကို မနှောင့်ယှက်နိုင်အောင် သူ့အသားအနာခံပြီး အီစွတ် တားဆီးကာကွယ်ပေး နေပါသည်။ မျက်နှာမှာ သွေးအလူးလူးနှင့် အီစွတ် မြက်ခင်းပြင်ပေါ် ပက်လက်ကလေး လဲကျသွားချိန်မှာပဲ သူမြင်ကွင်းထဲမှာ တွေ့လိုက်ရတာက တစ်ဦးလက်ကိုတစ်ဦး ဆုပ်ကိုင်ပြီး အုတ်တံတိုင်းဘောင်ပေါ်မှ တစ်ဖက်သို့ ခုန်ချသွားပါလေသော ချစ်သူနှစ်ဦး. . .။

သွေးအလူးလူးနှင့်အီစွတ်မျက်နှာကလေး ပြုံးနေပါသည်။

ဆေးရုံပြင်ပ ညအမှောင်ထုကြားမှာတော့ ချစ်သူနှစ်ဦး တစ်ဦးလက်ကိုတစ်ဦးဆုပ်ကိုင်၍ ပြေးလွှားလျက်. . .။



www.burmeseclassic.com

www.burmeseclassic.com



•

ချိတုံချတုံနဲ့ပဲ ဘဝစုံခဲ့တဲ့ မြစ် . . .။ ရေမစီး လေမငြိမ်ပဲ ပေဒါဟာ မျောလို့မရပါဘူး။ လှုပ်ခတ်မှုတိုင်းကို မတည်မြဲဘူးလို့ စွပ်စွဲချင်ရင် ခင်ဗျားရဲ့တည်မြဲမှုဟာ ထိုအရာပဲရှိကြောင်း ဖော်ထုတ်သက်သေ ပြသပေးနိုင်စွမ်း အလျှံပယ်ရှိရဲ့။

ဝေါဟာရရှားပါးတိုင်း အသုံးတော်ခံနေရတဲ့ အိပ်မက်လို ငါ့ရဲ့ မထေမဲ့မြင်စရိုက်ဟာ အသိုင်းအဝိုင်းတွေကြားမှာ ပေါပေါသီသီ ရေပန်းစားလာခဲ့တယ်။ နည်းနည်းလေးပဲသိသူတွေဟာ အဲဒီ နည်းနည်းလေးကိုပဲ ထပ်ကာထပ်ကာပြော။ မသိတသိတွေဟာ သိပ်သိသလို ဆရာကြီးဒီဇိုင်းနဲ့ ဂိုက်ပေးတွေကြမ်း။ အနံ့အသက်မကောင်းတာတွေ ဖလန်းဖလန်းတွေ ထလို့ . . .။ စအိုဝလောက်တောင်မှ မရှင်းသန့်တဲ့ နှုတ်ခမ်းဖျားတွေဆီက ပြုတ်ကျတဲ့စကားလုံးတွေ ယုံကြည်ဖို့ ခက်ခဲနေပြီ။

ဇနည်းနည်းနဲ့ပဲ ဟိတ်ဟန်မင်မောင်းကောင်းတော့ လူမိုက်လို့ တွင်ကျယ်ကျော်ကြားနေတဲ့ ပေါတေတစ်ယောက်ကို စမ်းသပ်ပြီးနောက် ပြက်ရယ်ပြုချင်သလိုမျိုး။ မတုမစစ် အချစ်မျိုးနဲ့ ချည်နှောင်ခံရတာတွေ လူတွေအမြင်မှာ ဖောင်းပွခဲ့တော့ ကိုယ့်ကိုယ်ကို လက်ညှိုးထိုးရင်း ငိုမဲ့မဲ့နဲ့ ရယ်ချင်လာတယ်။

အဟက် . . . အဲ့ဒါ ရယ်သံဗျ။ ပီပီသသထပ်ပြောပြရရင် ဝမ်းကိုက်နေသူတစ်ယောက် ဝမ်းသွားဖို့ ကြိုးစားသလိုမျိုး ကြိုးစားရင်းထွက်ကျလာတဲ့ အနေခက်ခက် မဖြစ်ညစ်ကျယ်ရယ်သံ။ ငိုသံထက်ဆိုးဝါး သက်ခါးတဲ့ရယ်သံတွေရှိကြောင်း အသိဉာဏ်မှာ ထုတ်ချင်းခတ် သပ်ရိုက်သွင်း ဖြစ်ခဲ့ပြီ။ အသည်းကွဲတယ်ဆိုတဲ့စကားလုံးကို သုံးစွဲတိုင်း ရည်းစားသနား





ကီစွကိုပဲ မြင်ယောင်နေတဲ့မျက်လုံးတွေ အော်ဂလီဆန်စရာပဲ။ ဝေါ့ . . .။

လျှောက်နေတာ ဘယ်လမ်းလဲ။ သွားနေတိုင်း ကိုယ့်ခရီးချည်း မဟုတ်တာတော့ သေချာတယ်။ မလိုချင်တိုင်း တွေ့အန်ထုတ်တော့ ကြာတော့ ငါသာ မောလာတယ်။ လိုချင်တာတွေကလည်း ထွက်ကျတယ်။ ရနေလျက်နဲ့ ပုတ်ထုတ်လိုက်ရတာတွေလည်း အများသား။ ခု လျှောက်နေတာကတော့ ငါ့ခရီးလား။ ဒါပေမယ့် မြေပုံက ပြောင်းပြောင်းသွားတာ ဘာ့ကြောင့်လဲ။

ပန်းတိုင်တွေ ထွက်ပြေးနေတယ်။ သွားတိုင်း ခရီးရောက်တယ်ဆိုတာ ဦးခေါင်းခွံအလွတ်တွေမှ ထွက်ကျလာတဲ့စကားဆိုရင် ဒီကောင်လေး မိုက်ရိုင်းတယ် ပြောဦးမလား။ ဇော အဲဒီဇော ဟိုဇော ဒီဇော ပေါလောပေါလောကြီးတွေ မျော။ မောနေတဲ့သူငယ် မနားသေးဘူးလားတဲ့။

ဟင့်အင်း . . . မောတိုင်းအနားရတယ်လို့ ဘယ်သူပြောလဲ . . .။



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့နှစ်ယောက် လက်ထပ်ကြမယ် အမရာ"

"ကောင်းတယ်"

"ငါတို့နှစ်ယောက် အတူတူနေကြမယ်၊ သားသားမီးမီးလေးတွေ မွေးမယ်၊ ငါတို့ရဲ့ ရင်သွေးတွေကို မိဘဆိုတဲ့အာဏာနဲ့ ကြမ်းတမ်းစွာ မချုပ်ကိုင်ပဲ ချွေးထွေးနူးညံ့မှုနဲ့ သွန်သင်ဆက်ဆံမယ်"

"ကောင်းတယ်"

"ငါတို့နှစ်ယောက် တစ်သက်တာထာဝရ အိမ်ထောင်ရေး မဖောက်ပြန်ဘဲ တစ်ယောက်ကိုတစ်ယောက် သစ္စာရှိရှိ ရိုးမြေကျ ပေါင်းသင်းမယ်"

"ကောင်းတယ်"

"နင်ကလည်း အကုန်ကောင်းနေတာချည်းပဲ"

"နင်ပြောတာတွေက အကုန်ကောင်းနေတာပဲဟာ"

တဝါးဝါး. . . တဟားဟား. . .။ သူတို့နှစ်ဦး လွတ်လပ်စွာ ရယ်မောနိုင်ပြီ ဖြစ်သည်။ ယခု သူတို့ နှစ်ဦး ကားတစ်စီးပေါ်မှာ။ ကားကို အမရာ မောင်းနှင်နေပါ၏။

ဆေးရုံမှ ထွက်ပြေးလာပြီးနောက် လမ်းမှာတွေ့သော အငှားကား တစ်စီးကို လက်ပြတားပြီး ကားရပ်ပေးတော့ ကားသမားကို ဆွဲချကာ ထိုကားကို သူတို့နှစ်ဦး လုယက်မောင်းယူလာခဲ့တာ ဖြစ်၏။

"အခုလောလောဆယ်တော့ နင့်ကိုဖျက်ဆီးတဲ့ကောင်ကို အရင်ဆုံး သွားသတ်မှာနော်"

"အဲဒါ အကောင်းဆုံးပေါ့ကွ"

ကြိုး၏လက်တစ်ဖက်မှာ တုတ်တစ်ချောင်း ကိုင်ထားသည်။ အမရာ၏ပေါင်ပေါ်တွင်လည်း တုတ်တစ်ချောင်း။ ပြေးလွှားရင်း အကူ လက်နက်အဖြစ် လမ်းနံဘေးမှ သူတို့ ရှာဖွေယူဆောင်ထားကြတာ။

ကားသည် ညလမ်းမပေါ်မှာ လျှင်မြန်စွာ တရိပ်ရိပ် ပြေးလွှားနေ





ပါသည်။ ဖွင့်ထားသော ကားပြတင်းမှ လေတွေက ကားအတွင်း တိုးဝှေ့ဝင်ထွက်နေကြ၏။ ကားပေါ်မှ ကြိုးနှင့်အမရာ သီချင်းတွေ ကျယ်လောင်စွာ သီဆိုဟစ်ကြွေးနေပါသည်။ ဆောင်းညမှာ ကတုံးပြောင်လေးတွေနှင့်သူတို့နှစ်ဦး အေးချမ်းမှုကို ဥပေက္ခာပြုထားကြ၏။ လွတ်လပ်မှု၏ အရသာမှာ နှစ်ခြိုက်စွာဖြင့် အပျော်ငွေ့တွေ ပွေ့ပိုက်ထားနိုင်ကြလေသည်။

ညဉ်၏ဖြားယောင်းမှုဖြင့် သူတို့နှစ်ဦး တက်ကြွမှုတွေ ထက်သန်ဖြစ်ပေါ်နေကြသည်။ သွားလိုရာရောက်တာနှင့် ကားကို သော့တန်းလန်းနှင့် ရပ်ခဲ့ပြီး တုတ်တွေ ကိုယ်စီကိုင်ကာ ကြိုးနှင့်အမရာ တိုက်ခန်းလှေကား လမ်းကျဉ်းအတိုင်း မှောင်မှောင်စမ်းစမ်း တက်၍သွားသည်။

အခန်းတံခါးရှေ့ရောက်တော့ အမရာက မြင်းပြေးသံလိုမျိုး ထတောက်တောက် ခေါက်သည်။

"ဘယ်သူလဲ"

အတွင်းမှ မေးသံထွက်လာတော့ ကြိုးက ဖြေသည်။

"ငါပါကွ"

"ဘယ်ငါလဲ"

"ငါပါဆိုကွာ၊ ဖွင့်စမ်းပါ"

တံခါးပွင့်သွားသည်။ ချောကလက်ရနံ့တွေ ပျံ့လွင့်လာတာ စူးခနဲ။ တံခါးပွင့်သည်နှင့် ကြိုးနှင့်အမရာ အခန်းတွင်း တရှိန်ထိုးပြေးဝင်သည်။ အခန်းတွင်းရှိလူစုက များသည်။ အခန်းအလယ် ကြမ်းခင်းကောဇော ပေါ်မှာထိုင်၍ ပစ္စည်းနှင့်ငွေ အလဲအလှယ်လုပ်နေသော လူတွေကြားမှ ဆေးမင်ကြောင်ရုပ်တွေဗရပွနှင့် ခပ်ထွားထွားလူထံ ကြိုးနှင့်အမရာ ပြေးသွားပြီး တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ လက်ထဲမှတုတ်တွေနှင့် အားကုန် လွှဲရိုက်သည်။

အမှတ်မထင်မို့ အားလုံး ဝရုန်းသုန်းကားနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။

"ငါ့ချစ်သူကို ဖျက်ဆီးတဲ့ တဏှာရူး. . . သေစမ်းကွာ"

"ငါ့ကို အလိုမတူဘဲ မုဒိမ်းကျင့်တဲ့ သေနာကောင်"


www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချက်တွေက ရက်ရောပက်စက်သည်။ မာန်ပါ၍ အရှိန်အဟုန်ပြင်းထန်သည်။ တဖျောင်းဖျောင်း. . .။ ရှောင်တိမ်းချိန်မရသည်မို့ အငိုက်မိကာ လျှပ်တစ်ပြက်ရိုက်ချက်တွေကြောင့် ဆေးမင်ကြောင်ရုပ်တွေနှင့်လူ၏ ဦးခေါင်းမှ သွေးတွေ ရဲခနဲ ဖြာဆင်းထွက်ကျလာ၏။ ဦးခေါင်းပါကင်ပွင့်ပြီ။

“ဟာ ကိုနေမင်းခကို ထိသွားပြီ”

“ဒီချီးဘူးနှစ်ကောင် စွတ်ဖောင်းလာထုနေတယ်၊ ဝိုင်းဆော်ကွာ”

ကျန်လူတွေပါ လှုပ်ရှားပါဝင်လာသည်။ ပွဲတော်က သိုက်မြိုက်စည်ကားသွားချေ၏။ တစ်ခဲနက်ပဲ။

နီးစပ်ရာ ဘီယာပုလင်းတွေ၊ ဆေးလိပ်ပြာခွက်တွေကို လက်နက်အဖြစ်သုံးကာ ပစ်ပေါက်ထုနှက်ရိုက်ခဲ့သည်။ ယောကျ်ားတွေကော မိန်းမတွေကော ပါသည်။ ရေသန့်ဘူးတွေ ဖဲချပ်တွေ ဆေးထိုးအပ်တွေပါ လေပေါ်မှာ ဝဲပျံနေလေသည်။ ခြေတွေလက်တွေလည်း ထွေးရှုပ်နေ၏။ ကြိုးနှင့်အမရာမှာ တစ်ဦးနှင့်တစ်ဦး ကျောချင်းကပ်လျက် လက်ထဲမှတုတ်တွေ တဝှီးဝှီး ဝှေ့ရမ်းလျက်။ ထိ၍မြည်တော့ တခွမ်းခွမ်းပေါ့။

ပွဲစဉ်က စွတ်သရမ်း ကြမ်းနေပါပြီ။ ဆော်ချက်တွေက ညှော်နံ့ထွက်လောက်သည်။ ကြမ်းခင်းကော်ဇောပေါ် ပုလင်းကွဲစတွေနှင့်အတူ သွေးစက်တွေ ရဲခနဲ ရဲခနဲ ဖြာဆင်းပြုတ်ကျလာ၏။ လူတချို့ လဲပြိုကုန်သည်။ ရာမသုံးထားချိန် ပြင်းထန်သော လှုပ်ရှားမှုတွေပြုသဖြင့် နူးအိနေသော အသားမျှင်စတွေ ပေါက်ပြဲပက်ကြားအက်လာကာ သွေးစတို့ယိုစိမ့်လေသည်။ ပြိုလဲချိန် အရှိန်နှင့် ပုလင်းကွဲစတွေက ထပ်ခွဲရှသဖြင့် လူတချို့ အသားစအချို့ ပဲ့ကျ၏။

အော်သံဟစ်သံ ညည်းညူသံ ရိုက်ပုတ်ကွဲရှသံတို့နှင့် ညသန်းခေါင်ယံအချိန် ရန်ကုန်မြို့၏ တိုက်ခန်းတစ်ခုအတွင်းမှာ အရှိန်အဟုန်ကောင်းစွာဖြင့် အမှုအခင်း ဖြစ်ပွားနေပါသည်။

ပျက်စီးမှုတွေက သင်္ခါရပြပွဲ . . . .။





အဲဒီလိုနဲ့. . .
ရည်ရွယ်ချက်ရှိရှိခင်းထားတဲ့ တံတားဟာ ကျိုးပဲ့ခဲ့

အဲဒီလိုနဲ့. . .
ရည်ရွယ်ချက်ရှိရှိ နင်းလျှောက်နေတဲ့ ခရီးလမ်းဟာ ပျောက်ဆုံးခဲ့

အဲဒီလိုနဲ့. . .
ရည်ရွယ်ချက်ရှိရှိမက်နေတဲ့ အိပ်မက်ဟာ လန့်နိုးခဲ့

အဲဒီလိုနဲ့. . .
. . . . . . . . . . . . .
. . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . .

ပန်းပွင့်ဟာ
သူ့ရနံ့သူ ပြန်လည်ထုပ်သိမ်းရင်းပဲ
. . . . . . . . . . .
. . . . . .
ရင်ဘတ်ထဲက ကျယ်လောင်မှုတွေနဲ့
အများအမြင်မှာ တိတ်တဆိတ် ဆွံ့အ,ရင်း. . .
. . . . . . . . . . . . .
. . . . . . . . . . . . . . .
. . . . .
နေ့ခေါင်ခေါင်မှာ
တစ်ယောက်တည်းမှောင်နေဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com




အင်တာနက် လူမှုကွန်ရက် စာမျက်နှာများထက်တွင် သတင်းတစ်ပုဒ် ပေါ်ထွက်ပျံ့နှံ့နေလျက်ရှိ၏။ ထိုသတင်းအား Like လုပ်သူ၊ Share သူ၊ Comment ပေးသူများစွာဖြင့် ယခုရက်ပိုင်းအတွင်း အထူးရေပန်းစားနေပါသည်။

အဆိုပါသတင်းစာမျက်နှာကို Screenshot ရိုက်ယူ၍ ဖော်ပြပေးလိုက်ပါ၏။



ကြိုး လင်းညို့သွေး


Comments

အုပ်စုဖွဲ့ ၍ မုဒိမ်းကျင့်ကာ လုယက်ခဲ့သည်ဟု ယုံကြည်ရသူ

ရန်ကုန်မြို့ တွင် အုပ်စုဖွဲ့ ၍
မုဒိမ်းကျင့်ကာ လုယက်ခဲ့သည်ဟု ယုံကြည်ရသူများ ဖမ်းဆီးနိုင်ခဲ့သော
ငှင်းတို့ ကိုယ်တိုင်လည်း သုံးစွဲသော
လူတစ်စုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ

အုပ်စုဖွဲ့ ၍ မုဒိမ်းယက်ဆေး ရောင်းဝယ်ဖြန့် ဖြူးသုံးစွဲသူ
လူတစ်စုအား လက်ရဖမ်းဆီးမိခြင်း၊

ရန်ကုန်မြို့ တွင် အုပ်စုဖွဲ့ ၍
မူးယစ်ဆေး ရောင်းဝယ်ဖြန့် ဖြူးခြင်းများ လုပ်ကိုင်နေသော
ငှင်းတို့ ကိုယ်တိုင်လည်း သုံးစွဲသော
လူတစ်စုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ
သက်သေခံပစ္စည်းများနှင့်တကွ လက်ရဖမ်းဆီးနိုင်ခဲ့ပါသည်၊
ဝင်ရောက်ဖမ်းဆီးသည်မှာ ညသန်းခေါင်ကျော်အချိန်ဖြစ်ပြီး
ဝင်ရောက်ဖမ်းဆီးချိန်တွင် ငှင်းတို့ အချင်းချင်း
ခိုက်ရန်ဖြစ်ပွားနေကြကြောင်း သိရှိရလေသည်၊
ဖမ်းဆီးရမိသူ အားလုံး ဒဏ်ရာကိုယ်စီနှင့်ဖြစ်ပြီး၊
ထိုအဖွဲ့ ၏ခေါင်းဆောင်ဟု ယူဆရသူမှာ ဦးခေါင်းတွင်
ဒဏ်ရာပြင်းထန်စွာရရှိထားသောကြောင့် ဆေးရုံသို့
အရေးပေါ် ပို့ ဆောင်လိုက်ရလေသည်၊ ထူးခြားဖြစ်စဉ်မှာ
ထိုသို့ ဖမ်းဆီးရမိသူများထဲတွင်
စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှ
တရားဝင်ခွင့်ပြုချက်မရရှိဘဲ မိမိတို့ သဘောဆန္ဒနှင့်
ထွက်ပြေးလာသော စိတ်ဝေဒနာရှင်နှစ်ဦး
ပါဝင်နေခြင်းပင် ဖြစ်သည်၊ ထိုစိတ်ဝေဒနာရှင်နှစ်ဦးကို
စစ်ရုက်ယူသောအခါ သူတို့ နှစ်ဦးသည်
ချစ်သူ တော်စပ်ကြောင်း၊ စိတ်ကျန်းမာရေးဆေးရုံထဲတွင်
ချစ်သူတွေဖြစ်ခဲ့ကြတာဟာဖြစ်ကြောင်း
သိရ၏၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ တာဝန်ရှိသူများသည်
စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှ တာဝန်ရှိသူများနှင့်
ဆက်သွယ်ညှိနှိုင်းပြီးနောက် စိတ်ဝေဒနာရှင်နှစ်ဦးကို
စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ပင် ပြန်လည်ပို့ ဆောင်
လိုက်ကြောင်း သတင်းရရှိပါသည်၊

Like · Comment



www.burmeseclassic.com

www.burmeseclassic.com

ကြိုး လင်းညို့သွေး




# (နိဂုံးပုံပြင်)

တစ်နေ့မှာ လူတွေရဲ့ ခံစားမှုနဲ့ အကျင့်စရိုက်တွေ စုစည်းမိကြသတဲ့။

ပျင်းရိခြင်း သုံးကြိမ်မြောက် သမ်းဝေပြီးချိန်မှာ ရူးသွပ်ခြင်းက "ငါတို့ တူတူပုန်းတမ်း ကစားရအောင်"လို့ စကားစတယ်။ စိတ်ဝင်စားခြင်းက မျက်လုံးလေး ပင့်ကြည့်ပါတယ်။ စူးစမ်းခြင်းက "တူတူပုန်းတယ်ဆိုတာ ဘာလဲ"လို့ သိလိုစိတ်နဲ့မေးတယ်။

"တူတူပုန်းတယ်ဆိုတာ ကစားနည်းတစ်မျိုးပေါ့"

လို့ ရူးသွပ်ခြင်းက ရှင်းပြတယ်။

"ငါ မျက်စိမှိတ်ပြီး တစ်ကနေ တစ်သန်းအထိ ရေမယ်၊ အဲဒီလို ရေတွက်နေတဲ့အချိန်မှာ ပုန်းအောင်းဖို့ နေရာရှာပြီး ပုန်းကြရမယ်၊ တစ်သန်းပြည့်ခဲ့ရင် ပုန်းနေတဲ့သူတွေကို ငါလိုက်ရှာမယ်၊ ပထမဆုံး ငါရှာတွေ့တဲ့သူက ငါ့နေရာမှာ အစားဝင်ပြီး ဆက်က



www.burmeseclassic.com

www.burmeseclassic.com



စားရမယ်"

ပြင်းပြခြင်းက အပျော်လွန်ပြီး ထက်သန်မြူးကြွနေတယ်။

ပျော်ရွှင်ခြင်းက သံသယကို သဘောပေါက်အောင် ပြန်ရှင်းပြနေရတယ်။ မပျော်ရွှင်ခြင်းကတော့ ဘာကိုမှ စိတ်ဝင်စားဟန်မရှိပါဘူး။ တချို့က ဒီကစားပွဲမှာ မပါချင်ခဲ့ကြဘူး။

စိတ်မှန်ခြင်းက "ဘာဖြစ်လို့ ငါပုန်းနေရမှာလဲ"ဆိုပြီး ပြောတယ်။ ဂုဏ်သိက္ခာက ဒီကစားနည်းဟာ ရူးမိုက်တဲ့ကစားနည်းလို့ ထင်နေခဲ့တယ်။ တကယ်တော့ ဒီကစားနည်းကို ကစားဖို့ သူ အကြံဉာဏ် မပေးခဲ့တာမဟုတ်လို့ သူဒီလိုထင်မြင်တာဖြစ်နိုင်တာလို့ ဝေဖန်ခံရပါတယ်။

အားငယ်ခြင်းက မစွန့်စားချင်လို့ ဒီကစားနည်းထဲမှာ မပါဝင်ခဲ့ဘူး။

"၁၊ ၂၊ ၃"ရူးသွပ်ခြင်းက စရေပါတယ်။

ပျင်းရိခြင်းက သူ့စတိုင်လ်အတိုင်း ကျောက်ခဲတစ်လုံးအကွာအဝေးတောင် မရွေ့လျားချင်တဲ့အမူအရာနဲ့ ဖြစ်နေခဲ့တယ်။ ယုံကြည်ခြင်းက မိုးပေါ်ထိ တက်သွားတယ်။ မနာလိုခြင်းက အောင်မြင်ခြင်းရဲ့နောက်မှာ ဝင်ပုန်းနေတယ်။

ရက်ရောခြင်းက ပုန်းအောင်းဖို့နေရာ ရှာဖွေမတွေ့ခဲ့ဘူး။ သူတွေ့တဲ့ နေရာတွေကလည်း သူ့သူငယ်ချင်းတွေအတွက်ပဲ သင့်လျော်တဲ့ နေရာတွေ ဖြစ်နေခဲ့တယ်။

မှန်တစ်ချပ်လို ကြည်လင်တဲ့ ကန်ရေပြင်က လှပခြင်းကို ဖွက်ထားပေးတယ်။

သစ်ခေါင်းက ရှက်ရွံ့ခြင်းအတွက် ပုန်းအောင်းဖို့နေရာဖြစ်ခဲ့တယ်။ လွတ်လပ်ခြင်းက လိပ်ပြာတွေနဲ့ ဝဲပျံနေတယ်။ ရက်ရောခြင်းဟာ နေရောင်ခြည်အောက်မှာပဲ ရပ်နေလိုက်ပါတယ်။

လိမ်ညာခြင်းက ပင်လယ်အောက်အထိ ဝင်ပုန်းမယ်လို့ ကြွေးကြော်တယ်။ အဲ့ဒါ လိမ်တာ။ အမှန်တော့ သက်တံ့နောက်မှာ သူ ပုန်းနေတာပါ။





ပြင်းပြခြင်းနဲ့ ရမ္မက်ဆန္ဒက မီးတောင်ထိပ်မှာ တက်ပုန်းတယ်။

ရူးသွပ်ခြင်းက "၉၉၉၉၉၉"လို့ ရေတွက်မိချိန်အထိ ချစ်ခြင်းမှာ ပုန်းအောင်းစရာ ရှာမတွေ့ခဲ့ပါဘူး။ သူရှာတွေ့ခဲ့တဲ့ နေရာတိုင်း ဦးသူရှိနှင့်နေပြီဖြစ်တယ်။ နောက်ဆုံးမှာ နှင်းဆီပင်တစ်ပင်ကို သတိပြုမိသွားပြီး အပင်အောက် သူဝင်ပုန်းလိုက်တယ်။

"တစ်သန်း" အရေအတွက်ပြည့်တာနဲ့ ရူးသွပ်ခြင်းက စရှာပါတော့တယ်။

ပထမဆုံး သူရှာတွေ့တာက ကျောက်ခဲတစ်လုံးအကွာလောက်မှာသာ ပုန်းအောင်းနေတဲ့ ပျင်းရိခြင်းကိုပါ။ အဲဒီနောက် ဘုရားသခင်ကို လိုက်လံရှာဖွေနေတဲ့ ယုံကြည်ခြင်းကို တွေ့တယ်။ နောက် မီးတောင်ပေါ်မှာ သွေးတိုးခုန်လှုပ်နေတဲ့ ပြင်းပြခြင်းနဲ့ ရမ္မက်ဆန္ဒတို့ကို တွေ့ရတယ်။ ဆက်ပြီး မနာလိုခြင်းကို သူတွေ့ပြန်တယ်။ မနာလိုခြင်းရဲ့ရှေ့က အောင်မြင်ခြင်းကိုလည်း တွေ့တယ်။

ပျားလပို့ထဲ ဝင်ပုန်းနေတဲ့ တစ်ကိုယ်ကောင်းဆန်ခြင်းကိုလည်း ခက်ခက်ခဲခဲ မရှာဖွေလိုက်ရပါဘူး။

ရူးသွပ်ခြင်း ရှာဖွေရင်း မောပန်းလာတယ်။ ရေလည်း ငတ်လာတယ်။ ဒီလိုနဲ့ ရေသွားသောက်ရင်း ရေကန်မှာ လှပခြင်းကိုတွေ့တယ်။ ဘယ်ထောင့်မှာ ပုန်းအောင်းရမှန်းမသိဖြစ်နေတဲ့ ကန်ဘောင်ဘေးက သံသယကိုလည်း တွေ့ရတယ်။ အဲဒီနောက် ကျန်တာတွေကိုပါ သူ ရှာတွေ့ခဲ့ပါတယ်။ ဖြစ်နိုင်စွမ်းက မြက်ခင်းပြင်ပေါ်မှာ။ စိတ်ပျက်ခြင်းက တွင်းမည်းကြီးထဲမှာ။

မေ့လျော့ခြင်းကတော့ သူ့ကိုယ်သူ တူတူပုန်းတမ်း ကစားနေပါလား ဆိုတာကိုတောင် မေ့လျော့နေခဲ့ပါတယ်။

နောက်ဆုံး ချစ်ခြင်းပဲ ကျန်ပါတော့တယ်။

အပင်တိုင်းရဲ့ နောက်၊ ဂြိုလ်တိုင်းရဲ့ကြားနေရာမှာ ချစ်ခြင်းကို ရူးသွပ်ခြင်း လိုက်ရှာခဲ့တယ်။ တောင်တွေပေါ်မှာလည်း ချစ်ခြင်းကို ရှာမတွေ့ခဲ့ဘူး။ ရူးသွပ်ခြင်း ဆက်မရှာဘဲ လက်လျှော့ဖို့ ကြံတုန်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပင်နဲ့ နှင်းဆီပန်းကို တွေ့လိုက်တယ်။

နှင်းဆီပင်ကိုကိုင်ပြီး သူ လှုပ်ခါကြည့်တော့ နာကျင်တဲ့ အော်သံတစ်ခုကို ကြားလိုက်ရတယ်။ ချစ်ခြင်းရဲ့မျက်စိကို နှင်းဆီဆူး စူးသွားခဲ့ပြီ။ သူ့ကြောင့်ဖြစ်ရတဲ့အတွက် ရူးသွပ်ခြင်းက ငိုယိုပြီး ချစ်ခြင်းကို ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ မျက်မမြင်ချစ်ခြင်းကို တစ်သက်လုံး လမ်းပြတွဲခေါ် သူအဖြစ် ကူညီသွားပါ့မယ်လို့လည်း ကတိပေးခဲ့တယ်။

အဲဒီလိုနဲ့ ကမ္ဘာပေါ်မှာ ပထမဦးဆုံးအကြိမ် ခံစားချက်တွေရဲ့ တူတူပုန်းတမ်းကစားပွဲပြီးတဲ့နောက် ချစ်ခြင်းဟာ မျက်စိကွယ်သွားခဲ့တယ်။

ချစ်ခြင်းနဲ့အတူ ရူးသွပ်ခြင်းက အမြဲ ကပ်လိုက်နေပါတော့တယ်။





# (နိဂုံး)

"တစ်ချိန်တစ်ခါဆီတုန်းကပေါ့. . . ကောင်လေးတစ်ယောက်ရှိတယ်. . .။ အဲဒီကောင်လေးဟာ အခက်အခဲတွေနဲ့တွေ့တိုင်း သူ့ကိုယ်သူ တန်ခိုးရှိတဲ့ တန်ခိုးရှင်တစ်ယောက်လို့ ရွတ်ဆိုပြီး စိတ်မာန်တင်းလေ့ရှိတယ်။ အဲဒီကောင်လေးရဲ့မျက်နှာဟာ အမြဲပြုံးရွှင်နေတတ်ပေမယ့် သတိထားကြည့်မယ်ဆိုရင် သူ့မျက်လုံးလေးတွေ မှိုင်းညို့နေတတ်တာ တွေ့ရလိမ့်မယ်။ အဲဒီကောင်လေးဟာ. . ."

ပုံပြင်ပြောပြနေသော ထူးအောင်ကို ကလေးငယ်တွေ ငေးမောကြည့်နေကြလေသည်။ ကလေးငယ်တွေကြားမှာ ရောယှက်ထိုင်နေကြသော တွဲလက်မိသားစုဝင်များကလည်း ပုံပြင်ကို စိတ်ဝင်တစား အာရုံစူးစိုက်နားထောင်နေကြပါ၏။

ပုံပြင်ကို နားထောင်နေရင်း တွဲလက်မိသားစုဝင်တွေ ရင်ထဲမှာ နင့်နာနေကြသည်။ ပုံပြင်ပြောနေသော ထူးအောင်ကိုယ်တိုင်လည်း အသံတွေ အက်ကွဲတုန်ခါနေပါသည်။

"တစ်နေ့နေ့ ကျွန်တော် တွဲလက်ဆီ အရင်လို ပြန်လာခဲ့မှာပါ" ဟု ပြောသွားသော ကြိုး. . .။ "အားလုံးကို ကျွန်တော် နှုတ်မဆက်ပါဘူး။ ကျွန်တော်တို့ ပြန်ဆုံမယ်ဆိုတာ ယုံကြည်လို့ပါ"ဟု ပြောသွားသော ကြိုး. . .။ ကြိုး ပြန်ရောက်လာမည့်အချိန်ကာလတစ်ခုကို သူတို့အားလုံး ယုံကြည်စွာ မျှော်လင့်စောင့်စားနေကြပါသည်။

ကိုယ့်ကိုယ်ကို Free Thinker ဟု ခံယူသော ကြိုးသည် ဘာသာတရား အယူဝါဒများစွာကို လေ့လာသုံးသပ်မှုပြုသည်။ ထိုမှ မိမိစိတ်ကြိုက် အနှစ်သာရတို့ကို ထုတ်နှုတ်ယူ၍ ကိုယ်ပိုင်ဘဝနေနည်းဖြင့် ပေါ့ပါးစွာ အစွန်းလွတ် ရပ်တည်ရှင်သန်သူ ဖြစ်သည်။ မတည်မြဲသော ရှင်



www.burmeseclassic.com

www.burmeseclassic.com



သန်နေထိုင်ရမှု ခဏတာမှာ ပရဟိတ လူမှုကူညီရေးကို ကြိုး ထက်သန်ယုံကြည်၏။ တတ်စွမ်းသလောက် အကောင်အထည်ဖော်၍ ပံ့ပိုးကူညီခဲ့၏။

တစ်ခါက တွဲလက်အလှူပွဲတစ်ခုမှာ ကြိုးပြောဖူးတာကို ထူးအောင်စွဲမြဲစွာ မှတ်မိနေသည်။

"လူမှာ အသိနဲ့ဆန္ဒဆိုတာ ရှိတယ်၊ ဆန္ဒက ဖြစ်ချင်ပေမယ့် အသိက မဖြစ်သင့်ဘူး ကန့်ကွက်ရင် သတိနဲ့ ထိန်းချုပ်တားမြစ်ရတယ်၊ ဆန္ဒမပါပေမယ့် အသိက ဖြစ်သင့်တယ်လို့ ယူဆသတ်မှတ်ရင် သတိနဲ့ တိုက်တွန်းနှိုးဆော်ရတယ်"

ထိုစကားတွေကို ပြောသူ ကြိုး ယခု သူတို့အနားမှာ မရှိတော့။

လောကစံလှိုင်း၏ ပြင်းထန်ကြမ်းတမ်းသော ဖိစီးရိုက်ပုတ်ချက်တွေမှာ သတိချွတ်ယွင်းကာ အမိုက်မှောင်၏သားကောင် ဖြစ်နေရလေပြီ။

ကြိုးအဖြစ်ကို ပုံပြင်သဖွယ်ဖန်တီးကာ တွဲလက်အလှူပွဲတွေမှာ အခြေအနေပေးပါက ကလေးငယ်တွေကို ထူးအောင် ပြောပြလေ့ရှိပါသည်။ ပုံပြင်အဆုံးသတ်မှာ 'ဆန္ဒ၊ အသိ၊ သတိ'တို့ကို ချိန်ညှိပြပြီး အသိရှိသော်လည်း သတိလွတ်သည်နှင့် ဘဝပျက်တတ်ကြောင်း၊ "ဆန္ဒတွေကို အသိနဲ့ ဆင်ခြင်သုံးသပ်ကွပ်ကဲနိုင်တဲ့ သတိရှိဖို့" ပြောလေ့ရှိ၏။

ထိုပုံပြင်ဟာ တွဲလက်မိသားစုဝင်တို့အတွက်တော့ မရိုးအီနိုင်သော သင်ခန်းစာ ပုံပြင်တစ်ပုဒ်ပါပဲလေ။

တွဲလက်၏ အလှူပွဲတွေ အောင်မြင်စွာ ပြုလုပ်ပြီးစီးတိုင်း တွဲလက်မိသားစုဝင်တို့၏နှုတ်မှ သံပြိုင်ညီညာရွတ်ဆို၍ တောင်းဆုတစ်ခု ပြုလေ့ရှိကြ၏။ ယခုလည်း အစဉ်အလာ မပျက်ပါဘူး။

ထိုတောင်းဆုမှာ. . .

"ကြိုး တွဲလက်ဆီ အမြန်ဆုံး ပြန်ရောက်လာပါစေ. . ."

ဟူ၍။





ဝန်းကျင်တခွင်လုံး ခရမ်းရောင်ရိပ်တို့ လွှမ်းမိုးယှက်သိုင်း အုံ့ဖြာစိမ့်ကျနေ၏။

ခရမ်းရောင်အရိပ်အငွေ့များကြားမှာ ခရမ်းရောင်ဆင်တူ မင်္ဂလာဝတ်စုံဖြင့် သတို့သားနှင့်သတို့သမီး တူယှဉ်တွဲကာ မင်္ဂလာခန်းမဆောင်အတွင်း လျှောက်လှမ်းလာနေပါသည်။ သူတို့နှစ်ဦးနောက်ပါးတွင် မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတွေ သိုက်ဝန်းစွာ၊ နှစ်ဖက်မိသားစု စုံလင်စွာဖြင့်. ခြံရံလျက် မင်္ဂလာပွဲမှာ ခြိမ့်ခြိမ့်သဲ စည်ကားနေပါသည်။ အားလုံးပဲ ပျော်တပြုံးပြုံး ကြည်နူးလို့မဆုံး ဖြစ်နေကြသည့် ရွှင်ပျသော မျက်နှာထားတွေနှင့်။

လောကသည် မွေ့လျော်ဖွယ် ချမ်းမြေ့သာယာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မှ နိုးလာတော့ အိပ်မက်ကိုးမျက်နှာ ပြုံးနေသည်။ ပြုံး လျက်ပဲ သူမမျက်ဝန်းမှ မျက်ရည်ကြည်တို့ လိမ့်ပြိုစီးကျလာ၏။

နာရီကိုကြည့်တော့ သုံးနာရီသုံးဆယ့်ငါးမိနစ်။

3:35 AM





ဖြစ်လေရာဘဝတိုင်းမှာ ဖြစ်ချင်တဲ့သူနဲ့ ဖြစ်ချင်တိုင်း ဖြစ်ရပါ လို၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ယံမှာ ခရမ်းရောင်တိမ်တိုက်များ အုံ့ဆိုင်းနေသော နေ့တစ်နေ့တွင် ဒဏ်ရာတွေနှင့် ကြိုးကလေးနှစ်စ အနီရောင်လှောင်အိမ်ထဲမှ ထွက်ဆင်းလွတ်မြောက်ခွင့် ရခဲ့ပါသည်။

ပြတ်ရွေ့များနှင့် ကြိုးကလေးနှစ်စမှာ တွေ့ဆက်ထုံးဖွဲ့လျက်။










www.burmeseclassic.com

www.burmeseclassic.com

ကြိုး
လင်းညို့သွေး

# ကျေးဇူးတင်လွှာ

ဤဝတ္ထုဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပံ့ပိုးကူညီပေးကြပါသော မိတ်ဆွေသူငယ်ချင်းမိသားစုဝင်များ၊ Online တွင် ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ၊ လူချင်းတွေ့လျှင်ဖြစ်စေ "စာမရေးတော့ဘူးလား၊ စာအုပ်အသစ် မထွက်သေးဘူးလား" ဟု အနေခက်လောက်အောင် အတွင်တွင်မေး၍ စာရေးဖြစ်စေဖို့ တွန်းအားနှင့် စိတ်ဓာတ်ခွန်အား ပေးမှုပါသော စာဖတ်သူများ၊ စာရေးဖြစ်အောင် နားလည်မှုပြည့်စွာဖြင့် တွန်းအားပေးကူညီသော အန်ကယ်ဦးစိန်လင်းနှင့် ကိုပြည့်လင်း၊ စာရေးဖြစ်စေရန် အမြဲလိုလို့ဆော်လျက် ကူညီနိုင်တာမှန်သမျှ မညည်းမညူ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးသလို ဇာတ်ကောင်အမည် ရွေးချယ်ရခက်ခဲနေစဉ် 'ကြိုး' ဆိုသောအမည်အား အကြံပြုပြောကြားပါသော ကိုထူးအောင်၊ စာရေးနေစဉ်တွင် လိုအပ်သည်များ ပံ့ပိုးကူညီပေးသော အိပ်မက်ကိုး အိ၊ ဘေကြီး၊ စာအုပ်အမည်အတွက် အားတက်သရော ဝိုင်းဝန်းစဉ်းစားရွေးချယ်ပေးပါသော 'သံယောဇဉ်ဆုံမှတ်' facebook Group မှ member များ၊ ဇာတ်ဝင်ခန်းများအတွက် သရုပ်ဖော်တင်ဆက်ပြသပေးပါသော ဒီမိုကရက်တစ်မြန်မာ့ရုပ်သံဌာနမှ Reporter (Burma Web Team) and Sign Language Interpreter, Interpress ကိုလူငယ်၊ Sign Language အက္ခရာ ဂဏန်းသင်္ချာ သရုပ်ဖော်ပုံတို့အား တီထွင်ဖန်တီး ပြုလုပ်သူများနှင့် မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းတော် (MARY CHAPMAN SCHOOL FOR THE DEAF)၊ Google၊ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကျော်စိုး၊ စာရေးနေစဉ် စိတ်အနှောင့်အယှက်နည်းပါးစွာ စာရေးနိုင်အောင် ပံ့ပိုးကူညီပေးပါသော အမေနှင့်ညီမလေး၊ စာရေးသူတစ်ယောက်အနေနှင့် ဖြစ်တည်ခွင့်ရအောင် အကောင်းဆုံး ပံ့ပိုးဆောင်ရွက်ပေးခဲ့သော ဖခင်၊ ကြားနာဖတ်ရှုမှတ်သားဖူးသော ပုံပြင်၊ ကျမ်းစာ၊ သုတရသဆိုင်



ရာ အချက်အလက်နှင့် စာတမ်းများအား တွေးမြင်ပြုစုရေးသားသော ပုဂ္ဂိုလ်များ၊ ဇာတ်ကောင်စရိုက်တို့အား ရရှိစေခဲ့သော ထိတွေ့ဆက်ဆံကြုံဆုံဖြစ်ပျက်မှုများ၊ ဤဝတ္ထုပြီးမြောက်အောင် ရေးသားနိုင်ခဲ့သည့် စိတ်နှင့်ခန္ဓာ၊ "နောင်တစ်ချိန် မြန်မာပြည်မှာ စာပေလွတ်လပ်ခွင့်ရလာရင် ညီလေး ထည့်ရေးလို့ရအောင် လေ့လာထား၊ ကိုယ်တိုင်တော့ ယောင်လို့တောင် မသုံးနဲ့" ဆိုပြီး ဗဟုသုတအသစ်တွေ ဝေမျှသိစေပြီး လက်ကြားမှာ စီးကရက်ညှပ်ထားတာတွေ့လျှင် ဟိုလိုလိုဒီလိုလိုနှင့် ပျော့ပျောင်းညင်သာစွာ တောင်းယူဖျက်ဆီးပစ်တတ်သော၊ သူနှင့်တွေ့လျှင် ဆေးလိပ်သောက်ထားမထား သိရလေအောင် လက်တွေကို ကိုင်၍နမ်းကြည့်တတ်သော မူးယစ်ဆေး၏သားကောင်မဖြစ်စေဖို့ တားဆီးကာကွယ်ပေးလေ့ရှိသော ညီအစ်ကိုရင်းချာသဖွယ် တွယ်တာခဲ့ကြသည့် မူးယစ်ရာဇာတစ်ဦး။ ဤဝတ္ထုဖြစ်မြောက်စေရန် အဓိကကျသော တစ်ခါက ချစ်သူနှင့် ချစ်စွာသော 'တွဲလက်' ပရဟိတမိသားစုတို့အား တကယ်ပဲ ကျေးဇူးတင်ရှိပါသည်။

လင်းညို့သွေး
Facebook: Linn Nyout Thway
E-mail: linnnyoutthway@gmail.com
12,12,12

thank you





www.burmeseclassic.com